# လုံခြုံစွာကြီးထွားခြင်း

## ဘုရားသခင်၏မေတ္တာတော်၌ ကြီးထွားခြင်း

### ဆရာလက်စွဲစာအုပ်



ဤနေရာတွင် အရေးပေါ် လုံခြုံရေးဖုန်းနံပါတ်များနှင့် ထပ်မံသိရှိလိုပါက ဝဘ်ဆိုဒ်လင့်များကို ရှာဖွေနိုင်သည်။

## ခေါ်ဆိုရန်ဖုန်းနံပါတ်များ

01 525169 - Shwe Yamin Foundation (ကလေးများအတွက် အကူအညီပေးသောတယ်လီဖုန်း)
09 49555666, 09 49555777, 0949555888, 0949555999 -(ကလေးဘေးကင်းရေး၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုများကို သတင်းပို့ရန် ရဲအရေးပေါ် တယ်လီဖုန်းလိုင်း)

## ဝင်ရောက်ကြည့်ရှုလေ့လာရန် ဝက်ဘ်ဆိုဒ်များ

A safety network for children: https://www.wvi.org
ကလေးများကို အကြမ်းဖက်မှုမှ ကာကွယ်ပေးခြင်း၊ ကလေးများအား ပြန်လည်ထူထောင်ရေးနှင့် လူ့အဖွဲ့အစည်းတွင် ပြန်လည်ပေါင်းစည်းနိုင်ရန် ရည်ရွယ်သည့် လမ်းညွှန်ဝန်ဆောင်မှုများ ပေးပါသည်။

Save the Children (Myanmar): https://www.savethechildren.net
UNICEF Myanmar: https://www.unicef.org
အထောက်အပံ့နှင့် အရင်းအမြစ်များ ပေးပါသည်။

Myanmar Child Protection Area of Responsibility: https://www.myanmarchildprotection.com
လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရသော ကလေးများနှင့် ၎င်းတို့၏ မိသားစုများအတွက် အထောက်အပံ့များ ပေးပါသည်။

# လုံခြုံစွာကြီးထွားခြင်း

## ဘုရားသခင်၏မေတ္တာတော်၌ ကြီးထွားခြင်း

**Julie Griswold**

**Scott Griswold**

**Shirley Freed, Ph.D.**

**စိစစ်တည်းဖြတ်ပြီး၊ ဇန်နဝါရီ ၂၀၁၇**

# မာတိကာ

ဘုရားသခင်၏ ဂုဏ်တော်ထောမနာပြုခြင်း
ကျေးဇူးတင်လွှာ
ဆရာများအတွက် မှတ်စု
ဆရာများအတွက် အကြံပြုချက်များ
အန္တရာယ်ရှိသော လက္ခဏာများ
ဘေးကင်းလုံခြုံရေး အရင်းအမြစ်များ
သင်ရိုးညွှန်းတမ်း၏ အခြေခံသဘောတရား
သင်ခန်းစာ အကျဉ်း
ဆောင်ပုဒ်သီချင်း
**အခန်း ၁: ကျွန်ုပ်အား တမူထူးခြားစွာ ဘုရားသခင်ဖန်ဆင်းထားသည်။ ______________________________ 14**
သင်ခန်းစာ ၀၁: အထူးဖန်တီးထားသောကျွန်ုပ်
သင်ခန်းစာ ၀၂: ကျွန်ုပ်ရွေးချယ်နိုင်သည်
သင်ခန်းစာ ၀၃: ယေရှု ကျွန်ုပ်ကိုနားလည်သည်
သင်ခန်းစာ ၀၄: ချစ်ခင်မြတ်နိုးခြင်းခံရသော ကျွန်ုပ်
**အခန်း ၂: ကျွန်ုပ်အား ခံစားချက်များနှင့် ဘုရားသခင်ဖန်ဆင်းထားသည်။ ____________________________ 46**
သင်ခန်းစာ ၀၅: ကျွန်ုပ်ခံစားချက်များကို ကျွန်ုပ်ဖော်ထုတ်ပြောပြနိုင်သည်
သင်ခန်းစာ ၀၆: ကျွန်ုပ် အကူအညီတောင်းခံနိုင်သည်
သင်ခန်းစာ ၀၇: ပျော်စရာအတွေးများကို ကျွန်ုပ်ရွေးချယ်နိုင်သည်
**အခန်း ၃: မိသားစုများကို ဘုရားသခင်ဖန်ဆင်းထားသည်။ ____________________________________ 76**
သင်ခန်းစာ ၀၈: ကျွန်ုပ်အား မိသားစုကို ဘုရားသခင်ပေးထားသည်
သင်ခန်းစာ ၀၉: ကြင်နာမှုသည် ကျွန်ုပ်၏မိသားစုကို ကူညီပေးပါသည်
သင်ခန်းစာ ၁၀: ကျွန်ုပ် ရဲရဲဝံ့ဝံ့ ပြောဆိုနိုင်ပါသည်
**အခန်း ၄: ကျွန်ုပ်တို့ ကိုယ်ခန္ဓာကို ဘုရားသခင်ဖန်ဆင်းထားသည်။ _________________________________ 101**
သင်ခန်းစာ ၁၁: ကျွန်ုပ် ကျန်းမာအောင် နေနိုင်ပါသည်
သင်ခန်းစာ ၁၂: ကျွန်ုပ်၏ခန္ဓာကိုယ်ကို ကျွန်ုပ်ပိုင်သည်
သင်ခန်းစာ ၁၃: ကောင်းမွန်သောအနာဂတ်ကို ကျွန်ုပ်ရွေးချယ်နိုင်ပါသည်
**အခန်း ၅: လူမှုအသိုင်းအဝိုင်းထဲတွင်တည်ရှိဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်။ _________________ 130**
သင်ခန်းစာ ၁၄: ကျွန်ုပ်၏လူမှုအသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်အောင် ကျွန်ုပ်လုပ်ဆောင်နိုင်သည်
သင်ခန်းစာ ၁၅: စင်ကြယ်စွာ ကျွန်ုပ်နေထိုင်နိုင်သည်
သင်ခန်းစာ ၁၆: အနိုင်ကျင့်သူကို မည်သူမျှ မနှစ်သက်ပါ
**အခန်း ၆: မိမိနှင့်ပေါင်းသင်းဆက်ဆံဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်။ ______________________ 155**
သင်ခန်းစာ ၁၇: ကျွန်ုပ်၌ နှလုံးသားအသစ်ရှိသည်
သင်ခန်းစာ ၁၈: ခါးသီးမှုကို နှုတ်ဆက်လိုက်ပါ
သင်ခန်းစာ ၁၉: ဒုက္ခဆင်းရဲ မရှိတော့ပြီ
သင်ခန်းစာ ၂၀: ပြန်လည်သုံးသပ်ခြင်း
**ကျမ်းကိုးကား _____________________________________________________________ 186**

# ဘုရားသခင်၏ ဂုဏ်တော်ထောမနာပြုခြင်း

ဘုရားသခင်သည် သူ၏စိတ်နှလုံးတော်ကို ကျွန်ုပ်တို့အား ပေးအပ်တော်မူပြီး၊ ငယ်ရွယ်သူများကို အကြမ်းဖက်မှုမှ ကာကွယ်ရန် သူနှင့်ပူးပေါင်းဆောင်ရွက်ရမည်။ ဤလုပ်ငန်းသည် ဘုရားသခင်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး၊ ဆုတောင်းပဌနာများ အဖြေရခြင်းနှင့် အံ့ဖွယ်အမှုတော်များ ပါဝင်သော အမှုတစ်ရပ်ဖြစ်သည်။

အရှေ့တောင်အာရှတွင် နှစ်ပေါင်း ၁၆ နှစ်ကျော် နေထိုင်အလုပ်လုပ်ခဲ့ပြီးနောက်၊ အကြမ်းဖက်ခံရပြီး လူကုန်ကူးခံရသော ကလေး များအတွက် ကျွန်ုပ်၏စိတ်နှလုံးသည် မကြာခဏ နာကျင်လေ့ရှိသည်။

အရှေ့တောင်အာရှရှိ ကလေးများ ဘေးကင်းစွာကြီးပြင်းလာစေရန် သင်ရိုးညွှန်းတမ်းတစ်ခု ရေးသားဖို့ ကျွန်ုပ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ ဤအရာကို အကောင်အထည်ဖော်နိုင်ရန် ဘုရားသခင်သည် အဖွဲ့တစ်ဖွဲ့ကို စုစည်းပေးမည်ဟု ကျွန်ုပ်သိခဲ့သည်။ ဤသင်ရိုးညွှန်းတမ်းကို ရေးသားနေစဉ်အတွင်း၊ ကျေးဇူးတော်ရှင် ထာဝရဘုရားသည် ကျွန်ုပ်အား စာရေးဆရာများ၊ အနုပညာရှင်များ၊ ဘာသာပြန်ဆရာများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တိုင်ပင်ဆွေးနွေးသူများ၊ မိမိတို့၏အတွေ့အကြုံများကို မျှဝေလိုသော ကျောင်းသားများ၊ သင်ထောက်ကူပစ္စည်းများကို မျှဝေလိုသော အဖွဲ့အစည်းများနှင့် အခြားများစွာသော ပညာရှင်များကို ပေးတော်မူသည်ကို ကျွန်ုပ်မြင်တွေ့ခဲ့ရသည်။ ဘုရားသခင်နှင့်အတူ၊ ဤစီမံကိန်းအတွက် မိမိတို့ကိုယ်ကို ပေးဆပ်ခဲ့ကြသော စိတ်အားထက်သန်သူများစွာနှင့် အတူတကွ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေဖို့ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဤသင်ခန်းစာများ၏ ပထမဆုံးမူကြမ်းကို စမ်းသပ်သင်ကြားခဲ့စဉ်၊ အရှေ့တောင်အာရှယဉ်ကျေးမှု၏ ထူးခြားသော ပြဿနာများကို တိုက်ရိုက်ဖြေရှင်းပေးသည့် သင်ခန်းစာများကို ဆရာများ စိတ်အားထက်သန်စွာ သင်ကြားပို့ချနေသည်ကို မြင်တွေ့ရသည်မှာ အလွန်ပင် ဝမ်းမြောက်ဖွယ်ရာ အတွေ့အကြုံတစ်ရပ်ဖြစ်ခဲ့သည်။

ဟေရှာယ ၄၂း၁၆ "မျက်စိကန်းသောသူတို့ကို မိမိတို့မသိသောလမ်းဖြင့် ငါဆောင်မည်။ မိမိတို့ မကျွမ်းသောခရီး၌ သွားစေ မည်။ သူတို့ရှေ့မှာ မှောင်မိုက်ကိုလင်းစေမည်။ ကောက်သောလမ်းကိုလည်း ဖြောင့်စေမည်။ ထိုသို့သောကျေးဇူးကိုပြုမည်။ သူတို့ကို မစွန့်ပစ်။"

ဘုရားသခင်သည် အမှန်တကယ်ပင် ထိုသို့ပြုတော်မူပြီးဖြစ်သည်။ သူသည် အရှေ့တောင်အာရှရှိ ကလေးများအတွက် မိမိ၏ကတိတော်ကို ဆက်လက်ပြည့်စုံစေမည်ဖြစ်သည်။

# ကျေးဇူးတင်လွှာ

ဤသင်ရိုးညွှန်းတမ်းဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးခဲ့ကြသော ထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်များအားလုံးနှင့် မိမိတို့၏ သင်ထောက်ကူပစ္စည်းများကို စေတနာထက်သန်စွာ မျှဝေပေးခဲ့ကြသူများအား ကျွန်ုပ်တို့၏ နက်ရှိုင်းသောကျေးဇူးတင်လွှာကို ဖော်ပြလိုပါသည်။ သင်တို့၏ ယဉ်ကျေးမှုအတွေ့အကြုံများ၊ ထိုးထွင်းသိမြင်မှုများနှင့် စိတ်စေတနာများကြောင့် ဤသင်ရိုး ညွှန်းတမ်းသည် အရှေ့တောင်အာရှဒေသအဖို့ အလွန်ထူးခြားအသုံးဝင်နေခြင်းဖြစ်သည်။ သင်တို့ထည့်သွင်းပေးခဲ့သော ပုံပြင်များ၊ လှုပ်ရှားမှုများနှင့် ဘုရားသခင်၏မေတ္တာတော်ကို ဖော်ပြနိုင်ရန် ကူညီပေးခဲ့သည့် အသေးစိတ်အချက်အလက်တိုင်းကို ကျွန်ုပ်တို့ အလွန်နှစ်သက်ပါသည်။ စွန့်စားအနစ်နာခံကာ ပါဝင်ကူညီပေးခဲ့ကြသူများ မရှိပါက ဤသင်ရိုးညွှန်းတမ်း မဖြစ်မြောက် နိုင်ပါ။ ကျေးဇူးအထူးတင်ပါသည်။

**ကျွန်ုပ်တို့၏ ကျေးဇူးတင်လွှာကို အောက်ပါပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများထံ ပေးပို့လိုပါသည်။**

- **ယေရှုခရစ်တော် -** ကျွန်ုပ်တို့၏ အရှင်ဘုရင်နှင့် ထောက်ပံ့ပေးသူဖြစ်တော်မူသောအရှင်။
- **အကြံပေးဘုတ်အဖွဲ့ဝင်များ -** Christa Crawford, Stephen Erich, Shirley Freed, Tim and Wendy Maddocks, Chork Rany, နှင့် Regine Rimarzik။
- **တိုင်ပင်ဆွေးနွေးပေးသူများ -** Stephanie Bailey, Scott Griswold, Glenn Miles, Julia O'Carey, Tim Scott, David and Linda Sibley, နှင့် Ann Stickle။
- **ပုံပြင်နှင့် အကြောင်းအရာများ ပံ့ပိုးပေးသူများ -** Rany Chork, Shirley Freed, Josiah Griswold, Scott and Julie Griswold, A.B.J., Wendy Maddocks, Julia O'Carey, နှင့် Regine Rimarzik။
- **ပံ့ပိုးကူညီသူများ -** The Winnifred Stevens Foundation နှင့် အခြားလှူဒါန်းသူများ။
- **ဘာသာပြန်ဆိုသူများ -** Hang-Anh Do, Vinh Nguyen နှင့်သူ၏အဖွဲ့ Sophorn Phuong။
- **အနုပညာရှင်များ -** Bonnie Greene, Puthida Bou, နှင့် Toe Lah။
- **တည်းဖြတ်သူများ -** Linda Bauer, Hang-Anh Do, Julie and Scott Griswold, Susan Turley, Wayne Labins, နှင့် Sarah Lee။

# ဆရာများအတွက် မှတ်စု

ကလေးများအပေါ် သင်တို့၏ မေတ္တာပြည့်ဝသောဂရုတစိုက်ဝန်ဆောင်မှုအတွက် ကျွန်ုပ်တို့ အလွန်ကျေးဇူးတင်ပါသည်။ ဤသင်ရိုးညွှန်းတမ်းကို အသုံးပြုရင်း၊ သင့်ကျောင်းသားများသည် မိမိတို့အပေါ် ဘုရားသခင်မေတ္တာထားတော်မူကြောင်းကို သိမြင်လာမည်ဖြစ်ပြီး ယုံကြည်မှုရှိသောကလေးများအဖြစ် ကြီးထွားလာမည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ အာရှတစ်ခွင်လုံးရှိ ကလေးများသည် ဘုရားသခင်၏ မေတ္တာတော်တွင် အမြစ်တွယ်ပြီး ဘေးကင်းစွာ ကြီးထွားလာကြဖို့ကို ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

သင် သင်ကြားပို့ချမှုပြုနေစဉ်၊ ဘုရားသခင်ထံမှ ဉာဏ်ပညာ၊ နားလည်မှုနှင့် သည်းခံမှုကို တောင်းခံပါ။ ဤကျမ်းစာကတိတော်ကို နှလုံးသားထဲမှာ သိုမှီးထားပါ။

**ဟေရှာယ ၄၂း၁၆ "မျက်စိကန်းသောသူတို့ကို မိမိတို့မသိသောလမ်းဖြင့် ငါဆောင်မည်။ မိမိတို့ မကျွမ်းသော ခရီး၌ သွားစေမည်။ သူတို့ရှေ့မှာ မှောင်မိုက်ကို လင်းစေမည်။ ကောက်သောလမ်းကိုလည်း ဖြောင့်စေမည်။ ထိုသို့သောကျေးဇူးကိုပြုမည်။ သူတို့ကို မစွန့်ပစ်။"**

သင်ခန်းစာများကို သင်ကြားပေးနေစဉ် သင့်စိတ်နှလုံးတွင် သိုမှီးထားနိုင်မည့် နောက်ထပ် ကျမ်းစာကတိတော်များ -

ဆာလံကျမ်း ၁၄၇း၃ "စိတ်ကြေမွသောသူတို့ကို နှစ်သိမ့်စေ၍၊ သူတို့၏အနာကို ကုတော်မူ၏။"

**ဇေဖနိ ၃း၁၇-၁၈ "သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အလယ်၌ရှိ၍၊ တန်ခိုးကြီးသော ဘုရားသည် သင့်ကို ကယ်တင် တော်မူလိမ့်မည်။ သင်၌ အားရ၍ ဝမ်းမြောက်တော်မူလိမ့်မည်။ ချစ်ခြင်းမေတ္တာ၌ ကျိန်းဝပ်၍၊ သီချင်းဆိုခြင်းနှင့်တကွ သင်၌ ဝမ်းမြောက်တော်မူလိမ့်မည်။ ကဲ့ရဲ့ခြင်းဝန်ကို သင်ထမ်းရာအကြောင်းတည်းဟူသော၊ သင်နှင့်ဝေး၍ ဓမ္မပွဲကို မခံရဘဲ ညှိုးငယ်လျက်ရှိသောသူတို့ကို ငါစုဝေးစေမည်။ လူစိတ်နှလုံး၌ ပညာအကြံသည် နက်သောရေနှင့် တူသော်လည်း၊ ဉာဏ်ကောင်းသော သူသည် ခပ်ယူလိမ့်မည်။"**

**သုတ္တံ ၂၀း၅ "လူစိတ်နှလုံး၌ ပညာအကြံသည် နက်သောရေနှင့် တူသော်လည်း၊ ဉာဏ်ကောင်းသောသူသည် ခပ်ယူလိမ့်မည်။"**

ဆာလံ ၃၂း၈ "သင့်ကို ငါသွန်သင်မည်။ သင်သွားရမည့်လမ်းကိုပြသွန်မည်။ သင့်ကို ကြည့်ရှုပြုစုမည်။ ဉာဏ်ပညာမဲ့သော မြင်းလားကဲ့သို့ မဖြစ်နှင့်။"

**ယေရမိမြည်တမ်းစကား ၃း၂၂-၂၆, ၅၄-၅၉ "ထာဝရဘုရားသည်သနားတော်မူ၍ ကရုဏာတော်သည် မကုန်သောကြောင့် ငါတို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲနေကြ၏။ နံနက်တိုင်း ကရုဏာတော်အသစ်ကို ခံရကြ၏။ သစ္စာတော်သည် ကြီးမြတ်ပါ၏။ ငါ့ဝိညာဉ်၏သဘောဟူမူကား၊ ထာဝရဘုရားသည် ငါ၏အဖို့ဖြစ်တော်မူ၏။ ထိုကြောင့်၊ ကိုယ်တော်ကို ငါမျှော်လင့်ပါ၏။ ကိုယ်တော်ကို မျှော်လင့်သောသူနှင့် ကိုယ်တော်ကို ရှာသောသူ၏စိတ်ဝိညာဉ်အား ထာဝရဘုရားသည် ကျေးဇူးပြုတော်မူ၏။ ကယ်တင်တော်မူမည်ဟု မျှော်လင့်လျက်၊ ငြိမ်ဝပ်စွာစောင့်၍ နေကောင်း၏။ ငါ့ခေါင်းကို ရေလွှမ်းမိုးသည်ဖြစ်၍၊ ငါသည် ဆုံးရှုံးပြီ ဟုဆိုရ၏။ အို ထာဝရဘုရား၊ နက်သောမြေတွင်းထဲက အကျွန်ုပ်သည် ကိုယ်တော်၏နာမကိုခေါ်ပါ၏။ အကျွန်ုပ်ခေါ်သံကို ကြားတော်မူသည်ဖြစ်၍၊ အကျွန်ုပ်ညည်းတွားအော်ဟစ်သောအခါ နားတော်ကို လွှဲတော်မမူပါနှင့်။ အကျွန်ုပ်သည် ကိုယ်တော်ကို ဟစ် ခေါ်သောအခါ၊ ကိုယ်တော်သည် ချဉ်းကပ်တော်မူ၍၊ မကြောက်နှင့်ဟု မိန့်တော်မူပြီ။ အို ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်အသက်နှင့် ဆိုင်သောအမှုကိုစောင့်၍ ရွေးနုတ်တော်မူပြီ။ ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ခံရသော ညှဉ်းဆဲခြင်းကို မြင်တော်မူပြီ။ အကျွန်ုပ်အဖို့ တရားစီရင်တော်မူပါ။"**

ဤ "Growing Safe" သင်ခန်းစာကို အသုံးပြုရသည့် အတွေ့အကြုံများနှင့် သင့်ထင်မြင်ချက်များကို သင်တို့ထံမှ ကြားလိုပါသည်။ သင့်အတွေ့အကြုံများနှင့် အကြံပြုချက်များကို မျှဝေပါ။ ထိုသို့ပြုလုပ်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းကို ပိုမိုကောင်းမွန်အောင် ဆက်လက်ပြုပြင်ပြင်ဆင်နိုင်မည်ဖြစ်သည်။

အောက်ပါအီးမေးလ်လိပ်စာမှတစ်ဆင့် ကျွန်ုပ်တို့ထံ ဆက်သွယ်နိုင်ပါသည်။

စေတနာ မေတ္တာဖြင့် ဆုတောင်းလျက်၊

သင်၏ ASAP မိသားစု
office@asapministries.org

# ဆရာများအတွက် အကြံပြုချက်များ

**သင့်စာသင်ခန်းသည် ကျောင်းသားများအတွက် ကမ္ဘာပေါ်တွင် ဘေးကင်းလုံခြုံမှုနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံးသောနေရာ ဖြစ်နိုင်ပါသည်။ သင်သည် သူတို့စိတ်ချယုံကြည်ရသည့် သူတို့၏ အကြိုက်ဆုံးလူတစ်ဦးဖြစ်နိုင်ပါသည်။**

ကလေးများနှင့် အနားယူချိန်တွင် အတူတူကစားပါ။ ပျော်ရွှင်စွာနေပြီး အားပေးစကားပြောပါ။ ဤသို့ပြုလုပ်ခြင်းဖြင့် ကလေးများသည် သင်နှင့်ရင်းနှီးလာလိမ့်မည်။ သင့်ပျော်ရွှင်မှုသည် ကလေးများထံကူးဆက်မည်ဖြစ်ပြီး သူတို့သည်လည်း သင့်ထံ ရင်ဖွင့်ပြောဆိုဝံ့လာမည်။

ကလေးများသည် အလွယ်တကူ ပျော်ရွှင်နိုင်သလို၊ အလွယ်တကူလည်း စိတ်ဆင်းရဲနိုင်ပါသည်။ နူးညံ့သိမ်မွေ့သော စည်းကမ်းထိန်းသိမ်းမှုနှင့် မေတ္တာပြည့်ဝသော စကားလုံးများ၊ လုပ်ရပ်များသည် ကလေးများအား ယေရှုကို မြင်တွေ့စေရန် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး၊ ကလေးများအား ဘေးကင်းကင်းသည့်ခံစားမှုကို ရရှိစေမည့် ဆက်ဆံရေးမျိုးကို တည်ဆောက်ပေးနိုင်သည်။

ကလေးများကို ဘယ်တော့မှ လိမ်မပြောပါနှင့်၊ နှိမ့်ချပြောဆိုခြင်း မပြုပါနှင့်။ ရှက်အောင်လုပ်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုနှင့်။ အပျက်သဘောဆောင်သော အပြုအမူများကို အများရှေ့တွင်ဖြစ်စေ၊ တစ်ကိုယ်တည်း နေရာတွင်ဖြစ်စေ ရှောင်ကြဉ်ပါ။ ဤအပြုအမူများသည် သင်ကြိုးစားအောင်မြင်ရန် လုပ်ဆောင်နေသော ကောင်းမြတ်သည့်အရာ များကို ပျက်စီးစေနိုင်သည်။

ထိုအစား၊ ပြုံးပြပါ။ ကလေးများ ကောင်းသောအရာများလုပ်ဆောင်သည့်အခါတိုင်း သတိထားမိပြီး ချီးကျူးစကားဆိုပါ။

ကလေးများအား စကားပြောဆိုခွင့်ရှိရန် အခွင့်အလမ်းများဖန်တီးပေးပါ။ ထိုအခါ သူတို့အား သင်တန်ဖိုးထားသည်ကို သူတို့ခံစားလာရမည်။ သူတို့၏ ခံစားချက်များနှင့် အတွေးအမြင်များကို ဖြစ်နိုင်သမျှ အသိအမှတ်ပြုပေးပါ။ ပြဿနာများကို ဖြေရှင်းရာတွင် သူတို့ကိုပါဝင် စေပါ။ ကလေးများသည် လျစ်လျူရှုခံရခြင်း၊ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းတို့ကြောင့် စိတ်ဒဏ်ရာ ရနိုင်ပါသည်။ ဤစိတ်ဒဏ်ရာများသည် မိသားစုအတွင်း အကြမ်းဖက်မှုများကို ကြုံတွေ့ရခြင်း၊ မိဘများဆုံးရှုံးခြင်း သို့မဟုတ် ဆွေမျိုးများနှင့် အိမ်တစ်အိမ်မှ တစ်အိမ်သို့ ပြောင်းရွှေ့နေထိုင်ရခြင်းတို့ကြောင့် ဖြစ်ပေါ်နိုင်ပါသည်။

အောက်ပါခံစားချက်တို့သည် ကလေးများအတွက် အတွေးဝန်ထုပ်များကိုဖြစ်ပေါ်စေပါသည်။ ဥပမာ -"ငါ့ကို ဘယ်သူမှ မချစ်ဘူး" "ဒါအားလုံး ငါ့အမှားပဲ" "လူကြီးတွေကို ယုံလို့မရဘူး" "ငါက မကောင်းဘူး" "ငါက မိုက်တယ်" "ငါတန်ဖိုးမရှိဘူး" "ငါ့မှာ ဘာမှမတတ်နိုင်ဘူး" "ငါဟာ အမြဲထိခိုက်နစ်နာခံရမယ့် အန္တရာယ်ထဲမှာပဲ" "ငါဟာ စိတ်ဖိစီးမှုတွေနဲ့ လွှမ်းမိုးခံနေရတယ်"

ဆရာများသည် ကလေးများ၏**စိတ်နေသဘောထားနှင့် အတွေးခေါ်မြင့်မားစေ**ရန် ကောင်းသောအတွေးများဖြင့် "ပြန်လည်ဖြည့်တည်း" ပေးနိုင်သည်။ ဆရာများသည် ကလေးများကို ဘေးကင်းလုံခြုံပြီး စွမ်းဆောင်နိုင်သူ၊ ချစ်ခင်ထိုက်သူအဖြစ် ခံစားရစေရန် ကူညီပေးနိုင်ပါသည်။ ဆရာများက ကလေးများနှင့်သူတို့၏ခံစားချက်များကို ထောက်ခံပေးပြီး ဂရုစိုက်ကာ တုံ့ပြန်ပေးသည့် အခါ၊ ကလေးများသည် မိမိတို့ကိုယ်ကို စွမ်းဆောင်နိုင်သူများဖြစ်ကြောင်း သင်ယူလာကြမည်။ ဆရာများက သင့်တင့်သော ဂရုစိုက်မှုနှင့်မေတ္တာကို ပေးသည့်အခါ၊ ကလေးများသည် မိမိတို့ကိုယ်ကို ချစ်ခင်ထိုက်သူများဖြစ်ကြောင်း သိလာကြမည်။ ဆရာများက မိမိတို့ကိုယ်တိုင် ယုံကြည်စိတ်ချရပြီး တုံ့ပြန်မှုရှိကာ အကြမ်းဖက်မှုမရှိကြောင်း ပြသသည့်အခါ၊ ကလေးများသည် စိတ်ပွင့်လင်းလာကြမည်။

ဆရာများက ကလေးများကို ပစ်ပယ်မည်မဟုတ်ဘဲ၊ သူတို့၏ခံစားချက်များကို နားထောင်ပြီး နားလည်ရန် အကောင်းဆုံးကြိုးစားမည်ကို ပြသသည့်အခါ၊ ကလေးများ၏ စိတ်ဒဏ်ရာများ ပျောက်ကင်းခြင်း စတင်လာပါသည်။

ဤသို့ဆိုရာတွင် ကလေးများအား မဆုံးမသင့်ဟု မဆိုလိုပါ။ ဆရာများသည် ကလေးများ၏ အပြုအမူများအတွက် တာဝန်ယူခိုင်းခြင်း၊ သင့်လျော်သည့် ဒဏ်ပေးခြင်းနှင့် မေတ္တာဖြင့် မျှော်လင့်ချက်ပေးခြင်းများလည်း ပြုလုပ်ပေးဖို့လိုသည်။ မိမိတို့၏ ကလေးများ၌ ဆိုးသော ခံစားချက်များ ရှိနေသည်ကို သိရှိခြင်းသည် ဆရာများအား အောက်ပါအချက်များကို လုပ်ဆောင်ရာတွင် ကူညီပေးပါလိမ့်မည်။

၁။ ကလေးများ၏ အပြုသဘောဆောင်သော အပြုအမူများအတွက် ချီးကျူးစကား ပြောဆိုပေးပါ။ ဆုံးမပဲ့ပြင်သည့် စကားတစ်ကြိမ် ပြောတိုင်း အနည်းဆုံး နွေးထွေးပြီးစိတ်ရင်းပါသည့် ချီးကျူးစကားမျိုး ခြောက်ကြိမ်ခန့် ပြောပေးပါ။

၂။ ကလေးကိုပြုပြင်သည့်အခါတွင် အေးဆေးတည်ငြိမ်စွာနေပါ။ ဖြစ်နိုင်သမျှ စကားလုံးအနည်းငယ်သာသုံးပြီး ပြေပြစ်၍ တည်ငြိမ်သောအသံအနေအထားဖြင့် ပြောဆိုပါ။ ကလေး၏အပြုအမူအပေါ် သင့်ရဲ့ စိတ်ခံစားမှုတုံ့ပြန်ပုံကို သတိထားပါ။

၃။ လိုအပ်ပါက ဆုံးမပဲ့ပြင်သည့်စကားနှင့် ချီးကျူးစကားပြောခြင်းကို ထပ်ခါထပ်ခါပြုလုပ်ရန် မကြောက်ပါနှင့်။ ကလေး များဘက်က တုန့်ပြန်မှုပြန်ရနိုင်ရန်အတွက် အချိန်ယူရနိုင်ပါသည်။

## အန္တရာယ်ကြုံနေရသည့် လက္ခဏာများ

ကလေးများသည် မိမိတို့အကြမ်းဖက်ခံရသည့်အကြောင်း များသောအားဖြင့် ထုတ်ပြောလေ့မရှိပါ။ ထို့ကြောင့် ဆရာများသည် ဤပြဿနာ၏ လက္ခဏာများနှင့် အရိပ်အမြွက်များကို သတိထားမိရန် လိုအပ်ပါသည်။

အကြမ်းဖက်ခံရခြင်း၏ လက္ခဏာနှင့် အရိပ်အမြွက်တချို့တို့မှာ၊

၁။ အညိုအမဲစွဲခြင်း၊ အမှတ်အသားများ၊ ဓားရာများ
၂။ ခေါင်းကိုက်ခြင်း
၃။ မိုက်အောင့်ခြင်း
၄။ လူများနှင့် ရောရောနှောနှောမရှိတော့ခြင်း
၅။ မျက်လုံးများ မှိန်နေခြင်း၊ အာရုံစိုက်နိုင်စွမ်းမရှိခြင်း
၆။ ကျောင်းစာညံ့ဖျင်းလာခြင်း
၇။ စိတ်အပြောင်းအလဲများ သိသာစွာဖြစ်ပေါ်ခြင်း

## ဘေးကင်းလုံခြုံရေး အရင်းအမြစ်များ

ကူသပျောက်ကင်းခြင်းသည် ဘုရားသခင်ထံမှ တိုက်ရိုက်လာသည်မှာမှန်သော်လည်း၊ အကြပ်အတည်းဖြစ်နေသော ကလေးများအား ကူညီဂရုစိုက်တတ်သော ဆရာများနှင့် စောင့်ရှောက်သူများ လိုအပ်ပါသည်။

အကြမ်းဖက်မှုဖြစ်နေနိုင်သည်ဟု သံသယရှိပါက သို့မဟုတ် ကလေးတစ်ဦးသည် အကြမ်းဖက်ခံရသည့်အတွေ့အကြုံကို ဖွင့်ပြောလာပါက အောက်ပါအဆင့်များအတိုင်း ဆောင်ရွက်ပါ။

1. ဖြစ်ရပ်ကို မှတ်တမ်းတင်ပါ။ ရက်စွဲ၊ သင်မြင်ရ၊ ကြားရသည်များ (သို့) ကလေးနှင့်ပက်သက်သည့် အတွေ့အကြုံများကို ရေးမှတ်ပါ။
2. ကလေးက သင့်ထံလာပြီး ရင်ဖွင့်ပြောဆိုခြင်းသည် မှန်ကန်သောလုပ်ဆောင်မှုဖြစ်ကြောင်း ထိုကလေးအား ပြောပြပါ။ ကလေးအတွက် နီးကပ်သော ထိတွေ့မှုနှင့် အပြုသဘောဆောင်ပြီး အေးချမ်းသော ပတ်ဝန်းကျင်ကို ဖန်တီးပေးပါ။
3. ကလေးက သင့်အား မည်သူ့ကိုမျှမပြောရန် တောင်းပန်ပါက၊ သူ/သူမသည် အန္တရာယ်ရှိနေသောကြောင့် ဤအရာကို လျှို့ဝှက်ထားဖို့မသင့်ကြောင်း သူ့အား သိစေပါ။ ရဲများသည် သူ/သူမကို ကာကွယ်ပေးဖို့ ရှိနေကြောင်း ကလေးကို သိစေပါ။
4. ကလေးနှင့် ဆွေးနွေးသည့်အကြောင်းအရာကို လျှို့ဝှက်ထားပြီး အခြားကလေးများ မကြားမိဖို့သတိပြုပါ။ ကလေးက မိမိပြဿနာကို အများရှေ့တွင် သတိလက်လွတ် ပြောမိလျှင် သင် ကြားဖြတ်ပြီး တိတ်ဆိတ်သောနေရာသို့ သူ့အား ခေါ်သွားကာ ပြောဆိုခိုင်းပါ။
5. ဖြစ်ရပ်မှန်ကို သိရှိနိုင်ဖို့အတွက် ကလေးကိုယ်တိုင်အား စကားပြောဆိုစေပါ။ "နောက်ထပ်ပြောပြပါအုံး" ဟု ပြောကာ သူ/သူမကို အားပေးပါ။ သင် ကြားလိုက်ရသည့်ဖြစ်ရပ်အပေါ် သင်အမှန်တကယ်နားလည်၊ မလည်စစ်ဆေးဖို့ရန် သူ့အား "မင်း ဒီလိုပြောသွားတာဟုတ်တယ်နော်" စသည့်မေးခွန်းမျိုးဖြင့် မေးမြန်းအတည်ပြုပါ။ မေးခွန်းများမေး သည့်အခါ၊ သင်လိုချင်သည့်အဖြေကို ကလေးအား အတင်းမပြောခိုင်းပါနှင့်။
6. ကျောင်းအုပ်ထံ ဦးစွာအစီရင်ခံပါ။ ပြီးလျှင် ရဲထံသို့ မည်သူသွားရောက်အစီရင်ခံမည်ကို အတူတကွ ဆုံးဖြတ်ပါ။ စည်းမျဉ်းစည်းကမ်းများနှင့် ကလေးကာကွယ်ရေးမူဝါဒကို လိုက်နာပါ (စာမျက်နှာ ၁၆၉-၁၈၁ တွင် ကြည့်ပါ)။
7. ဘေးအန္တရာယ်ကင်းရေးဖုန်းနံပါတ်များ - အရေးပေါ်ရဲစခန်းနံပါတ် **199** နှင့်/သို့မဟုတ် ကလေးအကူအညီလိုင်း **09 49555666**
8. မိသားစုထံ သွားရောက်အသိပေးရန် မည်သူသွားမည်ကို ဆုံးဖြတ်ပါ။
9. ကလေးကို နီးစပ်ရာဆေးရုံသို့ ခေါ်သွားပြီး ရောဂါ သို့မဟုတ် ကိုယ်ဝန်ရှိမရှိ စစ်ဆေးစေပါ။

***ထောက်ခံမှု၊ ကာကွယ်မှုနှင့် စိတ်ချမှုကို ပေးပါ။***

# သင်ရိုးညွှန်းတမ်း၏ အခြေခံသဘောတရား

အန္တရာယ်လျှော့ချရေးကို အာရုံစိုက်ခြင်းထက် ကာကွယ်ရေးကို အဓိကထားသည့် ဤသင်ရိုးညွှန်းတမ်းသည် ကလေးများအတွက် သူတို့အပေါ် ကျူးလွန်လာနိုင်သူများ၏ရန်မှ ကင်းဝေးစေနိုင်မည့် အခြေခံအုတ်မြစ်ကို ချပေးပါသည်။ ဖန်ဆင်းခြင်းအကြောင်း ပုံပြင်ကို အသုံးပြုခြင်းဖြင့် ဤအုတ်မြစ်ကိုချပေးပါသည်။ ဖန်ဆင်းခြင်းနှင့်ဆိုင်သည့် မတူညီသောရှုထောင့်များကို အခန်းတစ်ခုစီက အလေးပေးဖော်ပြထားသည် - လူတစ်ဦးချင်းစီ၏ ထူးခြားမှု၊ ခံစားချက်များ/စိတ်လှုပ်ရှားမှုများ၊ မိသားစုများ၊ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်များ၊ လူမှုဆက်ဆံရေးနှင့် လူ့အဖွဲ့အစည်း၊ ဘုရားသခင်နှင့် ဝိညာဉ်ရေးဆက်နွယ်မှု စသည့် ရှုထောင့်အမျိုးမျိုး ပါဝင်ပါသည်။

အသုံးပြုထားသော နည်းလမ်းများသည် ယေရှု၏နည်းလမ်းများဖြစ်သည် - ပုံပြင်များနှင့် မေးခွန်းများ။ ဤအရာများကို ဘုရား သခင်သည် လူတစ်ဦးချင်းစီကို တန်ဖိုးထားပြီး၊ ရွေးချယ်မှုစွမ်းအားကို ပေးထားကြောင်း နားလည်မှုအတွင်း ပုံဖော်ထားပါသည်။ ရွေးချယ်မှုသည် ဘုရားသခင်၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ဘုရားသခင်သည် မည်သူ့ကိုမျှ မည်သည့်အရာကိုမှ အတင်းအကျပ် လုပ်ခိုင်းတော်မူမည်မဟုတ်ပါ။ ဤသင်ခန်းစာများသည်လည်း ထိုနည်းတူပင် ဆရာများနှင့် ကလေးများအတွက် ရွေးချယ်စရာ များကို ပေးစွမ်းရန် ရည်ရွယ်ပါသည်။

အကြမ်းဖက်ခံရသော ကလေးသည် အနုတ်လက္ခဏာဆောင်သော အတွေးများ၊ စိတ်ဓာတ်ကျခြင်း၊ ရှက်ရွံ့ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့ခြင်း တို့ဖြင့် ခြိမ်းခြောက်ခံနေရမည်ဖြစ်သည်။ ဤကဲ့သို့သော စိတ်နေစိတ်ထားသည် လိမ်လည်ခြင်း၊ လျှို့ဝှက်ခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ကို အားပေးပါသည်။ ဤအရာသည် အကြမ်းဖက်မှု ဆက်လက်ဖြစ်ပွားစေနိုင်ပါသည်။ ကလေးများက မိမိကိုယ်ဘာသာမိမိ စဉ်းစားတွေးခေါ်နိုင်စွမ်း ရှိလာဖို့နှင့်၊ နောက်ထပ်အကြမ်းဖက်မှုများ ကာကွယ်နိုင်ရန် သင့်လျော်သော အပြုအမူများကို သင်ယူနိုင်ကြဖို့ ရည်ရွယ်ချက်ဖြင့် ဤသင်ခန်း စာကို ရေးခဲ့ခြင်းဖြစ်သည်။ ဤသင်ရိုး ညွှန်းတမ်း၏ ရည်ရွယ်ချက်မှာ ဆုံးဖြတ်ချက်ချခြင်းနှင့် လုပ်ဆောင်ခြင်းအတွက် အပြုသဘောဆောင် သောစိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ အင်အားကို ဖွံ့ဖြိုးစေရန်ဖြစ်ပြီး၊ မိမိကိုယ်ကိုနှင့် အခြားသူများကို ကာကွယ်နိုင်စေရန်ဖြစ်ပါသည်။ လက်တွေ့လှုပ်ရှားမှုများကို ယုံကြည်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ ဖွံ့ဖြိုးစေရန် စနစ်တကျဖွဲ့စည်းထားပါသည် - ထိုသို့ဖြင့် ကလေးများသည် ကြောက်ရွံ့ခြင်းနှင့် လျှို့ဝှက်ခြင်းတို့ဖြင့် နေထိုင်မည့်အစား၊ အခြားသူများထံမှ အကူအညီနှင့် ကာကွယ်မှုကို ရှာဖွေလာစေမည့် ပတ်ဝန်း ကျင်တစ်ခုကို ဖန်တီးပေးပါသည်။ “Growing Safe: Rooted in God’s Love” ဆိုသည်မှာ ကလေးများသည် ဘုရားသခင်ကို မည်သည့် အခြေအနေတွင်မဆို ယုံကြည်စိတ်ချလာစေရန် သင်ယူသည်နှင့်အမျှ၊ လူတစ်ဦး၏ ရှုထောင့်အားလုံးသည် ယေရှု၏ပုံသဏ္ဍာန်ကဲ့သို့ ပိုမိုနီးစပ်လာခြင်းကို ဆိုလိုပါသည်။

တက်ကြွသောသင်ယူမှုအကြောင်း မှတ်စု - လူတို့သည် ပါဝင်မှုမရှိသောသင်ယူခြင်းထက် ပါဝင်မှုရှိသောသင်ယူခြင်းမှ ပိုမို၍ တတ်မြောက်ကြ ကြောင်းကို သုတေသနများက ရှာဖွေတွေ့ရှိထားသည်။ ဤသင်ခန်းစာများတစ်လျှောက်တွင် တက်ကြွပါ ဝင်မှုရှိသော သင်ယူလှုပ်ရှားမှုများကို တွေ့ရှိရမည်ဖြစ်ပါသည်။

၁။ အဖွဲ့လိုက်ဆွေးနွေးမှုများ - Think, Pair, Share (**တွေး - တွဲ - မျှဝေ သင်နည်း**)
ဤအရေးကြီးသော အစိတ်အပိုင်းသည် ကလေးများကို မေးခွန်း၏အဖြေကို စဉ်းစားစေခြင်း၊ နှစ်ယောက်တစ်တွဲဖြင့် အဖြေများကို မျှဝေ စေခြင်းနှင့် တစ်ချို့ကျောင်းသားများကို တတန်းလုံးနှင့် မျှဝေစေခြင်းဖြင့် သင်ယူမှုစွမ်းရည်ကို မြှင့်တင်ပေးပါသည်။

၂။ အဖွဲ့ငယ်လှုပ်ရှားမှုများ/ အပြောအဆိုစွမ်းရည် **ကြွယ်စေရန် ကာယကံရှင်တို့အား အခြေအနေတစ်ရပ်ဖွင့်ပေးပြီး ဖြစ်စဉ်နှင့် လျော်ညီအောင် သရုပ်ဆောင်စေခြင်း။**

၃။ အုပ်စုဖွဲ့ **အတူတကွ တီထွင်ဖန်တီး**ခြင်းသည် ခံစားချက်များနှင့် တုံ့ပြန်မှုများကို ဖော်ပြရန် နည်းလမ်းတစ်ခုဖြစ်သည်။ သင်ခန်းစာတစ်ခုစီကို အောက်ပါအစိတ်အပိုင်းများဖြင့် စနစ်တကျဖွဲ့စည်းထားပါသည် (ဆရာများသည် ၎င်းတို့၏ကျောင်းသား များအတွက် အဆင်ပြေမည်ဟု ထင်မြင်သော နည်းလမ်းများဖြင့် လွတ်လပ်စွာ စီစဉ်နိုင်ပါသည်)။

အစပြုလှုပ်ရှားမှုများ - သင်ခန်းစာတစ်ခုစီတွင် အဖွင့်လှုပ်ရှားမှုနှစ်မျိုးပါဝင်ပါသည်။ ပဏာမသီချင်းနှင့် လှုပ်ရှားမှုတစ်ခု။ ဤလှုပ်ရှားမှုနှစ်ခု စလုံးသည် ကျောင်းသား၏ ယခင်သင်ခန်းစာများမှ သင်ယူထားသော အသိပညာနှင့် နားလည်မှုကို အကဲဖြတ်ရန် ရည်ရွယ်ပါသည်။ ဤလှုပ်ရှားမှုများသည် ကလေးကို ထိုနေ့၏သင်ခန်းစာအပေါ် အာရုံစိုက်စေရန် ကူညီပေးပါလိမ့်မည်။

ကျမ်းစာပုံပြင် - သင်ခန်းစာ၏ အဓိကအယူအဆများကို ပံ့ပိုးရန် ကျမ်းစာပုံပြင်များကို ရွေးချယ်ထားပါသည်။ ကျမ်းစာကို သင်ခန်းစာများနှင့် ကလေးများ၏လက်တွေ့ဘဝများတွင် ပိုမိုပေါင်းစပ်နိုင်လေလေ၊ သူတို့၏ **အကျင့်စာရိတ္တ** ပိုမိုခိုင်မာလေ ဖြစ်ပါသည်။ ဘုရားသခင်ကို

ယုံကြည်စိတ်ချနိုင်ကြောင်း၊ လူသားဘဝများတွင် ဝင်ရောက်စွက်ဖက်ပေးနိုင်သည့် ဘုရား၏ မေတ္တာနှင့် တန်ခိုးတော်အကြောင်းကို ကျမ်းစာက ထင်ရှားစေပါသည်။ ကျမ်းစာပုံပြင်များသည် ကျောင်းသားများ၏စိတ်ကို မကောင်းမှုထက် ကောင်းမြတ်သောအရာများဖြင့် ဖြည့်ပေးနိုင်ပြီး၊ ဘုရားသခင်သည် မည်သည့်အခက်အခဲမျိုးတွင်မဆို သူတို့ကို ကာကွယ်ပေးကြောင်း ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ပါသည်။

ဆွေးနွေးတင်ပြရန်အချိန် - ဤလှုပ်ရှားမှုသည် Think, Pair, Share (**တွေး - တွဲ - မျှဝေ သင်နည်း**) ပုံစံကို အသုံးပြုပါသည်။ ကလေးများသည် မေးခွန်းများ၏အဖြေကို စဉ်းစားပြီး၊ နှစ်ယောက်တစ်တွဲ အဖြေများကို မျှဝေကာ၊ တစ်ချို့ကျောင်းသားများကို တတန်းလုံးရှေ့တွင် မိမိတို့၏အဖြေများကို မျှဝေရန် ရွေးချယ်နိုင်ပါသည်။

ကျမ်းချက် - ကျမ်းကတိတော်များသည် ကျောင်းသားများအား ခက်ခဲသည့်အခြေအနေများတွင် ဘုရားသခင်ထံရောက်ရှိရန် နည်းလမ်းပေးပါသည်။ ကျမ်းပိုဒ်များကို အလွတ်ကျက်မှတ်နိုင်သည်၊ သီဆိုနိုင်သည် သို့မဟုတ် ကလေးများ နားလည်ပြီး ကိုယ်တိုင်ခံစားသိရှိစေနိုင်သည်။

ဘဝပုံပြင် - ဘဝပုံပြင်များ၏ ရည်ရွယ်ချက်မှာ - ပုံပြင်သည် ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ ပုံပြင်ပါသင်ခန်းစာကို အရှေ့ တောင်အာရှ၏ အမြင်ဖြင့် နားလည်သင်ယူနိုင်အောင်လုပ်ဆောင်ရမှာပြီး၊ ကျောင်းသားများအား "သူတို့၏" ပုံပြင်ကို မှတ်မိစေရန် ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပုံပြင်၏ အရေးကြီးသောအစိတ်အပိုင်းများကို သူတို့နှင့် ပိုမိုသက်ဆိုင်စေပါသည်။

နေ့စဉ်မှတ်တမ်း - **ဤသို့လုပ်ဆောင်မှု**၏ ရည်ရွယ်ချက်မှာ ကျောင်းသားများအား သင်ခန်းစာ၏အနှစ်သာရ သူတို့၏ကိုယ်ပိုင်ရှု ထောင့်မှ အနှစ်ချုပ်တတ်စေရန်ဖြစ်သည်။ ကျောင်းသားတိုင်းတွင် သူတို့၏ကိုယ်ပိုင် **နေ့စဉ်**မှတ်တမ်းစာအုပ်ရှိပြီး၊ သင်ခန်းစာ တစ်ခုစီနှင့် ကိုက်ညီသော **ကျွန်ုပ်ယုံကြည်ချက်စာသားများ** ပါဝင်ပါသည်။ ကျွန်ုပ်ယုံကြည်ချက်စာသားကို (တစ်မျက်နှာလျှင် တစ်ခု) စာမျက်နှာ၏ အပေါ်သို့မဟုတ် အောက်တွင် ထားပြီး၊ ကျန်စာမျက်နှာအား သင်ခန်းစာပြီးဆုံးသည့်အခါတွင် မှတ်တမ်း တင်ခြင်း သို့မဟုတ် ပုံဆွဲရန် နေရာပေးထားပါသည်။ ကျွန်ုပ်တို့ယုံကြည်သောအရာများသည် ကျွန်ုပ်တို့အပေါ် လွှမ်းမိုးမှုရှိပါသည်။ **ကျွန်ုပ်ယုံကြည်ချက်စာသား**များသည် ကလေးများအား အပြုသဘောဆောင်သောနည်းလမ်းဖြင့် စတင်ယုံကြည်စေရန် ကူညီ ပေးပြီး၊ ကောင်းမွန်သော ရွေးချယ်မှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်ပါသည်။

စက်ဝိုင်းအနေအထားဖြင့်လှုပ်ရှားမှု - **စက်ဝိုင်းဖွဲ့လှုပ်ရှားမှု**၏ ရည်ရွယ်ချက်မှာ ကျောင်းသားများကို အုပ်စုအတွင်း ပြန်လည်ဆွဲဆောင်ကာ၊ မေတ္တာနှင့် ထောက်ပံ့မှုပေးရန်ဖြစ်သည်။ ဤလှုပ်ရှားမှုသည် သူတို့အား အခြားသူတစ်ဦးအကြောင်း ကောင်းမွန်သောစကားများ ပြောဆိုရန် အခွင့်အလမ်းပေးပြီး၊ အုပ်စုအတွင်း မိမိကိုယ်ကို ဖော်ပြရန် သင်ယူစေပါသည်။ ပုံမှန်ပြုလုပ်ပါက၊ **စက်ဝိုင်းဖွဲ့လှုပ်ရှားမှု**အချိန်သည် ကိုယ့်ကိုယ်ကို ယုံကြည်မှုနှင့် ပိုမိုကောင်းမွန်သော လူမှုဆက်ဆံရေးများ တည်ဆောက်ရာတွင် အထောက်အကူပြုပါသည်။ ဤလှုပ်ရှားမှုသည် လေးနက်မှုထက် ပျော်ရွှင်မှုကို ပိုမိုရည်ရွယ်ပါသည်။

အပိတ်ဆုတောင်းချက် - ဤအပိုင်းတွင် ဘုရားသခင်သည် သင်ခန်းစာတိုင်း၏ ဗဟိုဖြစ်ကြောင်း အသိအမှတ်ပြုခြင်းဖြင့် အဆုံးသတ်သည်။

# သင်ခန်းစာ အနှစ်ချုပ်

## အခန်း ၁ - ကျွန်ုပ်အား တမူထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။

**အကျဉ်းချုပ်** - ဘုရားသခင်သည် လူတစ်ဦးချင်းစီကို ဖန်ဆင်းပြီး ရွေးကောက်တော်မူသည်။ ကိုယ့်ကိုယ်ကို တန်ဖိုးထားမှု၊ ထူးခြားမှုနှင့် ဂုဏ်သိက္ခာတို့သည် ကျွန်ုပ်တို့၌ရှိသောအရာ၊ ကျွန်ုပ်တို့သိသောအရာ သို့မဟုတ် ကျွန်ုပ်တို့လုပ်သောအရာများမှ မလာပါ။ တန်ဖိုးရှိခြင်းမှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏အဖဘုရားသခင်ဖြစ်ပြီး၊ ကျွန်ုပ်တို့ကို ချစ်တော်မူကာ၊ သူ၏ပုံသဏ္ဍာန် တော်အတိုင်း ဖန်ဆင်းပြီး၊ သူ၏သား တော် ယေရှုခရစ်တော်မှတစ်ဆင့် ပြန်လည်ဖန်ဆင်းတော်မူသောကြောင့် ဖြစ်သည်။ ဘုရား သခင်သည် ကျွန်ုပ်တို့ကို နှစ်သက်တော်မူသည်။

အဖဘုရားသခင်သည် ကျွန်ုပ်တို့ကို သူနှင့်တူအောင် ရွေးချယ်ပိုင်ခွင့်နှင့်တကွ ဖန်ဆင်းတော်မူသည်။ ရွေးချယ်မှုများပြုလုပ်ရန် လူတစ်ဦးချင်းစီကို စွမ်းဆောင်နိုင်စေခြင်းသည် "Growing Safe" (လုံခြုံစွာကြီးထွားခြင်း) သင်ရိုး၏ အရေးကြီးသောအစိတ်အပိုင်းဖြစ်သည်။ ကောင်းသော ရွေးချယ်မှုများကို ပြုလုပ်ရန် သင်ကြားခံထားရသော ကလေးများနှင့်၊ ကိုယ့်ကိုယ်ကို တန်ဖိုးထားပြီး ကောင်းမွန်သောခံစားချက်ရှိသည့် ကလေးများသည် ယေဘုယျအားဖြင့် အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် အလွန်စွမ်းဆောင်နိုင်စွမ်းရှိကြသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်အတိုင်း ဖန်ဆင်းခြင်းခံရသည့် တစ်မျိုးတည်းသော သက်ရှိဖြစ်ပြီး၊ စိတ်၊ ခန္ဓာ၊ ခံစားချက်များနှင့် အပြုသဘောဆောင်သော လူမှုဆက်ဆံရေးလိုအပ်ချက်များရှိသော လူသားများဖြစ်သည်။ အရေးအကြီး ဆုံးမှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူနှင့်**မိတ်သဟာယဖွဲ့**ရန် လိုလားတော်မူပြီး၊ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကို နှစ်သက်တော်မူသည်။

**သင်ခန်းစာ ၁၊ အထူးဖန်တီးထားသော ကျွန်ုပ်** - မိမိကိုသော်၎င်း လူသားအချင်းချင်းကိုသော်၎င်း ပေါင်းသင်းဆက်ဆံ နိုင်ရန်အတွက် လူတစ်ဦးချင်းစီတို့ကို တမူထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။ (ဖန်ဆင်းခြင်းပုံပြင်)။ ကျွန်ုပ်ယုံကြည်ချက် - "တန်ခိုးအကြီးဆုံးသောဘုရား ရှင်သည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်အား ထူးခြားစွာဖန်ဆင်းထားသည်။"

**သင်ခန်းစာ ၂၊ ကျွန်ုပ်ရွေးချယ်နိုင်သည်** - ရွေးချယ်ပိုင်ခွင့်နှင့်တကွ လူသားများကို ဘုရားဖန်ဆင်းထား၏။ အလွန် ဆိုးသော ရွေးချယ်မှု တစ်ခုအားဖြင့် ပြီးပြည့်စုံသောကမ္ဘာကြီးထဲသို့ မကောင်းမှုစတင်ဝင်ရောက်ခဲ့၏။ (အာဒံနှင့် ဧဝတို့၏ကျရှုံး ခြင်း)။ ကျွန်ုပ်ယုံကြည်ချက် - "အမျှော်အမြင်ရှိသော ရွေးချယ်မှုဖြစ်လျှင် "လုပ်ပါမည်" ဟူ၍၎င်း၊ အမျှော်အမြင်မရှိသော ရွေးချယ်မှုဆိုလျှင် "မလုပ်နိုင်ပါ" ဟူ၍၎င်း ကျွန်ုပ်ပြောနိုင်သည်။"

**သင်ခန်းစာ ၃၊ ယေရှု ကျွန်ုပ်ကိုနားလည်သည်** - ဤလောက၌ ယေရှုနေထိုင်ခဲ့သောကြောင့် ကျွန်ုပ်ကို သူနား လည် သည်။ (ယေရှု၏ လောကသက်တော်စဉ်နှင့် နာကျင်ခံစားခဲ့ရမှုများ)။ နာကျင်နေသောကျွန်ုပ်တို့ထံ လာရောက်အားပေး နှစ်သိမ့် နိုင်ရန်အလို့ငှါ ယေရှုကိုယ် တော်တိုင် များစွာနာကျင်ခံစားဖူးပါသည်။ ကျွန်ုပ်တို့၏ နာကျင်မှုကို ယေရှုသိရှိနားလည် သည်။ ဆုတောင်းခြင်းဖြင့် သူ့ထံ ချည်းကပ်သော အခါ နည်းလမ်းကောင်းကို ကျွန်ုပ်တို့၌ သူဖေါ်ပြပေးနိုင်ပြီး ကျွန်ုပ်တို့အား လုံခြုံစေနိုင် သည်။ ကျွန်ုပ်ယုံကြည်ချက် - "သခင်ယေရှုသည် ဆင်းရဲဒုက္ခကို ခံစားခဲ့ရသောကြောင့် ကျွန်ုပ်၏ပြဿနာများကို သူနားလည် ပြီး ကျွန်ုပ်အကြောင်းကို သူ့အားပြောပြနိုင်သည်။"

**သင်ခန်းစာ ၄၊ ချစ်ခင်မြတ်နိုးခြင်းခံရသော ကျွန်ုပ်** - အမျိုးသားနှင့် အမျိုးသမီးများကို မတူညီကွဲပြားစွာ ဘုရား ဖန်ဆင်းထား၏။ သို့သော် သူတို့ကို တန်းတူတန်ဖိုးထားချစ်မြတ်နိုးတော်မူ၏။ (အာဗြဟံနှင့် စာရာပုံပြင်)။ ကျွန်ုပ်ယုံကြည်ချက် - "လူသားများသည် ချစ်ခင်မြတ်နိုးစရာ အဖို့ အထူးဖန်ဆင်းခံထားရပြီး၊ မည်သည့်အခါမျှ တစ်ပါးသူ၏ အသုံးပြုခံအရာဝတ္ထုများ မဟုတ်ကြပါ။"

## အခန်း ၂ - ကျွန်ုပ်အား ခံစားချက်များနှင့် ဘုရားဖန်ဆင်းထားသည်။

**အကျဉ်းချုပ်** - လူသားများကို ခံစားချက်များဖြင့် ဘုရားဖန်ဆင်းတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးအတွင်း၌ ခံစားနိုင်စွမ်းကို ထည့်သွင်းပေးထားတော်မူသည်။ ဤခံစားချက်များသည် ကျွန်ုပ်တို့၏ဘဝကို ကြွယ်ဝစေပြီး၊ အခြားသူများ နှင့်ဖြစ်စေ ဘုရားသခင်နှင့်ဖြစ်စေ ဆက်သွယ်ရာတွင် ကူညီပေးကာ၊ ကျွန်ုပ်တို့ အန္တရာယ်ကြုံရသည့်အခါ သို့မဟုတ် အကူအညီ လိုအပ်သည့်အခါတွင် သတိပေးပါသည်။ ကျွန်ုပ်တို့သည် အပြုသဘောဆောင်သောခံစားချက်နှင့် အပျက်သဘောဆောင်သော ခံစားချက်အားလုံးကို ကိုင်တွယ်ဖြေရှင်းနည်းကို သိရန် လိုအပ်သည်။ မိမိ၌ရှိသော ခံစားနိုင်စွမ်းကို ပိတ်ပင်ခြင်းမပြုရပါ။ ဘုရားသခင်ဖန်ဆင်းထားသည့်**အတိုင်း** နေထိုင်တတ်ရန်၊ တန်ဖိုးထားတတ် ရန်နှင့် ခံစားတတ်ရန် သင်ယူခြင်းသည် ကျွန်ုပ်တို့ကို အကြမ်းဖက်ခံရမှုမှ ကာကွယ်ပေးနိုင်သည်။

**သင်ခန်းစာ ၅၊ ကျွန်ုပ်ခံစားချက်များကို ကျွန်ုပ်ဖေါ်ထုတ်ပြောပြနိုင်သည်။ -** ခံစားချက်များကို မည်သို့ ပြုလုပ်သင့်ပါသနည်း။ မိမိတို့ ခံစားချက်များကို နည်းလမ်းအမျိုးမျိုးဖြင့် လူများဖေါ်ထုတ်တတ်ကြသည်။ (ဒါဝိတ်၊ ရှောလု နှင့် ယောနသန်)။ ကျွန်ုပ်ယုံကြည်ချက် - "ကျွန်ုပ်၏ ခံစားချက် မည်သို့ပင်ရှိနေပါစေ မိမိကိုယ်ကိုသော်၎င်း၊ သူတစ်ပါးနှင့် ဝတ္ထု ပစ္စည်းများကိုသော်၎င်း မထိခိုက်ရန်ရွေးချယ်ပါမည်။"

**သင်ခန်းစာ ၆၊ ကျွန်ုပ် အကူအညီတောင်းခံနိုင်သည်။** - ခံစားချက်များကို မည်သို့ပြုလုပ်သင့်ပါ သနည်း။ မိမိတို့၏ ခံစားချက်များကို စိတ်ချ ယုံကြည်ရသူများထံ ပြောပြနိုင်သည်။ ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့်ပြောပြနိုင်သည်။ (မျက်မမြင် ဗာတိမဲ)။ ကျွန်ုပ်ယုံကြည်ချက် - "အချို့သောခံစားချက်များကား ကိုင်တွယ်ရန်ခက်ခဲလှသည်။ သို့သော် အမြဲတမ်း အကူအညီ တောင်းခံနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။"

**သင်ခန်းစာ ၇၊ ပျော်စရာအတွေးများကို ကျွန်ုပ်ရွေးချယ်နိုင်သည်။** - အတွေးများသည် အလွန်တန် ခိုးကြီးသည်။ ၎င်းသည် စိတ်နှင့်ခန္ဓာကိုယ် ပျော်ရွှင်ကျန်းမာစေနိုင်သလို၊ ဝမ်းနည်းကြေကွဲစေနိုင်သည်။ (ပေါလုနှင့် သီလ)။ ကျွန်ုပ်ယုံကြည်ချက် - "အဆိုးမြင်သောအတွေးများကို အကောင်းမြင်သော ပျော်ရွှင်စေသည့် အတွေးများဖြင့် အစားထိုးရန် သင် ယူနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။

## အခန်း ၃ - မိသားစုများကို ဘုရားသခင်ဖန်ဆင်းထားသည်

**အကျဉ်းချုပ်** - လူသားများကို မိသားစုများအတွင်း ပေါင်းသင်းဆက်စံရေးရှိဖို့ ဘုရားဖန်ဆင်းတော်မူသည်။ ကျွန်ုပ်တို့အား မိသားစုများကို ပေးတော်မူပြီး၊ ထိုမိသားစုများတွင် ကလေးများက အခြားသူများကို ချစ်ခင်ယုံကြည်ရန် သင်ယူနိုင်ပါသည်။ မိသားစုတွင် လူများတို့သည် ချစ်ခင်သောထိတွေ့မှုနှင့် အခြားသူများကို လေးစားဂရုစိုက်နည်းကို သင်ယူကြသည်။ ဘုရားသခင် ၏ အနက်ရှိုင်းဆုံးသော ဆန္ဒမှာ မိသားစုများကို ဘေးကင်းပြီး ဂရုစိုက်မှုရှိသော နေရာများဖြစ်စေရန်ဖြစ်ပြီး၊ မိသားစုဝင်တစ်ဦး ချင်းစီ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဖြစ်သည်။ မိသားစု၏ဖွဲ့စည်းပုံ မည်သို့ပင်ရှိစေကာမူ မိသားစုဝင်များ အားလုံးသည် မိသားစုကို ဘေးကင်းစေရန် ပံ့ပိုးကြပါသည်။ ယခုပင်လျှင် ကလေးများသည် သူတို့နောင်တစ်ချိန်တွင် လိုချင်သော မိသားစုအမျိုးအစားကို စတင်တွေးခေါ်နိုင်ကြသည်။ ဤအခန်း၏ ရည်ရွယ်ချက်မှာ မိသားစုဝင်များအား ချစ်ခင်မှုနှင့် မိသားစု စိတ်ဓါတ်တို့ကို မည်သို့ပေးစွမ်းနိုင်သည်ကို စူးစမ်းလေ့လာရန် ဖြစ်သည်။

**သင်ခန်းစာ ၈၊ ကျွန်ုပ်အား မိသားစုကို ဘုရားသခင်ပေးထားသည်။** - ကျွန်ုပ်တို့အသီးသီး၌ မိသားစုကို ဘုရားသခင် ပေးထားသည်။ မိသားစုသည် လုံခြုံမှုပေးစွမ်းနိုင်သည့်နေရာတစ်ခုဖြစ်ဖို့ ဘုရားသခင်အလိုရှိသည်။ (နောဧ၊ ရေ လွှမ်းမိုးခြင်း၊ သင်္ဘောကြီး) ကျွန်ုပ်ယုံကြည်ချက်စာသား - ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာ တစ်ခုဖြစ် ရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။

**သင်ခန်းစာ ၉၊ ကြင်နာမှုသည် ကျွန်ုပ်၏ မိသားစုကို ကူညီပေးပါသည်။** - မိသားစုဝင်များသည် တစ်ဦးကို တစ်ဦး ဂရုစိုက်ကြသည်။ လုပ်ရပ်များ သို့မဟုတ် စကားလုံးများသည် မိသားစုကို ကူညီနိုင်သလို ထိခိုက်နိုင်ပါသည်။ (မောရှေလေး ပုံပြင်၊ ယောသပ်နှင့် သူ၏အစ်ကိုများ) ကျွန်ုပ်ယုံကြည်ချက်စာသား - ဘုရားသခင်သည် ကျွန်ုပ်ကို ချစ်တော်မူပြီး မကောင်းသောစကား များနှင့် လုပ်ရပ်များအပေါ် မည်သို့ တုံ့ပြန်ရမည်ကို သိရန် ကူညီလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။

**သင်ခန်းစာ ၁၀၊ ကျွန်ုပ် ရဲရဲဝံ့ဝံ့ ပြောဆိုနိုင်ပါသည်။ -** ကျွန်ုပ်သည် မိမိ၏ စစ်မှန်သောခံစားချက်များကို လေးစားစွာ ဖွင့်ဟပြောဆိုတတ်အောင် သင်ယူနိုင်ပြီး၊ ထိုခံစားချက်များကို ဖုံးကွယ်ကာ မရှိသလို ဟန်ဆောင်မနေတော့ပါ။ (ရဲရင့်သော ဧသတာ) "ကျွန်ုပ် အဆင်မပြေသော အချိန် အရာအားလုံး ဘာမျှမဖြစ်သလို ဟန်ဆောင်ပြီး ခံစားချက်ကို ဖုံးကွယ်ထားရန်မလိုပေ။"

## အခန်း ၄ - ကျွန်ုပ်တို့ ကိုယ်ခန္ဓာကို ဘုရားသခင်ဖန်ဆင်းထားသည်

**အကျဉ်းချုပ်** - ဘုရားသခင်သည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို အံ့ဩဖွယ်ရာကောင်းလောက်အောင် အနုစိတ် ဖန်ဆင်းတော်မူသည်။ ကျွန်ုပ်တို့ ခန္ဓာကိုယ်သည် ဗိမာန်တော်ကဲ့သို့ပင် သန့်ရှင်းသောနေရာဖြစ်ပြီး၊ အရှေ့တောင်အာရှတစ်ဝှမ်းရှိ အလှပဆုံးသော ဘုရား ကျောင်းများနှင့် တူပါသည်။ မည်သူမျှ ဘုရားကျောင်းအတွင်း အမှိုက်များမပစ်ရဲသလို၊ နံရံများပေါ်ရှိ အလှပဆုံးပန်းချီများကို မဖျက်ဆီးရဲကြပါ။ ထိုနည်းတူ မည်သူမျှ အခြားသူတစ်ဦးကို ကြမ်းတမ်းစွာ သို့မဟုတ် မလေးမစား ထိတွေ့ခြင်း မပြုသင့်ပါ။ ခန္ဓာကိုယ်၏ စနစ်အားလုံးသည် အပြန်အလှန် ဆက်နွယ်နေပါသည်။ ကျွန်ုပ်တို့၏စိတ်၊ ခန္ဓာကိုယ်နှင့် ခံစားမှုများသည် လူမှုရေးနှင့် ဝိညာဉ်ရေးဆက်ဆံရေးကို သြဇာလွှမ်းမိုးမှုရှိပါသည်။ သည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် မိမိတို့၏ခန္ဓာကိုယ်ကို ကျန်းမာပြီး ဘေးကင်းစေရန်အတွက် ထိန်းသိမ်းရန် လိုအပ်ပါသည်။

**သင်ခန်းစာ ၁၁၊ ကျွန်ုပ် ကျန်းမာအောင်နေနိုင်ပါသည်။** - ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များကို ဖန်ဆင်းထားသည်။ မှန်ကန်သောရွေးချယ် မှုများပြုလုပ်ခြင်းသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များကို ကျန်းမာစေရန် ကူညီပေးပါသည်။ (ဒံယေလနှင့် သူ၏မိတ်ဆွေများ) ကျွန်ုပ်ယုံကြည် ချက်စာသား - "ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည် ဟု ကျွန်ုပ်ယုံကြည်သည်။"

**သင်ခန်းစာ ၁၂၊ ကျွန်ုပ်၏ခန္ဓာကိုယ်ကို ကျွန်ုပ်ပိုင်သည်။** - မိတ်ဆွေများသည် တစ်ဦးကိုတစ်ဦး လုံခြုံစွာ နေထိုင်ရန် ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့သည် မကောင်းသောထိတွေ့မှုများနှင့် မကောင်းသောလူများတို့၏ရန်မှ မိမိကိုယ်ကို ကာကွယ်ရန် လိုအပ်ပါသည်။ (ရုပ်ပုံပြကားခြပ်၊ ယောသပ်နှင့် ပေါတိဖါ၏ဇနီး) ကျွန်ုပ်ယုံကြည်ချက်စာသား - "ကျွန်ုပ်သည် ကောင်းသော ထိ တွေ့မှုနှင့် မကောင်းသောထိတွေ့မှုတို့၏ ကွာခြားချက်ကို သိရမည်ဖြစ်ပြီး မကောင်းသောအရာများမှ ရှောင်ရှားရမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။"

**သင်ခန်းစာ ၁၃၊ ကောင်းမွန်သောအနာဂတ်ကို ကျွန်ုပ်ရွေးချယ်နိုင်ပါသည်။** - မှန်ကန်သောရွေးချယ်မှုများ ပြု လုပ်ခြင်းသည် လူကို လုံခြုံစေပါသည်။ (ရုပ်ပုံပြကားခြပ်၊ ဇလိရှဲနှင့် မုဆိုးမ၏ ဆီအိုး) ကျွန်ုပ်ယုံကြည်ချက်စာသား -"ကျွန်ုပ်တွင် အမြဲတမ်း ရွေးချယ်စရာများရှိပြီး ကျွန်ုပ်ရွေးချယ်ပုံသည် ယခုနှင့် နောင်တွင် ကျွန်ုပ်၏ဘဝကို ကြီးမားစွာ ပြောင်းလဲစေသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"

## အခန်း ၅ - လူမှုအသိုင်းအဝိုင်းထဲတွင်တည်ရှိဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်

**အကျဉ်းချုပ်** - ဘေးကင်းလုံခြုံသော လူ့အသိုင်းအဝိုင်းများတွင် နေထိုင်စေရန် လူသားများကို ဘုရားသခင်ဖန်ဆင်းတော်မူသည် - ကျောင်း၊ အသင်းတော်နှင့် လူမှုအသိုင်းအဝိုင်း စသည်ဖြင့်။ အခြားသူများကို ချစ်တတ်ဖို့နှင့် ယုံကြည်တတ်ဖို့ရန်အတွက် ကျောင်း၊ အသင်းတော်နှင့် လူမှုအသိုင်းအဝိုင်းများတွင် လူသားများကို ဘုရားသခင်ထားရှိထားတော်မူသည်။ မိသားစုက ဘေးကင်းလုံခြုံပြီး ဂရုစိုက်မှုနှင့်ပြည့်ဝသော ပတ်ဝင်းကျင်ကို မဖန်တီးပေးနိုင်သည့်အခါ၊ ပိုမိုကျယ်ပြန့်သည့် လူ့အသိုင်းအဝိုင်းက ဝင်ရောက်လာပြီး လူတစ်ဦးချင်းစီ၏စိတ်၊ ခန္ဓာ၊ ဝိညာဉ်၊ ခံစားမှုနှင့် လူမှုဆက်ဆံရေး စသည့်အလုံးစုံ ကျန်းမာဖွံ့ဖြိုးနိုင်ရန်အတွက် ကူညီပေးနိုင်ပါသည်။ သို့သော်၊ တစ်ခါတရံတွင် ဤလူ့အသိုင်းအဝိုင်းက ဘေးမကင်းသည့် အသိုင်းအဝိုင်းဖြစ်နေတတ်ပြန်သည်။ ဤအခန်းသည် ကျောင်း၊ အသင်းတော်နှင့် လူမှုအသိုင်းအဝိုင်းများအား ဂရုစိုက်မှုနှင့် ထောက်ပံ့မှုကိုပေးစွမ်းသော နေရာများဖြစ်ဖို့ မည်သို့ဖန်တီးရမည်၊ ဤနေရာများကို အကြမ်းဖက်မှုနှင့် လေးစားမှု ကင်းမဲ့သော နေရာများအဖြစ် ပျက်စီးမသွားစေရန် မည်သို့ကာကွယ်ရမည်ကို သိမြင်နားလည်ခွင့်ပေးပါလိမ့်မည်။

**သင်ခန်းစာ ၁၄၊ ကျွန်ုပ်၏လူမှုအသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်အောင် ကျွန်ုပ်လုပ်ဆောင်နိုင်သည်။** - ဘုရားသခင်သည် လူသားများကို ဘေးကင်းလုံခြုံသော အသိုင်းအဝိုင်းများတွင်နေထိုင်ဖို့ ဖန်ဆင်းခဲ့သည်။ (ရှင်ဘုရင် ယောရှိ) ကျွန်ုပ်ယုံကြည်ချက်စာသား - "ဘုရားသခင်သည် ကျွန်ုပ်အား အခြားသူများအတွက် ကောင်းသောအရာများကို ပြောဆိုလုပ် ဆောင်နိုင်ဖို့အတွက် စွမ်းအားနှင့် သတ္တိကိုပေးသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"

**သင်ခန်းစာ ၁၅ - စင်ကြယ်စွာ ကျွန်ုပ်နေထိုင်နိုင်သည်။** - အန္တရာယ်ရှိပြီး ထိခိုက်စေနိုင်သည့်အပြုအမူများမှ ကျွန်ုပ်တို့၏ အာရုံငါးပါးကို ကာကွယ်ရန်နှင့် စင်ကြယ်သောဘဝနေထိုင်မှုပုံစံနှင့် နေထိုင်ရန် ကျွန်ုပ်တို့ ရွေးချယ်နိုင်သည်။ အင်တာနက်ပေါ်ရှိ "မိတ်ဆွေများ"နှင့် ဖွဲ့စည်းထားသော မှားယွင်းသောလူမှုအသိုင်းအဝိုင်း၏ အန္တရာယ်ကို ကျွန်ုပ်တို့သတိပြုနိုင်သည်။ (အင်တာ နက်ပေါ်ရှိ ညစ်ညမ်းရုပ်ရှင်၊ ရုပ်ပုံများကိုပြထားသည့် ရုပ်ပုံပြကားခြပ်)(ဒါဝိဒ်နှင့် ဗာသရှေဘ) ကျွန်ုပ်ယုံကြည်ချက်စာသား - "ပြောဆိုလုပ်ဆောင်လေရာရာ၌ မိမိကိုယ်ကိုစင်ကြယ်အောင်ထိန်းသိမ်းဖို့ ကျွန်ုပ် ရွေးချယ်သည်။"

**သင်ခန်းစာ ၁၆ - အနိုင်ကျင့်သူကို မည်သူမျှ မနှစ်သက်ပါ။** -အနိုင်ကျင့်ခြင်းဆိုတာဘာလဲ၊ ကျွန်ုပ်တို့ဘယ်လို ကိုင် တွယ်ဖြေရှင်းသင့်သလဲ။ (မီးလောင်လျက်ရှိသော မီးဖို)။ ကျွန်ုပ်ယုံကြည်ချက်စာသား - "ကောင်းသောဆုံးဖြတ်ချက်များ ချရန် ကူညီနိုင်မည့် သူငယ်ချင်းများကို ရွေးချယ်မည်။ ပြန်လှန်တိုက်ခိုက်မည့်အစား အဝေးသို့ရှောင်ထွက်ရန် ကျွန်ုပ်သင်ယူ နိုင်သည်။"

## အခန်း ၆ - မိမိနှင့်ပေါင်းသင်းဆက်စံဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်

**သင်ခန်းစာ ၁၇၊ ကျွန်ုပ်၌ နှလုံးသားအသစ်ရှိသည်။** - ယေရှု၏ ကယ်တင်ခြင်းနှင့် သစ္စာဖောက်ခံရခြင်း၊ သေခြင်းတို့အ ကြောင်း။ (ပေတရု စိတ်နှလုံးပြောင်းလဲခြင်း) ကျွန်ုပ်ယုံကြည်ချက်စာသား "ကျွန်ုပ်ကို ခွင့်လွှတ်ပေးရန် ယေရှုထံတောင်း လျှောက်သောအခါ ယေရှုက ကျွန်ုပ်ကို နှလုံးသားအသစ်ပေးတော်မူသည်။"

**သင်ခန်းစာ ၁၈၊ ခါးသီးမှုကို နှုတ်ဆက်လိုက်ပါ။** - သင့်ကို နာကျင်စေခဲ့သူများအား ခွင့်လွှတ်ခြင်း။ (လက်ဝါးကပ်တိုင်၌ ယေရှု အသေခံခြင်း) ကျွန်ုပ်ယုံကြည်ချက်စာသား "ရန်သူများကို ခွင့်လွှတ်တတ်ရန် ကျွန်ုပ်ကို ယေရှုကူညီပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။"

**သင်ခန်းစာ ၁၉၊ ဒုက္ခဆင်းရဲခြင်း မရှိတော့ပြီ။** - (တရားစီရင်ခြင်းနှင့် ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းအချိန် ရောက်ရှိလာမည်။ ထိုအခါ ဖြစ်ဖူးသော မကောင်းမှုရှိသမျှ အဆုံးသတ်သွားမည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် လူသားများ၏ စိတ်၊ ကိုယ်၊ ဝိညာဉ်၊ လူမှုရေးနှင့် စိတ်ခံစားမှုများ ပြည့်စုံစွာ ပြန်လည်ကောင်းမွန်လာမည်။ ယေရှု၏ ဒုတိယအကြိမ်ကြွလာ ခြင်းနှင့် ကမ္ဘာသစ်။ ကျွန်ုပ်ယုံကြည်ချက် စာသား "မကောင်းမှုနှင့် သေခြင်းတရားကို နိုင်ငံချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည် သူများအား ကောင်းကင်ဟူသော လုံခြုံရာ နေရာသို့ ခေါ်ဆောင်ရန် ယေရှု ပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။"

**သင်ခန်းစာ ၂၀ - ပြန်လည်သုံးသပ်ခြင်း။** - ကျွန်ုပ်ယုံကြည်ချက်စာသား - "သူတပါး ပြောဆိုလုပ်ဆောင်ခဲ့သော နာကျင် စရာများအတွက် ကျွန်ုပ်သည် ဆက်လက်ခံစားနေရန် မလိုအပ်ပါ။ ကျွန်ုပ်သည် မျှော်လင့်ခြင်းနှင့် သက်သာပျောက် ကင်းခြင်းတို့ကို ရှာဖွေတွေ့ရှိနိုင်သည်။"

## ဆောင်ပုဒ်သီချင်း




This song is performed in the Key of A major on *Water Brooks.*

Copyright © 1999 Trilogy Scripture Songs, Inc. (www.trilogyscripturesongs.com)
All lyrics NKJV © 1985 Thomas Nelson, Inc.
Transcription by Carol Swinyar



## အခန်း ၁ – ကျွန်ုပ်အား တမူထူးခြားစွာဘုရားဖန်ဆင်းထားသည်

**အဓိကအကြောင်းအရာ** - *လူတစ်ဦးချင်းစီကို ပင်ကိုယ်လက္ခဏာ၊ ဂုဏ်သိက္ခာနှင့်တကွ ဘုရားဖန်ဆင်းထား၏။*

သင်ခန်းစာ ၁၊ အထူးဖန်တီးထားသော ကျွန်ုပ် - မိမိကိုသော်၎င်း လူသားအချင်းချင်းကိုသော်၎င်း ပေါင်းသင်းဆက်စံ နိုင်ရန်အတွက် လူတစ်ချင်းစီတို့ကို တမူထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။ (ဖန်ဆင်းခြင်းပုံပြင်)။ ကျွန်ုပ်ယုံကြည်ချက် - “တန်ခိုးအကြီးဆုံးသောဘုရားရှင်သည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်အား ထူးခြားစွာဖန်ဆင်းထားသည်။”

သင်ခန်းစာ ၂၊ ကျွန်ုပ်ရွေးချယ်နိုင်သည် - ရွေးချယ်ပိုင်ခွင့်နှင့်တကွ လူသားများကို ဘုရားဖန်ဆင်းထား၏။ အလွန် ဆိုးသော ရွေးချယ်မှုတစ်ခုအားဖြင့် ပြီးပြည့်စုံသောကမ္ဘာကြီးထဲသို့ မကောင်းမှုစတင်ဝင်ရောက်ခဲ့၏။ (အာဒံနှင့် ဧဝတို့၏ကျရှုံး ခြင်း)။ ကျွန်ုပ်ယုံကြည်ချက် - “အမျှော်အမြင်ရှိသော ရွေးချယ်မှုဖြစ်လျှင် “လုပ်ပါမည်” ဟူ၍၎င်း၊ အမျှော်အမြင်မရှိသော ရွေးချယ်မှုဆိုလျှင် “မလုပ်နိုင်ပါ” ဟူ၍၎င်း ကျွန်ုပ်ပြောနိုင်သည်။”

သင်ခန်းစာ ၃၊ ယေရှု ကျွန်ုပ်ကိုနားလည်သည် - ဤလောက၌ ယေရှုနေထိုင်ခဲ့သောကြောင့် ကျွန်ုပ်ကို သူနား လည် သည်။ (ယေရှု၏ လောကသက်တော်စဉ်နှင့် နာကျင်ခံစားခဲ့ရမှုများ)။ နာကျင်နေသောကျွန်ုပ်တို့ထံ လာရောက်အားပေး နစ်သိမ့် နိုင်ရန်အလို့ငှါ ယေရှုကိုယ်တော်တိုင် များစွာနာကျင်ခံစားဖူးပါသည်။ ကျွန်ုပ်တို့၏ နာကျင်မှုကို ယေရှုသိရှိနားလည် သည်။ ဆုတောင်းခြင်းဖြင့် သူ့ထံ ချည်းကပ်သောအခါ နည်းလမ်းကောင်းကို ကျွန်ုပ်တို့၌ သူဖေါ်ပြပေးနိုင်ပြီး ကျွန်ုပ်တို့အား လုံခြုံစေနိုင် သည်။ ကျွန်ုပ်ယုံကြည်ချက် - “သခင်ယေရှုသည် ဆင်းရဲဒုက္ခကို ခံစားခဲ့ရသောကြောင့် ကျွန်ုပ်၏ပြဿနာများကို သူနားလည် ပြီး ကျွန်ုပ်အကြောင်းကို သူ့အားပြောပြနိုင်သည်။”

သင်ခန်းစာ ၄၊ ချစ်ခင်မြတ်နိုးခြင်းခံရသော ကျွန်ုပ် - အမျိုးသားနှင့် အမျိုးသမီးများကို မတူညီကွဲပြားစွာ ဘုရား ဖန်ဆင်းထား၏။ သို့သော် သူတို့ကို တန်းတူတန်ဖိုးထားချစ်မြတ်နိုးတော်မူ၏။ (အာဗြဟံနှင့် စာရာပုံပြင်)။ ကျွန်ုပ်ယုံကြည်ချက် - “လူသားများသည် ချစ်ခင်မြတ်နိုးစရာအဖို့ အထူးဖန်ဆင်းခံထားရပြီး၊ မည်သည့်အခါမျှ တစ်ပါးသူ၏ အသုံးပြုခံအရာဝတ္ထုများ မဟုတ်ကြပါ။”

# သင်ခန်းစာ ၁ - အထူးဖန်တီးထားသော ကျွန်ုပ်

**သင်ခန်းစာ ၁ အဓိကအကြောင်းအရာ**

မိမိကိုယ်သော်၎င်း လူသားအချင်းချင်းကိုသော်၎င်း ပေါင်းသင်းဆက်ဆံရေးပြုနိုင်ရန်အတွက် လူတစ်ဦးချင်းစီတို့ကို တမူထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- လူတစ်ဦးချင်းစီတို့ကို တမူထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။
- မိမိဖန်ဆင်းသောအရာများကို ဘုရားသခင်ချစ်တော်မူသည်။
- အမှုအမျိုးမျိုးတို့ကို ဆောင်ရွက်နိုင်သည့်အရည်အချင်းနှင့်တကွ လူတစ်ဦးချင်းစီတို့ ကို ဘုရားဖန်ဆင်းထားသည်။

**သတင်းစကား**

ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းပြီးနောက်၊ ဖန်ဆင်းတော်မူသောအရာများကို "အလွန် ကောင်းသည်" ဟု ဘုရားသခင်မိန့်မူ၏။ မတူညီကွဲပြားခြင်းကို ဘုရားသခင်နှစ်သက်ပြီး လူ တစ်ဦးစီတို့ကို တမူထူးခြားစွာ ဖန်ဆင်းထားတော်မူ၏။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုဆောင်းပါ။

- စာရွက်
- ရွှံ့မြေ/ရွှံ့မြေအတု (သင်ခန်းစာအဆုံးတွင် ရွှံ့မြေအတုပြုလုပ်နည်းပါရှိသည်)
- မှင်ပြားများ (inkpads)
- တိရိစ္ဆာန်အရုပ်တစ်ခု
- ရောင်စုံခဲတံများနှင့် ကျောင်းသားနေ့စဉ်မှတ်တမ်းစာအုပ် (Believe Journal)
- အဖွဲ့လိုက် ပုံဆွဲရန်အတွက် လိုအပ်သည့်ပစ္စည်းများ
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ်

**ပြင်ဆင်ချက်**

မှင်ပြားကိုအသုံးပြုပြီး စာရွက်အလွတ်တစ်ခုအပေါ်တွင် သင့်လက်ဘွေရာနှိပ်ပါ (သို့မဟုတ်) လက်ဘွေရာပုံပါသော စာရွက်ကို အထူစားစက္ကူပြားတစ်ခုပေါ်တွင် ကော်နှင့်ကပ်လိုက်ပါ။

ပိုစတာအရွယ်ဘုတ်ပြားတစ်ခုပေါ်တွင် ပဏာမသီချင်း၏ စာသားများကို ရေးချပေးပါ။ (သို့မဟုတ်) ပဏာမသီချင်းစာသားပါသည့် စာရွက်ကို အထူစားကတ္တူစက္ကူပြားတစ်ခု ပေါ်တွင် ကော်နှင့်ကပ်လိုက်ပါ။ သင်ခန်းစာတလျှောက် အသုံးပြုနိုင်ဖို့အတွက်ဖြစ်သည်။

ကျွန်ုပ်၏ယုံကြည်ချက် စာသားကို ဘုတ်ပြားပေါ် ရေးချပါ။

တန်ခိုးအကြီးဆုံးသောဘုရားရှင်သည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်အား ထူးခြားစွာဖန် ဆင်းထားသည်ဟု ကျွန်ုပ်ယုံကြည်သည်။

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

### ၁။ ဆောင်ပုဒ်သီချင်း (Theme Song)

### ၂။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

လုံခြုံစွာကြီးထွားခြင်း သင်ရိုးအား မလေ့လာမီ၊ ကျောင်းသားနေ့စဉ်မှတ်တမ်းစာအုပ် (Believe Journal) စာမျက်နှာ ၂ ကိုဖွင့်ပြီး သင်မည်သို့ခံစားရသည်ကိုဖော်ပြပေးသည့် လေးထောင့်အကွက်တစ်ကွက်ထဲတွင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ခံစားရသည်ကို စာတစ်ကြောင်း (သို့) နှစ်ကြောင်းခန့် ရေးသားဖော်ပြပါ။

### ၃။ ဖန်ဆင်းခြင်း/ဖန်တီးမှုဆိုင်ရာ လုပ်ဆောင်စရာ (Creation Activity)

(ဆရာ/မက၊ ကျောင်းသား/သူကိုယ်တိုင် ဖန်တီးထားသောအရာတစ်ခုခုကို ထုတ်ဖော်ပေးပြီး ထိုအရာအပေါ် သူအဘယ်သို့ခံစား ရသည်ကို သူအားပြောခိုင်းရန်)

သင် ဖန်တီးထားတဲ့အရာ တစ်ခုခုရှိပါသလား - ဥပမာ - ပန်းချီ၊ ကစားစရာအရုပ်၊ တုတ်ချောင်းအိမ်အရုပ်၊ စက္ကူအရုပ်။ သင်ဖန် တီးထားတဲ့အရာအပေါ်  သင်ဘယ်လိုခံစားရသလဲ။ သင်ဖန်တီးထားတဲ့အရာကို သင်ကြိုက်နှစ်သက်ရဲ့လား။

(ဆရာ/မက၊ ကျောင်းသား/သူတစ်ဦးစီကို ကစားစရာရွှံ့ တစ်တုံးပေးရန်၊ (သို့) စာရွက်တချို့ (သို့) အခြားပစ္စည်းတချို့ပေးရန်)

ပေးထားတဲ့အရာကို အသုံးပြုပြီး တစ်ခုခု ဖန်တီးပြုလုပ်ပါ။ ကမ္ဘာကြီးအား ဘုရားသခင် ဖန်ဆင်းခဲ့တဲ့အချိန်ကို ပြန်မြင်ယောင်ကြည့်ပါ။ ပေးထားတဲ့ရွှံ့မြေကို အသုံးပြုပြီး ဘုရားဖန်ဆင်းခဲ့အရာတစ်ခုခုကို သင်ဖန်တီးပြုလုပ်ပါ။

(ဆရာ/မက၊ ကျောင်းခန်းအတွင်း လှည့်လည်ရန်ဖြစ်ပြီး အဘယ်အရာကို ဖန်တီးပြုလုပ်ရမည်ကိုမသိသည့် ကျောင်းသား/သူကို အကြံပေး ပြောပြရန်။ သူတို့ဖန်တီးထားသောအရာများအပေါ်  ကဲ့ရဲ့ဝေဖန်ခြင်းများ မပြုလုပ်ရန်။)

သို့မဟုတ်

(ဆရာ/ဆရာမက မှင်ပြား(Inkpad)တစ်ခုကိုယူပြီး မိမိတို့၏လက်ဗွေယာဖြင့် ရုပ်ပုံမည်သို့ဖန်တီးနိုင်သည်ကို ကျောင်းသား/သူ အားပြောပြပေးရန်။ ထို့နောက် ကျောင်းသား/သူများအား မိမိတို့၏ ကျောင်းသားနေ့စဉ်မှတ်တမ်းစာအုပ် (Believe Journal) တွင် မိမိတို့လက်ဗွေယာဖြင့် ရုပ်ပုံဖန်တီးရန်။

လူသားတို့၏ လက်ဗွေယာများသည် တစ်ခုနှင့်တစ်ခုမတူပါ။ လူတစ်ဦးချင်းစီတိုင်းကို ထူးခြားစွာ ဘုရားဖန်ဆင်းထားသော ကြောင့်ဖြစ်သည်။ သင့်ကိုလည်း အများနှင့်မတူ တမူထူးခြားစွာ ဘုရားရှင်ဖန်ဆင်းထားသည်။

ဥပမာလက်ဗွေယာရုပ်ပုံ တစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။ (ရုပ်ပုံ ၁-၁ တွင်ကြည့်ရန်)။ သို့ရာတွင် သင့်ကိုယ်ပိုင်လက် ဗွေယာရုပ်ပုံကို သင့်စိတ်ကြိုက် ပုံဖော်ဖန်တီးနိုင်ပါသည်။




**ရုပ်ပုံ ၁-၁   - လက်ဗွေယာရုပ်ပုံ**

သင်ဖန်တီးထားသည့် ရုပ်ပုံကိုကြည့်ပြီး သင်မည်သို့ခံစားမိသနည်း။ သင်နှင့် လောကကမ္ဘာကြီးတစ်ခုလုံးအား ဘုရားရှင်ဖန်ဆင်းခဲ့သည့်အကြောင်းအရာကို ယနေ့ လေ့လာမည်ဖြစ်သည်။

## ဖန်ဆင်းခြင်းပုံပြင်

ရုပ်ပုံပြကားချပ် 1A







*(ဆရာက ဖန်ဆင်းခြင်းအကြောင်းပုံပြင်ကို ဖတ်ပြ (သို့) ပြောပြရန်ဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁း၂၇-၃၁၊ ၂း၁၈-၂၄) ပုံပြင်ပြောပြရာတွင် အစီကအချက်များနှင့်တကွ အောက်တွင်ဖော်ပြထားသည့်အတိုင်းပြောဆိုနိုင်သည်။ ရုပ်ပုံကားချပ် 1A တွင်ရှိသော ဤရုပ်ပုံ 5 ခုကို အသုံးပြုပါ။)*

အသစ်စက်စက်ကမ္ဘာကြီးပေါ်တွင် အရာအားလုံးကို အသင့်အနေအထားဖြင့် ပြည့်စုံစွာဖန်ဆင်းပြီးသည်နောက်၊ လူသားအား ဖန်ဆင်းရန် အချိန်ကျရောက်လာတော့သည်။ ရှေ့ကဖန်ဆင်းခဲ့သည်များကို နှုတ်တော်ထွက်ဖြင့်သာ ဖန်ဆင်းခဲ့သော်လည်း၊ ဤတစ်ကြိမ်တွင်မူ မြေကြီးပေါ်သို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိလာပြီး မြေမှုန့်အချို့ကိုရွှံ့စေးဖြစ်စေ၍ သန်မာသော လက်မောင်းများ၊ ရင်အုပ်၊ တန်ခိုးရှိသော ခြေထောက်များနှင့် ချောမောလှပသော မျက်လုံးများ၊ နာခေါင်းနှင့် ပါးစပ်ပါသော ကြီးမြတ်သည့် လူသားတစ်ယောက် ပုံသဏ္ဍာန်ကို ပုံသွင်းဖန်ဆင်းခဲ့တယ်။

ထိုလူသား၏ ရုပ်ခန္ဓာဟာ အသက်ကင်းမဲ့လျက် မြေပေါ်၌ လဲလျောင်းနေတယ်။ ထိုနောက် ဘုရားသခင်သည် နာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်သွင်းတော်မူသဖြင့်၊ လူဟာ အသက်ရှင်လာတယ်။ လူသားအား အာဒံဟုအမည်ပေးကာ ဧဒင်ဥယျာဉ်နှင့် တိရိဆန်များအား အုပ်စိုးစေခဲ့သည်။ ဧဒင်ဥယျာဉ်အတွင်း အာဒံသည် ဘုရားသခင်ပေးထားသော အထူးခန္ဓာကိုယ်ကို အသုံးပြု၍ ဘုရားသခင် ဖန်ဆင်းထားသော လှပသည့် ဥယျာဉ်တွင် လမ်းလျှောက်ခြင်း၊ ပြေးခြင်းနှင့် အလုပ်များကို လုပ်ဆောင်နိုင်ခဲ့တယ်။ သူသည် ဧဒင်ဥယျာဉ်ရှိ သစ်ပင်များမှ အံ့ဩဖွယ်ကောင်းစွာ အရသာရှိပြီး ကျန်းမာသော သစ်သီးများကို စားခဲ့တယ်။

ဘုရားသခင်သည် အာဒံကို ဉာဏ်ပညာပေးကား တိရစ္ဆာန်များကို အမည်ပေးစေခဲ့ပါတယ်။ ဘုရားသခင်ဟာ လည်ပင်း အလွန်ရှည်သော တိရစ္ဆာန် တစ်ကောင်ကို ကမ္ဘာမှထုပ်၍ အာဒံဆီပို့ကာ အမည်ပေးစေခဲ့ပါတယ်။ အဲဒီ တိရစ္ဆာန်ကို အာဒံ ဘယ်လို နာမည်ပေးမယ်လို့သင်ထင်သလဲ။ ဟုတ်တယ် အာဒံ သူ့ကို သစ်ကုလားအုပ်လို့ခေါ်တယ်။

ဘုရားသခင်သည် ပါးလွှာသော လက်လေးချောင်း၊ အမြီးရှည်နှင့် ချစ်စရာကောင်းသော မျက်နာနှင့် အခြားတိရစ္ဆာန် တစ်မျိုးကို ပြုလုပ်ခဲ့တယ်။ သစ်ပင်များကို ဖြတ်ကျော်ပြီး အာဒံဆီကို လွှတ်လိုက်တယ်။ အာဒံ ဘယ်လို နာမည်ပေးမယ်လို့ သင်ထင်သလဲ။ ဟုတ်ပါတယ်။ မျောက်ဘဲဖြစ်ပါတယ်။ ဘုရားသခင်သည် အာဒံကို ဉာဏ်ပညာ ပေးကာ သူသည် သင်ယူခြင်း၊ စဉ်းစားခြင်းနှင့် ကောင်းသောဆုံးဖြတ်ချက်များ ချနိုင်ခဲ့ပါတယ်။ တိရစ္ဆာန်များအားလုံးကို အမည်ပေးသောအခါ အာဒံလည်း အလွန်ပျော်ရွှင်ခံရပါတယ်။

တိရစ္ဆာန်များအားလုံးကို အာဒံ နာမည်ပေးသော အခါတစ်ကောင်နှင့်တစ်ကောင် အိမ်ထောင်ဖက်ရှိသည်ကို သူသတိ ပြုမိခဲ့သည်။ ယုန်သည် အထီးနှင့် အမ ရှိသည်။ ဆင်လည်း အထီးနှင့် အမ နှစ်ကောင်ရှိသည်။ အာဒံသည် ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး သူနှင့်တူသောသူကို ရှာသော်လည်းမတွေ့ခဲ့ပါ။ ဘုရားသခင်က သူ့ကို တိရစ္ဆာန် များ ထက်ပိုကွဲပြား ခြားနားစေပြီး ဉာဏ်ရည် ရှိစေခဲ့သည်။ သူသည် ဘုရားသခင်နှင့် ဆင်တူပြီး စကားပြောဆိုနိုင်၍ အထူးဆက်ဆံရေးရှိနေခဲ့သည်။

ဖန်ဆင်းရှင်ဘုရားက အာဒံ ဘေးဝန်းကျင်လှည့်ကြည့်နေသည်ကို မြင်သည်။ ဘုရားသခင်က "သူသည် တစ်ယောက်တည်း မနေကောင်း၊ သူ့အတွက် အထူးသင့်လျော်သော အကူအညီဖြစ်ပေးမည့်သူကို လုပ်ပေးမည်။" ဟုဆိုကာ ဘုရားသခင်က အာဒံကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျစေပြီး သူ၏နံဘေးမှ နံရိုးတစ်ချောင်းကို ယူကာ လူမိန်းမကို ပြုလုပ်၍ အာဒံဆီသို့ ခေါ်ဆောင်ခဲ့သည်။ သူမသည် ပြီးပြည့်စုံစွာ လှပနေသည်။ အာဒံသည် အလွန်အံ့အား သင့်သွားသည်။ ထိုအရာသည် ပထမ ဆုံးသော လူသားမိသားစုကို စတင်စေခဲ့သည်။

ဖန်ဆင်းရှင် ဘုရားသခင်သည် သူပြုလုပ်ခဲ့သော ပြီးပြည့်စုံသည့် ကမ္ဘာနှင့် အလွန်ပျော်ရွှင်ခဲ့သည်။ ခြောက် ရက်ကြာ သောအခါ အရာအားလုံးပြီးသွားပြီ။ သတ္တမနေ့၌ သူသည် မောပန်းနေခြင်းကြောင့်မဟုတ်ဘဲ အရာရာတိုင်းပြီးဆုံးပြီး အထူး မိသားစုနှင့်အတူ တစ်နေကုန်နေလိုသောကြောင့် အနားယူခဲ့သည်။ ဘုရားသခင်သည် အာဒံနှင့် ဧဝကို ကျန်းမာသန်စွမ်းသော ခန္ဓာကိုယ်များ၊ ရှင်းလင်းသောအတွေးများ၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်မှု စသည်တို့ဖြင့်ဖန်ဆင်းခဲ့သည်။ အကောင်းဆုံးအရာများအားဖန်ဆင်းသော ဘုရားသည် လူသားများနှင့် မိသားစုသဖွယ် အချိန်ယူ ခဲ့သည်။ အာဒံနှင့် ဧဝတို့က သူ့အား ကျေးဇူးတင်ခြင်း၊ ဂုဏ်ပြုခြင်းနှင့် အရာ များစွာကို သူ့ဆီမှ သင်ကြားခဲ့ကြသည်။

ဤနေရာ၌ သင့်ကို သတိရစေချင်သော အထူးစကားစုတစ်ခုရှိသည်။ (ဘုတ်ပြားပေါ်ရေးချထားသောစာသားကို ညွှန်ပြပြီး ပြိုင်တူရွတ်ဖတ်ပါ။)

"တန်ခိုးအာဏာအကြီးဆုံး ဘုရားသခင်သည် ကျွန်ုပ်ကိုချစ်ပြီး အထူးဖန်ဆင်းထားသည်ဟု ကျွန်ုပ်ယုံကြည်သည်။ "

## ဆွေးနွေးတင်ဆက်ရန်အချိန်

(ကျောင်းသား/သူများအား မေးခွန်းအတွက် အဖြေကို မိမိဘာသာ **စဉ်းစား (Think)** စေပြီး၊ အဖြေများကို နှစ်ယောက် တစ်တွဲ **အတွဲလိုက် (Pair)** ဆွေးနွေးခိုင်းပါ။ ထို့နောက် ကျောင်းသား/သူတချို့ကို အတန်းရှေ့တွင်ထွက်ခိုင်းပြီး မိမိ အဖြေများကို **ဝေငှပြောပြ (Share)** ခိုင်းပါ။ ရှေ့ဆက်လေ့လာသွားမည့် သင်ခန်းစာများတွင် **စဉ်းစား၊ အတွဲလိုက်၊ ဝေငှပြောပြ**ခိုင်းသည့် နည်းလမ်းကို ဆက်လက်အသုံးပြုသွားပါမည်။

၁။ ဘုရားသခင်ဖန်ဆင်းထားသည့်အရာများတွင် နေ့ရက်စဉ် သင့်အား ပျော်ရွှင်စေသည့်အရာကား အဘယ်နည်း။
၂။ တိရိစ္ဆာန်များနှင့်မတူပဲ လူသားကို တမူထူးခြားစွာ ဘုရားရှင်မည်သို့ဖန်ဆင်းခဲ့သနည်း။
၃။ အာဒံနှင့် ဧဝတို့အား ဘုရားသခင်ချစ်သည်ကို သင်မည်သို့သိရသနည်း။
၄။ အာဒံအား မည်သည့်အလုပ်ကို ဘုရားသခင်ပေးအပ်ခဲ့ပါသနည်း။
၅။ အလုပ်တစ်ခုကို ကောင်းစွာပြီးစီးလုပ်ဆောင်နိုင်သည့်အခါ သင်မည်သို့ခံစားရသနည်း။
၆။ သင့်အား ဘုရားသခင်ချစ်သည်ကို သင် မည်သို့သိရသနည်း။

အာဒံနှင့် ဧဝတို့ကို ဘုရားရှင် ဖန်ဆင်းတော်မူသောအခါ မည်သို့မည်ပုံရှိခဲ့မည်ကို အတူတကွ မြင်ယောင်ပုံဖော်ကြည့်ကြပါစို့။ အားလုံး မျက်စိမှိတ်ပြီး အသက်အောင့်ထားလိုက်ပါ။ လူယောက်ျားနှင့် လူမိန်းမတို့ကို ဖန်ဆင်းပြီးသည့်အခါ သူတို့အတွင်းသို့ အသက်ကို ဘုရားရှင် မှုတ်သွင်းတော်မူသည် (ကလေးများကို အသက်ပြန်ရှူခိုင်းပြီး၊ မျက်စိပြန်ဖွင့်ခိုင်းပါ)။ မိမိဖန်ဆင်းထား သည့်လူသားကိုကြည့်ပြီး ဘုရားရှင် အဘယ်မျှအားရဝမ်းမြောက်နေမည်ကို မြင်ယောင်ကြည့်ပါ။ သူတို့အား "မင်းတို့ကို ငါသိပ် ချစ်တယ်။ မင်းတို့တတွေက တကယ်ကိုထူးခြားတယ်။ မင်းတို့ကို ဖန်ဆင်းရတာ ငါတကယ် အားရဝမ်းသာတယ်။" ဟု သူတို့အား ဘုရားရှင်ပြောခဲ့ပေမည်။ ထို့နောက် သူတို့စံစားခံစားစရာအဖို့ မိမိဖန်ဆင်းခဲ့သမျှတို့ကို သူတို့အား ဝမ်းမြောက်စွာ ဘုရားရှင်လိုက်လံပြသနေခဲ့ပါမည် (ထိုစဉ် ဝမ်းမြောက်မှုကို ပြသသည့်အနေဖြင့် ကလေးများကို လက်ခုတ်တီးခိုင်းပါ)။

အာဒံနှင့် ဧဝတို့နှင့်အတူ ရှိနေရသည်ကို ဘုရားရှင်နှစ်သက်တော်မူသည်။ သင့်အနီးတွင် ရှိနေရခြင်းအတွက်လည်း ကိုယ်တော် ဝမ်းမြောက်ပါသည်။ သူတို့ဇနီးမောင်နှံတို့ကို ဖန်ဆင်းခဲ့ရသည့်အတွက် ဘုရားရှင် အလွန်ဝမ်းမြောက်သလို သင့်အား ဖန်ဆင်းခဲ့သည့်အတွက်လည်း သူဝမ်းမြောက်တော်မူသည်။

**ကျမ်းချက်၊** ၊ သုတ္တံကျမ်း ၂၂:၂ "ငွေရတတ်သောသူနှင့် ဆင်းရဲသောသူတို့သည် တွေ့ကြုံကြ၏။ ထိုသူအပေါင်း တို့ကို ထာဝရဘုရား ဖန်ဆင်းတော်မူ၏။"

(ဤကျမ်းချက်ကို အောက်ပါနည်းလမ်းအတိုင်း သင်ပြပေးနိုင်ပါသည်။ ကျမ်းချက်ကို ဘောတွင် ရေးချပါ။ အကြိမ်ကြိမ် ရွတ်ဆိုခိုင်းပြီး၊ စာလုံးတစ်လုံးချင်းကို ဖျက်သွားပါ။ ထို့နောက် ကလေးများကို ဆက်ရွတ်ခိုင်းပါ။ ကျမ်းချက်တစ်ခုလုံး ဖျက်ပြီးသွားသည်အထိ ဆက်ရွက်ခိုင်းပါ။ နောက်ဆုံးတွင် ကလေးများက ကျမ်းချက်ကို အလွတ်ရသွားပါမည်။)

## သင်ခန်းစာ ၁ – ဘဝပုံပြင်

### မာအိုဧ၏ပုံပြင်

ရုပ်ပုံပြကားခြပ် 1B





*(ဆရာ/မ က မာအိုဧ၏ပုံပြင် ဖတ်ပြီး၊ ရုပ်ပုံပြကားခြပ် 1B မှ ကားခြပ် ၇ ခုကို ကလေးများအား ပြပေးရမည်။)*

ဆရာမက မာအိုလေးရဲ့ ပုံပြင်ကို ဖတ်ပြတဲ့အခါ၊ ကလေးများက မာအိုဘာကြောင့် ပျော်နေလဲဆိုတာကို စဉ်းစားကြည့်ကြပါနော်။

ကျွန်မ နာမည် မာအိုဖြစ်ပါတယ်။ ကျွန်မကို မိဘများက အကူမိန်းကလေးလိုချင်နေတဲ့ ကျွန်မအဒေါ်ဆီကို ပေးခဲ့တယ်။ ကျွန်မက မောင်နှမထဲမှာ အလတ်ဖြစ်ပါတယ်။ ကျွန်မ မိသားစုဟာ အလွန်ဆင်းရဲပြီး စားဝတ်နေရေး အဆင်မပြေတာကြောင့် ကျွန်မကို အဒေါ်၊ ဦးလေး နှင့် သူတို့ကလေးသုံးယောက်ရှိရာအိမ်ကို ပို့လိုက်ကြတယ်။ အလွန် ငယ်တဲ့ အရွယ်ဖြစ်သော်လည်း ကျွန်မဟာ အဝတ်လျှော်၊ ချက်ပြုတ်၊ ကလေးထိန်းခြင်းနှင့် အိမ်မှုကိစ္စတွေကို လုပ်ခဲ့ရတယ်။ ကျွန်မထက်ကြီးတဲ့ တဝမ်းကွဲများနှင့် ကျောင်းကိုသွားချင်ခဲ့ပေမယ် ကျွန်မကို အိမ်မှာ နေပြီး အိမ်အလုပ်ကို သာ လုပ်စေခဲ့တယ်။

ကျွန်မ၏အလုပ်အတွက် ကျေးဇူးမတင်ဘဲ မကြာခဏ မြန်မြန်ဆန်ဆန် အလုပ်မလုပ်နိုင်တဲ့အတွက် ကျွန်မကို အော်ငေါက်တတ်ကြ တယ်။ ဒါနဲ့ ကျွန်မက အမြဲတမ်း တန်ဖိုးမရှိ၊ အချစ်မခံရတဲ့ ခံစားချက်နှင့် ကြီးပြင်းလာခဲ့တယ်။ ကျွန်မ မိဘတွေနဲ့ ဘယ်တော့မှ ပြန်မတွေ့ရ တော့ဘူး။

နောက်တော့ တရားဟောဆရာ အသစ်မိသားစု ကျွန်မတို့ မြို့ကို ရောက်လာခဲ့တယ်။ သူတို့က အဒေါ်ကို စာတတ်မြောက်ရေး သင် တန်းရှိကြောင်း ပြောခဲ့တယ်။ ဒါနဲ့ အဒေါ်က ကျွန်မကို အဲဒီသင်တန်းမှာ သွားတက်ခိုင်းခဲ့တယ်။ ကျွန်မအရမ်းဝမ်းသာခဲ့တယ်။ ကျွန်မ စာဖတ် တတ်ဖို့ သင်ယူခဲ့တယ်။ ဆရာက ကြင်နာတတ်ပြီး ကျွန်မကို ကြိုးစားဖို့ အမြဲအားပေးခဲ့ပါတယ်။ ကျွန်မလည်းကျိုးစားရတာ တကယ်ပျော်တယ်။

အဲဒီနောက် အဒေါ်က ကျွန်မကို ကျောင်းထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူရဲ့ ကလေးတွေလည်း အရွယ်ကြီးပြီဖြစ်လို့ လုပ်စရာ အိမ်အ လုပ်တွေလည်း နည်းပါးလာခဲ့တယ်။ ကျွန်မကျောင်းအသစ်ကို နှစ်သက်ခဲ့တယ်၊ ခက်ခဲတဲ့ စကားလုံးတွေ နှင့် သင်္ချာပုစ္ဆာတွေကို သင်ကြားခဲ့ရ တယ်။ အနုပညာနှင့် ကစားတာတွေလည်း ပြုလုပ်ရတယ်။ ကျမ်းစာ သင်တန်းလည်းရှိတယ်။ ကျွန်မရဲ့ ဝမ်းကွဲများကို ဘယ်လို ဂရုစိုက်ရမယ် ဆိုတာ လေ့လာခဲ့တဲ့အတွက် မကြာခဏဆို သလို အခြားကျောင်းသူတွေကို ကျွန်မ ကူညီပေးခဲ့တယ်။ ဆရာ/မများနှင့် အခြားကျောင်းသူ/ သားများအတွက် အလွန် အထောက်အကူ ဖြစ်တဲ့အတွက် ကျွန်မကို ကျေးဇူးတင်ကြတယ်။ တန်ခိုးအကြီးဆုံး ဘုရားသခင်ဟာ ကျွန်မကိုချစ်ပြီး အထူးဖန်ဆင်းထားတယယ်ဆိုတာကို ကျွန်မ စတင်နားလည်လာခဲ့တယ်။ သူ ကျွန်မကို ဖန်ဆင်းထားလို့သာ ကျွန်မ အလုပ်အများကြီး လုပ်နိုင်တယ်လို့ ယုံကြည်တတ် လာတယ်။

ကျွန်မရဲ့ သင်ခန်းစာအများဆုံးဟာ သမ္မာကျမ်းစာကို အခြေခံထားတယ်။ ကျွန်မ အထူးဘာသာတစ်ရပ်ကို သင်ကြားပြီးနောက်ပိုင်းမှာ ကိုယ်ပိုင်သမ္မာကျမ်းစာအုပ်ကို ရရှိခဲ့တယ်။ ကျမ်းစာကိုဖတ်ပြီး ဘုရားသခင်က ကျွန်မကို ချစ်မြတ်နိုးတယ်၊ နှစ်သက်တယ်၊ ချစ်တယ်၊ တန်ဖိုးထားတယ် ဆိုတာကို တဖြည်းဖြည်းခြင်းနဲ့ ကျွန်မမြင်လာတယ်။ (ယေရမိ ၃၁ : ၃-၄) ပြောတယ် - "ထာဝရ မေတ္တာနှင့် သင့်ကိုငါချစ်၏။ ..... သင့်ကိုတဖန် ငါတည်ဆောက် သော ကြောင့်၊ သင်သည် တည်ဆောက်ခြင်းသို့ ရောက်လိမ့်မည်။" (၂ ကောရိန္သု ၆ : ၁၈) "သင်တို့၏ အဘဖြစ်မည်။ သင်တို့ သည်လည်း ငါ၏ သားသမီးဖြစ်ကြလိမ့်မည် ဟုအနန္တတန်ခိုးနှင့် ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏။" ဘုရားသခင်ကို ကျွန်မရဲ့အဖေတစ် ယောက်လို မြင်လာတယ်။ ရုတ်တရက် ကျွန်မဟာ ထူးခြားသလိုခံစားရတယ်။

ဖခင်တစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာခံစားမိလာတယ်။ ကျွန်မဘဝမှာ ဘုရားသခင်က အံ့ဖွယ်အမှု တစ်ခု ဖန်တီးခဲ့တယ်။ နေ့စဉ်နေ့တိုင်း ကိုယ်တော်ကို စကားပြောပြီး ကျွန်မရဲ့ ကျောင်းနဲ့ ဆရာသမားတွေအတွက်သော်၎င်း၊ ချက်ပြုတ်သန့်ရှင်းရေးနှင့် ကလေးတွေကို ကြည့်ရှုစောင့်ရှောက်တဲ့ပညာကို သင်ကြားပေးခဲ့တဲ့အဒေါ်အတွက်သော်၎င်း၊ ကျွန်မ ကျေးဇူးတင်လာတယ်။ ကျွန်မဟာ များစွာသောအရာတွေကို လုပ်နိုင်တဲ့ အားကောင်းတဲ့ မိန်းကလေး တစ်ယောက်ဖြစ်လာပြီး ဘုရားသခင်ဟာ ကျွန်မရဲ့ အကောင်းဆုံး သူငယ်ချင်းဖြစ်တယ် ဆိုတာကို သိခဲ့ရပါတယ်။

| | |
|---|---|
| အဖွဲ့လိုက် ပုံဆွဲခြင်း | ၊ (ဆရာ/မ က ကလေးများအား မိမိတို့၏ အတွေးများနှင့် ခံစားချက်များတို့ကို ကြမ်းပြင် ပေါ်တွင် အဖွဲ့လိုက်ပုံဆွဲခိုင်းပါ။ မြေဖြူခဲကိုသုံးပြီး ရှောက်လမ်းတွင် ရေးဆွဲနိုင်သလို၊ စာရွက်ရှည်ကြီးတစ်ခု ပေါ်တွင် ရောင်စုံခဲတံဖြင့်လည်း ရေးဆွဲနိုင်သည်။ သို့မဟုတ် ဘောတစ်ခြပ် လုံးကို ကြမ်းပြင်ပေါ်ချ ထားပြီး ရေးဆွဲနိုင်သည်။ ပုံပြင်အပေါ် ကလေးများ၏တုန့်ပြန် ချက်ကို ရေးဆွဲရာတွင် သူတို့အချင်း ချင်း အဖွဲ့လိုက် အတူတကွ အားယူနိုင်ရန်နှင့် ဖေးမလက်တွဲနိုင် ကြရန်အတွက် ပုံရေးဆွဲသည့်နေရာ ကို ကြမ်းပြင် ပေါ်တွင်သာ ရေးဆွဲစေပါ။) |

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

ကျောင်းသား/သူ နေ့စဉ်မှတ်တမ်းစာအုပ်၏ စာမျက်နှာ (၁) ကို ဖွင့်ပါ။ ပေးထားသည့် မျက်နှာပုံစံခွက်ထဲတွင် သင့်မျက်နှာ ကိုရေးဆွဲပါ။ သင့်ဆံပင်အရောင်ကိုလည်း ရေးဆွဲပါ။

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ (၃) ကို ဖွင့်ပါ။ ကျွန်ုပ်ယုံကြည်ချက် စာသားကို အတူတကွဖတ်ရှုကြစို့။

**တန်ခိုးအကြီးဆုံးသောဘုရားရှင်သည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်အား ထူးခြားစွာဖန်ဆင်းထားသည်ဟု ကျွန်ုပ်ယုံကြည် သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြော ပြနိုင်သည်။)

သင့်အကြောင်းနှင့် ပတ်သက်၍ ထူးခြားသည်များကို ပုံရေးဆွဲပြပါ (သို့) စာဖြင့်ရေးချပါ။ အောက်ပါစာ ကြောင်းများကို အပြီးသတ်ရေးချပေးပါ။
ကျွန်ုပ်သည် ................................. တွင် ထူးချွန်သည်။
ကျွန်ုပ်သည် ................................. တတ်သည်။
ကျွန်ုပ်အကြောင်းအား ................................. ရသည်ကို ကျွန်ုပ်နှစ်သက်သည်။

(ဆရာ/မ က ကလေးများအား အောက်ပါစာကြောင်းမျိုးကို ရေးကျင့်ကြဖို့ တိုက်တွန်းပါ။ "ကျွန်တော်/မ ထူးခြားကြောင်းကို သိရဖို့ အခြားသူတွေရဲ့ စိတ်အလိုကျ ကျွန်တော်/မ လိုက်လုပ်ပေးဖို့မလိုပါ။ ကျွန်ုပ်၏ တန်ဖိုးကို ဘုရားပေးထားပြီးသားဖြစ် လို့၊ ဘယ်ရှုံးနိမ့်မှုမျိုး (သို့) ရှုတ်ချမှုမျိုးကမှ အဲဒီတန်ဖိုးကို မဖယ်ရှား နိုင်ပါ။ ကျွန်တော်/မ ကို မိဘ/မိတ်ဆွေများက ထောက် ခံအား ပေးလျှင် ကောင်းပေမည်။ သူတို့ မထောက်ခံလည်း ကျွန်တော်/မကို ဘုရားသခင် ချစ်နေဆဲ၊ လက်ခံပေးဆဲပါ။)

မှတ်တမ်းစာအုပ် စာမျက်နှာ ၄ ကို ဖွင့်ပါ။ သင်ခန်းစာ ၁ ကို လေ့လာပြီးနောက် ယခုတွင် သင်ခံစားလိုက်ရသည့် ခံစားချက်နှင့် ထပ်တူကျသည့် လေးထောင့်အကွက်တစ်ခုကို သင်ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ သင်ခံ စားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့် ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့် မယ်။" ပြန်ပြောပါ။

(ကလေးများကို အဝိုင်းအနေအထားဖြင့် ဝိုင်းခိုင်းလိုက်ပါ။ ပြီးနောက် အရုပ်တစ်ခုခု (သို့) အရာဝတ္ထုတစ်ခုခုကို ကလေး တစ်ယောက်၏ လက်တွင် ကိုင်ထားခိုင်းပြီး သူ့အား "..................(မိမိ၏ ယာဘက်တွင်ရှိသော ကလေး၏ နာမည်) ကို ဘုရားသခင်ဖန်ဆင်းထားပုံလေးကို ကျွန်ုပ်နှစ်သက်ပါတယ်" ဆိုပြီးပြောစေပါ။ မိမိသူငယ် ချင်းနှင့် ပတ်သက်သည့် ပြော စရာ အခြားကောင်းကွက်များရှိလျှင်လည်း ထည့်သွင်းပြောနိုင်သည်။ ထို့နောက် အရုပ်ကလေးကို မိမိယာဘက်ရှိ သူငယ် ချင်းထံ လက်ဆင့်ကမ်းပေးပြီး ထိုသူငယ်ချင်းကလည်း မိမိယာဘက် တွင်ရှိသောသူငယ်ချင်းကို ရည်မှတ်ပြီး အလားတူ ဆက်လက်ပြောဖို့ဖြစ်သည်။ စက်ဝိုင်းရှိ ကလေးများအားလုံး ပြီးသည်အထိ ထိုအတိုင်းဆက်လုပ်စေပါ။ ကလေးဘက်က မထုတ်ပြောတတ်လျှင် ဆရာ/မက အကြံပေးပြောပြပေးသင့်သည်။)

## ၃။ အပိတ် ဆုတောင်းချက် (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

ချစ်တော်မူသော အဘ၊ ကျွန်ုပ်တို့ တစ်ဦးစီကို ထူးထူးခြားခြား ဖန်ဆင်းပေးတဲ့အတွက် ကိုယ်တော်ကို အထူးကျေးဇူးတင်ပါတယ်။ ကျန်းမာကြံ့ခိုင်တဲ့ စိတ်နဲ့ကိုယ်ခန္ဓာများနှင့်တကွ ကျွန်ုပ်တို့ကို ဖန်ဆင်းပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ကို ကျွန်ုပ်တို့ ချစ်ပါတယ်။ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်ပေးပါ။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်။

### ကစားစရာမုန့်ညက်ကို ပြုလုပ်ပုံအဆင့်ဆင့်

- ဂျုံမှုန့် ၄ ခွက်
- ဆား ၁ ခွက်ခွဲ
- ရေနွေး ၁ ခွက်
- သစ်သီးဝလံဆီ ၂ ဇွန်း
- အစာအရောင်စိုးဆေး အနည်းငယ်

**ပြုလုပ်နည်း၊**

- စလုံတစ်ခုထဲတွင် ရေနွေးနှင့် ဆီကို ရောမွှေလိုက်ပါ။ အစာအရောင်စိုးဆေး အနည်းငယ် ထည့်ပါ။ အခြားစလုံတစ်ခုထဲတွင် ဂျုံမှုန့်နှင့် ဆားကို ရောနယ်လိုက်ပါ။ ထို့နောက် ပထမစလုံထဲကရေကို ဂျုံမှုန့်ပေါ်လောင်းထည့်ပြီး ထပ်မွှေလိုက်ပါ။
- ခြောက်သွေ့သော မျက်နှာပြင်တစ်ခုပေါ်တွင် ဂျုံမှုန့်အနည်းငယ်ကို ဖြန့်ကျဲဖြူးလိုက်ပါ။ ထို့နောက် ကစားစရာ မုန့်ညက်ကို ကပ်စေးမှုကုန်စင်သည်အထိ ဂျုံဖြူးထားသောမျက်နှာပြင်ပေါ်တွင် နယ်ပေးပါ။ လိုအပ်လျှင် ဂျုံမှုန့်ထပ်မံထည့်ပါ။
- ကလေးများကစားနိုင်ရန်အတွက် ရောင်စုံသုံးလေးမျိုးသုံးပြီး မုန့်ညက်တစ်ခုထက်မက နယ်ပါ။ ကစားစရာမုန့်ညက်ကို ပိတ်၍ရသည့်သည့် ပလပ်စတစ်အိတ် (သို့) ကော်ပုံးထဲတွင် သိမ်းဆည်းပါ။
- ကလေးများအား ကစားစရာမုန့်ညက်ဖြင့် တစ်စုံတစ်ရာသောအရုပ်ကို ဖန်တီးခိုင်းပြီး ယင်းအရုပ်အား ခြောက်စေလို လျှင် ၂ ရက် (သို့) ၃ ရက်ခန့် အခြောက်ခံခိုင်းပါ။ ပြီးလျှင် မိမိတို့လုပ်ထားသည့်အရုပ်ကို အတန်းတွင် ပြခိုင်းပါ (သို့) အိမ်ပြန်ယူသွားခိုင်းပါ။
-

# သင်ခန်းစာ ၂ - ကျွန်ုပ် ရွေးချယ်နိုင်သည်

| | |
|---|---|
| **သင်ခန်းစာ ၂ အဓိကအကြောင်းအရာ** | ရွေးချယ်ပိုင်ခွင့်နှင့်တကွ လူသားများကို ဘုရားဖန်ဆင်းထား၏။ အလွန် ဆိုးသော ရွေးချယ်မှုတစ်ခု အားဖြင့် ပြီးပြည့်စုံသောကမ္ဘာကြီးထဲသို့ မကောင်းမှုစတင်ဝင်ရောက်ခဲ့၏။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• လူတစ်ဦးချင်းစီတို့ကို ရွေးချယ်ပိုင်ခွင့်နှင့်တကွ ဘုရားဖန်ဆင်းထားသည်။<br>• လူသားတို့၌ ရွေးချယ်ခွင့်ရှိသောကြောင့်၊ လောကသို့မကောင်းမှုဝင်ရောက်လာခဲ့၏။<br>• ကျွန်ုပ်တို့၌ ရွေးချယ်ပိုင်ခွင့် အမြဲရှိသည်ကို ကျွန်ုပ်တို့သိမှတ်ဖို့လို၏။<br>• "လုပ်မည်" နှင့် "မလုပ်ပါ" စသည့်စကားလုံးနှစ်လုံးကို ကျွန်ုပ်တို့လေ့ကျင့်ပြောနိုင်၏။ |
| **သတင်းစကား** | ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအလွန်ချစ်တော်မူ၍ ကျွန်ုပ်တို့အား ဘယ်အခါမျှ အတင်းစေခိုင်းတော်မမူ။ ကျွန်ုပ်တို့၌ ရွေးချယ်ပိုင်ခွင့်ကို ပေးထားတော်မူသည်။ ကောင်းသောရွေးချယ်မှုအတွက် ရလဒ်ကောင်းရှိသလို၊ ဆိုးသောရွေးချယ်မှုအတွက် ရလဒ်ဆိုးရှိ၏။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုဆောင်းပါ။<br>• Choices Relay ကစားနည်းအတွက် ကဒ်များ<br>• ရောင်စုံခဲတံများနှင့် ကျောင်းသားနေ့စဉ်မှတ်တမ်းစာအုပ် (Believe Journal)<br>• အဖွဲ့လိုက် ပုံဆွဲရန်အတွက် လိုအပ်သည့်ပစ္စည်းများ<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ် |
| **ပြင်ဆင်ချက်** | ဤသင်ခန်းစာအဆုံးတွင် ပေးထားသော "ကောင်းသောရွေးချယ်မှု" ပုံကဒ်ပြားများနှင့် "မကောင်းသောရွေးချယ်မှု" ပုံကဒ်ပြားများ နှစ်မျိုးစလုံးတို့ကို နှစ်စုံဆီ မိတ္တူကူးပါ။ ကဒ်ပြားဖြစ်စေရန် ပုံတစ်ပုံချင်းစီကို ကပ်ကြေးဖြင့် ညှပ်ထုတ်ပြီး ကပ်ထူပြားတစ်ခုစီပေါ်တွင် ကော်ဖြင့်ကပ်ပါ။<br><br>ကျွန်ုပ်ယုံကြည်ချက် စာသားကို ဘုတ်ပြား (ဘော) ပေါ် ရေးချပါ။<br><br>**အမျှော်အမြင်ရှိသော ရွေးချယ်မှုဖြစ်လျှင် "လုပ်ပါမည်" ဟူ၍၎င်း၊ အမျှော် အမြင်မရှိသော ရွေးချယ်မှုဆိုလျှင် "မလုပ်နိုင်ပါ" ဟူ၍၎င်း ကျွန်ုပ်ပြောနိုင်သည်။** |

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ပထမသင်ခန်းစာမှာ လေ့လာခဲ့ကြတဲ့ ဖန်ဆင်းခြင်းအကြောင်းထဲက ဘာအကြောင်းတွေမှတ်မိကြသေးလဲ၊ ပြောပါအုံး။ အဲဒီသင် ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**တန်ခိုးအကြီးဆုံးသောဘုရားရှင်သည် ကျွန်ုပ်ကိုချစ်ပြီး ကျွန်ုပ်အား ထူးခြားစွာဖန်ဆင်းထားသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ရွေးချယ်မှုများလက်ဆင့်ကမ်းသည့် ကစားနည်း (Choices Relay game) ကို ဆော့ကစားပါ။ ဆရာ/မက "ကောင်းသော ရွေးချယ်မှု" ပုံကဒ်ပြားတစ်စုံကို ယူပြီး "ဆိုးသောရွေးချယ်မှု" ပုံကဒ်ပြားတစ်စုံတို့နှင့် ရောလိုက်ပါ။ ရောထားသောပုံကဒ်ပြားများကို ကျောင်းခန်း၏ အစွန်းတစ်ဖက်တွင်ရှိသည့် ကုလားထိုင်တစ်လုံးပေါ်တွင် တင်ထားပါ။ ကျန်ရှိနေသေးသည့် ပုံကဒ်ပြားဒုတိယ တစ်စုံကိုလည်း ထို့အတူရောလိုက်ပြီး၊ ကျောင်းခန်း၏အခြားအစွန်းတွင်ရှိသော အခြားကုလားထိုင်တစ်လုံးပေါ် တင်ထားပါ။ ထို့ နောက် အရေအတွက်ချင်းတူသည့် ကျောင်းသားနှစ်ဖွဲ့ကို ကုလားထိုင်များနှင့် မနီးမဝေးတစ်နေရာတွင် နှစ်တန်း စီတန်းခိုင်းပါ။)

ကောင်းသောရွေးချယ်မှုကို ပြုလုပ်တတ်စေမည့် ကစားနည်းကို စတင်ကစားကြစို့။ အဖွဲ့တစ်ဖွဲ့ချင်းစီက လူတစ်ယောက်ထွက်ပြီး မိမိဖွဲ့၏ ကုလားထိုင်သို့ ပြေးသွားပါ။ ထို့နောက် ရောထားသောပုံများထဲမှ "ကောင်းသောရွေးချယ်မှု" နှင့်ဆိုင်သည့်ပုံတစ်ပုံ ကို ရွေးထုတ်ပြီး မိမိအဖွဲ့သို့ပြန်ပြေးလာပါ။ မိမိအဖွဲ့မှ နောက်တစ်ယောက်ကို လက်ချင်းရိုက်ပြီး ထိုသူကလည်း အရင်လူအတိုင်း ပုံသွားရွေးရပါမည်။ "ကောင်းသော ရွေးချယ်မှု"ပုံများအားလုံးကို စုမိဖို့ဖြစ်သည်။

(ကစားပြီးသောအခါ၊ မိမိတို့ရွေးထားခဲ့သည့်ပုံများအကြောင်းကို အဖွဲ့လိုက် ဆွေးနွေးပါ။) ပုံများကို သင်တို့မည်သို့ ဆုံးဖြတ်ရွေး ချယ်ခဲ့သနည်း။ (ဆရာ/မ အနေဖြင့်၊ ကလေးများ၏ အဖြေကို မဝေဖန်ပါနှင့်။ သင့်ကလေးများက မည်သည့်အတွေးမျိုးတို့ဖြင့် ရွေးချယ်မှုပြုနေကြသည်ကို သင့်အနေဖြင့် နားထောင်အဖြေရှာရမည့် အချိန်ပင်ဖြစ်သည်။)

အသက်တာတွင် ကျွန်ုပ်တို့အမြဲတမ်း ရွေးချယ်မှုပြုရကြသည်။ ဥပမာ၊ ကျောင်းဆင်းချိန်တွင် သင်လုပ်ဆောင်နိုင်သည့် အရာများ ဘာရှိမည်ကို စဉ်းစားကြည့်ပါ။ ကျောင်းဆင်းချိန်၌ သင်လုပ်လေ့ရှိသည့်အရာများအကြောင်းကို သင့်အဖွဲ့ သားများကို ပြောပြ ပါ။ (ဆရာ/မ အနေဖြင့် ထိုသို့ပြောထွက်ဖို့ မဝံ့မရဲဖြစ်နေသည့် ကလေးဘယ်နှယောက်ရှိသည်ကို သတိပြုပါ။ ထိုကလေးများ အနေဖြင့် နားမလည်တာဖြစ်နိုင်သလို ရွေးချယ်မှုပြုခွင့်မရှိသည့် ပတ်ဝန်းကျင်တွင် ကြီးပြင်းရသောကြောင့်လည်း ဖြစ်နိုင်သည်။

ကျွန်ုပ် (ဆရာ/မ)အနေနဲ့ကတော့ ကျောင်းဆင်းချိန်မှာ ဘာလုပ်မလဲဆိုတာ အမြဲဆုံးဖြတ်ရွေးချယ်ရတယ်။ ကျောင်းခန်း ထဲမှာ ခဏဆက်နေပြီး မနက်ဖြန်သင်ခန်းစာတွေအတွက် ပြင်ဆင်ရင်ကောင်းမလား (ဒါမှမဟုတ်) ဈေးသွား (သို့) အိမ်ပြန်ပြီး အဝတ်လျှော်ရင်ကောင်းမလား။ မင်းတို့ကော ကျောင်းဆင်းချိန်မှာ လုပ်မယ့်အရာအတွက် တခါတလေ ရွေးချယ်ရသလား။

## ၄။ စဉ်းစားခိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)

(ကလေးများကို နှစ်ယောက်တစ်တွဲ လူစုခွဲလိုက်ပါ။ ပြီးနောက် အောက်ပါမေးခွန်းကို ဆွေးနွေးခိုင်းပါ။)

ရွေးချယ်မှုတစ်ခုဟာ ကောင်းတဲ့ရွေးချယ်မှုလား၊ ဆိုးတဲ့ရွေးချယ်မှုလားဆိုတာကို သင် ဘယ်လိုသိနိုင်မလဲ။ (နှစ်ယောက်တစ်တွဲထံမှ အဖြေများကို မိမိတို့အဖွဲ့ထံ ပြန်လည်ဝေငှပြောပြခိုင်းပါ။ ထို့နောက် တစ်ဖွဲ့လုံးကို အောက်ပါအချက်များအား ညီတူညာတူနားလည် လက်ခံစေပါ။)

- "ကောင်းသောရွေးချယ်မှုများသည် ကျွန်ုပ်နှင့် အခြားသူများတို့ကို ကောင်းကျိုးဖြစ်စေသည်။"
- "ဆိုးသောရွေးချယ်မှုများသည် ကျွန်ုပ် (သို့) အခြားသူများကို နာကျင်စေသည်။"
- ကောင်းသော ရွေးချယ်မှုဖြစ်လျှင် "လုပ်ပါမည်"၊ ဆိုးသောရွေးချယ်မှုဆိုလျှင် "မလုပ်နိုင်ပါ" ဟူ၍ငြင်း ကျွန်ုပ်ပြောနိုင်သည်။

(ဤဖော်ပြချက် ၃ ချက်ကို ဆရာ/မက ပိုစတာလုပ်ပြီး ကျောင်းခန်းနံရံပေါ်တွင် ချိတ်ဆွဲထားနိုင်သည်။)

## ရှိဆာ၏ပုံပြင်

ရုပ်ပုံပြကားချပ် 2A









တို့တတွေအတွက် ထူးခြားတဲ့ ကျွန်ုပ်ယုံကြည်ချက် စာသားလေးက ဒီလိုပြောထားပါတယ်။ (ဆရာ/မ က အရှေ့က တိုင်ပေးပြီး ကလေးများ က နောက်ကနေ ညီတူညာတူလိုက်ဆိုရန်ဖြစ်သည်။)

**ကောင်းသော ရွေးချယ်မှုဖြစ်လျှင် "လုပ်ပါမည်" ဟူ၍၎င်း၊ ဆိုးသောရွေးချယ်မှုဆိုလျှင် "မလုပ်နိုင်ပါ" ဟူ၍၎င်း ကျွန်ုပ်ပြောနိုင်သည်။**

*(ဆရာ/မ က ရှိဆာ၏ပုံပြင် ဖတ်ပြီး၊ ရုပ်ပုံပြကားချပ် 2A မှ ကားချပ် 5 ခုကို ကလေးများအား ပြပေးရမည်။)*

ပုံပြင်ကိုဖတ်ပြစဉ်၊ အစ်မဖြစ်သူနှင့် နှိုင်းယှဉ်လျှင် ကောင်းသောရွေးချယ်မှု ဘယ်နခုကို ရှိဆာပြုလုပ်ခဲ့သည်ကို ရေထားကြည့်ပါ။

ရှိဆာသည် အလွန်ဖျားနာနေသော သုံးနှစ်အရွယ် မိန်းကလေး တစ်ဦးဖြစ်သည်။ ဗိုက်ပူပူနှင့် ပိန်လှီနေသော ကလေးမဖြစ်သည်။ ခန္ဓာကိုယ် တစ်လျှောက်လုံးမှာ အနာများရှိသည်။ မိမိခေါင်းပေါ်မှ အနာများကြောင့် သူမ ဆံပင်ရိတ်ပစ်လိုက်ရသည်။ ဘာကြောင့် ဤမျှဆိုးဝါးစွာ နေမကောင်းဖြစ်နေရလဲ။ အဖြေကား သူမ၌ အိတ်ချ်အိုင်ဗွီရောဂါ ရှိနေသောကြောင့်ဖြစ်သည်။ မိဘများသေဆုံးပြီးနောက်တွင်၊ မကြာခဏရိုက်နက်တတ်သည့် ၁၀ နှစ်အရွယ် ကြမ်းကြမ်းတမ်းတမ်းအစ်မနဲ့သာ နှစ်များစွာ သူမနေထိုင်ခဲ့ရသည်။

တစ်နေ့တွင် ညီအစ်မနှစ်ယောက်ထဲရှိနေသည်ကို တစ်စုံတစ်ယောက်မြင်တွေ့သွားပြီး သူတို့အား ခရစ်ယာန်မိဘမဲ့ဂေဟာ တစ်ခုကို ခေါ်သွားခဲ့သည်။ ဂေဟာကိုဦးစီးသည့် မိဘများဖြစ်ကြသော တင်း နှင့် ဝင်ဒီ တို့သည် အလွန်ချစ်ခင်ကြင်နာ တတ်သူများဖြစ်သည်။ သို့ရာတွင် ရှိဆာကို သူတို့ကိုင်တွယ်ရခက်ခဲလှသည်။ ညတော်တော်များများတွင် ရှိဆာသည် ညနက် သန်းခေါင်မှာ နာကျင်လွန်း၍ ငိုယိုနေခဲ့သည်။ သို့သော်အိမ်ရှင်မ ဝင်ဒီသည် သူမကို အမြဲနှစ်သိမ့်ပေးသည်။

လူတိုင်းက မိန်းကလေးနှစ်ယောက်လုံးအပေါ် ကောင်းကြသည်။ အိမ်ရှင် မိဘများက သူတို့ကို သူတို့၏ သမီးများကဲ့သို့ ဆက်ဆံခဲ့သည်။ ဝတ်ပြု ကိုးကွယ်ရန် အချိန်တန်သောအခါ အိမ်ရှိအခြား မိဘမဲ့ကလေးများသည် ဦးလေး တင်း၏ ပေါင်ပေါ်သို့ တက်ရန် သို့မဟုတ် လက်ကိုကိုင်ရန် သူ့ထက်ငါအပြိုင်ပြေးလာကြသည်။ အခြားကလေးများသည် ဂရုစိုက်မှုနှင့် ရင်းနီးမှုကို နှစ်သက်ကြောင်း ရှိဆာ သိမြင်ခဲ့သည်။ တဖြည်းဖြည်းနဲ့ သူမလည်း ထိုကဲ့သို့ ပြုလုပ်လာသည်။

ရှိဆာက ပြုံးပြီး စကားစပြောလာသည်။ ဝတ်ပြုခြင်းအစီစဉ်များတွင် ဂရုတစိုက် နားထောင်လာသည်။ ဘုရားသခင်က သူမကို ဖန်ဆင်းပြီး သူမကို ချစ်သည်ဟု တွေးမိခြင်းက သူ့အားပျော်ရွှင်စေသည်။

သို့သော် အစ်မဖြစ်သူမှာမူ ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်နေသည်။ ကျမ်းစာပုံပြင်များနှင့် သီချင်းကို မကြားချင်၊ မဆိုချင်။ ဒေါသစကားများကို ထုတ်ပြောပြီး ဝတ်ပြုခြင်းအစီအစဉ်တွင် သူမအနှောင့်အယှက်ပေးသည်။

အစ်မဖြစ်သူသည် ကျောင်းမသွားလိုပါ။ တစ်ယောက်တည်း ထိုင်နေတတ်သည်။ မိမိအနေဖြင့် အသက်မရှင်ချင်တော့ ဘူး ဟူ၍ပင် သူမပြောခဲ့ဖူးသည်။ တစ်နေ့တွင် သူမ ထွက်ပြေးသွားသည်။ မည်သည့် အကူအညီကိုမဆို ငြင်းပယ်ပြီး ချစ်ခြင်း မေတ္တာနှင့်တကွ စောင့်ရှောက်ပေးမှုအားလုံးကို သူမငြင်းပယ်ခဲ့သည်။ ထိုသို့ မှားယွင်းသော ရွေးချယ်မှုကို လုပ်ခဲ့သောကြောင့် အနာဂတ်ကောင်း တစ်ခုကို သူမဆုံးရှုံးခဲ့ရတော့သည်။

သို့သော် ရှိဆာမှာမူ ကျောင်းသို့ နေ့တိုင်းသွားခဲ့သည်။ သူ၏ အနာများပျောက်ကင်းသွားပြီး သူ၏ စိတ်နလုံးလည်း ကျန်းမာလာသည်။ ရိုက်နှက်ခြင်းနှင့် အထီးကျန်ခြင်းအကြောင်းကို သူမ မစဉ်းစားတော့ပါ။ ယခု သူမသည် ပျော်ရွှင်နေတတ်သည့် ကြံ့ခိုင်ကျန်းမာသော ဆယ်ကျော်သက် လူငယ်တစ်ဦးဖြစ်နေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အခြားသူများ၏ ချစ်ခင်ဂရုစိုက်မှုကို လက်ခံဖို့ နှင့် ကောင်းသောရွေးချယ်မှုများကို ပြုလုပ်ဖို့ သူမ ရွေးချယ်လိုက်သောကြောင့်ဖြစ်သည်။

**အဖွဲ့လိုက်ပုံဆွဲခြင်း**


၊ (ဆရာ/မ က ကလေးများအား ဤပုံပြင်အပေါ် မိမိတို့၏ အတွေးများနှင့် ခံစားချက်များတို့ကို ကြမ်းပြင်ပေါ်တွင် အဖွဲ့လိုက်ပုံဆွဲခိုင်းပါ။ မြေဖြူခဲကိုသုံးပြီး ရောက်လမ်းတွင် ရေးဆွဲနိုင်သလို၊ စာရွက် ရှည်ကြီးတစ်ခုပေါ်တွင် ရောင်စုံခဲတံဖြင့်လည်း ရေးဆွဲနိုင်သည်။ သို့မဟုတ် ဘောတစ်ခြပ် လုံးကို ကြမ်းပြင်ပေါ်ချထားပြီး ရေးဆွဲနိုင်သည်။ ပုံပြင်အပေါ် ကလေးများ၏တုန့်ပြန်ချက်ကို ရေးဆွဲ ရာတွင် သူတို့အချင်းချင်း အဖွဲ့လိုက် အတူတကွ အားယူနိုင်ရန်နှင့် ဖေးမလက်တွဲနိုင် ကြရန်အတွက် ပုံရေးဆွဲသည့်နေရာကို ကြမ်းပြင် ပေါ်တွင်သာ ရေးဆွဲစေပါ။)

**ကျမ်းချက်**

ယောရှုမှတ်စာ ၂၄း၁၅ "အဘယ်မည်သောဘုရာတို့အား ဝတ်ပြုမည်အရာကို ယနေ့ရွေးကြလော့။ ငါနှင့် ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်။"

(ACT OUT နည်းလမ်းကို အသုံးပြုပြီး ဆရာ/မက ဤကျမ်းချက်ကို သင်ပေးနိုင်သည်။ မှတ်သား သွားသည့်အထိ အလွတ်ကျမ်းချက်ကို ထပ်ခါထပ်ခါ ရွတ်ဆိုပါ။ ထို့နောက် အဖွဲ့များခွဲပြီး ထိုကျမ်း ချက်ကို အမူအရာဖြင့် သရုပ်ဖေါ်စေပါ။

## သင်ခန်းစာ ၂– ကျမ်းစာပုံပြင်




*(ဆရာ/မက ဒေဝဥယာဉ်အတွင်း အာဒံနှင့် ဧဝတို့၏ အပြစ်လွန်ကျူးခြင်းအကြောင်း (ကမ္ဘာဦးကျမ်း ၃း၁-၁၉) ကို ပြောပြ (သို့) ဖတ်ပြပြီး၊ ရုပ်ပုံပြကားချပ် 2B မှ ကားချပ် 9 ခုကို ကလေးများအား ပြပေးရမည်။)*

ပုံပြင်နှင့်တကွ အဓိကအချက်များကို တင်ပြပါတော့မည်။ ပုံပြင်ကို သေချာစွာ နားထောင်ပါ။ အမျှော်အမြင်မရှိသော ရွေးချယ်မှုကို တစ်စုံတစ်ယောက်ပြုလုပ်သည်ဟု သင်တွေးမိသည့်အခါ သင့်လက်ကိုမြှောက်ပြပါ။

ဖန်ဆင်းရှင်ဘုရားသခင်သည် အာဒံနှင့် ဧဝကို အလွန်ချစ်မြတ်နိုးသည်။ မိမိတို့အားချစ်သောကြောင့် မိမိတို့အဖို့ အရာရာဖန် ဆင်းထားပေးသည်ကိုလည်း အာဒံ ဧဝတို့ သိသည်။ ဝမ်းနည်းမှု၊ နာကျင်မှု (သို့) သေခြင်း ဟူ၍မရှိခဲ့ပါ။ သဟဇာတနှင့် ပျော်ရွှင်စွာ သူတို့နေထိုင်ခဲ့ကြသည်။

သို့ရာတွင် ဘုရားသခင်၌ ရန်သူတစ်ယောက် ရှိခဲ့သည်။ ဧဒင်ဥယျာဉ်ကို သူ့ထံမှ လုယူလိုသူတစ်ဦးဖြစ်သည်။ ထိုရန်သူကား စာတန်ဟုခေါ်သည့် မကောင်းဆိုးဝါး တစ်ကောင်ဖြစ်သည်။ ဤလောကကို စာတန်သိမ်းပိုက်လိုသောအခါ ဘုရားသခင်က သူ့ကို ခွင့်မပြုခဲ့ပါ။ ဘုရားသခင်သည် တရားမျှတမှု မရှိကြောင်း၊ ဘုရားသခင့်နောက်သို့ လိုက်သင့်၊ မလိုက်သင့်ကို အာဒံနှင့် ဧဝတို့ကို လွတ်လပ်စွာ ဆုံးဖြတ်သင့်ကြောင်း စာတန်ဆိုလာခဲ့သည်။

ဘုရားသခင်သည် အစဉ်ချစ်ခြင်းမေတ္တာနှင့်တကွ ဘက်လိုက်ခြင်းကင်းသည် တရားမျှတသောသူဖြစ်သည်။ စာတန်အား ကောင်းမကောင်း သိကျွမ်းရာအပင်ဟုခေါ်သည့် သစ်ပင်တစ်နေရာတည်း၌သာနေရန် ဘုရားရှင်ခွင့်ပြုခဲ့သည်။ အာဒံနှင့် ဧဝတို့အားလည်း ထိုအပင်မှ ဝေးဝေးရှောင်ကြဖို့နှင့် စာတန်နှင့် သူ၏ဆိုးသောလုပ်ရပ်များအကြောင်းကို ပြောပြတော်မူခဲ့သည်။ ဘုရားသခင်က "ထိုအပင်၏ အသီးကို မစားရ။ ထိုသို့ပြုလျှင် သင်သည် ဧကန်အမှန် သေလိမ့်မည်"ဟု မိန့်တော်မူ၏။

ဧဝသည် အာဒံထံမှ ထွက်သွားပြီး ကောင်းမကောင်းသိကျွမ်းရာအပင်၏အနီးသို့ သွားခဲ့သည်။ ဘေးကင်းလုံခြုံစွာနေနိုင်ရန် အာဒံနှင့် နီးနီးကပ်ကပ် သူမ နေခဲ့သင့်သည်။

သစ်ပင်အနီးသို့ရောက်သောအခါ၊ စကားပြောနေသည့် လှပသောမြွေတစ်ကောင်ကို သူမတွေ့လိုက်သည်။ တကယ်တော့ စာတန်က မြွေမှတဆင့် စကားပြောနေခြင်းသာဖြစ်သည်။ မြွေအား စာတန်က ဤသို့ပြောဆိုစေခဲ့သည် "ဥယျာဉ်၌ရှိသမျှ အသီးကို မစားရဘူးလို့ ဘုရားသခင်ပြောခဲ့တာလား။" ဘုရားသခင်က ထူးခြားသောအရာတစ်စုံတစ်ခု မိမိတို့တွင် ဖုံးကွယ်ထားသည်ဟု တွေးထင်လာစေရန် ဧဝအား စာတန်လှည့်စားနေခြင်းပင်ဖြစ်သည်။

"အခြားသစ်ပင်ရှိသမျှတို့မှ အသီးများကို ကျွန်ုပ်တို့ စားနိုင်သည်၊ သို့သော်ဤအပင်မှ အသီးကို မစားရပါ။ ဘုရားသခင်က ကျွန်ုပ်တို့ မစားရ၊ မထိရ၊ မကိုင်ရ ဟုပြောထား၏။ သို့မဟုတ်က ကျွန်ုပ်တို့သေမည် ဟုပြောထားသည်။" ဟု ဧဝပြန်ဖြေခဲ့သည်။ ဘုရားစကား နားမထောင်ခြင်းသည် ဆင်းရဲဒုက္ခရောက်စေနိုင်သည်ကို သူမ သိရှိနေခဲ့သည်။

မြွေမှတဆင့် စာတန်က၊ "မင်းသေမှာ မဟုတ်ဘူး။ ဘုရားသခင်က သူ့လို ထူးခြားတဲ့အသိပညာကို ရမှာကို မလိုလားလို့ပဲ။" ဟူ၍ ပြန်ပြောခဲ့သည်။ စာတန်သည် လိမ်လည်သူတစ်ဦးပင်ဖြစ်သည်ကို ကျွန်ုပ်တို့သိရပါသည်။ သူကလူတွေကို ဘုရားသခင့် လုပ်ဆောင်ချက်များအပေါ် လူများမကောင်းမြင်လာရန် စာတန်လှည့်စားခဲ့သည်။ မိမိအတွေးအခေါ်များကို လက်ခံကျင့်သုံးပြီး မိမိအား လူများကိုးကွယ်ကြဖို့ကို စာတန်လိုလားသည်။ လူသားများကို သူနာကျင်စေလိုခဲ့သည်။

ဝမ်းနည်းစရာပင်၊ မာနတ်စာတန်၏စကားကို ဧဝ နားထောင်ခဲ့တယ်။ အသီးကိုယူ၍ သူစားခဲ့တယ်။ ထို့နောက် ထိုအသီးကို အာဒံထံသို့ ယူဆောင်လာပေးခဲ့သည်။ ဘုရားသခင်၏စကားကို ဧဝမနာခံကြောင်း အာဒံချက်ချင်းသိခဲ့သည်။ ပြဿနာဖြစ်တော့ မည်ကို အာဒံသိသွားသည်။ သို့သော် ဧဝကို သူအဆုံးရှုံးမခံလိုပါ။ သူမ မပါဘဲ ဘဝကို အဘယ်သို့ဖြတ်သန်းရပါအံ့နည်း။ မိမိအား ဖန်ဆင်းသည့် ဘုရားသခင်ကို ပြဿနာ ဖြေရှင်းပေးဖို့ အကူအညီတောင်းမည့်အစား ဧဝ စေခိုင်းသည့်အရာကိုသာလုပ်ဆောင်ရန် အာဒံဆုံးဖြတ်ခဲ့လေသည်။ အသီးကို သူယူ၍ စားခဲ့လေပြီ။

ချက်ချင်းပင် အာဒံနှင့် ဧဝတို့သည် ရှက်ကြောက်ခြင်းသို့ရောက်လျက် အပြစ်ရှိသည် ဟုခံစားမိလာခဲ့ကြသည်။ သူတို့၌ ဆင်မြန်း ပေးထားသော အလင်းဝတ်ရုံပျောက်ကွယ်သွားပြီး ကိုယ်၌အဝတ်မလာဖြစ်နေလေတော့သည်။ သို့နှင့် မိမိတို့ကိုယ်ကို သစ်ရွက်များနှင့် ဖုံးအုပ်ဖို့ရာ ကြံဖန်ရတော့သည်။ သို့ရာတွင် အရှက်တရားကို သူတို့ခံစားနေခဲ့ရပါသည်။

ထိုညနေခင်းတွင် သူတို့နှင့် အချိန်ပေးရန် ဘုရားသခင်ရောက်လာသောအခါ အာဒံနှင့် ဧဝတို့ ကြောက်လန့်ရှက်ကြောက်ပြီး ဥယျာဉ်တွင် ပုန်းအောင်းနေကြတော့သည်။ ဘုရားသခင်ကို မယုံသောကြောင့် သူတို့စိတ်သောကရောက်ခဲ့ရသည်။ အာဒံက ဘုရားသခင်ကို ဤသို့ အပြစ်တင်လေတော့သည်၊ "သင်ပေးသော မိန်းမသည် ထိုအသီးကို ယူ၍ ကျွန်တော့်ကို ပေး၏။" ဧဝက လည်း မြွေကို တဖန်အပြစ်ဖို့ပြန်၏။ ၎င်းသည် ကမ္ဘာ့သမိုင်းတွင် ပထမဆုံးသော မိသားစုငြင်းခုံမှုပေတည်း။ လူတစ်ဦးစီသည် သူ သို့မဟုတ် သူမ၏ လုပ်ရပ်များအတွက် တာဝန်ယူမည့်အစား တစ်စုံတစ်ယောက်ကို အပြစ်တင်ကြသည်။

ဖန်ဆင်းရှင်ဘုရားသခင်သည် အာဒံနှင့် ဧဝကို ချစ်ဆဲဖြစ်သည်။ မိမိတို့၏ မနာခံမှုနှင့် တစ်ကိုယ်ကောင်းဆန်မှုတို့ကြောင့် မိမိတို့ ပင်မကသေး မိမိတို့၏ သားသမီးမြေးမြစ်များပါ ဆင်းရဲဒုက္ခများခံစားရတော့မည်ဖြစ်ကြောင်း သူတို့အား ဘုရားသခင် မိန့်တော်မူခဲ့ လေသည်။ စာတန်သည် လူသားများကို မိမိနှင့်အတူ ပျက်စီးခြင်းထဲသို့ခေါ်ဆောင်နိုင်ခဲ့လေပြီ။

လှပသော ဧဒင်ဥယျာဉ်ထဲမှ အာဒံနှင့် ဧဝတို့ထွက်ခွာခဲ့ရသည်။ နောက်ဆုံးတွင် သူတို့သေရတော့မည်။ သို့သော် ဖန်ဆင်းရှင် ဘုရားသခင်သည် သူတို့အား ကူညီလိုခဲ့သည်။ သူတို့ကို ခွင့်လွှတ်ပေးပြီးနှင့် အဝတ်အစားကိုပြင်ဆင်ပေးခဲ့သည်။ တစ်နေ့တွင် သူတို့အား အပြစ်နှင့် ရက်ကြောက်ရာများထဲမှ ကယ်လွှတ်မည့်သူတစ်ဦး သူတို့အဖို့ ပေါ်ထွန်းတော်မူမည်ဖြစ်ကြောင်း ဘုရား ကတိထားတော်မူခဲ့သည်။ ဤသည်ကား အာဒံဧဝတို့အဖို့ တစ်ခုတည်းသော မျှော်လင့်ချက်ပေတည်း။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

၁။ မိမိတို့အား အန္တရာယ်တွင်းထဲသို့ ကျရောက်သွားစေခဲ့သည်တိုင်အောင် အာဒံနှင့် ဧဝတို့ ဘာလုပ်မိခဲ့ကြသနည်း။
၂။ အာဒံနှင့် ဧဝတို့ ဘုရားစကား နားမထောင်မှုကြောင့် မည်သည့်ဆိုးဝါးသောအရာများဖြစ်ပေါ်လာခဲ့သနည်း။
၃။ မကောင်းသောရွေးချယ်မှုများက သင့်ပတ်ဝန်းကျင်ရှိ အခြားသူများအား မည်သို့ထိခိုက်စေနိုင်သနည်း။
၄။ သင့်မိသားစုဝင်များ အချင်းချင်းအပြစ်တင်ပြီး ရန်ဖြစ်နေသည်ကို ကြားရသည့်အခါ သင်မည်သို့ခံစားရသနည်း။
၅။ မိမိအား စကားနားမထောင်ခဲ့သည့် အာဒံနှင့် ဧဝတို့အတွက် ဘုရားပြုပေးခဲ့သည့် ကောင်းသောအရာများကားအဘယ်နည်း။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၅ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**အမျှော်အမြင်ရှိသော ရွေးချယ်မှုဖြစ်လျှင် “လုပ်ပါမည်” ဟူ၍ငင်း၊ အမျှော်အမြင်မရှိသော ရွေးချယ်မှုဆိုလျှင် “မလုပ်နိုင်ပါ” ဟူ၍ငင်း ကျွန်ုပ်ပြောနိုင်သည်။**

(ကျောင်းသား/သူများက မိမိတို့ရွေးချယ်သည့်အရာတစ်ခုခုကို မိမိတို့မှတ်တမ်းစာအုပ်ထဲတွင် ရေးသား (သို့) ပုံဆွဲနိုင်သည်။ သို့မဟုတ် ဆရာ/မက သူတို့ကို အကြံပြုနိုင်သည်။)

တစ်ယောက်ယောက်က (သို့မဟုတ် သင်က) ကောင်းသောရွေးချယ်မှု သို့မဟုတ် ဆိုးသောရွေးချယ်မှု တစ်ခုခု ပြုလုပ်နေသည် ကို ပုံဖြင့် သို့မဟုတ် စာဖြင့် ရေးဆွဲဖော်ပြပါ။

သို့မဟုတ်

(အကြီးပိုင်းကျောင်းသား/သူများအား) အခြားသူတစ်စုံတစ်ယောက်၏ ရွေးချယ်မှုကြောင့် သင်ထိခိုက်နာကျင်ရသည့်အကြောင်းကို ပြသ သည့်ပုံ (သို့) စာသားကို ရေးဆွဲဖော်ပြပါ။

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၆ ကိုဖွင့်ပါ။ သင့်ခံစားချက်နှင့်ထပ်တူညီသည့် ပုံတစ်ခုကိုရွေးပြီး ထိုပုံအောက်ရှိ လေးထောင့် အကွက်ထဲတွင် ဆေးရောင်ခြယ်လိုက်ပါ။ သင် အဘယ်ကြောင့် ထိုသို့ခံစားရကြောင်းကိုလည်း ပုံဆွဲပြပါ (သို့) စာတစ်ကြောင်း နှစ်ကြောင်းဖြင့်ဖော်ပြပါ။

### ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှုလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့် မယ်။" ပြန်ပြောပါ။

("မလုပ်နိုင်ပါ" "လုပ်ပါမည်" ဤစကားလုံး နှစ်လုံးကို ပြောလေ့ကျင့်ပါ။)
ကျွန်ုပ်တို့၏ ရွေးချယ်မှုကို အခြားသူများသိနိုင်ဖို့ရန်အတွက် "လုပ်ပါမည်" သို့ "မလုပ်နိုင်ပါ"ဟူသည့်စကားလုံးကို အခါအား လျော်စွာ အသံကျယ်ကျယ်ဖြင့် ကျွန်ုပ်တို့ထုတ်ပြောရန်လိုသည့်အချိန်မျိုးရှိပါသည်။ ဤသို့ထုတ်ပြောရန် တခါတရံ ကျွန်ုပ်တို့ ကြောက်နေတတ်ကြသည်။ ထို့ကြောင့် ယနေ့တွင် ကျွန်ုပ်တို့လေ့ကျင့်ပြောကြပါမည်။

"မလုပ်နိုင်ပါ" ဆိုသည့်စကားကို ပြောဆိုနိုင်သည့်နည်း များစွာရှိသည်။ အသံနေအသံထားအမျိုးမျိုး၊ ကိုယ်ဟန်အမျိုးမျိုး၊ စကားလုံးအမျိုးမျိုးတို့ဖြင့် ထုတ်ပြောနိုင်ပါသည်။ မလုပ်ဘူး၊ လုပ်လို့မရဘူး၊ တမျိုးမထင်ပါနဲ့၊ ငါ့မှာ အခြားလုပ်စရာတွေရှိသေး တယ်၊ လုံးဝမလုပ်ဘူး စသည်ဖြင့် ပြောနိုင်သည်။ စက်ဝိုင်းတွင်ပါဝင်သူအားလုံးက "မလုပ်နိုင်ပါ" ဆိုသည့်စကားကို မိမိပြောချင် သည့်ပုံစံမျိုးဖြင့် တပြိုင်တည်း တစ်မိနစ်ကြာသည်အထိ အသံထွက်ပြီးပြောလေ့ကျင့်ပါ။ (အသံတစ်ယောက်တစ်မျိုးနှင့် ဆူညံ နေပါလိမ့်မည်။)

(ထို့နောက် စက်ဝိုင်းတွင်ပါဝင်သူအားလုံးကို "လုပ်ပါမည်" ဆိုသည့်စကားလုံးကို တစ်မိနစ်ခန့် ပြောလေ့ကျင့်ခိုင်းပါ။)

"လုပ်ပါမည်"ဟု သင်ပြောလို့ရမည့် အခြေအနေတစ်ခုကို စိတ်တွင်မြင်ယောင်ကြည့်ပါ၊ အဖွဲ့သားများအား ဝေငှပြောပြပါ။

"မလုပ်နိုင်ပါ"ဟု သင်ပြောသင့်သည် အခြေအနေတစ်ခုကို ပုံဖော်မြင်ယောင်ကြည့်ပါ၊ အဖွဲ့သားများအား ဝေငှပြောပြပါ။

(အားလုံးကို နှစ်ယောက်တစ်တွဲ နေခိုင်းပါ။ (ကျောင်းသားအရေအတွက် မဂဏန်းဖြစ်နေလျှင် ဆရာ/မက အဖော်မရှိသည့် ကျောင်းသားနှင့်တစ်တွဲနေပါ။)

နှစ်ယောက်တစ်တွဲတွင် တစ်ယောက်က "လုပ်ပါမည်"ဟု ပြောရမည်ဖြစ်ပြီး၊ ကျန်တစ်ယောက်က "မလုပ်နိုင်ပါ"ဟု ပြောဆိုရန်ဖြစ်သည်။ တစ်မိနစ်ခန့်ကြာအောင် ဤသို့ပြောလေ့ကျင့်ခိုင်းပါ။

ယခုတစ်ဖန် "လုပ်ပါမည်"ဟု ပြောသောသူကို "မလုပ်နိုင်ပါ"ဟု တစ်မိနစ်ခန့် တစ်လည့်ပြန်လေ့ကျင့်ပြောခိုင်းပါ။

ယခုအခါ၊ တစ်ယောက်သောသူကို မေးခွန်းတစ်ခု မေးစေပြီး အခြားတစ်ယောက်အား "မလုပ်နိုင်ပါ" "လုပ်ပါမည်"ထဲက တစ်ခုခုကို ရွေးပြောခိုင်းပါ။ ထို့နောက် မေးခွန်းမေးသူကို တလည့်ပြန်ဖြေခိုင်းပြီး ဖြေခဲ့သူကို တလည့် ပြန်မေးခိုင်းပါ။

(ကလေးအားလုံးကို အဝိုင်းအနေအထားဖြင့် ပြန်နေခိုင်းပါ)၊
"မလုပ်နိုင်ပါ" "လုပ်ပါမည်"ဤစကားလုံးနှစ်လုံး သာ၍ပြောလွယ်သောစကားလုံးကား အဘယ်နည်း။

**၃။ အပိတ်ဆုတောင်းချက် (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)**
ဖန်ဆင်းရှင် အဘဘုရားသခင်၊ ကျွန်ုပ်တို့အား ရွေးချယ်ပိုင်ခွင့်ပေးထားသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ "မလုပ်နိုင်ပါ" သို့ "လုပ်ပါမည်" ဟူသည့်စကားကို အချိန်မှန် နေရာမှန် ပြောဆိုတတ်ဖို့ ကျွန်ုပ်တို့အား အစဉ် ကူညီတော်မူပါ။ ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့် ကိုယ်တော်ကို အထူးကျေးဇူးတင်ပါ၏။ အာမင်။"

ရုပ်ပုံ ၂-၃။ Choices Relay game ကစားနည်းအတွက် “ကောင်းသောရွေးချယ်မှု” ကဒ်များ



ရုပ်ပုံ ၂-၄။ Choices Relay game ကစားနည်းအတွက် “ဆိုးသောရွေးချယ်မှု” ကဒ်များ



# သင်ခန်းစာ ၃ - ကျွန်ုပ်ကို သခင်ယေရှုနားလည်သည်

**သင်ခန်းစာ ၃ အဓိကအကြောင်းအရာ**

ကျွန်ုပ်တို့ရင်ဆိုင်ရသောအရာများကို ခံစားနားလည်ပေးနိုင်ရန် လောကသို့ယေရှုဆင်းကြွ တော်မူပြီး နာကျင်မှုဝေဒနာကို တွေ့ကြုံခံစားတော်မူခဲ့သည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့ကိုယ်စား ယေရှုအသေခံတော်မူခဲ့သည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- ဘုရားသခင်၌ ကြင်နာတတ်သောစိတ်နှလုံးရှိသည်။
- အပြစ်သား (ကျွန်ုပ်)တစ်ယောက်တည်းရှိနေလျှင်လည်း ယေရှုလာရောက်အသေခံ ပေးမည်ဖြစ်သည်။ ကျွန်ုပ်ကို သူရွေးချယ်သည်။
- ကောင်းသောရွေးချယ်မှု (ယေရှုပြုသောရွေးချယ်မှု)တွင် ရလဒ်များရှိသည်။ ဆုတောင်းခြင်းဟူသည် ကျွန်ုပ်၌တွေ့ကြုံခံစားရသည့်အရာများကို ယေရှုထံ ပြောပြခြင်းပင်ဖြစ်သည်။

**သတင်းစကား**

ကောင်းကင်အိမ်တော်ကိုစွန့်ပြီး ကျွန်ုပ်တို့အားဆင်းသက်ကယ်တင်ရန် ယေရှုရွေးချယ် တော်မူခဲ့ သည်။ ကျွန်ုပ်ရင်ဆိုင်ရသမျှကို ယေရှုနားလည်သည်။ အကြောင်းကား၊ သူ ကိုယ်တော်တိုင်၏ ဘဝ သည် ခက်ခဲခဲ့သည်။ ဆုတောင်းခြင်းဖြင့် ကောင်းသောရွေးချယ်မှု ပြုနိုင်ရန် ဘုရားရှင်ကူညီပေးသည်။ သူ့အား ကျွန်ုပ်အမြဲစကားပြော၍ရသည်။ သူအမြဲနားထောင်ပေးသည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုဆောင်းပါ။

- "ယေရှုနားလည်သည်" ခေါင်းစဉ်ဖြင့် စာအုပ်
- ရောင်စုံခဲတံများနှင့် ကျောင်းသားနေ့စဉ်မှတ်တမ်းစာအုပ် (I Believe Journal)
- အဝိုင်းလိုက်ထိုင်နေသောကလေးများ တစ်ယောက်ကိုတစ်ယောက် လက်ဆင့်ကမ်း ၍ရမည့် ပစ္စည်းတစ်ခုခု သို့မဟုတ် အရုပ်တစ်ခုခု
- အဖွဲ့လိုက် ပုံဆွဲရန်လိုအပ်သည့် ပစ္စည်း
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ်

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက် စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ဆင်းရဲဒုက္ခကို ယေရှုခံစားဖူးသောကြောင့် ကျွန်ုပ်၏ပြဿနာများကို သူနားလည်ပြီး ကျွန်ုပ် အကြောင်းကို သူ့အားပြောပြနိုင်သည်။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ပထမသင်ခန်းစာမှာ လေ့လာခဲ့ကြတဲ့ ရွေးချယ်မှုပြုခြင်းအကြောင်းထဲက ဘာအကြောင်းတွေမှတ်မိကြသေးလဲ၊ ပြောပါအုံး။ အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**အမျှော်အမြင်ရှိသော ရွေးချယ်မှုဖြစ်လျှင် "လုပ်ပါမည်" ဟူ၍၎င်း၊ အမျှော်အမြင်မရှိသော ရွေးချယ်မှုဆိုလျှင် "မလုပ်နိုင်ပါ" ဟူ၍၎င်း ကျွန်ုပ်ပြောနိုင်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

စဉ်းစားခိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)

ကလေးများကို နှစ်ယောက်တစ်တွဲ တွဲစေပြီးလျှင် သူတို့ကိုယ်၌တွင်သော်၎င်း၊ သူတို့အသိများတွင်သော်၎င်း ဖြစ်ဖူးကြုံဖူးသော အဖြစ်ဆိုးငါးခု အကြောင်းကို စဉ်းစားစေပါ။

(ဆရာ/မက အခန်းထဲတွင်လမ်းလျှောက်ရင်း ကလေးများပြောသည့်စကားကို သေချာစွာနားထောင်ကြည့်ရန်ဖြစ်သည်။ လိုအပ်လျှင် ကလေးများကို ဥပမာများဖြင့် အကြံပေးနိုင်သည်။ ဥပမာအားဖြင့် ယာဉ်တိုက်မှုဖြစ်ခြင်း၊ ဖျားနာခြင်း၊ ရန်ဖြစ်ခြင်း၊ ဆာလောင်ခြင်း စသည်ဖြင့်။ မိနစ်အတန်ကြာသွားသောအခါ ကလေးတို့အား မိမိတို့ စဉ်းစားထားသည်များကို တဖွဲ့လုံးအရှေ့ တွင် ထုတ်ပြောစေပါ။)

ဒီအဖြစ်ဆိုးတွေ ကြုံလာရတဲ့အခါ မင်းတို့ဘယ်လိုခံစားရလဲ။ (အဖြစ်ဆိုးများကို နှုတ်ဖြင့် ထုတ်ပြောဖို့အခက်ကြုံနေသည့် ကလေးများအား ပုံဖြင့်ရေးဆွဲဖော်ပြစေပါ။)

သတင်းကောင်းလေးတစ်ခုရှိတယ်။ လောကမှာ ဆိုးသွမ်းတဲ့ရွေးချယ်မှုတွေ အများကြီးရှိနေပေမယ့်၊ တို့အတွက် အံ့သြဖွယ်ရာ ရွေးချယ်မှုကောင်းတစ်ခုကို ယေရှုပြုတော်မူခဲ့တယ်။ အဲဒီရွေးချယ်မှုအကြောင်းကို တို့တတွေ ဒီနေ့ လေ့လာကြမယ်။ တို့တွေကို ကယ်တင်နိုင်ဖို့ တို့နဲ့အတူ ယေရှုလာရောက်ဒုက္ခခံစားခဲ့ဖူးတဲ့အချိန် လေးအကြောင်းကို လေ့လာကြမယ်။

## သင်ခန်းစာ ၃- ဘဝပုံပြင်

**ဆိုင်း၏ ပုံပြင်**

ရုပ်ပုံပြကားချပ် 3A



*(ဆရာ/မက ဆိုင်း၏ ပုံပြင်ကို ဖတ်ပြပေးပြီး၊ ရုပ်ပုံကားချပ် 3A တွင်ရှိသော ဤရုပ်ပုံ ၇ ခုကို ပြသဖို့ဖြစ်သည်။)*

ပုံပြင်ထဲမှာ ဆိုင်းက သူ့ရဲ့ကြောက်ရွံ့စိတ်တွေကို သူဘယ်လိုကိုင်တွယ်သွားသလဲဆိုတာကို သတိပြုနားထောင်ကြည့်ပါ။

ဆိုင်းရဲ့ မိဘနစ်ပါးစလုံးဟာ သူမ အသက်ခြောက်နှစ်အရွယ်မှာ ဖျားနာပြီး သေဆုံးခဲ့ကြပါတယ်။ သူနဲ့ သူ့ရဲ့မောင်တို့ဟာ ဆွေမျိုးတွေနဲ့အတူ ဆင်းရဲသားရပ်ကွက်မှာ နေထိုင်ကြတယ်။ တစ်နေ့မှာ ဆိုင်းဟာ မိသားစုအတွက် ထမင်းဟင်းတွေ ချက် ပြုတ်နေရင်း သူပုံမှန်ထိန်းပေးနေရတဲ့ သူ့ရဲ့ဝမ်းကွဲမောင် ကလေးလေးကို ခဏတဖြုတ် မျက်နာလွှဲခဲ့မိတယ်။ အဲဒီအချိန်မှာ ကလေးငယ်က ဖုန်တထောင်းထောင်းဖြစ်နေတဲ့ အိမ်ကြမ်းပြင်ပေါ်မှာရှိတဲ့ ပုလင်းကွဲလေးတစ်ခုနဲ့ လက်ရှမိသွားပြီး တအိမ်လုံးမှာ ကလေးလေးရဲ့အော်ငိုသံနဲ့ ပြည့်နေပါတော့တယ်။

ဒီအခါ အဒေါ်က ဆိုင်းကို ဒေါသတကြီး အော်ငေါက်လိုက်ပါတော့တယ်။ “အိမ်ထဲကနေ ထွက်သွားစမ်း ဆိုင်း ဘယ်တော့မှ ပြန်မလာနဲ့။” အဲဒီလိုစကားမျိုးကြားလိုက်ရတဲ့အခါ ဆိုင်းရဲ့ နှလုံးသားမှာ ကြောက်ရွံ့စိတ်တွေဝင်ရောက် လာပြီး“ ငါဘယ်ကို သွားရမလဲ။ ဘာလုပ်ရမလဲ။” ဆိုပြီး သူတွေးတောနေမိတော့တယ်။ ဒီလိုနဲ့ ကျောင်းဝတ်စုံ တန်းလန်းကြီးနဲ့ ဆိုင်းဟာ သူ့ရဲ့ပစ္စည်းတွေကို ထုပ်ပိုးနေပါတော့တယ်။

အဲ့ဒီညမှာ ဆိုင်းလေးလည်း ခြေဦးတည့်ရာ လမ်းပေါ်မှာလျှောက်သွားနေတော့တယ်။ နောင်တနင့်အတူ ဒေါသထွက်ပြီး သူ့ပါးပြင်မှာလည်း မျက်ရည်တွေစီးကျလာတယ်။ ကြောက်ရွံ့မှု အထီးကျန်မှုတွေဟာ သူ့ရဲ့နှလုံး သားထဲမှာ နေရာယူနေတယ်။ ရုတ်တရက် “သင့်ကို ငါ ဘယ်တော့မှ မစွန့်ဘူး၊” ဆိုတဲ့စကားသံတစ်ခုက ဆိုင်းရဲ့နှလုံးသားထဲမှာ ဝင်ရောက်လာခဲ့ပါတယ်။ သူမရဲ့ကျောင်းဆရာက အဲ့ဒီစကားကို သမ္မာကျမ်းစာကနေ သင်ကြားပေးခဲ့တာပဲဖြစ်တယ်။ “ကောင်းကင်ဘုံရှင် အဖ၊ ကျွန်မနင့် အတူနေပါ။ ကျေးဇူးပြုပြီး ဘယ်ကို သွားရမလဲ ပြောပြပါ။” ဟု မဆိုင်းမတွ ဆိုင်းဆုတောင်းခဲ့ပါတော့တယ်။ သူမရဲ့ ခန္ဓာကိုယ် တစ်ခုလုံး နွေးထွေးသွားသလို ခံစားလိုက်ရတယ်။ ဆယ်အိမ်ကျော်ခန့်တွင် နေထိုင်တဲ့ ကြင်နာတတ်သည့် ခရစ်ယာန် ဘာသာဝင် အသင်းသူ တစ်ဦး၏ မျက်နာဟာ သူမ၏ ခေါင်းထဲပေါ်လာပါတယ်။ မျက်ရည်များကို သုတ်လိုက်ပြီး “ ငါကို သူနင့် အတူ နေခွင့် ပြုမလား သွားပြီးမေးကြည့်အုံးမယ်။” ဆိုပြီး ဆိုင်းသွားခဲ့လိုက်တယ်။ ကြင်နာတတ်တဲ့ အဲဒီအဒေါ်နဲ့အတူ ဆိုင်း နှစ်ပတ်လောက် နေခဲ့ပါတယ်။ နှစ်ပတ်အကြာမှာ အဒေါ်ဖြစ်သူက ဆိုင်းကို ပြန်လာခေါ်ခဲ့တယ်။ အဲဒီနေ့ကစလို့ ဆိုင်းဟာ သူလိုအပ်တဲ့အချိန်မှာ ပြေးသွားဖို့ရန် လုံခြုံတဲ့နေရာတစ်ခုရှိနေတယ်ဆိုတာ သိခဲ့ရပါတယ်။

### ဆွေးနွေးတင်ပြရန်အချိန်

(ဆရာ/မက ကလေးများအား အောက်ပါမေးခွန်းများ၏ အဖြေများကို စဉ်းစားကြည့်စေရန်ဖြစ်ပြီး၊ မိမိအဖြေများကို နှစ်ယောက်တစ်တွဲ အပြန်အလှန်ပြောပြစေပါ။ ထို့နောက် အချို့ကလေးများကို တစ်ဖွဲ့လုံးအရှေ့တွင် ပြန်ဝေငှစေပါ။)

၁။ ဆိုင်းရင်ဆိုင်ခဲ့ရသည့် ပြဿနာများကား အဘယ်နည်း။
၂။ မိမိ၏ ကြောက်စိတ်များကို ဆိုင်း မည်သို့ကိုင်တွယ်ခဲ့သနည်း။


ကျွန်ုပ်ယုံကြည်ချက် စာသားကို ဖတ်ကြစို့။ (ကလေးများအား ဆရာနောက်မှ တစ်ခွန်းစီလိုက်ရွတ်ဆိုစေပါ။ ထို့နောက် စာသား အားလုံးကို တစ်ဖွဲ့လုံး ညီညီညာညာ ရွတ်စေပါ။)

**ဆင်းရဲဒုက္ခကို ယေရှုခံစားဖူးသောကြောင့် ကျွန်ုပ်၏ပြဿနာများကို သူနားလည်ပြီး ကျွန်ုပ်အကြောင်းကို သူ့အားပြော ပြနိုင်သည်။**

**ကျမ်းချက်၊** ဟေဗြဲ ၅း၁၅၊ "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာ ထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။"

(ခြေဟန်လက်ဟန်နှင့်တကွ ကျမ်းစာအလွတ်ရွတ်ခြင်းနည်းလမ်းကို အသုံးပြုပြီး ဤကျမ်းကို သင်ပြပေးနိုင်သည်။ ဤနည်းလမ်းဖြင့် ကလေးများ အလွယ်တကူမှတ်မိတတ်ကြသည်။ စကားလုံးတစ်လုံး ချင်စီနှင့် ကိုက်ညီမည့် ဟန်အမူအရာများကို တစ်ခုချင်းစီ သင်ပြပေးပါ။ သို့မဟုတ် အမူအရာကို ကလေးများအား ကိုယ်တိုင်ဖန်တီးခိုင်းပါ။ ခြေလက်အမူအရာကို အလွတ်ရသွားသည့်အခါ ထိုကျမ်းချက်ကို သူတို့အလွယ်တကူမမေ့တော့ပါ။ သို့မဟုတ် ကလေးများကို နှစ်ယောက်တစ်တွဲစီ အမူအရာဖန်တီး ခိုင်းပြီး အတူတူရွတ်စေပါ။ အခြားသူများအား လုပ်ပြနိုင်သည် အထိ အတူတူလေ့ကျင့်ခိုင်းပါ။ သူတို့ထဲက တချို့ကို ရွေးထုတ်ပြီး တဖွဲ့လုံးအရှေ့ မှာ အမူအရာဖြင့် ဖတ်ပြခိုင်းပါ။)

## သင်ခန်းစာ ၃– ကျမ်းစာပုံပြင်




*(ဆရာ/မက ယေရှုနားလည်သည်ခေါင်းစဉ်ဖြင့် ပုံပြင်ကို ဖတ်ပြပေးရမည်။ ပုံပြင်အစိတ်အပိုင်းတစ်ခု ဖတ်ပြီးတိုင်းမှာ ကလေး များအား "ယေရှုနားလည်တယ်"ဆိုသည့်အပိုင်းကို ဖတ်ခိုင်းဖို့ဖြစ်သည်။ ကလေးများပြောဆိုတတ်စေဖို့နှင့် သင်ယူတတ်ဖို့ ဤနည်းကို အသုံးပြုပါ။)*

လွန်ခဲ့သော နှစ်ပေါင်းများစွာက အသက်ရှင်ခဲ့သော လူတစ်ဦး၏ လုပသော ပုံပြင်တစ်ပုဒ်ရှိခဲ့သည်။ ထိုသူကို ယေရှုဟု၍ ခေါ်ကြပြီး ဆိုလိုသည်မှာ "ကယ်တင်သောသူ" ဖြစ်သည်။

ယေရှုသည် တိရစ္ဆာန် တင်းကုပ် တစ်ခုတွင် မွေးဖွားခဲ့ပြီး သူ့မိသားစုသည် အလွန်ဆင်းရဲသောကြောင့် သူ့အား ကောက်ရိုးခင်း ထားသောနေရာတွင် သိပ်ထားခဲ့ကြသည်။ သင့်မိသားစု ဆင်းရဲသောကြောင့် နေချင်စရာမကောင်းတဲ့ နေရာမှာ သင်အိပ်ခဲ့ဖူးလား ဒါမှမဟုတ် မကောင်းတဲ့ အစားအစာကို သင်စားခဲ့ဖူးလား။ ***ယေရှု နားလည်သည်။***

ဟေရုဒ်မင်းဆိုသည့် ဆိုးညစ်သူတစ်ဦးသည် ယေရှုကို ကလေးဘဝကတည်းက သတ်ရန် စစ်သားများကို ဓားနှင့် စေလွှတ်ခဲ့သည်။ ညအခါမှာ အပြင်မှာပုန်းအောင်းနေတဲ့လူဆိုးတွေကို သင်တွေးကြောက်ဖူးပါသလား။ ***ယေရှု နားလည်သည်။***

မိဘဖြစ်ကြတဲ့ ယောသပ်၊ မာရိတို့နဲ့အတူ ယေရှုကလေးသည် ဣသရေလတိုင်းပြည်မှ အဲဂုတ္တုပြည်သို့ သဲကန္တာရကိုဖြတ် ထွက်ပြေးခဲ့ရကြသည်။ သင်၏ မွေးရပ်မြေမှ သင် ထွက်ပြေးခဲ့ရဖူးပါသလား။ သို့မဟုတ် သင့် ဝတ်စားပုံ၊ စကားပြောပုံကြည့်ပြီး သင့်ကို အခြားသူများ မျက်မှောင်ကြုပ်ခဲ့ဖူးသလား။ ***ယေရှု နားလည်သည်။***

ယေရှု၏ ဖခင်သည် လက်သမား တစ်ဦးဖြစ်သည်။ သခင်ယေရှုသည် ဖခင်ကိုအလုပ်ကူလုပ်ခဲ့ရပြီး ချမ်းသာသော ကလေးများကဲ့သို့ ကျောင်းမတက်ခဲ့ရပါ။ ယူနီဖောင်းကိုယ်စီဖြင့် ကျောင်းတက်နေရသောသူများကို ကြည့်ပြီး အားကျခဲ့ရပေမယ့် သင်ကကျောင်းမတက်ရပဲ အလုပ်ရဖူးပါသလား။ ***ယေရှု နားလည်သည်။***

တစ်နေ့ ယောသပ်သေဆုံးသွားသည်။ ယေရှုနဲ့ သူ့အမေ ငိုခဲ့တယ်။ သူတို့မိသားစု အတွက် စားစရာ အလုံ အလောက် ရှိဖို့ ပို၍ ခက်ခက်ခဲခဲ အလုပ်လုပ်ရသည်။ သင်ချစ်မြတ်နိုး ရသူတစ်ဦးဦးသည် သေခြင်း သို့မဟုတ် သင်၏ နေအိမ်ကို စွန့်ခွာကာ သင့်ကို အထီးကျန်စွာ စွန့်ခွာခဲ့ဖူးပါသလား။ ***ယေရှု နားလည်သည်။***

ယေရှုသည် ကြီးပြင်းလာပြီး ဖျားနာသူ၊ အထီးကျန်သူနှင့် ဆင်းရဲသားများကို ကူညီပေးသည့် အလွန်ကြင်နာသော ပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ သူအကူအညီပေးသောကြောင့် သူ့နောက်သို့ လူအမြောက်အများလိုက်၍ အကူအညီ တောင်းခံခဲ့ကြသည်။ သူပင်ပန်းနေလျှင်လည်း သူတို့ကို အမြဲ ကူညီပေးခဲ့သည်။ သင်ကော အရမ်းပင် ပန်းပေမယ့် သင်ရဲ့ အကူအညီကို အလွန်လိုသူ တွေအတွက် မနားအားတဲ့အချိန်ရှိဖူးလား။***ယေရှု နားလည်သည်။***

လူများသည် ယေရှုကို အလွန် နှစ်သက်ကြသဖြင့် ဘာသာရေး ခေါင်းဆောင်များသည် ယေရှုအား မနာလိုဖြစ်ခဲ့ကြသည်။ သူဘာမျှ မလုပ်ခဲ့ပေမယ့် မကောင်းမှုများကို လုပ်သည်ဟု သူစွပ်စွဲခံခဲ့ရသည်။ တစ်စုံတစ်ဦးက သင့်ကို လိမ်ပြောပြီး သင် အမှားမလုပ် မိရင်တောင် သင့်ကို မတရားအပြစ်ပေးသော ဒုက္ခခံရဖူးသလား။ ***ယေရှု နားလည်သည်။***

ပြီးတော့ တစ်ယောက်ယောက်က ယေရှု၏ အကောင်းဆုံး မိတ်ဆွေ ကဲ့သို့ဟန်ဆောင်ကာ သူသည် ခရစ်တော်ကို ငွေနှင့် သစ္စာဖောက်ခဲ့သည်။ ယုဒသည် ယေရှုကို ဖော်ရွေစွာ ပွေ့ဖက် နမ်းရှုပ်ခဲ့ပေမယ့် ယေရှုကို တကယ် သစ္စာဖောက်ခဲ့တယ်။ သင့် သူငယ်ချင်းကောင်း တစ်ယောက်က သင့်ကို အပြည့်အ၀ လှည့်စား၊ လိမ်လည် သို့မဟုတ် နာကျင်စေ၍ သင့် ဆီက တစ်စုံတစ်ခု ယူဆောင်ခဲ့ဖူးသလား။ ***ယေရှု နားလည်သည်။***

ပေတရု အမည်ရှိသော ယေရှုနှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးက “အကယ်၍ လူတွေအားလုံးက သင့်ကို စွန့်ခွာသွားခဲ့သော်လည်း ကျွန်တော် အမြဲသင်နှင့် ရှိနေမယ်” ဟုပြောခဲ့တယ်။ အဲဒီညမှာပဲ လူဆိုးတွေက ယေရှုကို ဖမ်းတဲ့အခါ ပေတရုကြောက်ရွံ့လာခဲ့သည်။ ယေရှုထံမှ သူထွက်ပြေးသွားသည်။ လူများက သူ့ကို ယေရှု သူငယ်ချင်းဟုတ်သလား မေးသောအခါ သုံးကြိမ်တိုင်တိုင် “ကျွန်တော် သူ့ကိုမသိပါ” ဟုပြောခဲ့တယ်။ သူဟာ ယေရှုရဲ့ မိတ်ဆွေမဟုတ်ဘူး ဆိုတာကိုပြဖို့ မကောင်းတဲ့ စကားလုံးတွေကိုတောင် သုံးခဲ့တယ်။ သင်ချစ်ပြီး သင့်ကိုလည်း ချစ်တယ်လို့ ပြောဖူးတဲ့သူတစ်ယောက်က သင့်ကို မဟုတ်တယုတ်ပြောသည် သို့မဟုတ် ရုတ်တရက် စွန့်ခွာပြီး သူငယ်ချင်းအဖြစ်မှ သင့်ကို ဖြတ်တောက်သွားဖူးသလား။ ***ယေရှု နားလည်သည်။***

ထိုညမှာ ဆိုးသွမ်းသူများ ယေရှုကို ခေါ်သွားပြီး များစွာ နှိပ်စက်ကြတယ်။ ယေရှု၏ နောက်ကျောကို သွေးများထွက်သည့် တိုင် အကြိမ်များစွာ ရိုက်ကြသည်။ ဆူးပင်နှင့် ရက်သော ဦးရစ်ကို ခေါင်းတော်၌ တင်ကြတယ်။ ထို့နောက် ဆူးသရဖူဖြင့် ခေါင်းကို ဆိုးရွားစွာ ပေါက်ပြဲစေခဲ့သည်။ သင်ရဲ့ ခန္ဓာကိုယ်အတွင်းကြေသည့်အထိ သို့မဟုတ် သွေးများ ယိုစီးသည်အထိ အရိုက်ခံရဖူး သလား။ ***ယေရှု နားလည်သည်။***

နောက်တစ်နေ့မှာ ဆိုးသွမ်းသူများသည် ယေရှုကို ကားတိုင်တင်ရန် သွားသည်။ ယေရှု၏ ၀တ်ရုံကို သူတို့ ပိုင်းဖြတ်ပြီး ခြေနှင့် လက်များကို လက်ဝါးကပ်တိုင်မှာ သံရိုက်ထားကြသည်။ သူတို့သည် ယေရှုကို တံတွေးထွေးပြီး ရိုင်းစိုင်းသောစကားများ ဖြင့် သူ့အကြောင်းကို ပြောခဲ့ကြသည်။ တစ်စုံတစ်ယောက်က သင့်ကို မကောင်းကြောင်းပြောခြင်း သို့မဟုတ် သင့်အ၀တ် အစားများ ချွတ်ယူပြီး မှားယွင်းသော လုပ်ရပ်များ သင့်အပေါ်လုပ်ခြင်းဖြင့် အရှက်ရစေခဲ့ဖူးသလား။ ***ယေရှု နားလည်သည်။***

ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်ရှိစဉ်တွင်၊ စာတန်နှင့် နတ်ဆိုးများသည် ယေရှုအား ကြောက်မက်ဖွယ် ကောင်းသော အရာများကို တိုးတိုးပြောကြသည်။ ဘယ်သူကမျှ သူ့ကိုမချစ်ဘူး၊ သူ ဘယ်တော့မှ အသက်မရှင်တော့ဘူးလို့ သူတို့ ပြောကြတယ်။ နတ်ဆိုးဝိညာဉ်များ သင့်နားမှာရှိနေတာကို သင်ခံစားဖူးပါသလား။ သင်ဘယ်တော့မှ အသက်မရှင်ချင်တော့၍ အရှုံးပေးသင့်သည်လို့ သင်ခံစားရဖူးလား။ ***ယေရှု နားလည်သည်။***

လက်ဝါးကပ်တိုင်နှင့် ပတ်သက်၍ အဆိုးဆုံးအချက်မှာ သခင်ယေရှုသည် မည်သည့် အမှားမျှ မပြုလုပ်ခဲ့ဖူး သော်လည်း အသက်ရှင်ခဲ့သမျှသောသူ အားလုံး၏ အပြစ်များကို သူ့ခံယူရန် ရွေးချယ်ခဲ့သည်။ ထိုအရာသည် သူ့အား ညစ်ပေပြီး အပြစ်များသည် ဟု ခံစားစေ၍ ကျွန်ုပ်ဘုရား၊ ကျွန်ုပ်ဘုရား အဘယ့်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်သနည်း ဟုအော်ဟစ်စေခဲ့သည်။ သင်လုပ်ခဲ့တဲ့အမှား တစ်ခုခုကြောင့် ဒါမှမဟုတ် တစ်ယောက်ယောက်က သင့်ကို မှားယွင်းစေ ခဲ့သောကြောင့် သင့်ကို ဘယ်သူမျှချစ်တော့မှာ မဟုတ်ဘူးလို့ ခံစားဖူးပါသလား။ ***ယေရှု နားလည်သည်။***

သခင်ယေရှု သက်တော်စွန့်ပြီးနောက်တွင် သူ၏အလောင်းကို ကားတိုင်မှချပြီး သင်္ချိုင်းတွင်း၌ ထားကြတယ်။ လူတော်တော်များများက အလွန်ဝမ်းနည်းကြတယ်။ သုံးရက်ကြာပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက် လိမ့်မည် ဟူသော သူ၏ ကတိတော်ကို သူတို့မေ့သွားကြတယ်။ တနင်္ဂနွေနေ့၌ ကောင်းကင်တမာန်များသည် ကောင်းကင်းမှ လာပြီး သင်္ချိုင်းဂူ တံခါးဝမှ ကျောက်တုံးကို လှိမ့်ပစ်လိုက်ကြသည်။ ယေရှုသည် သေခြင်းမှ ထမြောက်တော်မူ သည်နောက်၊ သူတို့အလွန်ပျော်ခဲ့သည်။

တကယ်ကောင်းသော လက်ဆောင် ဒါမှမဟုတ် ဒုတိယ အခွင့်အရေး ရခဲ့ဖူးသလား။ ဘာပဲဖြစ်ဖြစ် သင့်ကို ချစ်တဲ့သူ တစ်စုံတစ်ယောက်ရှိနေသည်ကို သင်သိရလို့ အမှန်တကယ်ပျော် ခဲ့ဖူးလား။ ***ယေရှု နားလည်သည်။***

သင့်ကို ယေရှုချစ်သည်။

### ဆွေးနွေးတင်ပြရန်အချိန်

(ဆရာ/မက ကလေးများအား အောက်ပါမေးခွန်းများ၏ အဖြေများကို စဉ်းစားကြည့်စေရန်ဖြစ်ပြီး၊ မိမိအဖြေများကို နှစ်ယောက် တစ်တွဲ အပြန်အလှန်ပြောပြစေပါ။ ထို့နောက် အချို့ကလေးများကို တစ်ဖွဲ့လုံးအရှေ့တွင် ပြန်ဝေငှစေပါ။)

1. သင်ပြဿနာများကို အဘယ်သူထံ သင်ရင်ဖွင့်ပြောပြနိုင်ပါသနည်း။
2. သင့်နာကျင်မှုများကို ယေရှုနားလည်သည်ဖြစ်သောကြောင့် တိတ်တဆိတ်ဆုတောင်းခြင်းဖြင့် သူ့အား သင်ရင်ဖွင့်ပြောပြလိုပါသလား။ သင့်ရဲ့နာကျင်မှုများအား ကုစားပေးဖို့ ဆုတောင်းပါ။ သင့်ကို သူချစ်တော်မူပြီး သင့်နာကျင်မှုကို သူကုစားပေးလိုသည်။ သင်ဝမ်းနည်းရသည့်အချိန်တိုင်းတွင် သူ့အား သင်စကားပြောနိုင်သည်။

**အဖွဲ့လိုက် ပုံရေးဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲတံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲ မည့်နေရာအဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက် ဖန်တီးရေးဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၇ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ဆင်းရဲဒုက္ခကို ယေရှုခံစားဖူးသောကြောင့် ကျွန်ုပ်၏ပြဿနာများကို သူနားလည်ပြီး ကျွန်ုပ်အကြောင်းကို သူ့အား ပြောပြနိုင်သည်။**

(ကျောင်းသား/သူများက မိမိတို့ရွေးချယ်သည့်အရာတစ်ခုခုကို မိမိတို့မှတ်တမ်းစာအုပ်ထဲတွင် ရေးသား (သို့) ပုံဆွဲနိုင်သည်။ သို့မဟုတ် ဆရာ/မက သူတို့ကို အကြံပြုနိုင်သည်။)

သင့်အတွက် ယေရှု အဘယ်သို့နာကျင်ခံစားခဲ့ရသည်ကို ပုံဖြင့်ရေးဆွဲပြပါ။

သို့မဟုတ်

သင်နာကျင်ခံစားရသည့် နာကျင်မှုတစ်ခုကို ပုံဖြင့်ရေးဆွဲပြပါ။ သင့်နာကျင်မှုနှင့် ထပ်တူသည့် ယေရှုခံစားခဲ့ဖူးသည့်နာကျင်မှု တစ်ခုခုကို ပုံရေးဆွဲပါ။

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၈ ကိုဖွင့်ပါ။ သင့်ခံစားချက်နှင့်ထပ်တူညီသည့် ပုံတစ်ခုကိုရွေးပြီး ထိုပုံအောက်ရှိ လေးထောင့် အကွက်ထဲတွင် ဆေးရောင်ခြယ်လိုက်ပါ။ သင် အဘယ်ကြောင့် ထိုသို့ခံစားရကြောင်းကိုလည်း ပုံဆွဲပြပါ (သို့) စာတစ်ကြောင်း နှစ်ကြောင်းဖြင့်ဖော်ပြပါ။

### ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ကလေးများအား အဝိုင်းအနေအထားဖြင့် ထိုင်ခိုင်း (သို့) ထခိုင်းထားပါ။ ကလေးများထဲက Volunteer တစ်ယောက်ခေါ်ထုတ်ပါ။ ပြီးလျှင် ကစားစရာအရုပ် (သို့) ပစ္စည်းတစ်ခုခုကို သူ့အားပေးထားပြီး အောက်ပါအတိုင်း မေးမြန်းပြောဆိုခိုင်းပါ။)

ဒီနေ့ ကျောင်းမှာ တစ်ယောက်ယောက်က ကောင်းသောရွေးချယ်မှုလုပ်နေတာကို သင်တွေ့မိခဲ့သလား။ အဲဒီလူဆီကို အရုပ်ပစ်ပေးလိုက်ပါ။ အဲဒီလူရဲ့နာမည်ကိုပြောပြီး သင်မြင်လိုက်တဲ့ သူလုပ်ခဲ့တဲ့အရာကို ပြောပြပါ။ ပြီးလျှင် အခြားတစ်ဦးထံ အရုပ်ကို ပစ်ပေးခိုင်းပါ။ အရုပ်လက်ခံရရှိသူ လုပ်ဆောင်ခဲ့တဲ့ ကောင်းတဲ့ရွေးချယ်မှု တစ်ခုခုကို အရုပ်ပစ်ပေးသူအား ပြောခိုင်းပါ။ အရုပ်ပစ်ပေးသူက မပြောတတ်လျှင် ဆရာ၊ ဆရာမက ကူပြောပေးနိုင်သည်။ မပြောတတ်သည့် ကလေးကို အတင်းမပြောခိုင်းပါ နှင့်။ ပြောလိုသည့်ကလေးများအားလုံးကိုသာ ပြောခွင့်ရသည့်အထိ ထိုအတိုင်းဆက်လက်ဆောင်ရွက်စေပါ။

သို့မဟုတ်

(အဝိုင်းလိုက်စုနေကြသော ကလေးများအနားသို့သွားပြီး သူတို့တစ်ဦးချင်းစီတို့အား နားလည်မှုအပေးနိုင်ဆုံးသောသူသည် အဘယ်သူဖြစ်သည်ကို တစ်ယောက်ချင်းအား စဉ်းစားခိုင်းပါ။)

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)
(United Prayer - စုပေါင်းဆုတောင်းခြင်းအား အဘယ်သို့ပြုရမည်ကို ကလေးများအား သင်ပြပေးပါ။)

ယေရှုထံဆုတောင်းပြီး ကိုယ့်ရဲ့ခံစားချက်တွေကို သူ့ထံပြောပြဖို့  ကလေးများကိုအချိန်ပေးရန်ဖြစ်သည်။ ပေါက်ပေါက်လျော် သည့်အခါ ဟိုတစ်ခုသည်တစ်ခု ထပေါက်သကဲ့သို့၊ သူတို့ဆုတောင်းလိုသည့်အချိန်တွင် အသံထွက် ဆုတောင်းနိုင်သည်။ တစ်ဦးတစ်ယောက်က အတိုချုပ်ဆုတောင်းသည့်အခါ အားလုံးက တစ်ညီတစ်ညွတ်တည်းရှိဖို့ လိုသည်။ ဆုတောင်းရာတွင် အဓိက အပိုင်း ၄ ပိုင်းပါဝင်မည်။ ချီးမွမ်းခြင်း၊ အပြစ်ဝန်ချခြင်း၊ လိုသည့်ဆုကို တောင်းခံခြင်းနှင့် ကျေးဇူးတင်ခြင်းတို့ဖြစ်သည်။ အခြားသူများ အသံထွက်ဆုတောင်းနေစဉ်တွင် သင့်စိတ်ထဲတွင် တိတ်တဆိတ်ဆုတောင်းနိုင်သည်။

ဆုတောင်းချက်တစ်ကြောင်းနှစ်ကြောင်းခန့်ကို အလှည့်ကျ ဆုတောင်းဖို့ဖြစ်သည်။ ကလေးတချို့က ဘုရားကိုချီးမွမ်း စကားဆို နိုင်သည်။ ဥပမာ “ကိုယ်တော်ရဲ့ မေတ္တာတော်မြတ်အတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။” ထို့နောက် ကလေးတချို့ တို့မှလည်း အပြစ်လွတ်ခြင်းအတွက် ဆုတောင်းနိုင်သည်။ ဥပမာ “ဒီနေ့ ကစားတဲ့နေရာမှာ ကျွန်တော် ဒေါသထွက်မိပါတယ်။ ခွင့်လွှတ်တော်မူပါ အိုအဖ။” ထို့နောက် ကလေးတချို့လည်း လိုသည့်ဆုကို တောင်းခံနိုင်သည်။ ဥပမာ “ကျွန်တော်အဖေ ဆေးလိပ်ဖြတ်နိုင်ဖို့ မစတော်မူပါ အဖ။” နောက်ဆုံးတွင် ကလေးတချို့က ကျေးဇူးတင် စကားဆိုနိုင်သည်။ ဥပမာ “စာမေးပွဲ အောင်ခွင့်ပေးသည့်အတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။”

# သင်ခန်းစာ ၄ - ကျွန်ုပ်ကို ထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။

**သင်ခန်းစာ ၄ အဓိကအကြောင်းအရာ**

ကျွန်ုပ်ကို ဘုရားသခင် ချစ်ခင်မြတ်နိုးတော်မူသည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- မိမိ၏မေတ္တာလက်တော်ဖြင့် ယောကျ်ား၊ မိန်းမတို့ကို တမူထူးခြားစွာ ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည်။
- ယောကျ်ားနှင့် မိန်းမတို့ကို တန်းတူရည်တူ ကိုယ်တော်တန်ဖိုးထား ချစ်ခင်တော်မူသည်။
- လူငယ်များအချင်းချင်းကြားဖိုမကိစ္စတွင် သန့်ရှင်းသော ပြုမူဆက်ဆံခြင်းမျိုးရှိနိုင်ရန် လေ့ကျင့်ယူနိုင်သည်။

**သတင်းစကား**

လူသားများသည် အသုံးချခံသတ္တဝါများ အလျင်းမဟုတ်ပဲ ချစ်ခင်မြတ်နိုးကို ခံယူရန်ထိုက် တန်သည့် ထူးခြားသောလူသားများပင်ဖြစ်သည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုဆောင်းပါ။

- ကောင်းစွာ ထုတ်ပိုးထားသောလက်ဆောင်ပုံးလေးတစ်ခု
- စာရွက်ပေါ်တွင်ရေးသားထားသည့် အဖွဲ့ငယ်လှုပ်ရှားမှုစာတန်းများ
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ်

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက် စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**လူသားများသည် ချစ်ခင်မြတ်နိုးခြင်းခံရန် အထူးဖန်ဆင်းခံထားရပြီး မည်သည့် အခါမျှ တစ်ပါးသူ၏ အသုံးချခံအရာဝတ္ထုများ မဟုတ်ပါ။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ **ပြန်လည်ဆန်းစစ်ခြင်း**

ရှေ့သင်ခန်းစာမှာ လေ့လာခဲ့ကြတဲ့ ဆုတောင်းခြင်းအကြောင်းနှင့် လူတို့ခံစားရသည့်နာကျင်မှုများကို ဘုရားသခင် နားလည်သည်ဆိုသည့် အကြောင်းထဲက ဘာအကြောင်းတွေမှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင် ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ဆင်းရဲဒုက္ခကို ယေရှုခံစားဖူးသောကြောင့် ကျွန်ုပ်၏ပြဿနာများကို သူနားလည်ပြီး ကျွန်ုပ်အကြောင်းကို သူ့အားပြောပြနိုင်သည်။**

၂။ **ဆောင်ပုဒ်သီချင်း (Theme Song)**

၃။ **ပဏာမလုပ်ဆောင်စရာ (Introductory Activity)**

**စဉ်းစားနိုင်းပါ၊ အတွဲလိုက် တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

သင်လက်ခံရရှိဖူးတဲ့လက်ဆောင်တွေထဲမှာ အကောင်းဆုံးလက်ဆောင်က ဘာလဲ။ (လုပစ္စာထုပ်ပိုးထားသော လက်ဆောင်ဗူးကို ထုတ်ယူလာပါ)။

ထူးခြားသောလက်ဆောင်တစ်ခုကို လက်ခံရရှိလျှင် ထိုလက်ဆောင်မပျောက်မပျက်ရန် သင်မည်သို့ ဂရုပြုထိန်းသိမ်းမည်နည်း။

ထိုလက်ဆောင်ကို သင့်ညီငယ်လေးအား သဲထဲဖုန်ထဲတွင် ဆော့ကစားခိုင်းမည်လား။

ထိုလက်ဆောင်ကို သူစိမ်းတစ်ဦးက အကြမ်းပတမ်းကိုင်တွယ်ဆော့ကစားလျှင် သင်ခွင့်ပြုမည်လား။

သင်ခွင့်ပြုမည်မဟုတ်ပါ။

လုပသောလက်ဆောင်တစ်ခုကို လူအသီးသီးတို့အား ဘုရားပေးထားသည်ကို သင်သိပါသလား။ ထိုလက်ဆောင်ကား သင့်ကိုယ်ခန္ဓာပင်ဖြစ်သည်။ သင့်အား ထူးခြားစွာ ဘုရားဖန်ဆင်းထားသည်။ ယောကျာ်းနှင့် မိန်းမများတို့ကို မိမိသဏ္ဍာန် တော်နှင့်အညီ ဘုရားဖန်ဆင်းထားသည်။ သူတို့အားလုံးသည် အလွန်ထူးခြားပြီး လောကရှိ အရာရှိရှိ သမျှတို့ထက်အဖိုး ထိုက်ပေသည်။ ဘုရားပေးသည့်လက်ဆောင်များတွင် ဗိုမကိစ္စသည်လည်း အစိတ်အပိုင်းတစ်ခုအနေဖြင့်ပါဝင်နေသည်။ ဘုရားသခင်ဖန်ဆင်းထားသော သင့်ဖြစ်တည်မှုတစ်ခုလုံးကို နစ်သက်မြတ်နိုးတတ်ဖို့ သင့်ကို ကိုယ်တော်အလိုရှိသည်။ ဤတွင် အမျိုးသမီးများနှင့် အမျိုးသားများတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများအားလုံးပါဝင်ပါသည်။ သင်သည် အမျိုးသမီးဖြစ်လျှင် တစ်နေ့တွင် သင်မိခင်တစ်ဦး ဖြစ်လာနိုင်သည်။ သင်သည် အမျိုးသားဖြစ်လျှင် တစ်နေ့တွင် သင်ဖခင်တစ်ဦးဖြစ်လာနိုင်သည်။

ဘုရားဖန်ဆင်းထားသည့် သင့်ဗိုမဖြစ်တည်မှုကို ထိန်းထိန်းသိမ်းသိမ်းနှင့် လုံလုံခြုံခြုံရှိဖို့ ကိုယ်တော်အလိုရှိသည်။ ထိုသို့ရှိမှသာ ဘုရားသခင်အလိုရှိသော ကျန်းမာကြံ့ခိုင်သောလူကြီးဘဝသို့ သင်ရောက်ရှိနိုင်ပေမည်။ သင့်အရွယ်တစ်ခုချင်းဆီတိုင်းတွင် သင့်ဗိုမဖြစ်တည်မှုကို ရင့်ကျက်မှုနှင့်တကွ လုံလုံခြုံခြုံရှိစေရန်အတွက် သင်လုပ်ဆောင်နိုင်သည့် အရေးကြီးဆောင်ရွက်စရာများ ရှိပါသည်။ မဖွယ်မရာ ထိကိုင်ခံရခြင်းတို့မှ သင့်ကိုယ်ခန္ဓာကို သင်ကာကွယ်ရမည်။ အိမ်ထောင်ပြုဖို့နှင့် မိသားစုဘဝကို ထူထောင်ဖို့ အချိန်တန်လာသောအခါ သင့်ကိုယ်ခန္ဓာကိုယ်ကို သင့်ခင်ပွန်း၊ ဇနီးကိုသာ အပ်ရပါမည်။ ထိုအချိန်မရောက်မချင်း သင့်ခန္ဓာကိုယ်ကို အခြားသူတို့၏ရန်မှ ကာကွယ်ထားရမည်။ အိမ်ထောင်မကျမချင်း မိမိကိုယ်ခန္ဓာကို သူစိမ်းလူထံ (သို့) အခြား တစ်ယောက်ထံ မအပ်ရပါ။ ကျွန်ုပ်တို့သည် အထူးလက်ဆောင်များဖြစ်သောကြောင့် မိမိတို့ကိုယ်ခန္ဓာကို ကာကွယ်ရကြမည်။

ဘုရားပေးလက်ဆောင်တည်းဟူသော ဤခန္ဓာကိုယ်အား ကောင်းစွာစောင့်ရှောက်သည်ကို စာတန်မနှစ်သက်ပေ။ ကျွန်ုပ်တို့အား ဘုရားဖန်ဆင်းထားသည့်ရည်ရွယ်ချက်မှ စာတန်ကင်းကွာစေလိုသည်။ မိမိတို့ကိုယ်ခန္ဓာနှင့်ပတ် သက်၍ ကျွန်ုပ်တို့စိတ်ထဲတွင် မှားယွင်းသည့်အမြင်ကို သူသွတ်သွင်းသည်။ မိမိတို့ခန္ဓာအား အဆိုးဘက်တွင် အသုံးချမိဖို့ (သို့) မှားယွင်းသည့်နေရာတွင် မေတ္တာကိုရှာဖွေမိဖို့ ကျွန်ုပ်တို့အပေါ် စာတန်သြဇာသက်ရောက်မှုရှိနိုင်သည်။ တစ်ခါတစ်ရံတွင် လူသားများအနေဖြင့် မိမိကိုယ် ကိုသာ လေးစားပြီး အခြားသူများကိုမူ အရာဝတ္ထုတစ်ခုကဲ့သို့သာ တကိုယ်ကောင်းဆန်စွာ မှတ်ထင်တတ်ကြသည်။ ဤသို့ဖြစ် သောအခါ တဖက်လူက စိတ်အနောက်အယှက်ဖြစ်ရသည်၊ ရှက်မိသွားတတ်သည်၊ အပြစ်ရှိသလိုခံစားမိတတ်သည်။

သင့်အား ထူးခြားစွာ ဘုရားဖန်ဆင်းထားပြီး၊ သင့်ဖိုမသဘာဝကို အထူးလက်ဆောင်တစ်ခုအနေဖြင့် သင့်အဖို့နှင့် သင်နှင့်လက် ထပ်မည့်သူ အဖို့သာ ဘုရားသခင်ပေးသနားထားတော်မူသည်ကို သတိရပါလေ။

**ကျမ်းချက်၊**

ဆာလံကျမ်း ၁၃၉း၁၃-၁၄ "ကိုယ်တော်သည် အကျွန်ုပ်၏ ကျောက်ကပ်ကိုပင်ဖန်ဆင်း၍၊ အမိဝမ်းထဲမှာ အကျွန်ုပ်ကို ဖုံးအုပ်တော်မူပြီ။ အကျွန်ုပ်သည် ကြောက်မက်ဘွယ်သော လက္ခဏာ ထူးဆန်းသောလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။"

(ဆရာ/မက အောက်ပါဟန်ပန်အမူအရာကိုသုံးပြီး ဤကျမ်းချက်ကို သင်ပေးဖို့ဖြစ်သည်။ အမိဝမ်းကို ပုံဖော်ရန် လက်နှစ်ဖက်ကို ဝမ်းဗိုက်တွင်ထားပါ။ ထို့နောက် လက်နှစ်ဖက်ကို အပေါ်သို့မြှောက်ပြီး "ထူးဆန်းကြောက်မက်ဖွယ်"ဖြစ်သည်ကို ပုံဖော်ရန် လက်ခုတ်တီးပါ။

## သင်ခန်းစာ ၄– ကျမ်းစာပုံပြင်

### အာဗြဟံနှင့် စာရာပုံပြင်

ရုပ်ပုံပြကားခြပ် 4A





*(ဆရာ/မက အာဗြဟံနှင့် စာရာပုံပြင်ကို ဖတ်ပြ (သို့) ပြောပြဖို့ဖြစ်သည်။ ဤပုံပြင်ကို အဓိကအချက်များပါအောင် အောက်ပါအတိုင်းပြော နိုင်သည်။ ရုပ်ပုံပြကားခြပ် 4A တွင်ပါသော ပုံ ၅ ပုံကို အသုံးပြုပါ။)*

လွန်ခဲ့သောနှစ်ပေါင်းများစွာက အာဗြဟံအမည်ရှိသော အမျိုးသားတစ်ဦးနှင့် သူ၏ဇနီးစာရာတို့ ကလေးရရန် ဆုတောင်း ခဲ့ကြသည်။ အချိန်ကြာမြင့်စွာ သူတို့ကလေး မရနိုင်ခဲ့ပါ။ နောက်ဆုံး သူတို့ အသက်ကြီးလာသောအခါ ဘုရားသခင်က သူတို့ကို သားတစ်ယောက်ပေးခဲ့သည်။ သူ့ကို ဣဇာက် ဟူ၍ ခေါ်ဝေါ်ကြပြီး အလွန်ချစ်ကြသည်။

ဣဇာက်အဖို့ မိဘများက ဇနီးကောင်းတစ်ဦးကို ရှာပေးလိုခဲ့ကြသည်။ မည်သည့် နေရာတွင်ကြည့်ကြည့် မိန်းကလေး များအားလုံးသည် ရုပ်တုများကို ကိုးကွယ်ပြီး ဘုရားသခင့် ပညတ်တော်များကို မလိုက်နာသော မိသားစုများမှ ဖြစ်ကြသည်။ မိဘများက ဣဇာက်အား ဘုရားသခင်ရွေးချယ်ပေးမည့်မိန်းမကိုသာ စိတ်ရှည်စွာစောင့်ဖို့ မှာထားကြသည်။ တစ်ချိန်တည်းတွင် ဣဇာက်ကို ဘုရားသခင့်ပညတ်များကို လိုက်လျှောက်ရန် သင်ပေးခဲ့သည်။ သို့မှသာ သူသည် အလုပ်ကြိုးစားသူ၊ ရိုးသားသူ၊ သစ္စာစောင့်သိသူနှင့် ဘုရားသခင်၏ နောက်လိုက်တစ်ယောက်ဖြစ်လာပေမည်။ ကိုယ်ပိုင်မိသားစု ဖြစ်လာသောအခါ ဣဇက် ကိုယ်တိုင် ခင်ပွန်းကောင်းနှင့် ဖခင်ကောင်းတစ်ဦး ဖြစ်လာဖို့ဖြစ်သည်။

ဣဇာက်အဖို့၊ တန်ခိုးကြီးသောဖန်ဆင်းရှင်ဘုရားသခင်ကို သစ္စာစောင့်သိသည့် ကြင်နာတတ်သောဇနီးကောင်း တစ်ဦးရရှိဖို့ရန် ဘုရားသခင်ထံ အာဗြဟံ ဆုတောင်းခဲ့သည်။ မိမိကျွန် ဧလျာဇာကို ဝေးသောခါရန်မြို့သို့စေလွှတ်ရန် သူဆုံးဖြတ်ခဲ့ သည်။ ထိုအရပ်တွင် ဘုရားသခင်ကို သိပြီး ကိုးကွယ်သော ဆွေမျိုးများရှိနေသည်။

ဘုရားသခင်လမ်းပြပေးဖို့ အာဗြဟံ၊ စာရာ၊ ဣဇာက်နှင့် ဧလျေဇာတို့ ဆုတောင်းခဲ့ကြသည်။ မည်သို့သော အမျိုးသမီးအား တွေ့ရှိမည်ကို သူတို့မသိခဲ့ကြပါ။ ဣဇာက်၏မယား ဖြစ်လာမည့်သူနှင့် သူမနှင့်အတူလိုက်ပါမည့်သူများကို ခေါ်ဆောင်လာ ရန် ကုလားအုပ်ဆယ်စီးကို ဧလျာဇာယူလာခဲ့ပါသည်။

ခါရန်မြို့နှင့် နီးကပ်လာသည်နှင့်အမျှ ဘုရားသခင်ရွေးချယ်ပေးမည့်သူကို အမှတ်အသားပြရန် ဘုရားသခင်ထံ ဧလျာဇာဆုတောင်းခဲ့သည်။ မြို့စွန်၌ ရေတွင်းတစ်တွင်းရှိ၏။ ဧလျာဇာသည် ကုလားအုပ်များကို ရပ်လိုက်၏။ သူအလွန် ရေဆာနေခဲ့သည်။ ကုလားအုပ်များလည်း ရေဆာနေ၏။ ရေတွင်းတွင် ကြင်နာပုံပေါ်သော မိန်းကလေးငယ်တစ်ဦးကို ဧလျာဇာမြင် တွေ့ခဲ့သည်။ သူမအား ရေတစ်ခွက် သူတောင်းခဲ့သည်။ ထိုအခါ သောက်စရာရေကို အမျိုးသမီးက ချက်ချင်းကမ်းပေးခဲ့သည်။ ကုလားအုပ်များအတွက်ပါ သူမ ရေခပ်ပေးခဲ့လေသည်။ ဒါဟာ အမျိုးသမီးတစ်ဦးအဖို့ အလွန်ကြီးမားတဲ့ အလုပ်တစ်ခုဖြစ်သည်။

ရေဗက္ကာ အမည်ရှိသော ထိုမိန်းမငယ်သည် ဣဇာက်၏ မယားဖြစ်မည်ကို ဧလျာဇာယုံကြည်သည်။ သူမကို လက်ဆောင်အချို့ပေးပြီး သူမ၏ မိသားစု အိမ်မှာ နေဖို့ပြောခဲ့တယ်။ သူမအိမ်ပြန်သွားပြီး အဖေနှင့် အစ်ကိုလာ၍ ဧလျာဇာနှင့် တွေ့ဆုံခဲ့သည်။ အာဗြဟံ၏ ဆွေမျိုးသားချင်းများကို တွေ့ရ၍ ဧလျာဇာအလွန်ပျော်ရွှင်ခဲ့သည်။

ထိုညနေတွင် ဧလျာဇာသည် အာဗြဟံ၏သား ဣဇာက်အဖို့ မိန်းမရှာရန်လာခဲ့ပြီး ဘုရားသခင်က ရေဗက္ကာဆီသို့ ပို့ဆောင်သည်ဟု သူယုံကြည်ကြောင်းပြောခဲ့သည်။ မိသားစုက သူမကို ဣဇာက်နှင့် လက်ထပ်ခွင့် ပြုချင်လား သူမေးခဲ့သည်။ သူတို့က စကားပြောပြီး ဆွေးနွေးကြသည်။ အာဗြဟံသည် ဘုရားသခင်ကို ချီးမြှောက်၍ ပညတ်တော်တို့ကို စောင့်ရှောက်သော သူဖြစ်သည်ကို သူတို့သိသည်။ သူ့သားလည်း အဲဒီလိုပဲလား။ ဟုတ်တယ်၊ ဣဇာက်က သူ့ အဖေလိုပဲ။

မိသားစုဝင်များက သူမ လိုက်သွားချင်သလား ရေဗက္ကကို မေးသည်။ သွားရမည့်လမ်းအတွက် မိမိအား ဘုရားသခင် လမ်းပြမည်ကို သူမ ယုံကြည်ခဲ့သည်။ ထို့ကြောင့် သူမသည် ကုလားအုပ် ကိုစီးပြီး ဧလျာဇာနှင့် ထိုမြို့သို့ပြန်သွားခဲ့သည်။ သူမသည် ဣဇာက်နှင့် တွေ့ဆုံခဲ့ပြီး မကြာမီ သူတို့သည် လက်ထပ်ပြီး သားနှစ်ယောက်နှင့် ကိုယ်ပိုင် မိသားစု ဖြစ်လာခဲ့သည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန် အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

၁။ သားဖြစ်သူ ဣဇက်အဖို့ ကောင်းမွန်သောအနာဂတ်ကို ပိုင်ဆိုင်စေရန် အာဗြဟံနှင့် စာရာတို့ မည်သို့ကူညီခဲ့ကြသနည်း။
၂။ ဧလျာဇာက ရေဗက္ကာကို မည်သို့ရွေးချယ်ခဲ့သနည်း။
၃။ ကောင်းမွန်သောအနာဂတ်ကို ပိုင်ဆိုင်ရန် မည့်သည့်ရွေးချယ်မှုများကို ဣဇက်နှင့် ရေဗက္ကာ တို့လုပ်ဆောင်ခဲ့ကြသနည်း။
၄။ တစ်နေ့တွင် သာယာသောမိသားစုဘဝကို ပိုင်ဆိုင်နိုင်ရန် မည်သည့်ရွေးချယ်မှုများကို သင်လုပ်ဆောင်နိုင်မည်နည်း။
၅။ မိမိ ခင်ပွန်းအဖြစ်ရွေးချယ်မည့်သူတွင် မည်သည့်အရည်အသွေးများကောင်းများ ရှိသင့်သနည်း။
၆။ မိမိ ဇနီးမယားအဖြစ်ရွေးချယ်မည့်သူတွင် မည်သည့်အရည်အသွေးများကောင်းများ ရှိသင့်သနည်း။

ဤသင်ခန်းစာကို ကျွန်ုပ်ယုံကြည်ချက် စာသားဖြင့် အနှစ်ချုပ်ကြပါစို့။ (ထိုစာသားကို ဆရာ/မ က ရှေ့ကလိုက်ဆို၍ ကလေးများ က ဆရာ/မ နောက်မှ လိုက်ဆိုဖို့ဖြစ်သည်။ ထို့နောက် ကလေးများအားလုံး ညီညီညာညာရွတ်ဆိုရန်ဖြစ်သည်။)

**လူသားများသည် ချစ်ခင်မြတ်နိုးခြင်းခံရန် အထူးဖန်ဆင်းခံထားရပြီး မည်သည့်အခါမျှ တစ်ပါးသူ၏ အသုံးချခံ အရာ ဝတ္ထုများ မဟုတ်ပါ။**

**အဖွဲ့လိုက်ဆွေးနွေးခြင်း၊** (ဆရာ/မက ပန်းလှလှလေးတစ်ပွင့်ကို လက်ထဲတွင်ကိုင်ထားရမည်။ အဖူးအငုံသာရှိသေးသည့် မည်သည့်ပန်းကိုမဆို အသုံးပြုနိုင်သည်။) ဆရာ/မ ပြောရန် - အခုဆရာမလက်ထဲကပန်းဟာ ဘုရားဖန်ဆင်းထားတဲ့ မူလလက်ယာလေးအတိုင်းရှိနေတယ်။ လူတွေဟာ နူးညံ့လှပတဲ့ ဒီပန်းလေးနဲ့တူတယ်။ ပန်းကလေးရဲ့ ပွင့်ဖလေးတွေ မပွန်းမပက်မပျက်စီးအောင် ဂရုစိုက်ပေး ရမယ်။ ဒီပန်းလေးက အကုန်လုံး မပွင့်သေးပါဘူး။ မပွင့်သေးတာကို တစ်ယောက်ယောက်က အတင်းလာဆွဲခွါပြီး ပွင့်အောင်လုပ်မယ်ဆို ပန်းကလေးဘာဖြစ် သွားမယ်ထင်လဲ။

မှန်ပါတယ်။ ပန်းကလေး ပျက်စီးသွားလိမ့်မယ်။ ပန်းကလေး အချိန်တန်မှပွင့်လာဖို့ ပန်းပင်ကို တို့တွေ ရေလောင်းပေးရပါမယ်။ တို့ရဲ့ဖိုမသဘာဝဟာလည်း ထို့နည်းတူဖြစ်တယ်။ လှပ တဲ့ဘဝလေးပိုင်ဆိုင်နိုင်ဖို့

အိမ်ထောင်ပြုတဲ့အချိန်အထိ ဖိုမကိစ္စကို ထိန်းသိမ်းဖို့ ကျွန်ုပ်တို့ကို ဘုရားအလိုရှိတယ်။ ပန်းပင်လေးကနေ ပန်းများပွင့်လန်းလာတာကို အချိန်ပေးပြီးစောင့်ရသလို တို့ရဲ့ဖိုမ သဘာဝကိုလည်း အချိန်ယူပြီး ထိန်းသိမ်းရကြပါမယ်။

လူအများစု လက်ခံယုံကြည်ထားတဲ့အချက်တစ်ချက်ရှိတယ်။ ဘာလဲဆိုတော့၊ အမျိုးသမီးတွေက အိမ်ထောင်ကျတဲ့နေ့အထိ မိမိတို့အပျိုရည်မပျက်အောင် ထိန်းသိမ်းဖို့တာဝန်ရှိပြီးတော့၊ အမျိုးသားတွေကျတော့ ထိန်းသိမ်းစရာမလိုပဲ မိမိနှစ်သက်တဲ့သူတွေနဲ့ ဖိုမဆက်စံနိုင်တယ် ဆို တဲ့ ယုံကြည်မှုပဲဖြစ်တယ်။ ဒီလိုယုံကြည်မှုမျိုးကို ဘုရားဘယ်လိုရှုမြင်မယ်ထင်ပါသလဲ။

အမျိုးသမီးအတွက်ဖြစ်စေ၊ အမျိုးသားအတွက်ဖြစ်စေ ဘုရားပေးထားသော ပညတ်ချက်မှာ အတူတူပင်။ သူတို့အားလုံးကို မိမိတို့လူပျိုအပျိုရည်ထိန်းသိမ်းကြဖို့ နှင့် မိမိတို့တွေရဲ့ဖိုမကိစ္စကို အိမ်ထောင်သည်ဘဝရောက်မှသာ ပြုကျင့်ကြဖို့ ကိုယ်တော်အလိုရှိပါသည်။ ယောက်ျား၊ မိန်းမရှိ သမျှတွေကို တန်းတူချစ်ခင်ဂရုစိုက်ပေးကြဖို ကိုယ်တော်လိုလားသည်။ လူသားများကို ဝတ္ထု ပစ္စည်းများသဖွယ် စိတ်ထင်ရာ အသုံးမချရပါ။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး မိမိတို့ညီအစ်ကို မောင်နှမအရင်းအချာများသဖွယ် ဆက်စံကြရပါမည်။

**အဖွဲ့လိုက်လုပ်ဆောင်ခြင်း**

(ဆရာ/မက စာသင်ဘုတ်ပြား(ဘော)ပေါ်တွင် ဘော၏အလယ်တည့်တည့်မှ အထက်အောက် မျဉ်းတစ်ကြောင်းရေးဆွဲရမည်။ မျဉ်း၏တစ်ဖက်တွင်၊ လူသား - အသုံးချခံဝတ္ထုပစ္စည်း ဟူ၍ ရေးသားပြီး၊ မျဉ်း၏အခြားတစ်ဖက်တွင်၊ လူသား - ချစ်ခင်မြတ်နိုးမှုခံထိုက်သူ ဟူ၍ရေးသားပါ။
(ကလေးတစ်ဦးစီ (သို့) ကလေးနှစ်ယောက်တစ်တွဲစီတို့ကို အောက်ပါစာသားများအနက် စာသားတစ်ခုကို ဝေပေးထားပါ။ ထို့နောက် ဘောပေါ်တွင်ဖေါ်ပြထားသည့် အုပ်စုနှစ်စုနှစ်စု အနက် မိမိတို့စာကြောင်းကမည်သည့်အုပ်စုတွင်ပါဝင်သည်ကို ပြောခိုင်းပါ။ သို့မဟုတ် အောက် ပါစာသားများ ရေးထားသည့်စာလိပ်များကို ခွက်တစ်ခုထဲတွင်ရောထည့်ထားပြီး တစ်ဦးချင်း (သို့) တစ်တွဲချင်း နှိုက်ခိုင်းပါ။)

စာလိပ်တစ်ခုချင်းစီတွင် အောက်ပါစာကြောင်းများကို ရေးချပါ။
၁။ အခြားသူများကို ဦးစားပေးခြင်း။
၂။ တစ်စုံတစ်ယောက်သောသူအား အဖိုးအခမပေးပဲ အတင်းအဓမ္မ အလုပ်လုပ်ခိုင်းခြင်း။
၃။ မိုက်ဆာနေသူအား စားစရာပေးခြင်း။
၄။ အိမ်ထောင်သည် စုံတွဲတစ်တွဲက တစ်ဦးအပေါ်တစ်ဦး ကြင်နာသောစိတ်ဖြင့် ဖိုမဆက်စံခြင်း။
၅။ မိမိအရုပ်ကို ကစားချင်နေသော မိမိညီလေး၊ ညီမလေးအား မိမိအရုပ်ကို ကစားခွင့်ပေးခြင်း။
၆။ မိမိနှင့် ဆန့်ကျင်ဘက်လိင်ဖြစ်သောသူနှင့် နှစ်ဦးတည်းနေမည့်အစား အဖွဲ့လိုက်နေခြင်း။
၇။ ရုပ်ရှင်၊ သတင်းစာ (သို့) အင်တာနက်တွင် ဖိုမကိစ္စအကြောင်းအရာများကို ကြည့်ရှုခြင်း။
၈။ ကျောင်းတွင် စာကြိုးစားပြီး မိမိအရည်အချင်းကို တိုးတက်အောင်လုပ်ခြင်း။
၉။ အခြားသူတစ်ဦးအား မဖွယ်မရာအပြုအမူဖြင့် နောက်ပြောင်ခြင်း။
၁၀။ မိသားစုဘဝပိုင်ဆိုင်လာနိုင်ရန် ယခုအချိန်မှစတင်၍ ငွေစုခြင်း။
၁၁။ အခြားသူတစ်ဦးကို ငွေပေးပြီး ဖိုမဆက်စံခြင်း။
၁၂။ ဖိုမကိစ္စများပါဝင်တတ်သည့် အရက်ဆိုင်၊ နိုက်ကလပ်၊ ပါတီပွဲများသို့ တက်ရောက်ခြင်း။
၁၃။ မဖွယ်မရာ ဖိုမကိစ္စများပါဝင်သည့် ရုပ်ရှင်၊ ဇာတ်လမ်းတွဲ၊ သီချင်း၊ သတင်းစာ၊ ဝက်(ဘ်) စိုက်များအား နားထောင်၊ ဖတ်ရှုတ်၊ ကြည့်ရှုခြင်း။
၁၄။ ယောက်ျားအချင်းချင်း ဖိုမဆက်စံခြင်း။
၁၅။ လူဆိုးတစ်ယောက်က အခြားသူတစ်ယောက်ကို သားမယားပြုကျင့်ခြင်း။
၁၆။ မိဘက သွန်သင်ဆုံးမသောအခါ၊ မိဘကို ပြန်လည်ခံပြောခြင်း။
၁၇။ အခြားသူများကို အားပေးခြင်းနှင့် ချီးကျူးစကားပြောခြင်း။
၁၈။ တွေ့မြင်ရသူတွေကို ပြုံးပြ၊ ကြင်နာတတ်သော်လည်း ဖွန်မကြောင်ခြင်း။
၁၉။ ပြဿနာကြုံရသည့်အခါ မိဘနှင့် အစ်ကိုအစ်မများထံ ပြောပြခြင်း။

၂၀။ ကိုယ်ခန္ဓာ၏ လိင်အင်္ဂါနေရာများကို သူစိမ်းလူများက ထိခြင်း၊ ကိုင်ခြင်း။
၂၁။ လိင်တူ ဖိုမဆက်စံခြင်း။
၂၂။ အမျိုးသမီးတစ်ယောက်က မိမိချစ်သူအမျိုးသားအား မိမိတို့လက်ထပ်ကြပြီးမှ ဖိုမဆက်စံဖို့ ဆန္ဒရှိကြောင်း ပြောဆိုနေခြင်း။
၂၃။ အမျိုးသမီးတစ်ယောက်က မလုံမလဲဝတ်စားဆင်ယင်ထားခြင်း။
၂၄။ မိဘ (သို့) လူကြီးတစ်ယောက်ယောက်က ကလေးငယ်တစ်ဦး၏ လိင်အင်္ဂါအစိတ်အပိုင်း များကို ထိကိုင်ဆော့ကစားခြင်း။

လိင်စိတ်(တနာစိတ်)ဖြင့် လူတစ်ဦးကိုကြည့်ရှုခြင်းသည် ပျက်စီးခြင်းကို အမြဲပို့ဆောင်ပါသည်။ တခဏအတွက် စိတ်သာယာမှုပေးနိုင်သော်လည်း အဆုံးတွင် ထိခိုက်နာကျင်မှုများဖြစ်ပေါ်စေ သည်။ တစ်ခါတစ်ရံတွင် ကျောင်းစာများတွင် စိတ်ဝင်စားမှုနည်းပြီး အမှတ်နည်းသည်အထိ ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေနိုင်သည်။ တစ်ခါတစ်ရံတွင် ၎င်းအပေါ် စွဲလှမ်းတတ်လာစေပြီး ဘဝတွင် အောင်မြင်မှုပန်းတိုင်သို့ မရောက်နိုင်တော့သည်အထိဖြစ်စေတတ်သည်။ မိမိ အိမ်ထောင်ရှင်၊ အိမ်ထောင်ရှင်မနှင့် မဟုတ်ပဲ ပြင်ပလူများနှင့် ဖိုမဆက်စံခြင်းအမှုသည် ရောဂါ ရသည်အထိဖြစ်စေနိုင်ပြီး ကျန်းမာရေးအားနည်းစေကာ မလိုလားအပ်သည့် ကိုယ်ဝန်ဆောင် မှုများပါ ရရှိလာစေတတ်သည်။

## သင်ခန်းစာ ၄- ဘဝပုံပြင်




*(ဆရာ/မက ချီအာနှင့် အာရှန်းပုံပြင်ကို ဖတ်ပြပေးပြီး၊ ရုပ်ပုံကားချပ် 4A တွင်ရှိသော ဤရုပ်ပုံ ၅ ခုကို ပြသဖို့ဖြစ်သည်။)*

ချီအာ နှင့် သူ့အစ်ကို အာရှန်း အကြောင်းပုံပြင်တစ်ပုဒ်ကို ပြောပြချင်ပါတယ်။ ပုံပြင်ကိုနားထောင်ရင်း ချီအာရဲ့ အသက်တာ ပြောင်းလဲဖို့ ရွေးချယ်ဆုံးဖြတ်မှုပြုပုံကို စဉ်းစားဆင်ခြင်ပါ။

မင်္ဂလာပါ ကျွန်တော့် နာမည်က ချီအာပါ။ အသက် ၁၃ နှစ်ဖြစ်ပါတယ်။ ကျွန်တော်၏ အစ်ကိုမှာ အာရှန်း ဖြစ်ပါတယ်။ သူက ကျွန်တော့်အတွက် အလွန်ထူးခြားတဲ့သူဖြစ်ပါတယ်။ သူက ၂၁ နှစ်ဖြစ်ပြီး အရာရာမှာ သူ့ကို ကျွန်တော်အားကျ အတုယူရ ပါတယ်။ ဘောလုံး ကစားခြင်းမှအစ ကျောင်းကအလုပ်အိမ်စာကို ဝိုင်းကူခြင်း၊ လူများနှင့် ပြောဆိုဆက်စံတဲ့ပုံတွေပါအစ သူ့ကို ကျွန်တော်အတုယူပါတယ်။ ကျွန်တော့်အဖေက အလွန်ဝေးလံတဲ့ မြို့ကြီးတစ်ခုမှာ အလုပ်လုပ်ပြီး သူ့ကို တစ်လနှစ်ခါသာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော် အချိန်အတော်များများကို အမေနှင့် အစ်ကို အာရှန်းနဲ့သာ ကုန်ဆုံးခဲ့ရပါတယ်။

လွန်ခဲ့တဲ့နှစ်က ကိုအာရှန်းက အမျိုးသမီးကြီးတစ်ယောက်ရဲ့အိမ်ကိုသွားရောက်ပြုပြင်ပေးခဲ့ပါတယ်။ သူက အမျိုးသမီး ကြီးရဲ့သမီး မီလီယာနှင့် တွေ့ဆုံခဲ့ပါတယ်။ သူတို့ အတူတူ အချိန်များစွာ ကုန်ဆုံးကြပြီး၊ မကြာခင်မှာပဲ နှစ်ဖက်သောမိဘများက သူတို့ကို စေ့စပ်ပေးဖို့

ပြောဆိုနေကြတာတွေကို အစ်ကိုအာရွန်းကြားလိုက်ရတယ်။ နှစ်ဖက်စလုံးသဘောတူလျှင် နောက်နှစ်မှာ လက်ထပ်ပေးဖို့ဖြစ်ပါတယ်။ အစ်ကိုရဲ့ရည်းစားဖြစ်သူ မီလီယာဟာ တစ်ခါတစ်လေ ကျွန်တော်တို့အိမ်ကို အလည်လာပြီး ကျွန်တော်တို့အတူ ထမင်းစားကြပါတယ်။ အာရွန်းက သူမကို အမြဲတမ်း ကြင်နာစွာ ပြောဆိုဆက်စံလေ့ရှိပါတယ်။ သူမကို သူဘယ်အခါမျှ မရိုက်နက်ဘူး။ သူမရဲ့ အိမ်မှာ သူမလုပ်ရမည့် အလုပ်တွေရှိတဲ့အခါမှာလည်း အစ်ကိုအာရွန်းက ဝိုင်းကူပေးတယ်။ သူမ အမြဲတမ်းပျော်ရွှင်ဖို့အတွက်ကိုပဲ ကိုအာရွန်းစဉ်းစားပါတယ်။ လွန်ခဲ့တဲ့အပတ်က မီလီယာရဲ့မိခင်ဟာ အစာအိမ်ရောဂါ ဆိုးဆိုးရွားရွား ဖြစ်ခဲ့ပါတယ်။ အာရွန်းက သူမ သောက်ဖို့အတွက် မီးသွေးမှုန့် အရည်ဖျော်ပေးပြီး တိုက်လိုက်တဲ့အခါ သူမ ပိုမို သက်သာလာခဲ့ပါတယ်။

တစ်နေ့တော့ အာရွန်းနှင့် ကျွန်တော် အိမ်ရှေ့မှာ မီးဖိုဖို့ မီးမွေးခဲ့ကြတယ်။ နွေးထွေးသောမီးဖိုလေးနားမှာ ထိုင်ပြီး မီးမငြိမ်းရ လေအောင် ထင်းချောင်းများကို လှည့်ပေးနေပါတယ်။ အာရွန်းက သူ ငယ်ငယ်တုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် အကြောင်းကို ပြောပြလာ ပါတယ်။ ကျွန်တော်မမွေးခင် မိသားစုက အခြားရွာ တစ်ရွာမှာ နေထိုင်စဉ်အချိန်ကပေါ့။ အဲဒီတုန်းက သူက ကျွန်တော့် အသက်အရွယ် လောက်ပဲ ရှိသေးတယ်။ အမျိုးမဟုတ်တဲ့ အဒေါ်နှင့် ဦးလေးလင်မယားနှစ်ယောက်က ကျွန်တော်တို့ မိဘ လယ်လုပ်သွားတဲ့အချိန်ဆိုရင် အာရွန်းကို ထိန်းကျောင်းထားပေးကြသည်။ အဲဒီဦးလေးက သူ့ကို မသင့်တော် သောနေရာများကို လိုက်ကိုင်ပြီး၊ အဲဒီဦးလေးနဲ့အဒေါ်က သူ့ကို အခြားကလေးများကိုလည်း ထိုနည်းတူလိုက်လုပ်ဖို့ အတင်းဖိအား ပေးခဲ့ကြပါတယ်။ ဒါပေမယ် ဒါက မကောင်းတဲ့အရာဖြစ်တယ်ဆိုတာကို အာရွန်း ခံစားမိပြီး သူငြင်းဆန်ခဲ့ပါတယ်။ နောက်ပိုင်းမှာ တော့ အဖေနှင့်အမေတို့က အိမ်မှာပိုနေဖြစ်ကြပြီးတော့ အဲဒီဦးလေးနှင့် အဒေါ် လင်မယားဟာလည်း အဝေးကိုပြောင်းရွှေ့ သွားကြတယ်။

အာရွန်းက ဆက်ပြောပြတယ်။ သူ ၁၆ နှစ် အရွယ်မှာ ရွာကျောင်းမှ သူ့ သူငယ်ချင်းများသည် မကောင်းသောရုပ်ပုံများကို ကြည့်ပြီး သူတို့ရဲ့ ရေဒီယိုမှာလာတဲ့ ညစ်ညမ်းတဲ့စကားများဖြင့် မိန်းကလေးများအကြောင်းပြောထားသောသီချင်းတွေကို လိုင်းဖွင့် နားထောင်လေ့ရှိကြ ပါတယ်။ သူတို့နားထောင်တဲ့သီချင်းတွေကို အာရွန်းနားထောင်ကြည့်တဲ့အခါ မကောင်းတဲ့သီချင်း တွေမှန်း သူသိရှိသွားတယ်။ မကြာခင်မှာပဲ အဲဒီလိုသီချင်းတွေကို စိတ်ပါဝင်စားမှု မရှိတဲ့ သူငယ်ချင်းအသစ်များကို ရှာပြီး သူတို့နဲ့အတူနေခဲ့ပါတယ်။

ကျွန်တော် မွေးလာတော့ အဖေနှင့် အမေ အလုပ်များသောကြောင့် သူက ကျွန်တော့်ကို အထူးဂရုစိုက်ခဲ့တယ်လို့ပြော ပါတယ်။ သူရှင်းပြတယ် သူကျွန်တော့်၏ အညိုရောင် မျက်လုံးကြီးများကို ပထမဆုံး ကြည့်ခဲ့တဲ့အချိန် အဒေါ်နှင့် ဦးလေးပြုခဲ့ သော အရာများကို ကျွန်ုပ်အားမည်သည့် အခါမျှ ပြုမည်မဟုတ်ကြောင်းနှင့် အခြားသူများက ကျွန်တော့်ကို လုပ်လာရင် သူက ခွင့် မပြုဖို့ ဆုံးဖြတ်ထားခဲ့ပါတယ်။ သူသည် အမြဲတမ်း ကျွန်တော့်ကို သင့်လျော်သောနည်းလမ်းဖြင့်သာ ထိသည် - ကျွန်တော့်လက်၊ ခြေထောက်နှင့် ကျောကို နှိပ်နယ် ပေးခြင်း၊ သို့မဟုတ် နည့်သောပွေ့ဖက်မှုပေးခြင်း စသည့်တို့ကို လုပ်ပေးသည်။ ထိုအရာများ သည် ကျွန်တော့်ကို အကူအညီဖြစ်စေပြီး ထိခိုက်စေမည် မဟုတ်ပါ။

သူက မီလီယာကို ကြင်နာစွာ၊ လေးစားမှုဖြင့် ဆက်ဆံခြင်းသည်လည်း အရေးကြီးသည်ကို သိကြောင်းပြောကြား ခဲ့ပါတယ်။ သူက သူမအတွက် ခင်ပွန်းကောင်း တစ်ယောက်ဖြစ်ချင်ပြီး ချစ်ခြင်းမေတ္တာကို အမြဲပြသခဲ့ပါတယ်။ သူက သူတို့ သဘောထားမတိုက်ဆိုင်တဲ့အခါ မျိုးတွေမှာ အချင်းချင်း တိုက်ခိုက်မယ့်အစား၊ ကိုယ်တိုင်အဖြေမရှာနိုင်ရင် လူကြီးတွေကို အကူ အညီတောင်းဖို့ ဆုံးဖြတ်ထားပါတယ်။ မီလီယာဟာ အမျိုးသမီးကောင်းတစ်ဦးဖြစ်ပြီးတော့ သူမကို အခြားဘယ်မိန်းကလေး တစ်ဦးအတွက်နှင့်မျှ ထားခဲ့မည် မဟုတ်ကြောင်း ပြောခဲ့ပါတယ်။ တစ်ခါတစ်ရံ ဘဝ ခက်ခဲတွေ့လျှင်ပင် သူသည် နေ့စဉ် ထိုရွေး ချယ်မှုကိုသာ ပြုလိမ့်မည်ဖြစ်ပြီး သူ့ကို လက်ထပ်ပြီး အတူတကွ မခွဲမခွာ ရိုးမြေကျ ပေါင်းသင်းသွားမည်ဖြစ်ကြောင်း ပြောပြခဲ့ ပါတယ်။

ကျွန်တော့် အစ်ကိုအတွက် အရမ်း ဂုဏ်ယူတယ်၊ တစ်နေ့နေ့မှာ သူ့လိုပဲ ကျွန်တော်လဲ ကြီးပြင်လာဖို့ဆုံးဖြတ်ထားတယ်။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၉ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**လူသားများသည် ချစ်ခင်မြတ်နိုးခြင်းခံရန် အထူးဖန်ဆင်းခံထားရပြီး မည်သည့်အခါမျှ တစ်ပါးသူ၏ အသုံးချခံအရာ ဝတ္ထုများ မဟုတ်ပါ။**

### ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက် ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင်

ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှုလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

ကလေးတို့ရေ၊ မင်းတို့ရဲ့အသက်တာကို ယေရှုလက်ထဲ ဆက်ကပ်အပ်နှံလျှင် မင်းတို့ဟာ စကြာဝဠာဘုရင်ရဲ့ သားသမီးတွေ ဖြစ်လာတယ်ဆိုတာ သတိရပါ၊ အချင်းချင်းကိုလည်း အသိပေးနှိုးဆော်ကြပါ။

(ကလေးများအား မိန်းကလေးအချင်းချင်း၊ ယောကျ်ားလေးအချင်းချင်း နှစ်ယောက်တစ်တွဲ တွဲပေးပါ။) ပြီးလျှင် တစ်ယောက်နှင့် တစ်ယောက်မျက်နှာချင်းဆိုင် ထခိုင်းထားပြီး မိန်းကလေးအတွဲများထဲက မိန်းကလေးတစ်ဦးအား "သင်ဟာ ဘုရင့်သမီးတော် ပဲဖြစ်တယ်" လို့ အခြားမိန်းကလေးတစ်ဦးကို ပြောခိုင်းပါ။ ထို့နောက် အပြောခံရသူကလည်း "မှန်ပါတယ်။ ကျွန်မဟာ ဘုရင့်သမီးတော်လေးပါ။" ဟု ပြန်ပြောခိုင်းပါ။

ယောကျ်ားလေးအတွဲများထဲက တစ်ဦးအား "မင်းဟာ ဘုရင်ကြီးရဲ့ စစ်သည်တော်တစ်ဦးဖြစ်တယ်" လို့ အခြားယောကျ်ားလေး တစ်ဦးကို ပြောခိုင်းပါ။ ထို့နောက် အပြောခံရသူကလည်း "မှန်ပါတယ်။ ကျွန်တော်ဟာ ဘုရင့်စစ်သည်တော်တစ်ဦးဖြစ်ပါတယ်" ဟု ပြန်ပြောခိုင်းပါ။

ထို့နောက် အပြောခံရသူက ပြောသောသူနေရာတွင် တလှည့်ပြန်လည်ပြောဆိုခြင်းဖြင့် နေရာလဲလည် ပြောစေပါ။)

၃။ **အပိတ်ဆုတောင်းချက်** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

ချစ်လှစွာသော အဖဘုရားသခင်၊ ကျွန်ုပ်တို့ကို တမူထူးခြားစွာ ဖန်ဆင်းပေးထားသောကြောင့် ကျေးဇူးတင်ပါ၏။ ဤကဲ့သို့ ကိုယ်တော်အား အစဉ်အမြဲကျေးဇူးတင်တတ်ရန် ကူညီမစတော်မူပါ။ ကျွန်တော်ကြီးပြင်းလာသည်နှင့်အမျှ မိမိကိုယ်ကိုနှင့် အခြားသူများကို ချစ်ခင်လေးစားစွာ အမြဲဆက်စံတတ်ဖို့ မစတော်မူပါ။ မိမိကိုယ်ကို ကျေနပ်ရောင့်ရဲစေရန်အသက်ရှင်ခြင်း ထက် သခင်ယေရှုကို ပိုပြီးချစ်တတ်ရန် ကူညီပေးပါ။ ယေရှု၏ နာမ၌ ဆုတောင်းပါ၏။ အာမင်။



## အခန်း ၂ – ကျွန်ုပ်အား ခံစားချက်မှုများနှင့်ဘုရားဖန်ဆင်းထားသည်

**အဓိကအကြောင်းအရာ** - လူသားများကို ခံစားချက်များနှင့်တကွ ဘုရားဖန်ဆင်းထား၏။

**သင်ခန်းစာ ၅၊ ကျွန်ုပ်ခံစားချက်များကို ကျွန်ုပ်ဖော်ထုတ်ပြောပြနိုင်သည်။** - ခံစားချက်များကို မည်သို့ ပြုလုပ်သင့်ပါသနည်း။ မိမိတို့ ခံစားချက်များကို နည်းလမ်းအမျိုးမျိုးဖြင့် လူများဖော်ထုတ်တတ်ကြသည်။ (ဒါဝိတ်၊ ရှောလု နှင့် ယောနသန်)။ ကျွန်ုပ်ယုံကြည်ချက် “ကျွန်ုပ်၏ခံစားချက် မည်သို့ပင်ရှိနေပါစေ မိမိကိုယ်ကိုသော်၎င်း၊ သူတစ်ပါးနှင့် ဝတ္ထု ပစ္စည်းများကိုသော်၎င်း မထိခိုက်ရန်ရွေးချယ်ပါမည်။”

**သင်ခန်းစာ ၆၊ ကျွန်ုပ် အကူအညီတောင်းခံနိုင်သည်။** - ခံစားချက်များကို မည်သို့ပြုလုပ်သင့်ပါ သနည်း။ မိမိတို့၏ ခံစားချက်များကို စိတ်ချယုံကြည်ရသူများထံ ပြောပြနိုင်သည်။ ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့်ပြောပြနိုင်သည်။ (မျက်မမြင် ဗာတိမဲ)။ ကျွန်ုပ်ယုံကြည်ချက်စာသား “အချို့သောခံစားချက်များကား ကိုင်တွယ်ရန်ခက်ခဲလှသည်။ သို့သော် အမြဲတမ်း အကူအညီတောင်းခံနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။”

**သင်ခန်းစာ ၇၊ ပျော်စရာအတွေးများကို ကျွန်ုပ်ရွေးချယ်နိုင်သည်။** - အတွေးများသည် အလွန်တန် ခိုးကြီးသည်။ ၎င်းသည် စိတ်နှင့်ခန္ဓာကိုယ် ပျော်ရွှင်ကျန်းမာစေနိုင်သလို၊ ဝမ်းနည်းကြေကွဲစေနိုင်သည်။ (ပေါလုနှင့် သီလ)။ ကျွန်ုပ်ယုံကြည် ချက်စာသား၊ “အဆိုးမြင်သောအတွေးများကို အကောင်းမြင်သော ပျော်ရွှင်စေသည့် အတွေးများဖြင့် အစားထိုးရန် သင်ယူနိုင် သည်ဟု ကျွန်ုပ်ယုံကြည်သည်။

## သင်ခန်းစာ ၅ - ကျွန်ုပ်ခံစားချက်များကို ကျွန်ုပ်ဖော်ထုတ်ပြနိုင်သည်။

| | |
|---|---|
| **သင်ခန်းစာ ၅ အဓိကအကြောင်းအရာ** | ခံစားချက်များကို မည်သို့ ပြုလုပ်သင့်ပါနည်း။ မိမိတို့ခံစားချက်များကို နည်းလမ်းအမျိုးမျိုးတို့ ဖြင့် လူများဖော်ထုတ်တတ်ကြသည်။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• ကျွန်ုပ်တို့၏ ခံစားမှုများကို ဖော်ထုတ်ပြဖို့လိုသည်။<br>• ခံစားချက်များ ဖော်ထုတ်ပြရာတွင် အပြုသဘောဆောင်သည့်နည်းလမ်းများဖြင့် နည်းများကို ကျွန်ုပ်တို့ကျင့်သုံးနိုင်သည်။ |
| **သတင်းစကား** | လူတိုင်းလူတိုင်းတွင် ခံစားချက်များ ရှိဖူးကြသည်။ သို့ရာတွင် ခံစားချက်များဖော်ပြပုံခြင်းကား မတူပါချေ။ ခံစားချက်ကိုဖော်ထုတ်ရာတွင် သင့်လျော်သည့်နည်းလမ်းရှိသလို မသင့်လျော် သည့်နည်းလည်း ရှိပေသည်။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ၊<br>• ကလေးများ မိမိတို့ခံစားချက်များကိုဖော်ထုတ်ရာတွင် အပြုသဘောဖြင့်ဖော်နိုင်ဖို့အ တွက် သူတို့အတွက် အထောက်အကူဖြစ်စေမည့် ပစ္စည်းများ - ဥပမာ၊ မှတ်စုစာ အုပ်၊ ခေါင်းစည်းပုဝါ၊ အိမ်သာသုံးစက္ကူလိပ်၊ ညှပ်ဖိနပ်၊ ခေါင်းအုံး (သို့) အပျော့စားကစားစရာအရုပ်၊ ဖုန်း၊ ကြိုးခုန်အားကစားအတွက် ကြိုး၊ ဘောပင်၊ စာရွက်၊ ရောင်စုံ၊ အရွယ်ခပ်ကြီးကြီး အနီရောင်အသဲပုံ၊ ကျမ်းစာအုပ်။<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• အဖွဲ့ပုံဆွဲရာတွင်အသုံးပြုရန်လိုသည့် ပုံဆွဲပစ္စည်းများ<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်<br>• အရုပ်တစ်ခုခု (သို့) ပစ္စည်းတစ်ခုခု<br>• တွဲဖက်လုပ်ရှားမှု - ကလေးငယ်များအတွက် စိတ်ဖိစီးမှုလျော့ချပေးသည့် စာရွက်၊ (Stress Busters for Kids Sheet) |
| **ပြင်ဆင်ချက်** | ကျွန်ုပ်ယုံကြည်ချက် စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။<br><br>**ကျွန်ုပ်၏ခံစားချက် မည်သို့ပင်ရှိနေပါစေ မိမိကိုယ်ကိုသော်၎င်း၊ သူတစ်ပါးနှင့် ပစ္စည်းဥစ္စာများကိုသော်၎င်း မထိခိုက်ရန်ရွေးချယ်ပါမည်။**<br><br>တွဲဖက်လှုပ်ရှားမှုအတွက်စာရွက်ကို ဤသင်ခန်းစာ၏အဆုံး ထည့်သွင်းထားပေးပါသည်။ ပြန်လည်မိတ္တူကူးယူပါ။ |

## အဖွင့်လှုပ်ရှားမှုများ (Opening Activities)

### ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ဘုရားအလိုတော်နှင့်ညီတဲ့ဖိုမသဘာဝသင်ခန်းစာထဲက ဘာအကြောင်းတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**လူသားများသည် ချစ်ခင်မြတ်နိုးခြင်းခံရန် အထူးဖန်ဆင်းခံထားရပြီး မည်သည့်အခါမျှ တစ်ပါးသူ၏ အသုံးချခံ အရာဝတ္ထုများ မဟုတ်ပါ။**

### ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

### ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

ကျွန်ုပ်တို့ကို ခံစားချက်များနှင့်တကွ ဘုရားသခင်ဖန်ဆင်းထားသည်။ ယနေ့တွင် ခံစားချက်များအကြောင်းကို ဆွေးနွေးသွားကြမည်ဖြစ်သည်။ မဆွေးနွေးမီ၊ စာသင်ခန်းစည်းကမ်းတစ်ချို့ကို အရင်အဦးထုတ်ပြန်ဖို့လိုသည်။

- ဒီကျောင်းခန်းဟာ ခံစားချက်များကို ဖေါ်ထုတ်ပြဖို့ လုံခြုံသောနေရာတစ်ခုဖြစ်တယ်။ သူငယ်ချင်းပြောပြတဲ့အရာကိုနားထောင်ပြီး အချင်းချင်းလောင်ပြောင်တာ အတင်းတုတ်တာ မလုပ်ရဘူး။
- ကိုယ်ခံစားချက်ကို ထုတ်ပြောဖို့ စိတ်မသက်မသာဖြစ်နေရင် ထုတ်ပြောဖို့မလိုဘူး။
- ဆရာ/မဆီမှာ ကိုယ့်ခံစားချက်ကို ထုတ်ပြောချင်ရင် အချိန်မရွေးထုတ်ပြောနိုင်ပါတယ်။

(ဤစည်းကမ်းသုံးချက်ကို ကျောင်းခန်းထဲတွင် ကပ်ထားဖို့ကောင်းပါသည်။)

(ကလေးများအား ကြမ်းပြင်ပေါ်တွင် အဝိုင်းအနေအထားဖြင့် ထိုင်ခိုင်းလိုက်ပြီး၊ အဝိုင်းအလယ်တွင် အောက်ဖေါ်ပြပါ ပစ္စည်း တစ်ခုခုကို ထားလိုက်ပါ။ - မှတ်စုစာအုပ်၊ ခေါင်းစည်းပုဝါ၊ အိမ်သာသုံးစက္ကူလိပ်၊ ညှပ်ဖိနပ်တစ်ရံ၊ ခေါင်းအုံ (သို့) အပျော့စား ကစားစရာအရုပ်၊ ဖုန်း၊ ကြိုးခုန်အားကစားအတွက် ကြိုး၊ ဘောပင်၊ စာရွက်၊ ရောင်စုံ၊ အရွယ်ခပ်ကြီးကြီး အနီရောင်အသဲပုံ၊ ကျမ်းစာအုပ်။)

တို့တတွေရဲ့ ခံစားချက်တွေကို ကောင်းမွန်တဲ့နည်းလမ်းတွေနဲ့ ဖေါ်ပြတတ်ဖို့အတွက် ဒီနေ့မှာ ဒီပစ္စည်းတွေကိုအသုံးပြု ပြီး သင်ယူကြမယ်။ ခံစားချက်တွေကို ကောင်းမွန်တဲ့နည်းလမ်းတွေနဲ့ ဖေါ်ပြတဲ့နေရာမှာ ဒီပစ္စည်းတစ်ခုချင်းစီက တို့တတွေကို ဘယ်လိုအထောက်အကူဖြစ်စေနိုင်မှာလဲ။ (ပစ္စည်းတစ်ခုချင်းစီကို ကိုင်မြှောက်ပြပြီး ၎င်းအား မိမိခံစားချက်ကို ဖေါ်ပြရာတွင် ကလေးများ မည်သို့အသုံးပြုနိုင်သည်ကို မေးမြန်းပါ။ အောက်တွင် ဥပမာပေးထားပါသည်။)

- မှတ်စုစာအုပ် - မိမိခံစားချက်များကို ထိုစာအုပ်ထဲတွင် ဒိုင်ယာယီ (သို့) ကဗျာအဖြစ် ရေးထည့်ထားနိုင်သည်။
- ပုဝါ - မိမိမျက်နှာကို ဖုံးထားထားပြီး ဆုတောင်းနိုင်သည်။
- အိမ်သာစက္ကူလိပ် - စက္ကူများပေါ် ငိုချလိုက်နိုင်သည်။ ငိုနိုင်ပါသည်။
- ညှပ်ဖိနပ် - ဖိနပ်ဝတ်ပြီး ကာယအလုပ်တစ်ခုခု လုပ်နိုင်သည်။
- ခေါင်းအုံး (သို့) ပျော့သောကစားစရာတစ်ခုခု - ဝမ်းနည်းသည့်အခါ ၎င်းအပေါ် သင်ငိုချလိုက်နိုင်သည်။
- ဖုန်း - သင်ယုံကြည်ရသူ တစ်ယောက်ယောက်ကို ခေါ်ပြီး သင့်ခံစားချက်များကို ပြောပြနိုင်သည်။
- ကြိုးခုန်အားကစားအတွက် ကြိုး - စိတ်ပြေလက်ပျောက် ကြိုးခုန်နိုင်သည်။
- ဘောပင်နှင့် စာရွက် - သင့်ခံစားချက် စာသားတစ်ခုကို စာရွက်ပေါ်ရေးချပြီး သင် ယုံကြည်ရသူထံ ပေးလိုက်ပါ။ သို့မဟုတ် နံပတ် ၁ မှ ၅၀ အထိ ရေးချပါ။
- ပုံဆွဲစာရွက်နှင့် ရောင်စုံခဲတံများ - သင်ခံစားရသည့်အရာကို ပုံဖြင့်ရေးခြယ်ပါ။
- ခပ်ကြီးကြီး အသဲနှလုံးပုံတစ်ခု - သင်ချစ်ရသူ တစ်ဦးကို သွားစကားပြောပါ သို့မဟုတ် သင့်အား ပွေ့ဖက်ထားခိုင်းပါ။
- ကျမ်းစာအုပ် - ကတိတော်နှင့်ဆိုင်သော ကျမ်းချက်တစ်ချက်ကို ရှာဖွေပါ။

အခြားသူတစ်ယောက်ယောက် (သို့) သူများအပိုင်ပစ္စည်းတစ်ခုခုကို ထိခိုက်စေခြင်းဖြင့် မိမိခံစားချက်များကို ဖော်ထုတ်သည့် နည်းလမ်းသည် မမှန်ကန်ပါချေ။ ပစ္စည်းများကို လွှင့်ပစ် (သို့) ဖျက်ဆီးခြင်း၊ အခြားသူတစ်ယောက်အား နာကျင်အောင် ပြောဆိုခြင်းတို့သည် မမှန်ကန်ပါ။ မိမိကိုယ်ကိုနာကျင်အောင်ပြုလုပ်ခြင်းဖြင့် ခံစားချက်ကိုထုတ်ဖော်ခြင်းနည်းလမ်းသည်လည်း မမှန်ပါချေ။ အရက် သို့မဟုတ် မူးယစ်စေသော အရာများ သုံးဆောင်ခြင်း၊ မိမိကိုယ်ကို နာမကျန်းအောင်နေထိုင်ခြင်း၊ မိမိကိုယ်ကို အန္တရာယ်ပြုမည့်နည်းလမ်းကို ရှာကြံခြင်း တို့သည့် ဘယ်အခါမျှ နည်းလမ်းကောင်းများ မဖြစ်နိုင်ပါချေ။ ထိုအစား နည်းလမ်းကောင်းများကို အသုံးပြုကြပါစို့။

**အဖွဲ့ငယ်လှုပ်ရှားမှု၊**

(“စဉ်းစားစေခြင်း၊ တွဲပေးခြင်း၊ ဝေငှခိုင်းခြင်း”ကို အသုံးပြုပါ။ ကလေးများကို နှစ်ယောက် တစ်တွဲ တွဲ ပေးပါ။ ဆရာ/မက အောက်ပါ အခြေအနေပြစာကြောင်းများကို ဖတ်ပြပေးနေစဉ် တွဲပေးထားသော ထို အတွဲများအား သေချာစွာ နားထောင်စေပါ။ သူတို့ကို ၂ မိနစ်ခန့်အချိန်ပေး ပြီး၊ ထိုအခြေအနေတွင် သူတို့ဖြစ်နေလျှင် သူတို့မည်သို့ ခံစားရမည်၊ ထိုအခြေအနေကို သူတို့မည်သို့ကိုင်တွယ်ကြမည်ကို သူတို့ အား စဉ်းစားဆွေးနွေးခိုင်းပါ။ အပေါ်တွင်ပေးထား သော ပစ္စည်းများအား သူတို့အဘယ်သို့ အသုံးပြုကြ မည်နည်း။

အောက်ပါတို့သည် ခက်ခဲသည့်အခြေအနေရပ်များပင်ဖြစ်သည်။ ထိုအခြေအနေများတွင် သင်မည်သို့ ခံစားရ မည်နည်း။ သင့်ခံစားမှုများအား မည်သို့ကိုင်တွယ်မည်နည်း။

၁။ ကျောင်းသားတစ်ဦးက ကျောင်းတွင်ပထမ မရသောကြောင့် မိဘများက သူ့ကိုအော်ငေါက် ကြသည်။
၂။ ကျောင်းသားတစ်ဦးက အခြားကျောင်းသားတစ်ဦးကို သရော်ပြီးဟာသလုပ်နေသည်။
၃။ မိန်းကလေးတစ်ဦးက နှစ်များစွာ မတွေ့ရတော့သည့် သူမ၏အဘွားနှင့် ပြန်ဆုံတွေ့သည်။
၄။ သင့်ခွေးလေး အခိုးခံလိုက်ရ၍ (သို့) ခွေးဖမ်းသူဖမ်းဆီးသွား၍ ပျောက်သွားသည်။
၅။ အင်္ကျီ အဝတ်အစားအသစ် (သို့) ဆေးဝါးဝယ်ယူဖို့ သင်၌ ပိုက်ဆံမရှိပါ။
၆။ ယောကျ်ားလေးတစ်ယောက်ကို သူ့အဒေါ်က အကောင်းဆုံးအစားအသောက်များဖြင့် ခေါ်ဖိတ်ကျွေးမွေးသည်။ သူ့အား ကြိုက်သလောက်စားခိုင်းသည်။
၇။ ရွာတွင်ရှိသော သင့်အမျိုးများထံသွားရောက်လည်ပတ်ဖို့ သင့်ကို သင့်ဖခင်လာကြိုသည်။
၈။ မုန့်ဝယ်ဖို့ သင တန်းစီနေစဉ် သင့်အနောက်ကလူက သင့်အရှေ့တွင်ဖြတ်ဝင်ပြီး နောက်ဆုံး ကျန်ခဲ့ သော မုန့်ကို ယူသွားသည်။
၉။ သင့်မွေးနေ့ကျရောက်လာ၍ သင့်မွေးနေ့ပွဲကျင်းပပေးမည်။
၁၀။ သင့်အတွက် စိတ်ကသိကအောင့်ဖြစ်စေသည့် ထိကိုင်မှုမျိုးကို သင့်အား တစ်စုံတစ် ယောက်ပြုနေ သည်။
၁၁။ သင့်အိမ်တွင် မှောင်မည်းနေပြီး အသံများကို သင်ကြားနေရသည်။
၁၂။ ကျောင်းသားတစ်ဦး မိုက်ဆာဆာဖြင့် အိမ်ပြန်ရောက်လာသောအခါ အိမ်တွင် သူအဖို့စား စရာဘာမျှ မရှိပါ။
၁၃။ မိန်းကလေးတစ်ဦးသည် သူမမိခင်၏စွန့်ပယ်ခြင်းကိုခံရသည်။ မိခင်နောက်သို့ သူမ လိုက်သွားလို သည်။
၁၄။ (အခြားသောအခြေအနေများ - ဆရာ/မက ကျောင်းသားများတွင် အတွေ့များသည့် အခြေအနေ တစ်ခု ကို တင်ပြနိုင်သည်။)

ခံစားချက်များကို ဖော်ပြနိုင်သည့်နည်းလမ်းအမျိုးမျိုးရှိသည်။ ထိုနည်းလမ်းများအနက် အကောင်းဆုံး နည်းလမ်း ကို ရှာကြံဖို့လိုသည်။ ဦးစွာ၊ ခံစားချက်ဖော်ပြရာတွင် ရှိသင့်ရှိအပ်သည့် စည်းမျဉ်းကို ကျွန်ုပ်တို့ သိထားရမည်။ ထိုစည်းမျဉ်းကို အတူတူ ပြောကြည့်ကြပါစို့။ “ကျွန်ုပ်၏ ခံစားချက်များကို အခြားသူတစ် ယောက်အား နာကျင်စေခြင်းဖြင့်၄င်း၊ ကိုယ်ကိုနာကျင်စေခြင်း ဖြင့်၄င်း၊ ပစ္စည်းများကို ဖျက်စီးပစ်ခြင်း ဖြင့်၄င်း ဘယ်အခါမျှ ကျွန်ုပ် မဖော်ပြပါ။ ခံစားချက်များ ကို ကိုင်တွယ်ရာတွင် ကောင်းသောနည်းလမ်းကို ကျွန်ုပ်ရွေးချယ်နိုင်သည်။

ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။ (ထိုစာသားကို ဆရာ/မ က ရှေ့ကလိုက်ဆို၍ ကလေး များက ဆရာမနောက်မှ လိုက်ဆိုဖို့ဖြစ်သည်။ ထို့နောက် ကလေးများအားလုံး ညီညီညာညာရွတ်ဆိုဖို့ဖြစ်သည်။)

**ကျွန်ုပ်၏ခံစားချက် မည်သို့ပင်ရှိနေပါစေ မိမိကိုယ်ကိုသော်၄င်း၊ သူတစ်ပါးနှင့် ပစ္စည်းဥစ္စာများကို သော်၄င်း မထိခိုက်ရန်ရွေးချယ်ပါမည်။**

## သင်ခန်းစာ ၅ – ဘဝပုံပြင်

### ဘိုရာ၏ပုံပြင်

ရုပ်ပုံပြကားချပ်
5A



*(ဆရာ/မက ဘိုရာ၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ရုပ်ပုံကားချပ် 5A တွင်ရှိသော ဤရုပ်ပုံ ၁၂ ခုကို ပြသဖို့ဖြစ်သည်။)*

ပုံပြင်ကို ဖတ်ပြနေစဉ်၊ ဘိုရာအနေဖြင့် မိမိ၏အဆိုးဆုံးအခြေအနေကို မိခင်ဖြစ်သူထံ သူမည်သို့ပြောပြခဲ့သည်ကို သတိပြုပါ။

"ကျွန်တော့်ရဲ့ အဆိုးဆုံးနေ့ဘဲ အမေ"ဟု ဘိုရာ ငိုကာပြောခဲ့သည်။ "ဘာကြောင့်လဲ" သူ့အမေက မေးခဲ့တယ်။ "ကျွန်တော် စက်ဘီး မှောက်ပြီး ပြင်လိုက်ရတယ်။ ကျောင်းကို ရောက်တဲ့ အချိန်မှာ သူတို့က ကျွန်တော်မပါဘဲ Elephant မြစ်ကို ထွက်ခွာသွားတဲ့အတွက် ကလေးငယ်တွေရဲ့ အတန်းထဲမှာ ကျွန်တော်ကျန်ရစ်နေခဲ့ရတယ်။

"အို၊ အရမ်းဆိုးတာပဲ"ဟု အမေကပြောလိုက်တယ်။ ဘိုရာက "အဲဒီထက်ပိုဆိုးတယ်၊ အတန်းထဲမှာ အဲလီက သူ့ သူငယ် ချင်းတွေနဲ့ စကားပြောနေကြတာကို ဆရာကလှည့်ပြီး အဲလီကို စကားမပြောဖို့ ပြောလိုက်ချိန် အဲလီက "ဘိုရာ၊ နင် အတန်း ထဲမှာ စကားမပြောနဲ့" လို့ပြောလိုက်တယ်။ အဲ့တာနဲ့ ဆရာက ကျွန်တော်စကားပြောတယ်ထင်ပြီး ကျွန်တော့်ကို လာဆူ လိုက်တယ်။
"ဟင်း" အမေက အနီးကပ် နားထောင်နေတယ်။

အားလပ်ချိန်မှာ သူတို့ ဂေါ်လီ ကစားဖို့ ဆုံးဖြတ်ကြတယ်၊ ဂေါ်လီတစ်လုံးထဲရှိပြီး ကစားသမားများလွန်းနေတော့ တစ်ယောက်ကို သူတို့ထွက်ခိုင်းခဲ့ကြတယ်။ "အဲဒီတစ်ယောက်က သားပဲလား"လို့ အမေက မေးလိုက်တယ်။ "ဟုတ်တယ်" ဘိုရာ က ပြန်ဖြေတယ်။ သူ့ပါးပြင်မှ မျက်ရည်များ ဆီးကျလာသည်။

"ပြီးတော့ သင်္ချာ မှာကျွန်တော် C⁻ ရလို့ ရှိနီက ကျွန်တော်ကို တုံးတယ်လို့ ပြောခဲ့တယ်။ အို အမေ၊ ကျွန်တော့်ရဲ့ အဆိုးဆုံးနေ့က မပြီးသေးဘူး။ ကျောင်းကနေ အိမ်ပြန်လာတဲ့လမ်းမှာ အနိုင်ကျင့်တဲ့ သူနစ်ယောက်က အရှိန်နဲ့လာပြီး ကျွန်တော့် စက်ဘီးခြင်းတောင်းထဲက ကျွန်တော် အရမ်းကြိုက်တဲ့ တိရစ္ဆာန်ရုပ်ကို လုသွားတယ်။ ပြီးတော့ သံချောင်းနဲ့ ကျွန်တော့်ကျောင်း ဝတ်စုံကိုသူတို့ ချိတ်လိုက်လို့ အင်္ကျီပါ ပြဲသွားတယ်။

ဘိုရာ မျက်ရည်များကို ပြန်ထိန်းထားပေမယ့် မျက်ရည်များက သူ့ရဲ့ပါးပြင်ပေါ် ထွက်ကျလာတယ်။ အမေက သူ့ကို အချိန်တော်တော်ကြာ ပွေ့ဖက်ထားခဲ့တယ်။

ပြီးနောက် မေးခွန်း တစ်ခုမေးလိုက်တယ် " အတော်ဆုံးသူကို ရွေးရမယ်ဆိုရင် အမေဘယ်သူ့ကို ရွေးမယ်ထင်လဲ"။ ဘိုရာက "ဆီးရော့" လို့ပြောလိုက်တယ်။ "သူမက အမြဲတမ်း ကျောင်းမှာ A ရတယ်။ သူမက ပြေးတာ၊ ကြိုးခုန်တာလဲ အတော်ဆုံးဘဲ။" လို့ပြောခဲ့တယ်။

"မဟုတ်ဘူး" အမေကပြောလိုက်တယ်။ "နောက်တစ်ခေါက် ခန့်မှန်းကြည့်ပါအုံး။ "ကြည့်ရအကောင်းဆုံးသူကို ရွေးရမယ်ဆိုရင် အမေဘယ်သူ့ကိုရွေးမယ်ထင်လဲ။"

ထိုအခါ ဘိုရာက၊ "မီလျက် ပဲဖြစ်မယ်အမေ။ သူ့မှာက ကိုယ်ပိုင် စက်ဘီးနှင့် နောက်ဆုံးပေါ် ဖုန်းရှိတယ်။ သူအမြဲတမ်း နောက်ဆုံးပေါ် ပုံစံတွေနှင့် နေတယ်။"

"မဟုတ်ဘူး" အမေကပြောလိုက်တယ်။ "နောက်တစ်ခေါက် မှန်းကြည့်အုံး။" "အရဲရင့်ဆုံးသူကို ရွေးရမယ်ဆိုရင် အမေဘယ်သူ့ကိုရွေးမယ်ထင်လဲ။"

"အို၊ ဘလာကီ ပေါ့အမေရယ်။" လို့ ဘိုရာကပြောတယ်။ သူက ဘာကိုမှ မကြောက်တတ်ဘူး။ သူက အမြင့်ဆုံးကျောက် ဆောင်ပေါ်ကနေ ပင်လယ်ထဲကို ခုန်ချပြီး ရေရဲ့ အနက်ဆုံးပိုင်းထိ ကူးသွားနိုင်တယ်။

"မဟုတ်သေးဘူး"ဟုပြောရင်း အမေက အပြုံးကြီးပြုံးနေသည်။ အမေက "အရမ်းထူးခြားတဲ့အနာဂတ်ကို ပိုင်ဆိုင်သူ၊ တကယ့်ကို ရဲရင့်တဲ့သူ၊ အရမ်း ကျမ်းကျင်ပြီးတော်တဲ့သူကို ရွေးရမယ်ဆိုရင် အမေဘယ်သူ့ကို ရွေးမယ်လို့သားထင်လဲ။ "အမြဲ တမ်းသားကိုပဲ အမေ ရွေးလိမ့်မယ်။"

"ငါလဲအတူတူပဲ"လို့ အိမ်ရှေ့တံခါးကနေ အဖေ့အသံကို ဘိုရာကြားလိုက်ရသည်။
"ဖေဖေ၊ ဖေဖေက အိမ်ပြန်ရောက်ပြီးဟော့။"ဟု ဘိုရာ ကြွေးကြော်လိုက်တယ်။
"ဒါကို လမ်းဘေးချုံပုတ်မှာ ငါကောက်ရခဲ့တာ။" အဖေက ကစားစရာအရုပ်တစ်ခုကို ဘိုရာဆီ ပစ်ပေးလိုက်သည်။
"အို၊ အဲဒါ ကြာပန်းအရုပ်လေးဘဲ။"
အဖေက "မင်းတစ်ခုခု သိချင်လား"ဟုမေးတယ်။
"အင်း" ဘိုရာက စိတ်အား ထက်သန်စွာ ပြန်ဖြေသည်။
"ဘုရားသခင်က မင်းကို အဆိုးဝါးဆုံးနေ့မှာရော အကောင်းဆုံးနေ့တွေမှာပါ ရွေးချယ်လိမ့်မယ်နော်။ သားရေ၊ ပျော်စရာ ကောင်းတဲ့ Elephant မြစ်ကို သွားပြီး ပျော်ပွဲစားထွက်ကြမလား။"

ဘိုရာက "တကယ်လား' လို့ ပျော်ရွှင်စွာ ပြောခဲ့တယ်။ "ဝိုး၊ ဒါက အကောင်းဆုံးနေ့ တစ်နေ့ဘဲ" လို့ပြောလိုက်ပါတယ်။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲတံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲမည့်နေရာ အဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက်ပုံဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)

**အလွတ်ကျမ်းချက်၊** သုတ္တံကျမ်း ၁၆း၃၂ "စိတ်ရှည်သေသူသည် ခွန်အားကြီးသောသူထက်၎င်း၊ မိမိစိတ်ကို ချုပ်တည်းသောသူသည် မြို့ကိုတိုက်ယူသောသူထက်၎င်း သာ၍ကောင်း၏။"

("အဖွဲ့မှ အဖွဲ့သို့" နည်းစနစ်ကို အသုံးပြုပြီး ဤကျမ်းချက်ကို ကလေးများအား ဆရာ/မက သင်ကြားပေးနိုင်သည်။ ကျမ်းချက်ကို ဘောပေါ်တွင်ရေးချပါ။ ကလေးများအားလုံးကို ထခိုင်းပြီး ကျမ်းချက်ကို အကြိမ်ကြိမ်ရွတ်ဆိုခိုင်းပါ။ ထို့နောက် ကလေးတစ်ဝက်ကို ထိုင်ခိုင်းလိုက်ပါ။ အခြားတဝက်ကိုမူ ထိုင်နေသည့်အဖွဲ့ဘက်သို့ မျက်နှာမူစေပြီး ကျမ်းချက်ကို အလွတ်ရွတ်ပြ ခိုင်းပါ။ ထို့နောက် ထိုင်သည့်အဖွဲ့ တလှည့်ပြန်ထခိုင်းပြီး ထို့နည်းတူ ရွတ်ပြခိုင်းပါ။)

# သင်ခန်းစာ ၅ – ကျမ်းစာပုံပြင်

**ဒါဝိတ်၊ ရှောလုနှင့် ယောနသံ**

ရုပ်ပုံပြကားချပ် 5A





*(ဆရာ/မက ဒါဝိတ်၊ ရှောလုနှင့် ယောနသံ ပုံပြင် (၁ဓမ္မ ၁၈-၂၀) ကိုဖတ်ပြ (သို့) ပြောပြရန်ဖြစ်သည်။ သို့မဟုတ်၊ ပုံပြင်ကိုပြောပြ နေစဉ်တွင် ကလေးများက ပုံပြင်၏တချို့နေရာများ သရုပ်ဖော်နိုင်သည်။ ပုံပြင်ပြောပြရာတွင် အဓိကအချက်များနှင့်တကွ အောက် ပါအတိုင်းပြောဆိုနိုင်ပါသည်။ ရုပ်ပုံကားချပ် 5B တွင်ရှိသော ဤရုပ်ပုံ ၆ ခုကို အသုံးပြုပါ။)*

ပုံပြင်ကို ပြောပြနေစဉ် ပုံပြင်ပါဇာတ်ကောင်များက မိမိတို့၏ခံစားချက်များအား မည်သို့ကိုင်တွယ်ခဲ့ကြသည့်ကို သတိပြုကြပါစို့။

ဣသရေလနိုင်ငံ၏ ပထမရှင်ဘုရင်ကား ရှောလုဖြစ်သည်။ သူသည် ခန့်ညားသောသူဖြစ်ပြီး စစ်မှန်သော ဘုရားသခင်ကို ကိုးစားယုံကြည်ခြင်းဖြင့် အသက်တာကို စတင်ခဲ့သူဖြစ်သည်။ နောက်ပိုင်းတွင် ဘုရားစကားနားမထောင်တော့ဘဲ သူ့ဘဝတွင် ပြဿနာများစွာ စတင်တော့သည်။ ညစ်ညူးသောနတ်သည် သူ့ကို နှောင့်ယှက်နေခဲ့သည်။ သူ၏ ကျွန်များက စိတ်ငြိမ်စေသော ဂီတကို တီးခတ်ပေးနိုင်မည့် ပညာရှင်ကို ခေါ်သင့်ကြောင်း အကြံပေးခဲ့သည်။ ဒါဝိဒ်အမည်ရှိသော သိုးထိန်းကလေးသည် စောင်းတီးကာ ရှင်ဘုရင်အားကူညီပေးခဲ့သည်။ ဆုတောင်းခြင်းနှင့် သီချင်းသီဆိုခြင်းအားဖြင့် ဘုရားသခင်ထံ မိမိ၏ပြဿနာများကို ပြောပြတတ်ဖို့ ဒါဝိဒ် သင်ယူခဲ့သည်။ မိမိနေရာအစားတွင် ဒါဝိတ်အား ဘုရားသခင်ရွေးချယ်ခဲ့သည်ကို ရှောလုမင်း မသိခဲ့ပေ။

ဂေါလိယအမည်ရှိသော ဧရာမလူသန်ကြီးကို တိုက်ခိုက်ပေးခြင်းဖြင့် ရှောလုကို ဒါဝိတ်ကူညီပေးခဲ့သည်။ ဒါဝိဒ်ကို လူများ ဂုဏ်ပြုချီးကျူးကြပြီး သူ့အဘယ်မျှကြီးမြတ်သည်ကို သီချင်းသီဆိုခဲ့ကြလေသည်။ ရှောလုမင်း မနာလိုဖြစ်လာသည်။ သို့ရာတွင် ရှောလုမင်း၏ သားယောနသန်သည် ဒါဝိဒ်နှင့် အလွန် ချစ်ခင်ရင်းနှီးသောသူငယ်ချင်းများ ဖြစ်နေသည်။

တစ်နေ့တွင် ရှောလုအား ညစ်ညူးသောနတ်ဆိုး နှောက်ယှက်နေခဲ့ရာ၊ ဒါဝိဒ်ကိုခေါ်ပြီး စောင်းတီးစေခဲ့သည်။ သူ၏ စိတ်နှလုံးထဲ၌ မနာလိုမှုနှင့် ဒေါသများ ကိန်းအောင်းနေသည်။ ဒါဝိဒ်ကို သတ်ရန် လှံတံဖြင့် ပစ်ပေါက်လိုက်သော်လည်း လွဲ ချော်သွားခဲ့သည်။ ရှင်ဘုရင်တစ်ပါးအနေဖြင့် မိမိဒေါသကို ဤကဲ့သို့ဖော်ထုတ်ခဲ့လိုက်ပါသည်တကား။ နောက်တစ်ခါတွင်လည်း ဤအဖြစ်အပျက်မျိုး ထပ်မံဖြစ်ခဲ့သည်။ အမျက်မချုပ်တီးနိုင်သူရှောလုမင်း၏ အနီးအပါး၌နေခြင်းသည် လုံခြုံမှုမရှိကြောင်းကို ဒါဝိတ်ရိပ်မိလာသည်။ စိုးရိမ်ကြောက်ရွံ့ပြီး ထိုအရာကို အဘယ်သို့ပြုလုပ်ရမည်ကို ဘုရားရှင်ထံ ဒါဝိတ်ဆုတောင်းခဲ့သည်။ စိုးရိမ်ကြောက်ရွံ့သောအခါ ဘုရားရှင်ထံ ဆုတောင်းခြင်းသည် အမြဲ ကောင်းမွန်သည့် အကျင့်တစ်ခုဖြစ်သည်။

ပြဿနာအကြောင်းကို မင်းသားယောနသန်နှင့် ဒါဝိဒ်တို့ ပြောဆိုနေခဲ့ကြသည်။ ယောနသန်က ဘုရင်ရှောလုကို စကားပြောရန် ခွင့်ပန်ပြီး၊ သူ့အား အကြိုးသင့်အကြောင်းသင့်ရှင်းပြခဲ့သည်။ ဘုရင်ရှောလုက ဒါဝိဒ်ကို မသတ်တော့ရန် သဘော တူခဲ့သော်လည်း ကြာမြင့်စွာမနေခဲ့ပါချေ။ တတိယ အကြိမ် ရှင်ဘုရင်သည် ဒေါသထွက်ပြီး ဒါဝိဒ်ကို လှံတံဖြင့် ပစ်ပေါက်ပြန်သည်။ ယောနသန်နှင့် ဒါဝိဒ်တို့ နောက်တစ်ခေါက် ထိုပြဿနာ အကြောင်းကို ပြောကြပြန်သည်။ ယခုတစ်ကြိမ်တွင် ယောနသန်က ဒါဝိဒ်အား ထွက်ပြေးရန် သတိပေးခဲ့သည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အမြဲတမ်း သူငယ်ချင်းဖြစ်ရန် သာမက သူတို့၏ သားသမီးများသည် တစ်ယောက်နှင့်တစ်ယောက် ကာကွယ်ပေးကာ သူငယ်ချင်းဖြစ်ရန် ကတိပေးခဲ့ကြသည်။

ဒါဝိဒ်သည် လုံခြုံသောနေရာတစ်ခု၌ သွား၍ ပုန်းအောင်းနေခဲ့ရသည်။ ဒါဝိတ်ကိုထောက်ခံသူများက သူနှင့်လာရောက် ပူးပေါင်းခဲ့ကြသည်။ ခဏတာ ဂူတွင်းနေထိုင်ပြီးနောက် တောထဲတွင်နေထိုင်ပြန်သည်။ ရှင်ဘုရင်က ဒါဝိဒ်ကို လိုက်လံဖမ်းဆီး သောကြောင့် တစ်နေရာမှတစ်နေရာ

သို့ ဒါဝိတ်ပြောင်းရွှေ့နေရသည်။ အလွန်ဒေါသထွက်ပြီး ရှင်ဘုရင်ကို သတ်ပစ်နိုင်သော်လည်း ဘုရားကိုယုံကြည်ရန်နှင့် ဘုရားသတ်မှတ်ပေးသော နန်းတက်ရမည့်အချိန်ကိုသာ စောင့်ဆိုင်းရန် ဒါဝိတ် ရွေးချယ်ခဲ့သည်။

တစ်နေ့တွင် ရှင်ဘုရင် ရှောလုသည် စစ်သည် အယောက် ၃၀၀၀ ကို ခေါ်ယူ၍ ဒါဂိဒတော၌ ဒါဝိဒ်နောက်သို့ လိုက်ခဲ့သည်။ ဒါဝိဒ်နှင့် သူ၏လူတို့သည် ထိုဥမင်နံဖေး တဘက်တချက်၌ နေကြ၏။ ဘုရင်ရှောလုသည် အပေါ့အပါးစွန့်ရန် ဥမင်တစ်ခုထဲသို့ ဝင်ရောက်သွားခဲ့သည်။ ဒါဝိဒ်၏ လူများက “ ဘုရားသခင်သည် ကိုယ်တော်၏ ရန်သူကို ကိုယ်တော်လက်သို့ ဆောင်ခဲ့ပြီ။” ဟုပြောလေသည်။ သူတို့သည် သူ့အားဘုရင်ကို သတ်စေလိုသည်။ သို့သော် ဒါဝိဒ်မှာမူ ဘုရင်ရှောလုနောက်သို့ တိတ်တဆိတ်လိုက်၍ သူမသိအောင် သူ၏ဝတ်ရုံစွန်းနားကိုသာ ဖြတ်ယူသွားခဲ့သည်။ ဘုရင်ထွက်သွားပြီးနောက် ဒါဝိဒ်သည် ဘုရင်နောက်သို့ လိုက်ပြီး ဦးညွှတ်လေသည်။ ဒါဝိဒ်က ဘုရင်ရှောလုကို “ ကိုယ်တော်၏ အကျိုးကို ဒါဝိဒ်သည် ဖျက်ခြင်းငှာ ရှာကြံသည်ဟု လူအချို့ပြောသော စကားကို အဘယ့်ကြောင့် နားထောင်တော်မူသနည်း။” ဘုရင်၏ကို ဝတ်ရုံအနားစကို ပြပြီး အခြားသူများက မိမိအား ဘုရင်ကိုသတ်ရန်သွေးဆောင်သော်လည်း မိမိအနေဖြင့်မလုပ်ခဲ့ကြောင်း ရှောလုကို ဒါဝိတ်ပြောပြ ခဲ့လေသည်။ ဘုရင်ရှောလုကို ဘယ်အခါမျှ ထိခိုက်နာကျင်စေမည်မဟုတ်ကြောင်း ဒါဝိတ် ကတိပေးခဲ့သည်။

ရှောလုသည် ဒါဝိဒ်၏ ဂရုဏာစိတ်ကို အလွန်အံ့သြပြီး နှိမ့်ချစွာဖြင့် “ သင်သည် ငါ့ထက်သာ၍ တရားစောင့်၏။ သင့်အကျိုးကို ငါဖျက်သော်လည်း၊ သင်သည် ငါ၌ အကျိုးကျေးဇူးပြုပြီ။” (ဓမ္မရာဇဝင် ပဌမစာစောင် ၂၄ : ၁၇)။ ထိုနောက် သူသည် ဒါဝိဒ်ကို လိုက်လံမဖမ်းဆီးတော့ပါ။ ဘုရင်ရှောလု စစ်ပွဲ၌ ကျဆုံးပြီးနောက် ဘုရားသခင်သည် ဒါဝိဒ်ကို ရှင်ဘုရင်အရာ၌ ခန့်အပ်လေတော့သည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

၁။ မိမိ၏ မနာလိုဝန်တိုခံစားချက်နှင့် ဒေါသစိတ်တို့ကို ရှောလုမင်း မည်သို့ကိုင်တွယ်ခဲ့သနည်း။
၂။ မိမိ၏ ကြောက်ရွံ့သည့်ခံစားချက်၊ စိုးရိမ်စိတ်နှင့် ဒေါသစိတ်တို့ကို ဒါဝိတ် မည်သို့ကိုင်တွယ်ခဲ့သနည်း။
၃။ တခါတရံ သင့်အား ဒေါသထွက်စေသည့်အရာများကား အဘယ်နည်း။
၄။ ခံစားချက်များအား ကိုင်တွယ်ပုံနှင့်ပတ်သက်ပြီး ဤပုံပြင်ထဲမှ မည်သည့်သင်ခန်းစာများကို သင်ရရှိပါသနည်း။

# အပိတ်လှုပ်ရှားမှုများ (Closing Activites)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၁၁ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ကျွန်ုပ်၏ခံစားချက် မည်သို့ပင်ရှိနေပါစေ မိမိကိုယ်ကိုသော်၎င်း၊ သူတစ်ပါးနှင့် ပစ္စည်းဥစ္စာများကိုသော်၎င်း မထိခိုက်ရန်ရွေးချယ်ပါမည်။**

(ကျောင်းသား/သူများက မိမိတို့ရွေးချယ်သည့်အရာတစ်ခုခုကို မိမိတို့မှတ်တမ်းစာအုပ်ထဲတွင် ရေးသား (သို့) ပုံဆွဲနိုင်သည်။ သို့မဟုတ် ဆရာ/မက သူတို့ကို အကြံပြုနိုင်သည်။)

ဝမ်းနည်းနေသူ၊ နာကျင့်ခံစားနေရသူနှင့် ကြောက်လန့်နေသူတစ်စုံတစ်ယောက်အား မြင်သောအခါ သင်မည်သို့ ပြုမည်ကို သင့် နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးသားပါ။ အခြားသူများ၏ခံစားချက်အပေါ် သင်မည်သို့ ပြုမူတုန့်ပြန် မည်ကို မှတ်စုဖြင့်ရေးမှတ်ထားပါ။

(တွဲဖက်ဆောင်ရွက်ရန်၊ ဤသင်ခန်းစာ၏ အဆုံးတွင်ပေးထားသော စိတ်ဖိစီးမှုလျော့ချပေးသည့်စာရွက်၊ (Stress Busters for Kids Sheet) ကို ကလေးများအား ဝေပေးလိုက်ပါ။ မိမိတို့ဘဝ၌ စိတ်ဖိစီးမှုတွေ့ကြုံရသည့်နေ့များတွင် ဤစာရွက်ကိုပြန်လည်အသုံးပြုနိုင်ရန် သူတို့အား သိမ်းထားခိုင်းပါ။)

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၁၂ ကိုဖွင့်ပါ။ သင့်ခံစားချက်နှင့်ထပ်တူညီသည့် ပုံတစ်ခုကိုရွေးပြီး ထိုပုံအောက်ရှိ လေး ထောင့်အကွက်ထဲတွင် ဆေးရောင်ခြယ်လိုက်ပါ။

“မည်သည့်နေရာတွင် ကျွန်ုပ်ခံစားနေရသနည်း။” ဟုရေးထားသည့် လူရုပ်တွင်၊ မတူညီသည့် ရောင်စုံများကိုသုံးပြီး သင်ခံစားမှု ဖြစ်ပေါ်သည့် နေရာများ၌ အရောင်ခြယ်ပါ။ ဥပမာ၊ သင်ဒေါသထွက်သည် ဆိုပါစို့။ သင့်လက်နေရာတွင်လား (သို့) ဝမ်းဗိုက် နေရာတွင်လား။ မည်သည့် နေရာတွင် သင်ဒေါသထွက်သနည်း။ ဒေါသအတွက် မည်သည့်အရောင်ကို သင်ရွေးချယ်မည်နည်း။ မတူညီသည့်ခံစားချက်များအတွက် မတူညီသည့်အရောင်ကို ရွေးချယ်အသုံးပြုပါ။

## ၂။ အပိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် “ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။” ပြန်ပြောပါ။

ဆရာ/မက မတူညီသည့်ခံစားချက်များဖြစ်ပေါ်နေသည့် မျက်နှာပုံများကို စာရွက်များပေါ်တွင် ရေးဆွဲပါ (ဥပမာ-ပျော်ရွှင်နေပုံ၊ ဝမ်းနည်းနေပုံ၊ စိတ်ဆိုးနေပုံ စသည်ဖြင့်)။ ပုံတွင်ဖော်ပြထားသော ခံစားချက်ပုံစံကို ကလေးများအား ကိုယ်ပိုင်ဟန်ဖြင့် အတိုချုပ်သရုပ်ဖော်ပြခိုင်းပါ။

သို့မဟုတ်

(ကလေးများအား အပိုင်းအနေအထားဖြင့် ထိုင်ထားခိုင်းပါ။ ထို့နောက် “ဒီနေ့ ကျွန်တော်/မ ခံစားရတဲ့ ခံစားချက်ကတော့ ............... ဖြစ်ပါတယ်” ဟု အရင်ဦးဆုံးပြောထွက်နိုင်သည့် ကလေးတစ်ဦးအား ကစားစရာအရုပ် (သို့) ပစ္စည်းတစ်ခုကိုပေးထားပါ။ ထို့နောက် အလားတူစကားကို ပြောထွက်နိုင်မည့် အခြားကလေးတစ်ဦးထံသို့ ထိုအရုပ်ကို ပစ်ပေးခိုင်းပါ။ ကလေးတိုင်းကို အလှည့်ကျအရုပ်ပစ်ပေးပါ။ စကားမပြောလိုသည့်ကလေးများရှိလျှင် သူတို့ကို ကျော်သွားပါ။

## ၃။ အပိတ်ဆုတောင်းခြင်း (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

“ချစ်လှစွာသောဘုရားသခင်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အစွမ်းထက်သောခံစားချက်များဖြင့်ဖန်ဆင်းတော်မူ၏။ ပျော်ရွှင်ခြင်းနှင့် ရွှင်လန်းခြင်းများကို ကျွန်ုပ်တို့ ကြုံကြိုက်နှစ်သက်သော်လည်း တစ်ခါတစ်ရံ ကျွန်ုပ်တို့ မခံစားရပါ။ ကျွန်ုပ်တို့၏ ခံစားချက်များကို ကောင်းသောနည်းများဖြင့် အဘယ်သို့ကိုင်တွယ်ရမည်ကိုသိရန် ကျွန်ုပ်တို့အားကူညီပါ။ မည်သူ့ကိုမျှ မထိခိုက်စေလိုပါ။ ကိုယ်တော်ကို ကျွန်ုပ်တို့ ချစ်ပါ၏။ ယေရှု၏ နာမ၌ ဆုတောင်းပါ၏။ အာမင်။”

# တွဲဖက်လုပ်ရှားမှု

### ကလေးငယ်များအတွက် စိတ်ဖိစီးမှုလျော့ချပေးသည့် စာရွက်၊
### (Stress Busters for Kids Worksheet)

| အောက်ပါအချိန်များတွင် | ကျွန်ုပ်ကို စိတ်ငြိမ်သက်မှုနှင့် လွတ်လပ်ပေါ့ပါးမှု ကို ပေးစွမ်းသောအရာကား အဘယ်နည်း။ |
|---|---|
| မနက်အိပ်ယာထချိန်တွင် | |
| ကျောင်းတွင် မလုပ်ချင်သည့်အလုပ်ကို လုပ်ရသည့်အချိန်တွင် | |
| အာရုံမစိုက်နိုင်သည့်အချိန်တွင် | |
| တစ်ခုခုကို စိုးရိမ် (သို့) ကြောက်ရွံ့နေချိန်တွင် | |

| | |
|---|---|
| ကျွန်ုပ် ဝမ်းနည်းနေချိန်တွင် | |
| ကြုံဖူးသော အဖြစ်ဆိုးတစ်ခုကို ပြန်သတိရလာချိန်တွင် | |
| အလွန်တိတ်ဆိတ်ပြီး ကျွန်ုပ်တစ်ယောက်တည်းရှိနေချိန်တွင် | |
| အလွန်တက်ကြွပြီး မစောင့်နိုင်မဆိုင်းနိုင်ဖြစ်နေချိန်တွင် | |
| ကျောင်း (သို့) အသင်းတော်တွင် တက်တက်ကြွကြွ မရှိသည့်အချိန်တွင် | |
| ညချမ်းအချိန် အိပ်ယာမဝင်မှီအချိန်တွင် | |
| အိပ်ယာပေါ်တွင် အိပ်မပျော်နိုင်သည့်အချိန်တွင် | |
| အခြားသောအချိန်တစ်ခုတွင် (မိမိဘာသာ ခေါင်းစဉ်တပ်ရန်) | |

# သင်ခန်းစာ ၆ - ကျွန်ုပ်အကူအညီတောင်းနိုင်သည်။

**သင်ခန်းစာ ၆ အဓိကအကြောင်းအရာ**

ယုံကြည်ရသူများနှင့်သော်၎င်း၊ ဘုရားထံဆုတောင်းခြင်းဖြင့်သော်၎င်း မိမိတို့၏ခံစားချက်များ အား ထုတ်ပြောတတ်ဖို့အတွက် ကျွန်ုပ်တို့ သင်ယူနိုင်သည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- ကျွန်ုပ်ခံစားချက်များကို ကျွန်ုပ်ပြသနိုင်သည်။
- ယုံကြည်စိတ်ချရသော လူကြီးများထံ ပြောပြသင့်သည့် ကျွန်ုပ်၏ခံစားချက်များကို ကျွန်ုပ်ထုတ်ဖော်ပြောပြနိုင်သည်။
- ကျွန်ုပ်အဖို့ အကူအညီပေးနိုင်သည့် စိတ်ချရသောသူများကို ကျွန်ုပ်ရွေးချယ်နိုင်သည်။
- မည်သည့်အချိန်နှင့် မည်သည့်နေရာတွင်မဆို ဘုရားသခင်ထံ ကျွန်ုပ်ဆုတောင်းနိုင်သည်။

**သတင်းစကား**

စိတ်သောကရောက်ရချိန်များတွင် ကျွန်ုပ်တို့အား ကူညီနိုင်မည့် အခြားသူများကိုသော်၎င်း၊ မိမိကိုယ်ကို(ဘုရားကိုယ်တော်တိုင်)သော်၎င်း ဘုရားသခင်ပေးထားတော်မူသည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ။

- ကြိုးခုန်ရန်အသုံးပြုသည့် ကြိုး၊ ကျမ်းစာအုပ်၊ ပုဝါ၊ လက်ကိုင်ဖုန်း
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- အဖွဲ့လိုက်ပုံဆွဲရာတွင်အသုံးပြုရန်လိုသည့် ပုံဆွဲပစ္စည်းများ
- ပင်္ကာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ်

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက် စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ဒုက္ခရောက်ချိန်တွင် ကျွန်ုပ်အကူအညီတောင်းခံနိုင်ပြီး အကူအညီမရမချင်း ဆက်လက်တောင်း ခံနိုင်သည်။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ခံစားချက်များအကြောင်းသင်ခန်းစာထဲက ဘာအကြောင်းတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။ အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ကျွန်ုပ်၏ခံစားချက် မည်သို့ပင်ရှိနေပါစေ မိမိကိုယ်ကိုသော်၎င်း၊ သူတစ်ပါးနှင့် ပစ္စည်းဥစ္စာများကိုသော်၎င်း မထိခိုက် ရန်ရွေးချယ်ပါမည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

မျက်နှာအမူအရာကိုကြည့်ပြီး ခန့်မှန်းသည့်ကစားနည်း။ (ကလေး ၂-၃ ဦးကိုခေါ်ထုတ်ပြီး သင့်အနီးတွင် လာရပ်နေခိုင်းပါ။ သူတို့တစ်ဦးချင်းစီတို့အား "ခံစားချက်နှင့်ဆိုင်သည့်စကားလုံး" တစ်လုံးစီကို တိုးတိုးလေးပြောပြထားပါ။ ထိုခံစားချက်ကို မျက်နှာအမူအရာ (သို့) ကိုယ်အမူအရာဖြင့် လုပ်ပြခိုင်းပါ။ ဥပမာ - ဝမ်းနည်းသည်၊ ပျော်သည်၊ ဒေါသထွက်သည်၊ အထီးကျန်သည်၊ ကြောက်လန့်နေသည်၊ ရှက်သည်၊ အရှက်ရသည်၊ စိတ်အနှောက်အယှက်ဖြစ် သည်၊ စိတ်ကသိကအောက်ဖြစ်သည်၊ အံ့အားသင့်သည် စသည်ဖြင့်။ ပြီးလျှင် ထိုအမူအရာသည် မည်သည့်ခံစားချက်ဖြစ်သည်ကို အခြားကလေးများအား ခန့်မှန်းခိုင်းပါ။)

(ပုဝါ၊ ကြိုးခုန်သည့်ကြိုး၊ ကျမ်းစာအုပ်နှင့် ဖုန်း စသည်တို့ကို တစ်ခုပြီးတစ်ခုထုတ်ပြပါ။)

အရင်တစ်ပတ်သင်ခန်းစာထဲကပါတဲ့ ပစ္စည်းတချို့ကို ကျွန်တော်/မ ယူလာပါတယ်။ ခံစားချက်တွေကို ကောင်းမွန်တဲ့ နည်းတဲ့ ထုတ်ဖော်နိုင်ဖို့အတွက် ဒီပစ္စည်းတွေကို ဘယ်လိုအသုံးရမလဲ ပြောပြနိုင်တဲ့သူရှိလား။

(မိမိစိတ်ချယုံကြည်ရသူများထံ မိမိခံစားချက်များကို ထုတ်ဖော်ပြောပြနိုင်ကြောင်းကို သူတို့အား မကြာမကြာ အသိပေးနှိုးဆော်ပါ။)

ဘဝတွင် ကျွန်ုပ်တို့အား စိတ်ကျေနပ်ဖွယ်ရာခံစားမှုများကိုပေးစွမ်းသည့် ကောင်းသောအရာများနှင့်သာ အမြဲတမ်းကြုံ တွေ့ရလျှင် ကောင်းပေမည်။ သို့ရာတွင် ဘဝသည်ထိုသို့မဟုတ်ပါ။ လူသားတိုင်း၏ဘဝတွင် မကျေနပ်စရာများ တွေ့ ကြုံရကြသည်။

သင့်ဘဝတွင် သင်ကြုံခဲ့ရဘူးသည့် မကျေနပ်စရာ (သို့) ခက်ခဲသောခံစားချက်များကား အဘယ်နည်း။

(ဆရာ/မက ခက်ခဲသည့် အောက်ပါခံစားချက်များကို ကလေးများအား အကြံပြုပြောပြနိုင်သည် - အကူအညီမဲ့ နေခြင်း၊ အင်အားနည်းခြင်း၊ တန်ဖိုးနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ ဒေါသထွက်ခြင်း။)

ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။ (ထိုစာသားကို ဆရာ/မ က ရှေ့ကလိုက်ဆို၍ ကလေးများ က ဆရာမနောက်မှ လိုက်ဆိုဖို့ဖြစ်သည်။ ထို့နောက် ကလေးများအားလုံး ညီညီညာညာရွတ်ဆိုရန်ဖြစ်သည်။)

ဒုက္ခရောက်ချိန်တွင် ကျွန်ုပ်အကူအညီတောင်းခံနိုင်ပြီး အကူအညီမရမချင်း ဆက်လက်တောင်းခံနိုင်သည်။

**အဖွဲ့ငယ်လှုပ်ရှားမှု၊**

(ကလေးများကို အဖွဲ့နှစ်ဖွဲ့ ခွဲလိုက်ပါ။ အောက်ပါဇာတ်ကွက်ကို ဖတ်ပြပေးပြီးမေးခွန်းမေးပါ။ သို့မဟုတ်၊ အဖွဲ့ ၅ ဖွဲ့ခွဲပေးပြီး တစ်ဖွဲ့ချင်းစီတို့အား သရုပ်ဆောင်စရာအတွက် ဇာတ်ကွက်တစ်ခုစီ ကိုပေးပါ။ ထို့နောက် သရုပ်ဆောင်သူများက မိမိအတန်းဖော်တို့အား မေးခွန်းနှစ်ခု မေးပါ။

၁။ သင်သည် ကျောင်းသား/သူသစ်တစ်ဦးဖြစ်ပြီး သင့်အတန်းတွင် အဘယ်သူမျှစကားမပြောသော၊ အတူမကစားချင်သော အတန်းဖော်တစ်ယောက်ကို သင် သတိထားမိသည်။

အဖွဲ့ # ၁ - သူမည်သို့ခံစားရမည်ဟု သင်ထင်သနည်း။ သူ၏ခံစာချက်ကို သင့်မျက်နှာဖြင့် ပုံဖော်ပြပါ။
အဖွဲ့ # ၂ - အကူအညီရရှိနိုင်အတွက် သူ့အနေဖြင့် မည်သူနှင့် သွားစကားပြောသင့်သနည်း။

၂။ ထော့နဲ့ထော့နဲ့နှင့် လမ်းလျှောက်နေသည့် ခြေမသန်သော သူတစ်ဦးကို ကျောင်းသား/သူတစ်စုက တွေ့လိုက်သည့်အခါ ထိုသူအား သူတို့ လက်ပြိုးထိုးပြီး လှောင်ပြောင်ကြသည်။

အဖွဲ့ # ၂ - ခြေမသန်စွမ်းသူ မည်သို့ခံစားရမည်ဟု သင်ထင်သနည်း။ သင့်မျက်နှာဖြင့် ပုံဖော်ပြပါ။
အဖွဲ့ # ၁ - အကူအညီရနိုင်ရန်၊ ခြေမသန်သူအနေဖြင့် မည်သူနှင့် သွားစကားပြောသင့်သနည်း။

၃။ သင့်ရပ်ကွက်တွင်၊ လူကောင်ကြီးကြီးကလေးတစ်စုက ကလေးမလေးတစ်ဦးအား ဝိုင်းဝန်းအနိုင် ကျင့်နေသည်ကို သင်တွေ့ရသည်။ ကလေးမလေးလည်း ငိုယိုနေသည်။

အဖွဲ့ # ၁ - သူမ မည်သို့ခံစားရမည်ဟု သင်ထင်သနည်း။ သင့်မျက်နှာဖြင့် သရုပ်ဖော်ပြပါ။
အဖွဲ့ # ၂ - အကူအညီရနိုင်ရန် ကလေးမလေးအနေဖြင့် မည်သူနှင့် သွားစကားပြောသင့်သနည်း။

၄။ သင့်သူငယ်ချင်း၏ လက်နှင့်ခြေထောက်များတွင် ညိုမဲဆွဲနေသည့်ဒဏ်ရာများရှိနေသည်။ သူ့ အစ်ကို (သို့မဟုတ် အမေ သို့မဟုတ် အဖေ)က သူ့အားနေ့တိုင်းရိုက်သောကြောင့်ဖြစ်သည်ဟု သင့် အား သူပြောပြလာသည်။

အဖွဲ့ #၂ - သူမည်သို့ခံစားရမည်ဟု သင်ထင်ပါသနည်း။ သင့်မျက်နှာဖြင့် သရုပ်ဖော်ပြပါ။
အဖွဲ့ #၁ - အကူအညီရနိုင်ရန် သူ့အနေဖြင့် မည်သူနှင့် သွားစကားပြောသင့်သနည်း။ သင့်သူငယ် ချင်း (သို့) သင် ကိုယ်တိုင် သွားရောက်ရင်ဖွင့်ပြောပြ၍ရမည့်သူ တစ်စုံတစ်ယောက်ရှိပါသလား။

၅။ အကောင်ကြီးကြီး ကျောင်းသားတစ်ယောက်က သူထက်ငယ်သော ကျောင်းသားတစ်ဦးအား ကလိထိုးပြီး လိုက်စနောက်နေသည်။ အစပိုင်းတွင် ပျော်စရာကောင်းသလိုဖြစ်နေသော်လည်း၊ နောက်ပိုင်းတွင် ကျောင်းသားငယ်က နေမထိထိုင်မသာဖြစ်လာပြီး မိမိအား လိုက်မစတော့ဖို့ ပြောလာသည်။ သို့သော် စနောက်သူက မိမိလုပ်ရပ်ကိုမရပ်တန့်ပါ။

အဖွဲ့ # ၁ - ကျောင်းသားငယ်မည်သို့ခံစားရမည်ဟု သင်ထင်သနည်း။ သင့်မျက်နှာဖြင့် သရုပ်ဖော်ပါ။
အဖွဲ့ # ၂ - အကူအညီရနိုင်ရန် သူ့အနေဖြင့် မည်သူနှင့် သွားစကားပြောသင့်သနည်း။

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန် အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံး အရှေ့တွင် ဝေငှခိုင်းပါ။)

**၁။ မည်သည့်အခြေအနေများက သင့်အတွက် ကြောက်စရာကောင်းသနည်း။**

**၂။ သင်၌ ကြောက်စိတ်ဝင်ရောက်လာသောအခါ သင်မည်သို့ပြုသနည်း။**

**၃။ သင့်ခံစားချက်များကို ယုံကြည်စွာဖြင့် သင်သွားရောက်ပြောပြ၍ရနိုင်မည့်သူများကို သင်မည်သို့ သိနိုင်သနည်း။**

(အဖြေများတွင် - သူတို့အား နာကျင်အောင်မလုပ်မည့်သူ၊ သူတို့အား နားထောင်ပေးမည့်သူ၊ ကာကွယ်မည့်သူနှင့် သူတို့အား အကူအညီပေးမည့်သူများ ပါလာဖို့ ပြောပြပါ။)

# သင်ခန်းစာ ၆ – ဘဝပုံပြင်

**ပင်းနှင့် ပလောဧ၏ပုံပြင်**

ရုပ်ပုံပြကားချပ် 6A





*(ဆရာ/မက ပင်းနှင့် ပလောဧ၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ရုပ်ပုံကားချပ် 6A တွင်ရှိသော ဤရုပ်ပုံ 6 ခုကို ပြသဖို့ဖြစ်သည်။)*

ပုံပြင်ကို နားထောင်တဲ့အခါ၊ ပုံပြင်ထဲကမိန်းကလေးတွေက သူတို့ရဲ့ခက်ခဲတဲ့အခြေအနေတွေအကြောင်းကို ဘယ်သူတွေဆီ သွားပြောပြခဲ့သလဲဆိုတာကို သတိပြုပါ။

တစ်နေ့ ပင်းနှင့် ပလောဧတို့ ကျောင်းမှ အိမ်သို့ပြန်ရောက်လာကြသည့်အခါ၊ မိဘများက အထုပ်အပိုးပြင်နေကြသည်ကို သူတို့မြင်လိုက်ရသည်။ “အမေတို့ ဘာလုပ်နေကြလဲ”ဟု သူတို့မေးလိုက်သည်။

“ထိုင်းက စားသောက်ဆိုင်တစ်ခုမှာ အလုပ်သွားလုပ်ကြဖို့ အဖေတို့ဆုံးဖြတ် ထားတယ်။ သမီးတို့လည်း လိုက်ရမယ်။ အဲဒါမှ ပန်းကန်ဆေးကူဖို့နဲ့ သန့်ရှင်းရေးလုပ်ကူမယ့်သူရှိမှာ။” ဟု မိဘများ ပြန်ဖြေကြသည်။

“အိုမဖြစ်ဘူး၊” ဟုအော်ပြီး အိမ်မှ ကျောင်းသို့ သူတို့ထွက်ပြေးသွားခဲ့ကြပါသည်။ မိမိတို့၏ဆရာထံ ပြောပြဖို့ဖြစ်သည်။ ဆရာကိုတွေ့ကြသည့်အခါ၊ သူ့ထံအလျင်အမြန်ပြေးသွားပြီး“ ဆရာ၊ သမီးတို့ မနက်ဖြန် ကျောင်းမှာ ရှိမှာ မဟုတ်ဘူး။ သမီးတို့ မိဘတွေက ယိုးဒယားမှာ စားသောက်ဆိုင်တစ်ခုမှာအလုပ်လုပ်ကြဖို့ သွားကြမယ်။ သမီးတို့ကိုလည်း အတင်းကျောင်းထွက်ခိုင်းပြီး စားသောက်ဆိုင်အတွက် ပန်းကန်တွေဆေးကြောဖို့ ခေါ်သွားကြတော့မှာ ဆရာရေ။”

ထိုအချိန်တွင် သူတို့၏ဆရာ ဆုပ်ဆမ်အတ် က ဘုရားသခင်ထံ အကူအညီတောင်းဖို့လိုနေပြီဖြစ်ကြောင်း သတိရနေခဲ့သည်။ ဆရာနှင့် မိန်းကလေးငယ်နှစ်ဦး တို့သည် မြေကြီးပေါ်တွင်ဒူးထောက်ကာ ဘုရားသခင်ကြားဝင် ကူညီပေးပါရန် အလေး အနက် ဆုတောင်းခဲ့ကြပါတော့သည်။ သို့သော် နောက်တစ်နေ့တွင် မိန်းကလေးများ ထိုင်လေ့ရှိသော ထိုင်ခုံ နှစ်ခုံ အလွတ်ဖြစ်နေခဲ့ပါသည်။ ကျန်ရှိနေခဲ့သော ထိုကျောင်းနှစ်တလျှောက်လုံးနှင့် နွေရာသီ ကျောင်းပိတ်ရက်များတလျှောက်လုံးတွင် ဆရာက သူတို့ ညီအစ်မနှစ်ဦး ကျောင်းပြန်တက်နိုင်ဖို့အတွက် ဘုရားသခင်ထံ ဆုတောင်းနေခဲ့သည်။

နောက်တစ်နှစ်ရောက်၍၊ ကျောင်းမစခင်တစ်ရက်အလိုတွင် ဆရာ ဆုပ်ဆမ်အတ်သည် ဈေးတွင် အစားအစာဝယ်ရင်း ရုတ်တရက် ညီအစ်မနှစ်ယောက် သူ့ဆီပြေးလာသည်ကို တွေ့လိုက်ရသည်။ သူတို့ ပြန်လာသည်ကို သူမယုံနိုင်ခဲ့ပါ။ “ယိုးဒယားနိုင်ငံမှာ သမီးတို့ တစ်ချိန်လုံး နေမကောင်းဖြစ်ခဲ့တယ် ဆရာရေ။ ခဏခဏဖျားနာတဲ့အတွက် အလုပ်မလုပ်နိုင်ခဲ့ကြဘူး။ နောက်ဆုံးတော့ မိဘတွေစိတ်ပျက်လက်ပျက်ဖြစ်ပြီး သမီးတို့ကို အခုလိုပြန်ပို့လိုက်ကြတယ်ဆရာရေ။ ဘုရားသခင်က သမီးတို့ရဲ့ ဆုတောင်းသံတွေကို နားညောင်းတော်မူတယ်။ မနက်ဖြန်ကျောင်းကို လာမယ်ဆရာရေ။”

ဆရာ အလွန်ပျော်သွားခဲ့သည်။ သူ၏ ဆုတောင်းချက်နှင့် မိန်းကလေးများ၏ဆုတောင်းချက်များကို ဘုရားသခင် အဖြေပေးခဲ့ပါသည်။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန်

ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲ့တံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲမည့်နေရာအဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက်ဖန်တီးရေး ဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)


**ကျမ်းချက်၊** ဖိလပ္ပိ ၄ : ၆ ။ " အဘယ်အမှုကိုမျှ စိုးရိမ်ခြင်း မရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့် တကွ ဆုတောင်းပဌနာပြုသော အားဖြင့်၊ သင်တို့ တောင်းပန်လိုသော အရာများတို့ကို ဘုရားသခင်အား ကြား လျှောက်ကြလော့။"

(ကျမ်းချက်ကို သီချင်းအဖြစ်ပြောင်းလဲသည့်နည်းဖြင့် ဤကျမ်းချက်ကို ကလေးများအား ဆရာ/မက သင်ကြားပေးနိုင်သည်။ ကျမ်းချက်ကို ဘောပေါ်တွင်ရေးချပါ။ ဤကျမ်းချက်စာသားကို ယူပြီး ကလေး များအား မိမိဘာသာ တေးသံစဉ်များကို ဖန်တီးစေပါ။)

ကျွန်ုပ်တို့ ကြုံတွေ့ရသမျှတို့ကို ယေရှုသိတော်မူသောကြောင့် သူ့အား ကျွန်ုပ်တို့အမြဲစကားပြောနိုင် သည်။ သင့်ကို သူဖန်ဆင်းတော်မူပြီး ဂရုစိုက်တော်မူသည်။ ယေရှုကို သင်မမြင်ရသော်လည်း သင်ပြော သောစကားကို သူကြားရပြီး သင့်ကို သူကူညီနိုင်သည်။ ယနေ့အတွက် ကျမ်းစာပုံပြင်မှာ ယေရှုထံအကူ အညီတောင်းခံခဲ့သည့် လူတစ်ဦးအကြောင်းပင်ဖြစ်သည်။ သူအဖို့ ယေရှုအဘယ်သို့ပြုခဲ့သည်ကို လေ့ လာကြည့်ကြပါစို့။

(ဆရာ/မက ရှင်မာကု ၁၀း၄၆-၅၂၊ လုကာ ၁၈း၃၅-၄၃ တွင်ဖေါ်ပြထားသော မျက်မမြင်ဗာတိမဲအကြောင်းကို ဖတ်ပြပေးပြီး၊ ရုပ်ပုံကားခြပ် 6B တွင်ရှိသော ဤရုပ်ပုံ 5 ခုကို ပြသဖို့ဖြစ်သည်။ ဤပုံပြင်သည် ကလေးများအား ကိုယ်တိုင်ပါဝင်သရုပ်ဆောင် ခိုင်းဖို့ကောင်းသည့် ပုံပြင်မျိုးဖြစ်သည်။ ပုံပြင်မဖတ်ပြမီ၊ ဗာတိမဲပြောဆိုခဲ့သည့် အောက်ပါစကားကို ကလေးများအား ၂ ကြိမ် ပြောလေ့ကျင့်ခိုင်းပါ။ "ဒါဝိတ်၏သားတော်ယေရှု၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။" ပုံပြင်ဖတ်ပြနေစဉ်တွင် ဆရာ/မက ကလေးတစ်ဦးအား ဗာတိမဲအဖြစ် သရုပ်ဆောင်ခိုင်းပါ။ ထိုကလေးအား "ဆရာ၊ ကျွန်ုပ်မျက်စိပြန်မြင်လိုပါတယ်၊" ပြောခိုင်းဖို့ ဖြစ်သည်။ အဓိကအချက်များနှင့်တကွ ဤပုံပြင်ကို အောက်ပါအတိုင်း သင်ဖတ်ပြနိုင်ပါသည်။ (ရုပ်ပုံပြကားခြပ် 6B) ကို အသုံးပြုပါ။

## သင်ခန်းစာ ၆ – ကျမ်းစာပုံပြင်




ယေရိခေါမြို့၌ ဗာတိမဲအမည်ရှိသော မျက်မမြင် တစ်ဦးရှိသည်။ တစ်နေ့တွင် မြို့ပြင်ရှိနေရာတစ်ခုတွင် ထိုင်လျက် ငွေ သို့မဟုတ် စားစရာများကို သူတောင်းနေလေသည်။ အနီးအနား၌ လူအုပ်ကြီးတစ်အုပ်ရှိနေသည်ကို သူသတိထားမိသည်။ "ဘာဖြစ်နေတာလဲ" ဟု သူမေးသည်။ ယေရှု ကြွတော်မူသည်ဟု သူ့အား ပြန်ပြောပြကြသည်။

ယေရှုအကြောင်းကို ဗာတီမဲကြားသိထားသည်။ နာသောသူအား ကျန်းမာပတိဖြစ်စေနိုင်သည့်တန်ခိုးသည် ယေရှု၌ ရှိတော်မူသည်ကို သူသည် ကြားသိထားသည်။ နားမကြားသူ၊ အသောသူ၊ မျက်စိကန်းသောသူ၊ မသန်မစွမ်းသူများနှင့် နူနာစွဲသူများတို့ပင် သက်သာပျောက်ကင်းကြ

သည်။ ချက်ချင်းဆိုသလို၊ ဗာတိမဲက(ကလေးများ သင်၏နောက်လိုက်ဆိုနိုင်သည်) " ဒါဝိဒ်၏ သားတော် ယေရှု၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ။" ဟုဟစ်ကြော်လေသည်။

သူ့အား တိတ်ဆိတ်စွာနေဖို့ လူများ ဝိုင်းပြောလာကြသည်။ သူ့အစား သူတို့ရှက်နေမိကြသည်။ ဆင်းရဲပြီး ညစ်ပတ် ပေကြံနေတဲ့သူက ယေရှုကို လိုက်လံနှောင့်ယှက်နေပါသည်တကားဟူ၍ သူတို့တွေးနေခဲ့ကြလိမ့်မည်ဖြစ်သည်။ သို့မဟုတ် သူ့ကို သူတို့ လုံးဝမနေစ်သက်၍လည်းဖြစ်နိုင်သည်။ သို့ရာတွင် ထိုသူတို့၏စကားကို ဗာတိမဲ ဂရုမစိုက်ခဲ့ပါ။ သူနာကျင်ခံစားနေခဲ့ရသည်။ သူအကူအညီလိုနေသည်။ သို့ဖြစ်၍၊ " ဒါဝိဒ်၏ သားတော်ယေရှု၊ အကျွန်ုပ်ကို ကယ်မသနားတော်မူပါ" ဟု သာ၍ပင် သူဆက်ပြီး ဟစ်ကြော်နေခဲ့လေသည်။

အပြစ်သားတို့၏ တောင်းလျှောက်သံကို အမြဲကြားတော်မူသည်နည်းတူ ဗာတိမဲအားလည်း ယေရှု ကြားတော်မူခဲ့ပါသည်။ ယေရှုရပ်တန့်လိုက်ပြီး မျက်စီကန်းသောသူကို မိမိထံခေါ်လာကြဖို့ လူများကိုမိန့်တော်မူလေသည်။ ထိုအခါ တစ်စုံ တစ်ယောက်က ဗာတိမဲကို "ပျော်ပျော်ရွှင်ရွှင်နှင့် ထလိုက်ပါ၊ သူ သင့်ကို ခေါ်နေတယ်" လို့ပြောလိုက်သည်။

မိမိအဝတ်ကို ဘေးနားသို့ ဗာတိမဲပစ်ချထားခဲ့လိုက်တော့သည်။ မိမိမျက်စိအား ယေရှုပြန်မြင်စေမည်ဟု ယုံကြည်နေ သည့်စိတ်တစ်ခုကြောင့် မိမိအဝတ်အားပြန်မတွေ့ရမည်ကို ဗာတိမဲစိတ်ပူမနေတော့ပါချေ။

ယေရှုကလည်း "သင်၌ အဘယ်သို့ ပြုစေလို သနည်း" ဟုမေးတော်မူသည်။ ဗာတိမဲ မျက်စိပြန်မြင်လိုသည်မှာ သိသာထင်ရှားသော်လည်း ယေရှုက သူ့အား ကိုယ်တိုင်ပြောဆိုစေလိုပါသည်။ ယေရှုက မည်သို့ဆုတောင်းရမည်၊ မိမိ၏ ပြဿနာများကို ဘုရားသခင်ထံမည်သို့ ပြောပြရမည်ကို သင်ကြားပေးခဲ့သည်။ ဗာတိမဲ က "ဆရာ၊ ကျွန်တော် မျက်စိပြန်မြင် လိုပါတယ်၊" ဟုပြောသည်။

လူသားများတွင် မည်သည့်ပြဿနာများ၊ မည်သည့်ဝေဒနာများပင် ရှိနေပါစေ သူတို့ကို ယေရှုချစ်တော်မူသည်။ ထို့နည်းတူစွာပင် ဗာတိမဲကိုလည်း ကိုယ်တော်ချစ်တော်မူသည်။ ယေရှုက သူ့ကို " သင် သွားလော့၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကို ငြိမ်းစေပြီ။" ဟုပြောခဲ့လေတော့သည်။

ထိုခဏချင်းပင် မျက်မမြင်ဗာတိမဲ မျက်စိပြန်မြင်တော့သည်။ သူအလွန်စိတ်လှုပ်ရှားသွားပြီး ထိုနေရာမှာပင် သူရပ်နေခဲ့သည်။ ယေရှုနောက်တော်သို့ သူလိုက်ခဲ့လေ၏။ မိမိအားချစ်၍ ကူညီပေးသောသူ၏အနီးတွင် ဗာတိမဲနေချင်ခဲ့ မိပါသည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

၁။ မည်သူ့ထံသို့ မျက်မမြင်ဗာတိမဲ သွားရောက်အကူအညီတောင်းခဲ့သနည်း။

၂။ ဗာတိမဲအား အခြားသူများက တိတ်တိတ်နေခိုင်းခဲ့သည့်အကြောင်းအရင်းကား အဘယ်နည်း။ သင်မည်သို့ထင်သနည်း။

၃။ "သင်၌ အဘယ်သို့ ပြုစေလို သနည်း"ဆိုသည့်မေးခွန်းကို ယေရှုအဘယ့်ကြောင့်မေးခဲ့သနည်း။ သင်မည်သို့ထင်သနည်း။

၄။ ယေရှုသည် ကျွန်ုပ်တို့၏အထူးမိတ်ဆွေဖြစ်သည်။ မည်သည့်အချိန်တွင် သူ့ထံ ကျွန်ုပ်တို့ဆုတောင်းနိုင်သနည်း။

ယနေ့တွင် သူ့အား သင်ဘာပြောပြလိုသနည်း။ (တိတ်တဆိတ်ဆုတောင်းရန် အချိန်ယူပါ။)

# အပိတ်လှုပ်ရှားမှုများ (Closing Activities)

၁။ **နေ့စဉ်မှတ်တမ်းစာအုပ်**

မှတ်တမ်းစာအုပ် စာမျက်နှာ ၁၃ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ဒုက္ခရောက်ချိန်တွင် ကျွန်ုပ်အကူအညီတောင်းခံနိုင်ပြီး အကူအညီမရမချင်း ဆက်လက်တောင်းခံနိုင်သည်။**

(ကျောင်းသား/သူများက မိမိတို့ရွေးချယ်သည့်အရာတစ်ခုခုကို မိမိတို့မှတ်တမ်းစာအုပ်ထဲတွင် ရေးသား (သို့) ပုံဆွဲနိုင်သည်။ သို့မဟုတ် ဆရာ/မက သူတို့ကို အကြံပြုနိုင်သည်။)

ပုံတစ်ပုံ ရေးဆွဲပါ (သို့မဟုတ်) ယေရှုထံ စာတစ်စောင်ရေးပါ။

သို့မဟုတ်

ယေရှု၏ပုံ သို့မဟုတ် သင့်အားကူညီပေးသူ တစ်စုံတစ်ယောက်၏ပုံကို ရေးဆွဲပါ။

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၁၄ ကိုဖွင့်ပါ။ သင့်ခံစားချက်နှင့်ထပ်တူညီသည့် ပုံတစ်ခုကိုရွေးပြီး ထိုပုံအောက်ရှိ လေး ထောင့်အကွက်ထဲတွင် ဆေးရောင်ခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့သင်ခံစားရသည်ကို ပုံဖြင့် (သို့) စာတစ်ကြောင်းနှစ် ကြောင်းဖြင့် ရေးသားဖော်ပြပေးပါ။

အချို့သောခံစားချက်များမှာ ကိုင်တွယ်ရခက်ခဲလှပေသည်။ သို့ရာတွင် အမြဲတမ်း အကူအညီတောင်းနိုင်ပေသည်။ ဤအချက်ကို ကလေးများအား နားလည်စေပါ။ ပျော်သည့်အခါဖြစ်စေ၊ ဝမ်းနည်းသည့်အခါဖြစ်စေ (သို့မဟုတ်) မည်သည့်အချိန်တွင်မဆို ဘုရားသခင်ကို ကျွန်ုပ်တို့ စကားပြောနိုင်သည်။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက် ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(အောက်တွင်ပေးထားသော ဒါဝိတ်၏ဆုတောင်းချက်ကို တစ်ခုချင်းစီဖတ်ပြရန်)
ကျမ်းစာတွင်ရေးထားသော ဒါဝိတ်၏ဆုတောင်းချက်များကို ကျွန်ုပ်ဖတ်ပြသွားပါမည်။ ထိုဆုတောင်းချက်တစ်ခုချင်း စီတို့အား နှုတ်မြွက်ရာတွင် ဒါဝိတ်အဘယ်သို့ခံစားနေခဲ့ရသည်ကို သင်မျက်နှာအမူအရာဖြင့် သရုပ်ဖော်ပါ။ (ဖတ်ပြသူ ကိုယ်တိုင်လည်း မျက်နှာအမူအရာပြဖို့ဖြစ်သည်။)

ဆာလံကျမ်း ၈း၁ - "အို အကျွန်ုပ်တို့၏ဘုရားရှင် ထာဝရဘုရား၊ နာမတော်သည် မြေကြီးတစ်ပြင်လုံး၌ အလွန်ကြီးမြတ်တော်မူ၏။" (ပျော်ရွှင်ခြင်း)

ဆာလံကျမ်း ၂၂း၁ - "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း။ အကျွန်ုပ်ကိုမကယ်တင်ပဲ၊..... အဘယ်ကြောင့် အဝေးမှာနေတော်မူသနည်း။" (အထီးကျန်ခြင်း)

ဆာလံကျမ်း ၄၂း၃ - "သူတစ်ပါးတို့က၊ သင်၏ဘုရားသခင်သည် အဘယ်မှာရှိသနည်းဟု ငါ့ကိုအစဉ်ပြောဆိုကြသဖြင့်၊ ငါ့မျက်ရည်သည် နေ့ညမပြတ် ငါစားစရာဖြစ်၏။" (ဝမ်းနည်းခြင်း)

ဆာလံကျမ်း ၄၄း၇ - "ကိုယ်တော်သာလျှင် အကျွန်ုပ်တို့ကို ရန်သူလက်မှ ကယ်လွှတ်တော်မူ၏။ အကျွန်ုပ်တို့အား မုန်းသောသူများကိုလည်း အရှက်ကွဲစေတော်မူ၏။" (ကျေးဇူးတင်ခြင်း၊ ဝမ်းမြောက်ခြင်း)

ဆာလံကျမ်း ၅၁း၁၀ - "အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သော သဘောကို အသစ်ပြုပြင်တော်မူပါ။" (ခွင့်လွှတ်ခြင်းတရားကို လိုလားတောင်းတခြင်း)

ဆာလံကျမ်း ၆၄း၁-၂ - "အိုဘုရားသခင်၊ အကျွန်ုပ်ဆုတောင်းသော စကားသံကို နားထောင်၍ အကျွန်ုပ်အသက်ကို ရန်သူဘေးမှ ကွယ်ကာ စောင်မတော်မူပါ။ လူဆိုးတို့၏ တိုင်ပင်ရာမှ အကျွန်ုပ်ကို ကွယ်ကာတော်မူပါ။" (ကြောက်လန့်နေခြင်း)

ဆာလံကျမ်း ၆၈း၄ - "ထာဝရဘုရားအား သီချင်းဆိုကြလော့။ နာမတော်ကို ထောမနာသီချင်းဆိုကြလော့။ ............ရှေ့တော်၌ ရွှင်လန်းကြလော့။" (ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း)

တစ်စုံတစ်ခုအတွက် ဘုရားသခင်ထံ မည်သူ တောင်းလျှောက်လိုပါသနည်း။ သင်တို့ တောင်းလျှောက်လိုသည့်အရာ ကို ပြောပြပါ။ (သင့်အား မပြောပြလိုသည့် လူများလည်းရှိလိမ့်မည်။ တိတ်တဆိတ်ဆုတောင်းခြင်းသည်လည်း ကောင်းပါပေသည်။)

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

"အို ဘုရားသခင်၊ ကိုယ်တော်၏နာမကို ခေါ်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကြားနိုင်သည်ကို ကျွန်ုပ်တို့သိပါ၏။ ကျွန်ုပ်တို့ တစ်ဦးချင်းစီကို ကြည့်ရှုပေးခြင်းနှင့် နားထောင်ပေးခြင်းအတွက် ကျေးဇူးတင်ပါ၏။ ကိုယ်တော်နှင့် ကျွန်ုပ်တို့ နီးလိုပါ၏။ ကိုယ်တော်၏ အကူအညီကို ကျွန်ုပ်လိုအပ်ပါ၏။ ကျွန်ုပ်တို့ ပြောရမည့်အရာနှင့် လုပ်ရမည့်အရာ။ ကျွန်ုပ်တို့ ဘာလုပ်သင့်သည် သို့မဟုတ် ဘာပြောသင့်သည်ကို မသိတော့သည့်အချိန်များတွင် ကျွန်ုပ်တို့အနီးတွင် ကိုယ်တော်အမြဲ ရှိပေးတော်မူသည်။ ကျွန်ုပ်တို့ကို နည်းလမ်းများစွာနှင့် ချစ်ပေးသည့်အတွက် ကျေးဇူးတင်ပါတယ်။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

သို့မဟုတ် (ကလေးငယ်များအား ပေါက်ပေါက်ဆုတ်ဆုတောင်းနည်းကို သင်ပေးပါ)

ယခုအခါမှာတော့ ယေရှုထံဆုတောင်းပြီး မိမိရဲ့ခံစားချက်တွေကို သူ့အားပြောပြနိုင်ဖို့အတွက် သင်တို့ကို အချိန်ပေးလိုပါတယ်။ ပေါက်ပေါက်ဆုတ်များတို့သည် ကျက်သောအခါ ထပေါက်လာသကဲ့ သင့်အနေဖြင့် သင့်ဆုတောင်းချက်ကို ထွက်ပေါ်လာစေနိုင်သည်။ တိုတောင်းသော ဆုတောင်းချက်များအား ဆုတောင်းရာတွင် ကျွန်ုပ်တို့အနေဖြင့် တစိတ်တသဘောတည်းဖြင့် ဆုတောင်းနိုင်သည်။ ဆုတောင်းရာတွင် အပိုင်း ၄ ပိုင်းပါဝင်ပါသည် - ချီးမွမ်းခြင်း၊ အပြစ်ဝန်ချခြင်း၊ လိုသောဆုကို တောင်းခံခြင်း တို့ဖြစ်သည်။ အခြားသူများဆုတောင်းနေချိန်တွင် သင့်အနေဖြင့်လည်း အလားတူဆုတောင်းချက်မျိုးကို သင့်စိတ်ထဲတွင် တိတ်တဆိတ်ဆုတောင်းနိုင်သည်။

ဆုတောင်းချက်အတိုကလေးများကို အလှည့်ကျဆုတောင်းသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့ထဲတွင် တချို့က ဘုရားကို ချီးမွမ်းနိုင် သည်။ ဥပမာ - "ကိုယ်တော်ရဲ့ မေတ္တာတရားအတွက် ကျေးဇူးတင်ပါ၏။" ထို့နောက် တချို့က အပြစ်ဝန်ချရန်အ တွက် ဆုတောင်းနိုင် ပါသည်။ ဥပမာ - "ဒီနေ့ ကျောင်းအားကစားကွင်းမှာ ကျွန်ုပ်ဒေါသထွက်မိတဲ့အတွက် တောင်းပန်ပါ၏။ ထို့နောက် တချို့ကလည်း မိမိတောင်းလိုသည်များကို ဆုတောင်းနိုင်သည်။ ဥပမာ - "အဖေ့ကို ဆေးလိပ်ဖြတ်ပေးနိုင်ဖို့ မစတော်မူပါ။ ထို့နောက် နောက်ဆုံးအနေဖြင့်၊ တချို့က ဘုရားကို ကျေးဇူးတင်ပါ၏။ ဥပမာ - "စာမေးပွဲ အောင်ခွင့်ပေးသည့်အတွက် ကိုယ် တော်ကို ကျေးဇူးတင်ပါ။" ဟု ပြောနိုင်ပေသည်။

# သင်ခန်းစာ ၇ - ပျော်စရာအတွေးများကို ကျွန်ုပ်ရွေးချယ်နိုင်သည်။

| | |
|---|---|
| **သင်ခန်းစာ ၇ အဓိကအကြောင်းအရာ** | အတွေးများသည် အလွန်တန် ခိုးကြီးသည်။ ၎င်းသည် စိတ်နှင့်ခန္ဓာကိုယ် ပျော်ရွှင်ကျန်းမာစေနိုင်သလို၊ ဝမ်းနည်းကြေကွဲစေနိုင်သည်။ |

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- မကောင်းသည့် အတွေးများကို ကျွန်ုပ်ခွဲခြားသိမြင်နိုင်သည်။
- အတွေးနှင့် စိတ်ခံစားချက်တို့သည် ဆက်စပ်နေပါသည်။ မကောင်းသည့်အတွေးများ သည် ကျွန်ုပ်တို့ကို ထိခိုက်နာကျင်စေသည်။
- အတွေးများသည် အမှန်တရားအပေါ်တွင် အမြဲတမ်းအခြေပြုမနေပါချေ။
- မကောင်းသည့် အတွေးများနေရာတွင်၊ ဘုရားသခင်၏ကတိတော်များ၊ အမှန်တရား အပေါ်အခြေပြုထားသည့် ကောင်းသောအတွေးများနှင့် ပျော်ရွှင်စေသည့်အတွေးများ တို့ဖြင့် ကျွန်ုပ်အစားထိုးနိုင်သည်။

**သတင်းစကား**

မကောင်းသောအတွေးများကို ဘုရား၏ကတိတော်များနှင့်သော်၎င်း၊ ပျော်ရွှင်စေသည့် ကောင်းသောအတွေးများဖြင့်သော်၎င်း အစားထိုးရန် ကျွန်ုပ်သင်ယူနိုင်သည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ။

- ကြိုး
- မကောင်းသောအတွေးများကို ပုံဆောင်သည့် (အင်းစက်ပိုးမွှားများ) ကဒ်များ
- ကတိတော်များကို ပုံဆောင်သည့် (ကုထုံးများ) ကဒ်များ
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- အဖွဲ့လိုက်ပုံဆွဲရာတွင်အသုံးပြုရန်လိုသည့် ပုံဆွဲပစ္စည်းများ
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက် စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**မကောင်းသောအတွေးများနေရာတွင် ပျော်ရွှင်စေနိုင်သည့် ကောင်းသောအတွေးများဖြင့် အစားထိုးရန် သင်ယူနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။**

ဤသင်ခန်းစာအဆုံးတွင်ပေးထားသည့် သရုပ်ပြရုပ်ပုံများကို မိတ္တူကူးလိုက်ပါ။ အင်းစက်ပိုး မွှားအရုပ်ပါသည့် စာရွက်၏ နောက်ကျောတွင် အဆိုးမြင်သောဖော်ပြချက်များကို ရေးချပါ။ ကုထုံးအရုပ်များပါရှိသည့် စာရွက်၏နောက်ကျောတွင် ကျမ်းကတိတော်များကို ရေးချပါ။ ပုံများကို ညှပ်ထုတ်ပါ။ ကလေးတစ်ဦးလျှင် အင်းစက်ပိုးအရုပ်တစ်ခု (သို့) ကုထုံးအရုပ်တစ်ခု ရှိနိုင်ရန် ပုံများကို အလုံအလောက် ပြင်ဆင်ထားပါ။

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့ကသင်ခန်းစာမှာလေ့လာခဲ့ကြတဲ့၊ ကိုယ့်ရဲ့ခံစားချက်တွေကို အခြားသူများနဲ့ ဘုရားသခင်ထံ ပြောပြနိုင်တယ်ဆိုတဲ့ သင်ခန်းစာထဲက ဘာအကြောင်းတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။



အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ဒုက္ခရောက်ချိန်တွင် ကျွန်ုပ်အကူအညီတောင်းခံနိုင်ပြီး အကူအညီမရမချင်း ဆက်လက်တောင်းခံနိုင်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလှုပ်ဆောင်စရာ (Introductory Activity)

(ကလေးများအား အဝိုင်းအနေအထားဖြင့် မတ်တပ်ရပ်ခိုင်းပါ။ ပြေးမည့်သူတစ်ဦးကို ရွေးထုတ်ပါ။ ပြေးရမည့်သူကို စက်ဝိုင်းအလယ်မဟုတ်တွင် ထားရှိပါ။ အခြားကျောင်းသား/သူတစ်ဦးကို ရွေးထုတ်ပြီး ပြေးရမည့်သူအား လိုက်ဖမ်းခိုင်းပါ။ ပြေးရမည့်သူကလည်း အဖမ်းမခံထိဖို့ရန် ပြေးရပါမည်။ စက္ကန့်အနည်းငယ်ကြာလျှင် လိုက်ဖမ်းသူနေရာတွင် လူသစ်တစ်ဦးဖြင့် အစားထိုးပေးပါ။ ပြေးသောသူအား ဖမ်းမိသည်အထိ လူလဲပေးပါ။ ဖမ်းမိသွားသောအခါ၊ ပြေးသောသူအား ဤသို့မေးပါ၊ "ဖမ်းတဲ့ သူတွေက တစ်ယောက်ပြီးတစ်ယောက်ဝင်ဖမ်းနေတာဆိုတော့ နင့်အတွက် ကိုယ်လွတ်ထွက်ပြေးနိုင်ဖို့ ပိုခက်ခဲနေခဲ့ပါသလား။")

(ယခုတဖန် ထိုကစားနည်းကို ထပ်မံပြန်ကစားစေပါ။ သို့ရာတွင် ပြေးသောသူအား တံမျက်စည်းတစ်ချောင်းပေးထားပါ။ မိမိအား လိုက်ဖမ်းနေသူအား တံမျက်စည်းနှင့် ထိအောင်လုပ်နိုင်လျှင် လိုက်ဖမ်းသူက ရှုံးသည်ဟု သတ်မှတ်ရမည်။ "ဒီဒုတိယတစ်ကြိမ်မှာ အဖမ်းမခံရဖို့ကြိုးစားရတာ ပိုလွယ်သွားပါသလား။"ဟု ပြေးသောသူအား မေးပါ။

မကောင်းသောအတွေးများက ကျွန်ုပ်တို့ကို "မဖမ်းမိစေရန်" နှင့် ထိုအတွေးများကြောင့် ဝမ်းနည်းပက်လက်မဖြစ်ဖို့ရန် ယနေ့သင်ယူသွားမည်ဖြစ်သည်။

(ပုရွက်ဆိတ်ပုံများကို ပြပါ။) ပုရွက်ဆိတ်များတို့သည် အလိုလိုရောက်လာတတ်သည့် လူကိုဝမ်းနည်းအောင်လုပ်တတ်သော အတွေးများနှင့်တူသည်။ "ငါဟာ ရူးနေတာပဲ" သို့ "ငါက လူကောင်းမဟုတ်ဘူး" စသည်တို့သည် မကောင်းသောအတွေးများဖြစ်သည်။ ဤသို့သော မကောင်းသည့်အတွေးများကို စိတ်အနှောက်အယှက်ပေးသောပုရွက်ဆိတ်များအဖြစ်မှတ်ပါလေ။ သင်ပျော်ပွဲစားထွက်နေသည် ဆိုကြပါစို့။ ပုရွက်ဆိတ်တကောင်သည် အခြားပုရွက်ဆိတ်များစွာကို ခေါ်လာပြီး သင့်ဖရဲသီးကို လာရောက်ကိုက်စားနေသည်။ သင့်ဖရဲသီးကို သင် ပစ်လိုက်ရသည် (သို့) ရေဆေးလိုက်ရသည်။ ဆိုးသောအတွေးများသည် ဤပုရွက်ဆိတ်များနှင့်တူသည်။ ဆိုးသောအတွေးများကို သင့်စိတ်ထဲတွင် နေရာပေးမိလျှင် မကြာမီမှာပင် ပိုမိုများပြားသည့် ဆိုးသောအတွေးများ ထပ်မံဝင်လာပေမည်။

(ချနှင့် ချအိမ်ပါသော ပုံတစ်ပုံကို ထုတ်ပြပါ။)

ချတစ်ကောင်က များစွာ ဖျက်ဆီးတတ်ပါသလား။ ချအုံတစ်ခုတွင်ရှိသော ချများစွာပါဝင်သည့်ချအုပ်စုကြီးက ဘာလုပ်နိုင်ပါသနည်း။ ချများကို မဖယ်ရှားပဲနေလျှင် ဘာဖြစ်လာနိုင်သနည်း။ သူတို့ကို မဖယ်ရှားပဲ ဆက်ထားလျှင် သူတို့လမ်းကြောင်းတွင်ရှိသမျှသောအရာများအား သူတို့ စားပစ်လိမ့်မည်။ ပုရွက်ဆိတ်နှင့် ချများက သင့်ပိုင်ဆိုင်မှု များကို မဖျက်ဆီးနိုင်ရန် သင်ဘာလုပ်သင့်သနည်း။

အမြစ်ပြတ်သုတ်သင်ပစ်ရမည်။

(တံမျက်စည်းတစ်ချောင်းနှင့် ပိုးသတ်ဆေး ဖျန်းဆေးတစ်ဗူးကို ထုတ်ပြပါ။)

မကောင်းသောအတွေးများကိုလည်း အမြစ်ပြတ်သုတ်သင်ပစ်ဖို့လို သည်။ " ဘယ်သူကမျှ ငါ့ကိုမနှစ်သက်ကြဘူး"စသည့် မကောင်းသော အတွေးများကိုသာ သင်အာရုံစိုက်နေလျှင် သင့်စိတ်ထဲတွင် ထိုအတွေးများ လွှမ်းမိုးလာပြီး သင့်တစ်ရက်တာကို ပျက်စီးစေလိမ့် မည်ဖြစ်သည်။ လူကို ဝမ်းနည်းစေသည့် မကောင်းသော အတွေးများ ကို သင်နေ့တိုင်းတွေးနေလျှင် ထိုအရာများတို့သည် သင့်ဘဝတစ်ခုလုံးကို ပျက်စီးစေလိမ့်မည်ဖြစ်သည်။

**အဖွဲ့ငယ်လှုပ်ရှားမှု၊**

ကလေးများတွင် အဖြစ်များသည့် မကောင်းသောအတွေးများကား အဘယ်နည်း။ (ကလေးများ ပြောပြလာသည့်အဖြေများကို ဆရာ/မက ဘောပေါ်တွင်ရေးချရမည်။)

မကောင်းသောအတွေးများနေရာတွင် အစားထိုးနိုင်မည့် ကောင်းသောရေးသားချက် (သို့) ကျမ်းချက်တစ်ချက်ကိုရှာပါ။ (မိမိတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်ရှိ စာမျက်နှာ ၁၆ ကို ကလေးများအားဖွင့်ထားခိုင်းပါ။ ထိုစာမျက်နှာတွင် မကောင်းသောအတွေးတစ်ခုစီ၏ နေရာတွင် အစားထိုးနိုင်မည့် သက်ဆိုင်ရာကျမ်းချက်များကို အောက်ပါအတိုင်း ဖေါ်ပြထားပေးပါသည်။

**"ကျွန်ုပ်မှာ မိတ်ဆွေမရှိပါ၊ မည်သူမျှ ကျွန်ုပ်ကို မနှစ်သက်ပါ။"** ___ ဘုရားသခင်မိန့်တော်မူသည်ကား၊ "အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။" (ယေရမိအနာဂတ္တိကျမ်း ၃၁း၃)

**"ဘယ်အခါမျှ ကျွန်ုပ်ဘဝ အဆင်ပြေလာတော့မည်မဟုတ်ပါ။"** ___ ဘုရားသခင်မိန့်တော်မူသည်ကား၊ "သင်တို့သည် မြော်လင့်သောအကျိုးကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်းငှါသာ၊ သင်တို့အဖို့ ကြံစည်သောအကြံတို့ကို ငါသိ၏။" (ယေရမိအနာဂတ္တိကျမ်း ၂၉း၁၁)

**"ကျွန်ုပ်သည် ဘာမျှမကောင်းပါ။"**___ "ကျွန်ုပ်ကို ထာဝရဘုရား၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသည်။ ခပ်သိမ်းသောအရာတို့ကို ကောင်းစွာ ကိုယ်တော်ဖန်ဆင်းထားသည်။" (ကမ္ဘာဦးကျမ်း ၁း၂၇၊ ၃၁)

**"ကျွန်ုပ်၌ အဆိုးများသာ အမြဲတမ်းဖြစ်ပေါ်နေသောကြောင့် ကျွန်ုပ်ကြောက်ရွံ့နေရသည်။"** ___ ဘုရားသခင်မိန့်တော်မူသည်ကား၊ "မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာ ရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင်ငါသည် သင့်ကို ခိုင်ခံ့စေမည်။" (ဟေရှာယအနာဂတ္တိကျမ်း ၄၁း ၁၀)

**"ကျွန်ုပ်သည် ငယ်ရွယ်ပြီး အကူအညီမဲ့ဖြစ်နေသည်။"**___ ဘုရားသခင်မိန့်တော်မူ သည်ကား၊ "သင်နှင့်ရန်တွေ့သောသူကို ငါသည် ရန်တွေ့၍၊ သင်၏သားတို့ကို ကယ်တင်မည်။" (ယေရှာယ ၄၉း၂၅)

**"ကျွန်ုပ်ပြုသော ရွေးချယ်မှုတိုင်းက အမြဲတမ်းမှားနေသည်။"** ___ "ငါ့ကို ခွန်အားနှင့်ပြည့်စုံ စေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။" (ဖိလိပ္ပိ ၄း၁၃)

**"ကျွန်ုပ် ရုပ်ဆိုးလွန်းလှသည်။"** ___ကိုယ်တော်ရှင်သည် ကျွန်ုပ်အား "ဘုရားသခင့်ရှေ့မှာ အဘိုးများစွာ ထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖေါက်ပြန် မပျက်စီးတတ်သော တန်ဆာ ဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူ ဖြစ်စေ၏။" (၁ ပေ ၃း၄)

**"အစော်ကားခံထားရသောကြောင့် ကျွန်ုပ်ညစ်ပတ်နေပါသည်။"** ___ယေရှုမိန့်တော်မူသည်ကား၊ "ငါသည် သင်တို့ကိုချစ်၍ ငါ့အသွေးနှင့် သင်တို့အပြစ်များကို ဆေးကြောတော်မူ၏။" (ဗျာဒိတ် ၁း၅)

**"ကျွန်ုပ်သည် အလွန်ဆိုးသွမ်းလှသည်။ ကျွန်ုပ်ကို ကောင်းကင်သို့ ဘုရားသခင်ခေါ်ဆောင်မည် မဟုတ်ပါ။"**___ "ကိုယ်အပြစ်တို့ကို ဝန်ခံပြောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစေခြင်းငှါ ဘုရားသခင်သည် သစ္စာနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငှင်း၊ ပြည့်စုံ တော်မူ၏။" (၁ယော ၁း၉)

**တွဲဖက်လှုပ်ရှားမှု**

(စာမျက်နှာ ၇၁ ကိုကြည့်ပါ။ - မကောင်းသောအတွေးများကို ပုံဖေါ်ထားသည့် ကဒ်များ (ပရွက် ဆိတ်ပုံ၊ ကင်းခြေများပုံ၊ နှင့် ချပုံပါသည့်ကဒ်များ)ကို ကတိတော်စာသားများပါသည့် ကဒ်များ (တံမျက်စည်းပုံ၊ ဖျန်းဆေးဗူးပုံနှင့် ကျောတွင်လွယ်သော ဖျန်းဆေးပုံးကြီးပါသည့် ကဒ်များ)တို့နှင့် ရောလိုက်ပါ။ ကလေးတစ်ယောက်လျှင် ကဒ်တစ်ကဒ်ဝေပေးပါ။ ကလေးများကို ကျောင်းခန်းထဲ တွင် ဖြန့်ထိုင်ခိုင်းပါ။ "ရှာလို့ရပြီ" ဟု သင်ကြေငြာ

လိုက်သည်နှင့် ကလေးများက မိမိတို့ကဒ်တွင် ရေးထားသော စာများကိုဖတ်ပြီး မိမိတို့ကဒ်နှင့် တစ်တွဲတည်းဖြစ်သောကဒ်ကို အခြားသူငယ်ချင်း များတွင် လိုက်ရှာရမည်။ ရှာတွေ့သောသူများကို ပြန်ထိုင်ထားခိုင်းပါ။ သူတို့ကို အတူတကွ ဆုတောင်းခိုင်းပါ။ ကဒ်တွင်ရေးထားသောကတိတော်များကို မိမိတို့ကိုယ်တိုင်အတွက် သော်၎င်း၊ မိမိတို့အသိတစ်စုံတစ်ယောက်အတွက်သော်၎င်း ဘုရားရှင်ထံတောင်းခံပေးပါ။

ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။ (ထိုစာသားကို ဆရာ/မ က ရှေ့ကလိုက်ဆို၍ ကလေးများ က ဆရာမနောက်မှ လိုက်ဆိုဖို့ဖြစ်သည်။ ထို့နောက် ကလေးများအားလုံး ညီညီညာ ညာရွတ်ဆိုရန်ဖြစ်သည်။)

**မကောင်းသောအတွေးများနေရာတွင် ပျော်ရွှင်စေနိုင်သည့် ကောင်းသောအတွေးများ ဖြင့်အစားထိုးရန် သင်ယူနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## သင်ခန်းစာ ၇ – ဘဝပုံပြင်

### တဒ်၏ပုံပြင်

ရုပ်ပုံပြကားချပ် 7A



*(ဆရာ/မက တဒ်၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ရုပ်ပုံကားချပ် 7A တွင်ရှိသော ဤရုပ်ပုံ 7 ခုကို ပြသဖို့ဖြစ်သည်။)*

တစ်ခါက တဒ် အမည်ရှိတဲ့ ကောင်လေးတစ်ယောက်ဟာ သူ့ကိုယ်သူ လူတုံးလူအတစ်ဦးအဖြစ်ထင်မြင်ခဲ့ပါသည်။ တဒ်ဟာ လူတုံးလူအတစ်ယောက်ပဲဟု လူများမကြာမကြာပြောဆိုနေကြသည်ကို သူကြားရပြီး ထိုစကားများကို သူအမှန်ထင်နေခဲ့သည်။ ကျောင်းတွင်လည်း အခြားကလေးများက သူ့ကို လှောင်ပြောင်ကြသည်။ ဤအချက်များကြောင့် တဒ်တစ်ယောက် ကျောင်းစာများတွင် အာရုံမစိုက်နိုင်တော့ပါချေ။ အတန်းဖော်များကလည်း တဒ်၏ထိုင်ခုံအနောက်မှ ဖြတ်သွားကြစဉ် တဒ်၏ ဦးခေါင်းကို လက်နှင့်ပုတ်ပြီး "မင်း ဘာဖြစ်နေတာလဲ။ အိမ်စာက ဒီလောက်လွယ်တာကို။"ဟု စနောက်ကျီစယ်ကြပြန်သည်။ မိမိကိုယ်ကိုလည်း "ငါက တကယ့်အရူးသမားကြီးပါကွာ" ဟု တဒ်က မိမိကိုယ်ကို တွေး နေခဲ့မိသည်။

အိမ်ပြန်ရောက်ပြန်တော့၊ သူ့အမေက " နင်ဘာမျှ မလုပ်တတ်ဘူးလား။ နင့် အစ်မလိုလည်း တံမြက်စည်းလှဲ သန့်ရှင်းရေးလည်းမလုပ်ဘူး။" လို့ပြောလိုက်တယ်။ တဒ် ကလည်း "ငါဘာမှ မလုပ်တတ်ဘူး၊ ဘယ်တော့မှလည်း ပျော်ရွှင်ပြီး အောင်မြင် တဲ့ ဘဝကို ရတော့မှာ မဟုတ်ဘူး။" ဟုမိမိကိုယ်ကို စဉ်းစားနေခဲ့သည်။

တစ်နေ့တွင် ဆရာက သူအလွန် ဝမ်းနည်းနေသည်ကို သတိပြုမိသွားသည်။ တဒ်တစ်ယောက် ကိုယ့်ကိုယ်ကို ထုံတယ်အတယ်၊ ပြောင်းလဲနိုင်မှာမဟုတ်တော့ဘူးဟု တွေးထင်နေသည်ကို ဆရာသိရှိနေပါသည်။

ကလေးများက ကျောင်းပြီး၍ စာသင်ခန်းမှ ထွက်ခွာလာသောအခါ “တဒ်ရေ လာပါအုံး” ဟု ဆရာခေါ်လိုက်သည်။ “မင်းကို သမ္မာကျမ်းစာ တစ်အုပ်လုံးမှာရှိတဲ့ ကျောင်းသားတိုင်းအတွက် အားအပေးနိုင်ဆုံး ကတိတော်တစ်ခုကို ပြမယ်။” တဒ် ကြည့်ဖို့ ပြေးသွားသည်။ သမ္မာကျမ်းစာ ထဲက အကြောင်းအရာများကို တဒ်နှစ်သက်သည်။ ကျမ်းချက်များက တဒ်ကို ပေါ့ပါး သည့်ခံစားမှုကို ဖြစ်ပေါ်စေသည်။

“ကိုယ့်ဖာသာ ကိုယ်ဖတ်ပါ တဒ်”ဟု ဆရာက ပြောလိုက်သည်။ “သင်တို့တွင် တစုံတယောက်သော သူသည် ပညာကိုလိုလျှင်၊ ကဲ့ရဲ့ ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ။ တောင်းလျှင်ရလိမ့်မည်။” (ရှင်ယာကုပ် ဩဝါဒစာ ၁ : ၅။) ဟူ၍ တဒ်ဖတ်လိုက်ရပါသည်။

“ဘုရားသခင်က ပညာရှိတဲ့ဘုရားလို့ မင်းထင်လား”ဟု ဆရာက မေးလိုက်သည်။ “သိပ်ဟုတ်တာပေါ့ဆရာ”ဟု တဒ်က အံ့အားသင့်စွာ ပြန်ဖြေသည်။

“ဒါဆို ဘုရားသခင်က မင်းကို ဉာဏ် ပညာပေးနိုင်လိမ့်မယ်လို့ မင်းထင်သလား။” ဟု ဆရာကဆက်မေးသည်။ “ထင်တာပဲ” လို့ တဒ်က မယုံတဝက်ယုံတဝက်နှင့် ပြန်ဖြေသည်။

“ဘုရားသခင်ကို အတူတူတောင်းလျှောက်ကြစို့။”ဟု ဆရာကပြောလိုက်သည်။ “ဘုရားသခင်က ကျောင်းမှာရော၊ အိမ်မှာပါ မင်းကို ကောင်းကောင်းကူညီပေးနိုင်မယ်ဆိုတာ ငါသိတယ်။ ဒါပေမဲ့၊ မင်းက ဘုရားသခင်ကို ယုံကြည်ပြီး ‘ဘုရားသခင် က ငါ့ကို ဉာဏ်ပညာပေးထားတယ်’လို့ ကိုယ့်ကိုကိုယ် ခဏခဏ ပြောနေရမယ်နော်” ဟု ဆရာကပြောလိုက်သည်။

နောက်တစ်နေ့ကျောင်းမှာ ဆရာက တဒ်ကို ပြုံးပြီး “မင်းဒီနေ့ပိုပြီး ကောင်းလာမယ်ဆိုတာ ငါသိတယ်။ ဘာကြောင့်လဲ သတိရလား၊”ဟု မေးလိုက်သည်။

မိမိအား ဘုရားသခင်ကူညီမည်ကို တဒ်အခိုင်အမာယုံကြည်သွားသည်။ ကျောင်းတွင် သူ စာပိုကြိုးစားလာပြီး အမှတ်ပိုကောင်းလာသည်။

အိမ်မပြန်မီ ဆရာက သူ့ကို “ အိမ်မှာ ပညာရှိဖို့ သင့်ကို ကူညီပေးမယ့် သမ္မာကျမ်းစာ ထဲကနောက်ထပ် ကြီးမားတဲ့ ကတိတစ်ခုကို ဖတ်ကြရအောင်၊”ဟုပြောခဲ့ပြန်သည်။ “နောက်ဆုံးကာလ၌ ပညာရှိဖြစ်လိုသောငှါ ဆုံးမသောစကားကို နားထောင်၍ နည်းဥပဒေသကို ခံယူလော့။” သုတ္တံကျမ်း ၁၉ : ၂၀။

သူ့ ဆရာက “မင်းအိမ်ရောက်ရင် အမေက အလုပ်တစ်ခုလုပ်ခိုင်းလျှင်၊ အမေလုပ်ခိုင်းစေချင်တဲ့ပုံက ဘယ်လိုလဲ ဆိုတာကို အမေ့ကို သေချာ အောင်မေးနော်။ ပြီးတော့ အကောင်းဆုံး ကြိုးစားလုပ်ဆောင်လိုက်ပါ။ အမေက တဒ်ကို မချီးမွမ်းရင်တောင် ပိုကောင်းအောင် ငါဘယ်လိုလုပ်ရမလဲ ဆိုတာကိုပဲ တဒ်ဆက်တွေးနေပါ။ ဒီလိုလုပ်ဆောင်ခြင်းဟာ သင့်ကို ပိုမိုပြီး ပညာ တိုးပွားစေလိမ့်မယ်လို့ ဘုရားရဲ့နှုတ်ကပတ်ကျမ်းစာမှာ ကတိပေးထားတယ်။”

ယုံကြည်မှုအပြည့်ဖြင့် အိမ်သို့ တဒ်ပြန်လာခဲ့သည်။ သူ့အား ဘုရားသခင်ကူညီတော့မည်ကို သူသိနေသည်။ မိခင်ကြီး စိတ်ကျေနပ်အောင် မည်သို့လုပ်ဆောင်ရမည်ကို သူနေ့တိုင်းသင်ယူလေ့လာနေသည်။ တစ်ခါတစ်ရံတွင် သူ၏အလုပ်ကို သူမ နှစ်သက်လာသည်။ တခါတရံတွင်လည်း သူ့အား အရူးကောင်ဟု ခေါ်နေသေးပြန်သည်။ သို့ရာတွင် တဒ်အတွေးအခေါ်များ အရင်ကနှင့်မတူတော့ပါ။ မိမိအပေါ် ဘုရားသခင် မည်သို့ခံစားချက်ရှိသည်ကို တဒ်သိနေသည်။ သူ့အား ဘုရားသခင်အလွန် ချစ်ပါသည်။ သူငယ်ချင်းများကလည်း သူ့ကို မနောက်ပြောင်ကြတော့ပါ။ မကြာမီမှာပင်၊ မိမိတို့အား စာကူရှင်းပြပေးဖို့ကိုပင် တဒ်အား သူတို့ အကူအညီတောင်းလာကြပါသည်။

တစ်နေ့တွင်၊ မိမိဆရာအား ကျမ်းစာမှ အံ့ဩဖွယ်ရာကတိတော်တစ်ခုပြဖို့ တဒ် ပြေးသွားခဲ့သည်။ “ဒီမှာကြည့် ပါအုံးဆရာရေ” ဟုသူက အံ့အားသင့်စွာ ပြောနေခဲ့သည်။ “ကိုယ့်အမှုအရာကို ထာဝရဘုရား၌ အပ်လော့။ ကိုယ်တော်ကို ကိုးစား လော့။” ဆာလံကျမ်း ၃၇ : ၅ ။ မအောင်မြင်မှာကို ကျွန်တော် မစိုးရိမ်တော့ပါဘူးဆရာ။ ကျွန်တော့်အတွက် ထူးခြားတဲ့အနာဂတ် တစ်ခုကို ဘုရားစီစဉ်ထားတယ်ဆိုတာ ကျွန်တော်သိနေပါပြီ” ဟု တဒ်ကြွေးကြော်နေပါတော့သည်။

တစ်နေ့တွင် တဒ်တစ်ယောက် လက်ထဲတွင်ရှိသည့် ခဲတံနှင့် စာရွက်တစ်ရွက်ပေါ်တွင် ရှုခင်းပုံဆွဲနေသည်ကို ဆရာသတိထားမိလိုက်သည်။ ပင်လယ်ကမ်းခြေပုံ၊ သို့မဟုတ် ငှက်နှင့် တိရိစ္ဆာန်များရှိသော တောင်တန်းပုံ တို့ကို တဒ်ရေးဆွဲနေသည်။ ဘယ်အရာမဆို အသက်ဝင်လာအောင် သူရေးဆွဲတတ်လာသည်။ သူ၏ ဆရာက ချဉ်းကပ်လာပြီး “တဒ် မင်း ဆွဲတဲ့ကမ်းခြေမြင်ကွင်းက မယုံကြည်နိုင်လောက်အောင်ကောင်းတယ်။ မင်းကို ပန်းချီဆွဲတတ်တဲ့စွမ်းရည်မျိုး ဘုရားပေးထား တာပဲ”ဟု ပြောနေလေသည်။ ပန်းချီခြယ်ခြင်းနှင့် ပုံဆွဲခြင်းက တကယ့်ဆုလဒ်ဘဲ။” ထို့အခါ တဒ် ထိုင်ပြီးစဉ်းစားနေမိသည်။ မိမိအား ဘုရားခင်က စွမ်းရည်ပေးထားပြီး ထိုစွမ်းရည်ကို သူအလွန်နှစ်သက်သည်။ ဆရာပြောလိုက်သည့်စကားကို တဒ် အသေ အချာ စဉ်းစားသုံးသပ်နေသည်။ ကျွန်တော့်မှာ ပန်းချီခြယ်ခြင်းစွမ်းရည်ကို ဘုရားပေးထားတယ်လို့

ဆရာပြောလိုက်တာပဲ။ မကြာမီအားလပ်ချိန်၌ သူပုံဆွဲနေစဉ် အခြား ကလေးသူငယ်များ သူ့အနားမှာ ရပ်နေကြတယ်။ သူတို့ လည်းဘဲ "ဝိုး၊ မင်းက အနုပညာရှင်ဘဲ။" လို့ မှတ်ချက်ပေးပြီး ပြောလာကြသည်။ မကြာမီ မိမိကိုယ်ကို ပန်းချီပညာရှင်တစ်ဦးအဖြစ် တဒ်ပုံဖေါ်တတ်လာခဲ့သည်။ အားလပ်ချိန်များတွင် ကလေးသူငယ်များက တန်းစီရပ်နေကြပြီး တဒ်က သူတို့ ပုံတူများကိုပါဆွဲလာနိုင်ခဲ့ပါသည်။

များမကြာမီမှာပင်၊ အခြားအရာများကိုလည်း တဒ် ကောင်းစွာလုပ်ဆောင်တတ်လာခဲ့ပါသည်။ အမှတ်များကောင်း လာသည်။ ကောင်းကောင်းမွန်မွန် လုပ်နိုင်ခဲ့သည်မှာ မကြာသေးပါ။ သူ့အမေကလည်း သူ့အတွက် ပို ပျော်ရွှင် လာသည့် ပုံစံရှိပြီး သူ့ သူငယ်ချင်းများက သူ၌ ကြီးမားသော စွမ်းရည် ရှိသည်ဟု ချီးမွမ်းလာကြပါသည်။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖေါ်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲ့တံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲမည့်နေရာ အဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက်ဖန်တီးရေးဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည် ဖြစ်သည်။)

"မဟုတ်မမှန်သည့် မကောင်းသောအတွေးများ၏ ထိန်းချုပ်မှုအောက်သို့ ကျွန်ုပ်တို့ ရောက်မသွားရန် ကျွန်ုပ်တို့အား ဘုရားသခင်ကူညီပေးနိုင်သည့် နည်းလမ်းရှိသည်။ "ကျွန်တော်/ကျွန်မ အဆင်ပြေတယ်၊ လုပ်နိုင်တယ်" ဆိုသည့်အတွေးများကိုသာ တွေးပါ။

ကျွန်ုပ်တို့၏အတွေးများကို ထိန်းချုပ်နိုင်ရန်နှင့် ကျွန်ုပ်တို့အား စိတ်ပျက်လက်ပျက်ဖြစ်စေရန် စာတန်တွင်လည်း အစီစဉ်ရှိနေပါသည်။

စာတန်နှင့် သူထံကလာသည့် မကောင်းသောအတွေးများကို "NO"ဟူသောစကားနှင့် ငြင်းပါယ် လိုက်ပြီး ဘုရားသခင်နှင့် ကောင်းသောအတွေးများကို "YES" ဟုပြောပြီး လက်ခံလိုက်သောအခါ တစ်စုံတစ်ရာဖြစ်လာပေမည်။ ပျော်ရွှင်သောအတွေးများဖြင့် မိမိကိုယ်ကို ပြောင်းလဲရန် ကျွန်တို့ရွေး ချယ်ရပါမည်။

(ဆရာ/ဆရာမ အနေဖြင့် လုပ်ဆောင်နိုင်သည့် အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ ကလေးများအား စကားပြောရာတွင် အထင်သေးသည့်စကားနှင့် နှိမ့်ချပြောဆိုသည့်စကားများအစား ကြင်နာသော စကားနှင့် မေတ္တာစကားကိုသာ အသုံးပြုခြင်းပင်ဖြစ်သည်။ ကလေးတစ်ဦးချင်းစီတို့အားလည်း သူတို့ အား ဘုရားပေးထားသည့်စွမ်းရည်များကို တိုးတက်ကောင်းမွန်လာအောင် ပျိုးထောင်ကြဖို့ တိုက်တွန်း အားပေးပါလေ။)

**အလွတ်ကျမ်းချက်၊** ရှင်ယာကုပ်သြဝါဒစာ ၁ : ၅။ သင်တို့တွင် တစုံတယောက် သော သူသည် ပညာကို လိုလျှင်၊ ကဲ့ရဲ့ပြစ် တင်ခြင်းကို ပြုတော် မမူဘဲ၊ ခပ်သိမ်းသော သူတို့အား စေတနာစိတ်နှင့် ပေးသနားတော်မူသော ဘုရားသခင်ကို တောင်းစေ၊ တောင်းလျှင်ရလိမ့်မည်။


(သန့်စင်အောင်ဖျက်ခြင်း(WIPE IT CLEAN) နည်းလမ်းကို အသုံးပြုပြီး ဤကျမ်းချက်ကို ကလေး များအား သင်ကြားပေးနိုင်ပါသည်။ ကျမ်းချက်ကို ဘောပေါ်တွင်ရေးချပါ။ ကလေးများအား ကျမ်းချက်ကို အကြိမ်ကြိမ် ရွတ်ဖတ်ခိုင်းပါ။ ပြီးလျှင် စာလုံးတစ်လုံးချင်းစီ စဖျက်ပါ။ ပြီးလျှင် ကလေးများအား ကျမ်းချက်ကို ဆက်ဖတ်ခိုင်းပါ။ ဘောပေါ်တွင် စာသားလုံးဝမကျန်တော့သည်အထိ ဆက်ဖတ်ခိုင်းပါ။ ကလေးများ အလွတ်ရွတ်နိုင်ကြပါလိမ့်မည်။)

## သင်ခန်းစာ ၇ – ကျမ်းစာပုံပြင်

### ပေါလုနှင့် သိလတို့၏ ပုံပြင်

ရုပ်ပုံပြကားချပ် 7B





*(ဆရာ/မက ပေါလုနှင့် သိလတို့ ထောင်ထဲတွင်သီချင်းဆိုဖို့ ရွေးချယ်ခဲ့ကြသည့်ပုံပြင်ကို (တမန်တော်ဝတ္ထု ၁၆:၁၉-၃၄) ကိုဖတ်ပြ (သို့) ပြောပြရန်ဖြစ်သည်။ ပုံပြင်ကိုပြောပြနေစဉ်တွင် ကလေးများက ပုံပြင်၏တချို့နေရာများတွင် သရုပ်ဖော်နိုင်သည်။ ပုံပြင်ပြောရာတွင် အဓိကအချက်များနှင့်တကွ အောက်တွင်ဖော်ပြထားသည့်အတိုင်းပြောဆိုနိုင်ပါသည်။ ရုပ်ပုံကားချပ် 7B တွင်ရှိသော ဤရုပ်ပုံ ၆ ခုကို အသုံးပြုပါ။)*

မိမိတို့အပြစ်များအတွက် ယေရှုအသက်စွန့်ပြီး ရှင်ပြန် ထမြောက်လာသည် ဆိုသည့်သတင်းစကားသည် ပေါလုနှင့် သိလတို့အဖို့ အလွန်စိတ်လှုပ်ရှားစရာဖြစ်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်၍၊ အသစ်သောနှလုံးသားကိုပေးကာ ကောင်းကင်သို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်တော်မူမည်ဟူသော သတင်းကို လူတိုင်းအား သူတို့ကြားသိစေ လိုသည်။ သို့ဖြစ်၍ နယ်မြေသစ်များသို့ သွားရောက်လျက် လူများအား ယေရှုအကြောင်းကို ဟောပြောဝေငှကြလေတော့သည်။

တစ်နေ့တွင်၊ ဖိလိပ္ပိမြို့၌ ဟောပြောဝေငှနေကြစဉ်၊ နတ်ဆိုးစွဲနေသော ကျွန်မတစ်ယောက်နှင့် သူတို့ဆုံဖြစ်ခဲ့ကြသည်။ ထိုကျွန်မ၏ အလုပ်ရှင်များက သူမကိုအသုံးချပြီး လူများ၏အနာဂတ်ကို ဟောကိန်းထုတ်စေခဲ့ကြသည်။ ဤနည်းဖြင့် သူတို့ ဝင်ငွေအမြောက်အများရရှိနေကြသည်။

ပေါလုနှင့် သိလ တရားဟောပြောသည်ကို သူမ ကြားသိသောအခါ၊ သူတို့သွားလေရာနောက်သို့ သူမ လိုက်သွားခဲ့ပြီး ဆူညံသံများ ပြုလုပ်နေခဲ့လေသည်။ များမကြာမီမှာပင် ပေါလုက နတ်ဆိုးဝိညာဉ်ကို သူမထံမှ နှင်ထုတ်ပစ်ခဲ့လေသည်။ သူမ၏ အလုပ်ရှင်များက သူမအားဖြင့် ငွေမရှာနိုင်မှန်းသိလာ၍ ဒေါသထွက်ခဲ့ကြလေသည်။ ပေါလုနှင့် သိလတို့ကို ဖမ်း၍ မြို့ခေါင်း ဆောင်များထံ ပို့ကြ၏။ မြို့ခေါင်းဆောင်များကလည်း ထိုသူနှစ်ဦး၏ကျောပြင်များ စုပ်ပြဲပြီး သွေးများထွက်သည့်အထိ အကြိမ် ကြိမ် ရိုက်နက်ခဲ့ကြသည်။ ထို့နောက် သူတို့သည် ပေါလုနှင့် သိလကို ထောင်ထဲထည့်လှောင်၍ ထိပ်တုံးခတ်ထားလေသည်။

(ဤနေရာမှ စတင်၍ ကလေးများအား သရုပ်ပြခိုင်းနိုင်ပါသည်။)

ခြေထောက်များတွင် ထိပ်တုံးတန်းလန်းနှင့် မြေကြီးပေါ် ထိုင်နေရသည်မှာ အလွန်ပင်သက်သောက်သက်သာမရှိ လှပါချေ။ သူတို့၏ကျောပြင်များလည်း လွန်စွာ နာကျင်နေပါသည်။ ပေါလုနှင့် သိလတို့သည် လူတို့အား ယေရှုအကြောင်းကို ကြားနာနိုင်အောင် ကူညီပေးခြင်းဖြင့် ကောင်းမွန်သောအလုပ်ကို လုပ်ဆောင်ခဲ့ကြသည်။ သို့သော်၊ လူများက သူတို့ကို ကျေးဇူး တင်မည့်အစား နာကျင်စေကြသည်။

ဤအခြေအနေမျိုးတွင် ပေါလုနှင့် သိလတို့ ညည်းညူခဲ့ကြပါသလား။ မိမိတို့အား ဤအခြေအနေမျိုးကို တွေ့ခွင့်ပေးသောကြောင့် ဘုရားသခင်ကို သူတို့စိတ်ဆိုးခဲ့ကြပါသလား။ သူတို့ ထိုသို့မပြုခဲ့ကြပါချေ။ ထိုအစား ထောင်ထဲ၌ ရှိနေစဉ်မှာပင် ဘုရားသခင်အား သူတို့ စတင်ဂုဏ်တော်ချီးမွမ်းခဲ့ကြလေသည်။ ကျောပြင်များနာကျင်၍ ရွေ့လျားရန် ခဲယဉ်းနေသော်လည်း သူတို့သည် အဆိုးမြင်ရန်နှင့် စိတ်တိုရန် ငြင်းဆန်ခဲ့ကြလေသည်။ အခြားသော အကျဉ်းသားများ ထလာသည်။ အကျဉ်း သားတစ်ယောက်က “ငါကြားတာ ဘာအသံလဲ” ဟူ၍မေးသည်။ “အဲဒါ သီချင်းဆိုနေတာ” နောက်တစ်ယောက်က “ အကျဉ်း ထောင်ရဲ့ တစ်နေရာရာမှာ သီချင်းဆို နေတာ” ဟု ပြောပြနေသည်။ ထောင်တွင်ရှိသော ထိုထောင်သားများအနေဖြင့် ဒေါသထွက် နေသူတို့၏အော်ဟစ်ဆဲဆိုသံများကလွဲပြီး ထောင်တွင် ဤသို့သော သီချင်းဆိုသံမျိုး တခါမျှ မကြားဖူးပါ။ ဤသို့ သီချင်းဆိုသံ ကို ကြားရသောအခါ သူတို့ အလွန်အံ့အားသင့်ခဲ့ကြပါသည်။

ပေါလုနှင့် သိလတို့ ဤသို့ ချီးမွမ်းသီချင်းဆိုနေကြစဉ်၊ ရုတ်တရက်ဆိုသလို ကြီးမားသော ငလျင်လှုပ်ခြင်း ဖြစ်ပေါ်လာခဲ့သည်။ အလွန်ကြီးမားသည့် မြေငလျင်လှုပ်ခြင်းကြောင့် ထောင်တံခါးများအားလုံးပွင့်သွားပြီး အကျဉ်းသားများ၏ လက်နှင့် ခြေထောက်များမှ သံကြိုးများပြုတ်ကျကုန်သည်။ အကျဉ်းထောင် ဦးစီးက အကျဉ်းသားများ အားလုံး ထွက်ပြေး လွတ်မြောက်ပြီဟု ထင်ခဲ့သည်။ အကယ်၍ ထိုသို့ဖြစ်လျှင် မိမိအား မြို့ခေါင်းဆောင်များ သေဒဏ်ပေးမည်ကို သူတွေးလိုက် မိသည်။ ဤသို့ဖြင့် သူ၌ ကြောက်စိတ်များဝင်ရောက်လာခဲ့ပြီး မိမိကိုယ်ကို ဓါးဖြင့် အဆုံးစီရင်ရန် သူကြံစည်လေတော့သည်။

ထိုအခါ ပေါလုထံမှ "ကိုယ်ကိုကိုယ် မညှဉ်းဆဲနှင့်။ လူအပေါင်းတို့သည် ဤအရပ်၌ ရှိသည်"ဟူသော ပြောဆိုသံကို ထောင်မှူးကြားလိုက်ရပါသည်။ သူသည် ပေါလုနှင့် သိလ တို့၏ ခြေရင်း၌ တုန်လှုပ်လျက် ပြပ်ဝပ်လေ၏။ "ကယ်တင်ခြင်းသို့ ရောက်ရန် ကျွန်ုပ် ဘာလုပ်ရမည်နည်း။" ဟု ထောင်မှူးမေးလာခဲ့ပါသည်။ သူသည် ပေါလုနှင့် သိလတို့နည်းတူပင်၊ ကြောက်မက် ဘွယ်သော အမှုအရာတို့ ကြား၌ပင် အကောင်းမြင်သောသဘောနှင့် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့လေသည်။

ပေါလုနှင့် သိလတို့ကလည်း၊ "သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သား တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်" ဟု သူ့အား ပြန်ပြောခဲ့ကြပါသည်။ ထိုနောက် ထောင်မှူးက ပေါလုနှင့် သိလတို့ ၏ကျောတွင်ရှိသောအနာများကို ဆေးကြောပြုစုပေးခဲ့လေသည်။ ဘုရားသခင်သည် သူတို့၏ အကောင်းမြင်သောစိတ်သဘောထားကို သူတို့နှင့် အခြားသူများတို့အတွက် အလင်းတရားဖြစ်ရန်အသုံးပြုခဲ့လေသည်။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

၁။ **နေ့စဉ်မှတ်တမ်းစာအုပ်**

မှတ်တမ်းစာအုပ် စာမျက်နှာ ၁၅ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**မကောင်းသောအတွေးများနေရာတွင် ပျော်ရွှင်စေနိုင်သည့် ကောင်းသောအတွေးများ ဖြင့်အစားထိုးရန် သင်ယူနိုင်သည်ဟု ကျွန်ုပ် ယုံကြည်သည်။**

(ကျောင်းသား/သူများက မိမိတို့ရွေးချယ်သည့်အရာတစ်ခုခုကို မိမိတို့မှတ်တမ်းစာအုပ်ထဲတွင် ရေးသား (သို့) ပုံဆွဲနိုင်သည်။ သို့မဟုတ် ဆရာ/မက သူတို့ကို အကြံပြုနိုင်သည်။)

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၁၇ ကိုဖွင့်ပါ။ သင်၌ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည့် မကောင်းသည့်အတွေးများကို ရေးချပါ။ ထို့နောက် ထိုမကောင်းသည့်အတွေးများထဲက တစ်ခုကို "No" ဟု အသံကျယ်ကျယ်ဖြင့် တုန့်ပြန်ပြောပါ။ သို့မဟုတ် ထိုမကောင်းသည့် အတွေးနေရာတွင် ကောင်းသည့်အတွေးတစ်ခု (သို့) ကတိတော်ကျမ်းချက်တစ်ပိုဒ်ကို ရေးချပါ။

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၁၈ ကိုဖွင့်ပါ။ သင့်ခံစားချက်နှင့်ထပ်တူညီသည့် ပုံတစ်ခုကိုရွေးပြီး ထိုပုံအောက်ရှိ လေး ထောင့်အကွက်ထဲတွင် ဆေးရောင်ခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့သင်ခံစားရသည်ကို ပုံဖြင့် (သို့) စာတစ်ကြောင်းနှစ် ကြောင်းဖြင့် ရေးသားဖော်ပြပါ။

၂။ **အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ**

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်း ဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေ အထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှုလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ဆရာ/ဆရာမ တစ်ဦးဦး၏ ကိုယ်ခန္ဓာတစ်ခုလုံးကို ကြိုးများဖြင့်ချည်နှောင်ထားပါ။ လက်များ လှုပ်၍မရသည်အထိ ကြိုးဖြင့် အကြိမ်ကြိမ်ပတ် ချည်ထားပါ။ ထို့နောက် ကျောင်းခန်းထဲသို့ သူ့အားဝင်လာခိုင်းပြီး အဝိုင်းအနေအထားဖြင့် ရပ်နေကြသည့် ကလေးများ၏ အလယ်တွင် ရပ်နေ စေပါ။ မကောင်းသောအတွေးများ၏ ချည်နှောင်မှုတွင် ထိုသူ လှုပ်ရှား၍မရနိုင်သည့် အကြောင်းကို ကလေးများအား ပြောပြပါ။)

ထိုသူ၌ "ငါဟာ တကယ့်အရူးပဲ။" "ငါ ဘာကိုမျှ မှန်အောင်မလုပ်တတ်ဘူး။" "ငါ့ကို ဘယ်သူကမျှ မနှစ်သက်ကြဘူး။" သို့မဟုတ်"ငါ့ဘဝမှာ အကောင်းတွေဆိုတာ ရှိလာတော့မှာမဟုတ်ပါဘူး။" စသည့်အတွေးများသာ ရှိနေသည်ဆိုကြစို့။

သူ့ကို အဲဒီလိုအတွေးတွေထဲက လွတ်မြောက်နိုင်အောင် ငါတို့ ကူညီနိုင်မလား။ သူ့အဖို့ ကောင်းတဲ့စကား (အပြုသဘော ဆောင်တဲ့စကား) တစ်ခွန်းကို မင်းတို့ပြောလိုက်တိုင်းမှာ ငါ ကြိုးတစ်ချောင်းကို ဖြည်ပေးမယ်။ ကတိတော်နဲ့ဆိုင်တဲ့ ကျမ်းချက်တွေကိုလည်း အသုံးပြုနိုင်တယ်။

(ချည်နှောင်ထားသည့် ကြိုးများ အားလုံးဖြည်လို့ပြီးသည်အထိ ကလေးများအား ကောင်းသောစကားများ (သို့) ကတိတော်ကျမ်း ချက်များကို ထိုသူအဖို့ ပြောခိုင်းပါ။ ကြိုးအားလုံး ဖြည်ပြီးသွားသောအခါ ကလေးများအားလုံးနှင့် အတူ ထိုသူ၏လွတ်မြောက် ခြင်းအတွက် လက်ခုပ်သြဘာဖြင့် ဝေ့ ဟုအော်ပြီး အောင်ပွဲခံပါ။)

ကျွန်ုပ်တို့၌ရှိသော အတွေးဆိုးများကိုဖယ်ရှားပေးရန် ယေရှုကို ကျွန်ုပ်တို့ခွင့်ပြုသောအခါ ဘဝတွင် အလွန်ပျော်ရွှင်ရပါသည်။

၃။ **ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

"အို ဘုရားသခင်၊ ဆိုးသောအတွေးများ နေရာတွင် ပျော်ရွှင်သောအတွေးများဖြင့် အစားထိုးနိုင်ရန် ကျွန်ုပ်တို့အား စွမ်းရည်များ ပေးထားသော ကြောင့် ကိုယ်တော်ကို အထူးကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏ ဝမ်းနည်းစရာအတွေးများနေရာတွင် အစားထိုးနိုင်မည့် ကိုယ်တော်၏ကတိ တော်များကို ကျွန်ုပ်တို့ မြတ်နိုးပါ၏။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

အောက်တွင်ပေးထားသောပုံပါစာမျက်နှာ သုံးမျက်နှာစလုံးကို လိုသလောက် မိတ္တူကူးပါ။ ပြီးလျှင် ပုံနှင့်စာ တစ်တွဲစီတို့ကို ညှပ်ထုတ်ထားပါ။ ထို့နောက် စာသားအား ပုံအနောက်တွင်ရှိစေရန်၊ တစ်ပုံချင်းစီကို တဝက်ခေါက်ပြီး ကော်နှင့်ကပ်လိုက်ပါ။

**ဘုရားသခင်မိန့်တော်မူ သည်ကား**

“မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာရှိ၏။ မကြောက်နှင့်။ သင်၏ ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့စေမည်။” (ဟေရှာယအနာဂတ္တိကျမ်း ၄၁း ၁၀)



**ဘုရားသခင်မိန့်တော်မူ သည်ကား**

“သင်နှင့် ရန်တွေ့သောသူကို ငါသည် ရန်တွေ့၍၊ သင်၏သားတို့ကို ကယ်တင်မည်။” (ယေရှာယ ၄၉း၂၅)



**ဘုရားသခင်မိန့်တော်မူ သည်ကား**

“ဘုရားသခင့်ရှေ့မှာ အဘိုးများစွာ ထိုက်သော နူးညံ့ငြိမ်သက်ခြင်း သဘောတည်းဟူသော မဖေါက်ပြန် မပျက်စီးတတ် သော တန်ဆာ ဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူ ဖြစ်စေ၏။” (၁ ပေ ၃း၄)



“ကျွန်ုပ်၌ အဆိုးများသာ အမြဲတမ်းဖြစ်ပေါ်နေသောကြောင့် ကျွန်ုပ်ကြောက်ရွံ့နေရသည်။”



“ကျွန်ုပ်သည် ငယ်ရွယ်ပြီး အကူအညီမဲ့ဖြစ်နေသည်။”



“ကျွန်ုပ်သည် ရုပ်ဆိုးလွန်းလှသည်။”



**ဘုရားသခင်မိန့်တော်မူ သည်ကား**

"အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။" (ယေရမိ ၃၁း၃)



**ဘုရားသခင်မိန့်တော်မူ သည်ကား**

"သင်တို့သည် မြော်လင့်သောအကျိုး ကို ရမည်အကြောင်း၊ ငြိမ်ဝပ်စေခြင်း ငှါသာ၊ သင်တို့အဖို့ ကြံစည်သောအကြံ တို့ကို ငါသိ၏။" (ယေရမိ ၂၉း၁၁)



**ဘုရားသခင်မိန့်တော်မူ သည်ကား**

"ကျွန်ုပ်ကို ဘုရား၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသည်။ ခပ်သိမ်းသောအရာ တို့ကို ကောင်းစွာ ကိုယ်တော်ဖန်ဆင်း ထားသည်။" (ကမ္ဘာ ၁း၂၇၊ ၃၁)



"ကျွန်ုပ်မှာ မိတ်ဆွေမရှိပါ၊ မည်သူမျှ ကျွန်ုပ်ကို မနှစ်သက်ပါ။"



"ဘယ်အခါမျှ ကျွန်ုပ်ဘဝ အဆင်ပြေလာတော့မည်မဟုတ်ပါ။"



"ကျွန်ုပ်သည် ဘာမျှမကောင်းပါ။"



**ဘုရားသခင်မိန့်တော်မူ သည်ကား**

“ငါသည် သင်တို့ကိုချစ်၍ ငါ့အသွေးနှင့် သင်တို့အပြစ်များကို ဆေးကြောတော်မူ၏။” (ဗျာဒိတ် ၁း၅)



**ဘုရားသခင်မိန့်တော်မူ သည်ကား**

“ကိုယ်အပြစ်တို့ကို ဝေါ်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစေခြင်းငှါ ဘုရားသခင်သည် သစ္စာနှင့်ဌင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ဌင်း၊ ပြည့်စုံ တော်မူ၏။” (၁ယော ၁း၉)



**ဘုရားသခင်မိန့်တော်မူ သည်ကား**

“ငါ့ကို ခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ ကို ငါတတ်စွမ်းနိုင်၏။” (ဖိလိပ္ပိ ၄း၁၃)



“အစော်ကားခံထားရသောကြောင့် ကျွန်ုပ်ညစ်ပတ်နေပါသည်။”



“ကျွန်ုပ်သည် အလွန်ဆိုးသွမ်းလှသည်။ ကျွန်ုပ်ကို ကောင်းကင်သို့ ဘုရားသခင်ခေါ်ဆောင်မည် မဟုတ်ပါ။”



“ကျွန်ုပ်ပြုသော ရွေးချယ်မှုတိုင်းက အမြဲတမ်းမှားနေသည်။”





## အခန်း ၃ – မိသားစုများကို ဘုရားသခင်ဖန်ဆင်းထားသည်

အဓိကအကြောင်းအရာ - မိသားစုအတွင်း ပေါင်းသင်းဆက်စံမှုပြုရသည့် သတ္တဝါများအဖြစ် လူသားများကို ဘုရားဖန်ဆင်းထားသည်။

**သင်ခန်းစာ ၈၊ ကျွန်ုပ်အား မိသားစုကို ဘုရားသခင်ပေးထားသည်။** - ကျွန်ုပ်တို့အသီးသီး၌ မိသားစုကို ဘုရား သခင်ပေးထားသည်။ မိသားစုသည် လုံခြုံမှုပေးစွမ်းနိုင်သည့်နေရာတစ်ခုဖြစ်ဖို့ ဘုရားသခင်အလိုရှိသည်။ (နောဧ၊ ရေ လွှမ်းမိုး ခြင်း၊ သင်္ဘောကြီး) ကျွန်ုပ်ယုံကြည်ချက်စာသား - ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာ တစ်ခုဖြစ်ရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။

**သင်ခန်းစာ ၉၊ ကြင်နာမှုသည် ကျွန်ုပ်၏ မိသားစုကို ကူညီပေးပါသည်။** - မိသားစုဝင်များသည် တစ်ဦးကို တစ်ဦး ဂရုစိုက်ကြသည်။ လုပ်ရပ်များ သို့မဟုတ် စကားလုံးများသည် မိသားစုကို ကူညီနိုင်သလို ထိခိုက်နိုင်ပါသည်။ (မောရှေလေးပုံပြင်၊ ယောသပ်နှင့် သူ၏အစ်ကိုများ) ကျွန်ုပ်ယုံကြည်ချက်စာသား - ဘုရားသခင်သည် ကျွန်ုပ်ကို ချစ်တော်မူပြီး မကောင်း သောစကားများနှင့် လုပ်ရပ်များအပေါ် မည်သို့ တုံ့ပြန်ရမည်ကို သိရန် ကူညီလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။

**သင်ခန်းစာ ၁၀၊ ကျွန်ုပ် ရဲရဲဝံ့ဝံ့ ပြောဆိုနိုင်ပါသည်။** - ကျွန်ုပ်သည် မိမိ၏ စစ်မှန်သော ခံစားချက်များကို လေးစားစွာ ဖွင့်ဟပြောဆိုတတ်အောင် သင်ယူနိုင်ပြီး၊ ထိုခံစားချက်များကို ဖုံးကွယ်ကာ မရှိသလို ဟန်ဆောင်မနေတော့ပါ။ (ရဲရင့် သော ဧသတာ) "ကျွန်ုပ် အဆင်မပြေသောအချိန် အရာအားလုံး ဘာမျှမဖြစ်သလို ဟန်ဆောင်ပြီး ခံစားချက်ကို ဖုံးကွယ်ထား ရန်မလိုပေ။"

# သင်ခန်းစာ ၈ - ကျွန်ုပ်အား မိသားစုကို ဘုရားသခင်ပေးထားသည်။

| | |
|---|---|
| **သင်ခန်းစာ ၈ အဓိကအကြောင်းအရာ** | ကျွန်ုပ်တို့အသီးသီး၌ မိသားစုကို ဘုရားသခင်ပေးထားပြီး ၎င်းအား လုံခြုံမှုပေးစွမ်းနိုင်သည့် နေရာတစ်ခုဖြစ်ဖို့ ဘုရားသခင်အလိုတော်ရှိသည်။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• မိသားစုအမျိုးမျိုး ရှိပါသည်။<br>• ကျွန်ုပ်၏ ကိုယ်ပိုင်မိသားစုကို အသိအမှတ်ပြုပြီး တန်ဖိုးထားနိုင်ပါသည်။<br>• အပြုအမူများ သို့မဟုတ် စကားလုံးများသည် ကျွန်ုပ်၏ မိသားစုကို ကူညီနိုင်သလို ထိခိုက်နိုင်ပါသည်။ |
| **သတင်းစကား** | ဘုရားသခင်သည် မိသားစုများကို မိမိနှင့်သက်ဆိုင်သည့်နေရာအဖြစ်ခံစားစေရန် ၎င်းမှ ဂရုစိုက်မှုများကို ခံစားနိုင်စေရန် ဖန်ဆင်းတော်မူသည်။ အတ္တဆန်မှုနှင့် စွပ်စွဲပြစ်တင်မှုများ ကြောင့် မိသားစုများထိခိုက်နိုင်သည်။ သို့သော် ကြင်နာမှုနှင့် ခွင့်လွှတ်မှုတို့ဖြင့် မိသားစုများ အကူအညီရရှိနိုင်သည်။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ၊<br>• စာရွက်၊ ကော်နှင့် ကပ်ကြေးများ<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်<br>• အရုပ်တစ်ခုခု (သို့) ပစ္စည်းတစ်ခုခု |
| **ပြင်ဆင်ချက်** | ကျွန်ုပ်ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။<br><br>**ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာတစ်ခုဖြစ်ရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။** |

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့ကသင်ခန်းစာမှာလေ့လာခဲ့ကြတဲ့၊ မကောင်းသောအတွေးများနေရာတွင် ပျော်ရွှင်စေသည့်အတွေးများကို အစားထိုးနိုင်တယ်ဆိုတဲ့ သင်ခန်းစာထဲက ဘာအကြောင်းတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**မကောင်းသောအတွေးများနေရာတွင် ပျော်ရွှင်စေနိုင်သည့် ကောင်းသောအတွေးများ ဖြင့်အစားထိုးရန် သင်ယူနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

သင့်ရဲ့ ကျွန်ုပ်ယုံကြည်ချက်မှတ်စုစာအုပ်ထဲမှာ စာမျက်နှာ ၁၉ ကို လှန်လိုက်ပါ။ အဲဒီမှာ “ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာတစ်ခုဖြစ်ရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။” လို့ ရေးထားပါတယ်။ စာမျက်နှာကို အလျားလိုက် မျဉ်းတစ်ကြောင်းဆွဲပြီး နှစ်ပိုင်းတူအောင် ပိုင်းလိုက်ပါ။ အပေါ်ပိုင်းမှာ သင့်အိမ်မှာ နေထိုင်သူတိုင်းရဲ့ ပုံကို ရေးဆွဲပါ။ မိဘများ၊ မောင်နှမများ၊ အဖိုးအဖွားများ၊ အန်တီ၊ ဦးလေး၊ အစ်ကိုဝမ်းကွဲ/အစ်မဝမ်းကွဲများကို ထည့်သွင်းပါ။ အိမ်မွေး တိရစ္ဆာန်ရှိရင် သူတို့ကိုလည်း မေ့မထားပါနဲ့နော်။

(ဤငြိမ်သက်သော အချိန်များကို "ပုံဆွဲပြီး ပြောပြနည်း" (Draw and Tell) နည်းလမ်းကို အသုံးပြုရန် အခွင့်အရေးအဖြစ် အသုံးချပါ။ အုပ်စုတစ်ခုလုံးကို ဆွေးနွေးမှုစတင်မည့်အစား၊ လှည့်လည်ပြီး ကျောင်းသားများကို သူတို့ရေးဆွဲထားသော ပုံများအ ကြောင်း ပြောပြခိုင်းပါ။ သင်က "မင်းရဲ့ပုံအကြောင်း ငါ့ကို ပြောပြစမ်းပါ" လို့ ပြောနိုင်ပါတယ်။ တစ်ခါတစ်ရံ ကျောင်းသားများက ဝမ်းနည်းစရာပုံများ ရေးဆွဲမိတာ သို့မဟုတ် ဘာရေးဆွဲရမှန်း မသိတာမျိုး ဖြစ်နိုင်ပါတယ်။ ကျောင်းသားတိုင်းရဲ့ ကိုယ်ပိုင်ဖော်ပြ ချက်တွေကို တုံ့ပြန်နိုင်ဖို့ အသင့်ပြင်ထားပါ။)

“စဉ်းစားစေခြင်း၊ တွဲပေးခြင်း၊ ဝေငှခိုင်းခြင်း”
အုပ်စုဖွဲ့၍ သို့မဟုတ် အတွဲလိုက် စုဝေးပြီး သင့်မိသားစုထဲက သို့မဟုတ် သင့်အိမ်က အိမ်သားများအကြောင်းကို မျှဝေပါ။

သင့်အိမ်မှာ ဒီလူတွေ ရှိလား။
- အဖွားရှိလား။
- အဖိုးရှိလား။
- အန်တီရှိလား။
- ဦးလေးရှိလား။
- အမေရှိလား။
- အဖေရှိလား။
- အစ်မ/ညီမရှိလား။ ညီမ ဘယ်နှစ်ယောက်ရှိလဲ။
- အစ်ကို/ညီရှိလား။ ညီ ဘယ်နှစ်ယောက်ရှိလဲ။
- အိမ်မွေးတိရစ္ဆာန် ရှိလား။

(မိသားစုအမျိုးမျိုး ရှိကြောင်းနှင့် ဘယ်မိသားစုမှ ပြည့်စုံခြင်း မရှိကြောင်းကို အလေးပေး ပြောပြပါ။)

**အဖွဲ့ငယ်လှုပ်ရှားမှု၊** မိသားစုကွင်းဆက်

(ကလေးများကို သူတို့မိသားစုဝင်တိုင်းအတွက် စက္ကူချပ်လေးများဖြင့် "မိသားစု" ကွင်းဆက်လုပ်ခိုင်းပါ။ မိသားစုဝင်တစ်ဦးစီအတွက် စက္ကူချပ်တစ်ချပ်စီပေါ်တွင် အမည်ရေးပြီး၊ စက္ကူချပ်များကို ဆက်ကာ ဆက်တန်းလုပ်ပါ။ စက္ကူချပ်တစ်ချပ်စီကို ၁၅ စင်တီမီတာ x ၅ စင်တီမီတာ (၆ လက်မ x ၂ လက်မ) အရွယ်အစားဖြင့် ဖြတ်ပြီး၊ စက္ကူချပ်များကို ကော်ဖြင့် ဆက်ပါ။ မိသားစုအကွင်း တစ်ခု စီကို စာသင်ခန်းနံရံတွင် ချိတ်ဆွဲထားပြီး၊ အတန်းထဲက မိသားစုအမျိုးမျိုးကို ကလေးများ မြင်နိုင် စေပါ။ ဤမိသားစုကွင်းဆက်များကို သိမ်းထားပြီး၊

အပိုင်း ၅ - "ဘုရားသခင်သည် ကျွန်ုပ်တို့ကို အသိုင်းအဝိုင်းတစ်ခု အတွင်း နေထိုင်စေရန် ဖန်ဆင်းတော်မူသည်" တွင် ပြန်လည်အသုံးပြုပါ။ ထိုအခါတွင် မိသားစုကွင်းဆက် တစ်ခုစီကို အခြားကွင်းဆက်များနှင့် ဆက်ကာ အသိုင်းအဝိုင်း တစ်ခုအဖြစ်ဖန်တီးပါ။)

ဘုတ်(ဘော)ပေါ်မှာရေးထားတဲ့ အခြား အရေးကြီးတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို ဖတ်ကြည့် ရအောင်။ (ဆရာက စကားစုတစ်ခုချင်းစီကို ပြောပြီး ကလေးများကို အနောက်ကနေ လိုက်ရွတ် ခိုင်းပါ။ ထို့နောက် အတူတကွ ရွတ်ဆိုပါ။)

**ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာ တစ်ခုဖြစ်ရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## သင်ခန်းစာ ၈ – ဘဝပုံပြင်

**မိုမို၏ပုံပြင်**

ရုပ်ပုံပြကားချပ် 8A



*(ဆရာက မိုမိုရဲ့ ပုံပြင်ကို ဖတ်ပြပြီး ရုပ်ပုံပြကားချပ် 8A က ဤပုံ ၅ ပုံကို ပြပေးရန်ဖြစ်သည်။)*

ဤပုံပြင်ကို ဖတ်နေစဉ်တွင်၊ ဘုရားသခင်သည် မိုမို (Momo) အတွက် လုံခြုံသောမိသားစုကို မည်သို့ပံ့ပိုးပေးခဲ့သည်ကို စဉ်းစားကြည့်ပါ။

ဟိုင်း! ကျွန်မနာမည်က မိုမို ပါ။ ကျွန်မ ငယ်ငယ်တုန်းက၊ ကျွန်မအမေကို မြန်မာနိုင်ငံက ကျေးရွာတစ်ရွာကနေ မောင်းထုတ် ခံလိုက်ရတယ်။ ကျွန်မတို့ဟာ ထိုင်းနိုင်ငံက ဒုက္ခသည်စခန်းတွေမှာ နေထိုင်ခဲ့ရတယ်။ ကျွန်မတို့သားအမိနှစ်ယောက်ဟာ မကြာခဏဆိုသလို ကျွန်မတို့ရဲ့ အဝေးမိသားစုကိုလွမ်းပြီး အထီးကျန်ခံစားရတယ်။ မြန်မာနိုင်ငံက ကျေးရွာကနေ မထွက် ခွာခင်တုန်းက၊ ကျွန်မအမေဟာ ငါးဖမ်းတာ၊ ဆေးပင်တွေ ကောက်ပြီး ရောင်းတာနဲ့ ဝင်ငွေရှာတယ်။ ဒါပေမယ့် စခန်းတွေမှာ နေရတော့ အဲဒီအလုပ်တွေ လုပ်လို့မရတော့ဘူး။ အမေဟာ စိတ်ဓာတ်ကျလာပြီး နေ့စဉ် အရက်သောက်တဲ့အကျင့် ရလာတယ်။

ကျွန်မတို့က မွတ်စ်လင်မ်ဖြစ်တာကြောင့်၊ အမေက ကျွန်မကို စခန်းထဲက မွတ်စ်လင်မ်ကျောင်းမှာ စာသင်ဖို့ ပို့ပေးတယ်။ အစ ပိုင်းမှာ ကျွန်မက အခြားကလေးတွေနဲ့ အတူရှိနေရတာ၊ သီချင်းဆိုတာ၊ ကိုရန်ကျမ်းကနေ သင်ယူတာ၊ ဆုတောင်းတတ်အောင် သင်ယူတာတွေကို ကြိုက်တယ်။ ဒါပေမယ့် ကျွန်မတို့က မွတ်စ်လင်မ်ဖြစ်ပြီး အမေက အရက်သောက်တဲ့အတွက်၊ မွတ်စ်လင်မ် တွေက ကျွန်မတို့ကို စခန်းကနေ ထွက်ခွာခိုင်းလိုက်တယ်။ ကျွန်မလည်း ကျောင်းထွက်လိုက်ရတယ်။

ကျွန်မတို့ဟာ ထိုင်းနိုင်ငံက လယ်ကွင်းတွေထဲမှာ အခြားမြန်မာလူမျိုးတွေနဲ့အတူ နေရာတစ်ခု ရှာတွေ့ခဲ့တယ်။ ပြီးတော့ ကျွန်မ ရဲ့ ညီမလေးကို မွေးဖွားခဲ့တယ်။ ကျွန်မတို့ တဲအိမ်ကလေးတစ်လုံး ဆောက်ပြီး၊ အမေက ငါးဖမ်းတာ၊ ဆေးပင်တွေ ကောက်တာ တွေ ပြန်လုပ်နိုင်တော့ အမေလည်း ပျော်လာတယ်။ အမေရဲ့ ဝင်ငွေနည်းနည်းလေးနဲ့ ကျွန်မက အရက်ဝယ်ဖို့ သွားပေးရတယ်။ အမေဟာ တဖြည်းဖြည်း အားနည်းလာပြီး အချိန်အများစုမှာ မူးနေတတ်တယ်။ တစ်နေ့မှာ အမေက ကျွန်မကို ကျောင်းထွက်ပြီး အမေ အရင်လုပ်ခဲ့တဲ့ အလုပ်တွေကို လုပ်စေချင်တယ်လို့ ပြောတယ်။

ဒါကြောင့် ကျွန်မဟာ မနက်စောစော ထပြီး ဟင်းသီးဟင်းရွက်တွေ၊ ဆေးပင်တွေ ကောက်ဖို့နဲ့ လယ်ကွင်းတွေမှာ အလုပ်လုပ်ဖို့ သွားရတယ်။ ပြီးရင် ကျွန်မက တစ်နေကုန် လမ်းတွေမှာ ရောင်းရတယ်။ အိမ်ပြန်ရင် ထမင်းချက်တယ်၊ ကြမ်းတိုက်တယ်၊ အဝတ်လျှော်တယ်။ ချက်စရာ ဘာမှမရှိရင် ကျွန်မတို့ မစားရဘူး။ အလုပ်ကြိုးစားရတာကို ကျွန်မ မကြောက်ဘူး၊ ဘာလို့လဲဆို တော့ အဲဒါက ကျွန်မကို ကိုယ့်ကိုယ်ကို ယုံကြည်မှု ရစေလို့ပါ။ အမေကို ကူညီရတာ ကျွန်မ ပျော်တယ်။ အမေက အိမ်နီးချင်း တွေကို ကျွန်မရဲ့ ချက်တဲ့ဟင်းတွေက ဘယ်လောက် အရသာရှိလဲဆိုတာ ပြောတာကို ကျွန်မ ကြားရတယ်။ ဒါပေမယ့် ကျွန်မရဲ့ စိတ်ထဲမှာ တစ်ကိုယ်တည်း ဆိတ်ဆိတ်နေရတဲ့ ဝမ်းနည်းမှုတွေ ရှိနေတယ်။ ကျွန်မ ဘာလုပ်လုပ် အဲဒီခံစားချက်က မပျောက်ဘူး။

အဲဒီအချိန်လောက်မှာပဲ၊ ကျွန်မရဲ့ ဦးလေးနဲ့ အဒေါ်က မြန်မာနိုင်ငံကနေ ကျွန်မတို့ရဲ့ ကျေးရွာလေးကို ပြောင်းလာတယ်။ အမေက အရက်မူးနေရင် သူတို့က ကျွန်မနဲ့ ညီမလေးကို ကြည့်ရှုပေးတယ်။ ကျွန်မက သူတို့ကို အရမ်းချစ်တယ်။ သူတို့က ကြင်နာတယ်၊ ပြုံးတယ်၊ ကျွန်မတို့ကို အားပေးစကားတွေ အမြဲပြောတယ်။

တစ်နေ့မှာ အမေက အရမ်းဖျားပြီး ဆေးရုံကို သွားရတယ်။ အမေက ဆေးရုံကနေ ပြန်မလာတော့ဘူး။ အမေ ဆုံးသွားတယ်။ ဦးလေးနဲ့ အဒေါ်က ကျွန်မတို့ကို သူတို့နဲ့အတူ သူတို့ရဲ့ သမီးတွေနဲ့ လာနေချင်လားလို့ မေးတယ်။ ကျွန်မတို့က လာချင်တာပေါ့။

ကျွန်မတို့ရဲ့ အိမ်သစ်မှာ အကြိုက်ဆုံးက ဘယ်သူမှ အရက်မသောက်တာပါ။ ဦးလေးက အနီးက စက်ရုံမှာ အလုပ်လုပ်တယ်။ သူ အလုပ်သွားတဲ့အခါတိုင်း ကျွန်မတို့ကို ပြုံးပြပြီး ကြင်နာစွာ စကားပြောတယ်။ ကျွန်မနဲ့ ညီမလေးက ကျောင်းပြန်တက်ရတယ်။ အိမ်ပြန်ရင် အလုပ်အနည်းငယ်လုပ်ပြီး အိမ်နောက်ဖေးမှာ ကစားဖို့ အချိန်အများကြီး ရတယ်။

မကြာသေးခင်က ဦးလေးနဲ့ အဒေါ်က အနီးက ဒုက္ခသည်စခန်းမှာ နေတဲ့ အခြားဦးလေးတစ်ယောက်အကြောင်း ပြောပြတယ်။ အဲဒီဦးလေးက ကျွန်မကို သူနဲ့အတူ နေစေချင်တယ်။ ဘာလို့လဲဆိုတော့ အခု ကျွန်မက ၁၃ နှစ်ရှိပြီး သူ့အတွက် အသုံးဝင်လို့ပါ။ သူက ကျွန်မရဲ့ ညီမလေးကို မလိုချင်ဘူး။ အလုပ်လုပ်နိုင်တဲ့ ကလေးတွေကိုပဲ လိုချင်တယ်။ သူတို့ ပြောပြတဲ့အခါ ကျွန်မ အရမ်းကြောက်သွားတယ်။ ဒီအခါမှာ ကျွန်မရဲ့ဦးလေးနဲ့အဒေါ်တို့က အကောင်းဆုံးဖြစ်မယ့်အရာတစ်ခုကို လုပ်ဆောင်လိုက်ကြတယ်။ သူတို့က ကျွန်မရဲ့ကျောင်းဆရာနဲ့ အခြားမိတ်ဆွေတွေကို စုပြီး ဆုံးဖြတ်ချက်ကောင်းတစ်ခု ချဖို့ အကူအညီတောင်းတယ်။ ကျွန်မရဲ့ မိသားစုသစ်က ကျွန်မကို အတင်းအကြပ် ဘာမှမလုပ်ခိုင်းဘူး။

အကြံဉာဏ်တွေ အကုန်နားထောင်ပြီးတဲ့အခါ၊ ကျွန်မက ဦးလေးနဲ့ အဒေါ်ရဲ့ မျက်လုံးတွေကို ကြည့်ပြီး ကျွန်မ ဘယ်မှာ နေသင့် တယ်ဆိုတာ သိလိုက်တယ်။ ကျွန်မကို အရင်က ဘယ်တုန်းကမှ လာမကြည့်ဖူးတဲ့ ဦးလေးဆီကို ဘာလို့ သွားနေရမှာလဲ? ကျွန်မရဲ့ ညီမလေးကို ဂရုမစိုက်ဘဲ ကျွန်မကို အလုပ်လုပ်တတ်လို့ပဲ လိုချင်တဲ့ ဦးလေးနဲ့ ဘာလို့ နေရမှာလဲ? ကျွန်မက ဘယ်သူ လဲ၊ ဘာဖြစ်ချင်လဲဆိုတာကို စိတ်မဝင်စားတဲ့ ဦးလေးနဲ့ ဘာလို့ နေရမှာလဲ? ကျွန်မက ကျွန်မအရမ်းချစ်တဲ့ ဦးလေးနဲ့ အဒေါ်နဲ့ပဲ နေဖို့ ရွေးချယ်လိုက်တယ်။ ကျွန်မကို အများဆုံး ဂရုစိုက်ပေးတဲ့ သူတို့နဲ့ပဲ နေမယ်။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြခိုင်းပါ (Think, Pair and Share)**

အဒေါ်နဲ့ ဦးလေးက အမေနဲ့ ဘယ်လိုကွာခြားသလဲ။

1. မိမိ က ဘယ်ရွေးချယ်မှုတွေ လုပ်ခွင့်ရခဲ့သလဲ။
2. ဒါက သူ့အဒေါ်နဲ့ ဦးလေးနဲ့အတူ လုံခြုံမှုရစေဖို့ ဘယ်လိုကူညီပေးသလဲ။
3. မိမိ လုပ်ခဲ့တဲ့ ကောင်းတဲ့ရွေးချယ်မှုတွေ အားလုံးက ဘာတွေလဲ။

(ဆရာက ကလေးတွေကို ဒီမျိုးဆက်တစ်ဆက်ပြဿနာကို ရှင်းပြပြီး မိမိ က ဒါကို ဘယ်လိုရှောင်ရှားခဲ့တယ်ဆိုတာ ပြောပြပါ။)

မိမိ က သူ့အမေလို အရက်သောက်ပြီး ဝမ်းနည်းမှုနဲ့ နာကျင်မှုတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ရွေးချယ်ချင်ရင်ရွေးချယ်နိုင်တယ်။ ဒါပေမယ့် သူက မိသား စုသစ်နဲ့အတူ ချစ်ခြင်းမေတ္တာကို သင်ယူပြီး သူ့လိုအပ်ချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောတတ်အောင်ပဲ ရွေးချယ်ခဲ့တယ်။ သူက ရဲရဲဝံ့ဝံ့ ပြောတတ်အောင် သင်ယူခဲ့တယ်။ သင်တို့အားလုံးလည်း မိမိလို ကောင်းတဲ့ရွေးချယ်မှုတွေ လုပ်ကြမယ်လို မျှော်လင့်ပါ တယ်။ မိမိ ကအရက် သောက်သုံးမှုအလေ့အထကို သူကိုယ်တိုင် အရက်မသောက်ဘဲနေခြင်းခြင့် ပယ်ဖျက်ပစ်ဖို့ ရွေးချယ်ခဲ့တယ်။


(စာရွက်တွေ ဝေပါ။)

သင့်မိသားစုအကြောင်း စဉ်းစားကြည့်ပါ။ သင့်မိဘတွေ သို့မဟုတ် အဖိုးအဖွားတွေက လုပ်တတ်ပြောတတ်တဲ့ အရာတွေထဲက သင့်အနာ ဂတ်မှာ အိမ်ထောင်ပြုပြီး ကလေးတွေရှိလာတဲ့အခါ သင်မလုပ်မပြောတော့မယ့် အရာတွေကို စဉ်းစားပါ။ ဒါတွေကို စာရွက်ပေါ်မှာရေးချပါ သို့မဟုတ် စိတ်ထဲမှာ စဉ်းစားပါ။ ယေရှုရဲ့ ဘိုးဘွားတွေထဲက တစ်ချို့က အလွန်မှားယွင်းတဲ့ အရာတွေကို လုပ်ခဲ့ကြတယ်။ ယေရှုက သူတို့ရဲ့ နမူနာကို မလိုက်ဘဲ အမြဲမှန်ကန်တဲ့ အရာတွေကိုပဲ လုပ်ခဲ့တယ်။ သင့်အနာဂတ်အတွက် ပိုကောင်းတဲ့လမ်းကို ရွေးချယ်နိုင်ဖို့ ယေရှုက သင့်ကို ကူညီပေးပါလိမ့်မယ်။ ဒါမှသာ သင့်မိသားစုဟာ ပိုပြီး ငြိမ်းချမ်းပျော်ရွှင် နိုင်မှာပါ။

**အလွတ်ကျမ်းချက်၊** ဆာလံကျမ်း ၆၈း၆ - "ဘုရားသခင်သည် ပေါက်ဘော်မရှိသော သူတို့အား အိမ်ထောင်ချခြင်းအခွင့် ကိုပေး တော်မူ၍၊ ချုပ်ထားသော သူတို့ကိုလည်း ကြွယ်ဝခြင်းထဲသို့ သွင်းတော်မူ၏။ ငြင်းဆန်သော သူတို့မူကား၊ သွေ့ ခြောက်သော အရပ်၌ နေရကြ၏။"

(ဤကျမ်းပိုဒ်ကို အောက်ပါလှုပ်ရှားမှုဖြင့် သင်ပေးနိုင်ပါသည် - ဘောလုံးဖြင့် ပြန်လည်သုံးသပ်ခြင်း။ ဆရာက ကျမ်းပိုဒ်ကို စကားစုတစ်ခုချင်းစီ ထပ်ခါထပ်ခါ သင်ပေးပြီး ကလေးတွေ ကျက်မှတ်သွားတဲ့ အထိလုပ်ပါ။ ပြီး ရင် ကလေးအားလုံးက စက်ဝိုင်းပုံစံ မျက်နှာချင်းဆိုင်ရပ်ပြီး၊ ဘောလုံးကို ကလေးတစ်ယောက်ဆီကို ပစ်လိုက် ပါ။ ဘောလုံးကို ဖမ်းမိတဲ့ကလေးက ကျမ်းပိုဒ်ကို အသံထွက်ပြောပြီးမှ နောက်ကလေးတစ်ယောက် ဆီကို ပစ်ရ မယ်။ ကလေးတော်တော်များများ ဘောလုံးဖမ်းပြီး ကျမ်းပိုဒ် ပြောနိုင်တဲ့အထိ ထပ်ခါထပ်ခါလုပ်ပါ။)

## သင်ခန်းစာ ၈ – ကျမ်းစာပုံပြင်




(ဆရာက နောဧနှင့် သင်္ဘောအကြောင်း ပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (ကမ္ဘာဦးကျမ်း ၆:၉–၈:၁၆)။ ဤပုံပြင်ကို အရေးကြီးတဲ့ အချက်တွေနဲ့ ပြောပြဖို့ အောက်တွင်ဥပမာပေးထားပါတယ်။ ဒါမှမဟုတ် ဒီပုံပြင်ကို ကလေးတွေ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခိုင်းပြီး တင် ဆက်မှုပြုနိုင်ပါတယ်။ (ရုပ်ပုံပြကားချပ် 8B မှ ဤပုံ ၅ ပုံကို အသုံးပြုပါ။)

ဟိုးရှေးရှေးတုန်းက နောဧလို့ခေါ်တဲ့ လူတစ်ယောက်ရှိခဲ့တယ်။ သူနဲ့ သူ့ဇနီးမှာ သားသုံးယောက်ရှိတယ်။ သူတို့ဟာ လောကကြီးကို ဖန် ဆင်းပြီး လူသားအားလုံးကို ချစ်တဲ့ အသက်ရှင်တဲ့ ဘုရားသခင်ကိုသိပြီး ကိုးကွယ်ကြတယ်။ သူတို့ပတ်ဝန်းကျင်က လူတွေကတော့ ဘုရား သခင်ကို မကိုးကွယ်ကြတော့ဘူး။ သူတို့က ရုပ်တုတွေကို ကိုးကွယ်ကြတယ် (ဒါမှမဟုတ်) ဘာကိုမှ မယုံ ကြည်ကြဘူး။ လူတွေဟာ ခိုးတာ၊

သတ်တာတွေနဲ့ ရာဇဝတ်မှုတွေ ပြည့်နှက်နေတယ်။ လင်နဲ့မယားတွေဟာ ကြင်နာမှုမရှိကြဘူး။ ကလေးတွေက မိဘစကားမနာခံကြဘူး။ ဒါဟာ အရမ်းအန္တရာယ်များတဲ့ လောကကြီးဖြစ်နေတယ်။

ဘုရားသခင်က နောဧကို သတိပေးတယ်။ ဒီအပြစ်တွေကြောင့် လောကကြီးကို ရေလွှမ်းမိုးမယ့်အကြောင်းနဲ့ မကောင်းမှု အားလုံးကို ဆေးကြောသန့်စင်မယ့်အကြောင်းပါ။ ဘုရားသခင်က နောဧကို သင်္ဘောကြီးတစ်စီး တည်ဆောက်ဖို့ပြောတယ်။ ဒီသင်္ဘောကို "သင်္ဘော" (ark) လို့ခေါ်တယ်။ ဒီသင်္ဘောထဲမှာ အပြစ်ကနေ နောက်ပြန်လှည့်ပြီး ဘုရားသခင်ကို ယုံကြည်သူ တွေကို ကယ်တင်ဖို့အတွက်ပါ။ နောဧက လူတွေကို ဒီအကြောင်း ပြောပြပေမယ့်၊ သူတို့က နောဧကို လှောင်ပြောင်ပြီး သူပြောပြ တာကို သူတို့မယုံကြည်ကြဘူး။

နောဧမှာ ရွေးချယ်စရာရှိတယ်။ သူက ဘုရားသခင်ရဲ့ သတိပေးချက်ကို လျစ်လျူရှုပြီး သူ့မိတ်ဆွေတွေနဲ့ အိမ်နီးချင်းတွေရဲ့ လှောင်ပြောင်မှု မခံရတော့အောင် တရားဆက်မဟောပဲနေမလား။ ဒါမှမဟုတ် ဘုရားသခင်ကို ယုံကြည်ပြီး သူ့မိသားစုနဲ့ နားထောင်သူတွေအတွက် လုံခြုံတဲ့နေရာကို တည်ဆောက်မလား။

(ဒီနေရာမှာ ကလေးတွေကို သရုပ်ဆောင်ခိုင်းလို့ရတယ်)။

နောဧက သင်္ဘောကြီးကို တည်ဆောက်ဖို့ စတင်တယ်။ သူ့ဇနီးနဲ့ သားတွေက သူ့ကို ကူညီကြတယ်။ သူတို့ဟာ နှစ်ပေါင်းများစွာ အတူတကွ အလုပ်လုပ်ပြီး သင်္ဘောကြီးကို ပြီးအောင် တည်ဆောက်ကြတယ်။ သားတွေက အိမ်ထောင်ပြုပြီး သူတို့ရဲ့ ဇနီးတွေ ကလည်း ကူညီကြတယ်။ တစ်ခါတစ်ရံ အခြားလူတွေကလည်း သူတို့ကို ကူညီကြတယ်။ ဒါပေမယ့် အများစုက သူတို့ကို လှောင်ပြောင်ကြတယ်။ လူအများစုက ပိုက်ဆံရှာတာ၊ အိမ်ထောင်ပြုတာ၊ ရန်ဖြစ်တာ၊ ခိုးတာ၊ ဘုရားသခင်ရဲ့ ပညတ်တော်တွေကို မနာ ခံတာတွေ ဆက်လုပ်နေကြတယ်။

နောက်ဆုံးမှာ သင်္ဘောကြီး ပြီးသွားတယ်။ အဲဒီအချိန်မှာ မိုးမရွာဘူး၊ သင်္ဘောနားမှာ ရေကန်လည်း မရှိဘူး။ ဘုရားသခင်က လူတွေကို သတိပေးဖို့ နိမိတ်လက္ခဏာတစ်ခု ပေးတယ်။ မိုးရွာပြီး ရေလွှမ်းမိုးမှုကြီး ဖြစ်လာမယ့်အကြောင်းပါ။ ဘုရားသခင်က တိရစ္ဆာန်တွေကို သင်္ဘောထဲကို စုံတွဲလိုက်၊ အထီးနဲ့အမ ပို့တယ်။ လူတွေက ဆင်တွေ၊ ကျားတွေ၊ တခြားတိရစ္ဆာန်တွေ သင်္ဘော ဆီကို လာနေတာကို မြင်ပြီး အရမ်းအံ့သြကြတယ်။ သူတို့ ဒါမျိုးဘယ်တုန်းကမှ မမြင်ဖူးကြဘူး။ ငှက်အမျိုးမျိုးကလည်း သင်္ဘော ထဲကို ပျံဝင်လာကြတယ်။ သက်ရှိသတ္တဝါအမျိုးပေါင်းစုံတို့ဟာ စုံတွဲအလိုက် ရှိနေကြတယ်။

ဒီအချိန်မှာ လူတွေအတွက် ရွေးချယ်စရာဖြစ်လာတယ်။ နောဧက သူတို့ကို သင်္ဘောထဲဝင်ပြီး လုံခြုံအောင် နေဖို့ ဖိတ်ခေါ်တယ်။ မကောင်းတဲ့ ရွေးချယ်မှုတွေက သူတို့ကို ဒုက္ခရောက်စေပြီး သေဆုံးစေမယ့်အကြောင်း သူတို့ကို နောဧသတိပေးတယ်။ သူတို့ကို ဘုရားသခင်ဆီ ပြန်လှည့်ဖို့ ဖိတ်ခေါ်တယ်။ တစ်ချို့က ဝင်ချင်ပေမယ့်၊ သူတို့ရဲ့ မိတ်ဆွေတွေက လှောင်ပြောင်မှာကို ကြောက်ကြ တယ်။ တစ်ချို့က သင်္ဘောဆီကို စသွားပေမယ့်၊ သူတို့ရဲ့ မိသားစုက မသွားဖို့ တားမြစ်ကြတယ်။

နောဧနဲ့ သူ့ဇနီး၊ သားသုံးယောက်နဲ့ သူတို့ရဲ့ ဇနီးတွေက တိရစ္ဆာန်တွေနဲ့အတူ သင်္ဘောထဲဝင်သွားကြတယ်။ ဘုရားသခင်က ကောင်းကင်တမန်တစ်ပါးကို စေလွှတ်ပြီး သင်္ဘောရဲ့ တံခါးကြီးကို ပိတ်ခိုင်းတယ်။ ပြီးတော့ သူတို့က သင်္ဘောထဲမှာ စောင့်နေ ကြတယ်။ ဘာမှမဖြစ်ဘူး။ တစ်ရက်၊ နှစ်ရက်၊ သုံးရက် ကြာသွားတယ်။ သင်္ဘောအပြင်က လူတွေက သူတို့ကို လှောင်ပြောင်ပြီး "မိုးမရွာဖူးဘူး၊ ရေလွှမ်းမိုးမှုလည်း ဘယ်တော့မှ မဖြစ်နိုင်ဘူး" လို့ အော်ကြတယ်။ ဒါပေမယ့် နောဧနဲ့ သူ့မိသားစုက ဘုရား သခင်ကို ယုံကြည်ပြီး သင်္ဘောထဲမှာ ဆက်နေဖို့ ရွေးချယ်ကြတယ်။ ခုနစ်ရက်ကြာပြီးနောက်၊ မိုးစတင်ရွာတယ်။ မိုးက တစ်နေ့ ထက်တစ်နေ့ ပိုပြင်းထန်လာပြီး၊ ရက်ပေါင်းများစွာ မရပ်ဘူး။ ရေတွေက မြင့်တက်လာပြီး၊ သင်္ဘောအပြင်က လူတွေ၊ တိရစ္ဆာန် တွေ၊ ငှက်တွေ အားလုံး သေဆုံးသွားကြတယ်။

နောဧနဲ့ သူ့မိသားစုက ဘုရားသခင်ကို ယုံကြည်ပြီး နာခံပြီး တစ်ယောက်ကိုတစ်ယောက် ကူညီတဲ့အတွက် လုံခြုံခဲ့ကြတယ်။ ဘုရားသခင်က သူတို့ကို နောက်တစ်ခါ ရေလွှမ်းမိုးမှုနဲ့ လောကကြီးကို မဖျက်ဆီးတော့ဘူးလို့ ကတိပေးတဲ့အနေနဲ့ သက်တံ့ကို ကောင်းကင်မှာ ထားပေးတယ်။ ဒါ့အပြင် ဘုရားသခင်ကို ယုံကြည်ပြီး နာခံတာဟာ အမြဲတမ်း ကောင်းတဲ့ရွေးချယ်မှုဖြစ်တယ် ဆိုတာ သက်တံ့က လူတွေကိုအသိပေးဖို့ ဖြစ်ပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. နောဇက သူ့မိသားစုကို ရေလွှမ်းမိုးမှုကနေ ဘယ်လိုကာကွယ်ခဲ့သလဲ။
2. မိသားစုဝင်တွေက ဘာတွေလုပ်ခဲ့လို့ သူတို့ကို လုံခြုံစေခဲ့တာလဲ။
3. သင်္ဘောထဲဝင်ပြီး ကယ်တင်ခံဖို့ လူနည်းနည်းပဲ ဝင်ခဲ့တယ်လို့ ဘာကြောင့် ထင်သလဲ။
4. သင့်မိသားစုထဲမှာ ဘာတွေဖြစ်လို့ လုံခြုံမှုရတယ်လို့ ခံစားရသလဲ။
5. သင့်မိသားစုထဲမှာ ဘာတွေဖြစ်လို့ မလုံခြုံဘူးလို့ ခံစားရသလဲ။

တစ်ခါတစ်ရံ ကလေးတွေက သူတို့အိမ်မှာ အလုပ်တွေကို အကောင်းဆုံးလုပ်ရင်၊ ချက်ပြုတ်သန့်ရှင်းရေးလုပ်ရင်၊ မိဘတွေပျော်ပြီး မိဘအချင်းချင်းရန်မဖြစ်ကြလောက်ဘူးလို့ သူတို့ထင်တတ်ကြတယ်။ မိဘအချင်းချင်း ရန်ဖြစ်ခြင်းမရှိပဲ ပျော်ရွှင် နေရတဲ့ မိသားစုမျိုးကို လိုချင်တာဟာ ကောင်းတဲ့အရာပါ။ အိမ်မှာ ဝမ်းသာစွာ ကူညီတာကလည်း အမြဲကောင်းတဲ့အရာပါ။ မိဘတွေကြား ရန်ဖြစ်တာက သင့်အပြစ်မဟုတ်ဘူးဆိုတာကိုတော့ သင်သိထားဖို့ အရေးကြီးပါတယ်။

သင့်မိသားစုထဲက လူကြီးတွေက သင့်အိမ်ကို လုံခြုံအောင် ထားဖို့ တာဝန်ရှိတယ်။ သူတို့က သင့်ကို လုံခြုံအောင် မထားဘူးဆိုရင်၊ ဘုရားသခင်ဆီ ဆုတောင်းပြီး အပြင်က အကူအညီတွေ ရာနိုင်တယ်။ ဘယ်သူတွေဆီက အကူအညီတောင်းနိုင်မလဲ။

(ကလေးတွေကို ဖြေခိုင်းပါ။ သူတို့က “ဆရာ၊ ကျေးရွာခေါင်းဆောင်၊ ရဲ၊ သို့မဟုတ် အသင်းသား၊ အသင်းလူကြီးတွေ” လို့ ဖြေနိုင်ပါတယ်။)

(ဆရာများအတွက် မှတ်ချက် - အိမ်တွင် မလုံခြုံသော ထိတွေ့မှုများ ကြုံတွေ့နေရနိုင်သည့် ကလေးများရှိမရှိ သတိပြုပါ။ သူတို့နှင့် ရည်ရွယ်ချက်ရှိရှိ ဆက်ဆံရေးတည်ဆောက်ပြီး၊ သင့်တော်သောအချိန်တွင် သီးသန့်စကားပြောကာ အသေးစိတ် အချက်အလက်များ ရယူပါ။ ထို့နောက် ၎င်းကိစ္စကို အစီရင်ခံရန် သို့မဟုတ် မိသားစုနှင့် ဆွေးနွေးဖြေရှင်းရန် လိုအပ်ချက်ရှိမရှိ စစ်ဆေးပါ။ ထို့နောက် လိုအပ်သမျှ မည်သည့်နည်းနှင့်မဆို သူတို့ကို ထောက်ပံ့ပေးရန် ကတိပြုပါ။ အန္တရာယ်လက္ခဏာများနှင့် လုံခြုံရေးအရင်းအမြစ်များအကြောင်းကို အသိပေးပြောပြပေးပါ။)

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

၁။ **နေ့စဉ်မှတ်တမ်းစာအုပ်**

မှတ်တမ်းစာအုပ် စာမျက်နှာ ၁၉ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာ တစ်ခုဖြစ်စေရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။

(ဤသင်ခန်းစာ၏အစောပိုင်း စာမျက်နှာ ၁၉ အပေါ်ပိုင်းတွင် အစပိုင်းတုံ့ပြန်မှုတစ်ခုပြုလုပ်ထားပါသည်။ ယခု ကျောင်းသားများကို ဤစာမျက်နှာ၏ အောက်ပိုင်းတွင် ရေးဆွဲခိုင်းပါ။)

သင် တစ်နေ့မှာ ပိုင်ဆိုင်ချင်တဲ့ မိသားစုပုံကို ရေးဆွဲပါ။ ဥပမာ - အခုအချိန်မှာ ဖခင်မရှိပေမယ့် တစ်နေ့မှာ ဖခင်တစ်ယောက် ရှိချင်တာမျိုး၊ ဒါမှမဟုတ် အိမ်မွေးတိရစ္ဆာန်မရှိပေမယ့် တစ်နေ့မှာ အိမ်မွေးတိရစ္ဆာန်တစ်ကောင်ရှိချင်တာမျိုးပေါ့။

ဒါမှမဟုတ်

သင့်ရဲ့ မိသားစုကို ဘေးကင်းပြီး ပျော်ရွှင်စေဖို့ မင်းလုပ်နိုင်တဲ့ အရာတွေကို စာရင်းပြုစုပါ။ ထိုစာရင်းထဲကအရာများထဲတွင် ဒီအပတ်အတွင်း တစ်နေ့ကို အနည်း ဆုံးတစ်ခုလုပ်ဆောင်ပါ။ လူတိုင်းကူညီရင် ဘဝဟာ ပိုမိုလွယ်ကူသွားပါတယ်။

သင့်ရဲ့ နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၂၀ ကိုဖွင့်ပါ။ သင်ဘယ်လိုခံစားနေရတယ်ဆိုတာကို ဖော်ပြတဲ့ ဇယားထဲက အကွက် ကို အရောင်ဖြည့်ပါ။ မင်းဘာကြောင့် အဲဒီလိုခံစားနေရတာလဲဆိုတာကို ပုံဆွဲပြီးဖော်ပြပါ၊ ဒါမှမဟုတ် စာဖြင့် တစ်ကြောင်း (သို့) နှစ်ကြောင်းခန့်ရေးပြပါ။

၂။ **အပိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ**

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(စက်ဝိုင်းပုံဖွဲ့ထိုင်ပြီး ပျော့ပျောင်းတဲ့ တိရစ္ဆာန်ရုပ်သေးတစ်ရုပ် ဒါမှမဟုတ် အရာဝတ္ထုတစ်ခုကို ကလေးတစ်ယောက်ကိုပေးပါ။ သူ/သူမရဲ့ မိသားစုအကြောင်းနှင့်ပတ်သက်ပြီး သူ/သူမ တကယ်ကြိုက်တဲ့ အချက်တစ်ချက်ကို ပြောပြခိုင်းပါ။ သူ/သူမ ပြောပြီးသွားလျှင် သူ/သူမက အခြားမျှဝေချင်တဲ့ ကလေးတစ်ယောက်ကို ပစ္စည်းကို လွှဲပေးခိုင်းပါ။ ဒီလိုနဲ့ ဆက်သွားပါ။)

ဒါမှမဟုတ်

(သင့်တို့ရဲ့ မိသားစုနဲ့ ကုန်ဆုံးခဲ့တဲ့ ပျော်စရာအချိန်တစ်ခုအကြောင်း အလှည့်ကျပြောပြပါ။ ဥပမာ - ခရီးတစ်ခု၊ ပွဲတော်၊ ဒါမှမဟုတ် ကျင်းပခဲ့တဲ့ အထူးအခါသမယတစ်ခုပေါ့။)

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

"ခမည်းတော်ဘုရား၊ ကျွန်ုပ်ကို မိသားစုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ဟာ ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့ မိသားစုကို ချစ်တယ်ဆိုတာ သိပါတယ်။ ကျွန်ုပ် ကြီးပြင်းပြီး သင်ယူနိုင်ဖို့ ဘေးကင်းတဲ့နေရာတစ်ခု ဖြစ်စေချင်တယ်ဆိုတာလည်း သိပါတယ်။ ကျွန်ုပ်ရဲ့ မိသားစုဟာ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာပြီး စောင့်ရှောက်တတ်တဲ့ မိသားစုဖြစ်စေဖို့ ကျေးဇူးပြု၍ ကူညီပေးပါ။ ယေရှုခရစ်တော်နာမဖြင့် တောင်းလျှောက်ပါသည်။ အာမင်။"

# သင်ခန်းစာ ၉ - ကြင်နာခြင်းသည် ကျွန်ုပ်မိသားစုကို ကူညီပေးသည်။

**သင်ခန်းစာ ၉ အဓိကအကြောင်းအရာ**

မိသားစုဝင်များသည် တစ်ဦးကို တစ် ဦး ဂရုစိုက်ကြသည်။ လုပ်ရပ်များ သို့မဟုတ် စကားလုံးများသည် မိသားစုကို ကူညီနိုင်သလို ထိခိုက်နိုင်ပါသည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- လုပ်ရပ်များ သို့မဟုတ် စကားလုံးများသည် ကျွန်ုပ်၏ မိသားစုကို ကူညီနိုင်သည် သို့မဟုတ် ထိခိုက်စေနိုင်သည်။
- ဘုရားသခင်သည် လူအားလုံးကို ရွေးချယ်ခွင့်ပေးခဲ့ပြီး၊ သူတို့၏ မကောင်းသော ရွေးချယ်မှုများကြောင့် ကမ္ဘာပေါ်တွင် မကောင်းမှုများ ရှိနေခြင်း ဖြစ်သည်။
- ကောင်းသော ထိတွေ့မှုသည် မိသားစုများတွင် အထောက်အကူဖြစ်စေသည်။

**သတင်းစကား**

ကျွန်ုပ်တို့၏ မိသားစုများတွင်၊ တစ်ဦးကိုတစ်ဦး ချစ်ခင်စောင့်ရှောက်တတ်ဖို့ သင်ယူကြသည်။ "ကောင်းသော ထိတွေ့မှု" ဆိုတာဘာလဲ နှင့် "မကောင်းသော ထိတွေ့မှု" ဆိုတာဘာလဲ ဆိုတာကို သင်ယူကြသည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ၊

- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ဘုရားသခင်သည် ကျွန်ုပ်ကိုချစ်တော်မူပြီး မကောင်းသောစကားများနှင့် လုပ်ရပ် များအပေါ် မည်သို့တုံ့ပြန်ရမည်ကို သိရန် ကူညီလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။**

**အဓိပ္ပါယ်ဖွင့်ဆိုချက်**

**ကောင်းသော ထိတွေ့မှု** — သင့်ကို လုံခြုံပြီး ချစ်ခြင်းခံရသည်ဟု ခံစားရစေသော နူးညံ့သော ထိတွေ့မှုများ၊ ဥပမာ ချီပွေ့ခြင်း၊ ယဉ်ကျေးစွာ ဆော့ကစားခြင်း၊ အခြားသူများကို ကူညီခြင်း သို့မဟုတ် သူတို့ထံမှ အကူအညီရယူခြင်း၊ သက်တောင့်သက်သာဖြစ်စေသော နူးညံ့သည့်အသံဖြင့် ပြောဆိုခြင်း၊ နောက်ကျော သို့မဟုတ် ပခုံးကို နူးညံ့စွာ ချစ်စနိုးပုတ်ခြင်း။

**မကောင်းသော ထိတွေ့မှု** — ကြမ်းတမ်းပြီး နာကျင်စေသော သို့မဟုတ် မသင့်လျော်သောထိတွေ့မှုများ၊ ဥပမာ ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်း၊ ရှုပ်ထွေးခြင်း သို့မဟုတ် ကြောက်ရွံ့ခြင်း ကို ဖြစ်စေသော ထိတွေ့မှုများ၊ ဥပမာ ကန်ခြင်း၊ ဆွဲငင်ခြင်း၊ ကိုက်ခြင်း၊ ရိုက်ခြင်း၊ ကိုယ်ခန္ဓာ၏ လျှို့ဝှက်အစိတ်အပိုင်းများ (အတွင်းခံဖြင့် ဖုံးအုပ်ထားသော အစိတ်အပိုင်းများ)ကို ထိတွေ့ ခြင်း၊ တစ်စုံတစ်ဦးကို အခြားသူ၏ လျှို့ဝှက်အစိတ်အပိုင်းများကို ထိတွေ့ခိုင်းခြင်း။

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ မိသားစုများအကြောင်းထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်တို့ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ဘုရားသခင်သည် ကျွန်ုပ်၌ မိသားစုကိုပေးပြီး ၎င်းအား လုံခြုံသည့်နေရာ တစ်ခုဖြစ်ရန် အလိုတော်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

ကားနှင့် မောင်းသူ ကစားနည်းကစားရန် - ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပေးပါ။ တစ်တွဲမှာ တစ်ယောက်က "ကား" အဖြစ်နှင့် နောက်တစ်ယောက်က "မောင်းသူ" အဖြစ် ကစားရမည်ကို ရှင်းပြပါ။ လက်တွေ့ဘဝတွင် ကားသည် ဘယ်သွားရမည် ကို မသိသဖြင့်၊ "ကား" အဖြစ်ကစားမည့်ကလေးက မျက်လုံးကို တစ်ဖက်လက်ဖြင့် အုပ်ထားပြီး၊ နောက်တစ်ဖက်လက်ကို ရှေ့သို့ ဆန့်ထားကာ "ဘမ်ပါ" အဖြစ်အသုံးပြုရမည် (သို့မဟုတ် "ကား" အဖြစ်ကစားမည့်ကလေးကို မျက်စိစည်းနိုင်သည်)။ "မောင်းသူ" အဖြစ်ကစားမည့်ကလေးက "ကား" ကလေး၏ ပခုံးပေါ်တွင် လက်တင်ကာ နောက်မှရပ်ရမည်။ "မောင်းသူ" ၏ တာဝန်မှာ "ကားကို အခန်းအနှံ့ လမ်းကြောင်းပြပေးပြီး အခြား "ကား" များနှင့် မတိုက်မိစေရန် ရှောင်ရှားပေးရမည်။ ကလေးနှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး လက်ဖြင့်သာ အချက်ပြရမည်။ ညာဘက်သို့ လှည့်ရန်၊ "မောင်းသူ" က "ကား" ၏ ညာပခုံးကို ပုတ်ပေးရမည်။ ဘယ်ဘက်သို့ လှည့်ရန်၊ ဘယ်ပခုံးကို ပုတ်ပေးရမည်။ အရှိန်လျှော့ရန်၊ ပခုံးနှစ်ဖက်ကို နူးညံ့စွာ ဆွဲပါ။ ရပ်ရန်၊ "မောင်းသူ" က "ကား" ၏ ပခုံးနှစ်ဖက်ကို နူးညံ့စွာ ညှစ်ပေးရမည်။

(မိနစ်အနည်းငယ်ကြာပြီးနောက်၊ တွဲတစ်ခုစီမှ "ကား" နှင့် "ယာဉ်မောင်း" တို့ကို နေရာလဲလှယ်ခိုင်းပြီး ထပ်မံကစားစေပါ)။

"စဉ်းစားစေခြင်း၊ တွဲပေးခြင်း၊ ဝေငှခိုင်းခြင်း"
အုပ်စုဖွဲ့၍ သို့မဟုတ် အတွဲလိုက် စုဝေးပြီး သင့်မိသားစုထဲက သို့မဟုတ် သင့်အိမ်က အိမ်သားများအကြောင်းကို မျှဝေပါ။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**
(ဆရာက ကျောင်းသားများကို မေးခွန်းများအတွက် အဖြေများကို စဉ်းစားခိုင်းပါ၊ နှစ်ယောက်တစ်တွဲ မျှဝေခိုင်းပါ၊ ပြီးနောက် တချို့ကျောင်းသားများကို တစ်တန်းလုံးရှေ့တွင် မျှဝေခိုင်းပါ။)

1. "ကား" အဖြစ်ရှိနေချိန်မှာ သင်ဘယ်လိုခံစားရသလဲ။
2. "ယာဉ်မောင်း"အဖြစ်ရှိနေချိန်မှာ သင်ဘယ်လိုခံစားရသလဲ။
3. သင်သွားလိုသည့်ဘက်ကိုအချက်ပြရန်အတွက် သင့်လက်များကို အသုံးပြုရသည့်အခါ သင်ဘယ်လိုခံစားရသလဲ။

မိသားစုများကို ဘေးကင်းအောင်ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ဖို့ ကျွန်ုပ်တို့ရဲ့လက်များကို ဘုရားသခင်ဖန်ဆင်း ထားပေးသည်။

မိသားစုဝင်များက သူတို့၏ လက်များဖြင့် ကောင်းမွန်ပြီး ဘေးကင်းသည့် မည်သည့်အရာများကို လုပ်နိုင်သနည်း။

မိသားစုဝင်များက သူတို့၏ လက်များဖြင့် ဆိုးရွားပြီး ဘေးတွေ့စေနိုင်သည့် မည်သည့်အရာများကို လုပ်နိုင်သနည်း။

(ကလေးများကို ပြန်စုစည်းပြီး အောက်ပါမေးခွန်းများကို မေးပါ။)

1. ခင်ပွန်းက ဇနီးကို ရိုက်နှက်ခြင်းက မကောင်းသော ထိတွေ့မှုဖြစ်ပါသလား။
2. မိဘများက ဒေါသဖြင့် ကလေးကို ရိုက်နှက်ခြင်းက မကောင်းသော ထိတွေ့မှုဖြစ်ပါသလား။

3. ကလေးတစ်ဦး၊ အတင်းအတ္တမဖြင့် မိမိ၏လျို့ဝှက်ကိုယ်အင်္ဂါအစိတ်အပိုင်း ထိကိုင်ခံရခြင်းက မကောင်းသော ထိတွေ့ မှုဖြစ်ပါသလား။

ဤကဲ့သို့ မကောင်းသော ထိတွေ့မှုများသည် ကလေး၏ အမှားမဟုတ်ပါ။ ဤကဲ့သို့ မကောင်းသော ထိတွေ့မှုများသည် လူကြီးများတွင် ပြဿနာများရှိခြင်း သို့မဟုတ် မှားယွင်းသော အတွေးအခေါ်များရှိခြင်းကြောင့် ဖြစ်တတ်ပါသည်။ တစ်ခါတစ်ရံတွင် မိဘများသည် ကောင်းသော ထိတွေ့မှု၊ မကောင်းသော ထိတွေ့မှု သို့မဟုတ် ကြင်နာသော စကားလုံးများနှင့် နူးညံ့သော အသံ များကို မည်သို့အသုံးပြုရမည်ကို မသိကြပါ။ သူတို့သည် ကလေးများကို ကောင်းမွန်သော အမူအကျင့်များ သင်ကြားပေးသကဲ့ သို့ သူတို့ကိုယ်တိုင်သည်လည်း ကောင်းမွန်သောအမူအကျင့်များကို သင်ယူမှုပြုရန် လိုအပ်ပါသည်။

ဒီဘောပေါ်မှာ အရမ်းအရေးကြီးတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို ရေးချပြထားပါတယ်။
(ဆရာက စာကြောင်းတစ်ခုပြီးတစ်ခု ရေကတိုင်ပေးပြီး ကလေးများကို နောက်မှ လိုက်ရွတ်ခိုင်းပါ။ ထို့နောက် အတူတူ ရွတ်ဖတ်ပါ။)

**ဘုရားသခင်သည် ကျွန်ုပ်ကိုချစ်တော်မူပြီး မကောင်းသောစကားများနှင့် လုပ်ရပ်များအပေါ် မည်သို့တုံ့ပြန်ရမည် ကို သိရန်ကူညီလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။**

မင်းတို့ကို ဆရာ/မက အတိုချုံးပုံပြင်နှစ်ပုဒ် ဖတ်ပြမယ်။ ပထမပုံပြင်ကတော့ မောရှေရဲ့ မိသားစုအကြောင်းဖြစ်တယ်။ သူ့မိသားစုက သူ့ကို ကယ်တင်ဖို့ ဘယ်လိုပူးပေါင်းလုပ်ဆောင်ခဲ့သလဲဆိုတာကို နားထောင်ပါ။ ဒါကလည်း ကောင်းသော ထိတွေ့မှုပုံစံတစ်မျိုးဖြစ်တယ်။

## သင်ခန်းစာ ၉ – ကျမ်းစာပုံပြင် (၁)

မောရှေလေး၏ပုံပြင်

ရုပ်ပုံပြကားချပ် 9A









(ဆရာက မောရှေလေးပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (ထွက်မြောက်ရာကျမ်း ၁:၁၅ မှ ၂:၁၀ အထိ)။ ဤပုံပြင်ကို အရေးကြီးတဲ့ အချက်တွေနဲ့ ပြောပြဖို့ အောက်တွင်ဥပမာပေးထားပါတယ်။ ရုပ်ပုံပြကားချပ် 9A မှ ဤပုံ ၄ ခုကို အသုံးပြုပါ။)

အီဂျစ်နိုင်ငံတွင် ဖခင်၊ မိခင်၊ အစ်ကိုကြီး အာရုန်နှင့် အစ်မ မိရိအံတို့ပါဝင်သော မိသားစုတစ်စုနေထိုင်ခဲ့သည်။ သူတို့သည် ဖါရောဘုရင်၏ အုပ်စိုးမှုအောက်တွင် ကျွန်ဘဝနှင့် နေထိုင်နေရသော ဣသရေလလူမျိုးများဖြစ်သည်။ ဖခင်သည် အလုပ်ကြမ်းများကို ကြိုးစားလုပ်ကိုင်ရပြီး ဘဝသည် ခက်ခဲလှသည်။ မိခင်သည် ထပ်မံကိုယ်ဝန်ဆောင်လာခဲ့ပြီး သူတို့မိသားစုအတွက် နောက်ထပ် ကျွေးမွေးရမည့် ပါးစပ်တစ်ပေါက်ကို ထပ်တိုးလာသောကြောင့် ဖခင်ဖြစ်သူပိုမိုအလုပ်ကြိုးစားရပါသည်။

ဣသရေလလူမျိုးများသည် သန်မာသောလူမျိုးဖြစ်ပြီး ဖါရောဘုရင်သည် ဣသရေလလူမျိုး အမျိုးသားများ အရေအတွက် များပြားလာပါက သူတို့သည် ပုန်ကန်ကာ သူ၏နိုင်ငံတော်ကို သိမ်းပိုက်သွားမည်ကို စိုးရိမ်ခဲ့သည်။ ထို့ကြောင့် ဖါရောဘုရင်သည် ဣသရေလလူမျိုး ယောကျ်ားကလေးငယ်အားလုံးကို သတ်ပစ်ရန် အမိန့်ထုတ်ခဲ့သည်။

ဖခင်၊ မိခင်၊ အစ်ကိုကြီးအာရုန်နှင့် အစ်မမိရိအံတို့ စိုးရိမ်ပူပန်ခဲ့ကြသည်။ သူတို့၌ ကလေးငယ်မွေးဖွားလာသောအခါ ကလေးငယ်ကို သုံးလကြာသေချာစွာ သူတို့ပုန်းအောင်းထားခဲ့သည်။ ကလေးငယ်ကို ချော့မြှူခြင်း၊ ပွေ့ဖက်ခြင်းနှင့် ငိုကြွေးခြင်းမှ ကာကွယ် ရန် ကြိုးစားခဲ့ကြသည်။

သို့သော် နောက်ဆုံးတွင် ကလေးငယ်သည် အိမ်တွင် ပုန်းအောင်းထားရန်မလုံခြုံနိုင် တော့သည့်အရွယ်သို့ရောက်လာခဲ့သည်။ သူတို့ ဘာလုပ်နိုင်မည်နည်း။ ကလေးငယ်ကို မည်သို့ပုန်းအောင်းထားပြီး အသတ်ခံရခြင်းမှ ကာကွယ်နိုင်မည်နည်း။ အာရုန်သည် အနီးရှိ နိုင်းမြစ်မှ ရှည်လျားသော ကျူပင်များကို ရှာဖွေခဲ့သည်။ မိခင်သည် ထိုကျူပင်များဖြင့် ခြင်းတောင်းလေးတစ်ခုပြုလုပ်ကာ ရေပေါ်မျောနိုင်စေရန် ကျောက်ဖြစ်ရေညှိဖြင့် သုတ်လိမ်းလိုသည်။ အစ်မမိရိအံသည် ခြင်းတောင်းထဲတွင် ကလေးငယ်ကို ထည့် ကာ မြစ်ကမ်းနားရှိ ကျူပင်များကြားတွင်ထားခဲ့ပြီး အနီးတွင် ပုန်းအောင်းကာ စောင့်ကြည့်ခဲ့သည်။ မိသားစုဝင်အားလုံးသည် ကလေးငယ်အတွက် ဘုရားသခင်၏ ကာကွယ်မှုကို ဆုတောင်းခဲ့ကြသည်။

မကြာမီ ဖါရောဘုရင်၏ သမီးတော်သည် မြစ်တွင်ရေချိုးရန် ရောက်ရှိလာခဲ့သည်။ အစ်မမိရိအံသည် ကြောက်လန့်သွားသည်။ ခြင်းတောင်းထဲရှိ သူမ၏မောင်လေး ဘာဖြစ်မည်နည်း။ မင်းသမီးသည် ခြင်းတောင်းကို မြင်သွားပြီး ခြင်းတောင်းကို ကောက်ယူဖို့ မိမိအစေခံတစ်ဦးကို စေလွှတ်ခဲ့သည်။ ခြင်းတောင်းထဲတွင် လှပသောကလေးငယ်တစ်ဦးကို တွေ့ရှိသောအခါ သူမ အံ့အား သင့်သွားခဲ့သည်။ ထိုကလေးငယ်ကို မိမိ၏သားအဖြစ် သူမမွေးစားလိုခဲ့သည်။ ထိုအခါ မင်းသမီးထံ မိရိအံပြေးသွားကာ ကလေးငယ်ကို နို့တိုက်မည့်သူကို ရှာပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ မင်းသမီးက သဘောတူခဲ့ပြီး ကလေးငယ်ကို နို့တိုက်မည့်အမျိုး သမီးအတွက် လစာပေးမည်ဟု ကတိပေးခဲ့သည်။ ကလေးငယ်ကြီးပြင်းလာသောအခါတွင် မင်းသမီးက သူ့ကို နန်းတော်သို့ ခေါ် ဆောင်ပြီး သူမ၏သားအဖြစ် ပြုစုပျိုးထောင်မည်ဖြစ်သည်။

မိဘနှစ်ပါး အလွန်ပျော်ရွှင်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့၏ကလေးငယ်ကို ကယ်တင်ရန် နည်းလမ်းတစ်ခု ရှာဖွေ ပေးခဲ့သည်။ ကလေးငယ်ကို သူတို့နှင့်အတူ ထားနိုင်သော တိုတောင်းသည့်ကာလအတွင်း သူတို့သည် ကလေးငယ်ကို ကောင်းစွာ ပြုစုစောင့်ရှောက်ခဲ့ပြီး ကောင်းကင်ဘုံရှိ ချစ်ခင်ကြင်နာသော ဘုရားသခင်အကြောင်းနှင့် ထိုဘုရားသည် မိမိအားယုံကြည်သောသူများကို မြင်တွေ့ကာ ကာကွယ်ပေးတော်မူကြောင်းကို သူတို့ သင်ပေးခဲ့ကြသည်။ ကလေးကြီးလာသည့်အခါ ဘုရင့်သမီးတော်နှင့် သွားရောက်နေထိုင်ရပါသည်။ မင်းသမီးက သူ့ကို မောရှေလို့အမည်ပေးသည်။။ "ရေထဲကနေထုတ်ယူခံရသူ"ဟူ၍ အဓိပ္ပာယ် ရပါသည်။

နောက်ပိုင်း မောရှေကြီးပြင်းလာသည့်အခါ၊ ဘုရားသခင့်အကူအညီနှင့် သူ့မိခင်ဖခင်၊ အစ်ကိုနှင့် အစ်မတို့ကို ဆင်းရဲဒုက္ခကနေ မောရှေလွတ်မြောက်စေခဲ့ပြီး ပိုပျော်ရွှင်တဲ့ဘဝသို့ရောက်ရှိရန် သူကူညီနိုင်ခဲ့ပါသည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. မောရှေကို ကယ်တင်ဖို့ မိသားစုဝင်တွေက ဘာတွေလုပ်ခဲ့ကြသလဲ။
2. ဒီပုံပြင်က "ကောင်းတဲ့ထိတွေ့မှု" ဆိုတာဘယ်လိုမျိုးလဲဆိုတာကို ဘယ်လိုပြသလဲ။
3. ဒီပုံပြင်ထဲက မိသားစုဝင်တွေ ဘယ်လိုခံစားနေကြမယ်လို့ ထင်ပါသလဲ။
4. မင်းရဲ့မိသားစုထဲမှာ "ကောင်းတဲ့ထိတွေ့မှု" ပေးဖို့နဲ့ ကူညီဖို့ ဘာတွေလုပ်နိုင်မလဲ။
5. ဒီပုံပြင်က ဘုရားသခင်ရဲ့ မင်းအပေါ်ဂရုစိုက်မှုအကြောင်း ဘာတွေသင်ပေးသလဲ။

အခု ဒုတိယကျမ်းစာပုံပြင်ကို ဖတ်ပြပေးမယ်။ ယောသပ်ရဲ့မိသားစုက "မကောင်းတဲ့ထိတွေ့မှု" ကို ဘယ်လိုသုံးခဲ့သလဲဆိုတာ နားထောင်ကြည့်ကြရအောင်။

# သင်ခန်းစာ ၉ – ကျမ်းစာပုံပြင် (၂)


**ယောသပ်နှင့်သူ့အစ်ကို များတို့၏ပုံပြင်**

ရုပ်ပုံပြကားချပ် 9B









(ဆရာက ယောသပ်နှင့် သူ့အစ်ကိုများ ပြုလုပ်ခဲ့ကြသည့် ဆိုးသောထိတွေ့မှုပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (ကမ္ဘာဦး ကျမ်း ၃၇း၃-၂၈ နှင့် ၃၉း၁-၆ အထိ)။ ဤပုံပြင်ကို အရေးကြီးတဲ့အချက်တွေနဲ့ ပြောပြဖို့ အောက်တွင်ဥပမာပေးထားပါတယ်။ ရုပ်ပုံပြကားချပ် 9B မှ ဤပုံ ၄ ခုကို အသုံးပြုပါ။)

လွန်ခဲ့တဲ့ ရှေးအခါက ညီအစ်ကို တစ်ဆယ့်နှစ်ယောက်နဲ့ ညီမတစ်ယောက်ပါတဲ့ ကြီးမားတဲ့ မိသားစုတစ်စုရှိခဲ့ပါတယ်။ သူတို့ ဖခင်ရဲ့ အမည်က ယာကုပ်ဖြစ်ပြီး သိုးအုပ်ကြီးတွေကို မွေးမြူပြီး အခုခေတ်မှာ အရှေ့အလယ်ပိုင်းလို့ ခေါ်တဲ့ ဒေသမှာ နေထိုင်ခဲ့ ပါတယ်။ သူ့မှာ ဇနီးတစ်ဦး ထက်ပိုပြီးရှိခဲ့တာကြောင့် ကလေးတွေထဲက တစ်ချို့က တစ်ဦးတည်းသော မိခင်ကနေ မွေးဖွားလာပြီး တစ်ချို့က မတူတဲ့မိခင်တစ်ဦးကနေ မွေးဖွားလာခဲ့ပါတယ်။ ဒါကြောင့် မိသားစုထဲမှာ ပြဿနာတွေ ဖြစ်လာခဲ့ပါတယ်။

အငယ်ဆုံးသားနှစ်ယောက်ကတော့ ယောသပ်နဲ့ ဗင်ရာမိန်ဖြစ်ပါတယ်။ သူတို့နှစ်ယောက်က ဖခင်ယာကုပ်ရဲ့ အကြိုက်ဆုံးဇနီး ရာခေလကနေ မွေးဖွားလာတာကြောင့် ဖခင်က သူတို့ကို အရမ်းချစ်ပါတယ်။ တစ်ခါတစ်လေ ဖခင်က သူတို့ကို အထူးလက် ဆောင်တွေ ပေးလေ့ရှိပါတယ်။ ယောသပ်ကို အရောင်စုံလှပြောင်လက်တဲ့ ဝတ်လုံတစ်ထည် ပေးခဲ့ပါတယ်။ ဒါကြောင့် အစ်ကို တွေက သူ့ကို မနာလိုဖြစ်လာကြပါတယ်။

ယောသပ်မှာ ထူးဆန်းတဲ့အိပ်မက်တွေ မက်ပါတယ်။ သူ့အိပ်မက်ထဲမှာ တစ်နေ့မှာ သူ့အစ်ကိုတွေကို အုပ်စိုးမယ်၊ သူတို့က သူ့ကို ဦးညွှတ်ကြမယ်လို့ ဖြစ်ပါတယ်။ ဒီအိပ်မက်တွေကို သူပြောပြတဲ့အခါ အစ်ကိုတွေက ပိုပြီးဒေါသထွက်လာပြီး သူ့ကို မုန်းတီးလာ ကြပါတယ်။

တစ်ခါတစ်လေ အစ်ကိုတွေက သိုးအုပ်တွေနဲ့အတူ ခရီးထွက်ပြီး သိုးတွေစားဖို့ မြက်ကောင်းတဲ့နေရာကို ရှာဖွေရင်း ဝေးကွာတဲ့ နေရာတွေကို သွားလေ့ရှိပါတယ်။ တစ်နေ့မှာ ဖခင်ယာကုပ်က ယောသပ်ကို အစ်ကိုတွေနဲ့ သိုးအုပ်တွေ ဘယ်လိုရှိနေလဲဆိုတာ သွားကြည့်ဖို့ ခရီးဝေးတစ်ခုကို စေလွှတ်လိုက်ပါတယ်။ အစ်ကိုတွေက သူ့ရဲ့လှပတဲ့ ဝတ်လုံကို ဝတ်ဆင်ပြီး လာနေတာကို မြင်တဲ့ အခါ "အိပ်မက်မက်တဲ့သူ လာပြီ၊ သူ့ကို သတ်ပြီး တွင်းထဲ ပစ်ချလိုက်ကြစို့၊ ဖခင်ကို တောတိရစ္ဆာန်က စားသွားတယ်လို့ ပြော လိုက်ကြမယ်" လို့ ပြောကြပါတယ်။

အစ်ကိုတစ်ယောက်က "သူ့ကို မသတ်ပါနဲ့၊ တွင်းထဲ ပစ်ချလိုက်ပါ" လို့ ပြောပါတယ်။ ဒီအစ်ကိုက ယောသပ်ကို အခြား ဒေါသ ထွက်နေတဲ့ အစ်ကိုတွေဆီကနေ ကယ်တင်ဖို့ မျှော်လင့်နေခဲ့ပါတယ်။ အစ်ကိုတွေက ယောသပ်ကိုဆွဲပြီး သူ့ရဲ့လှပတဲ့ ဝတ်လုံကို ဆွဲချွတ်လိုက်ကြပါတယ်။ ပြီးတော့ သူ့ကို တွင်းထဲ ပစ်ချလိုက်ပြီး သူယူလာတဲ့ အစားအစာတွေကို ထိုင်စားကြပါတယ်။

ယောသပ်က အရမ်းကြောက်ရွံ့ပြီး ဝမ်းနည်းနေပါတယ်။ သူ့အစ်ကိုအရင်းတွေက သူ့ကို ဒီလိုဆက်ဆံရက်တယ်တဲ့လား။ အခု သူတို့ သူ့ကို ဘာလုပ်မှာလဲ။

ကုန်သည်အုပ်စုတစ်စုက ဖြတ်သွားတယ်။ အစ်ကိုတစ်ယောက်က ယောသပ်ကို ကျွန်အဖြစ် ရောင်းစားလိုက်ဖို့ အကြံပေးပါ တယ်။ ဒါဆို ယောသပ်က သူတို့ကို နောက်ထပ် ဒုက္ခမပေးနိုင်တော့ဘူးပေါ့။ ယောသပ်က အစ်ကိုတွေကို ဒီလိုမလုပ်ဖို့ တောင်း ပန်ပေမယ့် သူတို့က နားမထောင်ကြပါဘူး။ ဒါက သူ့အတွက် အရမ်းကို ကြောက်စရာကောင်းတဲ့ အခြေအနေဖြစ်ခဲ့ပါတယ်။

ကုန်သည်တွေက ယောသပ်ကို ခေါ်သွားတဲ့အခါ သူ့အိမ်ကို အဝေးကနေလှမ်းမြင်နေရပါတယ်။ ယောသပ် ငိုနေခဲ့တယ်။ ပြီး တော့ ဘာပဲဖြစ်ဖြစ် ဘုရားသခင်ကို ယုံကြည်နာခံပြီး သစ္စာရှိစွာ အသက်ရှင်သွားဖို့ သူဆုံးဖြတ်လိုက်ပါတယ်။

ကုန်သည်တွေက အီဂျစ်နိုင်ငံအထိ သွားခဲ့ကြပါတယ်။ အဲဒီမှာ သူတို့က ယောသပ်ကို ဘုရင့်စစ်တပ်မှူးဖြစ်တဲ့ ပေါတိဖါဆီမှာ ရောင်းစားလိုက်ပါတယ်။ ယောသပ်က ကြိုးစားပမ်းစား အလုပ်လုပ်တယ်။ သူ့သခင်က သူ့ကို သဘောကျတယ်။ ယောသပ်က ဘုရားသခင်ကို ယုံကြည်တဲ့အတွက် ဘုရားသခင်က သူလုပ်သမျှအရာတိုင်းကို ကောင်းချီးပေးခဲ့ပါတယ်။ ယောသပ်က ကြီးပြင်းလာတဲ့အခါ အိမ်ထောင်ပြုပြီး သားနှစ်ယောက်ရှိလာပါတယ်။ သူက သူ့မိသားစုကို ဘုရားသခင်ကို သိကျွမ်းပြီး ဘုရားသခင်ရဲ့ ပညတ်တော်တွေကို လိုက်နာဖို့ ဦးဆောင်ပေးခဲ့ပါတယ်။ ဒါကြောင့် သူတို့မိသားစုမှာ စစ်မှန်တဲ့ ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုတွေ ရှိခဲ့ပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန် အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

1. ယောသပ်၏အစ်ကိုများက သူ့အား မည်သို့ ဆိုးဆိုးရွားရွား ဆက်ဆံခဲ့ကြသနည်း။
2. စကားလုံးများက ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သလား။
3. အစ်ကိုများက ထိုသို့ဆိုးရွားစွာ ဆက်ဆံလာသောအခါ ယောသပ်မည်သို့ခံစားရမည်ဟု သင်ထင်ပါသနည်း။
4. သင်ဆိုလျှင် မည်သို့ခံစားရမည်နည်း။

(ကမ္ဘာဦးကျမ်း ၃၉:၁-၆ မှ သမ္မာကျမ်းစာပုံပြင်ကို ပြီးဆုံးအောင် ပြောပြပါ။)

**အလွတ်ကျမ်းချက်၊** သုတ္တံကျမ်း ၁၅:၁ - "ဖြည်းညှင်းသော စကားသည် စိတ်ကိုဖြေတတ်၏။ ကြမ်းတမ်းသောစကားမူကား၊ အမျက်ကို နှိုးဆော်တတ်၏။"

ဤကျမ်းပိုဒ်ကို အောက်ပါကစားနည်းဖြင့် သင်ကြားပေးနိုင်ပါသည် - FIRST LETTER REVIEW ကျမ်းပိုဒ်ကို ဘုတ်ပေါ်တွင်ရေးပါ။ မကြာခဏ ဖတ်ပြီးနောက်၊ ကလေးများကို မျက်စိမှိတ်ခိုင်းပါ။ ဆရာက စကားလုံးတစ်လုံးချင်းစီ၏ ပထမစာလုံးကိုသာချန်ထားပြီး ကျန်တာတွေကို ဖျက်လိုက်ပါ။ ကလေးများကို မျက်စိဖွင့်ခိုင်းပြီး စာလုံးတစ်လုံးချင်းစီ၏ ပထမစာလုံးကို ကြည့်ကာ ကျမ်းပိုဒ်ကို ပြန်ပြောနိုင်မ လား စမ်းကြည့်ပါ။

**အဖွဲ့ ငယ်လှုပ်ရှားမှု၊** ကျွန်ုပ်တို့၏ မိသားစုများတွင် မကောင်းသောအရာများ ဖြစ်ပေါ်လာသောအခါ၊ ကျွန်ုပ်တို့၏ ပထမဆုံး တုံ့ပြန်မှုမှာ ဒေါသထွက်ခြင်း၊ ကြောက်ရွံ့ခြင်း သို့မဟုတ် ဝမ်းနည်းခြင်းတို့ ဖြစ်တတ်ပါသည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် ဆိုးရွားသောအသံဖြင့် အော်ဟစ်တတ်သည်၊ ငိုကြွေးတတ်သည် သို့မဟုတ် ရိုက်နက်တတ်ကြသည်။ ဤသို့ပြုမူခြင်းသည် ကျွန်ုပ်တို့၏ အိမ်ကို ပျော်ရွှင်စေရန် မကူညီနိုင်ပါ။

ကျွန်ုပ်တို့သည် စိတ်ငြိမ်သက်စေရန်နှင့် ပြဿနာများကို ဖြေရှင်းရန် ဘာတွေလုပ်နိုင်မလဲ။

(အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါ)

ကျွန်ုပ်တို့သည် ထွက်သွားနိုင်သည်၊ စိတ်ထဲတွင် ဆုတောင်းနိုင်သည်၊ တစ်ဆယ်အထိ ရေတွက်နိုင်သည်၊ ပုံဆွဲနိုင်သည် သို့မဟုတ် ဂျာနယ်ထဲတွင် ရေးသားနိုင်သည်။ စိတ်ငြိမ်သက်ပြီးနောက်၊ ကျွန်ုပ်တို့ ၏အိမ်ထောင်ကို ပိုမိုပျော်ရွှင်စေရန် တစ်ခုခုလုပ်နိုင်သည့် အရာတစ်ခု ရှိတတ်ပါသည်။

ဇာတ်လမ်းတစ်ပုဒ်၏ အစကို ဖတ်ပြပေးပါမည်။ သင်တို့က နှစ်ယောက်တစ်တွဲ စဉ်းစားပြီး ဇာတ်လမ်း၏ အဆုံးသတ်ကို စဉ်းစားရမည်။

1. ဆမ်၏မိခင်က သူ့ညီငယ်ကို အင်္ကျီညစ်ပတ်အောင်မလုပ်ဖို့ ပြောခဲ့သည်။ ညီငယ်က အပြင်ထွက်ကစားပြီး အဝတ်အစားများ ညစ်ပတ်သွားသည်။ သူ့မိခင်က အော်ဟစ်ပြီး ရိုက်နက်လိုက်သည်။ ဆမ်က ဒါကိုမြင်ပြီး စိတ်ဆိုးသွားသည်။ ဆမ်သည် သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင်မလဲ။ သူ့ညီငယ်ကို အားပေးရန် ဘာလုပ်နိုင်မလဲ။

2. နာရစ်သည် မိသားစုထဲက အကြီးဆုံးသားဖြစ်သည်။ သူ့မှာ ကျောင်းတက်အိတ်အသစ်တစ်လုံးရှိသည်။ သူ့ညီငယ် ရီသီက သူ့အစ်ကို၏ အဟောင်းများကိုသာ အသုံးပြုရသည်ကို မနာလိုဖြစ်နေသည်။ ရီသီက အိတ်အဟောင်းကို အသုံးပြုရန် ငြင်းဆန်ပြီး ကန်ချ၊ အော်ဟစ်လိုက်သည်။ ရီသီ၏ အစ်မက ဒါကို မြင်လိုက်သည်။ အစ်မက သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင်မလဲ။ သူ့ညီနှစ်ယောက်ကို ကူညီရန် ဘာလုပ်နိုင်မလဲ။

3. ဂျိတ် အမည်ရှိသော ကျောင်းသားတစ်ယောက်သည် မနက်အိပ်ရာထ နောက်ကျသွားသည်။ ထို့ကြောင့် ကျောင်းသို့ အလျင်စလိုသွားရပြီး သူ့အိမ်အလုပ်များ မလုပ်ဖြစ်တော့ပါ။ ကျောင်းမှ အိမ်ပြန်ရောက် လာသောအခါ၊ သူ့မိခင်က အိမ်အလုပ်မလုပ်သည့်အတွက် အော်ဟစ်ပြီး ဆူပူလိုက်သည်။ ဂျိတ်၏ အစ်ကိုက ဒါကိုမြင်ပြီး ဝမ်းနည်းသွားသည်။ အစ်ကိုက သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင် မလဲ။ ဂျိတ်ကိုကူညီရန် ဘာလုပ်နိုင်မလဲ။

4. ဂန်ယာက ကျောင်းတွင် လှပသောပုံတစ်ပုံရေးဆွဲခဲ့သည်။ သူ့မိခင်ကို ပြချင်သောကြောင့် ပုံကို အိမ်သို့ ယူလာခဲ့သည်။ သူ့ညီငယ်က ပုံကို ဆွဲယူပြီး အပိုင်းပိုင်းဖြတ်ဆုတ်ဖြဲလိုက်သည်။ ဂန်ယာက သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင်မလဲ။ သူမဘာဆက်လုပ်နိုင်မလဲ။

5. သူ့မိသားစုအတွက် ဆေးဟာသည် တနေ့လုံးပင်ပင်ပန်းပန်းအလုပ်လုပ်နေခဲ့ပြီး ညနေပိုင်း အိမ်ပြန်ရောက်သောအခါ၊ သူ့မိခင်က ညစာမချက်ဘဲ ဖဲကစားနေသည်ကို တွေ့လိုက်ရသည်။ ဆေးဟာ စိတ်ဆိုးသွားသည်။ သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင်မလဲ။ အိမ်ပြဿနာကို ဖြေရှင်းရန် ဘာလုပ် နိုင်မလဲ။

6. မော့၏ အသားအရေသည် ညိုမည်းသည်။ ကျောင်းက လူတိုင်းက သူမ၏အသားအရေကြောင့် သူမကို လှောင်ပြောင်ကြသည်။ အိမ်မှာလည်း မိသားစုအများစုက သူမကို လှောင်ပြောင်ကြသည်။ ဒါကိုကြည့်ပြီး သူ့အစ်ကို ဒေါသထွက်သွားသည်။ သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင်မလဲ။ သူ့ညီမ မော့ကို ကူညီရန် ဘာလုပ်နိုင်မလဲ။

7. ပလောသည် တစ်နေ့ အိမ်ပြန်ရောက်သောအခါ၊ သူ့အစ်ကိုနှင့် ဖခင်တို့သည် မူးယစ်နေသည်ကို တွေ့လိုက်ရသည်။ သူ့ဖခင်က သူ့အစ်ကိုနှင့် သူ့မိခင်ကို ရိုက်နက်နေသည်ကို မြင်လိုက်ရသည်။ ပလော ကြောက်ရွံ့သွားသည်။ သူ့ကိုယ်သူ စိတ်ငြိမ်သက်စေရန် ဘာလုပ်နိုင်မလဲ။ နောက်ထပ် ဘာလုပ်နိုင် မလဲ။

8. ဦးလေးက စကြာနီကို နမ်းရန် ပွေ့ဖက်ရန် ခွင့်ပြုပါက လှပသောလက်ဆောင်ပေးမည်ဟု ကတိပေးခဲ့ သည်။ သူက "ဒါကိုတို့နှစ်ယောက်ကလွဲလို့ ဘယ်သူမှသိလို့မရဘူး" ဟု ပြောခဲ့သည်။ သူ့အစ်မ က ဒါကို ကြားလိုက်ပြီး ဦးလေးအပေါ် အလွန်ဒေါသထွက်သွားသည်။ အစ်မက သူ့ကိုယ်သူ စိတ်ငြိမ် သက်စေရန် ဘာလုပ်နိုင်မလဲ။ စကြာနီကို ကူညီရန် ဘာလုပ်နိုင်မလဲ။

(ဆရာမှတ်ချက် - သင်ပြောလိုက်သည့်ဇာတ်လမ်းများ အခြားကလေးများအကြောင်းဖြစ်ဖို့ အရေးကြီးပါသည်။ အများရှေ့၌ သင့်ကျောင်းသားများ၏ မိသားစုဇာတ်လမ်းများကို တိုက်ရိုက်ပြော ဆိုခြင်းသည် မသင့်တော်သောကြောင့်ဖြစ်သည်။ ကျောင်းသားများသည် ဇာတ်လမ်းမှတစ်ဆင့် သူတို့၏ အိမ်တွင်ဖြစ်နေသည်များကို ချိတ်ဆက်နိုင်မည်ဖြစ်သည်။)

# အပိတ်လှုပ်ရှားမှုများ (Closing Activities)

၁။ **နေ့စဉ်မှတ်တမ်းစာအုပ်**
မှတ်တမ်းစာအုပ် စာမျက်နှာ ၂၁ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ဘုရားသခင်သည် ကျွန်ုပ်ကိုချစ်တော်မူပြီး မကောင်းသောစကားများနှင့် လုပ်ရပ်များအပေါ် မည်သို့တုံ့ပြန်ရမည်ကို သိရန် ကူညီလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

သင့်လက်တစ်ဖက်ကို မှတ်တမ်းစာအုပ်၏စာမျက်နှာပေါ်တွင် ထားပြီး သင့်ဘောပင် သို့မဟုတ် ခဲတံဖြင့် ပတ်ပတ်လည် ရေးဆွဲပါ။ ထို့နောက် ကျန်လက်တစ်ဖက်ကို ဆက်ပြီးရေးဆွဲပါ။ သင့်လက်ပုံများကို အရောင်ခြယ်ပါ သို့မဟုတ် သင့်လက်များဖြင့် လုပ် ဆောင်နိုင်သည့် အရာများကို စာရင်းပြုစုပါ၊ လက်ချောင်းပုံတစ်ချောင်းစီတွင် တစ်ခုစီရေးပါ။

သို့မဟုတ်

သင့်မိသားစုထဲက တစ်စုံတစ်ဦးသည် ကောင်းသောထိတွေ့မှု (သို့) မကောင်းသောထိတွေ့မှုကို အသုံးပြုခဲ့သည့်အကြောင်းကို ဇာတ်လမ်းတစ်ပုဒ် ရေးပါ။

မှတ်တမ်းစာအုပ် စာမျက်နှာ ၂၂ ကို ဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျ လေးထောင့်အကွက်တစ်ခုကို သင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ သင် ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

၂။ **အပိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ**
(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက် ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

ကျွန်ုပ်တို့၏ မိသားစုများကို ကူညီပြီး ကောင်းမွန်သော၊ ဘေးကင်းသော နည်းလမ်းများဖြင့် ချစ်ခြင်းမေတ္တာကို ပြသရန် ကျွန်ုပ်တို့ ၏ လက်များဖြင့် လုပ်ဆောင်နိုင်သည့် အရာများအားလုံးကို စဉ်းစားကြည့်ရအောင်။ ကျွန်ုပ်တို့၏ မိသားစုများကို ဘေးကင်းပြီး ပျော်ရွှင်စေသော နေရာများဖြစ်စေရန် မည်သည့်စကားများကို ပြောဆိုနိုင်မည်နည်း။ (ကလေးများကို စကားပြောရန် အတင်း အကျပ် မတိုက်တွန်းပါနှင့်)။

နောက်ဆုံးတွင် မိသားစုအကြောင်း သီချင်းတစ်ပုဒ်ကို သီဆိုပါ၊ ဥပမာ "With Jesus in the Family, Happy, Happy Home" ကဲ့သို့သော သီချင်းမျိုးကို သီဆိုနိုင်ပါသည်။

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

Popcorn Prayer (United Prayer) နည်းလမ်းကို အသုံးပြု၍ ဆုတောင်းကြရအောင်။
(အောက်ပါ template ကို အသုံးပြု၍ စတင်နိုင်ပါသည်။ ဝါကျကို စတင်ပြီး ကလေးများက ဆက်လက်၍ ဖြည့်စွက်ပြောဆို နိုင်ပါသည်)။

ခမည်းတော်ဘုရား၊
- ကိုယ်တော်ကို ကျေးဇူးတင်ပါ၏၊ အဘယ်ကြောင့်ဆိုသော်…
- ကိုယ်တော်အား ဝန်ခံပါ၏၊ အဘယ်ကြောင့်ဆိုသော်…
- ကိုယ်တော်၏ အကူအညီကို တောင်းခံပါ၏၊ အဘယ်ကြောင့်ဆိုသော်…
- ကိုယ်တော်ကို ကျေးဇူးတင်ပါ၏၊ အဘယ်ကြောင့်ဆိုသော်…

ယေရှု၏ နာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

# သင်ခန်းစာ ၁၀ - ကျွန်ုပ်ရဲရဲဝံ့ဝံ့ ပြောဆိုနိုင်သည်။

**သင်ခန်းစာ ၁၀ အဓိကအကြောင်းအရာ**

ကျွန်ုပ်သည် မိမိ၏ စစ်မှန်သော ခံစားချက်များကို လေးစားစွာဖြင့် ပြောဆိုရန် သင်ယူနိုင်ပြီး၊ ၎င်းတို့ကို ဖုံးကွယ်ထားကာ မရှိသယောင် ဟန်ဆောင်ခြင်း မပြုတော့ပါ။။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- ကျွန်ုပ်တို့ စိတ်ဆင်းရဲသောအခါ၊ တစ်ခါတစ်ရံတွင် မိမိခံစားချက်များကို ဖုံးကွယ် ထားပြီး ဆိတ်ဆိတ်နေတတ်ပါသည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့ ပြဿနာရှိသောအခါတွင် ကူညီမည်ဖြစ်သည်။
- ကျွန်ုပ်တို့၏ ခံစားချက်များကို ဖုံးကွယ်ထားခြင်းသည် ဆက်ဆံရေးအတွက် အများ အားဖြင့် အထောက်အကူမဖြစ်ပါ။
- ကျွန်ုပ်တို့သည် မိမိတို့၏ အပြုအမူနှင့် ခံစားချက်များအတွက် တာဝန်ယူကာ ၎င်းတို့ ကို ဖုံးကွယ်ရန် ကြိုးစားခြင်း မပြုသင့်ပါ။။

**သတင်းစကား**

ကျွန်ုပ်သည် မိမိ၏ ကြောက်ရွံ့မှုများကို ဖုံးကွယ်ရန် သို့မဟုတ် အရာရာ အဆင်ပြေနေသကဲ့သို့ ဟန်ဆောင်ရန် မလိုအပ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်အား မိမိကိုယ်ကို ဖြစ်စေရန် သတ္တိ ကို ပေးနိုင်ပြီး၊ ကျွန်ုပ်ပြောဆိုသင့်သည့်အခါတွင် ဖုံးကွယ်ခြင်း သို့မဟုတ် ဆိတ်ဆိတ်နေခြင်း မပြုရန် ကူညီနိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်၏ မိသားစုနှင့် လိုအပ်ချက်များအတွက် ပံ့ပိုးပေးနိုင်စွမ်းအားလုံးကို ပိုင်ဆိုင်ထားပါသည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ၊

- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်

**ပြင်ဆင်ချက်**

စက္ကူချပ်အကြီးကြီးတစ်ချပ် သို့မဟုတ် သစ်ရွက်အကြီးတစ်ရွက်အပေါ်တွင် ပြုံးနေသော မျက်နှာတစ်ခု ကို ရေးဆွဲပါ။ Smiling Face ပုံဥပမာ (သင်ခန်းစာ၏ အဆုံးတွင် ပါရှိသော Figure 10-3) ကို ကူး ယူပြီး၊ ထူသောစက္ကူပေါ်တွင် ကပ်ကာ ကတ်တစ်ခု ပြုလုပ်ပါ။

ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ကျွန်ုပ် အဆင်မပြေသောအချိန် အရာအားလုံး ဘာမျှမဖြစ်သလို ဟန်ဆောင်ပြီး ခံစားချက်ကို ဖုံးကွယ်ထားရန်မလိုပေ။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ မိသားစုဝင်များအချင်းချင်း ချစ်ခင်ကြင်နာခြင်းနဲ့ ထိခိုက်နာကျင်စေခြင်း အကြောင်းအရာတွေထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ဘုရားသခင်သည် ကျွန်ုပ်ကိုချစ်တော်မူပြီး မကောင်းသောစကားများနှင့် လုပ်ရပ်များအပေါ် မည်သို့တုံ့ပြန်ရမည်ကို သိရန် ကူညီလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သည်။**

၂။ ပဏာမသီချင်း (Theme Song)

၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ကလေးများ စုဝေးနေစဉ်တွင်၊ သင်ပြုလုပ်ထားသော Smiling Face ကတ်ကို သင့်မျက်နှာရှေ့တွင်ကိုင်ထားပါ။ သင့် မျက်နှာတစ်ခုလုံး မပေါ်အောင် ထိုကတ်ဖြင့် ကွယ်ထားပါ။ ကလေးများကို သင့်အတွင်းစိတ်တွင် ဘာခံစားနေရသည်ကို ခန့်မှန်း ပြောခိုင်းပါ။ အဖြေများစွာ ပြောပြီးနောက်၊ ကတ်ကိုဖယ်လိုက်ကာ သင့်မျက်နှာတွင် ဒေါသထွက်နေသော သို့မဟုတ် ဝမ်းနည်း နေသော ပုံစံကို ပြပါ)။

ကျွန်ုပ် ဘာခံစားနေရသည်ကို သင်တို့ သိခဲ့သလား။ ကျွန်ုပ် အပြင်ပန်းတွင် ပြုံးနေသော်လည်း၊ အတွင်းစိတ်တွင် တကယ်တော့ ဒေါသထွက်နေ (သို့မဟုတ် ဝမ်းနည်းနေ) သည်ကို သင်တို့ သိခဲ့သလား။ လူတိုင်းသည် တစ်ခါတစ်ရံတွင် မိမိကိုယ်ကို ဖုံးကွယ် ရန် နည်းလမ်းတစ်ခုခုကို ရှာဖွေတတ်ပါသည်။ ဥပမာ၊ တစ်စုံတစ်ဦးသည် တစ်မျိုးခံစားနေရသော်လည်း၊ လုံးဝကွဲပြားသော ပုံစံဖြင့် ပြုမူနေတတ်ပါသည်။ လူတစ်ဦးသည် မိမိ၏စစ်မှန်သော ခံစားချက်များကို ဖုံးကွယ်ထားနိုင်ပါသည်။ ကျွန်ုပ်တို့သည် မကြာခဏ မသက်မသာ ခံစားရသောအရာများ သို့မဟုတ် စစ်မှန်သော ခံစားချက်များကို ဖော်ပြပါက ဘာဖြစ်လာမည်ကို ကြောက်ရွံ့သောအခါတွင် ဤကဲ့သို့သောအပြုအမူမျိုးကို ပြုလုပ်တတ်ကြသည်။ ကျွန်ုပ်တို့သည် ပြဿနာမရှိသကဲ့သို့ အားလုံး အဆင်ပြေနေသယောင် ဟန်ဆောင်လိုက်ပြီး၊ ကြီးမားသော ပြဿနာကို ဖုံးကွယ်ကာ ဆိတ်ဆိတ်နေတတ်ကြသည်။ ကျွန်ုပ်တို့၏ ခံစားချက်များနှင့် ပြဿနာများကို ရိုးသားစွာ ဖော်ပြရန်နှင့် လိုအပ်သောအခါတွင် ဘုရားသခင်က ကျွန်ုပ်တို့အား သတ္တိပေးနိုင်သည်၊ ပေးမည်ကို ယုံကြည်ရန် သတ္တိလိုအပ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ မိသားစုအတွက် ပံ့ပိုးပေးနိုင်သည်၊ ပေးမည်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့အား သတ္တိရှိစွာ ပြောဆိုတတ်ရန်နှင့် အကူအညီရှာတတ်ရန် ကူညီပေးနိုင်သည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**
(ဆရာက ကျောင်းသားများကို မေးခွန်းများအတွက် အဖြေများကို စဉ်းစားခိုင်းပါ၊ နှစ်ယောက်တစ်တွဲ မျှဝေခိုင်းပါ၊ ပြီးနောက် တချို့ကျောင်းသားများကို တစ်တန်းလုံးရှေ့တွင် မျှဝေခိုင်းပါ။)

သင် သို့မဟုတ် တစ်စုံတစ်ဦးက တစ်မျိုးခံစားနေရသော်လည်း၊ သင် သို့မဟုတ် ထိုသူက ကွဲပြားသော ပုံစံဖြင့် ပြုမူနေခဲ့ဖူးသည့် အချိန်တစ်ခုကို ပြန်စဉ်းစားကြည့်ပါ။

(ကလေးများကို ပြန်စုစည်းပါ)။ သူတို့အထဲတွင် အတန်းရှေ့ထွက်ပြီး မိမိတို့အတွေ့အကြုံကိုတင်ပြလိုသူ ရှိ၊ မရှိ မေးကြည့်ပါ။

အခုအချိန်မှာ ဘိုရာ နှင့် သူ့ရဲ့မိသားစုအကြောင်း ဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ပြပါမယ်။ ဘိုရာဟာ တစ်မျိုးခံစားနေရပေမယ့်၊ သူ့ရဲ့ခံစားချက် အစစ်အမှန်ကို ဖုံးကွယ်ဖို့အတွက် သူဘယ်လိုပြုမူသလဲ သို့မဟုတ် ဘယ်လိုနည်းလမ်းတွေကို အသုံးပြုလဲဆိုတာ ကို သတိပြုမိအောင် ကြိုးစားကြည့်ပါ။

# သင်ခန်းစာ ၁၀ – ဘဝပုံပြင်

## ဘိုရာ၏ပုံပြင်

ရုပ်ပုံပြကားခြပ် 10A



*(ဆရာက ဘိုရာပုံပြင်ကို ဖတ်ပြပြီး ရုပ်ပုံပြကားခြပ် 10A မှ ဤပုံ ၇ ပုံကို ကလေးများအားပြပေးပါ။)*

ဘိုရာရဲ့ အမေနှင့် မွေးခါစ ညီလေးတို့ဟာ မနေ့ကမှ ဆေးရုံမှ အိမ်သို့ ပြန်လာခဲ့ကြပါတယ်။ အရာရာတိုင်းဟာ အလွန်ခက်ခဲခဲ့တယ်။ ညီလေးက တစ်ညလုံးလို ငိုနေခဲ့တယ်။ ဘိုရာ နားကိုပိတ်ဖို့ ကြိုးစားပေမယ့် သူလူးလိမ့်ပြီး အိပ်မရနိုင် ဖြစ်နေခဲ့ပါတယ်။ နေ အလင်းရောင် ရောက်လာခဲ့တဲ့ မနက်အချိန်မှပဲ သူ အိပ်ပျော်သွားခဲ့ပါတယ်။ သိပ်မကြာပါဘူး၊ “ထတော့၊ ဘိုရာ နင်ကျောင်း နောက်ကျတော့မယ်” ဟု ဖခင်ရဲ့အော်သံကို သူကြားလိုက်ရပါတယ်။

ဘိုရာ အိပ်ယာပေါ်က ခုန်ဆင်းပြီး သူ့အတွက် အမေရူးခတ်ထားပေးတဲ့ ဆန်ပြုတ်ခွက်ရှိရာ စားပွဲသို့ ပြေးသွားခဲ့တယ်။ အဲဒီအချိန်မှာ သူ့ညီမက သူ့မရဲ့ဆန်ပြုတ်ကို စားနှင့်နေပြီးဖြစ်ပါတယ်။ ဘိုရာလည်း အလျင်ထိုင်ပြီး အမြန်ဆုံး စတင်စားခဲ့တယ်။ စားနေတုန်းမှာ သူ့ အမေနှင့် အဖေ စကားတိုးတိုးပြောနေတာကို သူကြားလိုက်ရတယ်။ အဖေက “မစိုးရိမ်နဲ့” “ငါ အိမ်ကို အမြန်ဆုံးပြန်လာခဲ့မယ်။ ဒါပေမယ့် ငါသွားပြီး အလုပ်ရှာဖို့လိုတယ်။ ငါတို့ ကျွေးဖို့ နောက်တစ်ယောက် တိုးလာလို့ ငါတို့မှာ လုံလောက်တဲ့ ပိုက်ဆံမရှိတော့ဘူး” လို့ပြောနေတာကို သူကြားခဲ့တယ်။

“ဘာလဲ” လို့ ဘိုရာက စားပွဲပေါ်က ခုန်ဆင်းရင်း စူးစူးဝါးဝါးအော်လိုက်သည်။ “အိုး၊ သွားပါပြီး။” ဘိုရာရဲ့ ဆန်ပြုတ်ခွက် ကြမ်းပြင်ပေါ် မှောက်ကျသွားပါတယ်။ သူ့အမေနှင့် အဖေက ဘာတွေ ဖြစ်ပျက်နေလဲ ကြည့်ဖို့ ပြေးထွက်လာကြတယ်။ သူတို့ နှစ်ယောက်လုံး သူ့ကို ကိုးယိုကားယား ဖြစ်နေသည့်အတွက် နှင့် ကျောင်းနောက်ကျတော့မည့်အတွက် အော်ဟစ်ဆူငေါက် နေခဲ့တယ်။

“ကျွန်တော် မလုပ်ဘူး။” သူပြန်၍ အော်လိုက်သည်။ “ညီမလေးက ကြမ်းပြင်ပေါ် မှောက်လိုက်တာ။” “မြန်မြန်လုပ်” သူတို့က ပြောပြန်တယ်။ “နင် အခုသွားရမယ်။ နင် အိမ်ပြန်လာတဲ့အခါ ရှုပ်ပွနေတာ ပြန်ရှင်းလို့ရတယ်။” သွားတော့လို့ပြောလိုက် တယ်။

ဒါနဲ့ ဘိုရာက သူ၏ကျောပိုးအိတ်ကို ယူလိုက်ပြီး တံခါးပြင်သို့ ပြေးထွက်လာခဲ့တယ်။ ဒါပေမယ့် မကြာခင်မှာပဲ သူဟာ နေးကွေးစွာ လမ်းလျှောက်လာခဲ့ပြီး လမ်းပေါ်က ကျောက်တုံးတွေနဲ့ ဖုန်တွေကို ကန်နေခဲ့ပါတယ်။ သူ့ခေါင်းက ကိုက်နေပါတယ်။ သူဟာ ကျောင်းသွားချင်စိတ် မရှိသလို အိမ်ပြန်ချင်စိတ်လည်း မရှိပါဘူး။ သူဘာလုပ်ရမှန်း မသိတော့ပါဘူး။

ဒါပေမယ့် ကျောင်းတံခါးဝမှာ ဆရာမက သူ့ကို လက်ပြခေါ်နေတာကို သူမြင်လိုက်ရပါတယ်။ “မြန်မြန်လာ၊” ဆရာမက ပြောပါတယ်။ “မင်း နောက်ကျနေပြီ။” ဘိုရာဟာ ခြေလှမ်းမြန်မြန်လျှောက်ပြီး ကျောင်းဝင်းထဲကို ဝင်သွားခဲ့ပါတယ်။ သူဟာ အတန်းထဲမှာ နောက်ဆုံးခုံမှာ ထိုင်ပြီး တိတ်ဆိတ်စွာ နေခဲ့ပါတယ်။ အခြားကျောင်းသားတွေက “ဘာဖြစ်တာလဲ ဘိုရာ၊ မင်း ပျော်နေပုံမရဘူး” လို့ မေးကြပါတယ်။

“ဘာမှမဖြစ်ဘူး၊”ဟု ဘိုရာ ပြန်ဖြေတယ်။ ဘယ်သူနဲ့မျှ စကားပြောချင်စိတ် မရှိဘဲ တစ်နေ့လုံး ဘိုရာ ငုတ်တုတ်ထိုင်နေခဲ့တယ်။

ကျောင်းဆင်းချိန်ရောက်တဲ့အခါ ဆရာမက “ဘိုရာ၊ ခဏလောက်နေပါဦး။ မင်းနဲ့ စကားပြောချင်တယ်” လို့ ပြောပါတယ်။ အခြားကလေးတွေ ထွက်သွားပြီးနောက် ဆရာမက ဘိုရာ နဲ့ စကားစပြောပါတယ်။

"ဘိုရာ၊ ဘာဖြစ်တာလဲ။ မင်း တစ်နေ့လုံး ဝမ်းနည်းနေပုံပဲ။ အိမ်မှာ တစ်ခုခု ဆိုးဆိုးဝါးဝါး ဖြစ်သွားတာလား" လို့ ဆရာမက မေးပါတယ်။

"အမ်၊ ဘာမှမဖြစ်ပါဘူး၊"ဟု ဘိုရာက ပြောပါတယ်။

"ငါမယုံဘူး။ မင်းက ပုံမှန်လို ပျော်နေပုံမရဘူး။ ဘာဖြစ်တာလဲ" လို့ ဆရာမထပ်မေးလိုက်တယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြနိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေမျှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှနိုင်းပါ။)

ဘာတွေ ဆက်ဖြစ်မယ်လို့ ထင်ပါသလဲ?

ဘိုရာရဲ့ တစ်နေ့တာမှာ ဘာတွေ မှားယွင်းသွားခဲ့သလဲ။ ဘိုရာကို ဒီလို ခံစားရစေတဲ့ အကြောင်းရင်းက ဘာလဲ။

(အောက်ပါအချက်တွေကို ထည့်သွင်းစဉ်းစားကြည့်ပါ)

- မိသားစုထဲက ကြီးမားတဲ့ ပြောင်းလဲမှုတွေဟာ နာကျင်စရာဖြစ်နိုင်ပါတယ်။ ဒါတွေက ကျွန်ုပ်တို့ကို ထိခိုက်စေပြီး မကောင်းတဲ့ခံစားချက်တွေ ဖြစ်စေနိုင်ပါတယ်။ ဘိုရာ ရဲ့ ပြောင်းလဲမှုတွေကတော့ ညီငယ်လေးတစ်ယောက် မွေးလာတာနဲ့ သူ့အဖေ အလုပ်ရှာဖို့ ထွက်ခွာသွားတာတွေပါ။
- ဘိုရာဟာ ညီငယ်လေးမွေးလာတာနဲ့ သူ့အဖေ ထွက်ခွာသွားတာတွေကြောင့် ဘယ်လို ခံစားနေရသလဲ၊ မိသားစု အတွက် အစားအစာ မလုံလောက်မှာကို စိုးရိမ်နေတာတွေကို ဆွေးနွေးပါ။
- ဘိုရာဟာ သူ့ရဲ့ ခံစားချက်တွေကို ဘယ်လို ဖုံးကွယ်ခဲ့သလဲဆိုတာကို ပြောပြပါ။ သူဟာ ဆန့်ပြတ်ဖိတ်တာကို လိမ်လည်ပြောခဲ့ပြီး၊ ကျောင်းမှာ တိတ်ဆိတ်စွာ နေခဲ့ပါတယ်။

(Role-play လုပ်ကြည့်ပါ) (အတန်းအကြီးပိုင်းကျောင်းသားများနှင့်)

ဘယ်သူက ဘိုရာ အဖြစ် သရုပ်ဆောင်ပြီး ဖြစ်ပျက်ခဲ့တာတွေကို ဆွေးနွေးချင်ပါသလဲ။

(သရုပ်ဆောင်လိုတဲ့ ကလေးထွက်လာပါက၊ သူနဲ့အတူ ထိုင်ပြီး စကားပြောပါ။ စာနာမှုပြသပါ။ ဒါပေမယ့် ကလေးဘက်ကလည်း သူ့ခံစားချက်တွေကို သူကိုယ်တိုင် သိမှတ်နားလည်ဖို့လိုမယ်။ နောက်တစ်ခါကျရင် မတူညီတဲ့ဘယ်လိုနည်းလမ်းတွေနဲ့ သူ တုန့်ပြန်လို့ရမလဲဆိုတာကိုလည်း သူ့ကို စဉ်းစားနိုင်းပါ။ ဥပမာ၊ "ဘိုရာ ရေ၊ မင်းခံစားနေရတာ ငါနားလည်ပါတယ်။ အိမ်မှာ လူသစ်တစ်ယောက်ရှိလာတာကို ကျင့်သားရဖို့ မလွယ်ဘူးမလား။ မင်းက မိသားစုအတွက် အစားအစာမလုံလောက်မှာကို ကြောက်နေတယ်လို့ ပြောခဲ့တယ်။ နောက်တစ်ခါ ဒီလိုခံစားချက်တွေ ဖြစ်လာရင် အကောင်းဆုံး ဘယ်လိုနည်းလမ်းနဲ့ တုံ့ပြန် မလဲ" လို့ မေးပါ။)

**ဒီဘောပေါ်မှာ အရမ်းအရေးကြီးတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို ရေးချပြထားပါတယ်။ (ဆရာက စာကြောင်းတစ်ခုပြီးတစ်ခု ရှေ့ကတိုင်ပေးပြီး ကလေးများကို နောက်မှ လိုက်ရွတ်နိုင်းပါ။ ထို့နောက် အားလုံးအတူတူ ပြန်ပြောနိုင်းပါ။)**

**ကျွန်ုပ် အဆင်မပြေသောအချိန်တွင် အရာအားလုံး ဘာမျှမဖြစ်သလို ဟန်ဆောင်ပြီး ခံစားချက်ကို ဖုံးကွယ်ထားရန် မလိုပေ။**

**အလွတ်ကျမ်းချက်၊** ဟေဗြဲ 13:5-6: "အကြောင်းမူကား၊ ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟု ဂတိတော်ရှိ၏။ ထို့ကြောင့် ထာဝရဘုရားသည် ငါ့ကိုမစတော်မူသည်ဖြစ်၍၊ လူသည် ငါ၌ပြုနိုင်သမျှကိုငါမကြောက် ဟု၊ ငါတို့သည် ရဲရင့်သောစိတ်နှင့် ပြောဆိုရသောအခွင့် ရှိကြ၏။"

(ဤကျမ်းပိုဒ်ကို အောက်ပါအစီအစဉ်ဖြင့် သင်ပေးနိုင်ပါသည်- ကျမ်းပိုဒ်ကို သီချင်းအဖြစ် ပြောင်းလဲပါ။ ကလေးများအား ကျမ်းပိုဒ်အတွက် သံစဉ်တစ်ခုဖန်တီးနိုင်မလား ကြည့်ပါ၊ သို့မဟုတ် ဆရာမှ ပေးထား သော သီချင်းတစ်ပုဒ်ကို အသုံးပြုပါ၊ သို့မဟုတ် ကျမ်းပိုဒ်ကို သရုပ်ဖော် ကပြပါ)။

# သင်ခန်းစာ ၁၀ – ကျမ်းစာပုံပြင်

## သေတာ၏ပုံပြင်

ရုပ်ပုံပြကားချပ် 10B





(ဆရာက ရဲရင့်သောသေတာ၏ပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (သေတာ ၂း၇-၁၀၊ ၃း၁-၁၂၊ ၄း၆-၁၇၊ ၅း၁-၇၊ ၈း၁-၁၀)။ ဤပုံပြင်ကို အရေးကြီးတဲ့အချက်တွေနဲ့ ပြောပြဖို့ အောက်တွင်ဥပမာပေးထားပါတယ်။ ရုပ်ပုံပြကားချပ် 10B မှ ဤပုံ ၅ ပုံကို အသုံးပြုပါ။)

ရှေးလွန်လေပြီးသောနှစ်များစွာက ပါရှန်းနိုင်ငံတော်တွင်၊ အာရှွေရုမင်းသည် မိဖုရားတစ်ပါးကို လိုလားခဲ့သည်။ သူသည် အလွန်လှပသော မိန်းကလေးများစွာကို စုရုံးခေါ်ယူခဲ့သည်။ ထိုမိန်းကလေးများထဲမှ တစ်ယောက်မှာ သူမ၏ဦးလေးနှင့်အတူ နေထိုင်သော ဂျူးလူမျိုး မိဘမဲ့မိန်းကလေး သေတာဖြစ်သည်။ သူမသည် သူမ၏မိဘများကို အလွန်လွမ်းဆွတ်သော်လည်း၊ ထိုအကြောင်းကို ပြသ၍မရချေ။ သူမသည် ပြုံးပြပြီး ဘုရင်ကို နှစ်သက်အောင် ကြိုးစားရမည်ဟု ခံစားခဲ့ရသည်။ သေတာသည် အလွန်လှပပြီး သူမအား ရှင်ဘုရင် အလွန်နှစ်သက်သည်။ သူမကို မိဖုရားအဖြစ် မင်းကြီးရွေးချယ်ခဲ့သည်။

ဘုရင်အာရှွေရုသည် သေတာအကြောင်းကို အကုန်အဆင် မသိထားပါ။ သူမ၏ဦးလေးက သေတာကို “သင်သည် ဂျူး လူမျိုးဖြစ်ကြောင်း ဘုရင်အား မပြောပါနှင့်” ဟု ပြောခဲ့သည်။ ဂျူးလူမျိုးများကို မနှစ်သက်သော လူများစွာရှိပြီး သူမအတွက် ဘေးကင်းမည် မဟုတ်ကြောင်းကို ဦးလေးသိနေခဲ့သည်။

တစ်နေ့တွင်၊ ဘုရင်အာရှွေရုက ဟာမန်အမည်ရှိသော လူတစ်ဦးကို မင်းညီမင်းသားများအားလုံး၏ အကြီးအကဲအဖြစ် ခန့်အပ်ခဲ့ သည်။ ဘုရင်သည် လူတိုင်းကို ဟာမန်အား ဦးညွှတ်ရန် အမိန့်ပေးခဲ့သည်။ ဟာမန်သည် အလွန်မောက်မာလာခဲ့သည်။ သို့သော် ဟာမန်ကို ဦးမညွှတ်သူ တစ်ဦးရှိခဲ့သည်။ သူ၏အမည်မှာ မော်ဒကဲဖြစ်ပြီး သူသည် သေတာ၏ဦးလေးဖြစ်သော်လည်း၊ မည်သူမျှ မသိခဲ့ပေ။

မော်ဒကဲ ဦးမညွှတ်သောကြောင့် ဟာမန်အလွန်ဒေါသထွက်ခဲ့သည်။ မော်ဒကဲ၏လူမျိုးအားလုံးသည် ပုန်ကန်သောသူများဖြစ်ပြီး ဖျက်ဆီးခံသင့်သည် ဘုရင်အား ဟာမန်လုည့်ဖြားတင်ပြခဲ့သည်။ ဘုရင်သည် ဟာမန်အား ဂျူးလူမျိုးအားလုံးကို သတ်ပစ်ရန်နှင့် သူတို့၏ ဥစ္စာပစ္စည်းများကို သိမ်းယူရန် နေ့တစ်နေ့ကို သတ်မှတ်ခွင့်ပြုခဲ့သည်။

ဂျူးလူမျိုးများ ငိုကြွေးပြီး ဆုတောင်းကြသည်။ သူတို့ အလွန်စိုးရိမ်နေကြသည်။ မိဖုရားသေတာသည် ဂျူးလူမျိုးဖြစ်ကြောင်း မည်သူမျှ မသိသေးပေ။ မိမိ၏မိဖုရားကိုပါ သေဒဏ်ပေးရန် မိမိအမိန့်ထုတ်ပြန်ခဲ့ကြောင်းကို ရှင်ဘုရင် မသိခဲ့ပါချေ။

ဦးလေးမော်ဒကဲသည် သေတာထံ စာတစ်စောင်ပို့ခဲ့သည်။ သူက “သင်သည် အခုပြောရမည့်အချိန်ရောက်ပြီ။ ဘုရင်အား ဤပြဿနာ အကြောင်း ပြောပါ။ ကျွန်ုပ်တို့အတွက် သူ၏အကူအညီကို တောင်းခံပါ။ ဆိတ်ဆိတ် ငြိမ်မနေပါနှင့်” ဟု ရေးသားခဲ့သည်။

မိဖုရားသေတာက “ဘုရင်၏အတွင်းခန်းသို့ ဖိတ်ခေါ်ခြင်းမရှိဘဲ ဝင်ရောက်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ပြီး၊ သူသည် လပေါင်း သုံးဆယ်အတွင်း ကျွန်ုပ်ကို မဖိတ်ခေါ်ခဲ့ပါ။ ကျွန်ုပ်ဝင်သွားပါက အသတ်ခံရမည်” ဟု ပြန်လည်ရေးသားခဲ့သည်။

ဦးလေးမော်ဒကဲက “နန်းတော်ထဲတွင် သေမင်းမှ လွတ်မြောက်နိုင်မည်ဟု မထင်ပါနှင့်။ ဘုရားသခင်သည် ကူညီရန် နည်းလမ်းရှာနိုင်သည်၊ သို့သော် သင်သည် မပြောဘဲနေပါက သင်သေရမည်။ သင်သည် ဤနိုင်ငံတော်သို့ ရောက်လာရခြင်းအကြောင်းကား ဤအမှုအတွက်ပင်ဖြစ်သည်ဟု ထင်စရာရှိသည်မဟုတ်လော” ဟု ပြန်လည်ရေးသားခဲ့သည်။

ဧသတာက လူတိုင်းကို သုံးရက်သုံးည ဥပုသ်စောင့်ပြီး ဆုတောင်းကြဖို့ ပြောခဲ့သည်။ သူမက “ထို့နောက် ကျွန်ုပ် ဘုရင်ထံသွား မည်။ ကျွန်ုပ်သေလျှင် သေရမည်” ဟု ပြောခဲ့သည်။ ဤအချိန်သည် ပြောဆိုရန် အချိန်ဖြစ်ကြောင်း သူမသိခဲ့သည်။

တတိယနေ့တွင်၊ မိဖုရားဝတ်စုံကို ဝတ်ဆင်ပြီး ဘုရင်၏နန်းတော်အတွင်းခန်းသို့ ဧသတာဝင်ရောက်ခဲ့သည်။ သူမဤမျှ ရဲရင့်စွာ ဝင်လာသည်ကို မြင်ရပြီး မင်းကြီး အလွန်အံ့အားသင့်သော်လည်း၊ ဒေါသမထွက်ဘဲ သူမကို ကြိုဆိုခဲ့သည်။ အဘယ်ကြောင့် ဤမျှစွန့်စားမှုယူပြီး သူမလာသည်ကို သိလိုသောကြောင့် “သင်ဘာလိုချင် သနည်း”ဟု သူမအား မင်းကြီး မေးခဲ့သည်။ ဧသတာက ဘုရင်အား အထူးစားပွဲတစ်ခုသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ပြီး ဟာမန်ကိုလည်း ခေါ်ဆောင်လာရန် ပြောခဲ့သည်။

အထူးစားပွဲတွင်၊ ဘုရင်က သူမအား “သင်ဘာလိုချင်သနည်း။ ငါ၏နိုင်ငံတော်တစ်ဝက်ကိုပင် တောင်းဆိုနိုင်သည်။” ဟု ထပ်မံမေးခဲ့သည်။

သူမက “မနက်ဖြန်တွင် နောက်ထပ်အထူးစားပွဲတစ်ခုသို့ ထပ်မံလာပါ၊ ထိုအခါ ကျွန်ုပ်ပြောပြမည်” ဟု ပြောခဲ့သည်။

ဘုရင်နှင့် မိဖုရားနှင့်အတူ ဤအထူးစားပွဲများတွင် ပါဝင်ခွင့်ရသည့်အတွက် ဟာမန် အလွန်ဝမ်းသာခဲ့သည်။ မကြာမီတွင် သူ၏ ရန်သူမော်ဒကဲနှင့် အခြားဂျူးလူမျိုးများအားလုံးကို သတ်ပစ်ရမည်ကိုလည်း ဝမ်းမြောက်နေခဲ့သည်။ သူသည် ဂျူးလူမျိုးများကို ကြိုးပေးရန် ကြိုးစင်ကြီးတစ်ခုကို ပြုလုပ်ခဲ့သည်။

အထူးစားပွဲတွင်၊ ဘုရင်အာရှေရုသည် မိဖုရားဧသတာ၏ တောင်းဆိုချက်ကို အလွန်သိချင်နေခဲ့သည်။ နောက်ဆုံးတွင် သူမက “ကျွန်ုပ်သည် ကျေးဇူးတော်ကို ရရှိပါက၊ ကျေးဇူးပြု၍ ကျွန်ုပ်၏အသက်နှင့် ကျွန်ုပ်၏လူမျိုးတို့၏အသက်ကို ကယ်တင်ပါ” ဟု လျှောက်ထားခဲ့လေတော့သည်။

ဘုရင် အလွန်အံ့အားသင့်သွားခဲ့သည်။ သူမအား ဘယ်သူက ဒုက္ခပေးရန် ကြံစည်နေသနည်းဟု မင်းကြီးမေးမြန်းရာ၊ သူမက ဘုရင်အား “ဤဆိုးယုတ်သော ဟာမန်ပင် ကျွန်ုပ်၏ရန်သူဖြစ်သည်” ဟု ပြန်ဖြေခဲ့သည်။ ဟာမန် ရုတ်တရက် အလွန်ကြောက်လန့်သွားသည်။ သူသည် မိဖုရား၏လက်ကို ဆွဲကိုင်ပြီး သူမအား တောင်းပန်ခဲ့သည်။ မင်းကြီး အလွန်ဒေါသထွက်ကာ ဟာမန်အား သူဂျူးလူမျိုးများအတွက် ပြင်ဆင်ထားသော ကြိုးစင်ပေါ်တွင် သေဒဏ်ပေးရန် စီရင်ခဲ့သည်။ ထို့နောက် ဘုရင်သည် ဂျူးလူမျိုးများအား သူတို့ကို သတ်ဖြတ်လိုသူများမှ ကာကွယ်ခွင့်ပြုသည့် ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ မိဖုရားဧသတာ သည် သူမ၏စစ်မှန်သောခံစားချက်များကို ပြောဆိုရန် ရဲရင့်လာခဲ့သည်။ သူမသည် ဆုတောင်းခြင်းနှင့် ဘုရားသခင်အပေါ် ယုံကြည်စိတ်ချမှုကို ထားရှိခဲ့ပြီး၊ ဘုရားသခင်သည် မိဖုရားဧသတာကို ဂျူးလူမျိုးတို့အား သေတွင်းထဲက ကယ်တင်ရန် ကူညီ ပေးနိုင်ခဲ့သည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန်ဝေမျှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှခိုင်းပါ။)

1. ဟာမန်ကို ဘာကဒေါသထွက်စေခဲ့သလဲ။
2. ဧသတာ ဘာကြောင့် ဘေးအန္တရာယ်ရှိခဲ့သလဲ။
3. ဧသတာ ဘာကြောင့် ရဲရင့်တဲ့အရာတစ်ခုလုပ်ခဲ့သလဲ။
4. ဟာမန် ဘာဖြစ်သွားခဲ့သလဲ။
5. မင်းရဲ့ဘဝမှာ အရမ်းရဲရင့်တဲ့အရာတစ်ခုခု လုပ်ဖူးသလား။

**အဖွဲ့ငယ်လှုပ်ရှားမှု၊** ဒီနေ့ မကောင်းတဲ့၊ စိတ်မသက်မသာဖြစ်စေတဲ့ ခံစားချက်တွေကို အသံထွက်ပြောဆိုရန် လေ့ကျင့်ကြမယ်။ နှစ်ယောက်တစ်တွဲလုပ်ဆောင်ပါ။ တစ်ယောက်က မျက်နှာအမူအရာပြကတ်ပြားတစ်ခုကို ရွေးချယ်ပါ။ ထို အမူအရာကို လုပ်ပြပြီး ဘာကြောင့် ထိုကဲ့သို့ခံစားနေရသည်ကို အကြောင်းပြချက် တစ်ခုဖန်တီးပြောပါ။ သင့်အတွဲဖော်က "ဘာဖြစ်တာလဲ" လို့မေးပါလိမ့်မယ်။ သင်က ဖြေကြားပါ။
သင့်အတွဲဖော်က "မင်းခံစားနေရတာကို ငါနားလည်တယ်"၊ "အဲဒါကတော့ မကောင်းဘူး"၊ ဒါမှမဟုတ် "အဲဒါက ခက်ခဲမယ် (သို့) ဝမ်းနည်းစရာဖြစ်မယ်" လို့ပြောပါလိမ့်မယ်။ သင့်အတွဲဖော်က "ဒီပြဿနာ ကို ဖြေရှင်းဖို့ မင်းဘာလုပ်နိုင်မလဲ" လို့မေးပါလိမ့်မယ်။ သင်တို့နှစ်ယောက်သား ဖြေရှင်းနည်းတွေကို အတူတူ ဆွေးနွေးပါ။ ပြီးရင် အတွဲဖော်နဲ့နေရာလဲပြီး မျက်နှာအမူအရာနောက်တစ်ခုရွေးကာ နေရာချင်း လဲပြီးလေ့ ကျင့်ပါ။

**အဖွဲ့ငယ်ဆွေးနွေးမှု၊** (ကျောင်းသားများကို ပြန်လည်စုစည်းပြီး ဆွေးနွေးခိုင်းပါ)။ (မိမိဆွေးနွေးခဲ့သည်များကို တစ်တန်းလုံးရှေ့ တွင် တင်ဆက်လိုသူတစ်ဦး ကို အခွင့်အရေးပေးပါ)။
၁။ သင့်အတွဲဖော်က သင့်ကို စာနာမှုရှိပြီး သင့်ခံစားချက်ကို တကယ်နားလည်ကြောင်း ပြသရန် ဘာပြောခဲ့ (သို့မဟုတ်) ဘာလုပ်ခဲ့သနည်း။
၂။ အခြေအနေကို ဖြေရှင်းနိုင်မည့်အရာတစ်စုံတစ်ခုကို သင်တို့နှစ်ဦးအတူတကွ လုပ်ဆောင်ခဲ့သလား။
၃။ ဒီဖန်တီးထားသော အခြေအနေတွေနဲ့ လေ့ကျင့်ပြီးနောက်၊ သင်ယုံကြည်ရသူတစ်ဦးဦးကို သင့်ခံစားချက် တွေကို မျှဝေရန် ပိုမိုလွယ်ကူလာမယ်လို့ ထင်ပါသလား။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

၁။ **နေ့စဉ်မှတ်တမ်းစာအုပ်**
မှတ်တမ်းစာအုပ် စာမျက်နှာ ၂၃ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ကျွန်ုပ် အဆင်မပြေသောအချိန်တွင် အရာအားလုံး ဘာမျှမဖြစ်သလို ဟန်ဆောင်ပြီး ခံစားချက်ကို ဖုံးကွယ်ထားရန် မလိုပေ။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြ နိုင်သည်။)

သင်သို့မဟုတ် သင်သိသူတစ်ဦးဦး၏ စစ်မှန်သောခံစားချက်များကို ဖုံးကွယ်ထားသောအချိန်တစ်ခုကို ရေးပါသို့မဟုတ် ပုံဆွဲပါ။

(သို့မဟုတ်)

တစ်စုံတစ်ဦးက သူတို့၏စစ်မှန်သောခံစားချက်များကို ဖုံးကွယ်ထားသည်ကို သင်မြင်ပါက၊ စစ်မှန်သောပြဿနာကို ရှာဖွေပြီး သူတို့၏ခံစား ချက်များကို ဖော်ပြရန် သင်ဘယ်လိုကူညီမည်နည်း?

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၂၄ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျ လေးထောင့်အကွက်တစ်ခု ကို သင်ရောင်စုံခြယ်ပါ။ အဘယ်ကြောင့် ထိုသို့ သင် ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အပိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက် ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(Pass the Clap ဂိမ်းကို ကစားပါ။ ကလေးများကို စက်ဝိုင်းပုံစံ ရပ်ခိုင်းပါ။ ကလေးတစ်ယောက်ကို ရွေးပြီး မိမိဘယ်ဘက် ရှိ သူငယ်ချင်းဘက်သို့မျက်နှာလှည့်ခိုင်းကာ လက်ခုပ်တစ်ချက်တီးခိုင်းပါ။ ထိုကလေးက လှည့်ပြီး နောက်ကလေးတစ်ယောက်ကို လက်ခုပ်တစ်ချက်ဆက်တီးခိုင်းပါ။ ဤသို့ဖြင့် လက်ခုပ်သံသည် စက်ဝိုင်းတစ်ခုလုံးကို ပတ်သွားသည်အထိ ဆက်လုပ်ပါ။ နောက် တစ်ပတ်တွင်၊ ကလေးက ဘယ်ဘက်သို့ လှည့်ပြီး နောက်ကလေးတစ်ယောက်ကို လက်ခုပ်နှစ်ချက်တီးခိုင်းပါ။ ဤသို့ဖြင့် စက်ဝိုင်းတစ်ခုလုံး ကို ပတ်ပါ။ ကလေးများကို မည်သည့်အချိန်တွင်မဆို ဦးတည်ချက်ပြောင်းလိုပါက၊ သူတို့အလှည့်ရောက် သောအခါ လှည့်ပြီး ဘယ်ဘက်သူထံ လက်ခုတ်မတီးခိုင်းဘဲ၊ မိမိလက်ခုပ် လက်ခံရရှိသူထံသို့ ပြန်လည် တီးခိုင်းပါ။ ထိုအခါ ဦးတည်ချက်သည် ဆန့်ကျင်ဘက်သို့ ပြောင်းသွား မည်ဖြစ်ပြီး၊ အခြားကလေးတစ်ယောက်က ဦးတည်ချက်ပြောင်းရန် ဆုံးဖြတ် သည်အထိ ဆက်လုပ်ပါ။ ဤဂိမ်းသည် ကလေး များကို ဆုံးဖြတ်ချက်ချနိုင်ပြီး ဦးတည်ချက်ပြောင်းလဲနိုင်သည်ဟု ခံစားရစေ ပါသည်။ ကလေးများထဲတွင် တစ်ယောက်ယောက် အမှားလုပ်မိသောအခါ "Deetdooey!" ကဲ့သို့သော ရယ်စရာစကားလုံးကို အော်ခိုင်းနိုင်ပါသည်။)

## ၃။ အပိတ်ဆုတောင်းခြင်း (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

ချစ်သော ယေရှုဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီအကြောင်းကို အရာရာသိတော်မူပါသည်။ ကျွန်ုပ်တို့ ပျော်ရွှင်နေ သည့်အခါ၊ ဝမ်းနည်းနေသည့်အခါ၊ အရာရာ အဆင်မပြေဖြစ်နေသည့်အခါများကို ကိုယ်တော်သိပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဘယ်သောအခါမှ မစွန့်ခွာမည်၊ မပစ်ထားမည်ဟု ကတိတော်ထားပါသည်။ ကျွန်ုပ်တို့ကို ချစ်ခင်စောင့်ရှောက် တော်မူသောအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့ ပြောဆိုရမည့်အခါများတွင် ပုန်းရှောင်ခြင်း၊ နှုတ်ဆိတ်ခြင်းမပြုဘဲ ရဲရင့်စွာရပ်တည်နိုင်ရန် ကျေးဇူးပြု၍ သတ္တိပေးတော်မူပါ။ ယေရှုခရစ်တော်နာမဖြင့် တောင်းလျှောက်ပါသည်။ အာမင်။




# အခန်း ၄ – ကျွန်ုပ်တို့ကိုယ်ခန္ဓာကို ဘုရားသခင်ဖန်ဆင်းထားသည်

**အဓိကအကြောင်းအရာ - ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များကို အံ့ဖွယ်သိမ်မွေ့ပြီး အနုစိတ် ဖန်ဆင်းထားသည်။**

**သင်ခန်းစာ ၁၁၊ ကျွန်ုပ် ကျန်းမာအောင် နေနိုင်ပါသည်။** - ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များကို ဖန်ဆင်းထားသည်။ မှန်ကန်သော ရွေးချယ်မှုများပြုလုပ်ခြင်းသည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များကို ကျန်းမာစေရန် ကူညီပေးပါသည်။ (ဒံယေလနှင့် သူ၏မိတ်ဆွေများ) ကျွန်ုပ် ယုံကြည်ချက်စာသား - "ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။"

**သင်ခန်းစာ ၁၂၊ ကျွန်ုပ်၏ခန္ဓာကိုယ်ကို ကျွန်ုပ်ပိုင်သည်။** - မိတ်ဆွေများသည် တစ်ဦးကိုတစ်ဦး လုံခြုံစွာ နေထိုင်ရန် ကူညီနိုင်ပါသည်။ ကျွန်ုပ်တို့သည် မကောင်းသောထိတွေ့မှုများနှင့် မကောင်းသောလူများတို့၏ရန်မှ မိမိကိုယ်ကို ကာကွယ်ရန် လိုအပ်ပါသည်။ (ရုပ်ပုံပြကားခြပ်၊ ယောသပ်နှင့် ပေါတိဖါ၏ဇနီး) ကျွန်ုပ်ယုံကြည်ချက်စာသား - "ကျွန်ုပ်သည် ကောင်းသော ထိတွေ့မှုနှင့် မကောင်းသောထိတွေ့မှုတို့၏ ကွာခြားချက်ကို သိရမည်ဖြစ်ပြီး မကောင်းသောအရာများမှ ရှောင်ရှားရမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"

**သင်ခန်းစာ ၁၃၊ ကောင်းမွန်သောအနာဂတ်ကို ကျွန်ုပ်ရွေးချယ်နိုင်ပါသည်။** - မှန်ကန်သောရွေးချယ်မှုများ ပြုလုပ်ခြင်းသည် လူကို လုံခြုံစေပါသည်။ (ရုပ်ပုံပြကားခြပ်၊ ဇေလိရှဲနှင့် မုဆိုးမ၏ ဆီအိုး) ကျွန်ုပ်ယုံကြည်ချက်စာသား -"ကျွန်ုပ်တွင် အမြဲတမ်း ရွေးချယ်စရာများရှိပြီး ကျွန်ုပ်ရွေးချယ်ပုံသည် ယခုနှင့် နောင်တွင် ကျွန်ုပ်၏ဘဝကို ကြီးမားစွာ ပြောင်းလဲစေသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"

# သင်ခန်းစာ ၁၁ - ကျွန်ုပ် ကျန်းမာအောင်နေနိုင်သည်။

| | |
|---|---|
| **သင်ခန်းစာ ၁၁ အဓိကအကြောင်းအရာ** | ကျွန်ုပ်တို့ခန္ဓာကိုယ်ကို ဘုရားသခင်ဖန်ဆင်းပေးထားပြီး၊ မှန်ကန်သောရွေးချယ်မှုများ ပြုလုပ်ခြင်းဖြင့် မိမိတို့ခန္ဓာကိုယ်များကို ကျန်းမာအောင် ကျွန်ုပ်တို့ထိန်းသိမ်းနိုင်သည်။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• ကျန်းမာသော ခန္ဓာကိုယ်အတွက် လိုအပ်သော အခြေခံအချက် ရှစ်ခု ရှိပါသည်။<br>• ဘုရားသခင်သည် လူ့ခန္ဓာကိုယ်အား ဘုရားသခင်ဖန်ဆင်းထားပုံကို ကြည့်ပြီး သင်ကျေးဇူးတင်တတ်ပါစေ။ |
| **သတင်းစကား** | ဘုရားသခင်သည် ကျွန်ုပ်တို့ကို စိတ်၊ ခန္ဓာ၊ စိတ်ခံစားမှုများပါဝင်သည့် မိတ်ဖွဲ့ပေါင်းသင်းရန်လိုအပ်သောလူသတ္တဝါအဖြစ် ဖန်ဆင်းထားပါသည်။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ၊<br>• အသီးတချို့။ ဘောလုံးတစ်လုံး၊ ရေသန့်ဘူးတစ်ဘူး၊ နေကာမျက်မှန်၊ ဆေးလိပ်မသောက်ရ ဆိုင်းဘုတ်၊ လေထုညစ်ညမ်းမှုကာကွယ်ရန် နှာခေါင်းစည်း (သို့) လည်ပတ်၊ ခေါင်းအုံးတစ်လုံးနှင့် သမ္မာကျမ်းစာတစ်အုပ်။<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• အဖွဲ့လိုက်ပုံဆွဲရာတွင်အသုံးပြုမည့် ပုံဆွဲဝတ္ထုပစ္စည်းများ<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ် |
| **ပြင်ဆင်ချက်** | စက္ကူချပ်အကြီးကြီးတစ်ချပ်ပေါ်တွင် "ဆေးလိပ်မသောက်ရ" စာသားကိုရေးချထားပါ။<br><br>ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။<br><br>**ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။** |

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့ကသင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ကျွန်ုပ်တို့မိသားစုများကို ဘုရားသခင်ဂရုစိုက်စောင့်ရှောက်သည်ဟူသော အကြောင်းအရာတွေထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ကျွန်ုပ် အဆင်မပြေသောအချိန်တွင် အရာအားလုံး ဘာမျှမဖြစ်သလို ဟန်ဆောင်ပြီး ခံစားချက်ကို ဖုံးကွယ်ထား ရန် မလိုပေ။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(စားပွဲပေါ်တွင် အသီးတစ်ချို့၊ ဘောလုံးတစ်လုံး၊ ရေသန့်ဘူးတစ်ဘူး၊ နေကာမျက်မှန်၊ ဆေးလိပ်မသောက်ရ ဆိုင်းဘုတ်၊ လေထု ညစ်ညမ်းမှုကာကွယ်ရန် မျက်နှာဖုံး (သို့) လည်ပင်းစည်း၊ ခေါင်းအုံးတစ်လုံးနှင့် သမ္မာကျမ်းစာတစ်အုပ်ကို ထားပါ။)

ကျွန်ုပ်တို့သည် နေမကောင်းဖြစ်ရတာကို မကြိုက်ကြပါ။ ယနေ့ကျွန်ုပ်တို့သည် ကျန်းမာစွာနေထိုင်နည်းအကြောင်းပြောကြမည်။ ဤပစ္စည်းများသည် ကျန်းမာစွာနေထိုင်ရန် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သော အရာများအကြောင်း သဲလွန်စများပေးပါသည်။ ဤပစ္စည်းကို ကျန်းမာရေးနှင့်ညီညွတ်စွာ အသုံးပြုနည်းကို သင်သိသည်ထင်ပါက၊ ရှေ့ကိုလာပြီး ကျွန်ုပ်တို့အား ပြောပြပါ။

(ကလေးများအား ကျန်းမာရေးကောင်းမွန်စေရန် ဘာလုပ်ရမည်ကို သိသလားမေးမြန်းပါ။ ထို့နောက် ကလေးများပြောသည်များကို အောက်တွင်ဖော်ပြထားသော NEW START ၏ ကျန်းမာရေးအခြေခံရှစ်ချက်နှင့်ကိုက်ညီအောင် ထပ်မံဖြည့်စွက်ပါ။)

Nutrition - **အာဟာရ (သစ်သီး)**၊ ကျွန်ုပ်တို့စားသုံးနိုင်သည့် အကောင်းဆုံးအစားအစာများမှာ သစ်သီးများ၊ ဟင်းသီး ဟင်းရွက်များ၊ ကောက်ပဲသီးနှံများ(ဆန်)နှင့် အခွံမာသီးများဖြစ်သည်။

Exercise - **လေ့ကျင့်ခန်း (ဘောလုံး)**၊ ကလေးများသည် စာသင်ခြင်း သို့မဟုတ် ထိုင်ပြီး တီဗီကြည့်ခြင်းသာမပြုဘဲ၊ ကစားခြင်းနှင့် အိမ်အလုပ်များကို ကူညီလုပ်ကိုင်ခြင်းဖြင့် လေ့ကျင့်ခန်းလုပ်သင့်သည်။

Water - **ရေ (ရေပုလင်း)**၊ နေ့စဉ် ၈ အောင်စပမာဏရှိသော ရေဖန်ခွက် ငါးခွက်မှ ခြောက်ခွက်အထိ ရေကို သောက်ရန်ကြိုးစားပါ။ သကြားဓာတ်များပြီး အအေးမိခြင်း သို့မဟုတ် သွားပိုးစားခြင်းကို ဖြစ်စေနိုင်သည့် ဆိုဒါနှင့် အချိုရည်များ မသောက်ပါနှင့်။

Sunshine - **နေရောင်ခြည် (နေကာမျက်မှန်)**၊ ကျန်းမာသန်စွမ်းစေရန် နေရောင်ခြည် (အလွန်အမင်းမဟုတ်ဘဲ) လိုအပ်သည်။ **ချုပ်တည်းခြင်း (ဆေးလိပ်မသောက်ရ ဆိုင်းဘုတ်)** — ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးများကို "မလိုပါ" ဟု ငြင်းဆန်ရမည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် အနာဂတ်ကို ဖျက်ဆီးပစ်သည်။

Air - **လေထု (လေထုညစ်ညမ်းမှုကာကွယ်သည့် နှာခေါင်းစည်း သို့မဟုတ် လည်ပတ်)** — သန့်ရှင်းသောလေထုကို ရှူရှိုက်ရန် လိုအပ်သည်။ ကားမှထွက်သော မီးခိုးများနှင့် နီးကပ်စွာရှိသောအခါ ပါးစပ်ကို အုပ်ထားပါ။ ထို့အပြင် အိမ်တွင် သစ်ပင်နှင့် ပန်းများ စိုက်ပျိုးပါ။

Rest - **အနားယူခြင်း (ခေါင်းအုံး)**၊ ညတိုင်း ရှစ်နာရီမှ ဆယ်နာရီအထိ အိပ်စက်ပြီး ဥပုသ်နေ့တွင် အနားယူပါ။

**Trust in God - ဘုရားသခင်ကို ယုံကြည်ခြင်း (ကျမ်းစာအုပ်)** — သမ္မာကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းဖြင့် သင့်စိုးရိမ်ပူပန်မှုများနှင့် ကြောက်ရွံ့မှုများကို ဘုရားသခင်ထံ အပ်နှံနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် စိတ်ချမ်းသာမှုနှင့် ကောင်းမွန်သော ကျန်းမာရေးကို ရရှိစေသည်။

အဖွဲ့ငယ်လှုပ်ရှားမှု၊

**"ဘာဖြစ်နိုင်မလဲ" ဆိုတဲ့ ဂိမ်းကို ကစားကြမယ်။**

ဆရာ/မက မေးမယ်၊ "အကယ်၍.........ဖြစ်ရင် ဘာဖြစ်နိုင်မလဲ"။ အဖြေသိပြီဆိုတာနဲ့ ချက်ချင်း ထပါ၊ ပြီးရင် ထတဲ့သူနာမည်ကို ဆရာ/မခေါ်လိုက်မယ်။ ဥပမာ၊ "အကယ်၍ သကြားလုံးတွေ အများကြီးစားရင် ဘာဖြစ်နိုင်မလဲ" လို့ မေးနိုင်တယ်။ အဖြေသိရင်၊ ဒါမှမဟုတ် တစ်ခုခုစိတ်ထဲပေါ်လာရင် ချက်ချင်း ထလိုက်ပါ။

အကယ်၍ သင်သည် အောက်ပါအရာများကို ပြုလုပ်ရင် ဘာဖြစ်နိုင်မလဲ။

- ဆန်လုံးညို၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ အများကြီးစားရင်။
- နေ့တိုင်း အာလူးကြော်နှင့် ကိတ်မုန့်ပဲ စားရင်။
- နေ့တိုင်း ရေဖန်ခွက် ရှစ်ခွက် သောက်ရင်။
- ဆိုဒါအများကြီး သောက်ရင်။
- ဆေးလိပ်သောက်ရင်။
- အရက်သောက်ရင်။
- အရက်ကို "မလိုပါ" ဟု ငြင်းဆန်ရင်။
- ဆေးလိပ်ကို "မလိုပါ" ဟု ငြင်းဆန်ရင်။
- မူးယစ်ဆေးသုံးရင်။
- မူးယစ်ဆေးကို "မလိုပါ" ဟု ငြင်းဆန်ရင်။
- ပန်းခြံတွင် လေ့ကျင့်ခန်းလုပ်ရင်။
- ဆေးလိပ်ငွေ့ရှိသော အခန်းထဲထိုင်ပြီး ဗီဒီယိုဂိမ်းကစားရင်။
- နေ့တိုင်း သွားတိုက်ခြင်း မပြုရင်။
- နေ့တိုင်း သွားတိုက်ရင်။
- တစ်ညလုံး မအိပ်ဘဲ နေရင်။
- ညတိုင်း ကောင်းစွာ အိပ်စက်ရင်။
- သင်ဒေါသထွက်နေသော ကောင်လေးကို လက်သီးနှင့်ထိုးရင်။
- မိမိရန်သူများကို ခွင့်လွှတ်သော ယေရှုအကြောင်း ဖတ်ရှုရင်။

ရွေးချယ်မှုတိုင်းသည် ခန္ဓာကိုယ်အပေါ် ကောင်းကျိုး (သို့) ဆိုးကျိုး သက်ရောက်စေနိုင်သည်။ ကျွန်ုပ်တို့သည် စိတ်အထင်အတိုင်း လိုက်လုပ်ဆောင်ရန်မဟုတ်ပဲ၊ "ဒါကကျွန်ုပ်ရဲ့ခန္ဓာကိုယ်ကို လက်ရှိနဲ့ အနာဂတ်မှာ ကောင်းကျိုးဖြစ်စေမလား၊ အထောက်အကူပြုမလား" ဆိုတာကို စဉ်းစားပြီး မေးခွန်းထုတ်တတ်ဖို့ သင်ယူရပါမယ်။

ဒီဘောပေါ်မှာ အရမ်းအရေးကြီးတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို ရေးချပြထားပါတယ်။ (ဆရာက စာကြောင်းတစ်ခုပြီးတစ်ခု ရေကတိုင်ပေးပြီး ကလေးများကို နောက်မှ လိုက်ရွတ်ခိုင်းပါ။ ထို့နောက် အားလုံး အတူတူ ပြန်ပြောခိုင်းပါ။)

**ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ် ယုံကြည်သည်။**

# သင်ခန်းစာ ၁၁ – ဘဝပုံပြင်

**ဂျိ(ပ်)နှင့်ဂျန်းတို့၏ပုံပြင်**

ရုပ်ပုံပြကားခြပ် 11A





(ဆရာက ဂျိ(ပ်)နှင့် ဂျန်းတို့ရဲ့ပုံပြင်ကို ဖတ်ပြပြီး ရုပ်ပုံပြကားခြပ် 11A မှ ဤပုံ ၆ ပုံကို ကလေးများအားပြပေးပါ။)

ကျောင်းကနေအိမ်ကိုအတူတူပြန်လာနေတဲ့ ကောင်လေးနှစ်ယောက်ရှိပါတယ်။ သူတို့ဟာ အခင်ဆုံးသူငယ်ချင်းတွေပါ။ သူတို့ရဲ့နာမည်တွေကတော့ Jeep - ဂျိ(ပ်) နဲ့ Jang - ဂျန်း ပါ။

“ဒီနေ့မြစ်ကမ်းဘက်ကိုသွားကြရအောင်” လို့ Jeep ကပြောတယ်။ “အိမ်စာလည်းမရှိဘူး။”

မြစ်ကမ်းမှာ သူတို့ဟာ ကျောက်တုံးတွေပစ်ပြီး ခြေထောက်တွေကို အေးမြတဲ့ရေထဲ ထည့်စိမ်ကြတယ်။ ခဏအကြာမှာပဲ အသက်အကြီးပိုင်း ကောင်လေးတစ်စုက သူတို့ဆီကိုချဉ်းကပ်လာတယ်။ အဲဒီကောင်လေးတွေက စကားပြောတာ စတိုင်ကျပြီး စမတ်ကျကျဝတ်စားထားကြတယ်။ စီးကရက်လည်း သောက်နေကြတယ်။

“ဟေ့ကောင်လေးတို့” လို့ သူတို့က Jeep နဲ့ Jang ကိုခေါ်တယ်။ “တကယ်ကိုမိုက်တဲ့ဟာတစ်ခုကို စမ်းကြည့်ချင်လား။” Jeep နဲ့ Jang တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်တယ်။ “ဘာလဲ” လို့ Jeep ကမေးတယ်။

“ငါတို့မှာ ပိုနေတဲ့စီးကရက်နှစ်လိပ်ရှိတယ်။ ပြီးတော့ မင်းတို့ကို လူကြီးတွေလို ဘယ်လိုသောက်ရမယ်ဆိုတာ ပြမယ်။”

“ငါမသောက်ချင်ဘူး” လို့ Jang ကတိုးတိုးလေးပြောတယ်။ “အနံ့ဆိုးတယ်။ ပြီးတော့ ငါ့အမေလည်း စိတ်ဆိုးသွားမှာပဲ။”

“ရုပ်ရှင်ထဲကကောင်လေးတွေလိုပဲ တကယ် မိုက်တယ်လို့ ငါတော့မြင်တယ်” လို့ Jeep ကပြန်ပြောတယ်။

“ဘာတွေပြောနေတာလဲ” လို့ အကြီးပိုင်းကောင်လေးတစ်ယောက်ကမေးတယ်။ “မင်းတို့ စမ်းကြည့်ချင်တာမဟုတ်ဘူးလား။”

“ခဏစောင့်ဦး Jeep” လို့ Jang က Jeep ရဲ့လက်မောင်းကိုဆွဲပြီးပြောတယ်။ “ဆရာမက ခန္ဓာကိုယ်ကို သန့်စွမ်းကျန်းမာ အောင်ထားဖို့ပြောတာ မင်း မှတ်မိသေးလား။”

သူတို့နှစ်ယောက်ကို သူတို့ ပတ်ပတ်ဝိုင်းထားပြီးတော့ “ဟေ့၊ မင်းရဲ့သူငယ်ချင်းလေးက ယောက်ျားလိုအရာတွေကို စမ်းကြည့် ဖို့ကြောက်နေတာလား။” သူတို့က Jeep ကိုကြည့်ပြီး သူစီးကရက်ကိုစမ်းကြည့်ချင်နေတာကို သိလိုက်တယ်။ ဒါကြောင့် Jeep ကိုပြောတယ်၊ “မင်းရဲ့သူငယ်ချင်းကို မင်းဘယ်လောက်ရဲရင့်တယ်ဆိုတာ ပြလိုက်ပါဦး။”

Jeep က လက်ဆန့်ပြီး စီးကရက်ကိုယူလိုက်တယ်။ ပြီးတော့ သူ့နှုတ်ခမ်းနားကပ်လိုက်တယ်။ “ဟုတ်ပြီ” လို့ ကောင်လေးတွေက ဘေးကနေ အားပေးနေတယ်။ “မင်းတကယ်မိုက်နေတယ်။ အခု မင်းပိုက်စုပ်သလိုမျိုး စုပ်ပြီးရှူလိုက်ပါ။”

Jeep က မီးခိုးကိုရှူမိပြီး လည်ချောင်းထဲမှာ ပူလောင်သွားတယ်။ သူချောင်းဆိုးလိုက်တယ်။ ကောင်လေးတွေက ရီကြတယ်။ “နောက်တစ်ခါ ထပ်စမ်းကြည့်ချင်လား။ ငါ့ကိုကြည့်ပါ။” ကောင်လေးတစ်ယောက်က စီးကရက်ကို ရှည်ရှည်လေးရှူပြီး မီးခိုးည တွေထုတ်ပြလိုက်တယ်။

Jeep က Jang ကိုကြည့်လိုက်တယ်။ Jang က "ထွက်သွားကြရအောင်" လို့ ပါးစပ်နဲ့ပြောလိုက်တယ်။

Jeep ခေါင်းခါပြီး "မဟုတ်ဘူး၊ မင်းတို့ရဲ့စီးကရက်စိမ်းကို ငါမသောက်ချင်တော့ဘူး" လို့ပြောလိုက်တယ်။

"မင်းတို့တွေ ယောကျ်ားမဖြစ်သေးဘူးထင်တယ်" လို့ပြောပြီး ကောင်လေးတွေက ထပ်ပြီးရီကြပြန်တယ်။

Jeep က ခေါင်းငုံ့ပြီး Jang နောက်ကလိုက်ဖို့ လှည့်လိုက်တယ်။ သူက မိုက်မဲပြီး မိုက်ထဲမှာ မအီမသာဖြစ်နေတယ်လို့ ခံစားရ တယ်။ Jang လို သတ္တိရှိခဲ့ရင် ကောင်းမှာပဲလို့ သူဆန္ဒပြုမိတယ်။

ခဏကြာတော့ Jang က "အရသာမကောင်းရင် ဘာလို့ သူတို့ကြိုက်ကြတာလဲ" လို့ ပြောတယ်။

Jeep က "ကျွန်တော့်ဦးလေးက သူ့ကို စိတ်ဖိစီးမှုတွေပြေလျော့ပေးပြီး ကောင်းကောင်းခံစားရစေတယ်လို့ ပြောတယ်။ သူတို့ စသုံးရင်း အကျင့်ရသွားတာပဲထင်တယ်" လို့ ဖြေတယ်။

Jang က Jeep ကို "ကျွန်တော့်အဖေက စီးကရက်ကို ကင်ဆာတံတွေလို့ ခေါ်တယ်။ စီးကရက်သောက်သူတွေ သုံးစက္ကန့်တိုင်း မှာ တစ် ယောက်ကြတယ်လို့ အဖေပြောပြဖူးတယ်။

"အမှန်ပဲ" လို့ Jeep က ဖြေတယ်။ "ကျွန်တော် နောက်တစ်ခါ ဘယ်တော့မှ စီးကရက်မသောက်တော့ဘူး။ အသက်ရှည်ရှည်နေ ပြီး စွန့်စား ခန်းတွေ အများကြီးလုပ်ချင်တယ်။"

"ကျွန်တော်လည်း ဒီလိုပဲ" လို့ Jang က ထပ်ပြောတယ်။ "ကျွန်တော်တို့ စီးကရက်မသောက်၊ အရက်မသောက်၊ မူးယစ်ဆေး မသုံးဖို့ ကတိ ပြုကြရအောင်။ ဟေး၊ မင်းအိမ်ကို ပြေးပြိုင်ကြမယ်!"

**အဖွဲ့လိုက်ပုံဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်ငှင်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထား သော ဘောပေါ်တွင် ရောင်စုံခဲတံဖြင့်သော်ငှင်း ရေးဆွဲနိုင်သည်။ ပုံဆွဲ မည့်နေရာ အဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက် ဖန်တီးရေးဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင် ကြလိမ့်မည်ဖြစ်သည်။)

**ကျမ်းချက်၊** ၁ ကော 10:31: "သင်တို့သည်စားသော်ငှင်း၊ သောက်သော်ငှင်း၊ မည်သည့်အမှုကိုပြုသော်ငှင်း၊ ဘုရားသခင် ၏ ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော့။"

(ဤကျမ်းပိုဒ်ကို အောက်ပါအစီအစဉ်ဖြင့် သင်ပေးနိုင်ပါသည် - WIPE IT CLEAN - ကျမ်းပိုဒ်ကို သင်ပုန်း ပေါ်တွင် ရေးပါ။ အကြိမ်အနည်းငယ် တိုင်ပေးပြီးနောက် တစ်ကြောင်းချင်းစီ ဖျက်ကာ ကလေးများကို ကျမ်း ပိုဒ်ကို ထပ်ခါထပ်ခါ ရွတ်ခိုင်းပါ။ ကျမ်းပိုဒ်တစ်ခုလုံး ဖျက်သွားသည်အထိ ဤသို့ပြုလုပ်ပြီး ကလေးများက စာသားအားလုံး မရှိတော့သော်လည်း ကျမ်းပိုဒ်ကို အလွတ်ရွတ် နိုင်စေရန် လေ့ကျင့်ပေးပါ)။

# သင်ခန်းစာ ၁၁ – ကျမ်းစာပုံပြင်

**ဒံယေလ၏ပုံပြင်**

ရုပ်ပုံပြကားခြပ် 11B





*(ဆရာက အဖမ်းဆီးခံခဲ့ရသောဒံယေလနှင့် အဖော်များအကြောင်းနှင့် သူတို့၏ အစားအသောက်ပိုင်းဆိုင်ရာ ရွေးချယ်မှုအ ကြောင်းတို့ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (ဒံယေလ ၁)။ ဤပုံပြင်ကို အရေးကြီးတဲ့အချက်တွေနဲ့ ပြောပြဖို့ အောက်တွင် ဥပမာပေး ထားပါသည်။ ရုပ်ပုံပြကားခြပ် 11B မှ ဤပုံ ၅ ပုံကို အသုံးပြုပါ။)*

ရှေးအခါက၊ အတူကြီးပြင်းလာခဲ့သော မိတ်ဆွေလေးဦး ရှိခဲ့သည်။ သူတို့သည် အစ္စရေးနိုင်ငံတွင် နေထိုင်ခဲ့ကြသည်။ သူတို့၏ အိမ်နီးချင်းများစွာသည် ဖန်ဆင်းရှင်ဘုရားကို ကိုးကွယ်ခြင်းကို ရပ်တန့်ခဲ့ကြသော်လည်း၊ ဤယောကျ်ားလေးလေးယောက်သည် ဘုရားကို သစ္စာရှိသော မိတ်ဆွေကောင်းများအဖြစ် တစ်ဦးကိုတစ်ဦး ရွေးချယ်ခဲ့ကြသည်။ သူတို့၏ အမည်များမှာ ဒံယေလ၊ ရှာဒရက်၊ မေရှက်၊ နှင့် အဗေဒနေဂေါ တို့ဖြစ်ကြသည်။

တစ်နေ့တွင် ဗာဗုလုန်ဘုရင်သည် သူတို့၏ မြို့ဖြစ်သော ဂျေရုဆလင်မြို့ကို တိုက်ခိုက်ခဲ့သည်။ သူ၏တပ်သည် လူများစွာကို သတ်ဖြတ်ခဲ့ပြီး၊ မိတ်ဆွေလေးယောက်ကို ကျွန်အဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သူတို့သည် ခြေကျင်ခရီးဖြင့် ရက် ပေါင်းများစွာ ကန္တာရကြီးကို ဖြတ်ကျော်ကာ ဗာဗုလုန်ဘုရင်၏ မြို့တော်သို့ ရောက်ရှိခဲ့ကြသည်။ သူတို့သည် စစ်မှန်သော ဘုရားကို အစဉ်ကိုးကွယ်ရန် တစ်ဦးကိုတစ်ဦး ကူညီဖို့ ဆုံးဖြတ်ခဲ့ကြသည်။

မိတ်ဆွေများ ဗာဗုလုန်သို့ ရောက်သောအခါ၊ ဘုရင်က သူတို့ကို အထူးရွေးချယ်ခံရသူများအဖြစ် သုံးနှစ်ကြာ သူ၏ အကောင်းဆုံး ကျောင်းတွင် လေ့ကျင့်သင်ကြားပေးမည်ဟု ပြောကြားခဲ့သည်။ သူသည် သူတို့အတွက် အကောင်းဆုံးဟု ထင်သော အစားအစာ နှင့် အဖျော်ယမကာများကို ပေးခဲ့သည်။ ထိုအစားအစာများတွင် ဝက်သား၊ နွားသား၊ နှင့် အခြားသောအရာများနှင့် ဝိုင်တို့ ပါဝင်သည်။

ထိုလူငယ်လေးဦးတို့သည် မသန့်ရှင်းသောအသားများ၊ ရုပ်တုများအတွက် ပူဇော်ထားသောအရာများ၊ သို့မဟုတ် အရက်သေစာများကို မစား မသောက်သည့်မိသားစုများမှ ကြီးပြင်းခဲ့ကြသည်။ ဒံယေလသည် ကြီးကြပ်သူထံချဉ်းကပ်လျက်  အသီးအနှံ၊ ဟင်းသီးဟင်း ရွက်နှင့် ရေသာ လိုအပ်ကြောင်း ယဉ်ကျေးစွာ တောင်းဆိုခဲ့သည်။ ဤအစားအစာများသည် ခန္ဓာကိုယ်အား ကောင်းစေရန်နှင့် စိတ်ကြည်လင်စေရန် အ ကောင်း ဆုံးဖြစ်သည်ကို သူတို့သိခဲ့ကြသည်။ ဒံယေလက “ကျေးဇူးပြု၍ ဤရိုးရှင်း သောအစားအစာကို ၁၀ ရက်ခန့် ကျွန်ုပ်တို့အားပေးပါ၊ ပြီးနောက် အဘယ်သို့ဖြစ်မည်ကို ကြည့်ပါ” ဟု တောင်းဆိုခဲ့သည်။

ကြီးကြပ်သူ အရှပေနတ်သည် ဤအကြံအစည်ကို မကောင်းဟု ထင်မြင်ခဲ့သည်။ သူသည် သူတို့အား အခြားသူများလုပ်သလို လုပ်ဆောင်စေလိုခဲ့သည်။ ထိုရိုးရှင်းသောအစာများကို စားသောက်ပါက သူတို့ မကျန်းမမာဖြစ်မည်ကို သူစိုးရိမ်ခဲ့သည်။ သို့သော် ထိုလူငယ်လေးယောက်သည် ဘုရား၏ လမ်းစဉ်များသည် အကောင်းဆုံးဖြစ်ကြောင်း သိခဲ့ကြသည်။ သူတို့သည် အကောင်းဆုံး ရွေးချယ်မှုကို ပြုလုပ်လိုခဲ့ကြသည်။ မိတ်ဆွေကောင်းများအဖြစ် တစ်ဦးကိုတစ်ဦး အားပေးကူညီခြင်းဖြင့် မှန်ကန်သောအရာကို လုပ်ဆောင်ရန် သူတို့ခွန်အားရှိခဲ့ကြသည်။

နောက်ဆုံးတွင်၊ အရှပေနတ်သည် သဘောတူပြီး သူတို့အား အသီးအနှံ၊ ဟင်းသီးဟင်းရွက်နှင့် ရေသာ ပေးခဲ့သည်။ ကောင်းသောရွေး ချယ်မှုကို ပြုပြီး ဘုရားကို နာခံခြင်းအတွက် မိမိတို့အား ကောင်းချီးပေးပါမည်အကြောင်း သူတို့ဆုတောင်းခဲ့ကြသည်။

၁၀ ရက်အကြာတွင်၊ အရှပေနတ်သည် သူတို့လေးယောက်ကို ဘုရင်ထံ မေးမြန်းခံရန် ခေါ်ဆောင်လာခဲ့သည်။ သူတို့သည် သူ၏ နိုင်ငံရှိ မှော်ပညာရှင်များနှင့် နက္ခတ်ဗေဒင်ပညာရှင်များထက် ၁၀ ဆ ပိုမိုပညာရှိကြောင်း ရှင်ဘုရင်တွေ့ရှိခဲ့သည်။ ကောင်းသော ရွေးချယ်မှုများ ပြုလုပ်ခဲ့ခြင်းအတွက် သူတို့ကို ဘုရားသခင် ကောင်းချီးပေးခဲ့သည်။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. မိတ်ဆွေလေးဦးတို့ဟာ ဘယ်လိုခက်ခဲတဲ့ရွေးချယ်မှုကို လုပ်ခဲ့ရလဲ။
2. ဒံယေလနဲ့ အဖော်သုံးဦးတို့ဟာ သူတို့ရဲ့အစားအသောက်နဲ့ပတ်သက်ပြီး ဘာကြောင့် အဲဒီလိုရွေးချယ်မှုကို လုပ်ခဲ့တယ်လို့ ထင်ပါသလဲ။
3. သူတို့ ကောင်းတဲ့ရွေးချယ်မှုလုပ်ခဲ့တဲ့အခါ ဘာဖြစ်ခဲ့သလဲ။
4. မကောင်းတဲ့အရာတွေဖြစ်တဲ့ အစာမဟုတ်တဲ့အစာတွေ၊ စီးကရက်၊ ဒါမှမဟုတ် အရက်တွေကို သင့်ဆီမှာ သူများလာပေးဖူးသလား။ ထိုအချိန်မျိုးမှာ သင်ဘာလုပ်ခဲ့သလဲ။
5. မိတ်ဆွေတွေက သင့်ကို ကောင်းတဲ့ရွေးချယ်မှုတွေ လုပ်ဖို့ ဘယ်လိုကူညီပေးခဲ့သလဲ။
6. ကောင်းတဲ့ရွေးချယ်မှုတွေကို သင် လုပ်ခဲ့တဲ့အခါ ဘုရားသခင်က သင့်ကို ဘယ်လိုကောင်းချီးပေးခဲ့သလဲ။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၂၅ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် စာမျက်နှာ ၂၅ တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၂၆ ကိုဖွင့်ပြီး ၎င်းတွင်ရေးထားသော ချုပ်တည်းခြင်းသန္နိဋ္ဌာန်စာသားကို အတူတကွ ဖတ်ရှုပြီး၊ လက်မှတ်ရေးထိုးကြပါစို့။

"ကိုယ်တော်၏အကူအညီကို ရယူလျက် မိမိကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းအောင် ထားရှိပါမည်ဟု ကိုယ်တော်အား ကျွန်ုပ်ကတိပြုပါ၏။ ကျွန်ုပ် အရက်မသောက်ပါ၊ ဆေးမသုံးပါ၊ ဆေးလိပ်မသောက်ပါ (သို့) ကွမ်းမစားပါ။ ကျွန်ုပ်၏ ခန္ဓာကိုယ်ကို သန့်ရှင်းသောဝိညာဉ်တော်အဖို့ သန့်ရှင်းသောဗိမာန်တော်ဖြစ်စေပါမည်။"

အမည် ……………………………… ရက်စွဲ ……………………………………

သင့်ဘေးမှာရှိတဲ့ သူငယ်ချင်းကို ဒီအရာတွေကို ဘယ်အချိန်မှာ စလုပ်မယ်ဆိုတာ ပြောပြပါ။ ပြီးရင် သင်ရေးခဲ့တဲ့အရာ (သို့) သင်ရေးဆွဲခဲ့တဲ့အရာအကြောင်းကို သင့်အား တစ်ပတ်တစ်ခါ သတိပေးပေးဖို့ သူတို့ကို တောင်းဆိုပါ။

ဒါမှမဟုတ်

စာမျက်နှာ ၂၇ မှာ ဒီနေ့ကစပြီး ပိုပြီးကျန်းမာစေဖို့ သင်လုပ်နိုင်တဲ့ အရာတစ်ခုကို ထပ်ရေးပါ (သို့) ထပ်ဆွဲပါ။

သင့်ရဲ့ နေ့စဉ် မှတ်တမ်းစာအုပ် စာမျက်နှာ ၂၈ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ကလေးများအား စက်ဝိုင်းပုံ ထိုင်ခိုင်းပါ။ ထို့နောက် မိမိတို့ ကိုယ်ခန္ဓာကျန်းမာခြင်းရှိဖို့အတွက် သူတို့ဘာလုပ်နိုင်သည်ကို သူတို့အား ပြောခိုင်းပါ။ ထိုသို့ ပြောပြဝေငှမှုပြုသောသူ၏လက်ထဲသို့ ပျော့ပျောင်းတဲ့ တိရစ္ဆာန်ရုပ်သေးတစ်ရုပ် ဒါမှမဟုတ် အရာဝတ္ထုတစ်ခုကို ပေးကိုင်ထားပါ။ ထပ်ဝေငှသော အခြားတစ်ဦးထံသို့ ထိုအရုပ်ကို ထပ်မံလက်ဆင့်ကမ်းစေပါ။)

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

"အိုဘုရားသခင်၊ ကျွန်ုပ်တို့၏ အံ့ဖွယ်ကောင်းသော ခန္ဓာကိုယ်များကို ဖန်ဆင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့ ကျန်းမာစွာနေနိုင်ဖို့ ကောင်းသောရွေးချယ်မှုများ ပြုလုပ်နိုင်အောင် ကူညီတော်မူပါ။ ယေရှုနာမဖြင့် ဆုတောင်းပါ၏။ အာမင်။"

# သင်ခန်းစာ ၁၂ - ကျွန်ုပ်၏ခန္ဓာကိုယ်ကို ကျွန်ုပ်ပိုင်သည်။

**သင်ခန်းစာ ၁၂ အဓိကအကြောင်းအရာ**

မိတ်ဆွေတွေဟာ တစ်ယောက်ကိုတစ်ယောက် ဘေးကင်းစွာနေဖို့ ကူညီပေးနိုင်ပါတယ်။ ကျွန်ုပ်တို့ဟာ မကောင်းတဲ့ထိတွေ့မှုတွေနဲ့ မကောင်းတဲ့လူတွေကနေ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ လိုအပ်ပါတယ်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- အန္တရာယ်ကင်းအောင်နေပြီး ကျွန်ုပ်တို့ရဲ့ ဖိမအင်္ဂါအစိတ်အပိုင်းတွေကို ကာကွယ်နိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်။
- စိတ်မချရတဲ့လူတွေနဲ့ စကားပြောခြင်းဟာ အန္တရာယ်ရှိပါတယ်။
- မကောင်းတဲ့ထိတွေ့မှုတွေကို တုံ့ပြန်ဖို့နဲ့ ရှောင်ရှားဖို့နည်းလမ်းတွေကို ကျွန်ုပ်တို့ သိထားပါတယ်။

**သတင်းစကား**

ကျွန်ုပ်တို့ကို ဘေးကင်းစေမယ့် လုံခြုံရေးစည်းမျဉ်း လေးချက် -

၁။ ကျွန်ုပ် တန်ဖိုးရှိသလို၊ သင်လည်း တန်ဖိုးရှိပါတယ်။
၂။ ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့ အခွင့်အရေးဖြစ်တယ်။
၃။ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့အပိုင်ဖြစ်တယ်။
၄။ ကျွန်ုပ် အကူအညီတောင်းနိုင်ပါတယ်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ၊

- အဖွဲ့တစ်ဖွဲ့စီအတွက် စက္ကူနှင့် အနီ၊ အဝါ၊ အစိမ်းရောင် ဘောပင် (သို့) ရောင်စုံ။
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- အဖွဲ့လိုက်ပုံဆွဲရာတွင်အသုံးပြုမည့် ပုံဆွဲဝတ္ထုပစ္စည်းများ
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်

**ပြင်ဆင်ချက်**

ဤစာအုပ်၏ အရှေ့ဘက် အဖုံးအတွင်းမှာ ပါရှိတဲ့ ကလေးများအတွက် အကူအညီလိုင်း (Child Helpline) နံပါတ် 09 49555666, 09 49555777, 0949555888, 0949555999 ကို ဘောပေါ်နှင့် ရုပ်ပုံပြကားချပ်ပေါ်တွင် ရေးပါ (ဘယ်ဘက်ရှိ ပုံကို ကြည့်ပါ)။



အပေါ်က၊ ဘေးကင်းစေမယ့် လုံခြုံရေးစည်းမျဉ်း လေးချက်ကို (ဘော)ပေါ် ရေးချပါ။

ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ကျွန်ုပ်သည် ကောင်းသောထိတွေ့မှုနှင့် မကောင်းသောထိတွေ့မှုတို့၏ ကွာခြားချက်ကို သိရမည်ဖြစ်ပြီး မကောင်းသောအရာများမှ ရှောင်ရှားရမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အထိမခံပါနဲ့၊ ထွက်ပြေးပါ၊ ပြောပြပါ။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ကျွန်ုပ်တို့ကိုယ်ခန္ဓာကို သန့်စွမ်းကျန်းမာအောင် ဘယ်လိုစောင့်ရှောက်ရမလဲ ဆိုတဲ့ အကြောင်းအရာတွေထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန့်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။**

၂။ ပဏာမသီချင်း (Theme Song)

၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ဒီလှုပ်ရှားမှုကို ကျောင်းခန်းအပြင်ဘက် မြေကြီးပေါ်၊ သဲလမ်းပေါ်၊ ဒါမှမဟုတ် စက္ကူပေါ်မှာ လုပ်ဆောင်နိုင်ပါတယ်)။

ဒီနေ့မှာတော့ ကျွန်ုပ်တို့ရဲ့ ခန္ဓာကိုယ်ကို ဘေးကင်းအောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမလဲဆိုတဲ့အကြောင်း ပြောကြမယ်။

၃ ယောက် (သို့) ၄ ယောက်တစ်ဖွဲ့ခွဲပြီး၊ သင်တို့ရဲ့ အိမ်တွေနဲ့ ပတ်ဝန်းကျင်ကို ဖန်တီးကြည့်ပါ (သို့) ပုံဆွဲကြည့်ပါ။ အိမ်တွေနဲ့ အခြား အဆောက်အဦတွေကို ပြသဖို့ စတုရန်းနဲ့ ထောင့်မှန်စတုဂံပုံတွေ ဆွဲပါ။ လမ်းတွေ၊ လမ်းကြောင်းတွေ၊ မြစ်တွေကို သစ်ကိုင်း၊ ကျောက်တုံး၊ အရွက်၊ ဒါမှမဟုတ် ပန်းတွေနဲ့ ဖန်တီးပါ။

သင့်ရဲ့ ပတ်ဝန်းကျင်မှာ နေထိုင်တဲ့ လူတွေကို ဖန်တီးပါ။ ဘေးကင်းတဲ့လူတွေ (သင့်ကို ထိခိုက်မှာမဟုတ်သူတွေ) ကို ကိုယ်စားပြုဖို့ အစိမ်းရောင် လူပုံတွေ ဆွဲပါ။ ဘေးမကင်းတဲ့လူတွေ (သင့်ကို ထိခိုက်မယ့်သူတွေ) ကို ကိုယ်စားပြုဖို့ အနီရောင် လူပုံတွေ ဆွဲပါ။ သံသယရှိသူတွေ (သင့်ကို ထိခိုက်ကောင်းထိခိုက်မယ့်သူတွေ) ကို ကိုယ်စားပြုဖို့ အဝါရောင် လူပုံတွေ ဆွဲပါ။

(အားလုံးပြီးသွားရင်၊ အဖွဲ့တစ်ဖွဲ့စီက သူတို့ဖန်တီးထားတဲ့အရာကို အခြားကလေးတွေကို ရှင်းပြခိုင်းပါ)။

# သင်ခန်းစာ ၁၂ - ဘဝပုံပြင်




ဒီနေ့မှာတော့ မကောင်းတဲ့အရာတစ်ခုခုဖြစ်လာရင် ဘယ်လိုမှဝှက်မထားသင့်ဘူး၊ တိတ်ဆိတ်နေမနေသင့်ဘူး ဆိုတဲ့အကြောင်း ကို လေ့လာသင်ယူကြမယ်။

(ရုပ်ပုံပြကားခြပ် 12A ကိုအသုံးပြုပြီး ကောင်းသောထိခြင်း၊ မကောင်းသောထိခြင်း ပုံပြင်ကို ဖတ်ရှုပါ။)

ဒါကတော့ ချန်း (Chan)၊ နာရီ(Nary) နဲ့ နတ်(Nak) တို့ဆိုတဲ့ မိတ်ဆွေသုံးယောက်ရဲ့ဇာတ်လမ်းဖြစ်ပါတယ်။ သူတို့သုံး ယောက်လုံးဟာ ကျေးရွာတစ်ခုတည်းမှာနေပြီး တစ်တန်းတည်းမှာ အတူတူပညာသင်ကြားနေကြတယ်။ တစ်နေ့မှာ နေ့ တိုင်းလိုပဲ နာရီနဲ့ နတ်တို့ဟာ ကျောင်းကိုသွားတဲ့လမ်းမှာ ချန်းကို ဝင်ခေါ်ဖို့ သူ့အိမ်ကို စက်ဘီးနဲ့သွားခဲ့ကြတယ်။ ချန်းမှာ စက်ဘီးမရှိလို့ပါ။

နတ်၊ နာရီနဲ့ ချန်းတို့ ကျောင်းရောက်တဲ့အခါ ဆရာမက နေ့တိုင်းလိုပဲ သူတို့ကို ကြိုဆိုလိုက်တယ်။ သူမဟာ ဆရာမကောင်း တစ်ယောက်ဖြစ်ပြီး ကလေးအားလုံးက သူမကို သဘောကျကြတယ်။ အဲဒီမနက်မှာ ဆရာမက အတန်းကို အရေးကြီးတဲ့သတင်း စကား လေးခုကို သင်ယူကြရမယ်လို့ ပြောပြပြီး သေချာနားထောင်ဖို့၊ အာရုံစိုက်ဖို့ ပြောတယ်။

ပြီးတော့ ဒီသတင်းစကားလေးခုဟာ သူတို့ကိုယ်သူတို့ ဘာကြောင့်ဂရုစိုက်ရမယ်၊ ဘေးကင်းအောင် ဘယ်လိုနေထိုင်ရမယ် ဆိုတာကို နားလည်စေမယ်လို့ ဆရာမရှင်းပြခဲ့တယ်။ ပထမဆုံးအနေနဲ့ ဆရာမက ပထမသတင်းစကားကို မြှောက်ပြပြီး "ကျွန်ုပ် တန်ဖိုးရှိသလို၊ သင်လည်း တန်ဖိုးရှိပါတယ်။" လို့ ဖတ်ပြခဲ့တယ်။ ပြီးတော့ နာရီက ဆရာမကို ဒုတိယသတင်းစကားကို မြှောက်ဖို့ ကူညီခဲ့တယ်။ ဒုတိယသတင်းစကားက "ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့အခွင့်အရေးဖြစ်တယ်။" လို့ ဖော်ပြထားတယ်။

ချွန်း ကတော့ တတိယသတင်းစကားကို ကိုင်မြှောက်ထားခဲ့တယ်။ တတိယသတင်းစကားက "ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့ အပိုင်ဖြစ်တယ်။" လို့ ဖော်ပြထားတယ်။ နောက်ဆုံးမှာတော့ နတ်က စတုတ္ထသတင်းစကားကို ကိုင်မြှောက်ခဲ့တယ်။ စတုတ္ထ သတင်းစကားက "ကျွန်ုပ် အကူအညီတောင်းနိုင်တယ်။" လို့ ဖော်ပြထားတယ်။

ဘုရားသခင်ဟာ ကျွန်ုပ်တို့တစ်ယောက်ချင်းစီကို ထူးခြားသောခန္ဓာကိုယ်နဲ့ ဖန်ဆင်းထားပြီး ကျွန်ုပ်တို့ကို ဂရုစိုက်ပြီး ဘေးကင်းအောင် နေထိုင်ဖို့ မျှော်လင့်ထားတယ်။

ကျွန်ုပ်တို့ဟာ ဘယ်နေရာတွေကို ထိတွေ့လို့ရသလဲ၊ ဘယ်နေရာတွေကို ထိတွေ့လို့မရဘူးဆိုတာ ကြည့်ကြမယ်။ အတွင်းခံဝတ်ထားတဲ့ နေရာတွေကို ဆရာဝန်ကလွဲလို့ အခြားသူတွေ ထိတွေ့လို့မရဘူး။

အဲဒီနေ့ ကျောင်းကနေ အိမ်ပြန်လမ်းမှာ နတ်၊ နာရီနဲ့ ချွန်းတို့ဟာ ကာလစ် (Calib) (ခေါ်) မစ်တာကွန်း (Mr. Cool) ကို ဆိုင်ကယ် နဲ့သွားနေတာတွေ့ခဲ့တယ်။ ရွာမှာ သူတို့အချင်းချင်း သိကြပေမယ့် ကာလစ်ဟာ သူတို့ကို ဘယ်တုန်းကမှ စကား မပြောဖူး ဘူး။ ဒါကြောင့် သူတို့နဲ့ စကားပြောဖို့ ကာလစ်ရပ်လိုက်တဲ့အခါ သူတို့အံ့အားသင့်သွားခဲ့ကြတယ်။

သူတို့စကားပြောနေတုန်း ကာလစ်က နတ်ကို သူ့ဆိုင်ကယ်ကို ကြည့်ခွင့်ပေးလိုက်တယ်။ ဘာလို့လဲဆိုတော့ သူဟာ ဆိုင်ကယ်ကို တကယ်ကြိုက်နှစ်သက်နေတာကို ကာလစ်က သတိထားမိလို့ပါ။ ပြီးတော့ သူက နာရီရဲ့ မိုဘိုင်းလ်ဖုန်းကို သတိထားမိပြီး ဖုန်း ဆိုင်ကနေ သူအသစ်ဝယ်ထားတဲ့ ဖုန်းကို ထုတ်ပြလိုက်တယ်။ ချွန်းကိုတော့ သူ သတိမထားမိသလိုဖြစ်ပြီး ချွန်းက သူတို့သုံး ယောက်ကို ကြည့်ရင်းနဲ့ တစ်ယောက်တည်း ရပ်နေခဲ့တယ်။

နောက်တစ်နေ့မှာ ကာလစ်က နတ်ကို သူ့နဲ့အတူဆိုင်ကယ်လိုက်စီးဖို့ ခေါ်သွားခဲ့တယ်။ ရွာအပြင်ကို ရောက်သွားတဲ့အခါ သူက နတ်ကို ဆိုင်ကယ်မောင်းခွင့်ပေးလိုက်တယ်။ နတ် အရမ်းပျော်ခဲ့တယ်။ သူဟာ ဆိုင်ကယ်မောင်းချင်နေပေမယ့် သူ့မိဘတွေက ခွင့်မပြုခဲ့ဘူး။ ကာလစ်ဟာ ကျေးဇူးတင်စရာကောင်းတဲ့သူတစ်ယောက်လို့ ထင်ရပေမယ့် နောက်ပိုင်းမှာ သူဟာ မကောင်းတဲ့ အရာတစ်ခုကို လုပ်လိုက်တယ်။ ကာလစ်က နတ်ကို ဆွဲဖက်ပြီး သူ့ရဲ့ ဖိုမအင်္ဂါအစိတ်အပိုင်းတွေကို လိုက်ကိုင်တယ်။

နောက်တစ်နေ့မှာ ကာလစ်က ချွန်းရဲ့အိမ်နားမှာ ချွန်းကို သွားတွေ့ခဲ့တယ်။ သူဟာ မနေ့တုန်းက ချွန်းကို လျစ်လျူရှုထားပြီး အခု မှ ဒီလိုဖော်ရွေစွာပြုမူတာကို ချွန်းက အံ့အားသင့်သွားခဲ့တယ်။ ဒီတစ်ခါမှာတော့ သူဟာ ချွန်းကို မိုဘိုင်းလ်ဖုန်းတစ်လုံးပေးကိုင် ထားပြီး သူ့ကို ဆွဲဖက်လိုက်တယ်။ ချွန်းဟာ ဖုန်းကို ရတဲ့အတွက် ဝမ်းသာပေမယ့် သူ့ကို ဆွဲဖက်တဲ့အခါမှာတော့ သက်တောင့် သက်သာမရှိဖြစ်နေခဲ့တယ်။

နောက်တစ်နေ့မှာ ချွန်းက နာရီကို ကာလစ်လာတွေ့တဲ့အကြောင်းနဲ့ သူ့ကို မိုဘိုင်းလ်ဖုန်းပေးပြီးနောက် ဆွဲဖက်တဲ့အကြောင်း ပြောပြခဲ့တယ်။ အဲဒီလိုဖြစ်သွားတုန်းက ချွန်း မပျော်ရွှင်ခဲ့ဘူး။ ကာလစ်က သူ့ကို ထပ်ပြီးလိုက်ကိုင်မှာကို ချွန်းကြောက်နေတယ်။

ချွန်းစကားပြောနေတုန်း နတ်ဟာ သစ်ပင်နောက်မှာ ပုန်းနေခဲ့တယ်။ သူဟာလည်း မပျော်မရွှင်ဖြစ်နေခဲ့တာကြောင့် ချွန်းရဲ့ ဇာတ်လမ်းကို ကြားတဲ့အခါ သစ်ပင်နောက်ကနေ ထွက်လာပြီး၊ ကာလစ်နဲ့အတူ ဆိုင်ကယ်လိုက်စီးတုန်းက ဘာတွေဖြစ်ခဲ့ သလဲဆိုတာ ချွန်းနဲ့ နာရီကို နတ် ပြောပြခဲ့တယ်။

နာရီဟာ သူ့မိတ်ဆွေတွေရဲ့ဇာတ်လမ်းတွေကို ကြားပြီး စိတ်မကောင်းဖြစ်ခဲ့တယ်။ ကာလစ်လုပ်ခဲ့တဲ့အရာဟာ မှားယွင်းနေတယ်။ သူဟာ နတ်ရဲ့လိင်အင်္ဂါအစိတ်အပိုင်းတွေကို ထိကိုင်ခဲ့ပြီး ချွန်းကိုလည်း မှားယွင်းစွာ ထိကိုင်ခဲ့တယ်ဆိုရင် သူ့ကိုလည်း အလား တူလုပ်လာနိုင်တာကို နာရီက စဉ်းစားမိခဲ့တယ်။

စကားပြောပြီးနောက် နတ်၊ နာရီနဲ့ ချွန်းတို့ဟာ ကျောင်းမှာ သင်ယူခဲ့တဲ့ သတင်းစကားတွေကို ပြန်သတိရခဲ့ကြတယ်။ ကာလစ်နဲ့ တွေ့တုန်းက ဒီသတင်းစကားတွေကို မေ့နေခဲ့ကြတယ်။ နတ်ဟာ သူ့ရဲ့လိင်အင်္ဂါအစိတ်အပိုင်းတွေ ထိကိုင်ခံခဲ့ရပေမယ့် သူ အကူ အညီတောင်းလို့ရသေးတယ်ဆိုတာကို သူသိခဲ့တယ်။ ချွန်းလည်း မှားယွင်းစွာထိကိုင်ခံခဲ့ရပေမယ့် သူမအနေနဲ့ အကူအညီ တောင်းလို့ရတယ်ဆိုတာ သူမသိခဲ့တယ်။ အထိကိုင်ခံရမှာကို စိုးရိမ်နေတဲ့ နာရီအနေနဲ့လည်း သူမအကူအညီတောင်းဖို့ လုပ် ဆောင်ခြင်းဟာ မှန်ကန်တယ်ဆိုတာ သူမသိနေခဲ့တယ်။

ချွန်းက အခမဲ့ ကလေးအကူအညီလိုင်း (Child Helpline) နံပါတ်ကို ခေါ်ပြီး အကူအညီတောင်းခဲ့တယ်။

ချွန်းက Child Helpline ကို ခေါ်ပြီးနောက် နတ်၊ နာရီနဲ့ ချွန်းတို့ဟာ သူတို့ရဲ့ဆရာမကိုလည်း ပြောပြခဲ့ကြတယ်။ ဆရာမက ရဲတွေကို ဖြစ်ပျက်ခဲ့တဲ့အကြောင်း ပြောပြခဲ့တယ်။ ပြီးတော့ ရဲတွေက ကာလစ်ကို ဖမ်းဆီးသွားခဲ့ပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

### အဓိက သတင်းစကား လေးခု

(ကလေးတွေကို မတ်တတ်ရပ်ခိုင်းပြီး ၄ ဖွဲ့ခွဲလိုက်ပါ။ ဘုတ်ပြားပေါ်မှာ သင်ရေးချထားတဲ့ လုံခြုံရေးသတင်းစကား ၄ ခုကို တစ်ဖွဲ့တစ်ခုစီ ခွဲပေးထားပါ။ ကလေးတွေကို သင်က သူတို့ကို လက်ညှိုးထိုးပြလိုက်တဲ့အခါ၊ မိမိတို့အဖွဲ့ရဲ့ လုံခြုံရေးသတင်း စကားကို အသံအကျယ်ဆုံးနဲ့ အဖွဲ့လိုက်ဖတ်ရမှာဖြစ်တယ်။ အဖွဲ့တိုင်းကို အကြိမ်ကြိမ် မတူညီတဲ့အစဉ်အတိုင်း လက်ညှိုးထိုး ပြပါ။ ဘယ်အုပ်စုက အသံအကျယ်ဆုံးလဲ ဆိုတာ ပြောပြပါ။ ပြီးရင် တစ်ဖွဲ့စီကို သူတို့သတင်းစကားရဲ့ အဓိပ္ပာယ်ကို အတန်း တစ်ခုလုံးရှေ့မှာ ထွက်ရှင်းပြခိုင်းပါ။ ဒါဟာ သူတို့ကို ရဲရင့်စွာပြောတတ်အောင်၊ သတင်းစကားတွေကို ကောင်းကောင်းနားလည် အောင် ကူညီပေးပါလိမ့်မယ်။ ပြီးရင် အောက်ပါအတိုင်း ထပ်ဖြည့်ဆွက်ပါ)။

သတင်းစကား အမှတ် ၁ က၊ "မင်းဟာ တန်ဖိုးရှိတယ်"လို့ ဆိုပါတယ်။ မင်းဟာ ဆင်းရဲတာဖြစ်ဖြစ်၊ ချမ်းသာတာဖြစ်ဖြစ်၊ အသား အရောင်ရင့်တာဖြစ်ဖြစ်၊ ဖျော့တာဖြစ်ဖြစ်၊ ကျန်းမာတာဖြစ်ဖြစ်၊ မသန်စွမ်းတာဖြစ်ဖြစ်၊ မင်းဟာ တန်ဖိုးရှိပါတယ်။ အားလုံးအတူတူ ပြောကြရအောင်၊ "ကျွန်ုပ် တန်ဖိုးရှိသလို၊ သင်လည်း တန်ဖိုးရှိပါတယ်။"

သတင်းစကား အမှတ် ၂ က၊ "ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့အခွင့်အရေးဖြစ်တယ်" လို့ ဆိုပါတယ်။ တစ်ယောက်ယောက် က မင်းကို ဘေးတွေ့စေမယ့်အရာတစ်ခုခုကို လုပ်ဖို့ ပြောလာရင် "မလုပ်ဘူး" လို့ ငြင်းပယ်ပိုင်ခွင့်ရှိပါတယ်။ ဥပမာ၊ တစ်ယောက်ယောက်က မင်းကို သစ်ပင်ပေါ်တက်ဖို့၊ ရေထဲခုန်ချဖို့၊ လူသူနည်းတဲ့နေရာကို သွားဖို့၊ ဒါမှမဟုတ် အန္တရာယ်ရှိတဲ့အရာတစ်ခုခုလုပ်ဖို့ ပြောရင် "ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့အခွင့်အရေးဖြစ်တယ်" လို့ ပြောပြီး ယုံကြည်ရတဲ့လူကြီးတစ်ယောက်ကို သွားပြောနိုင်ပါတယ်။ အတူတူ လေ့ကျင့်ကြရအောင်၊ "ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့အခွင့်အရေးဖြစ်တယ်။"

သတင်းစကား အမှတ် ၃ က၊ "ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့ အပိုင်ဖြစ်တယ်" လို့ ဆိုပါတယ်။ ဒါဟာ မင်းခွင့်မပြုဘဲ ဘယ် သူမှ မင်းကို ထိတွေ့ခွင့်မရှိဘူးလို့ ဆိုလိုတာပါ။ မကောင်းတဲ့ထိတွေ့မှုတွေကနေ မင်းကိုယ်မင်း ကာကွယ်ဖို့ လိုပါတယ်။ အတူတူ လေ့ကျင့်ကြရအောင်၊ "ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့ အပိုင်ဖြစ်တယ်။"

သတင်းစကား အမှတ် ၄ က၊ "ကျွန်ုပ် အကူအညီတောင်းနိုင်တယ်" လို့ ဆိုပါတယ်။ တစ်ယောက်ယောက်က မင်းကို အတင်းအကျပ်လုပ်ခိုင်းရင်၊ ခြိမ်းခြောက်ရင်၊ ဒါကို လျှို့ဝှက်ထားလို့ မရဘူးဆိုတာ မှတ်ထားရမယ်။ ငါတို့ဟာ မိဘတွေ၊ ဆွေမျိုးတွေ၊ ကျေးရွာခေါင်းဆောင်တွေ၊ ဆရာတွေ၊ ဒါမှမဟုတ် အခမဲ့ ကလေးအကူအညီလိုင်း (09 49555666, 09 49555777, 0949555888, 0949555999) ကို ခေါ်ပြီး အကူအညီတောင်းနိုင်ပါတယ်။ အတူတူ လေ့ကျင့်ကြရ အောင်၊ "ကျွန်ုပ် အကူအညီတောင်းနိုင်တယ်။"

### ကစားနည်း

ကစားနည်း - ကျောက်ရုပ် ကစားနည်းကို ကျောင်းခန်းအပြင်ဘက်တွက် ကစားဖို့ဖြစ်သည်။ ကလေးတစ်ယောက်ကို "ဖမ်းမယ့် သူ" အဖြစ် သတ်မှတ်ပြီး အခြားကလေးတွေကို လိုက်ဖမ်းခိုင်းပါ။ တစ်ယောက်ယောက်ကို ဖမ်းမိသွားရင် မိတဲ့သူက ကျောက်ရုပ် လို ရပ်လိုက်ရမှာဖြစ်ပြီး ထွက်ပြေးလို့မရတော့ဘူး။ ဆရာက သူကို ပြန်လွှတ်ပေးဖို့ ပြေးလာမယ်၊ ဒါပေမယ့် အဲဒီကျောက်ရုပ်ဖြစ် သွားတဲ့သူက လုံခြုံရေးသတင်းစကားတစ်ခုခုကို ဆရာကို ပြောပြနိုင်မှသာ ပြန်ပြေးလို့ရမယ်။

### စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)

(အောက်မှာပေးထားတဲ့ မေးခွန်းတွေကို မေးရင်း နတ်၊ နာရီ၊ ချန်းနဲ့ ကာလစ်အကြောင်း ပုံဖော်ထားတဲ့ ရုပ်ပုံပြကားခြပ်တွေကို ပြပေးပါ။ ကလေးတွေ သင်ခန်းစာကို ရှင်းရှင်းလင်းလင်း နားလည်အောင် သင့်ရဲ့မှတ်ချက်တွေကို ထည့်သွင်းပြောဆိုပါ)။

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန် အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. လူတစ်ယောက်ဟာ ကောင်းတဲ့သူလား၊ မကောင်းတဲ့သူလားဆိုတာ သူ့အပြင်ပန်းကို ကြည့်ပြီး ပြောလို့ရသလား။
2. ကာလစ်နဲ့အတူ ဆိုင်ကယ်လိုက်စီးဖို့ နတ်အတွက် ဘာကြောင့် မလုံမခြုံဖြစ်ခဲ့ရသလဲ။

3. ဘယ်နေရာတွေကို ထိကိုင်လို့ရသလဲ၊ ဘယ်နေရာတွေကို ထိကိုင်လို့မရဘူးလဲ။
4. ကာလစ်ဟာ နတ်နဲ့ ချန်းကို ကောင်းတဲ့ထိခြင်းနဲ့ ထိကိုင်ခဲ့တာလား (သို့) မကောင်းတဲ့ထိခြင်းနဲ့ ထိကိုင်ခဲ့တာလား။
5. မကောင်းတဲ့ထိခြင်းနဲ့ ကာလစ်က သူတို့ကိုထိကိုင်လာတဲ့အခါ နတ်နဲ့ ချန်းတို့ ဘယ်လိုခံစားရမယ်ထင်လဲ။
6. ကာလစ်က ချန်းကို ဖုန်းပေးပြီး သူ့ခန္ဓာကိုယ်ကို ကိုင်ဖို့လုပ်ခဲ့တယ်။ မလုံခြုံတဲ့လူတွေက ကလေးတွေကို လှည့်စားနိုင်ဖို့ ဘာတွေကို အသုံးပြုတတ်ကြသေးလဲ။
7. မကောင်းတဲ့ထိတွေ့မှုတွေဖြစ်ပြီးနောက် ကလေးတွေက ဘာလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြသလဲ။
8. သူတို့ ဘယ်သူ့ကို ပြောပြခဲ့ကြသလဲ။
9. အကူအညီတောင်းဖို့ ဘယ်နံပါတ်ကို ခေါ်ခဲ့ကြသလဲ။
10. ကာလစ်ကို ဘာဖြစ်သွားသလဲ။

တစ်ခါတစ်ရံမှာ ကလေးတွေဟာ သူတို့သိကျွမ်းတဲ့လူတွေဆီကနေ မကောင်းတဲ့ထိတွေ့မှုတွေကို ခံရတတ်ပါတယ်။ ဥပမာ၊ ဦးလေး၊ ဒါမှမဟုတ် အန်တီ၊ ဖခင်ဖြစ်သူ၊ ဒါမှမဟုတ် အိမ်နီးချင်းတစ်ယောက်ဆီကနေ ဖြစ်နိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ "မလုပ်ဘူး" လို့ ငြင်းဖို့နဲ့ ဖြစ်ပျက်ခဲ့တာကို တစ်ယောက်ယောက်ကို ပြောပြဖို့ ပိုခက်ခဲနိုင်ပါတယ်။ တစ်ခြားသူတွေက မင်းပြော နေတာကို မယုံကြည်တာမျိုးလည်းဖြစ်နိုင်ပါတယ်။ ဘယ်လောက်ခက်ခဲပါစေ၊ မင်းပြောတာကို တစ်ယောက်ယောက်က ယုံ ကြည်ပြီး မကောင်းတဲ့ထိတွေ့မှုတွေ ရပ်တန့်သွားတဲ့အထိ ဆက်ပြောနေဖို့ လိုပါတယ်။ ဒါဟာ အသင့်တော်ဆုံးနဲ့ ဘေးအကင်း ဆုံး လုပ်ရပ်ဖြစ်ပါတယ်။ ဘယ်သူမှ မင်းစကားကို နားမထောင်ဘူးဆိုရင်၊ ဒါမှမဟုတ် မကောင်းတဲ့ထိတွေ့မှုတွေ မရပ်တန့်နိုင် ဘူးဆိုရင်၊ ရဲတွေကို ဒါမှမဟုတ် ကလေးအကူအညီလိုင်းကို ခေါ်ပါ။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊**

(ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲ့တံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲ မည့်နေရာအဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက် ဖန်တီးရေးဆွဲ ရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)

ဒါကတော့ သင်ယူခဲ့ရတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားထဲက အနှစ်ချုပ်သတင်းစားပဲဖြစ်ပါတယ်။
(ဆရာက စကားစုတစ်ခုချင်းစီကို ရှေ့ကတိုင်ပေးပြီး ကလေးတွေကို နောက်ကလိုက်ဆိုခိုင်းပါ။ ပြီးရင် အားလုံး အတူတူ ရွတ်ဆိုပါ။)

**ကျွန်ုပ်သည် ကောင်းသောထိတွေ့မှုနှင့် မကောင်းသောထိတွေ့မှုတို့၏ ကွာခြားချက်ကို သိရမည်ဖြစ်ပြီး မကောင်းသောအရာများမှ ရှောင်ရှားရမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ အထိမခံပါနဲ့၊ ထွက်ပြေးပါ၊ ပြောပြပါ။**

**အလွတ်ကျမ်းချက်**

သုတ္တံကျမ်း။ 4:14-15: "အဓမ္မလူတို့ လမ်းထဲသို့မဝင်နှင့်။ ဆိုးယုတ် သောသူတို့နှင့်အတူ မလိုက်နှင့်။ သူတို့ လမ်းကိုကြဉ်ရှောင်လော့။ လိုက်မသွားနှင့်။ လွှဲ၍သွားလော့။"


(ဒီကျမ်းပိုဒ်ကို အောက်ပါလှုပ်ရှားမှုနဲ့ သင်ပေးနိုင်ပါတယ် - **အနုပညာပြပွဲ**။ ကလေးတွေကို စာသားတွေနဲ့ ပုံတွေပါတဲ့ ပိုစတာတစ်ခု လုပ်ခိုင်းပါ။ သူတို့ဟာ စာသားတွေကို လုပစ္စာရေးပြီး မှတ်မိလွယ်အောင်လုပ်နိုင်သလို၊ စကားစုတစ်ခုချင်းစီကို ကိုယ်စားပြုတဲ့ပုံတွေကို ဆွဲနိုင်ပါတယ်)။

## သင်ခန်းစာ ၁၂ – ကျမ်းစာပုံပြင်

**ယောသပ်နှင့်**
**ပေါတိဖါ၏ဇနီးသည်ပုံပြင်**

ရုပ်ပုံပြကားခြပ် 12B





*(ဆရာက ယောသပ်နှင့် ပေါတိဖါ၏ဇနီးသည်ပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (ကမ္ဘာဦးကျမ်း ၃၉း၂-၂၀)။ ဤပုံပြင်ကို အရေးကြီးတဲ့အချက်တွေနဲ့ ပြောပြဖို့ အောက်တွင် ဥပမာပေး ထားပါသည်။ ရုပ်ပုံပြကားခြပ် 12B မှ ဤပုံ ၅ ပုံကို အသုံးပြုပါ။)*

ယောသပ်ရဲ့ညီတွေဟာ ယောသပ်ကို အလွန်ဆိုးရွားစွာ ဆက်ဆံခဲ့ကြပြီး ကုန်သည်တစ်ချို့ထံ ရောင်းစားခဲ့ကြတဲ့အကြောင်းကို ယခင်သင်ခန်းစာတစ်ခုမှာ တို့တတွေ သင်ယူခဲ့ရပါတယ်။ ယောသပ်ဟာ သူ့အစ်ကိုတွေနဲ့ သူ့ရဲ့တိုင်းပြည် သူ့မျက်စိရှေ့ကနေ ပျောက်ကွယ်သွားတာကို ကြည့်ရင်း အလွန်ဝမ်းနည်းခဲ့ရပါတယ်။ ကုန်သည်တွေဟာ အီဂျစ်ပြည်အထိ သွားခဲ့ကြပြီး အဲဒီမှာ ယောသပ်ကို ဘုရင့်တပ်မှူးဖြစ်တဲ့ ပေါတိဖါဆိုသူထံ ရောင်းစားခဲ့ကြပါတယ်။ ယောသပ်ဟာ အလွန်အလုပ်ကြိုးစားတာကြောင့် သူ့သခင်က သူ့ကို သဘောကျခဲ့ပါတယ်။ ဘုရားသခင်ကို ယုံကြည်တဲ့အတွက် ယောသပ်လုပ်သမျှအရာအားလုံးကို ဘုရားသခင် ကောင်းချီးပေးခဲ့ပါတယ်။

ယောသပ်ဟာ ကောင်းတဲ့လူတစ်ယောက်ဖြစ်သလို၊ ခန့်ညားတဲ့အသွင်အပြင်လည်း ရှိပါတယ်။ အချိန်အတန်ကြာတဲ့အခါမှာ သူ့သခင်ရဲ့ ဇနီးက သူ့ကို စိတ်ဝင်စားလာခဲ့ပါတယ်။ သူမက “ငါနဲ့အတူ အိပ်ပါ” လို့ ပြောခဲ့ပါတယ်။ ယောသပ်က ဒါဟာ မှားယွင်းတယ်ဆိုတာကို သိခဲ့ပြီး: "ကျွန်တော်သခင်သည် အိမ်တော်၌ရှိသမျှသောဥစ္စာတို့ကို ကျွန်တော်လက်သို့အပ်ပါပြီ။..... ကိုယ်မယားဖြစ်သော သခင်မမှတပါး အဘယ်အရာကိုမျှ ကျွန်တော်အား မမြစ်တားပါ။ သို့ဖြစ်လျှင် အပြစ်ကြီးသောဤအမှုကို ကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်းဟု သခင်၏မယားကိုငြင်း၍ ပြန်ဆို၏။"

ပေါတိဖါရဲ့ဇနီးဟာ လက်မလျှော့ခဲ့ပါဘူး။ ယောသပ်ကို သူမရဲ့မကောင်းတဲ့စကားတွေနဲ့ ဖြားယောင်းပြီး သူမနဲ့အတူအိပ်ဖို့ ဆက်ကြိုးစားခဲ့ပါတယ်။ တစ်နေ့မှာ ဘယ်သူမှမရှိတဲ့အချိန်မှာ သူမက ယောသပ်ရဲ့အင်္ကျီကို ဆွဲကိုင်ပြီး ထပ်ပြောခဲ့ပါတယ်။ ယောသပ်ဟာ သူ့အင်္ကျီကို လွှတ်လိုက်ပြီး အပြင်ကို ပြေးထွက်သွားခဲ့ပါတယ်။

သူမ အလွန်ဒေါသထွက်ခဲ့ပါတယ်။ သူမဟာ သူ့အိမ်ကလူတွေကို ခေါ်ပြီး ယောသပ်ကို အရှက်ရစေဖို့ ကြံဖန်တဲ့ဇာတ်လမ်း တစ်ပုဒ်ကိုဖန်တီးခဲ့တယ်။ ယောသပ်အပေါ် လုပ်ကြံစွပ်စွဲတဲ့အတွက် သူ့ခင်ပွန်းက ယောသပ်ကို ထောင်ထဲထည့်လိုက်ပါတယ်။

ယောသပ် အလွန်ဝမ်းနည်းခဲ့မှာဖြစ်ပါတယ်။ သူ့အစ်ကိုတွေဆီက မကောင်းတဲ့ထိတွေ့မှုကို ခံခဲ့ရသလို၊ အခု ပေါတိဖါရဲ့ဇနီးဆီကလည်း မကောင်းတဲ့ထိတွေ့မှုကို ခံခဲ့ရပြန်ပါတယ်။

ဒါပေမယ့် ယောသပ်ဟာ ဘုရားသခင်အပေါ် ယုံကြည်မှုမပျက်ခဲ့ပါဘူး။ ထောင်ထဲမှာနေရလည်း ဘုရားသခင်က သူ့ကို ကူညီ နိုင်တယ်ဆိုတာ သူသိခဲ့ပါတယ်။ ဘုရားသခင် ကူညီခဲ့ပါတယ်။ တစ်နေ့မှာ ရှင်ဘုရင်ဟာ အလွန်အရေးကြီးတဲ့အိပ်မက်တစ်ခု မက်ခဲ့ပါတယ်။ သူဟာ အိပ်မက်ရဲ့အဓိပ္ပာယ်ကို နားမလည်ခဲ့ပေမယ့် ယောသပ်ဟာ အိပ်မက်တွေကို အဓိပ္ပာယ်ဖွင့်နိုင်တယ် ဆိုတာ သိခဲ့ပါတယ်။ ဘုရင်က ယောသပ်ကို ထောင်ထဲကနေ ခေါ်ထုတ်စေခဲ့တယ်။ ဘုရားသခင်က ယောသပ်ကို ဘုရင့်အိပ်မက် တွေကို အဓိပ္ပာယ်ဖွင့်ပြီး တိုင်းပြည်ကို ကြီးမားတဲ့ ငတ်မွတ်ခေါင်းပါးမှုကနေ ကယ်တင်ဖို့ ကူညီခဲ့ပါတယ်။ ယောသပ်ဟာ ဘုရင်ရဲ့ အောက်မှာ အရေးအပါဆုံး အုပ်ချုပ်သူဖြစ်လာခဲ့ပါတယ်။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

1. ဒီပုံပြင်ထဲမှာ မစိတ်မချရတဲ့သူက ဘယ်သူလဲ။
2. ပေါတိဖာရဲ့ဇနီးက ယောသပ်ကို သူမနဲ့အတူအိပ်နိုင်းတဲ့အခါ ယောသပ်က ဘာလုပ်ခဲ့သလဲ။
3. သူမကို ခုခံရတာ ယောသပ်အတွက် ခက်ခဲမယ်လို့ ထင်ပါသလား။

ကလေးတွေက သူတို့အပေါ်ဩဇာလွှမ်းမိုးနေသူတွေရဲ့စကားကို ဘယ်အချိန်မှာ နားမထောင်သင့်ဘူးလဲ။ ဒါတွေကို စဉ်းစားကြည့်ပါ။ ယေရှုရဲ့ ဘိုးဘွားတချို့က အလွန်မှားယွင်းတဲ့အရာတွေကို လုပ်ခဲ့ကြပါတယ်။ ဒါပေမယ့် ယေရှုက သူတို့ရဲ့ဆိုးရွား တဲ့ပုံသက်သေနောက် မလိုက်ဘဲ၊ အမြဲတမ်း မှန်ကန်တဲ့အရာတွေကိုသာ လုပ်ခဲ့ပါတယ်။ သင့်အနာဂတ်အတွက် ပိုကောင်းတဲ့ လမ်းကို ရွေးချယ်နိုင်ဖို့ ယေရှုက သင့်ကို ကူညီပေးပါလိမ့်မယ်။ ဒါမှသာ သင့်မိသားစုဟာ ပိုပြီး ငြိမ်းချမ်းပျော်ရွှင်လာမှာပါ။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၂၉ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ကျွန်ုပ်သည် ကောင်းသောထိတွေ့မှုနှင့် မကောင်းသောထိတွေ့မှုတို့၏ ကွာခြား ချက်ကို သိရမည်ဖြစ်ပြီး မကောင်း သောအရာများမှ ရှောင်ရှားရမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ အထိမခံပါနဲ့၊ ထွက်ပြေးပါ၊ ပြောပြပါ။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် စာမျက်နှာ ၂၉ တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၂၆ ကိုဖွင့်ပြီး ၎င်းတွင်ရေးထားသော ချုပ်တည်းခြင်းသန္နိဋ္ဌာန်စာသားကို အတူတကွ ဖတ်ရှုပြီး၊ လက်မှတ်ရေးထိုးကြပါစို့။

(ဘုတ်ပြား) ဘောပေါ်ရေးပြထားတဲ့ လုံခြုံရေးနံပါတ်ကို ကလေးတွေရဲ့မှတ်တမ်းစာအုပ်ထဲမှာ ရေးချထားနိုင်းပါ။)

သို့မဟုတ်

(ကလေးတွေကို သူတို့လက်ဖဝါးကို စာရွက်ပေါ်တင်ပြီး ပုံဆွဲနိုင်းပါ။ "ဘယ်သူ့ကို ပြောမလဲ" ဆိုတဲ့ ဂိမ်းကို ကစားရင်း၊ သူတို့ယုံကြည်ရတဲ့သူ တစ်ဦးစီရဲ့ နာမည်တွေကို လက်ချောင်းပုံတစ်ချောင်းစီအပေါ်မှာ ရေးထည့်ခိုင်းပါ။ ပြီးရင် အောက်ပါ မေးခွန်းတွေကို ဖြေခိုင်းပါ)။

တစ်ယောက်ယောက်က သင့်ကို ထိပြီး ကြောက်စိတ်ဖြစ်စေတဲ့အခါ ဘယ်သူ့ကို သင်ပြောပြမလဲ။
(ခြေရာခံထားတဲ့လက်ချောင်းတစ်ခုပေါ်မှာ ထိုသူရဲ့အမည်ကို ရေးပါ)။

ပထမလူက သင့်ကို မယုံကြည်ဘူးဆိုရင် ဘယ်သူ့ကို သင်ပြောပြမလဲ။
(နောက်လက်ချောင်းတစ်ခုပေါ်မှာ ထိုသူရဲ့အမည်ကို ရေးပါ)။

နောက်ထပ်လူတစ်ယောက်က သင့်ကို မယုံကြည်ဘူးဆိုရင် ဘယ်သူ့ကို သင် သွားပြောပြမလဲ။
(နောက်လက်ချောင်းတစ်ခုပေါ်မှာ ထိုသူရဲ့အမည်ကို ရေးပါ)။

ကလေးတွေ ရင်ဖွင့်စကားပြောနိုင်တဲ့ လူတစ်ဦးစီရဲ့နာမည်ကို လက်ချောင်းတစ်ခုစီပေါ်မှာ ရေးချနိုင်းပါ။

နောက်တစ်ကြိမ် သင့်မှာ ပြဿနာတက်ပြီး အကူအညီလိုတဲ့အခါ ဒီလူတွေထဲက တစ်ယောက်ကို သွားပြီးပြောပြပါ။ တစ် ယောက်ယောက်က ကူညီသည်အထိ ဆက်ပြောပြပါ။

သင့်ရဲ့ နေ့စဉ် မှတ်တမ်းစာအုပ် စာမျက်နှာ ၃၀ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ကလေးတွေကို အဖွဲ့လေးဖွဲ့ခွဲပြီး စက်ဝိုင်း ၄ ခုဖွဲ့ပါ။ စက်ဝိုင်းတစ်ခုစီကို မတူညီတဲ့ လုံခြုံရေးစည်းမျဉ်းတစ်ခုစီကို တိုးတိုးလေး ပြောပြထားပါ။ ကလေးတွေက စကားလက်ဆင့်ကမ်းပြီး ပထမဆုံးစပြောသူဆီ ပြန်ရောက်သည်အထိ တစ်ယောက်ပြီးတစ် ယောက် တိုးတိုးပြောခိုင်းပါ။ ပြီးရင် စက်ဝိုင်း ၄ ခုစလုံးက ကလေးအားလုံးကို တစ်ပြိုင်တည်း ထိုစည်းမျဉ်းကို ရွတ်ပြခိုင်းပါ။

၁။ ကျွန်ုပ် တန်ဖိုးရှိသလို၊ သင်လည်း တန်ဖိုးရှိပါတယ်။
၂။ ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့ အခွင့်အရေးဖြစ်တယ်။
၃။ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့အပိုင်ဖြစ်တယ်။
၄။ ကျွန်ုပ် အကူအညီတောင်းနိုင်ပါတယ်။

ကျွန်တော်တို့ အတန်းထဲက လူတိုင်းကို လုံခြုံအောင် ကူညီဖို့ ကတိကဝတ်ပြုကြရအောင်။ လက်တွေကိုင်ပြီး အတူတူပြောကြ မယ်၊ "ငါ ငါ့သူငယ်ချင်းတွေကို ချစ်တယ်၊ သူတို့လုံခြုံမှုရှိဖို့အတွက်ဆိုရင် ဘာမဆို လုပ်ပေးမယ်"။ (စကားလုံးတစ်လုံး ပြောတိုင်း လက်တွေကို မြှောက်နိုင် (သို့) ချနိုင်တယ်။ ဒါမှမဟုတ် အခြားဟန်အမူအရာနဲ့ လုပ်ဆောင်နိုင်ပါတယ်)။

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

ချစ်သောယေရှုဘုရား၊ ကျွန်ုပ်ကို စောင့်ရှောက်ပေးပြီး ချစ်မြတ်နိုးတော်မူသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ ကျွန်ုပ်ကြုံတွေ့ရနိုင်သော မကောင်းသောအတွေ့အကြုံများကို ရင်ဆိုင်တွန်းလှန်နိုင်ရန် ခွန်အားသတ္တိကို ပေးတော်မူပါ။ တန်ခိုးကြီးသော ကိုယ်တော်၏နာမတော်အားဖြင့် တောင်းလျှောက်ပါ၏။ အာမင်။

# သင်ခန်းစာ ၁၃ - ကောင်းမွန်သောအနာဂတ်ကို ကျွန်ုပ်ရွေးချယ်နိုင်ပါသည်။

| | |
|---|---|
| **သင်ခန်းစာ ၁၃ အဓိကအကြောင်းအရာ** | မှန်ကန်သောရွေးချယ်မှုများပြုခြင်းသည် လူကို လုံခြုံစေပါသည်။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖေါ်ပြရန်၊<br>• အမျိုးမျိုးသောရွေးချယ်မှုတိုင်းမှာ ရလဒ်တွေရှိပါတယ်။<br>• ကမ်းလှမ်းခြင်းခံရတဲ့အခါဖြစ်စေ၊ အန္တရာယ်ရှိနိုင်တဲ့ အခြေအနေအမျိုးမျိုးကြုံရတဲ့ အခါမျိုးမှာဖြစ်စေ ကျွန်ုပ်အနေနဲ့ ကောင်းမွန်တဲ့ ရွေးချယ်မှုတွေ ပြုလုပ်နိုင်ပါတယ်။ |
| **သတင်းစကား** | ကျွန်ုပ်မှာ ရွေးချယ်စရာအမြဲရှိပါတယ်။ ကျွန်ုပ်လုပ်လိုက်တဲ့ ရွေးချယ်မှုတိုင်းက ကျွန်ုပ်ရဲ့ လက်ရှိအချိန်မှာရော၊ အနာဂတ်မှာပါ ကြီးမားတဲ့အကျိုးသက်ရောက်မှုဖြစ်စေပါတယ်။ ထိခိုက်နာကျင်မှုတွေကနေ ကျွန်ုပ်ကိုယ်ကို ကာကွယ်ပေးနိုင်မယ့် အလုပ်မျိုးကိုသာ လုပ်ဆောင်ဖို့ရန် ကျွန်ုပ်ခန္ဓာကိုယ်ကို အသုံးပြုသင့်ပါတယ်။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ၊<br>• မကောင်းတဲ့၊ အန္တရာယ်ရှိတဲ့ အလုပ်များကို ပြထားသည့်ကဒ်နှင့် ကောင်းတဲ့ အလုပ်များကို ပြထားသည့်ကဒ် နှစ်စုံ (ဤသင်ခန်းစာ၏ နောက်ဆုံးတွင်ရှိသည်)<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ် |
| **ပြင်ဆင်ချက်** | ဤစာအုပ်၏ အရှေ့ဘက် အဖုံးအတွင်းမှာ ပါရှိတဲ့ ကလေးများအတွက် အကူအညီလိုင်း (Child Helpline) နံပါတ်ကို ဘောပေါ် ရေးချပြထားပါ။<br>အောက်ပါလုံခြုံရေးစည်းမျဉ်း လေးချက်ကိုလည်း ဘောပေါ် ရေးချပါ၊<br>၁။ ကျွန်ုပ် တန်ဖိုးရှိသလို၊ သင်လည်း တန်ဖိုးရှိပါတယ်။<br>၂။ ဘေးကင်းလုံခြုံခြင်းဟာ ကျွန်ုပ်ရဲ့ အခွင့်အရေးဖြစ်တယ်။<br>၃။ ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်ဟာ ကျွန်ုပ်ရဲ့အပိုင်ဖြစ်တယ်။<br>၄။ ကျွန်ုပ် အကူအညီတောင်းနိုင်ပါတယ်။<br>ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။<br>**ကျွန်ုပ်ကို ဘုရားသခင်စောင့်ရှောက်မည်ဖြစ်ပြီး ကောင်းသောရွေးချယ်မှုများ ပြုလုပ်တတ်အောင် ကူညီပေးမည်ဟု ကျွန်ုပ်ယုံကြည်သည်။** |

## အဖွင့်လှုပ်ရှားမှုများ (Opening Activities)

### ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးစည်းမျဉ်း ၄ ချက် အကြောင်းကို ပြန်ပြောကြည့်ပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက် စာကြောင်းလေးကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ကျွန်ုပ်သည် ကောင်းသောထိတွေ့မှုနှင့် မကောင်းသောထိတွေ့မှုတို့၏ ကွာခြားချက်ကိုသိရမည်ဖြစ်ပြီး မကောင်းသောအရာများမှ ရှောင်ရှားရမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ အထိမခံပါနဲ့၊ ထွက်ပြေးပါ၊ ပြောပြပါ။**

သင့်ကို မသက်မသာဖြစ်စေတဲ့ နည်းလမ်းတစ်ခုခုနဲ့ ထိဖို့၊ နမ်းဖို့၊ ဒါမှမဟုတ် ကစားဖို့ကြိုးစားလာတဲ့ ဘယ်သူ့ကိုမဆို "မလုပ်နဲ့" လို့ ပြန်ပြောခြင်းဟာ လုံးဝသင့်လျော်ပြီး ပညာရှိတဲ့ရွေးချယ်မှုတစ်ခုဖြစ်ပါတယ်။

ဘောပေါ်မှာရှိတဲ့ လုံခြုံရေးဆိုင်ရာ အချက်အလက်တွေနဲ့ ကူညီဆက်သွယ်ရန် ဖုန်းနံပါတ်ကို ပြန်လည်သုံးသပ်ပါ။ ကလေးတွေကို ၄ ယောက်တစ်ဖွဲ့ (သို့) ၅ ယောက်တစ်ဖွဲ့ အဖွဲ့ဖွဲ့ပေးပါ။ အုပ်ဖွဲ့စီအတွက် ခေါင်းဆောင်တစ်ယောက်ကို ရွေးချယ်ပြီး ခေါင်းဆောင်က သူအဖွဲ့ဝင်များအား၊ အာရုံစိုက်တတ်ဖို့နဲ့ သင်ယူတတ်ကြဖို့ ကူညီပေးပါ။ ပေးထားတဲ့ ဖြစ်ရပ်တစ်ခုစီတိုင်းအတွက် ဘယ်လုံခြုံရေးစည်းမျဉ်းက သင့်တော်မလဲဆိုတာကို ဆွေးနွေးခိုင်းပါ။ ဖြစ်ရပ်တစ်ခုကို တစ်ကြိမ်ဖတ်ပြီး နောက်တစ်ခုကို မဖတ်ခင် ၂ မိနစ်လောက် ဆွေးနွေးခွင့်ပေးပါ။

#၁။ မိန်းမကြီးတစ်ယောက်က မိန်းကလေးငယ်လေးတစ်ဦးကို သူ့အလုပ်တွေကို အတင်းကူလုပ်ခိုင်းပြီး၊ မလုပ်ရင် သူ့ကစားစရာကို ယူသွားပစ်မယ်လို့ ပြောတယ်။
မိန်းကလေးငယ်လေးအနေနဲ့ ဘယ်လုံခြုံရေးစည်းမျဉ်းကို ပြန်သတိရသင့်သလဲ။ သူ ဘယ်သူ့ကို ပြောပြသင့်သလဲ။

#၂။ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို နမ်းဖို့ ကြိုးစားတယ်။
အဲဒီယောကျ်ားလေးကို မိန်းကလေး ဘယ်လုံခြုံရေးစည်းမျဉ်းအချက်နဲ့ ပြန်ပြောသင့်သလဲ။ တခြား ဘယ်သူ့ကို သူသွားပြီးပြောပြ သင့်သလဲ။

#၃။ သုခရဲ့ ဦးလေးက သူ့ကို ဟာသလုပ်ဖို့အတွက် သူ့ဘောင်းဘီကို ဆွဲချွတ်ပြီး သူ့လိင်အင်္ဂါ ကိုင်လိုက်တယ်။ သုခ ရှက်ပြီး ဒေါသ ထွက်နေတယ်။ သူသိတာက ဒါဟာ မကောင်းတဲ့ ထိတွေ့မှုတစ်ခုဖြစ်တယ်။
ဘယ်လုံခြုံရေးစည်းမျဉ်းကို သူပြန်သတိရသင့်သလဲ။ သူ ဘယ်သူ့ကို ပြောပြသင့်သလဲ။

#၄။ တစ်ယောက်ယောက်က သောဖိပ့်ရဲ့ ပါးစပ်ထဲကို ဘီယာအတင်းလောင်းထည့်ပြီး ဘီယာသောက်ခိုင်းနေတယ်။ သောဖိပ့် ကြောက်လန့်သွားတယ်။
ဘယ်လုံခြုံရေးစည်းမျဉ်းကို သူပြန်သတိရသင့်သလဲ။ သူ ဘယ်သူ့ကို ပြောပြသင့်သလဲ။

#၅။ အိမ်နီးချင်းတစ်ယောက်က ရင် ကို အိပ်ခန်းထဲဆွဲသွင်းပြီး အိပ်ရာပေါ်တင်လိုက်တယ်။ ရင် ကြောက်ပြီး စိတ်ရှုပ်နေတယ်။ ရင် ဘာလုပ်နိုင်သလဲ။ ဘယ်လုံခြုံရေးစည်းမျဉ်းကို သူပြန်သတိရသင့်သလဲ။ သူ ဘယ်သူ့ကို ပြောပြသင့်သလဲ။ သူ ဘယ်လို ဖုန်းနံပါတ် ကို ခေါ်ဆိုနိုင်သလဲ။

#၆။ စေးနီကို သူမရဲ့အမျိုးတစ်ယောက်က အတင်းဆွဲပြီး အနံ့ဆိုးတဲ့ သူ့ချိုင်းအောက်ကို နမ်းခိုင်းတယ်၊ ဘေးကလူတစ်စုက အဲဒါကိုကြည့်ပြီး ရယ်နေကြတယ်။ စေးနီ ရှက်ပြီး ဒေါသထွက်နေတယ်။ သူ ဒီအမျိုးတော်သူကို ဘာပြောသင့်သလဲ။ ဒီအခြေအနေ အကြောင်းကို ဘယ်သူ့ဆီမှာ သူသွားပြောပြနိုင်မလဲ။

### ၂။ ဆောင်ပုဒ်မသီချင်း (Theme Song)

### ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ကလေးတွေက သူတို့ကြီးလာရင် ဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာကို သူတို့ရဲ့ မှတ်တမ်းစာအုပ်တွေထဲမှာရေးချပြီး သူတို့ရဲ့ အတန်းဖော်တွေကို ပြောပြနိုင်ပါတယ်။)

သို့မဟုတ်

(မကောင်းတဲ့၊ အန္တရာယ်ရှိတဲ့ အလုပ်များကို ပြထားသည့်ကဒ်နှင့် ကောင်းတဲ့ အလုပ်များကို ပြထားသည့်ကဒ်တွေကို ယူပါ။ ဒီကဒ်တွေမှာ မတူညီတဲ့ အလုပ်အကိုင်တွေကို ဖော်ပြထားပါတယ်။ ပြီးရင် ကဒ်တွေကို အကျောင်းခန်းထဲမှာ နေရာလိုက်ချထားပါ။ အမျိုးအစားတူတဲ့ အလုပ်အကိုင်တွေကို တစ်နေရာထဲမှာ တစ်ပုံထက်ပိုပြီး ထားနိုင်ပါတယ်။ ပြီးရင် ကလေးတွေကို ဒီမေးခွန်းတွေ မေးခိုင်းပါ။)

ကျွန်တော် 'စ' လို့ပြောလိုက်ရင် အတန်းထဲမှာ ပြေးသွားပြီး သင်ကြီးလာရင် လုပ်ချင်တဲ့ အလုပ်အကိုင်ကို ဖော်ပြတဲ့ ပုံတစ်ပုံကို ယူလိုက်ပါ။

၁။ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်ချရတဲ့အခါ ဘယ်လိုခံစားရလဲ။
၂။ စဉ်းစားဖို့ အချိန်ပိုရှိရင် နောက်ထပ် တစ်ခုခု ရွေးချယ်မိမှာလား။"

## သင်ခန်းစာ ၁၃ – ဘဝပုံပြင်

**သနားဖွယ်ရာ ရွေးချယ်မှုများပုံပြင်**

ရုပ်ပုံပြကားချပ် 13A





တစ်ခါတစ်ရံမှာ လူတွေဟာ သူတို့လုပ်နေတာကို တကယ်နားမလည်ဘဲ မြန်မြန်ဆန်ဆန် ဆုံးဖြတ်တတ်ကြပါတယ်။ ပြီးရင် မကောင်းတဲ့ အတွေ့အကြုံတွေကို သူတို့ တွေ့ကြုံလာကြရတယ်။ လုံခြုံစွာ ကြီးပြင်းလာဖို့ဆိုတာ ဆုံးဖြတ်ချက်မချခင် အချိန် ယူပြီး သင်ယူဖို့၊ ဂရုတစိုက် စဉ်းစားဖို့နဲ့ ဆုတောင်းဖို့ အရေးကြီးပါတယ်။ ရွေးချယ်မှုမပြုလုပ်ခင် လေးစားအားထားရတဲ့ လူကြီးတွေဆီက အကြံဉာဏ်တောင်းယူတာက လည်း အများကြီး အထောက်အကူဖြစ်စေပါတယ်။

(ဆရာ/မ ပုံပြင်ကို ဖတ်ပြပြီး ရုပ်ပုံပြကားချပ် 13A ကပုံတွေကို ပြပေးဖို့ဖြစ်တယ်။)

ကျွန်မမိဘတွေဟာ မကောင်းတဲ့ ရွေးချယ်မှုတစ်ခုကို လုပ်မိခဲ့ပါတယ်။ ကျွန်မနဲ့ ကျွန်မရဲ့ မောင်နှမတွေအားလုံးကို ကျွေးမွေးဖို့ သူတို့မှာ ငွေ ကြေးမလုံလောက်ခဲ့ပါဘူး။ ဒါကြောင့် သူတို့က ကျွန်မရဲ့ အကြီးဆုံးအစ်မကို လိင်လုပ်သားအဖြစ် ရောင်းစားခဲ့တယ်။ သူတို့ဒီလိုလုပ်တာကို ကျွန်မ အရမ်းဒေါသထွက်ခဲ့ပါတယ်။ သူတို့သိတဲ့ တခြားလူတွေက သူတို့ရဲ့ကလေးတွေကို အကြွေးဆပ်ဖို့ ရောင်းစားတာကို သူတို့မြင်ဖူးတာ ကြောင့် သူတို့လည်း အဲဒီလိုလုပ်ရင် ကိစ္စမရှိဘူးလို့ ထင်ခဲ့ကြတာပါ။ ကျွန်မအတွက်ကတော့ အစ်မကို အရမ်းလွမ်းပြီး အားလုံးကို နားလည် ခဲ့ပါတယ်။ နှစ်အနည်းငယ်ကြာပြီးနောက် ပိုပြီးဝမ်းနည်းစရာသတင်းတစ်ခု ကြား လိုက်ရပါတယ်။ အစ်မက AIDS ရောဂါဖြစ်ပြီး သေဆုံးသွား ပါတယ်။ ကျွန်မ ငိုခဲ့ရပါတယ်။ အစ်မကို ရောင်းစားတဲ့အတွက် မိဘ တွေကို ကျွန်မမုန်းခဲ့ပါတယ်။ ကျွန်မ "သူတို့ကို ဘယ်တော့မှ မခွင့်လွှတ် နိုင်ဘူး" လို့ ပြောခဲ့ပါတယ်။

တစ်နေ့မှာ ကျွန်မဟာ ကျွန်မရဲ့ ရပ်ကွက်ထဲက စာသင်ကျောင်းကို စတက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆရာမက ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုဆိုပြီး စကားလုံးအေးအေးလေးတွေနဲ့ အားပေးခဲ့ပါတယ်။ ကျွန်မရဲ့ဆရာမက ခရစ်ယာန်တစ်ယောက်ဖြစ်ပါတယ်။ သူမက ဘုရားသခင်ရဲ့ မေတ္တာနဲ့ ကောင်းမွန်တဲ့ ရွေးချယ်မှုတွေ ဘယ်လိုလုပ်ရမလဲဆိုတာကို သင်ပေးခဲ့ပါတယ်။ သခင်ယေရှုဟာ သူ့ရန် သူတွေကို ခွင့်လွှတ်ပုံနဲ့ သူ့နောက်

လိုက်တွေကိုလည်း အဲဒီလိုပဲ ခွင့်လွှတ်ဖို့ ပြောခဲ့ပုံကို ဆရာမ ပြောပြခဲ့ပါတယ်။ အရမ်းခက်ခဲပြီး ဝမ်းနည်းစရာကောင်းတဲ့ အချိန်တွေမှာ ဘုရားသခင်ဆီ ဆုတောင်းတတ်ဖို့ ကျွန်မ သင်ယူခဲ့ပါတယ်။ မိဘတွေကို ကျွန်မ ခွင့် လွှတ်နိုင်မလား။ ဘုရားသခင်ရဲ့ အကူအညီနဲ့သာ ဖြစ်နိုင်ပါတယ်။ ကျွန်မရဲ့ စိတ်နှလုံးကို ပြောင်းလဲပေးဖို့နဲ့ ခွင့်လွှတ်ဖို့ ဆန္ဒရှိလာ ဖို့ ဘုရားသခင်ဆီ ဆုတောင်းဖို့ ကျွန်မ စတင်ခဲ့ပါတယ်။ ကျွန်မ သူတို့ကို ခွင့်လွှတ်တာကို သူတို့မြင်ရင် ကျွန်မမိဘတွေလည်း သခင်ယေရှုကို သိလာမယ်လို့ ကျွန်မ ထင်မိပါတယ်။

ပြီးတော့ တစ်နေ့မှာ ကျွန်မမိဘတွေက လောင်းကစားလုပ်ရင်း ငွေတွေ ရှုံးသွားပါတယ်။ သူတို့က အကြွေးဆပ်ဖို့ ကျွန်မကိုပါ ရောင်းစားရမယ်လို့ ပြောလာပါတယ်။ ချက်ချင်းဆိုသလို ကျွန်မမျက်နှာမှာ ဒေါသနဲ့ အမုန်းတွေ ပြည့်လာပါတယ်။ ကျွန်မ အိမ်ကနေ ပြေးထွက်သွားပြီး ငိုပြီး ဘုရားသခင်ဆီ ဆုတောင်းခဲ့ပါတယ်။ ပြီးတော့ ကျွန်မဆရာမကို သွားပြောဖို့ စိတ်ကူးပေါ် လာပါတယ်။ အကြောင်းအရာအားလုံးကို ပြောပြပြီးတဲ့အခါ ကျွန်မဆရာမက ကျွန်မမိဘတွေနဲ့ စကားပြောဖို့ ချက်ချင်းသွားခဲ့ပါ တယ်။ ကျွန်မရဲ့ပညာရေးဟာ နောက်ပိုင်းမှာ မိသားစုအတွက် ပိုပြီးအကျိုးရှိမယ်ဆိုတာကို သူတို့နားလည်အောင် ဆရာမက ကူညီပြခဲ့ပါတယ်။ ကျွန်မမိဘတွေက ဆရာမရဲ့စကားကို နားထောင်ပြီး ကျွန်မကို မရောင်းစားဖို့ ရွေးချယ်ခဲ့ကြပါတယ်။ ဒါဟာ ကျွန်မဆုတောင်းချက်အပေါ် တုန့်ပြန်လိုက်တဲ့ ဘုရားဆီက အံ့ဖွယ်အမှုတစ်ခုဖြစ်တယ်ဆိုတာ ကျွန်မသိခဲ့ပါတယ်။ သခင်ယေရှု ဟာ ကျွန်မရဲ့ စိတ်နှလုံးကိုသာမက ကျွန်မမိဘတွေရဲ့ စိတ်နှလုံးကိုပါ ပြောင်းလဲပေးခဲ့ပါတယ်။ တစ်နေ့ကျရင် သခင်ယေရှု ပြန် လာမယ်။ ကျွန်မဟာ ကောင်းကင်လို့ခေါ်တဲ့ လုံခြုံတဲ့နေရာကို သွားဖို့ စိတ်လှုပ်ရှားနေပါတယ်။ အဲဒီနေရာမှာ မကောင်းတဲ့လူတွေ နဲ့ ဆင်းရဲဒုက္ခတွေ ဘယ်တော့မှ ရှိတော့မှာ မဟုတ်ပါဘူး။

**အဖွဲ့ငယ်လှုပ်ရှားမှု (ကလေးအငယ်ပိုင်းများအတွက်)**

ကျွန်တော်တို့ဟာ ကောင်းတဲ့ရွေးချယ်မှုတွေကို လုပ်တတ်အောင် သင်ယူနေပြီး မကောင်းတဲ့ရွေးချယ်မှုတွေကို ရှောင်ရှားနေပါတယ်။ ဖြစ်ရပ်အခြေအနေတချို့ကို ဖတ်ပြပေးသွားပါမယ်။ ဖတ်ပြလိုက်တဲ့ အကြောင်းအရာက ကောင်းတဲ့ရွေးချယ်မှုဆိုရင် မတ်တတ်ထပြီး “ဟုတ်ကဲ့!”လို့ ပြောပါ။ အဲဒါက ကောင်းတဲ့ ရွေးချယ်မှု မဟုတ်ရင် ထိုင်နေပြီး “မဟုတ်ပါဘူး!” လို့ ပြောပါ။

(မေးခွန်းတစ်ခုပြီးတိုင်း ကလေးတွေကို ဘာကြောင့် “ဟုတ်ကဲ့” ဒါမှမဟုတ် “မဟုတ်ပါဘူး” လို့ သူတို့ ပြောရလဲဆိုတဲ့ အကြောင်းအရင်းကို မေးပါ။)

1. မင်းရဲ့သူငယ်ချင်းက မင်းကို လမ်းမပေါ်မှာ စက်ဘီးပြိုင်ပွဲဝင်ဖို့ စိန်ခေါ်နေတယ်။
2. မင်းရဲ့ဆရာက မင်းနဲ့ မင်းရဲ့အတန်းဖော်တွေကို ဘုရားကျောင်းသန့်ရှင်းရေးလုပ်ပြီး ခြံထဲမှာ ပန်းပင်စိုက်ဖို့ ဖိတ်ခေါ်တယ်။
3. မင်းရဲ့သူငယ်ချင်းရဲ့အစ်ကိုက ဈေးထဲမှာ သကြားလုံးတစ်ချို့ခိုးယူပေးရင် ဒေါ်လာ တစ်ဒေါ်လာ ပေးမယ်လို့ ကတိပေးနေတယ်။
4. မင်းရဲ့ဝမ်းကွဲတွေက ဗီဒီယိုဂိမ်းဆိုင်ကို သွားပြီး ဗီဒီယိုဂိမ်းဆော့ဖို့ မင်းကိုပြောတယ် — ဆော့ဖို့ပိုက်ဆံပေးရမယ်ဆိုတာကို မင်းသိတယ်။
5. မင်းရဲ့မိခင်က အိမ်နီးချင်းအဘွားအိုကို ကူညီဖို့ နေ့တိုင်းဈေးသွားပြီး ဟင်းသီးဟင်းရွက် ဝယ်ပေးဖို့ မင်းကိုတောင်းဆိုတယ်။
6. မင်းရဲ့ဦးလေးက မင်းကိုထိတယ်၊ မင်းနေမထိထိုင်မသာဖြစ်နေတယ်။ သူက ဘယ်သူ့ကိုမှ မပြောနဲ့လို့ မင်းကိုပြောတယ်၊ မင်းလည်း တိတ်တိတ်နေတယ်။
7. မင်းရဲ့ညီမလေးက ငိုနေတယ်။ မင်းရဲ့မိခင်က ဟင်းချက်နေတယ်၊ မင်းက ညီမလေးကိုချော့ဖို့နဲ့ သူနဲ့ အတူကစားဖို့ ညီမလေးဆီမင်းပြေးသွားတယ်။

**အဖွဲ့ငယ်လှုပ်ရှားမှု (ကလေးအကြီးပိုင်းများအတွက်)**

(ကလေးများကို နှစ်ယောက်တစ်တွဲ တွဲပေးလိုက်ပါ။ Think, Pair, Share လုပ်ဖို့ဖြစ်သည်။)

(ဆရာက ကျောင်းသားတွေကို အလုပ်အခွင့်အလမ်းတွေအကြောင်းကို နှစ်ယောက်တစ်တွဲ စဉ်းစား ဆွေးနွေးခိုင်းပြီးလျှင် လူပြန်စုခိုင်းပြီး အားလုံးအတူတူပြန်ဆွေးနွေးခိုင်းဖို့ဖြစ်သည်။)

မကောင်းတဲ့ အလုပ်အခွင့်အလမ်း ၄ ခုကို ကြည့်သွားကြမယ်။ ဒီမကောင်းတဲ့အလုပ်တွေဟာ အန္တရာယ်ဖြစ်စေနိုင်တယ်။ ဒီအန္တရာယ်တွေ ဒါမှမဟုတ် သတိထားစရာ လက္ခဏာတွေကို ဆွေးနွေးပြီး အတန်းရှေ့မှာ ပြန်ပြီးတင်ဆက်ဖို့အတွက် ဆင်ပြင်ဆင်ကြပါ။

ဒါမှမဟုတ်

(ကျောင်းသားများကို ၄ ဖွဲ့ခွဲပြီး သူတို့တစ်ဖွဲ့စီကို ဇာတ်လမ်းတစ်ပုဒ်ပေးပါ။ ပေးထားတဲ့ဇာတ်လမ်းကို အဖွဲ့လိုက် သရုပ်ဖေါ် ပြခိုင်းပါ။ ပြီးရင် ကျောင်းသားအားလုံး ပြန်စုခိုင်းပြီး အန္တရာယ်လက္ခဏာ တွေအကြောင်းကို အချင်းချင်း ဆွေးနွေးခိုင်းပါ။)

ဇာတ်လမ်း ၁ - လူတစ်ယောက်က Socheat (စိုချ်) ဆီလာပြီး ဒေါ်လာ ၃၀၀ ရှာဖို့နဲ့ အဲ့ပိုက်ဆံကို စီးပွားရေးအသစ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံရင် သုံးပတ်အတွင်း သုံးဆပြန်ရမယ်လို့ ကတိပေးတယ်။ သူ ဒီအလုပ်အကြောင်း ဘာတွေသိထားသင့်လဲ။ ဘယ်လိုအန္တရာယ်တွေ ဒါမှမဟုတ် သတိထားစရာလက္ခဏာတွေရှိလဲ။

ဇာတ်လမ်း ၂ - Tee (ထီး) ရဲ့ကျောင်းက သူငယ်ချင်းတစ်ယောက်က သူ့ကို လစာကောင်းတဲ့ အလုပ်တစ်ခုလာရောက်ကမ်း လှမ်းတယ်။ သူက Tee ကို ညတိုင်း စားသောက်ဆိုင်မှာ အလုပ် လုပ်ရင် တစ်ညကို ဒေါ်လာ ၂၀၀ အထိ ရနိုင်တယ်လို့ ပြောတယ်။ သူ့သူငယ်ချင်းက “စိတ်ဝင်စား ရင် ည ၉ နာရီမှာ စားသောက်ဆိုင်ရှေ့မှာ တွေ့မယ်” လို့ ပြောတယ်။ သူ ဒီအလုပ် အကြောင်း ဘာတွေသိထားသင့်လဲ။ ဘယ်လိုအန္တရာယ်တွေ ဒါမှမဟုတ် သတိထားစရာလက္ခဏာတွေရှိလဲ။

ဇာတ်လမ်း ၃ - ရပ်ဝေးဒေသတစ်နေရာမှာနေထိုင်တဲ့ ဦးလေးတစ်ယောက်က Sophia (ဆိုဖီယာ) တို့ရဲ့ သူ့မိသားစုဆီကို လာလည်တယ်။ အဲဒီဦးလေးက၊ မလေးရှားမှာ သူ့စီးပွားရေးတစ်ခုရှိပြီး အဲဒီ မှာ အလုပ်သမားလိုအပ်နေတယ်လို့ Sophia ရဲ့မိဘတွေကို ပြောတယ်။ သူက Sophia ကို ပတ်စ်ပို့လုပ်ပေးမယ်၊ သူ့မိဘတွေကို ပုံမှန်ပိုက်ဆံပို့ပေးမယ်လို့ ကတိပေးတယ်။ ဒါပေမယ့် သူ့မိဘ တွေက အဲဒီဦးလေးနဲ့ သိပ်မရင်းနှီးကြဘူး။ ဒီအလုပ်မှာ ဘယ်လိုအန္တရာယ်တွေရှိနိုင်လဲ။ Sophia က ဒီအလုပ်ကို လုပ်ဖို့မဆုံးဖြတ်ခင် ဘာတွေသိထားသင့်လဲ။

ဇာတ်လမ်း ၄ - ခမိုး (Kmow) ရဲ့ဖခင်က သေဆုံးသွားတယ်။ သူ့မိခင်မှာ ကလေး ၅ ယောက်နဲ့ ကျန်ရစ်ခဲ့ရတယ်။ သူ့မိခင်မှာ အကြွေးတွေအများကြီးရှိနေတယ်။ Kmow က အကြီးဆုံးဖြစ်ပြီး အလုပ်အကြိုးစားဆုံးဖြစ်တယ်။ နယ်စပ်ဘက်က စက်ရုံပိုင်သူဌေးတစ်ဦးဆီမှာ Kmow ကို ရောင်း လိုက်မှသာ သူတို့မိသားစု စားဝတ်နေရေးပြေလည်နိုင်မယ်လို့ သူ့ကို မိခင်ကပြောတယ်။ အမေပြော တဲ့ သူဌေးနောက်ကို လိုက်သွားရင် Kmow ဘယ်လိုအန္တရာယ်တွေကြုံရနိုင်လဲ။

(ကလေးတွေ အန္တရာယ်အကြောင်းတွေကို ဆွေးနွေးနေစဉ် သူတို့ရဲ့မှတ်ချက်တွေကို ဘုတ်ပေါ်မှာ ရေးချထားပါ။ အောက်ပါမေးခွန်းတွေကို ဆွေးနွေးခိုင်းပါ။)

1. အလုပ်တစ်ခုက ပြဿနာဖြစ်စေနိုင်တယ် ဒါမှမဟုတ် အန္တရာယ်ရှိနိုင်တယ်ဆိုတာ ဘယ်လို သိနိုင်မလဲ။
2. အလုပ်ခွင်မှာ ဒါမှမဟုတ် အလုပ်ကနေညဘက်ပြန်လာတဲ့အခါ မင်းရဲ့ကိုယ်ခန္ဓာအတွက်လုံခြုံမှုရှိမှာလား။
3. မင်းက ချေးငွေတွေနဲ့ပတ်သက်ပြီး ပြဿနာတက်ပြီး ငွေအများကြီးပြန်ဆပ်ရမှာလား။
4. မင်းက စာချုပ်တွေနဲ့ချည်နှောင်ခံရပြီး အလုပ်ကနေထွက်လို့မရဘဲဖြစ်နေမှာလား။
5. အလုပ်က မင်းကို အိမ်ကနေဝေးကွာတဲ့နေရာကို ခေါ်သွားမှာလား။
6. သူတို့က မင်းရဲ့ပတ်စ်ပို့ ဒါမှမဟုတ် မှတ်ပုံတင်ကတ်ကို သိမ်းထားဖို့တောင်းဆိုနေလား။
7. သူတို့ကတိပေးတဲ့ငွေပမာဏက ပုံမှန်ထက်အများကြီးပိုများနေလား။
8. သူတို့က မင်းကို မင်းရဲ့သဘောနဲ့ဆန့်ကျင်ပြီးတော့ အလုပ်တွေ လုပ်ခိုင်းပြီး မသက်မသာ ဖြစ်စေမှာလား။
9. ဒီအလုပ်လုပ်ရင်၊ မင်း ဥပုသ်နေ့ကို စောင့်ထိန်းခွင့်ရှိအုံးမလား၊ မင်းရဲ့ယုံကြည်ခြင်းခွန်အား လျော့နည်းသွားနိုင်လား။

(အရေးကြီးတဲ့အချက် - အကယ်၍ သင်ကမ်းလှမ်းခြင်းခံရတဲ့အလုပ်က အထက်ပါအချက်တွေထဲက တစ်ချက်ချက်နဲ့ညီနေရင် ဒါက မကောင်းတဲ့အလုပ်ဖြစ်ပြီး မင်းမလုပ်သင့်ပါဘူး။)

**လှုပ်ရှားမှု**

မင်းတို့တွေ အခုလို လေ့လာသင်ယူနေတာ၊ မှန်ကန်တဲ့ရွေးချယ်မှုတွေ လုပ်နေတာကိုမြင်ရတော့ ဆရာ အရမ်းဝမ်းသာတယ်။ ဒါဟာ မင်းတို့အတွက် ကောင်းမွန်တဲ့အနာဂတ်ကို ရရှိဖို့ တကယ်ကူညီပေး နိုင်ပါတယ်။ မင်းတို့

မိဘတွေကလည်း မင်းတို့အတွက် မှန်ကန်တဲ့ရွေးချယ်မှုတွေ လုပ်ပေးမယ်လို့ ငါမျှော်လင့် ပါတယ်။ ဘုရားသခင်က၊ တို့တတွေကို ပြုစုပျိုးထောင်ဖို့၊ သင်ကြားပေးဖို့နဲ့ ကာကွယ်ပေးဖို့ မိဘတွေကို ပေးထားတာပါ။ တစ်ခါတစ်ရံမှာ မိဘတွေမှာ ပြဿနာတွေနဲ့ ဖိစီးမှုတွေ အများကြီးရှိတတ်တယ်။ တစ်ခါတစ်ရံ သူတို့မှာ အလုပ်မရှိပဲ အကြွေးတွေပဲ အများကြီးရှိနေတတ်တယ်။ ဒီလိုမျိုးကြပ်တည်းမှုတွေကြောင့် စိတ်မချမ်းသာတဲ့အခါမျိုးတွေမှာ မှားယွင်းတဲ့ရွေးချယ်မှုတွေကို သူတို့ လုပ်မိတတ်ကြပြီး သူတို့ရဲ့ ကလေးတွေကို အန္တရာယ်ရှိတဲ့ ဒါမှမဟုတ် မတရားတဲ့အလုပ်တွေထဲ ပို့လိုက်တတ်ကြတယ်။ ဒါက မှားယွင်းတဲ့အရာပါ။ ဘယ်ကလေးမှ မိဘတွေရဲ့ပြဿနာတွေကြောင့် သူတို့ရဲ့အသက်ကို ဒါမှမဟုတ် အနာဂတ်ကို စွန့်လွှတ်စတေးပြီး အန္တရာယ်ထဲမဝင်သင့်ပါဘူး။

ဒါပေမယ့် မိဘတွေမှာ ပြဿနာတွေရှိနေတာကို ကလေးတွေမြင်ရင် သူတို့စိတ်ပူတတ်ကြပါတယ်။ သူ တို့ကူညီချင်ကြတယ်။ သူတို့ကို ဘာပြောပြော လုပ်ပေးဖို့ သူတို့ခံစားရတယ်။ အကယ်၍ မင်းရဲ့မိဘတွေ က မင်းကို ရောင်းစားဖို့ ဒါမှမဟုတ် မတရားတဲ့ ဒါမှမဟုတ် အန္တရာယ်ရှိတဲ့အလုပ်တစ်ခုလုပ်ခိုင်းရင် မင်း က "မလုပ်ဘူး" လို့ ပြောရမယ်။ မင်းယုံကြည်ရတဲ့သူတစ်ယောက် (ဆရာ၊ ဆရာမ ဒါမှမဟုတ် ဓမ္မဆရာ) ကိုရှာပြီး ဖြစ်နေတဲ့ အကြောင်းတွေကို ပြောပြရမယ်။ မင်းက မိဘတွေကို အမြဲတမ်း သစ္စာရှိ ပြီး နာခံသင့်တယ်၊ ဒါပေမယ့် သူတို့က မင်းကို မှားယွင်းတဲ့အရာတစ်ခုခုလုပ်ခိုင်းတဲ့အခါမှာတော့ မနာခံ သင့်ဘူး။ ဘုရားသခင်က မင်းရဲ့ ဖန်ဆင်းရှင်နဲ့ ကယ်တင်ရှင်ဖြစ်တဲ့အတွက် မင်းရဲ့လုံခြုံရေးအတွက် သူ့စကားကို အရင်နားထောင်ရမယ်။

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့ တွင် ဝေငှခိုင်းပါ။)

ကောင်းတဲ့အလုပ်တစ်ခုက တစ်နေ့တာလုပ်ပြီးတဲ့အခါ မင်းကို ဘယ်လိုခံစားရစေသင့်လဲ။

- ကောင်းတဲ့အရာတစ်ခုခု မင်းလုပ်ဆောင်ပြီးမြောက်တယ်လို့ မင်းခံစားရလား။
- မင်းက အခြားသူတွေကို ကူညီပေးနေလား။
- ဒါက ဂုဏ်ရှိတဲ့အလုပ်ဖြစ်ပြီး မင်းဂုဏ်ယူနိုင်တဲ့အရာလား။
- ဒီအလုပ်အကြောင်း အခြားသူတွေကို ပြောပြရတာ မင်းဝမ်းသာမိလား ဒါမှမဟုတ် ရှက်မိလား။

အရေးကြီးတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို ဒီမှာရေးချပြထားပါတယ်။ (ဆရာက စာကြောင်းတစ်ခု ပြီးတစ်ခု ရှေ့ကတိုင်ပေးပြီး ကလေးများကို နောက်မှ လိုက်ရွတ်ခိုင်းပါ။ ထို့နောက် အားလုံးအတူတူ ရွတ်ခိုင်းပါ။)

**ဘုရားသခင်သည် ကျွန်ုပ်ကို မှန်ကန်သည့်ရွေးချယ်မှုများ ပြုလုပ်နိုင်အောင် ကူညီပေးပြီး မကောင်းသည့် ရွေးချယ်မှုများကို ရှောင်ရှားဖို့ သင်ပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။**

ကျမ်းချက်


ဖိလိပ္ပိ 4:19: "ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း၊ သင်တို့ အလို ရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့် မည်။"

(ဒီကျမ်းပိုဒ်ကို အောက်ပါဂိမ်းလေးနဲ့ သင်ပေးနိုင်ပါတယ် - **FIRST LETTER REVIEW**။ ကျမ်းပိုဒ် ကို ဘုတ်ပေါ်မှာ ရေးပါ။ ကလေးတွေနဲ့ အတူတူ အကြိမ်အနည်းငယ် ပြန်ဖတ်ပါ။ ပြီးရင် ကလေးတွေကို မျက်လုံးမှိတ်ခိုင်းပါ။ ဆရာက စာလုံးတစ်လုံးချင်းစီရဲ့ ပထမစာလုံးကိုပဲချန်ပြီး ကျန် တာတွေကို ဖျက်လိုက်ပါ။ ကလေးတွေကို မျက်လုံးဖွင့်ခိုင်းပြီး ပထမစာလုံးတွေကိုကြည့်ကာ ကျမ်းပိုဒ်ကို ပြန်ပြော နိုင်မလား ကြည့်ပါ။)

# သင်ခန်းစာ ၁၃ – ကျမ်းစာပုံပြင်

ဧလိရှဲ၏ပုံပြင်

ရုပ်ပုံပြကားချပ် 13B



*(ဆရာက ဧလိရှဲနှင့် မုဆိုးမဆီအိုးပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (၄ ဓမ္မရာဇဝင် ၄း၁-၇)။ ဤပုံပြင်ကို အရေးကြီးတဲ့ အချက်တွေနဲ့ ပြောပြဖို့ အောက်တွင် ဥပမာပေး ထားပါသည်။ ရုပ်ပုံပြကားချပ် 13B မှ ဤပုံ ၅ ပုံကို အသုံးပြုပါ။)*

ရှေးအခါက ဧလိရှဲဆိုတဲ့ ပရောဖက်တစ်ယောက်ရှိခဲ့ပါတယ်။ သူဟာ ဘုရားသခင်ကို ကြောက်ရွံ့ပြီး လူတွေကို အသက်ရှင်တဲ့ ဘုရားအကြောင်းနဲ့ ကောင်းမွန်တဲ့ဘဝနေနည်းတွေကို သင်ပေးတဲ့ ဘုရားရဲ့လူကောင်းတစ်ယောက်ဖြစ်ပါတယ်။ သူ့ဆီကို သင်ယူဖို့ လူများစွာလာရောက်ကြပြီး ပရောဖက်ကျောင်းတစ်ကျောင်းကို သူစတင်ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ ဒီကျောင်းမှာ လူတွေဟာ စစ်မှန်တဲ့ဘုရားအကြောင်းနဲ့ ကိုယ်ကျင့်တရားကောင်းမွန်ပြီး မေတ္တာနဲ့ရှင်သန်တဲ့လူတွေဖြစ်ဖို့ သင်ယူကြတယ်။

ဒီကျောင်းမှာ ပညာသင်နေတဲ့ တပည့်တစ်ယောက်မှာ ဇနီးနဲ့ သားနှစ်ယောက်ရှိပါတယ်။ သူတို့ဟာ ပရောဖက်ဧလိရှဲရဲ့အနီးမှာ နေထိုင်ကြပါတယ်။ တစ်နေ့မှာ ဝမ်းနည်းစရာအဖြစ်တစ်ခုဖြစ်ပွားခဲ့ပါတယ်။ သူတို့ရဲ့ဖခင်က သေဆုံးသွားပြီး ဇနီးသည်ဟာ သားနှစ်ယောက်နဲ့အတူ ကျန်ရစ်ခဲ့ရပါတယ်။ သားနှစ်ယောက်ဟာ သူတို့ရဲ့ဖခင်ကို အရမ်းလွမ်းဆွတ်ပြီး သူတို့မှာ စားစရာ မလောက်ငမှာကို စိုးရိမ်နေကြပါတယ်။

တဖြည်းဖြည်းနဲ့ မိခင်ဖြစ်သူဟာ အကြွေးတင်လာတယ်။ မိသားစုစားသောက်ဖို့ လိုအပ်သလောက် သူမငွေချေးခဲ့ရပါတယ်။ နောက်ပိုင်းမှာ အကြွေးက အရမ်းများလာပြီး ကြွေးရှင်တွေက သူမကို ကြွေးပြန်ဆပ်ဖို့ တောင်းဆိုလာပါတယ်။ သူမမှာ ငွေပြန်ဆပ်နိုင်ဖို့ လစာလည်းမရှိ၊ ငွေရှာနိုင်တဲ့နည်းလမ်းလည်းမရှိပါဘူး။ ဘယ်သူတွေက သူမကို ကူညီမှာလဲ။ ကြွေးရှင်တွေက သူမကို သနားကြင်နာမှာလား။

ကြွေးရှင်တွေက သူမကို ကြွေးပြန်ဆပ်ဖို့ ဒါမှမဟုတ် သားနှစ်ယောက်ကို ကျွန်အဖြစ်ရောင်းစားပြီး ငွေရှာဖို့ တောင်းဆိုလာ တယ်။ သူမ အရမ်းစိုးရိမ်နေပြီး သားနှစ်ယောက်လည်း အရမ်းကြောက်နေကြပါတယ်။ ဘယ်သူများ ကူညီနိုင်မှာလဲ။

ဒီအမျိုးသမီးဟာ သူမအတွက် ကူညီနိုင်မယ့်သူတစ်ယောက်ဖြစ်မယ်လို့ ထင်တဲ့ ပရောဖက်ဧလိရှဲဆီကို သွားပြီး အကူအညီ တောင်းခဲ့ပါတယ်။ ဧလိရှဲဟာ ဆုတောင်းပြီးနောက် ဘုရားသခင်က သူ့ကို ထူးဆန်းတဲ့အကြံတစ်ခုပေးခဲ့ပါတယ်။ "မင်းအိမ်ကိုပြန်သွား၊ မင်းရှာနိုင်သမျှ အိုးတွေကို စုပြီး မင်းမှာကျန်တဲ့ သံလွင်ဆီကို ဒီအိုးတွေထဲ လောင်းထည့်လိုက်" လို့ ပရောဖက်က ပြောပါတယ်။

ဒီအကြံက အရမ်းထူးဆန်းနေပေမယ့် ဒီအမျိုးသမီးဟာ ပရောဖက်နဲ့ ဘုရားသခင်ကို ယုံကြည်ပြီး၊ မဖြစ်နိုင်တာကို ဘုရားက ဖြစ်အောင်လုပ်ပေးနိုင်မယ်လို့ ယုံကြည်ခဲ့ပါတယ်။ သားနှစ်ယောက်ကလည်း သူတို့မိခင်ရဲ့စကားကို လိုက်နာပြီး အိမ်နီးချင်းတွေဆီက အိုးတွေ၊ ပုလင်းတွေကို ချေးယူခဲ့ကြပါတယ်။ ပြီးတော့ သူမဟာ သံလွင်ဆီကို အိုးတွေထဲ လောင်းထည့်ပါတယ်။ အံ့သြစရာကောင်းတာက သူမ လောင်းထည့်တဲ့ဆီက အိုးတွေပြည့်သွားပါတယ်။ ဒါဟာ အံ့ဖွယ်ရာ ဖြစ်ပါတယ်။ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းခဲ့တဲ့ဘုရားက သူတို့ အတွက် ဆီကို ဖန်ဆင်းပေးနေတာပါ။

နောက်ဆုံး အိုးတွေကုန်သွားတဲ့အခါ ဆီလည်း ရပ်သွားပါတယ်။ ပရောဖက်ဧလိရှဲက သူတို့ကို ဆီတွေရောင်းပြီး အကြွေးတွေကို ပြန်ဆပ်ဖို့ ပြောပါတယ်။ သူတို့ဟာ အကြွေးတွေကို ပြန်ဆပ်ဖို့ ငွေတွေရရှိခဲ့ပါတယ်။ သားနှစ်ယောက်ဟာ သူတို့မိခင်နဲ့အတူ မခွဲမခွါဆက်နေနိုင်မှာကို သိရတဲ့အတွက် အရမ်းဝမ်းသာပြီး စိတ်သက်သာရာရခဲ့ကြပါတယ်။ ဘုရားသခင်ရဲ့ မေတ္တာတော်အတွက် သူတို့အရမ်းကျေးဇူးတင်ခဲ့ကြတယ်။

ဒီဖြစ်ရပ်ကနေ သူတို့သင်ခန်းစာရခဲ့တာက အကြွေးရှင်တွေက အန္တရာယ်ရှိနိုင်ပေမယ့် ကူညီပေးမယ့်သူတွေလည်း ရှိတယ်ဆိုတာပါ။ ဒါ့အပြင် ပြဿနာတွေကြုံတဲ့အခါ ဘုရားသခင်ကို ဆုတောင်းပြီး သူ့ကို ယုံကြည်ကာ နာခံဖို့ လိုတယ်ဆိုတာကို သူတို့ နားလည်ခဲ့ကြပါတယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့ကို အလုံခြုံဆုံးစောင့်ရှောက်ကွယ်ကာ ပေးနိုင်တဲ့သူဖြစ်ပါတယ်။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

1. ဒီမိသားစုအတွက် ကြီးမားတဲ့ပြဿနာက ဘာလဲ။
2. မိခင်ဖြစ်သူ လုပ်ခဲ့တဲ့ မှန်ကန်တဲ့ရွေးချယ်မှုတွေက ဘာတွေလဲ။
3. ဘုရားသခင်က ဒီကလေးတွေကို ဘယ်လိုကာကွယ်ပေးခဲ့လဲ။
4. မင်းတို့ ဒုက္ခရောက်နေရင် ဘာလုပ်သင့်လဲ။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၃၁ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

ကျွန်ုပ်၏ကိုယ်ခန္ဓာကို ကျန်းမာသန်စွမ်းစေရန် များစွာလုပ်ဆောင်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် စာမျက်နှာ ၂၅ တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၂၆ ကိုဖွင့်ပြီး ၎င်းတွင်ရေးထားသော ချုပ်တည်းခြင်းသန္နိဋ္ဌာန်စာသားကို အတူတကွဖတ်ရှုပြီး၊ လက်မှတ်ရေးထိုးကြပါစို့။

**ကျွန်ုပ်ကို ဘုရားသခင်စောင့်ရှောက်မည်ဖြစ်ပြီး ကောင်းသောရွေးချယ်မှုများ ပြုလုပ်တတ်အောင် ကူညီပေးမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

သင်ကြီးလာတဲ့အခါ ဘာဖြစ်ချင်တယ်ဆိုတာကို ပုံဆွဲပြပါ။

သို့မဟုတ်

သင်ကြီးလာတဲ့အခါ သင့်ဘဝဘယ်လိုဖြစ်လာနိုင်မလဲဆိုတာကို ဇာတ်လမ်းရေးကြည့်ပါ။

သင့်ရဲ့ နေ့စဉ် မှတ်တမ်းစာအုပ် စာမျက်နှာ ၃၂ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ **အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ**

(Pass the Clap ဂိမ်းကို ကစားပါ။ ကလေးများကို စက်ဝိုင်းပုံစံ ရပ်ခိုင်းပါ။ ကလေးတစ်ယောက်ကို ရွေးပြီး မိမိဘယ်ဘက်ရှိ သူငယ်ချင်းဘက်သို့မျက်နှာလှည့်ခိုင်းကာ လက်ခုပ်တစ်ချက်တီးခိုင်းပါ။ ထိုကလေးက လှည့်ပြီး နောက်ကလေးတစ်ယောက်ကို လက်ခုပ်တစ်ချက် ဆက်တီးခိုင်းပါ။ ဤသို့ဖြင့် လက်ခုပ်သံသည် စက်ဝိုင်းတစ်ခုလုံးကို ပတ်သွားသည်အထိ ဆက်လုပ်ပါ။ နောက် တစ်ပတ်တွင်၊ ကလေးက ဘယ်ဘက်သို့ လှည့်ပြီး နောက်ကလေးတစ်ယောက်ကို လက်ခုပ်နှစ်ချက်တီးခိုင်းပါ။ ဤသို့ဖြင့် စက်ဝိုင်းတစ်ခုလုံး ကို ပတ်ပါ။ ကလေးများကို မည်သည့်အချိန်တွင်မဆို ဦးတည်ချက်ပြောင်းလိုပါက၊ သူတို့အလှည့်ရောက် သောအခါ လှည့်ပြီး ဘယ်ဘက်သူထံ လက်ခုတ်မတီးခိုင်းဘဲ၊ မိမိလက်ခုပ် လက်ခံရရှိသူထံသို့ ပြန်လည် တီးခိုင်းပါ။ ထိုအခါ ဦးတည်ချက်သည် ဆန့်ကျင်ဘက်သို့ ပြောင်းသွား မည်ဖြစ်ပြီး၊ အခြားကလေးတစ်ယောက်က ဦးတည်ချက်ပြောင်းရန် ဆုံးဖြတ် သည်အထိ ဆက်လုပ်ပါ။ ဤဂိမ်းသည် ကလေး များကို ဆုံးဖြတ်ချက်ချနိုင်ပြီး ဦးတည်ချက်ပြောင်းလဲနိုင်သည်ဟု ခံစားရစေ ပါသည်။ ကလေးများထဲတွင် တစ်ယောက်ယောက် အမှားလုပ်မိသောအခါ "Deetdooey!" ကဲ့သို့သောရယ်စရာစကားလုံးကို အော်ခိုင်းနိုင်ပါသည်။)


## ၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

အိုဘုရားသခင်၊ ကိုယ်တော်သည် ကျွန်ုပ်ကို ဘယ်တော့မှ မစွန့်ခွာရန်ကတိပေးထားပါသည်။ ကျွန်ုပ်ကိုယ်တော့်အား ဆုတောင်း သောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်၏ဆုတောင်းသံကို ကြားတော်မူမည်ဖြစ်ပြီး အန္တရာယ်မှ ကာကွယ်ပေးမည်ကို ယုံကြည်ပါ ၏။ ကျေးဇူးပြု၍ ကျွန်ုပ်တို့အားလုံးကို ဘေးကင်းလုံခြုံစွာထားတော်မူပြီး မနက်ဖြန်ကျောင်းသို့ လုံခြုံစွာပြန်ရောက်စေတော်မူပါ။ ယေရှုခရစ်တော်၏နာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။

ရုပ်ပုံကားချပ် ၁၃.၃ - မကောင်းတဲ့၊ အန္တရာယ်ရှိတဲ့ အလုပ်များကို ပြထားသည့်ကဒ်များ



ရုပ်ပုံကားခြပ် ၁၃.၄ - ကောင်းတဲ့ အလုပ်များကို ပြထားသည့်ကဒ်များ





## အခန်း ၅ – လူမှုအသိုင်းအဝိုင်းထဲတွင်တည်ရှိဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်

အဓိကအကြောင်းအရာ - လုံခြုံသော လူမှုအသိုင်းအဝိုင်းထဲတွင် တည်ရှိဖို့ လူသားများကို ဘုရားသခင်ဖန်ဆင်းထားသည်။

**သင်ခန်းစာ ၁၄၊ ကျွန်ုပ်၏လူမှုအသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်အောင် ကျွန်ုပ်လုပ်ဆောင်နိုင်သည်။** - ဘုရားသခင်သည် လူသားများကို ဘေးကင်းလုံခြုံသော အသိုင်းအဝိုင်းများတွင်နေထိုင်ဖို့ ဖန်ဆင်းခဲ့သည်။ (ရှင်ဘုရင် ယောရှိ) ကျွန်ုပ်ယုံကြည်ချက်စာသား - "ဘုရားသခင်သည် ကျွန်ုပ်အား အခြားသူများအတွက် ကောင်းသောအရာများကို ပြောဆိုလုပ် ဆောင်နိုင်ဖို့အတွက် စွမ်းအားနှင့် သတ္တိကိုပေးသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"

**သင်ခန်းစာ ၁၅ - စင်ကြယ်စွာ ကျွန်ုပ်နေထိုင်နိုင်သည်။** - အန္တရာယ်ရှိပြီး ထိခိုက်စေနိုင်သည့်အပြုအမူများမှ ကျွန်ုပ်တို့၏ အာရုံငါးပါးကို ကာကွယ်ရန်နှင့် စင်ကြယ်သောဘဝနေထိုင်မှုပုံစံနှင့် နေထိုင်ရန် ကျွန်ုပ်တို့ ရွေးချယ်နိုင်သည်။ အင်တာနက်ပေါ်ရှိ "မိတ်ဆွေများ"နှင့် ဖွဲ့စည်းထားသော မှားယွင်းသောလူမှုအသိုင်းအဝိုင်း၏ အန္တရာယ်ကို ကျွန်ုပ်တို့သတိပြုနိုင်သည်။ (အင်တာ နက်ပေါ်ရှိ ညစ်ညမ်းရုပ်ရှင်၊ ရုပ်ပုံများကိုပြထားသည့် ရုပ်ပုံပြကားခြပ်)(ဒါဝိဒ်နှင့် ဗာသရှေဘ) ကျွန်ုပ်ယုံကြည်ချက်စာသား - "ပြောဆိုလုပ်ဆောင်လေရာရာ၌ မိမိကိုယ်ကိုစင်ကြယ်အောင်ထိန်းသိမ်းဖို့ ကျွန်ုပ် ရွေးချယ်သည်။"

**သင်ခန်းစာ ၁၆ - အနိုင်ကျင့်သူကို မည်သူမျှ မနှစ်သက်ပါ။** -အနိုင်ကျင့်ခြင်းဆိုတာဘာလဲ၊ ကျွန်ုပ်တို့ဘယ်လို ကိုင် တွယ်ဖြေရှင်းသင့်သလဲ။ (မီးလောင်လျက်ရှိသော မီးဖို)။ ကျွန်ုပ်ယုံကြည်ချက်စာသား - "ကောင်းသောဆုံးဖြတ်ချက်များ ချရန် ကူညီနိုင်မည့် သူငယ်ချင်းများကို ရွေးချယ်မည်။ ပြန်လှန်တိုက်ခိုက်မည့်အစား အဝေးသို့ရှောင်ထွက်ရန် ကျွန်ုပ်သင်ယူ နိုင်သည်။"

# သင်ခန်းစာ ၁၄ - ကျွန်ုပ်၏လူမှုအသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်အောင် ကျွန်ုပ်လုပ်ဆောင်နိုင်သည်။

**သင်ခန်းစာ ၁၄ အဓိကအကြောင်းအရာ**

မိသားစုများ၏ အပြုသဘောဆောင်သော အပြုအမူများနှင့် လုပ်ဆောင်ချက်များသည် ၎င်းတို့ပတ်ဝန်းကျင်ရှိ လူမှုအသိုင်းအဝိုင်းကို အကျိုးသက်ရောက်မှုရှိစေပါသည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

- မိဘ (သို့မဟုတ်) တာဝန်ယူမှုရှိသော စောင့်ရှောက်သူနှင့် ကလေးများကြားတွင် ယုံကြည်မှုနှင့် လေးစားမှုရှိခြင်းသည် ကလေးများကို ယုံကြည်မှုရှိစေပြီး ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းတွင် ပြောင်းလဲမှုများ ဖန်တီးနိုင်စေရန် ကူညီပေးနိုင်ပါသည်။
- ကလေးများသည် မိမိတို့တွင် ပြောင်းလဲမှုဖန်တီးနိုင်သည့် စွမ်းအားရှိသည်ဟု ခံစားရသင့်သည်။ "ကျွန်ုပ်ငယ်ရွယ်ပေမယ့်၊ ကျွန်ုပ်စွမ်းအားရှိပါသည်။"

**သတင်းစကား**

ကောင်းမွန်သောမိသားစုအလေ့အထများသည် အပြုအမူနှင့် လုပ်ဆောင်ချက်များကို ပုံသွင်းပေးနိုင်ပြီး လူ့အဖွဲ့အစည်းများကို ပိုမိုကောင်းမွန်အောင် ပြောင်းလဲနိုင်သည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ၊

- ကြီးမားသောစက္ကူကြီးများ၊ ရောင်စုံခဲတံများနှင့် မာကာများ (Markers)
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်
- ကလေးတစ်ဦးစီ၏ မိသားစုသံကွင်းဆက် (သင်ခန်းစာ ၇ မှ)

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ဘုရားသခင်သည် ကျွန်ုပ်အား အခြားသူများအတွက် ကောင်းသောအရာများကို ပြောဆိုလုပ်ဆောင်နိုင်ဖို့အတွက် စွမ်းအားနှင့် သတ္တိကိုပေးသည်ဟု ကျွန်ုပ်ယုံကြည် သည်။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ဘေးကင်းပြီး ကောင်းမွန်တဲ့အလုပ်များကို ရွေးချယ်ခြင်းသင်ခန်းစာထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ကျွန်ုပ်ကို ဘုရားသခင်စောင့်ရှောက်မည်ဖြစ်ပြီး ကောင်းသောရွေးချယ်မှုများ ပြုလုပ်တတ်အောင် ကူညီပေးမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ပျောက်နေတဲ့သူ ကစားနည်း - ကလေးတွေကို မျက်စိမှိတ်ခိုင်းပြီး၊ ကလေးအချို့ကို အခန်းကနေ ထွက်သွားခိုင်းပါ။ ကလေးတွေက မျက်စိဖွင့်ပြီး လှည့်ပတ်ကြည့်ကာ ဘယ်သူပျောက်နေလဲဆိုတာ မှန်းဆကြည့်ပါ။ ဒါကို အကြိမ်ကြိမ်လုပ်ပေးပါ။)

မင်းတို့တစ်ယောက်စီဟာ ငါ့အတွက် အရေးပါတယ်။ မင်းတို့ကျောင်းမလာရင် မင်းတို့ကို သတိရမိပြီး ဘာကြောင့်မလာ တာလဲဆိုတာ သိချင်ပါတယ်။ မင်းတို့ဟာ မင်းတို့ရဲ့မိသားစုနှင့် လူ့အဖွဲ့အစည်းအတွက်လည်း အရေးကြီးပါတယ်။ မင်းတို့ရဲ့ အသင်းတော်မိသားစုအတွက်လည်း အရေးကြီးပါတယ်။ မင်းတို့ဟာ ထူးခြားမှုကို ဖြစ်စေသူတွေဖြစ်တယ်။ မင်းတို့ရဲ့ပါဝင်မှုဟာ အိမ်မှာဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ်၊ ဘုရားကျောင်းမှာဖြစ်ဖြစ်၊ ဒါမှမဟုတ် လူ့အဖွဲ့အစည်းမှာဖြစ်ဖြစ် တန်ဖိုးမဖြတ်နိုင်ပါဘူး။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

အမှန်တရားတစ်ခုခုအတွက် သင် သတ္တိရှိရှိ ရပ်တည်ခဲ့ဖူးသလား။

သင့်ရွာ (သို့မဟုတ်) သင့်အသိုင်းအဝိုင်း၊ သင့်လမ်းတွင် ဖြစ်နိုင်သည့် ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါမည်။ သင် ဂရုတစိုက် နားထောင်ပါ။ ကျွန်ုပ်ပြောပြီးသွားသောအခါ၊ သင့်ကို မေးခွန်းအချို့ မေးမည်။

သင်သည် သင့်ကျေးလက်ရွာက အိမ်တွင် နေထိုင်နေသည် ဆိုပါစို့။ ညနေအချိန်ရောက်ပြီဆို သင့်ရွာသားများက ရွာအလယ်ရှိ သစ်ပင်အောက်တွင် စုဝေးလေ့ရှိကြသည်။ တစ်နေ့သောညနေခင်းတွင် သင့်အနေဖြင့် ပုံမှန်လို သွားရောက်မစုဝေးလိုသော ကြောင့်၊ အိမ်မှာပဲ သင်ကျန်နေခဲ့လိုက်သည်။ ရုတ်တရက် သင့်အိမ်နီးချင်း၏ ခြံစည်းရိုးကို ခုန်ကျော်လာသည့် သူခိုးနှစ်ယောက် ကို သင်မြင်ရလိုက်ပြီး သင့်အိမ်နီးချင်း၏ ကြက်နှစ်ကောင်ကို သူတို့ခိုးယူသွားသည်ကို သင်မြင်လိုက်ရသည်။ နှစ်ပတ်ခန့်ကြာ သောအခါ၊ ရွာထဲတွင်ရှိသောကြက်များ ထပ်မံခိုးယူခံရသည်ဟု သင်ကြားလိုက်ရသည်။ သူခိုးများကို ကိုယ်တိုင်မြင်ခဲ့သူမှာ သင်တစ်ယောက်တည်းဖြစ်သည်။ အခြားမည်သူမျှ မမြင်ခဲ့ပါ။

၁။ သင်ဘာလုပ်မည်နည်း။
၂။ ထိုလျှို့ဝှက်ချက်ကို ဘယ်သူ့ကို သင်ပြောပြမည်နည်း။

# သင်ခန်းစာ ၁၄ – ဘဝပုံပြင်

**အပိုလီယာ၏ပုံပြင်**

ရုပ်ပုံပြကားချပ် 14A




*ဆရာက အပိုလီယာ၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ကလေးများအား ရုပ်ပုံပြကားချပ် 14A တွင်ပါရှိသည့် ပုံ ၉ ပုံကို ပြသပေးရမည်။*

ကျွန်မနာမည်က အပိုလီယာ ဖြစ်ပါတယ်။ ကျွန်မက အင်ဒိုနီးရှားက မိန်းကလေးတစ်ယောက်ပါ။ ကျေးလက်ဒေသက လယ်ကွက်တစ်ခုမှာ မိဘနဲ့ ညီမသုံးယောက်တို့နဲ့အတူ ကျွန်မနေထိုင်ပါတယ်။ မိသားစုထဲမှာ ကျွန်မက အငယ်ဆုံးပါ။

ကျွန်မတို့ရွာသားအများစုက လယ်သမားတွေပါ။ ကျွန်မရဲ့ အိမ်နီးချင်းတွေက သီးနှံတစ်မျိုးတည်းကိုပဲ စိုက်ပျိုးကြပါတယ်။ ကျွန်မအဖေက တခြားလယ်သမားတွေနဲ့ မတူပါဘူး။ သူက ဆန်၊ ကော်ဖီ၊ ပြောင်းနဲ့ တခြားဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုး ပါတယ်။ ကျွန်မတို့ ငယ်ငယ်က၊ အဖေက ကျွန်မတို့ကို လယ်လုပ်နည်းတွေ သင်ပေးတယ်။ လယ်ကွင်းထဲမှာ အလုပ်လုပ်ရင်း ကလေးပုံပြင်တွေကို မိဘတွေပြောပြပေးပါတယ်။ တကယ်ပျော်စရာပါပဲ။ အဖေက ကျွန်မတို့ကို လယ်ယာမှာ အလုပ်လုပ်စေ ရုံတင်မက၊ ကျောင်းလည်း ပေးတက်တယ်။ ကျွန်မတို့ကို သူ့ထက် ပိုကောင်းတဲ့ အနာဂတ်တစ်ခုကို ပိုင်ဆိုင်စေချင်ပါတယ်။

ကျောင်းမှာ ကျွန်မရဲ့ သူငယ်ချင်းတွေက သူတို့အဖေတွေအကြောင်းတွေကို ပြောပြကြပါတယ်။ သူတို့က သူတို့အဖေတွေကို သိပ်မတွေ့ဖြစ်ကြဘူး။ တွေ့ကြတဲ့အခါမှာလည်း စကားများများမပြောကြဘူး။ သူတို့အများစုက သီးနှံရိတ်သိမ်းချိန်အတွက် အမြဲစိုးရိမ်နေကြပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ရတဲ့ဝင်ငွေက မိသားစုစားဝတ်နေရေးအတွက် မလုံလောက်လို့ပါ။

တစ်နေ့မှာ သူစိမ်းတစ်စုက ဆင်းရဲသားတွေကို ငွေချေးဖို့ ရွာထဲကို ရောက်လာပါတယ်။ ရက်သတ္တပတ်အနည်းငယ် အကြာမှာ၊ သူတို့တွေပြန်လာပြီး ရွာပြင်ပမှာ လစာကောင်းတဲ့အလုပ်တွေ ရနိုင်တယ်၊ ရွာထဲကလူငယ်တွေကို အလုပ်လုပ်ခိုင်း နိုင်တယ်လို့ သူတို့ ပြောပါတယ်။ မိဘတွေရဲ့ကြွေးတွေကို သူတို့အလွယ်တကူ ပြန်ဆပ်နိုင်တယ်လို့ ဆိုပါတယ်။ မကြာပါဘူး အရမ်းကြောက် ဖို့ကောင်းတဲ့ အခြေအနေတစ်ခု ဖြစ်လာပါတယ်။ ကျွန်မရဲ့ သူငယ်ချင်းအများအပြား ပျောက်သွားကြတယ်။ ကျွန်မ အရမ်းဝမ်း နည်းခဲ့တယ်။ သူတို့အိမ်ကို သွားမေးကြည့်တဲ့အခါ၊ ဘယ်သူမှ ဖြစ်တဲ့အကြောင်းတွေကို မပြောပြချင်ကြဘူး။ သူတို့ နှုတ်ဆိတ် နေခဲ့ကြတယ်။

စိတ်ရှုပ်ရှုပ်နဲ့ အဖေဆီပြန်ပြေးသွားပြီး ကျွန်မခံစားနေရတာကို ပြောပြပါတယ်။ အဖေက နားထောင်ပေးတယ်။ ပြီးတော့ ကျွန်မကို "ချစ်သမီး၊ ဒါကို ဒီအတိုင်းထားလို့ မရဘူး။ မင်းတစ်ခုခု လုပ်ဖို့လိုမယ်" လို့ ပြောပါတယ်။ ကျွန်မလား၊ ကျွန်မ ဘာလုပ်နိုင် မှာလဲ။ နောက်ဆုံးမှာ ကျွန်မ အကြံတစ်ခု ရလာပါတယ်။ ကျွန်မတို့အသင်းတော်က လူငယ်ခေါင်းဆောင်တွေနဲ့ ကျွန်မသွားတိုင် ပင်ပါတယ်။

လူငယ်ခေါင်းဆောင်တွေကလည်း ရွာသားတွေနဲ့ တွေ့ဆုံပါတယ်။ သစ်ပင်အောက်မှာ အတူတူ စုဝေးကြတယ်။ ကျွန်မတို့ကလေးတွေလည်း ပါဝင်ဖို့ သူတို့ကြိုဆိုကြတယ်။ တုတ်၊ ကျောက်တုံးနဲ့ သစ်ရွက်တွေကိုသုံးပြီး ရွာရဲ့မြေပုံကို  ကျွန်မ တို့ပုံဆွဲကြတယ်။ ပြီးတော့ ရွာထဲမှာ နေ

ထိုင်ခဲ့ဖူးကြတဲ့ လူဦးရေကို ရေတွက်လိုက်တယ်။ မိန်းကလေး အများအပြား ပျောက် သွားတာကို ကျွန်မတို့ သတိထားမိပါတယ်။ ရွာထဲကို ရောက်လာကြတဲ့ အဲဒီသူစိမ်းတွေက ရွာထဲက အမျိုးသမီးတွေကို ဘယ်လို ခေါ်သွားတယ်ဆိုတာကို ကျွန်မရဲ့ အရင်းနီးဆုံးမိတ်ဆွေတစ်ဦးရဲ့ မိဘတွေ  ပြောပြပါတယ်။ အဲဒီနေ့ကစပြီး အမျိုးသမီး တွေ ပြန်ပေါ်မလာကြတော့ဘူး။ တချို့သောအိမ်နီးချင်းတွေပြောတာက၊ တချို့မိန်းက လေးတွေဆိုရင် ဘားတွေ၊ ကာစီနိုရုံ တွေမှာ အမျိုးသားဧည့်သည်တွေကို ဖျော်ဖြေဖို့ အလုပ်လုပ်နေကြရတယ်လို့ သူတို့သတင်းကြားရတယ်။

ပြီးတော့ လူငယ်ခေါင်းဆောင်တွေက ကျွန်မရဲ့အဖေကို “ခင်ဗျားရဲ့သမီးတွေကို အိမ်မှာ ဘယ်လိုလုံခြုံစွာထားနိုင်ခဲ့တာလဲ” လို့ မေးပါတယ်။ အဖေ သူတို့ကိုပြောပြပါတယ်။ သူက ကျွန်မတို့ကို လယ်ယာလုပ်ငန်း၊ ခြင်းတောင်းယက်လုပ်တဲ့ပညာနဲ့ အပိုဝင်ငွေ ရမယ့်လုပ်ငန်းတွေကို လုပ်တတ်အောင် သင်ပေးခဲ့ပါတယ်။ ကျောင်းပြီးသွားတဲ့ ကျွန်မအစ်မတွေဆိုရင်လည်း၊ ကျောင်းပြီးလို့ အလုပ်ရှာကြတဲ့အခါ သူတို့လုပ်မယ့် အလုပ်ရဲ့ အလုပ်ရှင်နဲ့ လုပ်မယ့်အလုပ်အကြောင်း စုံစမ်းပြီးမှပဲ အဖေက သူတို့ကို ရွာပြင် ထွက်ခွင့်ပေးပါတယ်။ မှတ်ပုံတင်မပါဘဲ  ဘယ်တော့မှ သူတို့ရွာအပြင်မထွက်ကြပါဘူး။ အဝေးရောက်သွားတဲ့ အခါမှာလည်း စာရေးတာ ဒါမှမဟုတ် ဖုန်းဆက်တာတွေနဲ့ အဖေ့ကို သူတို့ ဆက်သွယ်ရပါတယ်။ အိမ်မှာ မိသားစုတွေဆုံကြတဲ့ အခါ၊ အဖေက ဖျော်ဖြေရေးလုပ်ငန်းတွေအကြောင်းနဲ့ အဲဒီမှာအလုပ်လုပ်တဲ့ မိန်းက လေးတွေကို လူတွေက ကျွန်တွေလို ဆက်ဆံကြတဲ့အ ကြောင်း အဖေပြောပြပါတယ်။

ကျွန်မတို့မိသားစုက တခြားမိသားစုတွေနဲ့ ဘာလို့မတူသလဲဆိုတာကို နားလည်သွားကြတဲ့အခါ၊ သူတို့က ကျွန်မတို့ရဲ့ဥပမာကို လိုက်နာဖို့ ဆုံးဖြတ်ကြပါတယ်။ အဖေနဲ့ ရွာသားတစ်စုက ရွာကပြဿနာအကြောင်းကို အစိုးရအရာရှိတစ်ဦးကို ပြောပြပါတယ်။ အစိုးရအရာရှိတွေက ရွာပြင်ပမှာ တရားဝင်စာရွက်စာတမ်းတွေနဲ့ အလုပ်လုပ်နည်းတွေကို လူတိုင်းသိအောင် ပညာပေးပိုစတာ တွေ ပြုလုပ်ဖို့ ကူညီပေးပါတယ်။ အိမ်မှာ လုပ်ငန်းငယ်တွေ ဘယ်လိုထူထောင်ရမလဲဆိုတာ သင်ပေးပါတယ်။ ဒီစိတ်ကူးသစ် တွေနဲ့ အသိပညာတွေကြောင့် ရွာထဲက မိန်းက လေးတွေ အိမ်ပြန်လာပြီး ရွာမှာပဲ အလုပ်သစ်တွေ ရှာဖွေနိုင်လာပါတယ်။ မိန်းကလေးတွေကို ရွာအပြင်မှာ အလုပ်ရှာခိုင်းတာဟာ မကောင်း ဘူးဆိုတာ ကျွန်မတို့ပိုသိလာပါတယ်။ အလုပ်လုပ်ဖို့ အန္တရာယ် အကင်းဆုံးနေရာက ဒီရွာထဲမှာပါ။ ကျွန်မတို့က စုပေါင်းပြီး တစ်ယောက်ကို တစ်ယောက် ဂရုစိုက်လာကြပါတယ်။ ကျွန်မတို့ရွာ ဘယ်လောက်ပြောင်းလဲသွားတယ်ဆိုတာ သူစိမ်းတွေ သိသွားတဲ့အခါ၊ သူတို့ စိတ်ပျက်ပြီး ကျွန်မတို့ကို ထားခဲ့သွားကြပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှ ခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. အာပိုလီယာနဲ့ သူ့အဖေအကြောင်းကိုပြောပြထားတဲ့ ဒီပုံပြင်ထဲမှာ ဘယ်အချက်တွေကို သင် သဘောကျမိလဲ။
2. သင့်ရပ်ရွာထဲမှာ သင်အပြောင်းအလဲဖြစ်စေချင်တဲ့ ပြဿနာတွေက ဘာတွေရှိလဲ။
3. သင့်ရပ်ရွာ တိုးတက်ပြောင်းလဲဖို့ သင်ဘာတွေလုပ်ပေးမလဲ။

ကျွန်ုပ်တို့အားလုံးက အပိုလီယာလို သတ္တိရှိတဲ့သူတွေ ဖြစ်ချင်ကြပါတယ်။ ဒါကြောင့် ဘုတ်ပြား(ဘော)ပေါ်မှာရေးထားတဲ့ ကျွန်ုပ်ယုံကြည် ချက်စာသားကို ကြည့်ကြရအောင်။

(ဆရာက အရှေ့ကနေတိုင်ပေးပြီး ကလေးများကို အနောက်ကလိုက်ရွတ်ခိုင်းပါ။ ပြီးရင် အားလုံးအတူတူ ရွတ်ဆိုပါ။)

**ဘုရားသခင်သည် ကျွန်ုပ်အား အခြားသူများအတွက် ကောင်းသောအရာများကို ပြောဆိုလုပ်ဆောင်နိုင်ဖို့အတွက် စွမ်းအားနှင့် သတ္တိကိုပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

**အဖွဲ့ငယ်လှုပ်ရှားမှု၊** ဥပမာတစ်ခု ပေးပါရစေ။ ကျေးရွာတစ်ရွာမှာနေထိုင်တဲ့ လူငယ်တစ်ယောက်ဟာ အကြံညာဏ် ကောင်းတစ်ခု ရှိခဲ့ပါတယ်။  သူက ရွာထဲက ကလေးတွေအားလုံးကို ရွာထဲမှာပစ်ထားတဲ့ ဘီယာ ဒါမှမဟုတ် အရက်ဖူးခွံတွေ ကို တစ်လတိတိလိုက်ကောက်ခိုင်းခဲ့ပါတယ်။ ကလေးတွေက ဖူးခွံတွေ ကို အမှိုက်ပုံတွေ၊ ချုံတွေ၊ အမှိုက်ပုံး တွေနဲ့ အိမ်အနီးအနား နေရာတွေကနေ စုဆောင်းခဲ့ကြပါတယ်။ နောက်ဆုံးမှာ ဖူးတွေက အများကြီး စုလို့ရ သွားခဲ့တယ်။ ပြီးတော့ သူတို့က ဖူးတွေကို ရေတွက်ပြီး၊ အဲဒီအရက်အတွက် သုံးခဲ့တဲ့ပိုက်ဆံတွေဟာ မိသားစု ဝမ်းစာဖို့ အစားအစာဝယ်ဖို့ သုံးနိုင်တယ်ဆို တာ တွက်ချက်ပြခဲ့ကြပါတယ်။ ကလေးတွေက ရွာထဲမှာ အရက် သောက်သုံးမှု ဘယ်လောက်များနေ တယ်ဆိုတာ ရွာခေါင်းဆောင်တွေကို ပြောပြတဲ့အခါ၊ ရွာခေါင်းဆောင် တွေက အံ့အားသင့်သွားကြပါ တယ်။ ပြောင်းလဲဖို့ သူတို့ဆုံးဖြတ်ခဲ့ကြပါတယ်။

(ကျောင်းသားများကို ၄-၅ ယောက် တစ်ဖွဲ့ခွဲပါ။ သူတို့ကို စက္ကူနဲ့ ဘောပင်/ခဲတံတွေ ပေးပါ။ သူတို့ရဲ့ လူ့အဖွဲ့အစည်းမှာ တွေ့မြင်ရတဲ့ ပြဿနာတွေအတွက် ဖြေရှင်းနည်းတွေကို ဆွေးနွေး ခိုင်းပါ။ သူတို့ရဲ့ အကြံဉာဏ်တွေကို စက္ကူပေါ်မှာ ရေးချခိုင်းပါ သို့မဟုတ် ပုံဆွဲခိုင်းပါ။ ပြီးရင် တစ်တန်းလုံးရှေ့မှာ မျှဝေခိုင်းပါ။ ဒီအတွက် မိနစ် ၁၀ ခန့် အချိန်ပေးပါ။)

**အလွတ်ကျမ်းချက်**

ယောရှု 1:9: "အားယူ၍ ရဲရင့်ခြင်းရှိလော့။ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ သွားလေရာရာ၌ သင်၏ ဘုရားသခင်ထာဝရဘုရားရှိသည်ဟု မိန့်တော်မူ၏။"

(**ကျမ်းပိုဒ်ကို သီချင်းအဖြစ်သီဆိုခြင်း** - ဤနည်းကို အသုံးပြုပြီး ကလေးများအား ကျမ်းချက် သင် ပေးနိုင်သည်။ ကလေးတွေက ကျမ်းပိုဒ်ကို သီချင်းအဖြစ် သီကုံးနိုင်မလား ကြည့်ပါ၊ ဒါမှမဟုတ် ဆရာက သီကုံးထားပေးတဲ့ ကျမ်းချက်သီချင်းကို အသုံးပြုပါ။)

## သင်ခန်းစာ ၁၄ – ကျမ်းစာပုံပြင်

### ယောရှိမင်းပုံပြင်

ရုပ်ပုံပြကားချပ် 14B





*(ဆရာက မင်းကောင်းမင်းမြတ်ဖြစ်သူ ယောရှိမင်း၏ပုံပြင် ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (၄ ဓမ္မရာဇဝင် ၂၂၊ ၂၃)။ ဤပုံပြင်ကို အရေးကြီးတဲ့ အချက်တွေနဲ့ ပြောပြဖို့ အောက်တွင် ဥပမာပေး ထားပါသည်။ ရုပ်ပုံပြကားချပ် 14B မှ ဤပုံ ၅ ပုံကို အသုံးပြုပါ။)*

ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာက၊ အစ္စရေးနိုင်ငံမှာ မင်းဆိုးမင်းညစ်မျိုးဆက်တစ်ဆက် ပေါ်ထွန်းခဲ့ပါတယ်။ အစ္စရေးနိုင်ငံသားတွေဟာ ဖန်ဆင်းရှင်ဘုရားကို သိပေမယ့်၊ အများစုက သူ့ကို မကိုးကွယ်၊ သူ့ပညတ်တွေကို မလိုက်နာခဲ့ကြပါဘူး။ သူတို့ဟာ ရုပ်တုတွေကို ကိုးကွယ်ပြီး၊ မကောင်းမှုတွေ၊ မတရားမှုတွေ အများကြီး လုပ်ခဲ့ကြတယ်။ ပေါ်ထွန်းခဲ့တဲ့မင်းဆိုးမင်းညစ်တွေထဲမှာ မနာရှေ လို့ခေါ်တဲ့ မင်းတစ်ပါးရှိတယ်။ သူဟာ ဘုရားနဲ့ ဝေးကွာသွားပြီး၊ ရွံ့ရှာဖွယ်ရာအမှုတွေ အများကြီး သူလုပ်ခဲ့တယ်။

သူ့သား အာမုန်က သူ့နောက်မှာ ဘုရင်ဖြစ်လာတယ်။ အာမုန်ကလည်း အလားတူ မကောင်းမှုတွေပဲ လုပ်ခဲ့တယ်။ သူအရမ်း ဆိုးတာကြောင့်၊ လူတွေက သူ့ကို ပုန်ကန်ပြီး သတ်ပစ်လိုက်ကြတယ်။ ပြီးတော့ လူတွေက သူ့သား ယောရှိကို ဘုရင်အဖြစ် တင်မြှောက်လိုက်ကြတယ်၊ ယောရှိဟာ အသက် ၈ နှစ်ပဲ ရှိသေးတယ်။ ငယ်ရွယ်ပေမယ့် ယောရှိယဟာ ထာဝရဘုရားရဲ့ရှေ့မှာ မှန်ကန်တဲ့အရာတွေကို လုပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ “သူသည် လက်ျာဘက်၊ လက်ဝဲဘက်သို့ မလွှဲ၊”ဟု ကျမ်းစာက မှတ်တမ်းတင် ထားတယ်။ (၄ရာ ၂၂:၂)။

ဘုရားရဲ့ ဗိမာန်တော် ပျက်စီးနေခဲ့တယ်။ လူတွေပစ်ထားခဲ့ကြလို့ဖြစ်တယ်။ ဘုရင်ယောရှိ ပထမဆုံးလုပ်တဲ့အရာတစ်ခုက၊ ဘုရားသခင်ရဲ့ ဗိမာန်တော်ကို ပြန်ပြုပြင်ဖို့ လက်သမား၊ ပန်းရံ၊ ကျောက်သမားတွေကို ငှါးရမ်းခဲ့တာပဲဖြစ်ပါတယ်။

မကြာခင်မှာပဲ၊ ဗိမာန်တော်ရဲ့ယဇ်ပုရောဟိတ်မင်းကြီးက၊ ဘုရားပေးထားခဲ့တဲ့ ပညတ္တိကျမ်းစာလိပ်တစ်စောင်ကို ပြန်တွေ့ခဲ့တယ်။ ကျမ်းစာလိပ်ကို သူဖတ်ကြည့်တဲ့အခါ၊ သူလူတွေဟာ ဘုရားအလိုတော်ကို လျစ်လျူရှုပြီး မကောင်းမှုတွေ အများကြီးလုပ်နေတာကို သူသဘောပေါက်သွားပြီး သူဝမ်းနည်းနေခဲ့ပါတယ်။ အခြေအနေတွေကို ပြုပြင်ပြောင်းလဲပေးဖို့ ဘုရားသခင်ဆီမှာ အား ကိုးတကြီးနဲ့ သူဆုတောင်းခဲ့တယ်။

တိုင်းပြည်မှာရှိတဲ့ အသက်ကြီးသူတွေကို သူခေါ်စုခဲ့ပြီး၊ လူတွေအားလုံးကိုလည်း သူတို့ဖိတ်ခေါ်ခဲ့ကြတယ်။ လူတွေရဲ့ရှေ့မှာ ဘုရင်ယောရှိက ဘုရားသခင်ရဲ့ပညတ္တိကျမ်းစာနဲ့ ကတိတော်တွေကို ဖတ်ပြခဲ့တယ်။ ဘုရားသခင်ကို နာခံဖို့ သူတို့ အတူတူကတိပြုကြတယ်။ ဘုရားသခင်ရဲ့ ဗိမာန်တော်ထဲကို သူတို့ဝင်သွားပြီး၊ ရုပ်တုတွေကို ထုတ်ပယ် မီးရှို့ပစ်လိုက်ကြတယ်။ မှားယွင်းတဲ့ ဘုရားတွေကို ကိုးကွယ်တဲ့ ဆိုးသောပုရောဟိတ်တွေကိုလည်း ဖယ်ရှားပစ်လိုက်ကြတယ်။ အသက်ရှင်တဲ့ဘုရားအထံတော်ကို လူတွေ ပြန်လှည့်လာဖို့ ယောရှိမင်းအတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့တယ်။

နောက်ဆုံးမှာ၊ မိမိတို့ကို တချိန်က အီဂျစ်ပြည်ကနေ ကယ်တင်ပေးခဲ့တဲ့ဘုရားကို ဂုဏ်ပြုတဲ့ ခမ်းနားကြီးကျယ်တဲ့ ပွဲတစ်ခုကို သူတို့ကျင်းပခဲ့ကြတယ်။ အဲဒီပွဲကို ပသခါပွဲလို့ခေါ်တယ်၊ ဘာလို့လဲဆိုတော့ အီဂျစ်မှာရှိတဲ့ ကျေးကျွန်ပိုင်ရှင်တွေနဲ့ မကောင်းတဲ့လူတွေကို ဖျက်ဆီးခဲ့တဲ့ ကောင်းကင်တမန်က ဘုရားသခင်ကို ယုံကြည်တဲ့အစ္စရေးတွေကို “ကျော်သွား” ခဲ့လို့ပဲဖြစ်ပါတယ်။

ဘုရင်ယောရှိဟာ သူ့လူ့အဖွဲ့အစည်းမှာ ကြီးမားတဲ့အပြောင်းအလဲကို ဖြစ်စေခဲ့တယ်။ ၄ ရာ ၂၃:၂၅ မှာ၊ "မောရှေတရား၌ ပါသမျှကို ကျင့်သဖြင့်၊ စိတ်နှလုံး အကြွင်းမဲ့အစွမ်းသတ္တိရှိသမျှနှင့် ထာဝရဘုရား အထံတော်သို့ ပြောင်းလဲ၍၊ ယောရှိမင်းနှင့်တူသော ရှင်ဘုရင်တယောက်မျှ မဖြစ်စဖူး။ နောင်ကာလ၌လည်း မပေါ်မရှိ။” ဆိုပြီး ကျမ်းစာက မှတ်တမ်းတင်ခဲ့ပါတယ်။ (၄ရာ ၂၃:၂၅)။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. ယောရှိမင်း ပြုလုပ်ခဲ့တဲ့ ကောင်းတဲ့အရာတွေက ဘာတွေလဲ။
2. ငယ်ရွယ်တဲ့ယောရှိမင်းက လူကြီးတွေရှေ့မှာ မားမားမတ်မတ်ရပ်တည်နိုင်ခဲ့သည်တိုင်အောင် ဘယ်လိုခွန်အားရရှိခဲ့လဲ။
3. ခက်ခဲတဲ့ဆုံးဖြတ်ချက်တွေချပြီး လူကြီးတွေကို အံ့အားသင့်စေတဲ့ လူငယ်တွေကို သင်သိပါသလား။
4. သင့်ရပ်ရွာထဲက လူအများစုလုပ်လေ့လုပ်ထရှိတဲ့အရာတွေနဲ့ ဆန့်ကျင်လုပ်ဆောင်ဖို့ ဘာကြောင့်ခက်ခဲနေ တတ်သလဲ။

# အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၃၃ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ဘုရားသခင်သည် ကျွန်ုပ်အား အခြားသူများအတွက် ကောင်းသောအရာများကို ပြောဆိုလုပ်ဆောင်နိုင်ဖို့အတွက် စွမ်းအားနှင့် သတ္တိကိုပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

ကွဲပြားတဲ့အရာတစ်ခုခုကို လုပ်ဆောင်ဖို့အတွက် ရဲစွမ်းသတ္တိရှိတဲ့ ကလေးနှစ်ယောက်ရဲ့ပုံပြင်တွေကို ဒီနေ့ တို့တတွေ သင်ကြား ခဲ့ကြတယ်။ သင်ကြားခဲ့ရတဲ့ ပုံပြင်တွေကို ပြန်လည်ပြီး အနုပညာလက်ယာပုံဖော်ကြမယ်။ ပုံပြင်တွေထဲက သင် အကြိုက်ဆုံးအရာက ဘာတွေလဲ။ ဒါတွေကို သင်ရေးဆွဲပုံဖော်နိုင်ပါတယ်။ ဒါမှမဟုတ်

မိမိအသိုင်းအဝိုင်းအတွက် ကောင်းတဲ့အရာတွေကို လုပ်ဆောင်ခဲ့တဲ့ ရဲစွမ်းသတ္တိရှိသူ တစ်ဦးတစ်ယောက်ရဲ့ ပုံပြင်ကိုရေးသားပါ။

သင့်ရဲ့ နေ့စဉ် မှတ်တမ်းစာအုပ် စာမျက်နှာ ၃၄ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့်အကွက်တစ်ခုကို သင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

၂။ **အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ**

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့်လက်ဝဲလက် ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့် ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

မိသားစုအားလုံးပေါင်းစည်းလိုက်တဲ့အခါ လူမှုအသိုင်းအဝိုင်းတစ်ခု ဖြစ်လာတယ်။ မိသားစုတွေဟာ တစ်ခုအပေါ်တစ်ခု သြဇာလွှမ်းမိုးမှု ရှိတယ်ဆိုတာကို သတိရစေဖို့အတွက် (သင်ခန်းစာ ၇ က) ကျွန်ုပ်တို့ရဲ့ မိသားစုသံကွင်းဆက်တွေကို ချိတ်ဆက်လိုက်ရအောင်။ ကျွန်ုပ်တို့ရဲ့လူမှုအသိုင်းအဝိုင်းကို ပိုကောင်းတဲ့နေရာတစ်ခုဖြစ်အောင် ကျွန်ုပ်တို့ကူညီနိုင်ပါတယ်။
သို့မဟုတ်
(မိမိလူမှုအသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်အောင်လုပ်ပေးလို့ရမယ့်နည်းလမ်းတွေ ဘာတွေရှိမလဲ ဆိုတာကို သင့်ကျောင်းသားများအား အကြံပြုပြောပြခိုင်းပါ။ သင့်လူမှုအသိုင်းအဝိုင်း ပိုမိုကောင်းမွန်လာဖို့ နောက်အပတ်မှာ တစ်ခုခုလုပ်လာခဲ့ဖို့ ဆုံးဖြတ်ပါ။

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)
"ယေရှုဘုရား၊ ဒီနေ့အတွက် ကျေးဇူးတင်ပါတယ်။ တစ်ခါတစ်ရံ ကျွန်ုပ်ဟာ အလွန်အားနည်းပြီး ရက်တာကြောင့် စကားပြောရန် အခက်တွေ့တတ်ပါတယ်။ ကျွန်ုပ်ဟာ ငယ်ရွယ်ပေမယ့် ကျွန်ုပ်ရဲ့ပတ်ဝန်းကျင်အတွက် ကောင်းသောပြောင်းလဲမှုများ ဖန်တီးနိုင် တယ်ဆိုတာကို သတိရဖို့ ကူညီမစပါ။ အားကြီးသောသူဖြစ်ဖို့ ကျွန်ုပ်ကို ဘုရားသခင်ဖန်ဆင်းတယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်။ ကျွန်ုပ်ကို ရဲရင့်စေပါ။ စကားပြောရဲပါစေ။ မှန်ကန်တဲ့အရာတွေကို လုပ်ဆောင်နိုင်ဖို့ သတ္တိကိုပေးပါ။ ကိုယ်တော်ကို ကျေးဇူးတင် ပါ၏။ ယေရှုနာမဉ် ဆုတောင်းပါ၏။ အာမင်။"

# သင်ခန်းစာ ၁၅ - စင်ကြယ်စွာ ကျွန်ုပ်နေထိုင်နိုင်သည်။

**သင်ခန်းစာ - ၁၅ အဓိကအကြောင်းအရာ**

အာရုံ ၅ ပါးကို ထိခိုက်ပျက်စီးစေနိုင်သည့် လုပ်ဆောင်မှုတို့မှ ဝေးစွာနေရန် ရွေးချယ်ပြီး ကောင်းသောရွေးချယ်မှုကို လုပ်ဆောင်တတ်သည့် စင်ကြယ်သောဘဝနေနည်းဖြင့် နေထိုင်ခြင်း။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖေါ်ပြရန်၊

- စုံစမ်းသွေးဆောင်ခြင်းများနောက်သို့ "မလိုက်ပါ"ဟု ကျွန်ုပ်ပြောနိုင်တယ်။
- ကျွန်ုပ်ရဲ့အာရုံငါးပါးကို ကျွန်ုပ်စောင့်ထိန်းနိုင်ပါတယ်။
- စင်ကြယ်တဲ့ဘဝနေနည်းဖြင့် အသက်ရှင်ဖို့ ကျွန်ုပ် စိတ်အားထက်သန်မှုရှိပါတယ်။

**သတင်းစကား**

မိမိကိုယ်ကို စင်ကြယ်စွာထားရှိဖို့ရန် ကျွန်ုပ်ရွေးချယ်နိုင်ပါတယ်။ စင်ကြယ်တဲ့ လူ့အဖွဲ့အစည်းကိုလည်း ရွေးချယ်နိုင်ပါတယ်။ ကောင်းတဲ့မိတ်ဆွေတွေနဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ဖျော်ဖြေမှုတွေကို ကျွန်ုပ်ရွေးချယ်နိုင်တယ်။ မကောင်းတဲ့အကျင့်တစ်ခုခုကို စွဲလမ်းနေမိ ရင်လည်း ကျွန်ုပ်အကူအညီရှာနိုင်ပါတယ်။ ကျွန်ုပ်ဟာ မှားယွင်းတဲ့လူ့အဖွဲ့အစည်းကို ငြင်း ပယ်နိုင်ပြီး စစ်မှန်တဲ့ မိတ်ဖွဲ့မှုမျိုးကို တည်ဆောက်နိုင်ပါတယ်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ၊

- ဘောလုံးတစ်လုံး
- ပန်းကန်တစ်ခြပ်နဲ့ ငှက်ပျောသီး၊ သဘော်သီး၊ စပျစ်သီးစတဲ့ အမျိုးမတူတဲ့သစ်သီး တချို့။ မြေကြီးအမှုန့်တစ်ခွက်၊ ဖွန်းတစ်ချောင်းနဲ့ ဓားတစ်လက်။
- မျောက်ပုံလေးပုံ (ဒီသင်ခန်းစာရဲ့အဆုံးမှာပေးထားပါတယ်)
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ်
- ကလေးတစ်ဦးစီ၏ မိသားစုသံကွင်းဆက် (သင်ခန်းစာ ၇ မှ)

**ပြင်ဆင်ချက်**

ကျွန်ုပ်ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။

**ပြောဆိုလုပ်ဆောင်လေရာရာ၌ မိမိကိုယ်ကိုစင်ကြယ်အောင်ထိန်းသိမ်းဖို့ ကျွန်ုပ်ရွေးချယ်သည်။ ဤအရာက ကျွန်ုပ်အား ကောင်းမွန်သောအနာဂတ်ကို ရရှိစေမည်။**

## အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ ကျွန်ုပ်တို့ရဲ့ လူမှုအသိုင်းအဝိုင်းကို လုံခြုံအောင်ထားခြင်း သင်ခန်းစာထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။


အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ဘုရားသခင်သည် ကျွန်ုပ်အား အခြားသူများအတွက် ကောင်းသောအရာများကို ပြောဆိုလုပ်ဆောင်နိုင်ဖို့အတွက် စွမ်းအားနှင့် သတ္တိကိုပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

၂။ ပဏာမသီချင်း (Theme Song)

၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

မျောက်လေးကောင်ရဲ့ပုံကို ပြပါ။ သူတို့ဟာ သူတို့ရဲ့မျက်လုံး၊ နားနဲ့ပါးစပ်တွေကို အုပ်ထားပါတယ်။ (ကလေးတွေကို မေးပါ—မျောက်တွေက ဘာကိုပြောနေတာလဲ။ "မကောင်းတာကို မမြင်၊ မကောင်းတာကို မကြား၊ မကောင်းတာကို မပြော၊ မကောင်း တာကို မလုပ်" ဆိုတဲ့ အဓိပ္ပါယ်ပဲဖြစ်ပါတယ်။)



**ရုပ်ပုံ ၁၅-၃ - မြောက်လေးကောင်**

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေမျှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှခိုင်းပါ။)

1. မြောက်တွေ ဘာလုပ်နေပါသလဲ။
2. မြောက်တွေက တို့တတွေကို ဘာသင်ခန်းစာပေးချင်ပါသလဲ။
3. တို့တတွေ မကြည့်သင့်တဲ့အရာ၊ နားမထောင်သင့်တဲ့အရာ (သို့) မပြောသင့်တဲ့အရာတွေ ဘာတွေရှိမလဲ။
4. မကောင်းတဲ့အရာတွေကို ကြားမိ၊ မြင်မိ၊ လုပ်ဆောင်မိဖို့ ပိုပြီးဖြစ်နိုင်ခြေများတဲ့ နေရာတွေက ဘယ်လိုနေရာမျိုးတွေဖြစ်မလဲ။

# သင်ခန်းစာ ၁၅ – ဘဝပုံပြင်




ညစ်ညမ်းရုပ်ရှင်၊ စာပေကို ဆန့်ကျင်သောလူငယ် ဆိုတဲ့ပုံပြင်ကို ဖတ်ရအောင်။ အပေါ်က ဖြောက်ကလေးတွေလိုပဲ၊ ချန်တြာနဲ့ သူ့သူငယ်ချင်းတွေက ညစ်ညမ်းတဲ့အရာတွေကနေ သူတို့မျက်စိနဲ့ စိတ်တွေကို ထိန်းသိမ်းကြရဲ့လားဆိုတာကို သတိပြုကြည့်ပါ။

ချန်တြာသည် သူ့မိသားစုနှင့်အတူ နေထိုင်သည်။ တစ်နေ့တွင် မိသားစုဝင်များ အတူတကွ နေ့လယ်စာစားနေကြသည်။ မိမိတို့နှင့်အတူ နေ့လည်စာစားဖို့ မိသားစုဝင်များက ခေါ်ဖိတ်သော်လည်း ချန်တြာက အိမ်ခန်းထဲအောင်းပြီး ဖုန်းကြည့်ရသည်ကို ပိုမိုနှစ်သက်နေသည်။

သူငယ်ချင်းများနှင့် ကစားမည့်အစား၊ မိမိနှင့်မသိမမြင်ဖူးသည့် သူငယ်ချင်းသစ်များနှင့်အတူ ညစ်ညမ်းဂျာနယ်များကို ချန်တြာ စတင်ကြည့်ရှုလာခဲ့သည်။

ကျောင်းဆင်းသည့်အခါ၊ သူငယ်ချင်းများနှင့်အတူ အင်တာနက်ဂိမ်းဆိုင်သို့သွားပြီး ညစ်ညမ်းရုပ်ရှင်များကို ချန်တြာ ကြည့်ရှုခဲ့သည်။

ဒီလိုနဲ့ ချန်တြာသူ့ရဲ့ စာသင်ခန်းအတွင်း အာရုံစိုက်နိုင်စွမ်းနဲ့ စာလုပ်နိုင်စွမ်းများ စတင်ထိခိုက်လာတော့သည်...

...အကြောင်းမှာ ညနက်သန်းခေါင်ယံအထိ ချန်တြာတစ်ယောက် အိပ်ယာမဝင်ပဲနေခြင်းကြောင့်ဖြစ်သည်။

တစ်နေ့တွင် ဖုန်းဖြင့် ညစ်ညမ်းရုပ်ရှင်များ ကြည့်ရှုနေသည့် ချန်တြာကို သူ၏ညီမဖြစ်သူ နာရီ တွေ့သွားခဲ့သည်။ သူမ အလွန်စိတ်မသက်မသာဖြစ်ပြီး၊ အဘယ်ကြောင့် ထိုသို့ကြည့်နေသနည်းဟူ၍ ချန်တြာကို သူမ မေးမြန်းလာသည်။ ညီမဖြစ်သူ ဝမ်းနည်း နေသည်ကိုကြည့်ရင်း ချန်တြာ အနည်းငယ် ရှက်မိသွားသည်။ ချန်တြာသည် ညီမကို ချစ်ပြီး သူမအား စိတ်မဆင်းရဲစေလိုပါ။

ချန်တြာ၏ အစ်ကို ရစ်ကလည်း ချန်တြာအတွက် စိုးရိမ်နေခဲ့သည်။ ညစ်ညမ်းရုပ်ရှင်ကြည့်ခြင်း၏ အန္တရာယ်များအကြောင်းကို ညီဖြစ်သူအား သူ ရှင်းပြခဲ့သည်။ ထိုအခါ ချန်တြာ စတင်စဉ်းစားဆင်ခြင်လာသည်။

ကာမရုပ်ရှင်၏ အန္တရာယ်များအကြောင်း ကြားလိုက်ရသော်လည်း၊ သူငယ်ချင်းအိမ်သို့ သွားပြီး DVD ခွေဖြင့် ညစ်ညမ်းရုပ်ရှင် ကြည့်ရန် ချန်တြာ ဆက်သွားနေဆဲဖြစ်သည်။

ထိုကလေးများက ဘီယာသောက်ရင်း မိမိတို့ကြည့်သည့်ရုပ်ရှင်ထဲက အမျိုးသမီးများအကြောင်းကို ရယ်ရယ်မောမောပြောဆိုနေကြသည်။ မိမိတို့ သိဖူးသော မိန်းကလေးများအကြောင်းကိုလည်း သူတို့စတင်ပြောဆိုလာကြသည်။ ရုတ်တရက် သူတို့ထဲက တစ်ယောက်က ချန်တြာကို "မင်းညီမက ဆက်ဆီကျတယ်ကွာ။ သူ့ကိုဓာတ်ပုံရိုက်ကြရအောင်" ဟု ပြောလိုက်သည်။

ချန်တြာ အလွန်အံ့အားသင့်ပြီး ဒေါသထွက်ကာ "ငါ့ညီမအကြောင်း အဲလိုမပြောနဲ့" ဟု ပြန်အော်ထုတ်လိုက်သည်။ ရီမုကွန်ထရိုး ကို ကောက်ယူပြီး ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်လိုက်သည်။ သူတို့အကြီးအကျယ် ရန်ဖြစ်သွားသည်။ သူငယ်ချင်းများနှင့် ထိုကဲ့သို့ ညစ်ညမ်းရုပ်ရှင်ကြည့်ခြင်းဖြင့် ဆိုးသောအမှုတစ်စုံတစ်ရာ ဖြစ်လာနိုင်သည်ကို ချန်တြာသတိထားမိလာသည်။ စိတ်ပျက်လက် ပျက်နှင့် အိမ်သို့ ချန်တြာပြန်ပြေးသွားခဲ့ပါသည်။

နောက်တစ်နေ့တွင်၊ မိမိနှင့် မိမိသူငယ်များ မည်မျှဆိုးသွမ်းလာသည်ကို သတိထားမိလာခဲ့သည့် ချန်တြာအနေဖြင့် မိန်းကလေး များအပေါ် မကောင်းစိတ်ဖြင့် မတွေးမိဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ ညစ်ညမ်းရုပ်ရှင်များ ထပ်မကြည့်တော့ပါဟု နာရီအား သူ ကတိပေးလိုက်သည်။ နာရီသည် ပျော်ရွှင်သွားသည်။ ဆိုးရွားလှသည့် မိမိ၏အတွေ့အကြုံကို အစ်ကိုဖြစ်သူ ရစ် အား သူရင်ဖွင့် ပြောပြခဲ့သည်။ ညစ်ညမ်းရုပ်ရှင်သည် မည်သို့ စွဲလမ်းစေနိုင်ကြောင်းနှင့်၊ အချို့သောမိန်းကလေးနှင့် ယောကျ်ားလေးများတို့ သည် ညစ်ညမ်းရုပ်ရှင်များရိုက်ကူးဖို့ရန် အတင်းအဓမ္မအနိုင်အကျင့် စေခိုင်းခြင်းခံနေကြရသည့်အကြောင်းကိုလည်း ရစ် ပြော ပြခဲ့ပါသည်။ ချန်တြာက ရစ်ကို ယုံသည်။ ထို့နောက် "ငါ့ကို ညစ်ညမ်းရုပ်ရှင် သို့မဟုတ် လိင်အကြောင်း ဘယ်သူမှ မရှင်း ပြခဲ့ဘူး။ အဖေကို ဒါမှမဟုတ် တစ်ယောက်ယောက်ကို တို့ မေးကြည့်သင့်တယ် မဟုတ်လား" ဟု ရစ်အား ချန်တြာမေးလိုက်သည်။

ချန်တြာ ရေချိုးပြီး အိပ်ရာဝင်ရန် အသင့်ဖြစ်နေသည်။ အိပ်ယာဝင်ခါနီး ဖုန်းကိုမြင်လိုက်သည့်အခါ၊ အခုအချိန်မှာ သူတစ် ယောက်တည်းရှိနေတာမို့ ညစ်ညမ်းရုပ်ရှင်ကြည့်လို့ရတယ်ဆိုတာ သတိထားမိလာသည်။ သို့သော်၊ ညစ်ညမ်းရုပ်ရှင်ကြည့် ခြင်းကို ရပ်တန့်ပြီး သူ လွတ်မြောက်ချင်နေပါသည်။ ထိုအခါ "ကျွန်တော့်ကို ကူညီပါအဖ၊ ကိုယ်တော်ကို ကျွန်ုပ်လိုပါ၏" ဟု သူငိုယိုဆုတောင်းလိုက်သည်။

ထိုသို့ရုန်းကန်ရင်း၊ ညီမဖြစ်သူကို မိမိပေးခဲ့သည့် ကတိနှင့် မိမိအတွက် အစ်ကိုပေးခဲ့သော အကြံဉာဏ်ကို ချန်တြာသတိရလာသည်။ ထိုအရာသည် သူ့အတွက်သာမက သူ့မိသားစုအတွက်ပါ ဖြစ်ကြောင်း သိရှိပြီး၊ ချန်တြာသည် ဖြစ်ချင်စိတ်ကို ချိုးနှိမ်ကာ ဖုန်းကိုပိတ်ပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည်။ "ဘုရားသခင်၊ ကျေးဇူးတင်ပါတယ်" ဟု တိုးတိတ်စွာ သူရေရွတ်နေသည်။

နောက်တစ်နေ့မနက်တွင်၊ ချန်တြာသည် မိမိ၏ရုန်းကန်နေရမှုများအကြောင်းကို တစ်စုံတစ်ဦးထံ ရင်ဖွင့်ပြောပြဖို့ စဉ်းစားနေသည်။ သူ့ဦးလေးက သူ့အတွက် စိတ်ချရသော လူတစ်ဦးဖြစ်သည်ကို ချန်တြာသတိရလိုက်သည်။

အမြဲတမ်း မလွယ်ကူသော်လည်း၊ အကူအညီနှင့်အတူ ချန်တြာသည် ညစ်ညမ်းရုပ်ရှင်ကြည့်ခြင်းကို ရပ်တန့်နိုင်ခဲ့ပြီး ကျောင်းတွင် ပြန်လည် ထူးချွန်လာကာ မိသားစုနှင့် သူငယ်ချင်းများနှင့် ပျော်ရွှင်စွာ နေထိုင်နိုင်ခဲ့ပါသည်။

မိမိ၏ အတွေ့အကြုံနှင့် ယခု မိမိရရှိသွားခဲ့သည့် လွတ်လပ်မှုတို့ကို သင်ခန်းစာယူပြီး၊ ချန်တြာသည် အခြားယောကျ်ားလေးများအား ကျန်းမာကြံ့ခိုင်သူများဖြစ်လာကြဖို့နှင့် ညစ်ညမ်းရုပ်ရှင်များ မကြည့်မိကြဖို့ ကူညီပေးနိုင်ခဲ့ပါသည်။ " ဘုရားသခင်သည် ခပ်သိမ်းသော အမှုတို့ကို တတ်နိုင်တော်မူသည်" (မဿဲ ၁၉:၂၆) ဟု ချန်တြာပြောဆိုနိုင်ပြီဖြစ်ပါသည်။

## ဆွေးနွေးတင်ပြရန်အချိန်

အတန်းတစ်တန်းလုံးကို နှစ်ဖွဲ့ခွဲလိုက်ပါ။ ထို့နောက်ဘုတ်ပေါ်တွင် TIC TAC TOE ကစားနည်း (ကိုးကွက်ပါ ဇယားတွင် သုည နှင့် ကြက်ခြေခတ် သုံးခုတန်းအောင် တစ်လှည့်စီ ရေးချကစားရသည့် ကစားနည်း) အတွက် ဇယားဆွဲလိုက်ပါ။ ထို့နောက် အောက်ပါမေးခွန်းများကို

အသုံးပြုပြီး တစ်ဖက်ကို တစ်ခုစီ အလှည့်ကျ မေးခွန်းမေးပါ။ မေးခွန်းကို မှန်ကန်စွာ ဖြေနိုင်လျှင်၊ သူတို့ရွေးချယ်ထားသော အကွက်ထဲတွင် X သို့မဟုတ် O ကို ထည့်နိုင်သည်။ အတန်းတစ်တန်းတွင် တူညီသော သုံးခုရှိသည့် ဘက်က အနိုင်ရသူဖြစ်သည်။

1. ချန်တြာက သူ့မိသားစုနဲ့ ဘာကြောင့် အတူမရှိချင်ခဲ့တာလဲ။
2. ချန်တြာနဲ့ သူ့သူငယ်ချင်းတွေရဲ့ ရွေးချယ်မှုတွေက ကောင်းလား။
3. အင်တာနက်ဂိမ်းဆိုင်မှာ ကလေးတွေ ပုံမှန်အားဖြင့် ဘာတွေလုပ်လေ့ရှိလဲ။ (ဥပမာ - ပိုက်ဆံခိုးတာ၊ ညစ်ညမ်းရုပ်ရှင်တွေ ကြည့်တာ၊ အချိန်နဲ့ ပိုက်ဆံဖြုန်းတာ၊ ဂိမ်းထဲက သတ်ဖြတ်မှုနဲ့ ရန်လိုမှုတွေ ကြည့်တာ)။
4. ညစ်ညမ်းရုပ်ရှင်တွေ ကြည့်တာက ချန်တြာကို ဘယ်လိုထိခိုက်စေနိုင်လဲ။
5. ချန်တြာရဲ့ ညီမလေး နာမည်က ဘာလဲ။
6. ညစ်ညမ်းရုပ်ရှင်တွေကိုကြည့်တာက လူတွေကို မိမိရဲ့ ခန္ဓာကိုယ်နဲ့ အခြားသူတွေရဲ့ ခန္ဓာကိုယ်တွေအပေါ် ဘယ်လိုခံစားရ စေနိုင်လဲ။
7. ကလေးတွေက ညစ်ညမ်းရုပ်ရှင်တွေကို ဘယ်လိုနည်းတွေအားဖြင့် ကြည့်မိသွားနိုင်လဲ။
8. လိင်ကိစ္စနဲ့ ကောင်းမွန်တဲ့ မိသားစုဘဝအတွက် ညစ်ညမ်းရုပ်ရှင်တွေကနေ သင်ယူဖို့ ဘာကြောင့်မသင့်တော်သလဲ။
9. နောက်ပိုင်းမှာ ချန်တြာက သူ့အရင်သူငယ်ချင်းတွေနဲ့ ဘာကြောင့် ခပ်ခွါခွါပြန်နေဖြစ်တာလဲ။
10. ချန်တြာရဲ့ အစ်ကိုကြီးရဲ့ နာမည်က ဘာလဲ။
11. ချန်တြာက ညစ်ညမ်းရုပ်ရှင်ကြည့်တာကို ဘာကြောင့် ရပ်တန့်ဖို့ ဆုံးဖြတ်ခဲ့တာလဲ။
12. ချန်တြာကို အားဖြည့်ကူညီပေးဖို့ အခြားဘယ်သူတွေရှိသေးလဲ။
13. ကြုံနေရတဲ့ စုံစမ်းခြင်းကို ကျော်လွှားနိုင်ဖို့ ချန်တြာကို သင် ဘာတွေအကြံပေးမလဲ။
14. ကလေးများ အကူအညီတောင်းနိုင်တဲ့ ဖုန်းနံပါတ်က ဘာလဲ။
15. တစ်ယောက်ယောက်က သင့်ကို မှားယွင်းတဲ့ ဒါမှမဟုတ် မလုံခြုံတဲ့ အရာတစ်ခုခုလုပ်ဖို့ ပြောရင် သင် ဘာပြန်ပြောမလဲ။
16. ချန်တြာရဲ့ ဆုံးဖြတ်ချက်တွေက သူ့ကိုယ်သူအပြင် အခြားဘယ်သူတွေကို ထိခိုက်စေနိုင်လဲ။
17. ချန်ထရာရဲ့နေရာမှာ သင်ဖြစ်နေမယ်ဆိုရင် သင် ဘယ်သူ့ဆီသွားပြီး သင့်ပြဿနာတွေကို ပြောပြမလဲ။
18. ချန်တြာက သူရရှိခဲ့တဲ့အတွေ့အကြုံတွေနဲ့ အခြားသူတွေကို အကူအညီပေးလို့ရပါပြီ။ အခြားကောင်လေးတွေကို ဘယ်လိုအကြံပေးစကားတွေ သူပြောမယ်ထင်လဲ။
19. ညစ်ညမ်းရုပ်ရှင်တွေ ကြည့်မယ့်အစား ကောင်းတဲ့အရာတွေ ဘာတွေလုပ်လို့ရပါသလဲ။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊**

(ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲ့တံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲမည့်နေရာအဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက် ဖန်တီးရေးဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)

ဒါကတော့ သင်ယူခဲ့ရတဲ့ ကျွန်ုပ်တို့ယုံကြည်ချက်စာသားထဲက အနှစ်ချုပ်သတင်းစားပဲဖြစ်ပါတယ်။ (ဆရာက စကားစုတစ်ခုချင်းစီကို ရှေ့ကတိုင်ပေးပြီး ကလေးတွေကို နောက်ကလိုက်ဆိုခိုင်းပါ။ ပြီးရင် အားလုံး အတူတူ ရွတ်ဆိုပါ။

**အဖွဲ့လှုပ်ရှားမှု၊**

အသီးအနှံသုပ် ပြုလုပ်ဖို့ စေတနာ့ဝန်ထမ်း နှစ်ယောက် လိုအပ်ပါတယ်။ ကျေးဇူးပြု၍ ငှက်ပျောသီးနဲ့ သဘော်သီးတွေကို လှီးပေးပါ (သို့မဟုတ် သင့်မှာရှိတဲ့ ဘယ်အသီးကိုမဆို လှီးပေးပါ)။

ကျေးဇူးတင်ပါတယ်၊ ထိုင်လို့ရပါပြီ။ အခု ဆရာက အသီးအနှံသုပ်ထဲကို တစ်ခုခု ထပ်ထည့်ချင်တယ်။ ဒီမှာ မြေကြီးတချို့ ရှိတယ်။ ကလေးတို့ရေ၊ အသုပ်ထဲကို မြေမှုန့်တစ်ခွက် ထည့်လိုက်ရင် ဘယ်နှယ်လဲ။ (မြေကြီး ပြည့်နေတဲ့ ခွက်ကို မြှောက်ပြပါ)။

မထည့်ချင်ဘူးလား? ဒါဆို ဇွန်းတစ်ဇွန်းစာလောက်ကော။ (ဇွန်းတစ်ဇွန်းစာ မြေမှုန့်ကို မြှောက်ပြပါ)။

မထည့်ချင်ဘူးလား? ကောင်းပြီ။ ဒါဆို အနည်းငယ်လောက် ထည့်ရင်ကော။ (မြေမှုန့်အနည်းငယ်ကို လှမ်းယူပါ)။

မထည့်ချင်ဘူးလား? မှန်တယ်။ အကောင်းဆုံး အသီးအနှံသုပ်ဆိုတာ လုံးဝ သန့်စင်နေတဲ့ အသုပ်ပါပဲ။ မင်းတို့ရဲ့ နှလုံးသားလည်း အတူတူပါပဲ။ ညစ်ညမ်းရုပ်ပုံတွေ၊ ရုပ်ရှင်တွေဆိုတာ စိတ်ထဲဘယ် တော့မှ မထည့်သင့်တဲ့ မသန့်စင်တဲ့ ဥပမာတစ်ခုပါပဲ။

ကလေးတို့ရေ၊ ညစ်ညမ်းရုပ်ပုံတွေ ရုပ်ရှင်တွေဆိုတာ မင်းတို့ စိတ်ထဲ မထည့်သင့်တဲ့ မသန့်စင်တဲ့ အရာတွေထဲက တစ်ခုပါပဲ။

ဒါဆို မင်းတို့ ကြည့်ဖို့၊ ကြားဖို့၊ လုပ်ဖို့ မသင့်တော်တဲ့ အခြား ညစ်ညမ်းတဲ့ ဒါမှမဟုတ် မကောင်းတဲ့ အရာတွေက ဘာတွေရှိမလဲ။
(ကလေးတွေ မပြောမိရင် ဆရာက ဒီအရာတွေကို ထည့်ပြောပါ - လိင်ပိုင်းဆိုင်ရာ အကြောင်းအရာတွေ၊ ရန်လိုမှုတွေပါတဲ့ တီဗီနဲ့ ရုပ်ရှင်တွေ၊ ပညတ်တော် ၁၀ ပါးကို ဖောက်ဖျက်တဲ့ အရာတွေ၊ ရန်လိုတဲ့ ဂိမ်းတွေ၊ မှော်ပညာတွေ၊ အွန်လိုင်းကနေ ဗီဒီယိုချတ်တွေမှာ ကလေးတွေနဲ့ လူကြီးတွေက ညစ် ညမ်းတဲ့အရာတွေ လုပ်နေတာ၊ စသဖြင့်)။

တီဗီ၊ ဖုန်း၊ အင်တာနက်ကဖေး၊ ဒါမှမဟုတ် သူငယ်ချင်းက ကြည့်ဖို့ ဒါမှမဟုတ် နားထောင်ဖို့ ပြောတဲ့အခါ မင်းတို့ ဘာလုပ်သင့်လဲ။
(ကလေးတွေ မပြောမိရင် ဆရာက ဒီလုပ်ဆောင်ချက်တွေကို ထည့်ပြောပါ - ပိတ်လိုက်ပါ၊ ချန်နယ်ပြောင်းလိုက်ပါ၊ စာအုပ်ကို ပိတ်လိုက်ပါ၊ "ကျေးဇူးပြုပြီး ဒါတွေ ငါမကြည့်ချင်ဘူး" လို့ ပြောလိုက်ပါ၊ ဒါမှမဟုတ် ထွက်သွားလိုက်ပါ)။

ဘုရားသခင်က မင်းတို့ရဲ့ အားလပ်ချိန်တွေမှာ ဘာလုပ်သင့်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ကောင်းတဲ့ ဆုံးဖြတ်ချက်တွေချနိုင်ဖို့ ပညာကို ပေးနိုင်ပါတယ်။ မကောင်းတဲ့ နေရာတွေနဲ့ မကောင်းတဲ့ အပြုအမူ တွေကနေ ကာကွယ်ပေးမယ့် ကောင်းတဲ့ သူငယ်ချင်းတွေကို ရွေးချယ်နိုင်တဲ့ စွမ်းရည်ကိုလည်း ပေး နိုင်ပါတယ်။

မကောင်းတဲ့ သူငယ်ချင်းတွေဆိုတာ ဘုရားရဲ့ သွန်သင်ချက်တွေကနေ မင်းကို သွေဖယ်သွားစေတဲ့ သူတွေပါ။ အင်တာနက်ပေါ်က သူငယ်ချင်းအများစုက ကောင်းတဲ့ သူငယ်ချင်းတွေ မဟုတ်ပါဘူး။ လက်တွေ့ဘဝမှာ မတွေ့ဖူးတဲ့သူတွေနဲ့ ချက်တင်လုပ်တာကို ရှောင်ပါ။ တချို့လူတွေက ရုပ်ရှင်ထဲက၊ ဗီဒီယိုဂိမ်းထဲက၊ ညစ်ညမ်းရုပ်ပုံ/ရုပ်ရှင်တွေထဲက သူတွေကို မိတ်ဆွေလို့ ထင်ကြတယ်။ ဒါတွေက တကယ့်မိတ်ဆွေတွေ မဟုတ်ပါဘူး၊ စိတ်ကူးယဉ်ထားတဲ့ အရာတွေပါ။ မင်းဒုက္ခရောက်နေတဲ့အခါ ကူညီပေးမယ့် ကောင်းတဲ့မိတ်ဆွေတွေ မဟုတ်ပါဘူး။ မကောင်းတဲ့ ဒါမှမဟုတ် စိတ်ကူးယဉ်ထားတဲ့ မိတ်ဆွေတွေနေရာမှာ ကောင်းတဲ့၊ မင်းကို ကူညီပေးမယ့် တကယ့်လူတွေနဲ့ အစားထိုးလိုက်ပါ။ ဥပမာ - သင် ဘုရားကျောင်းသွားတဲ့အခါ သင့်ပတ်ဝန်းကျင်မှာ၊ ကောင်းတဲ့ အရာတွေအကြောင်း ပြောနေတဲ့၊ သီချင်းဆိုနေတဲ့၊ အကူအညီပေးတဲ့ လူတွေနဲ့သင်တွေ့ရမှာပါ။

## ဆွေးနွေးတင်ပြရန်အချိန်

ငါတို့ မကြည့်သင့်တဲ့ အရာတစ်ခုခုကို သူများလာပြတဲ့အခါ အမြန်ဆုံးနဲ့ ဘယ်လိုမျက်နှာလွှဲရမလဲဆိုတာကို အခု သင်ယူမယ်။

ကလေးတွေ စက်ဝိုင်းကြီးပုံစံနဲ့ မတ်တပ်ရပ်ခိုင်းပါ။ ငါတို့ ဂိမ်းတစ်ခု ကစားမယ်။ ဘောလုံးက မင်းဆီရောက်လာရင် အမြန်ဆုံး သူများဆီကို ပစ်လိုက် ဒါမှမဟုတ် မြှောက်လိုက်ပါ။ ဆရာက မင်းတို့ကို ကျောခိုင်းပြီး သီချင်းဆိုနေမယ်။ ဆရာ သီချင်းဆိုတာ ရပ်လိုက်တဲ့အချိန်မှာ၊ ဘောလုံးက မင်းလက်ထဲမှာရှိနေရင် မင်းထွက်ရပါမယ် (ဆက်ဆော့လို့မရတော့ပါဘူး)။

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. ဒီဘောလုံးက မင်းတို့ တစ်နေ့တာလုံး ကြုံတွေ့ရနိုင်တဲ့ မကောင်းတဲ့ အရာတွေကို ပုံဆောင်တယ်။ မင်းတို့ မြင်ဖူး ဒါမှမဟုတ် ကြားဖူးတဲ့ မကောင်းတဲ့ အရာတွေက ဘာတွေရှိလဲ။

2. မကောင်းတဲ့အရာတွေကို ကိုင်တွယ်တတ်ဖို့ ဒီဂိမ်းကနေ မင်းတို့ကို ဘာသင်ခန်းစာပေးလဲ။ (ကျောင်းသားတွေက အဖြေတွေ ပေးကြမယ်၊ ဒါပေမယ့် ဒီအတွေးတွေကိုလည်း ထည့်သွင်းပြောပြပါ - တီဗီ ဒါမှမဟုတ် အင်တာနက်ပေါ်မှာ မကောင်းတဲ့ အရာ တစ်ခုခုမြင်ရင် ဘောလုံးလို အမြန်လွှဲပစ်သလို သင့်မျက်လုံးကို အမြန်လွှဲလိုက်ပါ။ ဒါမှမဟုတ် ဘောလုံးကို လွှင့်ပစ်လိုက်သလို မကောင်းတဲ့ပုံကို အမြန်လွှင့်ပစ်လိုက်ပါ)။

ဒီသင်ခန်းစာကို ကျွန်ုပ်ယုံကြည်ချက် စာသားလေးနဲ့ ပြန်ပြီးအနှစ်ချုပ်ကြပါစို့။ (ဆရာက အရှေ့ကနေတိုင်ပေးပြီး ကလေးများကို အနောက်က လိုက်ရွတ်ခိုင်းပါ။ ပြီးရင် အားလုံးအတူတူ ရွတ်ဆိုပါ။)

**ပြောဆိုလုပ်ဆောင်လေရာရာ၌ မိမိကိုယ်ကိုစင်ကြယ်အောင်ထိန်းသိမ်းဖို့ ကျွန်ုပ်ရွေးချယ်သည်။ ဤအရာက ကျွန်ုပ်အား ကောင်းမွန်သောအနာဂတ်ကို ရရှိစေမည်။**

အလွတ်ကျမ်းချက် — တိတု ၂:၁၄ - "ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသော ဒုစရိုက်မှ ငါတို့ကို ရွေးနှုတ်ခြင်းငှါ၎င်း၊ ကောင်းသော အကျင့်ဘက်၌ စိတ်အားကြီး၍၊ ပိုင်ထိုက်တော်မူသော အမျိုးကိုမိမိအဘို့ စင်ကြယ် စေခြင်းငှါ၎င်း၊ ကိုယ်ကို ကိုယ် စွန့်ကြဲတော်မူပြီ။"

(ဒီကျမ်းပိုဒ်ကို MEMORY MOTION လှုပ်ရှားမှုနဲ့ သင်ပေးနိုင်ပါတယ်။ ကလေးအများစုက လှုပ်ရှားရင်း သင်ယူရရင် ပိုမှတ်မိတတ်ကြပါတယ်။ ဆရာက ကျမ်းပိုဒ်ကို အပိုင်းတစ်ပိုင်းချင်းစီနဲ့ သင့်တော်မယ့် လှုပ်ရှား မှုနှင့် လက်ဟန်ခြေဟန်တွေကို လုပ်ပြပြီး ကျမ်းချက်ကို သင်ပေးပါ။)

## သင်ခန်းစာ ၁၅ – ကျမ်းစာပုံပြင်

**ဒါဝိတ်နှင့် ဗာသရှေဘ၏ ပုံပြင်**

ရုပ်ပုံပြကားချပ် 15B





*(ဆရာက ဒါဝိတ်နှင့် ဗာသရှေဘ၏ပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (၂ ဓမ္မရာဇဝင် ၁၁ နှင့် ၁၂:၁-၂၃)။ ဤပုံပြင်ကို အရေးကြီးတဲ့ အချက်တွေနဲ့ ပြောပြနိုင်ဖို့ အောက်တွင် ဥပမာပေးထားပါသည်။ ရုပ်ပုံပြကားချပ် 15B မှ ဤပုံ ၆ ပုံကို အသုံးပြုပါ။)*

ဒါဝိဒ်ဘုရင်ဖြစ်လာတဲ့အခါ၊ သူဟာတကယ်ကောင်းတဲ့ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ခဲ့တာကြောင့် အစ္စရေးနိုင်ငံဟာ ပိုမိုအင်အားကြီးလာခဲ့ တယ်။ လူတွေက သူတို့ရဲ့ဘုရင်ကို ချစ်ကြတယ်၊ သူကလည်း ဘုရားသခင်ကို ချစ်ပြီး သစ္စာရှိစွာ အမှုထမ်းခဲ့တယ်။ နှစ်များစွာကြာပြီးနောက် ဒါဝိဒ်ဘုရင်ဟာ ပိုပြီးပျင်းရိလာပြီး သူ့စစ်တပ်နဲ့အတူ စစ်မြေပြင်ကို မထွက်တော့ဘူး။

တစ်ခုသော ညနေခင်းမှာ သူဟာ သူ့နန်းတော်ထဲမှာ ဘာမှမလုပ်ဘဲ လဲလျောင်းနေတယ်။ သူထပြီး အပြားလိုက်ခင်းထားတဲ့ သူ့ရဲ့အိမ်အမိုး ပေါ်မှာ လမ်းလျှောက်ထွက်တယ်။ အောက်ကို ကြည့်လိုက်တော့ အမျိုးသမီးတစ်ယောက် ရေချိုးနေတာကို မြင်လိုက်ရတယ်။ သူမဟာ အရမ်း လှပတယ်။ သူမက သူ့ဇနီးမဟုတ်တဲ့အတွက် သူ မြန်မြန်မျက်နှာလွှဲလိုက်သင့်တယ်။ ဒါပေ မယ့် သူ ဆက်ကြည့်နေခဲ့တယ်၊ သူမရေချိုးနေတာ ကို ငေးမောကြည့်နေတယ်။

နောက်တော့ သူမအကြောင်း မေးမြန်းဖို့ လူတစ်ယောက်ကို စေလွှတ်လိုက်တယ်။ သူမရဲ့နာမည်က ဗာသရှေဘ၊ ဟိတ္တိလူမျိုး ဥရိယရဲ့ဇနီး ဖြစ်တယ်လို့ ပြောကြတယ်။ ဒါဝိဒ်ဘုရင်ဟာ အဲဒီမှာ ရပ်သင့်တယ်။ သူမက အိမ်ထောင်ရှိပြီးသားပါ။ ဘုရားသခင်ရဲ့ ပညတ်တော်နဲ့ စစ်မှန်တဲ့

ပျော်ရွှင်မှုလမ်းစဉ်အရ အိမ်ထောင်ရှိသူတစ်ယောက်ဟာ အခြားဇနီးယူတာ ဒါမှမဟုတ် ချစ်သူရှိတာမျိုး မလုပ်သင့်ဘူး။ ဒါပေမယ့် ဒါဝိဒ်ဟာ ဘုရားရဲ့ပညတ်တော်ကို ကျောခိုင်းပြီး ဒီလှပတဲ့အမျိုးသမီးလေးအတွက် သူ့ရဲ့အလိုဆန္ဒကို ဖြည့်ဆည်းဖို့ ရွေးချယ်လိုက်တယ်။

သူမရဲ့ခင်ပွန်း ဥရိယဟာ စစ်သားတစ်ယောက်ဖြစ်ပြီး အခြားစစ်သားတွေနဲ့အတူ ခရီးထွက်နေတယ်။ ဒါဝိဒ်ဘုရင်က ဗာသရှေဘ ကို ခေါ်ယူပြီး သူမနဲ့အတူ အိပ်လိုက်တယ်။ နောက်တော့ သူမကို သူ့အိမ်ကို ပြန်ပို့လိုက်တယ်။ ခဏကြာတော့ သူမက သူ့ကို ကိုယ်ဝန်ရှိနေပြီလို့ သတင်းပို့လိုက်တယ်။ အခု သူဘာလုပ်မလဲ။ သူဟာ ကြီးမားတဲ့အပြစ်တစ်ခုကို ကျူးလွန်လိုက်ပြီ။ သူဟာ ဘုရားသခင်ကို အပြစ်ဝန်ခံပြီး ပြုပြင်သင့်တယ်။ ဒါပေမယ့် သူက "ဒါကို ဘယ်လိုဖုံးကွယ်မလဲ" ဆိုတာကိုပဲ တွေးနေခဲ့မိတယ်။

ဥရိယကို အိမ်ပြန်လာလည်ဖို့ သတင်းပို့သူကို စေလွှတ်ပြီး ခေါ်စေခဲ့တယ်။ ဥရိယကို လက်ဆောင်ပေးပြီး သူ့အိမ်မှာ အချိန်ယူ ပြီးနားခိုင်းတယ်။ ဗာသရှေဘရဲ့ကလေးက ဥရိယနဲ့ရတဲ့ကလေးဆိုပြီး ပြောလို့ရဖို့ ဒါဝိတ်ကြိုးစားခဲ့တယ်။ သူဟာ သူ့အပြစ်ကို လှည့်စားမှုနဲ့ ဖုံးကွယ်ဖို့ ကြိုးစားနေတယ်။ ဒါပေမယ့် ဥရိယက ဘုရင်ရဲ့အိမ်မှာ သူ့ကျွန်တွေနဲ့အတူ အိပ်တယ်။ "ကျွန်ုပ်ရဲ့တပ်သားတွေက စစ်မြေပြင်မှာ ရှိနေတယ်။ ကျွန်ုပ်က ငါ့ဇနီးနဲ့အတူ စားသောက် အိပ်စက်လို့ မရဘူး" လို့ ပြောတယ်။

ဒါဝိဒ်ဘုရင်ဟာ အပြစ်လုပ်တာကို မရပ်ခဲ့ဘူး။ ဒီအစား ဥရိယကို သူ့စစ်သားတွေရှိတဲ့နေရာကို ပြန်ပို့လိုက်ပြီး စစ်ရှေ့တန်းတစ်နေရာမှာ ဥရိယကို ပို့ပြီးအသေခံစေဖို့ ဗိုလ်ချုပ်ကြီးဆီ စာပို့လိုက်တယ်။ အဲဒီအတိုင်း ဖြစ်သွားခဲ့တယ်။ ဒါဟာ ဆိုးယုတ်တဲ့အမှုပါ။ ဒါနဲ့ ဒါဝိဒ်ဘုရင်က ဗာသရှေဘကို ဇနီးအဖြစ် ယူလိုက်ပြီး သားလေးတစ်ယောက် မွေးလာတယ်။ ဒါဝိဒ်ပြုတဲ့အမှုကို ဘုရားသခင် နှစ်သက်တော်မမူပါ။ ကလေး နေမကောင်းဖြစ်လာတယ်။ ကလေးငယ် ပြန်ကျန်းမာလာဖို့ ဒါဝိဒ်က ဘုရားသခင်ထံ ဆုတောင်း တယ်၊ ဒါပေမယ့် ကလေးက သေသွားတယ်။ ဒါဝိဒ်ဟာ သူကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် တကယ့်ကို နောင်တရလာတယ်။ သူ့ကို ခွင့်လွှတ်ဖို့နဲ့ အဲဒီလိုမျိုး နောက်ထပ်မလုပ်မိအောင် စိတ်နှလုံးအသစ်ပေးဖို့ ဘုရားသခင်ထံ သူ ဆုတောင်းခဲ့တယ် (ဆာလံ ၅၁ မှာ သူ့ဆုတောင်းကို ဖတ်ပါ)။

ဒါဝိဒ်ဟာ အရမ်းဆိုးတဲ့အမှုတစ်ခုကို ကျူးလွန်ခဲ့ပေမယ့် ဘုရားသခင်က သူ့ကို ဆက်ချစ်နေတယ်၊ ငါတို့တွေ အပြစ်လုပ်တဲ့အခါ ဘုရားသခင်က ငါတို့ကို ဆက်ချစ်နေသလိုပေါ့။ ဒါဝိဒ်ဘုရင်က ဘုရားသခင်ကို ခွင့်လွှတ်ဖို့နဲ့ သူ့စိတ်နှလုံးကို ပြောင်းလဲပေးဖို့ ဆု တောင်းလိုက်တဲ့အခါ ဘုရားသခင်က ဝမ်းမြောက်စွာနဲ့ ခွင့်လွှတ်လိုက်တယ်။ ဒါပေမယ့် သူဟာ အဝတ်အစား မပြည့်စုံတဲ့ အမျိုး သမီးတစ်ယောက်ကို ကြည့်နေမိခဲ့တာနဲ့ သူ့ဇနီးမဟုတ်သူနဲ့ အိပ်မိခဲ့တာကြောင့် ဒုက္ခအများကြီး ဖြစ်ပေါ်လာခဲ့တယ်။ နောက်ပိုင်း မှာ သူ့သားနှစ်ယောက်ကလည်း သူတို့ဖခင်လိုပဲ အပြစ်တွေ ကျူးလွန်ကြတယ်။ တစ်ယောက်သောသူရဲ့ သစ္စာမဲ့မှုကြောင့် တစ် နိုင်ငံလုံး ပြဿနာတွေ ကြုံခဲ့ရတယ်။ ဒါဝိဒ်ဘဟာ စင်ကြယ်စွာနဲ့ ဘုရားသခင်ကို လိုက်နာခဲ့ရင် ပိုကောင်းခဲ့မှာပါ။

သင့်မှာ ဘယ်လိုမကောင်းတဲ့အကျင့် ဒါမှမဟုတ် အပြစ်တွေ ရှိနေပါစေ၊ ဘုရားသခင်က သင့်ကို သန့်စင်ပေးပြီး ခွင့်လွှတ်ချင်နေပါတယ်။ ဒါပေမယ့် သူက သင့်ကို ဒီလိုအရာတွေ မလုပ်မိစေဖို့နဲ့ စင်ကြယ်စွာနေနိုင်ဖို့လည်း ကူညီပေးချင်ပါတယ်။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားခိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြခိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေမျှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှခိုင်းပါ။)

1. ဒါဝိဒ်ဘုရင်အနေနဲ့ ဘာမကောင်းတဲ့အမှုတွေလုပ်ခဲ့လဲ။
2. ဒီစုံစမ်းခြင်းကို ကျော်လွှားအောင်နိုင်ဖို့ သူဘာတွေလုပ်ခဲ့သင့်သလဲ။
3. ကလေးတော်တော်များများ ရင်ဆိုင်နေကြတဲ့ စုံစမ်းခြင်းတွေက ဘာတွေဖြစ်မလဲ။
4. ဒီစုံစမ်းခြင်းတွေကို ကျော်လွှားအောင်မြင်နိုင်ဖို့ မျောက်သုံးကောင်သင်ခန်းစာကနေ ကျွန်ုပ်တို့ဘာသင်ခန်းစာတွေ ရယူနိုင်မလဲ။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၃၅ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ပြောဆိုလုပ်ဆောင်လေရာရာ၌ မိမိကိုယ်ကိုစင်ကြယ်အောင်ထိန်းသိမ်းဖို့ ကျွန်ုပ်ရွေးချယ်သည်။ ဤအရာက ကျွန်ုပ်အား ကောင်းမွန်သောအနာဂတ်ကို ရရှိစေမည်။**

(ဆရာ/မ က အောက်တွင်ဖော်ပြထားသည့် စာပိုဒ်ကို ဖတ်ပြရမည်ဖြစ်ပြီး၊ ကျောင်းသားများက မိမိတို့၏ နေ့စဉ်မှတ်တမ်းစာ အုပ်ကိုဖွင့်ပြီး နောက်ကလိုက်ဖတ်ဖို့ဖြစ်သည်။)

သင့်ရဲ့ နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၃၆ ကိုဖွင့်ပါ။

(ဆရာက Purity Commitment စင်ကြယ်ခြင်းကတိကဝတ်စာသားကို ရှေ့က တိုင်ပေးပြီး ကျောင်းသားများက နောက်ကနေ လိုက်ဖတ်ဖို့ ဖြစ်သည်။ ထို့နောက် ကျောင်းသားတစ်ဦးချင်းစီတို့အား သူတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင်ပါရှိသည့် ထိုကတိက ဝတ်စာသားကို လက်မှတ်ထိုးပြီး ရက်စွဲထည့်ကြဖို့ကို အားပေးနိုးဆော်ပေးပါ။)

စင်ကြယ်ခြင်းကတိကဝတ်

လိင်နှင့်ဆိုင်သောအရာ၊ ကြမ်းကြုတ်သောအရာ၊ သရဲတစ္ဆေဇာတ်လမ်း စသည်တို့ကို မကြည့်ပဲနေခြင်းဖြင့် ကျွန်ုပ်၏စိတ်ကို ကိုယ်တော်၏ အကူအညီဖြင့် စင်ကြယ်စေပါမည်။ အိမ်ထောင်မကျမှီတွင် လိင်ဆက်ဆံခြင်းမပြုပဲနေခြင်းဖြင့် ကျွန်ုပ်၏စိတ်နှင့် ခန္ဓာကိုစင်ကြယ်စေပါမည်။

အမည် ________________________ ရက်စွဲ ______________________

သင့်ရဲ့ နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၃၇ ကိုဖွင့်ပါ။ သင့်စင်ကြယ်ခြင်းကတိကဝတ်ကို စောင့်ထိန်းနိုင်ဖို့ရန်အတွက် သင်လုပ်ဆောင်မည့် အရာတစ်ခု စာဖြင့်ဖြစ်စေ၊ ပုံဖြင့်ဖြစ်စေ ရေးသားဖော်ပြပါ။

သင့်ရဲ့နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၃၈ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခု ကို သင် ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အပိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှုလိုက်ပါ။ ထို့နောက် သင့် ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

အားလုံး အပိုင်းပုံစံထိုင်ကြရအောင်။ လုပ်ဆောင်ချက် သုံးခုရှိမှာဖြစ်ပြီးတော့၊ ဆရာက အကြောင်းအရာတစ်ခုပြောပြလိုက်တဲ့အ ခါ မင်းတို့က လုပ်ဆောင်ချက်သုံးခုထဲက တစ်ခုကို ရွေးချယ်ရမှာဖြစ်ပါတယ်။ ၁) မျက်လုံးကို အုပ်မယ်၊ ၂) နားကို အုပ်မယ်၊ ၃) ပါးစပ်ကို အုပ်မယ်။

A). တစ်ယောက်ယောက်က မင်းကို အရက်တိုက်တယ်။
B). တစ်ယောက်ယောက်က မကောင်းတဲ့သီချင်းတွေ ဖွင့်ပြတယ်။
C). တစ်ယောက်ယောက်က ဖုန်းပေါ်မှာ ညစ်ညမ်းတဲ့အရာတွေ ပြတယ်။
D). တစ်ယောက်ယောက်က မကောင်းတဲ့စကားတွေ အော်ပြောတယ်။
E). တစ်ယောက်ယောက်က မင်းကို ရိုင်းစိုင်းတဲ့ရုပ်ရှင်ကြည့်ဖို့ ဖိတ်တယ်။
F). တစ်ယောက်ယောက်က မင်းကို စီးကရက်ပေးတယ်။
G). တစ်ယောက်ယောက်က မင်းကို "အရူးကောင်!" လို့ ခေါ်တယ်။

## ၃။ အပိတ်ဆုတောင်းချက် (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

ချစ်သောသခင်ယေရှု၊ ဖျော်ဖြေမှုများသည် အမြဲတမ်းစင်ကြယ်ပြီး ကောင်းမွန်ခြင်းမရှိကြောင်း ကျွန်ုပ်သိရပါ၏။ ကျွန်ုပ်ကိုယ်ကို စင်ကြယ်စွာ ထားရှိနိုင်ရန် ကိုယ်တော်ရဲ့အကူအညီလိုအပ်ပါတယ်။ စုံစမ်းခြင်းများစွာရှိပါတယ်။ ကျန်းမာသန်စွမ်းပြီး မှန်ကန် သောရွေးချယ်မှုများပြုလုပ်နိုင်ရန် ကျွန်ုပ်ကို ကူညီပါ။ သို့မှသာ ရပ်ရွာတစ်ခုလုံးအတွက် ကျွန်ုပ်သည် ပုံသက်သေကောင်းဖြစ်နိုင် ပါမည်။ ယေရှု၏နာမတော်၌ ဆု တောင်းပါ၏။ အာမင်။

# သင်ခန်းစာ ၁၆ - အနိုင်ကျင့်သူကို မည်သူမျှမနှစ်သက်ပါ။

| | |
|---|---|
| **သင်ခန်းစာ ၁၆ အဓိကအကြောင်းအရာ** | အနိုင်ကျင့်ခြင်း - အနိုင်ကျင့်ခြင်းဆိုတာ ဘာလဲ၊ အဲဒါကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• အကူအညီတောင်းရမည့်အချိန်ကို သိရှိနိုင်မည့်နည်းလမ်း။<br>• အနိုင်ကျင့်မှုကို ရပ်တန့်ရန် ကိုယ့်ကိုယ်ကိုယုံကြည်မှုနှင့် ပေါင်းသင်းဆက်ဆံရေးပညာ။<br>• အနိုင်ကျင့်သူများနှင့် ဝေးဝေးနေပြီး မိတ်ဆွေတစ်ယောက်နှင့်အတူ အမြဲတမ်းမည်ရှိနေနိုင်မည့်နည်းလမ်း။<br>• မကောင်းမှုကို အကြင်နာတရားနှင့်တုန့်ပြန်ပြီး အနိုင်ကျင့်သူများအတွက် ဆုတောင်းပေးသည့်နည်းလမ်း။ |
| **သတင်းစကား** | ကျွန်ုပ်သည် တိုက်ခိုက်မှုပြန်မလုပ်ဘဲ ပြဿနာနေရာကနေ ရှောင်ထွက် နိုင်ပါတယ်။ ယေရှုခရစ်တော်သည် ကျွန်ုပ်၏ ရန်သူများကို ခွင့်လွှတ်နိုင်ရန် ကူညီပေး နိုင်ပါတယ်။ ကျွန်ုပ်သည် စိတ်ဆိုး၊ ဒေါသထွက်နေစရာ မလိုပါ။ မုန်းတီးစိတ်လည်း မထား ရန်မလိုပါ။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ၊<br>• လက်ဖြင့်ပုံရေးဆွဲရာတွင် အသုံးပြုနိုင်မည့် စက္ကူ<br>• ဒေါသမျက်နှာပါသော ပူဖောင်း (ဒေါသမျက်နှာရေးဆွဲထားသော ကြီးမားသည့်ပူဖောင်း)<br>• ဆင်နှင့်ကြွက်ပုံပါသော ကတ်ပြားပြုလုပ်ပါ (သင်ခန်းစာအဆုံးတွင် ပါဝင်သောပုံ)<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• ပဏာမသီချင်း (Theme Song)<br>• အဖွဲ့လိုက်ပုံရေးဆွဲခြင်းအတွက် လိုအပ်သည့် ပုံဆွဲကိရိယာများ<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ် |
| **ပြင်ဆင်ချက်** | ကျွန်ုပ်ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။ |

**ကောင်းသောဆုံးဖြတ်ချက်များချရန် ကူညီနိုင်မည့် သူငယ်ချင်းများကို ရွေးချယ်မည်။ ပြန်လည်တိုက်ခိုက်မည့်အစား အဝေးသို့ရှောင်ထွက်ရန် ကျွန်ုပ်သင်ယူနိုင်သည်။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

### ၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့အပတ်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ စင်ကြယ်စွာနေထိုင်ခြင်းသင်ခန်းစာထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျမ်းပိုဒ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ပြောဆိုလုပ်ဆောင်လေ့ရှိရာ၌ မိမိကိုယ်ကိုစင်ကြယ်အောင်ထိန်းသိမ်းဖို့ ကျမ်းပိုဒ်ရွေးချယ်သည်။ ဤအရာက ကျမ်းပိုဒ် အား ကောင်းမွန်သောအနာဂတ်ကို ရရှိစေမည်။**

### ၂။ ပဏာမသီချင်း (Theme Song)

### ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ကလေးတစ်ဦးချင်းစီတို့အား မိမိတို့လက်ဝါးတစ်ဖက်ကို စာရွက်ပေါ်တင်ခိုင်းပြီး ကျန်လက်တစ်ဖက်ဖြင့် ခဲတံ(သို့)ဘောပင်ကို သုံးပြီး မိမိတို့၏လက်ဝါးပုံကိုဆွဲခိုင်းပါ။ ကလေးများအား၊ အခြားသူများကို ကြင်နာစွာပြုမူနိုင်သည့် နည်းလမ်းများအကြောင်း စဉ်းစားခိုင်းပါ။ သူတို့၏အိုင်ဒီယာများကို လက်ပုံထဲရှိ လက်ချောင်းတစ်ခုစီပေါ်တွင် ရေးခိုင်းပါ။ ပြီးလျှင် ထိုအိုင်ဒီယာများထဲမှ အချို့ကို အတန်းထဲတွင် မျှဝေပါ။ လက်ပုံများကို ညှပ်ထုတ်၊ အလှဆင်ပြီး နံရံတွင် ချိတ်ဆွဲထားနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကြင်နာစွာပြုမူတတ်ရန် နှိုးဆော်ပေးမည့် အမှတ်အသားတစ်ခုဖြစ်လာမည်။ အငယ်တန်းကလေးများအတွက်ကတော့ လက်ဝါး ပုံထဲမှာ အသဲပုံဆွဲခိုင်းတာ၊ ချစ်ခြင်းမေတ္တာလို့ရေးခိုင်းတာ၊ ဒါမှမဟုတ် ကြင်နာစွာပြုမူနိုင်တဲ့နည်းလမ်းတွေကို ပုံ ဆွဲခိုင်းတာတွေ လုပ်လို့ရပါတယ်။)

လူတိုင်းဟာ ဘဝတစ်လျှောက်မှာ မောင်နှမတွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေရဲ့ စနောက်မှုကို တစ်ခါတလေ ခံဖူးကြမှာပါ။ ဒါဟာ ပျော်စရာသဘောနဲ့ ဖော်ရွေစွာလုပ်တာဆိုရင် ပုံမှန်ပါပဲ။ ဒါပေမယ့် စနောက်တာဟာ နာကျင်စေတဲ့၊ မသက်မသာဖြစ်စေ တဲ့အဆင့်ကို ရောက်သွားရင်တော့ အဲဒါကို အနိုင်ကျင့်တာလို့ ခေါ်ပါတယ်။ ကလေးတစ်ယောက်ဟာ တစ်စုံတစ်ယောက်က ရိုက်နှက်တာ၊ မညှာမတာစနောက်တာမျိုးတွေခံနေရရင် သူ့အတွက် ပျော်စရာမကောင်းတော့ပါဘူး။ မိဘတွေတောင် ကလေး တွေကို ဒဏ်ရာရစေတဲ့အထိ ရိုက်နှက်တာမျိုး ဘယ်တော့မှ မလုပ်သင့်ပါဘူး။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားခိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန် အလှန် ဝေမျှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှခိုင်းပါ။)

1. မင်းကို မင်းထက်ကြီးတဲ့ကလေးတွေ ဒါမှမဟုတ် တခြားလူတွေက စနောက်ပြီး နာကျင်အောင်လုပ်ဖူးလား။
2. သူတို့က မင်းကို ဘာတွေလုပ်ခဲ့တာလဲ ဒါမှမဟုတ် ဘာတွေပြောခဲ့တာလဲ။
3. မင်းဘယ်လိုခံစားခဲ့ရလဲ။
4. မင်းဒီပြဿနာကို ဘယ်လိုဖြေရှင်းခဲ့လဲ။
5. ဆရာတွေနဲ့ မိဘတွေက ဒီလိုအရာတွေမဖြစ်အောင် ဘာတွေလုပ်ပေးနိုင်မယ်လို့ မင်းထင်လဲ။
6. ဒီလိုအရာတွေဖြစ်လာရင် မင်းဘာလုပ်သင့်လဲ။

(ကလေးတွေရဲ့အဖြေထဲမှာ အောက်ကပေးထားတဲ့အချက်တွေမပါသေးရင် အဲဒီအချက်တွေကို ထည့်သွင်းပြောပေးပါ။) ပြဿနာကိုဖြေရှင်းဖို့ ပြန်တိုက်ခိုက်တာဟာ ဘယ်တော့မှ မှန်ကန်တဲ့နည်းလမ်းမဟုတ်ပါဘူး။ ဒါပေမယ့် ရဲရဲရင့်ရင့်နဲ့ ထုတ်ဖော် ပြောဆိုတာကတော့ ကောင်းတဲ့နည်းလမ်းပါ။ ပြဿနာရှာသူကို မျက်လုံးချင်းဆုံပြီး ပြတ်ပြတ်သားသားပြောပါ။

"ရပ်လိုက်စမ်း!" ဒါမှမဟုတ် "ငါ့ဒါကိုမကြိုက်ဘူး!" ဒါမှမဟုတ် "ထွက်သွား!" စသည်ဖြင့် ပြောပြီးရင် သင်ရှောင်ထွက်သွားပါ။ တခြားသူငယ်ချင်းတွေနဲ့ အတူနေပြီး အနိုင်ကျင့်တဲ့သူကို လျစ်လျူရှုထားပါ။ အကယ်၍ အနိုင်ကျင့်တဲ့သူက မင်းစကားကို နား မထောင်ဘဲ ရုပ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင်ဆက်လုပ်နေရင် လူကြီးတစ်ယောက်ကို အသိပေးပါ။ နောက်ထပ်ကောင်းတဲ့နည်းလမ်းကတော့ ဖြစ်နိုင်သမျှ ကြင်နာစွာပြုမူပါ။ ရန်သူ့အတွက် ဆုတောင်းပေးပါ။ ဆုတောင်းပြီး ကြင်

နာစွာပြုမူတဲ့အခါ အံ့ဖွယ်အရာတွေ ဖြစ်ပေါ်လာတတ်ပါတယ်။ အကယ်၍ မိဘတွေက မင်းကိုရိုက်နှက်နေရင် ဆရာတွေ၊ သင်းအုပ်ဆရာတွေ ဒါမှမဟုတ် ရဲအရေးပေါ်လိုင်း 199 ကို ဆက်သွယ်ပါ။

## သင်ခန်းစာ ၁၆ – ဘဝပုံပြင်

**ဒါရာနှင့် ဆိုခါတို့၏ပုံပြင်**

ရုပ်ပုံပြကားချပ် 16A





*ဆရာက ဒါရာနှင့် ဆိုခါတို့၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ကလေးများအား ရုပ်ပုံပြကားချပ် 16A တွင်ပါရှိသည့် ပုံ ၇ ပုံကို ပြသပေးရမည်။*

ဒီပုံပြင်ကိုနားထောင်နေရင်း၊ မင်းတို့ရဲ့အတန်းထဲမှာ ပုံပြင်ထဲကအဖြစ်မျိုး ဖြစ်လာခဲ့ရင် ဘယ်လိုဖြစ်မလဲ မြင်ယောင်ကြည့်ပါ။

ပူပြင်းတဲ့နေ့လေး တစ်နေ့မှာ ကျောင်းသား ၄၅ ယောက်ပြည့်နေတဲ့ အတန်းထဲမှာ လူတိုင်းဟာ ပင်ပန်းနွမ်းနယ်ပြီး စိတ်ဖိစီးနေပုံ ပေါက်နေတယ်။ Dara (ဒါရာ) နဲ့ Sokha (ဆိုခါ) ဆိုတဲ့ ကောင်လေးနှစ်ယောက်ဟာ ထောင့်တစ်နေရာမှာ ကပ်ပြီးငိုနေကြတယ်။ "ဘာဖြစ်တာလဲ" လို့ ဆရာမက မေးတယ်။ သူတို့က ဘာမှမပြောဘူး။ ဆရာမက တခြားကျောင်းသားတွေဆီသွားပြီး ဘာဖြစ်နေတာလဲဆိုတာ သိလားလို့မေး တယ်။ ဘယ်သူမှ စကားမပြောဘူး။ ဒါပေမယ့် လူတိုင်းက ဘာဖြစ်နေတယ်ဆိုတာ သိနေ တယ်။ Gun (ဂန်) ဆိုတဲ့ ကောင်လေးတစ်ယောက်က နေ့တိုင်းလိုလို Dara နဲ့ Sokha ကို စနောက်တယ်၊ ရိုက်နှက်တယ်၊ သူတို့ ရဲ့အိမ်စာတွေနဲ့ အဖြေတွေကို ခိုးယူတယ်။ Dara နဲ့ Sokha တို့က ဆင်းရဲတဲ့မိသားစုက ဖြစ်ပြီး Gun က အစိုးရအရာရှိကြီးတစ် ယောက်ရဲ့သားဖြစ်တယ်။

နောက်တစ်နေ့မှာ ဆရာမက ကျောင်းကိုရောက်လာတဲ့အချိန်မှာ ကျောင်းခန်းထဲအရင်မဝင်သေးပဲ အပြင်မှာရပ်နေတယ်။ Gun က Dara ရဲ့ကျောပိုးအိတ်ကို ဆွဲပြီး သူ့ကိုမြေပြင်ပေါ်တွန်းချလိုက်တာရယ်၊ Dara ရဲ့စာရွက်တွေကို ထုတ်လိုက်တာရယ်၊ ပြီးရင် Dara ကို ကျောပိုး အိတ်နဲ့ ပစ်ပေါက်လိုက်တာရယ် စတာတွေကို ဆရာမ မြင်လိုက်ရတယ်။

ဒါကိုမြင်ပြီး၊ ဆရာမက ကျောင်းသားတိုင်းကို အိမ်စာတစ်ခုပေးလိုက်တယ်။ ပလတ်စတစ်အိတ်တစ်လုံးယူပြီး နောက် ၁၀ ရက်အတွင်း တစ် ရက်ကို ခရမ်းချဉ်သီးတစ်လုံးစီ ထည့်လာရမယ်။ သူတို့သွားတဲ့နေရာတိုင်းမှာ ဒီအိတ်ကို ယူသွားရမယ်။ အိပ်တဲ့ အချိန်၊ ကျောင်းသွားတဲ့အချိန်၊ ရေချိုးတဲ့အချိန်၊ ထမင်းစားတဲ့အချိန်၊ အိမ်သာတက်တဲ့အချိန်တွေမှာတောင် ဒီအိတ်ကို ဘယ် တော့မှ ချန်မထားခဲ့ရဘူး။

ပထမနေ့မှာ ကလေးတွေက သူတို့ရဲ့ခရမ်းချဉ်သီးတွေကို အိတ်ထဲထည့်ပြီး ကျောင်းကိုယူလာကြတယ်။ သူတို့အားလုံးက ပျော်နေကြတယ်။ ဒီတာဝန်က လွယ်တယ်လို့ ထင်နေကြတယ်။ ဒါပေမယ့် ၅ ရက်မြောက်နေ့မှာ ခရမ်းချဉ်သီးတွေ ပုပ်သိုးလာတဲ့အနံ့ကြောင့် သူတို့တွေ ညည်း ညူကြတယ်။ "ဆရာမ၊ အဟောင်းတွေကို အရင်လွှင့်ပစ်လို့ရလား" လို့ မေးကြတယ်။ "မရဘူး!" လို့ ဆရာမက ပြတ်ပြတ်သားသားပြော လိုက်တယ်။ "တစ်ယောက်ယောက်က အဟောင်းတွေကို လွှင့်ပစ်ပြီး အသစ်တွေနဲ့ ပြန်စရင် ဒီအိမ်စာအတွက် သုည ပဲရမယ်။ မင်းတို့ ညာနေ တာ ဆရာမ မိသွားရင်တော့ မင်းတို့မလွယ်ဘူးသာမှတ်" လို့ သတိပေးလိုက် တယ်။ ၁၀ ရက်ပြည့်သွားတဲ့အခါမှာ ကျောင်းသားတွေသာမက သူတို့မိသားစုတွေပါ ပုပ်သိုးနေတဲ့ခရမ်းချဉ်သီးအိတ်တွေရဲ့ အနံ့ဆိုးကြောင့် စိတ်ညစ်နေကြရတယ်။

"ငါဘာကြောင့် မင်းတို့ကို ဒီလိုအိမ်စာပေးတာလဲဆိုတာ သိကြလား။" လို့ ဆရာမက မေးတယ်။ "ငါတို့ရဲ့သူငယ်ချင်း Dara နဲ့ Sokha တို့ ဟာ နေ့တိုင်းလိုလို ငိုနေကြတယ်။ မင်းတို့ထဲက အများစုက သူတို့ငိုရတဲ့အကြောင်းကို သိနေကြတယ်။ ဒါပေမယ့် မင်းတို့ထဲက တစ်ယောက် မှ သူတို့ကို ကူညီဖို့ စကားမပြောခဲ့ကြဘူး။ Gun က သူတို့ရဲ့စာရွက်တွေကို ခိုးယူပြီး ခြိမ်းခြောက်တဲ့ အခါ မင်းတို့အားလုံးက တိတ်ဆိတ်နေ ပြီး ပြောဖို့ကြောက်နေကြတယ်။"

"ငါက မင်းတို့ကို ၁၀ ရက်အတွင်း ခရမ်းချဉ်သီးတွေ ထည့်ခိုင်းတယ်။ ဒီအိမ်စာက လွယ်ကူခဲ့လား" လို့ ဆရာမက မေးတယ်။ တစ်တန်းလုံးက အနံ့ဆိုးတွေနဲ့ မိဘတွေပါ စိတ်ညစ်နေတဲ့အကြောင်း ညည်းညူကြတယ်။

ဆရာမက ဆက်ပြောတယ်၊ "မင်းတို့ရဲ့သူငယ်ချင်းတွေ နာကျင်တာ၊ ဝမ်းနည်းတာ၊ ဒါမှမဟုတ် အနိုင်ကျင့်ခံရတာကို မင်းတို့ မြင်ချင်မှာ မဟုတ်ဘူးလေ၊ ဟုတ်တယ်မလား၊" ကလေးများ ခေါင်းငုံ့သွားကြတယ်။ "ငါတို့ဟာ တစ်ယောက်ကိုတစ်ယောက် ကူညီဖို့လိုတဲ့အဖွဲ့ဖြစ်တယ် ဆိုတာကို မင်းတို့ရဲ့အနံ့ဆိုးတဲ့ခရမ်းချဉ်သီးတွေက သတိပေးပါစေ။ တစ်ယောက်ယောက်က မကောင်းတာလုပ်နေတာကို မင်းတို့မြင်ပြီး သူတို့ကို ကောင်းတာနဲ့အနိုင်ယူဖို့ ဘာမှမပြောဘဲနေရင် အတန်းတစ်ခုလုံးက မကောင်းတဲ့နာမည်ရလာမယ်။ တခြားကလေးတွေက ဒီမှာလာပြီး သင်ယူချင်မှာမဟုတ်ဘူး။ မင်းတို့က မှားနေတာကို ရဲရဲဝံ့ဝံ့နဲ့ ဟန့်တားဖို့ မဆုံးဖြတ်ရင် မင်းတို့တွေပါ မကောင်းတာတွေသင်ယူမိလိမ့်မယ်။ ပြီးတော့ မင်းတို့ရဲ့မိဘတွေရော၊ မင်းတို့မကောင်း တာလုပ်နေတာကို သူတို့မြင်ရင် ပျော်ကြမှာလား။ ဘုရားသခင်ရော ဘယ်လိုဖြစ်မလဲ။ ငါတို့ တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ခြင်းအားဖြင့် သူ့ကို ပျော်ရွှင်စေကြရအောင်။"

**အဖွဲ့လိုက်ပုံဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲ့တံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲ မည့်နေရာအဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက် ဖန်တီးရေးဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)

**သရုပ်ပြခြင်း၊** (ဒေါသမျက်နှာပြပူဖောင်း (ဒေါသမျက်နှာပုံဆွဲထားတဲ့ပူဖောင်း) ဒါမှမဟုတ် ရုပ်သေးရုပ်ကို အသုံးပြုပါ။ အုပ်စုလိုက်ထိုင်ပြီး ဒေါသပူဖောင်း (ဒါမှမဟုတ် ရုပ်သေးရုပ်) ကို အသုံးပြုကာ ကလေးတစ်ယောက်ကိုရွေးပါ။ ပူဖောင်းရုပ်က သူ့ကိုအနိုင်ကျင့်စကားပြောသလို ပြောပေးလိုက်ပါ။ ပြီးလျှင် ထိုကလေးကို ထခိုင်းပြီး ပူဖောင်း (ဒါမှမဟုတ် ရုပ်သေးရုပ်) ကို မျက်နှာချင်းဆိုင်ကြည့်ခိုင်းကာ "ကျေးဇူးပြုပြီး ဒီလိုမလုပ်ပါနဲ့။ ဒါက ပျော်စရာမကောင်းဘူး" လို့ ပြောခိုင်းပါ။ ပြီးရင် ပူဖောင်း(သို့) အရုပ်အား မိမိနှစ်သက်ရာ အခြားသူတစ်ဦးထံ ပေးခိုင်းလိုက်ပါ။ ပူးဖောင်းရသည့် ကလေး ထံသို့ ဆရာကသွားပြီး ရှေ့ကနည်းအတိုင်းလုပ်ပေးပါ။ အကယ်၍ ဒေါသပူဖောင်း (ဒါမှမဟုတ် ရုပ်သေးရုပ်)က ဒီကလေးဆီကို ဒုတိယအကြိမ် ဒါမှမဟုတ် တတိယအကြိမ် ပြန်ရောက်လာရင်၊ ကလေးအား ဆရာ (အခန်းထဲက နောက်ထပ်တခြားဆရာတစ်ဦး)ထံ သွားခိုင်းပြီး ဖြစ်နေတဲ့အကြောင်းကို တိုင်ကြားခိုင်းပါ။ ဆရာက နားထောင်ပြီး သူ့ဆီကိုလာတဲ့အတွက် သတ္တိရှိကြောင်း အားပေးပါ။ ပြီးရင် ကျောင်းသားတွေကို ဒီမေးခွန်းတွေမေးပါ။)

ဒေါသပူဖောင်း (ဒါမှမဟုတ် ရုပ်သေးရုပ်) ကို ဓားနဲ့ထိုးပြီး ပေါက်ဖို့ ကြိုးစားသင့်လား။
ငါတို့အားလုံး ဒေါသပူဖောင်း (ဒါမှမဟုတ် ရုပ်သေးရုပ်) ကို ဝိုင်းချုပ်ပြီး လက်သီးနဲ့ဝိုင်းထိုးသင့်လား။
အကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့ တုံ့ပြန်တာဟာ ဘယ်တော့မှ မှန်ကန်တဲ့နည်းလမ်းမဟုတ်ပါဘူး။

(အဆုံးသတ်မှာ တစ်ယောက်ကိုတစ်ယောက် "မင်းကောင်းတယ်၊ တော်တယ်" ဆိုပြီး လက်ဆွဲနှုတ်ဆက်ခိုင်းပါ။ ကျောင်းသားတွေကို သူတို့ရဲ့ပြဿနာတွေအပေါ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်မယ့် စွမ်းရည်တွေကို သူတို့သင်ယူမိပြီးဆိုတဲ့အကြောင်းနဲ့၊ လိုအပ်တဲ့အခါ အကူအညီတောင်းဖို့ သူတို့မှာ သတ္တိရှိလာ ကြောင်း ပြောပြပေးပါ။)

အရေးကြီးတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို ဒီမှာရေးချပြထားတယ်။ (ဆရာက စာကြောင်းတစ်ခု ပြီးတစ်ခု ရှေ့ကတိုင်ပေးပြီး ကလေးများကို နောက်မှ လိုက်ရွတ်ခိုင်းပါ။ ထို့နောက် အားလုံးအတူတူ ရွတ်ခိုင်းပါ။)

**ကောင်းသောဆုံးဖြတ်ချက်များချရန် ကူညီနိုင်မည့် သူငယ်ချင်းများကို ရွေးချယ်မည်။ ပြန်လည်တိုက်ခိုက်မည့်အစား အဝေးသို့ရှောင်ထွက်ရန် ကျွန်ုပ်သင်ယူနိုင် သည်။**

**အဖွဲ့ငယ်လှုပ်ရှားမှု၊** ဒါကဆင်နဲ့ကြွက်ရဲ့ပုံပါ။ ဒီသတ္တဝါနှစ်ကောင်ကြားက ထင်ရှားတဲ့ကွာခြားချက်ကဘာလဲ။ အရွယ်အစားပါပဲ။ ကြွက်က သေးငယ်တဲ့ပြဿနာတွေကို ကိုယ်စားပြုပြီး၊ ဆင်ကတော့ ကြီးမားတဲ့ပြဿနာ တွေကို သတိပေးနေပါတယ်။ ကြွက်အရွယ် ပြဿနာတွေကို သူတို့ကို "ရပ်လိုက်!" လို့ ပြတ်ပြတ် သားသားပြောပြီး ကိုယ်တိုင်ဖြေရှင်းသင့်ပါတယ်။ ပြီးရင် ထွက်သွားလိုက်ပါ။ ဒါပေမယ့် ဆင်အရွယ် ပြဿနာတွေကတော့ လူကြီးတစ်ယောက်ယောက်ရဲ့ ကူညီမှုလိုအပ်ပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေမျှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှနိုင်းပါ။)

1. ဘယ်လိုပြဿနာတွေကို သေးငယ်တယ်လို့ သတ်မှတ်ပြီး ကိုယ်တိုင်ဖြေရှင်းနိုင်မလဲ။ (ဒီပြဿနာတွေကို ဘုတ်ပေါ်မှာ စာရင်းပြုစုပါ။)
2. ဘယ်အချိန်မှာ ဆရာမ ဒါမှမဟုတ် လူကြီးတစ်ယောက်ဆီကနေ အကူအညီယူသင့်လဲ။ (ပိုပြီးကြီးမားတဲ့ပြဿနာတွေကို ဘုတ်ပေါ်မှာ နောက်ကော်လံတစ်ခုအနေနဲ့ စာရင်းပြုစုပါ။)

(အုပ်စုငယ်လေးတွေခွဲပြီး ဘုတ်ပေါ်မှာရေးထားတဲ့ပြဿနာတွေထဲက တစ်ခုကို ရွေးပြီး သရုပ်ဆောင်ကြည့်ပါ။ လိုအပ်ရင် ကူညီပေးဖို့ အဆင်သင့်ဖြစ်နေပါ။ သရုပ်ဆောင်ပြလိုသူများကို ရှေ့ကိုလာနိုင်းပြီး သရုပ်ဆောင်ခွင့်ပေးပါ။)

**ကျမ်းချက်၊** သုတ္တံကျမ်း။ ၂၂:၂၄ - "စိတ်တိုသောသူကို မိတ်ဆွေမဖွဲ့နှင့်။ အမျက် ပြင်းထန်သော သူနှင့် အတူမလိုက်နှင့်။"

(ACT OUT နည်းလမ်းကို အသုံးပြုပြီး ဆရာ/မက ဤကျမ်းချက်ကို သင်ပေးနိုင်သည်။ မှတ်သားသွားသည့်အထိ အလွတ်ကျမ်းချက်ကို ထပ်ခါထပ်ခါ ရွတ်ဆိုပါ။ ထို့နောက် အဖွဲ့များခွဲပြီး ထိုကျမ်း ချက်ကို အမူအရာဖြင့် ဖတ်ကြားစေပါ (act out)။

## သင်ခန်းစာ ၁၆ – ကျမ်းစာပုံပြင်

**သူငယ်ချင်းသုံးယောက်နှင့် နီရဲတောက်သောမီးပြင်းဖိုပုံပြင်**

ရုပ်ပုံပြကားချပ် 16B





*(ဆရာက ဒါဝိတ်နှင့် သူငယ်ချင်းသုံးယောက်နဲ့ နီရဲတောက်သောမီးပြင်းဖိုပုံပြင်ကို ဖတ်ပြပါ သို့မဟုတ် ပြောပြပါ (ဒံယေလ အနာဂတ္တိကျမ်း ၃း၁-၃၀) ။ ဤပုံပြင်ကို အရေး ကြီးတဲ့အချက်တွေနဲ့ ပြောပြနိုင်ဖို့ အောက်တွင် ဥပမာပေးထားပါသည်။ ဒီပုံပြင်လေးကို သရုပ်ဆောင်ပြဖို့ အကောင်းဆုံးပါပဲ။ ရဲရင့်တဲ့ ကောင်လေး ၃ ယောက်နဲ့ အနိုင်ကျင့်တဲ့ဘုရင်လုပ်မယ့် ကောင်လေး ၁ ယောက်၊ စုစုပေါင်း စေတနာ့ဝန်ထမ်း ၄ ယောက်ကို ရွေးချယ်ပါ။ရု ပ်ပုံပြကားချပ် 16B မှ ဤပုံ 5 ပုံကို အသုံးပြုပါ။)*

တစ်ခါတုန်းက ဘုရင်တစ်ပါးရှိခဲ့ပါတယ်။ သူ့နာမည်က နေဗုခဒ်နေဇာဖြစ်ပါတယ်။ သူဟာ ဧရာမရုပ်တုကြီးတစ်ခုကို ပြုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီရုပ်တုကြီးဟာ အမြင့်ပေ ၉၀ ခန့်ရှိပြီး ဘုရင်ကိုယ်တိုင်နဲ့ တူနိုင်တယ်လို့ ထင်ရပါတယ်။ ဘုရင်ဟာ သူ့ရဲ့ နိုင်ငံတော်ကို ကြီးမားအောင် အုပ်ချုပ်နိုင်တဲ့အတွက် လူတွေက သူ့ကို ဘုရားနဲ့တူတယ်လို့ ထင်ကြပါတယ်။

ဘုရင်ဟာ သူ့နိုင်ငံတစ်ဝှမ်းက အရေးကြီးတဲ့လူတွေကို ရုပ်တုကြီးပတ်လည်မှာ ကျင်းပမယ့် ပါတီပွဲကြီးတစ်ခုကို ဖိတ်ကြားခဲ့တယ်။ ဒီပါတီပွဲမှာ လူတွေဟာ ရုပ်တုကို ကိုးကွယ်ကြမှာဖြစ်ပြီး ဖန်ဆင်းရှင်ဘုရားကို ကိုးကွယ်ကြမှာမဟုတ်ဘူးဆိုတာကို သိတဲ့အတွက် မိတ်ဆွေသုံးယောက်က

ဒီဖိတ်ကြားချက်ကို စဉ်းစားနေခဲ့ကြတယ်။ သူတို့ဟာ ကျွန်တွေဖြစ်နေတဲ့အတွက် "မလာ ဘူး" လို့ ငြင်းဖို့ ခက်ခဲခဲ့တယ်။ ဘုရင်က သူတို့ကို မလာပဲနေဖို့ ခွင့်မပြုဘူး။ ဒါပေမယ့် ဖန်ဆင်းရှင်ဘုရားကိုသာ ကိုးကွယ်မယ် လို့ သူတို့ဆုံးဖြတ်ခဲ့ကြတယ်။

ပါတီပွဲမှာ ဘုရင့်ကျွန်တစ်ယောက်က လူတွေကို ဘုရင်မျှော်လင့်ထားတဲ့အတိုင်း လုပ်ဆောင်ဖို့ အော်ပြောခဲ့တယ်။ "တံပိုး၊ ပုလွေ၊ စောင်းနဲ့ တခြားတူရိယာတွေကြားရင် ဘုရင်ပြုလုပ်ထားတဲ့ ရွှေရုပ်တုကို ဒူးထောက်ကိုးကွယ်ကြရမယ်" လို့ သူက ပြောခဲ့တယ်။ ပြီးတော့ သူက ခြိမ်း ခြောက်ပြီး "ဒူးမထောက်ရင် မီးဖိုထဲကို ပစ်ချခံရမယ်" လို့ ပြောခဲ့တယ်။ ဒါဟာ ပါတီပွဲသက်သက်မဟုတ်ဘဲ ဘုရင်ပြောတဲ့အတိုင်း မလုပ်ရင် သေကြေပျက်စီးရမယ့် အန္တရာယ်ရှိတဲ့အခြေအနေဖြစ်နေတယ်ဆိုတာ ရှင်းနေပါတယ်။

တူရိယာသံတွေကြားလိုက်တဲ့အခါ လူတိုင်းဟာ ရုပ်တုကို ဒူးထောက်ကိုးကွယ်ကြတယ်။ သူတို့အားလုံးဟာ ဘုရင်ကို ကျေနပ်စေချင်ကြပြီး လုံခြုံဖို့ကိုလည်း လိုလားကြတယ်။ ဒါပေမယ့် မိတ်ဆွေသုံးယောက်ကတော့ မတ်တတ်ရပ်နေခဲ့တယ်။

ချက်ချင်းဆိုသလို လူတချို့ ဘုရင်ဆီပြေးသွားပြီး လူသုံးယောက်က ဘုရင်နဲ့ ရုပ်တုကို မကိုးကွယ်ဘူးလို့ ပြောကြတယ်။ ဘုရင်ဟာ အရမ်း ဒေါသထွက်သွားပြီး သူတို့သုံးယောက်ကို ခေါ်ခိုင်းတယ်။ သူတို့ကို မြင်တာနဲ့ သူတို့က ဘယ်သူတွေလဲဆိုတာ ဘုရင်သိလိုက်တယ်။ "သင်တို့ မဒူးထောက်ဘူးဆိုတာ မှန်လား။ အခု တူရိယာသံထပ်ကြားလို့ ဒူးထောက်ရင် သင်တို့အတွက် ကောင်း မယ်။ မထောက်ရင်တော့ မီးဖိုထဲကို ပစ်ချခံရမယ်။ ငါ့လက်ကနေ ကယ်တင်နိုင်မယ့် ဘုရားရှိမလား၊" လို့ ဘုရင်က မေးတယ်။

မိတ်ဆွေသုံးယောက်ဟာ ဘုရားသခင်တစ်ပါးတည်းကသာ သူတို့ကို ကယ်တင်နိုင်တယ်ဆိုတာ သိကြတယ်။ သူတို့သုံးယောက် လုံးက "ဘုရင်ကြီးရေ၊ ကျွန်တော်တို့ဟာ မီးဖိုထဲကို ပစ်ချခံရရင်တောင် သင့်ရဲ့ဘုရားတွေကို မကိုးကွယ်ပါဘူး။ ကျွန်တော်တို့ ရဲ့ဘုရားဟာ ကျွန် တော်တို့ကို ကယ်တင်နိုင်ပါတယ်" လို့ ပြောခဲ့တယ်။ သူတို့ဟာ ဘုရားကိုယုံကြည်ပြီး ဘုရားက သူတို့ကို ဘယ်လိုအခြေအနေမှာမဆို ကာ ကွယ်ပေးမယ်လို့ ယုံကြည်ခဲ့တယ်။

ဘုရင် အရမ်းဒေါသထွက်သွားပြီး မီးဖိုကို ခုနစ်ဆပိုပူအောင် လုပ်ခိုင်းတယ်။ စစ်သားတွေက သူတို့သုံးယောက်ကို ချည်နှောင်ပြီး မီးဖိုထဲကို ပစ်ချလိုက်တယ်။ မီးဟာ အရမ်းပူလွန်းတဲ့အတွက် စစ်သားတချို့တောင် သေဆုံးသွားကြတယ်။

အဲဒီအချိန်မှာ ဘုရင်က သူ့ပလ္လင်ကနေ ထလာတယ်။ သူအရမ်းအံ့သြသွားတယ်။ "လူသုံးယောက်ကို မီးဖိုထဲ ပစ်ချခဲ့တာ မဟုတ် ဘူးလား။ ဘာလို့ လူလေးယောက်လျှောက်သွားနေတာကို ငါမြင်ရတာလဲ။ သူတို့ဟာ မနာကျင်ကြဘူး၊ စတုတ္ထလူက ဘုရားသားတော်နဲ့ တူနေတယ်" လို့ ဘုရင်က ပြောတယ်။

ဟုတ်ပါတယ်၊ ယေရှုဟာ မိတ်ဆွေသုံးယောက်ကို အန္တရာယ်ကနေ ကယ်တင်ဖို့ လာခဲ့တာပါ။ သူတို့ဟာ ယေရှုကို ယုံကြည်ခဲ့တဲ့ အတွက် ယေရှုက သူတို့ကို ကူညီဖို့ လာခဲ့တာပါ။ ဘုရင်က မိတ်ဆွေသုံးယောက်ကို ပြန်ထွက်လာခိုင်းတယ်။ ဘုရားသခင်ဟာ အမှန်တကယ်ရှိတယ် ဆိုတာ ဘုရင်သိလိုက်တဲ့အတွက် လူတိုင်းကို ဖန်ဆင်းရှင်ဘုရားကို ကိုးကွယ်ဖို့ ပြောခဲ့တယ်။ ပြီးတော့ ဘုရင်က မိတ်ဆွေသုံးယောက်ကို နိုင်ငံတော်မှာ အရေးကြီးတဲ့ရာထူးတွေ ပေးအပ်ခဲ့ပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှ ခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. ဒီပုံပြင်ထဲမှာ အခြားသူတွေကို သူ့စိတ်ကြိုက် အတင်းအကျပ်ခိုင်းစေခဲ့တဲ့ အနိုင်ကျင့်သူကြီးက ဘယ်သူလဲ။
2. ဘယ်သူက ဒီအနိုင်ကျင့်သူကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သလဲ။
3. ဘုရားသခင်က ဒီမိတ်ဆွေသုံးယောက်ကို ဘယ်လိုကူညီခဲ့သလဲ။
4. သင့်ဘဝမှာ နေဗုခဒ်နေဇာဘုရင်လို အနိုင်ကျင့်သူကြီးတစ်ယောက်နဲ့ ဘယ်တုန်းက တွေ့ခဲ့ဖူးသလဲ။
5. အခြားသူတွေက မှားတာလုပ်ဖို့ သင့်ကို ဖိအားပေးတဲ့အခါ သင့်အနေနဲ့ မှန်တာလုပ်ဖို့ ဆုံးဖြတ်ခဲ့ဖူးသလား။ ဘယ်တုန်းကလဲ။
6. သင် ဘာလုပ်ခဲ့သလဲ။

# အပိတ်လှုပ်ရှားမှုများ (Closing Activities)

## ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၃၉ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ကောင်းသောဆုံးဖြတ်ချက်များချရန် ကူညီနိုင်မည့် သူငယ်ချင်းများကို ရွေးချယ်မည်။ ပြန်လည်တိုက်ခိုက်မည့်အစား အဝေး သို့ရှောင်ထွက်ရန် ကျွန်ုပ်သင်ယူနိုင်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြ နိုင်သည်။)

အနိုင်ကျင့်ခံရဖူးတဲ့အကြောင်း ဒါမှမဟုတ် တစ်စုံတစ်ယောက်အနိုင်ကျင့်ခံရတာကို မြင်ဖူးတဲ့အကြောင်းကို ဇာတ်လမ်းတစ်ပုဒ်ရေးပါ။ ဘာ တွေဖြစ်ခဲ့လဲဆိုတာကို ဖော်ပြပါ။

သို့မဟုတ်

ကလေးတစ်ယောက် အနိုင်ကျင့်ခံနေရတာကို သင်မြင်ရင် သင်ဘာတွေပြောလို့ရမလဲ၊ ဘာတွေလုပ်ပေးလို့ရမလဲဆိုတာကို စဉ်းစားကြည့်ပါ။

သင့်ရဲ့နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၄၀ ကိုဖွင့်ပါ။ သင်ခံစားလိုက်ရသည့် ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့်အကွက်တစ်ခု ကို သင်ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာကြောင်းများဖြင့် ရေးချပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်း ဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေ အထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့် ကိုယ်သင် “ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။” ပြန်ပြောပါ။

(အောက်ပါပုံပြင်ကို ကလေးများအားပြောပြပါ။)

ကိုးသည် အသက်အရွယ်နှင့်မလိုက်အောင် ကိုယ်ခန္ဓာသေးပြီး လမ်းလျှောက်ရာတွင်ရော၊ စကားပြောရာတွင်ပါ နေးကွေးသူဖြစ်သည်။ ထွန်း ဆိုသည့် ပိုအကောင်ကြီးသည့်ကလေးတစ်ယောက်က သူ့ကို နေ့တိုင်းအနိုင်ကျင့်တတ်သည်။ ထွန်းက ကိုးကို မညှာမတာစနောက်ပြီး ကိုယ် ထိလက်ရောက် တွန်းကာ ချော်လဲအောင် လုပ်တတ်သည်။ ကြောက်လန့်ပြီး ရှောင်ဖယ်နေတတ် သဖြင့် ကိုးတစ်ယောက်ပိုပြီး အနိုင်ကျင့်ခံ ရသည်။ တစ်ဦးတစ်ယောက်ကို ဖွင့်ပြောပြဖို့ ကိုးမဝံ့မရဲဖြစ်နေသည်။ ထွန်း ပိုပြီးဒေါသ ထွက်မှာကို စိုးရိမ်နေသောကြောင့်ဖြစ်သည်။ ထို့ ကြောင့် ဆိုးရွားတဲ့အရာတွေကို ကိုးနေ့တိုင်းခံစားနေရသည်။ ကိုး စိတ်ဆင်းရဲပြီး ကျောင်းသွားရတာကို မုန်းတီးလာကာ ကျောင်းမသွားရ အောင် အကြောင်းပြချက်များ ရှာဖွေလာတော့သည်။

တစ်နေ့မှာတော့ ပဉ္စမတန်းကျောင်းသား ငါးယောက်က ကိုးဘက်ရပ်တည်ပေးခဲ့ကြသည်။ ကိုး အဆက်ဆံခံနေရပုံကို မြင်တွေ့ပြီး ၎င်းသည် မှားယွင်းနေကြောင်း သူတို့သိရှိခဲ့ကြသည်။ သူတို့သည် အုပ်စုလိုက် ဆုံးဖြတ်ချက်ချကာ ကိုးကို သူတို့၏ မိတ်ဆွေအုပ်စုထဲ ပါဝင်ခွင့်ပေးမည် ဟု ဆုံးဖြတ်လိုက်ကြသည်။ ကိုးကို သူတို့နှင့်အတူ ထမင်းအတူစားရန်၊ အားလပ်ချိန်တွင် အတူကစားရန် ဖိတ်ခေါ်ခဲ့ကြသည်။ အကောင်းဆုံး ကတော့ သူ့သူငယ်ချင်းအသစ်ထဲမှ တစ်ယောက်က ကိုးကို ကျောင်းဆင်းချိန်တွင် သူ့ စက်ဘီးရဲ့လက်ကိုင်နေရာတွင် ထိုင်ခွင့်ပေးပြီး အိမ်ပြန် လိုက်ပို့ပေးသည်။ အခုဆိုရင် ကိုးသည် နေ့တိုင်း အိမ်ပြန်လမ်းကို ကြောက်ရွံ့စရာမလိုတော့ပဲ အပြန်လမ်းတွင် သူငယ်ချင်းအသစ်များပါရှိ သောကြောင့် သူ ပီတိဖြစ်နေမိပါသည်။


ကိုးက “ကျွန်တော် ပိုပျော်ရွှင်လာပါတယ်။ ပိုပြီး အသိအမှတ်ပြုခံရပြီး အချစ်ခံရတယ်လို့ ခံစားရပါတယ်။ ဒါပေမယ့် ထွန်းကတော့ ကျွန်တော့် ကို စနောက်ပြီး နာကျင်အောင် လုပ်ဖို့ ကြိုးစားနေတုန်းပါပဲ။ မကြာသေးခင်ကမှ ကျွန်တော်က ထွန်းကို မျက်လုံး ချင်းဆုံပြီး ‘ထွန်း၊ ငါ့ကို လာ မနောက်နဲ့!’ လို့ ပြောရဲလာပါတယ်။ ပြီးရင် သူ့ကို ဂရုမစိုက်သလို လမ်းလျှောက်ထွက်သွားပါတယ်။ ကောင်းတဲ့ မိတ်ဆွေတွေနဲ့ အတူရှိနေရ တာက ကျွန်တော့်အတွက် အများကြီး အထောက်အကူဖြစ်စေပါတယ်။ ကျွန်တော် အားကိုးနိုင်တဲ့ ကြင်နာတတ်တဲ့ သူငယ်ချင်းတွေပါ” ဟု ပြောသည်။

ကျွန်ုပ်တို့ထဲက ဘယ်နှစ်ယောက်က "ကျွန်တော်/ကျွန်မ ကျောင်းစာသင်ခန်းထဲက လူတိုင်းကို တလေးတစား ဆက်ဆံပါ့မယ်။ သူတို့စကား ပြောတဲ့အခါ နားထောင်ပေးမယ်။ လက်နဲ့ဖြစ်စေ၊ စကားနဲ့ဖြစ်စေ ဘယ်သူ့ကိုမှ နာကျင်အောင်မလုပ်ဘူး။ ယေရှုက ကျွန်ုပ်တို့တစ်ဦးစီကို ဖန်ဆင်းခဲ့ပြီး ကျွန်ုပ်တို့ ပျော်ရွှင်စေချင်တယ်ဆိုတာ ယုံကြည်ပါတယ်" ဆိုတာမျိုးကို လက်ထောင်ပြီး အတူတကွ ပြောရဲကြမလဲ။

၃။ **အပိတ်ဆုတောင်းခြင်း** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

"ချစ်သော အဖဘုရားသခင်၊ တစ်စုံတစ်ယောက်က ကျွန်ုပ်တို့ကို ရိုင်းပြစွာဆက်ဆံပြီး နာကျင်စေသောအခါ ကျွန်ုပ်တို့ နာကျင်ရပါတယ်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့ကို ပြန်လည်တိုက်ခိုက်ခြင်းထက် ကြင်နာစွာဆက်ဆံတတ်ဖို့ ကူညီပေးပါ။ တစ်စုံတစ်ယောက် က ကျွန်ုပ်တို့ကို နာကျင်အောင် ဆက်လုပ်နေပါက လူကြီးတစ်ဦးဦးထံ တိုင်ကြားနိုင်ရန် သတ္တိကိုပေးပါ။ ကိုယ်တော်သည်လည်း ဆိုးသောသူတို့၏ မကောင်းကြံမှုကို ခံရဖူးပြီး ကျွန်ုပ်တို့ကြုံတွေ့နေရသည်များကို နားလည်တော်မူသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ ရန်သူများကို ကိုယ်တော် ချစ်တော်မူသကဲ့သို့ မိမိတို့၏ရန်သူများကို ကျွန်ုပ်တို့ ချစ်တတ်ဖို့ ကူညီမူပါအဖ။ ယေရှု၏နာမတော်ဖြင့် ဆုတောင်းပါ၏။ အာမင်။"

**ရုပ်ပုံ ၁၆-၃ - ဆင် ("ကြီးသောပြဿနာ") နှင့် ကြွက် ("သေးငယ်သောပြဿနာ") ကဒ်ပြား။**





# အခန်း ၆ – မိမိနှင့်ပေါင်းသင်းဆက်စံဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်။

အဓိကအကြောင်းအရာ - မိမိနှင့်ပေါင်းသင်းဆက်စံဖို့ ကျွန်ုပ်တို့ကို ဘုရားသခင်ဖန်ဆင်းထားသည်။

**သင်ခန်းစာ ၁၇၊ ကျွန်ုပ်၌ နှလုံးသားအသစ်ရှိသည်။** - ယေရှု၏ ကယ်တင်ခြင်းနှင့် သစ္စာဖောက်ခံရခြင်း၊ သေခြင်းတို့အ ကြောင်း။ (ပေတရု စိတ်နှလုံးပြောင်းလဲခြင်း) ကျွန်ုပ်ယုံကြည်ချက်စာသား "ကျွန်ုပ်ကို ခွင့်လွှတ်ပေးရန် ယေရှုထံတောင်း လျှောက်သောအခါ ယေရှုက ကျွန်ုပ်ကို နှလုံးသားအသစ်ပေးတော်မူသည်။"

**သင်ခန်းစာ ၁၈၊ ခါးသီးမှုကို နှုတ်ဆက်လိုက်ပါ။** - သင့်ကို နာကျင်စေခဲ့သူများအား ခွင့်လွှတ်ခြင်း။ (လက်ဝါးကပ်တိုင်၌ ယေရှု အသေခံခြင်း) ကျွန်ုပ်ယုံကြည်ချက်စာသား "ရန်သူများကို ခွင့်လွှတ်တတ်ရန် ကျွန်ုပ်ကို ယေရှုကူညီပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည် သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။"

**သင်ခန်းစာ ၁၉၊ ဒုက္ခဆင်းရဲခြင်း မရှိတော့ပြီ။** - (တရားစီရင်ခြင်းနှင့် ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းအချိန် ရောက်ရှိလာမည်။ ထိုအခါ ဖြစ်ဖူးသော မကောင်းမှုရှိသမျှ အဆုံးသတ်သွားမည်။ ဘုရားသခင်ဖန်ဆင်းခဲ့သည့် လူသားများ၏ စိတ်၊ ကိုယ်၊ ဝိညာဉ်၊ လူမှုရေး နှင့် စိတ်ခံစားမှုများ ပြည့်စုံစွာ ပြန်လည်ကောင်းမွန်လာမည်။ ယေရှု၏ ဒုတိယအကြိမ်ကြွလာခြင်းနှင့် ကမ္ဘာသစ်။ ကျွန်ုပ်ယုံကြည်ချက် စာသား "မကောင်းမှုနှင့် သေခြင်းတရားကို နိဂုံးချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည် သူများအား ကောင်းကင်ဟူသော လုံခြုံရာ နေရာသို့ ခေါ်ဆောင်ရန် ယေရှု ပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။"

**သင်ခန်းစာ ၂၀ - ပြန်လည်သုံးသပ်ခြင်း။** - ကျွန်ုပ်ယုံကြည်ချက်စာသား - "သူတပါး ပြောဆိုလုပ်ဆောင်ခဲ့သော နာကျင်စရာများ အတွက် ကျွန်ုပ်သည် ဆက်လက်ခံစားနေရန် မလိုအပ်ပါ။ ကျွန်ုပ်သည် မျှော်လင့်ခြင်းနှင့် သက်သာပျောက် ကင်းခြင်းတို့ကို ရှာဖွေတွေ့ ရှိနိုင်သည်။"

# သင်ခန်းစာ ၁၇ - ကျွန်ုပ်၌ နလုံးသားအသစ်ရှိသည်။

| | |
|---|---|
| **သင်ခန်းစာ ၁၇ အဓိကအကြောင်းအရာ** | ကလေးတိုင်းလိုအပ်သော စိတ်နလုံးပြောင်းလဲခြင်းကို မတူညီသောနည်းလမ်းများဖြင့် သရုပ်ဖော်ထားသည်။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• ကျွန်ုပ်တို့အားလုံးသည် အပြစ်ရှိကြသည်။<br>• ကျွန်ုပ်တို့သည် အပြစ်ကိုကျောခိုင်းပြီး၊ ကျွန်ုပ်တို့ တွေးခဲ့၊ ပြောခဲ့၊ လုပ်ခဲ့သော မှားယွင်းမှုများအတွက် ဘုရားသခင်ထံ ခွင့်လွှတ်ခြင်းတောင်းလျှောက်နိုင်သည်။<br>• နလုံးသားအသစ်ကို ကျွန်ုပ်တို့ရရှိနိုင်သည်။ |
| **သတင်းစကား** | ကျွန်ုပ်ပြန်လည်နောင်တရပြီး ယေရှုထံ တောင်းလျှောက်သောအခါ၊ ကျွန်ုပ်ပြုမိသော မကောင်းမှုများကို ယေရှုက ခွင့်လွှတ်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်ကို သန့်စင်စေပြီး ကျွန်ုပ်၏ အပြစ်မှားခြင်းနှင့် ရှက်ရွံ့ခြင်းတို့ကို ဖယ်ရှားပေးတော်မူသည်။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ။<br>• စာရွက်အကြီးကြီးတစ်ရွက်နှင့် အနက်၊ အနီ၊ အဖြူ၊ အဝါနှင့် အစိမ်းရောင် ရောင်စုံများ။ ဧဝံဂေလိ ပေါက်ဖတ် (Gospel Caterpillar) ပုံတစ်ပုံကို ဖန်တီးဖို့အတွက်ဖြစ်သည်။<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ်<br>• အရုပ်တစ်ခုခု (သို့) ပစ္စည်းတစ်ခုခု |
| **ပြင်ဆင်ချက်** | ဧဝံဂေလိ ပေါက်ဖတ် (Gospel Caterpillar) ပုံတစ်ပုံကို စာရွက်ပေါ်တွင် ရေးဆွဲထားပါ။<br>ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ် ရေးချထားပါ။<br>**ကျွန်ုပ်သည် နောင်တရပြီး ခွင့်လွှတ်ခြင်းကို တောင်းခံသောအခါ ယေရှုသည် ကျွန်ုပ်၏ အရှက်ကွဲခြင်းကို ဖယ်ရှားပေးပြီး အသစ်သောနလုံးသားကို ပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။** |

## အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ ပြန်လည်ဆန်းစစ်ခြင်း

ရှေ့ကသင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ အနိုင်ကျင့်ခြင်းသင်ခန်းစာထဲက ဘာတွေ မှတ်မိကြသေးလဲ၊ ပြောပါအုံး။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ကြည့်ရအောင်။

**ကောင်းသောဆုံးဖြတ်ချက်များချရန် ကူညီနိုင်မည့်သူငယ်ချင်းများကို ရွေးချယ်မည်။ ပြန်လည်တိုက်ခိုက်မည့်အစား အဝေးသို့ရှောင်ထွက်ရန် ကျွန်ုပ်သင်ယူနိုင်သည်။**

၂။ ဆောင်ပုဒ်သီချင်း (Theme Song)

၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ကလေးတစ်ဦးစီကို စာရွက်တစ်ရွက်စီပေးပါ။ ကလေးများကို ရောင်စုံများဖြင့် စာရွက်ပေါ်တွင် အမှတ်အသားများစွာ ရေးခြစ်ခိုင်းပါ။ ထို့နောက် ထိုအမှတ်အသားများကို ပြန်ဖျက်ပြီး စာရွက်ကို ပြန်လည်သန့်စင်အောင်လုပ်ကြဖို့ ကလေးများအား စေခိုင်းပါ။ သူတို့မဖျက်နိုင်သောအခါ၊ စာရွက်ကို ဘယ်လိုသန့်စင်အောင် လုပ်နိုင်မလဲလို့ မေးပါ။ ဆရာ/မ ထံမှ စာရွက်အသစ်တစ်ရွက် ရယူခြင်းကသာ တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ပြောပြပါ။ ယနေ့ ဘုရားသခင်၏ နည်းလမ်းဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံး များကို သန့်စင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို သင်ယူသွားမည်ဖြစ်ကြောင်း ကလေးများကိုပြောပြပါ။)

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

လူတွေက ခိုးဝှက်ခြင်း၊ လိမ်လည်ခြင်း သို့မဟုတ် ရိုင်းစိုင်းသောစကားများပြောခြင်းကဲ့သို့သော မကောင်းတဲ့အရာတစ်ခုခုလုပ်မိတဲ့အခါ၊ သူတို့ရဲ့မကောင်းမှုတွေကို ဘယ်လိုမှားယွင်းတဲ့နည်းတွေနဲ့ ကောင်းမွန်အောင်လုပ်တတ်ကြလဲ။

(ဖြစ်နိုင်သောအဖြေများ - အကြောင်းပြချက်များပြောခြင်း၊ ဖုံးကွယ်ဖို့ကြိုးစားခြင်း၊ တစ်စုံတစ်ယောက်ကို လာဘ်ပေးခြင်းစသည်)။

ထိုအမှားမျိုးကို ပြန်လည်ကောင်းမွန်အောင် ဘယ်လိုမှန်ကန်တဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်နိုင်မလဲ။

(ဖြစ်နိုင်သောအဖြေများ - ကြင်နာစွာဆက်ဆံခြင်း၊ ပြန်လည်ကောင်းမွန်အောင် ကြိုးစားခြင်း၊ တောင်းပန်ခြင်း စသည်)။

ယနေ့ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံးများကို ဘုရားသခင်၏ နည်းလမ်းအတိုင်း ဘယ်လိုသန့်စင်စေနိုင်မလဲဆိုတာကို သင်ယူသွားကြမှာဖြစ်ပါတယ်။


ဒီနေ့မှာ အလွန်ထူးခြားတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားလေးတစ်ခုကို ဖတ်ပြဖို့ရှိပါတယ်။ (ဆရာက စကားစုတစ်ခုချင်းစီကို ရှေ့က တိုင်ပေးပြီး ကလေးတွေကို နောက်ကလိုက်ဆိုခိုင်းပါ။ ပြီးရင် အားလုံးအတူတူ ရွတ်ဆိုပါ။)

**ကျွန်ုပ်သည် နောင်တရပြီး ခွင့်လွှတ်ခြင်းကို တောင်းခံသောအခါ ယေရှုသည် ကျွန်ုပ်၏အရုက်ကွဲခြင်းကို ဖယ်ရှားပေးပြီး အသစ်သောနှလုံးသားကို ပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

# သင်ခန်းစာ ၁၇ – ဘဝပုံပြင် (၁)

**ကောင်ကလေးနှင့် ရေတွင်းပုံပြင်**

ရုပ်ပုံပြကားချပ် 17A





*ဆရာက ကောင်ကလေးနှင့်ရေတွင်းပုံပြင်ကို ဖတ်ပြပေးပြီး၊ ကလေးများအား ရုပ်ပုံပြကားချပ် 17A တွင်ပါရှိသည့် ပုံ ၅ ပုံကို ပြသပေးရမည်။*

ဤပုံဥပမာကို နားထောင်ရင်း၊ ကယ်တင်ရှင်လိုအပ်သော လူသားအားလုံးအတွက် ၎င်း၏အဓိပ္ပာယ်ကို စဉ်းစားကြည့်ပါ။

တစ်နေ့တွင် ကောင်လေးတစ်ယောက်သည် တွင်းထဲသို့ ခုန်ချလိုက်သည်။ သူသည် ရေကူးကောင်းသူဖြစ်ပြီး ရေသည် အေးမြပြီး လန်းဆန်းစေမည်ဟု ထင်မြင်ခဲ့သည်။ သူသည် ခဏတာ ရေကူးခဲ့သော်လည်း ပင်ပန်းလာသောအခါ တွင်းထဲမှ ထွက်ရန် ဆုံးဖြတ်လိုက်သည်။ တွင်း၏ အတွင်းနံရံများကို ကုတ်ဖက်ပြီးတက်ကြိုးစားသော်လည်း ရေထဲသို့ ပြန်လျှောကျနေခဲ့သည်။ ခဏကြာ သောအခါ၊ သူ၏လက်များနာကျင်လာပြီး သူ၏အဝတ်အစားများလည်း စုတ်ပြဲသွားခဲ့သည်။ ရုတ်တရက် သူ ကြောက်လန့်သွားသည်။ သူဘယ်လောက် ကြိုးစားကြိုးစား အပေါ်ပြန်ရောက်ဖို့ အလွန်ဝေးကွာနေသလို ခံစားရသည်။ ကူညီမည့်သူ တစ်စုံတစ်ဦး ရောက်မလာလျှင် မိမိရေနစ်သေတော့မည်ကို သူသိလိုက်သည်။

"ကူညီကြပါအုံး" ဟု သူအော်ဟစ်လိုက်သည်။ "တစ်ယောက်ယောက် ကူညီကြပါအုံး"

ချက်ချင်းပင် ကြင်နာသောမျက်နှာတစ်ခုသည် တွင်း၏အဝမှ ငုတ်ကြည့်နေသည်။ "မင်းတွင်းထဲခုန်ချတာကို ငါမြင်တယ်" ဟု ထိုလူကပြော သည်။ "မင်းကို ကူညီဖို့ ငါရှိပါတယ်" တစ်စုံတစ်ယောက်က ဤမျှမြန်ဆန်စွာ အဖြေပေးလိမ့်မည်ကို ကောင်က လေး မထင်ထားခဲ့ပေ။ တွင်း ထဲခုန်ချသည့်အတွက် သူ့အား မိုက်မဲသည်ဟု ထိုသူမပြောခဲ့သည့်အတွက် ကောင်ကလေး စိတ်သက်သာရရနေသည်။

"ဒီမှာ ကြိုးတစ်ချောင်းရှိတယ်" ဟု ထိုလူက ပြောပြီး တွင်းထဲသို့ ကြိုးကို ပစ်ချလိုက်သည်။

"ဒီကြိုးက ခိုင်ပါ့မလား" ဟု ကောင်လေးက မေးသည်။

"သိပ်ခိုင်တာပေါ့" ဟု ထိုလူက ရဲရဲကြီးအာမခံပြီး ပြောပြခဲ့သည်။

" ဒီကြိုးကို ခင်ဗျားဆွဲထားပေးမှာလား" ဟု ကောင်လေးက မေးသည်။ သူသည် မိမိမသိဖူးသောလူကို ယုံကြည်ရန် ကြောက်နေသည်။

"ငါဆွဲထားပေးမယ်" ဟု ထိုလူက နူးညံ့စွာ ကတိပေးသည်။ "မြန်မြန်လုပ်ပါ။ မင်းပိုပြီး ပင်ပန်းလာနေပြီ။ ရေတွင်းဘေးနံရံကို လက်လွှတ် လိုက်။ ရေကူးတာကို ရပ်လိုက်ပြီး ကြိုးကို ဆုပ်ကိုင်လိုက်ပါ။"

ကောင်လေးသည် စိတ်အားထက်သန်စွာဖြင့် ကြိုးကို ဆုပ်ကိုင်လိုက်ပြီး ထိုလူကလည်း သူ့ကို လျင်မြန်စွာ တွင်းထဲမှ ဆွဲတင်လိုက်သည်။ ကောင်လေး ပင်ပန်းလျက် မြေပေါ်သို့ လဲကျသွားသည်။ ထို့နောက် ထိုလူက ကောင်လေး၏ ဒဏ်ရာများကို ပတ်တီးစည်းပေးသည်။ ထိုလူက သူ၏ စုတ်ပြဲသွားသော အဝတ်အစားကို အစားထိုးရန် သူ၏အင်္ကျီကိုပင် ပေးလိုက်သေးသည်။

"နောက်တစ်ခါ ထပ်မခုန်ချမိဖို့ သတိပြုပါ" ဟု သူ့အား ထိုကြင်နာသောလူက အကြံပေးသည်။ "တစ်ချိန်ချိန်မှာ မင်းပြန်ပြီး တွင်းထဲကျ သွားရင်လည်း မစောင့်နဲ့။ မြန်မြန်အော်ခေါ်လိုက်ပါ၊ ငါ ကြိုးနဲ့ပြန်လာပြီး ကူညီပေးမယ်။"

“ကျွန်တော့်ကိုကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊” ဟု ကောင်လေးပြန်ပြောလိုက်သည်။ “ခင်ဗျားလုပ်ပေးခဲ့တာကို ကျွန်တော် တစ်သက်လုံး မမေ့နိုင်ပါဘူး။”

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှ ခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

ဒီပုံပြင်ကို ကျွန်ုပ်တို့ဘဝနဲ့ နှိုင်းယှဉ်ကြည့်ပြီး ကျွန်ုပ်တို့ အမှားတစ်ခုခုလုပ်မိတဲ့အခါ ယေရှုဘယ်လိုကူညီပေးသလဲဆိုတာ ကြည့်ရအောင်။

1. ပုံပြင်ထဲက ဘယ်သူက အပြစ်လုပ်မိသူ (အပြစ်သား) နဲ့ တူသလဲ။
2. လူတွေဟာ အန္တရာယ်ရှိတဲ့အခြေအနေကနေ လွတ်မြောက်ဖို့ ဘာတွေလုပ်ဖို့ ကြိုးစားကြသလဲ။
3. ပုံပြင်ထဲက ဘယ်သူက ဘုရားသခင်နဲ့ တူသလဲ။
4. ကျွန်ုပ်တို့ကို ကူညီဖို့ ဘုရားသခင်ပေးပို့လိုက်တဲ့ ကြိုးနဲ့တူတဲ့အရာက ဘာလဲ။

ပုံပြင်ထဲက ဘယ်အပိုင်းတွေကို နောင်တရခြင်းနဲ့ ယေရှုကိုယုံကြည်ခြင်းတို့နဲ့ နှိုင်းယှဉ်လို့ရမလဲ။

**ကျမ်းချက်၊** ၁ ယော ၁:၉ - "ကိုယ်အပြစ်တို့ကို ဘော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ငှင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ငှင်း ပြည့်စုံ တော်မူ၏။"

(သန့်စင်အောင်ဖျက်ခြင်း(WIPE IT CLEAN) နည်းလမ်းကို အသုံးပြုပြီး ဤကျမ်းချက်ကို ကလေးများအား သင်ကြားပေးနိုင်ပါသည်။ ကျမ်းချက်ကို ဘောပေါ်တွင် ရေးချပါ။ ကလေးများအား ကျမ်းချက်ကို အကြိမ်ကြိမ် ရွတ်ဖတ်ခိုင်းပါ။ ပြီးလျှင် စာလုံးတစ်လုံးချင်းစီ စဖျက်ပါ။ ပြီးလျှင် ကလေးများအား ကျမ်းချက်ကို ဆက်ဖတ်ခိုင်းပါ။ ဘောပေါ်တွင် စာသားလုံးဝမကျန်တော့သည်အထိ ဆက်ဖတ်ခိုင်းပါ။ ကလေးများ အလွတ်ရွတ်နိုင်ကြပါလိမ့်မည်။)

## သင်ခန်းစာ ၁၇ – ကျမ်းစာပုံပြင်




*(ယေရှုကို ပေတရုငြင်းပါယ်ခဲ့တဲ့ပုံပြင်ကို ဖတ်ပြပါ (သို့) ပြောပြပါ (မဿဲ ၂၆း၃၃-၃၅၊ ၆၉-၇၅) ။ ဤပုံပြင်ကို အရေးကြီး တဲ့အချက်တွေနဲ့ ပြောပြနိုင်ဖို့ အောက်တွင် ဥပမာပေးထားပါသည်။ ရုပ်ပုံပြကားခြပ် 17B မှ ဤပုံ 5 ပုံကို အသုံးပြုပါ။)*

ပေတရုသည် ယေရှု၏တပည့်တစ်ဦးဖြစ်သည်။ ယေရှုပြုလုပ်သည့် နိမိတ်လက္ခဏာများအား ကြည့်ရှုရသည်ကို သူနှစ်သက်သည်။ မိမိကို သော်လည်းကောင်း၊ လူတိုင်းကိုသော်လည်းကောင်း ကြင်နာစွာ ယေရှုဆက်ဆံသည်ကို ပေတရုနှစ်သက်သည်။ တစ်ခါတစ်ရံ ပေတရု အမှား လုပ်မိသည်။ သူသည် ငြင်းခုံတတ်ပြီး မာနထောင်လွှားသည်။ အမြဲတမ်း ပထမဖြစ်ချင်ပြီး အခြား သူများကို နှိမ့်ချသည်။ ယေရှု၏စကားကို သူ အမြဲတမ်းနားမထောင်ခဲ့ပါ။

မကြာမီ မိမိအဖမ်းခံရတော့မည့်အကြောင်းကို ယေရှုက ပေတရုနှင့် အခြားတပည့်တော်များအား သတိပေးပြောပြခဲ့သည်။ သူတို့ အားလုံး ယေရှုကို စွန့်ပြီး ထွက်ပြေးမည်ဖြစ်သောကြောင့် ဆုတောင်းလျက်ပြင်ဆင်ထားရန် လိုအပ်ကြောင်း သူတို့ကို ယေရှု ပြောခဲ့သည်။ ထိုအခါ ပေတရုသည် ယုံကြည်မှုအပြည့်ဖြင့် သူဘယ်တော့မှ ထိုသို့လုပ်မည်မဟုတ်ကြောင်း ထပြောခဲ့သည်။ ယေရှုက "ကြက်ဖ နှစ်ကြိမ်မတွန်ခင်မှာ သင်သည် ငါ့ကို သုံးကြိမ်ငြင်းလိမ့်မယ်" ဟုပြောခဲ့သည်။ သို့သော် ပေတရုက "အခြား သူတွေအားလုံး ထိုသို့လုပ်သည့်တိုင် ကျွန်ုပ်ဘယ် တော့မှ ထိုသို့မလုပ်ပါ" ဟု ဆက်လက်ပြောဆိုခဲ့သည်။

ပေတရုသည် ခိုးခြင်း၊ သတ်ခြင်းကဲ့သို့သော ဆိုးယုတ်သည့်အမှုများကို မပြုလုပ်ပါ။ သို့သော် သူ၏စိတ်နှလုံးသည် စင်ကြယ်ခြင်း၊ နှိမ့်ချခြင်း နှင့် ကြင်နာခြင်းတို့နှင့် ပြည့်ဝမနေခဲ့ပါ။ ဘုရားသခင်ကို စိတ်နှလုံးထဲမှာမထားသော လောကီသားများနည်းတူပင် သူ အတ္တဆန်နေခဲ့သည်။ "သင့်အတွက် ငါဆုတောင်းပေးနေတယ်။ သင်ပြောင်းလဲပြီး စိတ်နှလုံးသစ်ရလာတဲ့အခါ၊ အခြားသူများ ကို အားပေးပါ" သူ့အား ယေရှုမိန့် မှာခဲ့သည်။

ယေရှုပြောခဲ့သည့်အတိုင်း ဖြစ်ပျက်လာခဲ့သည်။ ဘာသာရေးခေါင်းဆောင်များနှင့် စစ်သားများလာရောက်ပြီး ယေရှုကို ဖမ်းဆီးခဲ့သည်။ ပေတရုနှင့် တပည့်တော်များအားလုံး ကြောက်ရွံ့ပြီး ထွက်ပြေးခဲ့ကြသည်။ နောက်ပိုင်းတွင် ယေရှုကို ထိန်းသိမ်းထား သောနေရာသို့ ပေတရု ပြန်လာခဲ့သည်။ တစ်စုံတစ်ဦးက ပေတရုကိုမြင်ပြီး "သင်သည် ယေရှု၏တပည့်တစ်ဦးမဟုတ်လား" ဟုမေးသည်။ ပေတရု ငြင်းပယ်ခဲ့သည်။ နောက်တစ်ကြိမ် တစ်စုံတစ်ဦးက ထပ်မေးသောအခါ၊ သူ ထပ်မံငြင်းပယ်ခဲ့ပြန်သည်။ တစ်ဖန် အခြားတစ်ယောက်က "သင်သည် ယေရှု၏ တပည့်တစ်ဦးဖြစ်သည်မှာ သေချာသည်၊ သင်စကားပြောပုံဆိုပုံက သက် သေပြနေသည်" ဟုဆိုသောအခါ၊ ပေတရုကြောက်လန့်သွားပြီး တတိယအကြိမ်ငြင်းပယ်ကာ ကျိန်ဆိုလေတော့သည်။ ချက် ချင်းပင် ကြက်ဖကြက်အော်သံကြားလိုက်ရပြီး၊ ယေရှုကို မိမိသစ္စာဖောက်မိပြီး ဖြစ်ကြောင်း သူသတိဝင်လာတော့သည်။

ထိုအချိန်တွင်၊ မိမိဘက်သို့ ယေရှုလှည့်ကြည့်နေသည်ကို ပေတရုမြင်လိုက်ရသည်။ ယေရှုကို ရိုက်နှက်သူများထက်ပင် မိမိ သည် ယေရှုကို နာကျင်စေခဲ့ကြောင်း သူသဘောပေါက်လိုက်သည်။ သို့သော် ယေရှု၏မျက်လုံးများထဲတွင် ကြီးမားသောမေတ္တာ နှင့် ခွင့်လွှတ်ခြင်းကို ပေတရု မြင်လိုက်ရသည်။ မိမိအပြုအမူအတွက် သူအလွန်ရှက်ရွံ့သွားပြီး ညအမှောင်ထဲသို့ ပြေးထွက်သွား ခဲ့သည်။ မိမိအား ခွင့်လွှတ်ပေးဖို့နှင့် ထိုသို့ သောအမှားကို နောက်တစ်ဖန် ဘယ်တော့မှ မလုပ်မိစေရန် သူဆုတောင်းခဲ့သည်။

နောက်တစ်နေ့တွင်၊ ယေရှုကို စစ်သားများလက်ဝါးကပ်တိုင်တင်သည်ကို ပေတရုကြည့်ရှုနေခဲ့သည်။ လူတို့လွန်ကျူးသည့်အ ပြစ်များအတွက် ခွင့်လွှတ်ပေးရန် ခမည်းတော်ထံ ယေရှုဆုတောင်းသည်ကို သူကြားခဲ့သည်။ မိမိနှင့်အတူ လက်ဝါးကပ်တိုင် တင်ခံရသော သူခိုးကိုပင် ယေရှု ကရုဏာထားသည်ကို ပေတရုမြင်ခဲ့သည်။ ယေရှုက ထိုသူခိုးအား "ယနေ့ငါပြောသည်မှာ၊ သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်" ဟုဆိုသည်ကို ပေတရုကြားခဲ့သည်။ ထိုအခါ မိမိအားလည်း ယေရှုခွင့်လွှတ် မည်ဟု ပေတရုမျှော်လင့်ချက်ရလာခဲ့သည်။ ထိုသို့ အတ္တဆန် သည့်လုပ်ရပ်မျိုးကို နောက်တစ်ဖန် ဘယ်တော့မှ မလုပ်တော့ဖို့ ပေတရု ဆုံးဖြတ်ခဲ့သည်။

ယေရှုသေဆုံးသောအခါ၊ ပေတရု အလွန်ဝမ်းနည်းခဲ့သည်။ အခြားတပည့်တော်များနှင့်အတူ အပေါ်ထပ်ခန်းတစ်ခုတွင် ပေတရုပုန်းအောင်း နေပြီး ဘာဆက်ဖြစ်မည်ကို စဉ်းစားနေခဲ့သည်။ ထို့နောက် တနင်္ဂနွေနေ့တွင်၊ သေခြင်းမှ ယေရှုထမြောက်တော်မူခဲ့ သည်။ အမျိုးသမီးများက ယေရှုကို ပထမဆုံးမြင်ခဲ့ရပြီး အလွန်ဝမ်းသာခဲ့ကြသည်။ မိမိထမြောက်ကြောင်းကို တပည့်တော်များ ထံ၊ အထူးသဖြင့် ပေတရုထံ သတင်း ပေးရန် သူတို့အား ယေရှုမိန့်မှာခဲ့သည်။ မိမိပြုမိခဲ့သည့်အမှားအတွက် ပေတရု အဘယ်မျှ ဝမ်းနည်းနေမည်ကို ယေရှုသိနေခဲ့သည်။

နောက်ပိုင်းတွင်၊ ပေတရုနှင့် ယေရှုတွေ့ဆုံခဲ့သည်။ အပြစ်များကို ဝန်ချပြီး မိမိအဘယ်မျှဝမ်းနည်းခဲ့ရကြောင်း သူပြောခဲ့သည်။ သူ့ကို ယေရှု ခွင့်လွှတ်ပေးပြီး၊ ယခုမှစ၍ ပေတရုသည် ပိုမိုကောင်းအောင် ကြိုးစားသွားမည်ကို ယေရှုသိမှတ်တော်မူခဲ့သည်။ ယေရှု၏ကျေးဇူးတော်ဖြင့်၊ ပေတရုသည် သတင်းကောင်းကို မျှဝေပြီး အခြားသူများကို ကူညီပေးကာ၊ တစ်နေ့တွင် ယေရှုအ တွက် သေရဲသည်အထိ သတ္တိရှိလာခဲ့သည်။

ယေရှု၏မေတ္တာ၊ သူ၏အသေခံခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်၊ ပေတရုအမှန်တကယ် ပြောင်းလဲ ခဲ့သည်။ သူ စိတ်နှလုံးသစ်တစ်ခု ရရှိခဲ့သည်။ ဘုရားသခင်ကို နေ့စဉ်အားကိုးခြင်းဖြင့်၊ အံ့ဖွယ်သောအမှုများကို ပေတရုပြုလုပ် နိုင်ခဲ့သည်။ သင့်အတွက် လည်း ဘုရားသခင် ထိုသို့ပြုတော်မူမည်ဖြစ်သည်။

## ဆွေးနွေးတင်ပြရန်အချိန်


**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှ နိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

1. ယေရှုအား ဝမ်းနည်းစေခဲ့သည့် ပေတရုကျူးလွန်းခဲ့သောအမှားကား အဘယ်သနည်း။
2. ယေရှုကို ငြင်းပယ်ပြီးနောက်ပိုင်းတွင်လည်း ပေတရုအား ယေရှုမည်သို့ဆက်ဆံခဲ့သနည်း။
3. ယေရှုနှင့် ဆက်စံရေးကိုပြန်လည်တည်ဆောက်ရန်အတွက် ပေတရုဘာလုပ်ခဲ့သနည်း။

ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းရရှိဖို့ သူနှင့် ကောင်းမွန်သော ဆက်ဆံရေးရှိဖို့ မည်သို့ဖြစ်နိုင်မည်နည်း။

## သင်ခန်းစာ ၁၇ – ဘဝပုံပြင် (၂)




*ဆရာက မာလိန်၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ကလေးများအား ရုပ်ပုံပြကားချပ် 17C တွင်ပါရှိသည့် ပုံ ၄ ပုံကို ပြသပေးရမည်။*

ကျွန်ုပ်တို့၏ဘဝတွင် ကိုယ်တိုင်မဖြေရှင်းနိုင်သော ပြဿနာများရှိပါသည်။ ထိုကဲ့သို့သော အရာများအတွက် အကူအညီတောင်းရန် လိုအပ်ပါသည်။ အပြစ်နှင့် သေခြင်းတရားတို့သည် မည်သည့်လောကသားတစ်ဦးတစ်ယောက်မျှ ဖြေရှင်းမရနိုင်သည့် ကြီး မားသောပြဿနာများဖြစ်သည်။ ဤမျှကြောက်မက်ဖွယ်ကောင်းသည့်ပြဿနာများအား ကူညီဖြေရှင်းပေးနိုင်သူတစ်ဦးကို ကောင်လေးတစ်ယောက်က မည်သို့ရှာဖွေတွေ့ရှိခဲ့ကြောင်း ဤပုံပြင်တွင် ဖော်ပြထားပါသည်။

တစ်ခါက မာလိန်(Malein)ဆိုသည့် ကောင်လေးတစ်ယောက်ရှိသည်။ သူသည် အင်္ဂလိပ်စာသင်တန်းတက်ရောက်ရန် နှင့် ယေရှုအကြောင်း ပုံပြင်များကို လေ့လာရန် ကြိုက်နှစ်သက်သည်။ တစ်နေ့တွင်၊ မာလိန်ကျောင်းမလာတော့သည်မှာ ရက်အတော်ကြာသွားသည်ကို သူ့ဆရာ သတိထားမိလိုက်သည်။ ကျောက်ကပ်ဝေဒနာကြောင့် မာလိန်အလွန်နေမကောင်း ဖြစ်နေကြောင်း မိခင်ဖြစ်သူက ဆရာကိုပြောပြလာခဲ့သည်။ မာလိန်ထံ သင်းအုပ်ဆရာက သွားရောက်လည်ပတ်ပြီး ဆုတောင်းပေးခဲ့ သေးသည်။ သို့သော် အခြေအနေ ပိုမိုဆိုးရွားလာခဲ့ပြီး မာလိန်၏ အသက်အန္တရာယ်အတွက်ပါ စိုးရိမ်ရသည့် အခြေအနေမျိုး ဖြစ်လာခဲ့သည်။

တစ်နေ့တွင်၊ မာလိန်ရှိရာ ဆေးရုံသို့ မာလိန် သွားရောက်လည်ပတ်ခဲ့သည်။ ဝေဒနာလွန်စွာပြင်းထန်သောကြောင့် မာလိန်စကား ပင်မပြောနိုင်တော့ပါ။ စာမပါသောစာအုပ်ထဲမှ ရွှေရောင်စာမျက်နှာတစ်ခုကို မာလိန်အား ဆရာဖွင့်ပြခဲ့သည်။ ရွှေဖြင့်ခင်းထား သော လမ်းများရှိသည့် ကောင်းကင်ဘုံအကြောင်းကို မာလိန်အား ဆရာပြောပြခဲ့သည်။ ထိုနေရာတွင် ဆင်းရဲ ခြင်းမရှိ၊ ဖျားနာ ခြင်း၊ ငိုကြွေးခြင်း သို့မဟုတ် သေခြင်း တရားမရှိကြောင်း ပြောပြခဲ့သည်။ ထိုပြည့်စုံသောနေရာသို့သွားရန် မည်သူမျှ လုံးလုံး ဖြောင့်မတ်ခြင်းမရှိကြောင်းလည်း သူ့အား ဆရာ

ရှင်းပြခဲ့သည်။ ထို့နောက် သူက မာလိန်အား အနက်ရောင် စာမျက်နှာကို ပြပေး ပြီး ကျွန်ုပ်တို့အားလုံးတွင် ရှိနေသောအပြစ်များနှင့် မကောင်းမှုများသည် ထိုအနက်ရောင်စာမျက်နှာကဲ့သို့ပင် မည်းမှောင်နေကြောင်း ပြောပြခဲ့သည်။

ထို့နောက် အနီရောင်စာမျက်နှာကို ဆရာကဖွင့်ပြပြန်သည်။ ယေရှု၏အနီရောင်အသွေးတော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ယိုစီးခဲ့ကြောင်း၊ ထိုသို့ အသွေးသွန်းရခြင်းအကြောင်းကား ယေရှုသည် မာလိန်ကိုချစ်ပြီး သူ့အား ကောင်းကင်ဘုံသို့ သွားစေလို သောကြောင့် ဖြစ်ကြောင်း ဆရာက ဆက်လက်ပြောပြခဲ့သည်။

နောက်ဆုံးတွင် ဆရာက အဖြူရောင်စာမျက်နှာကို ပြသခဲ့သည်။ သူက မာလိန်အား "သင်သည် သင်၏အပြစ်များကို ဝန်ချ တောင်းပန်ပြီး ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းတောင်းလျှင်၊ ဘုရားသခင်သည် သင်၏စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်စေမည်" ဟု ပြောခဲ့သည်။ မာလိန် အလွန်နေမကောင်းဖြစ်နေပြီး စကားပြန်ပြောနိုင်ခြင်းမရှိတော့ပေ။ ဆရာက " သင်၏အပြစ်များ ခွင့်လွှတ်ခံရပြီး သင်၏စိတ်နှလုံးသန့်ရှင်းစေလိုပါက၊ ကျွန်ုပ်၏လက်ကို ညှစ်လိုက်ပါ" ဟု သူ့အား ဆရာပြောခဲ့သည်။ ရှိသမျှ အားအင်ဖြင့် ဆရာ၏လက်ကို မာလိန်ညှစ်လိုက်သည်။ ဆုလဒ်တစ်ခုအနေဖြင့် ဘုရားသခင်သည် သူ့အား ကောင်းကင်ဘုံသို့ သွားခွင့်ပြုမည်ဟု ဆရာကပြောပြခဲ့သည်။

မကြာမီ မာလိန် သေဆုံးသွားခဲ့သည်။ သူ၏မိသားစုဝင်များ အလွန်ဝမ်းနည်းခဲ့ကြသည်။ ဆရာလည်း ဝမ်းနည်းခဲ့သည်။ သို့သော်၊ ယေရှုပြန်လာပြီး ကိုယ်တော်ကိုယုံကြည်သူများအား ထမြောက်စေကာ ကောင်းကင်ဘုံသို့ ခေါ်ဆောင်သွားမည့်နေ့တွင် မာလိန် ကို ပြန်လည်တွေ့ရမည်ဖြစ်သောကြောင့် ဆရာ ကျေးဇူးတင်နေခဲ့ပါသည်။


## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**
(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ။ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

- မာလိန်၏ပုံပြင်ကို သင်ဘာကြောင့်ကြိုက်နှစ်သက်သနည်း။
- သေခြင်းတရားအကြောင်းတွေးမိသောအခါ လူတွေဘာယ်လိုခံစားရသနည်း။
- ယေရှုသည် သင်၏အပြစ်များအတွက် အသေခံတော်မူခဲ့ကြောင်း သိရသောအခါ သင်ဘာယ်လိုခံစားရသနည်း။
- သင်တွေးဖူး၊ ပြောဖူး၊ လုပ်ဖူးသော မကောင်းမှုများအတွက် ယေရှုထံ ဝန်ချတောင်းပန်လိုပါသလား။

ယခုအချိန်တွင် ယေရှုထံပါးမှ ခွင့်လွှတ်ခြင်းနှင့် စင်ကြယ်သောနလုံးသားကို တောင်းဆိုနိုင်ပါသည်။

**အဖွဲ့ငယ်လှုပ်ရှားမှု၊** (ဇဝ်ဂေလိဖြစ်စဉ်ကို ပုံဖော်သည့် ပေါက်ဖတ်ပုံတစ်ပုံကို ရေးဆွဲပါ။ စာရွက်ကြီးတစ်ရွက်ပေါ်တွင် ကလေးတစ်ဦးစီအား စက်ဝိုင်းငါးခု ဆွဲနိုင်းပါ။ ညာဘက်ရှိ စက်ဝိုင်းတွင် မျက်လုံး၊ ပြုံးနေသော ပါးစပ်နှင့် အနက်ရောင် အင်တန်နာနှစ်ခုကို ဆွဲပြီး "ကြီးထွား" ဟူသော စာလုံးကို ရေးပါ။ ထို့နောက် ထိုစက်ဝိုင်းကို အစိမ်းရောင်ခြယ်ပါ။ အခြားစက်ဝိုင်းများတွင် စာလုံးများကို ရေးပြီး အရောင်ခြယ်ပါ။ ပြီးသော အခါ၊ ကလေးတစ်ဦးအား စက်ဝိုင်းတစ်ခုစီရှိ စာလုံးကို ဖတ်နိုင်းပြီး ထိုစာလုံး၏ အဓိပ္ပာယ်ကို အနက် ရောင်၊ ဘယ်ဘက်ရှိ စက်ဝိုင်းမှ စတင်ပြောနိုင်းပါ။ ABC Jesus Loves Me၏ ခွင့်ပြုချက်ဖြင့် အသုံးပြုသည်။)




**ရုပ်ပုံ ၁၆-၃ - ဇဝ်ဂေလိပေါက်ဖတ်**

# အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၄၁ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ကျွန်ုပ်သည် နောင်တရပြီး ခွင့်လွှတ်ခြင်းကို တောင်းခံသောအခါ ယေရှုသည် ကျွန်ုပ်၏ အရှက်ကွဲခြင်းကို ဖယ်ရှားပေးပြီး အသစ်သောနှလုံးသားကို ပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

သင့်အတွက် ယေရှုပြုတော်မူခဲ့သောအရာကို **စာဖြင့်ချရေးပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။**

သင့် နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၄၃ ကို လှန်ပါ။ ယေရှုထံ ဆုတောင်းစာတစ်စောင် ရေးပါ။ သင်၏ စကားများ၊ အတွေးများ သို့မဟုတ် အပြုအမူများအတွက် ခွင့်လွှတ်ပေးရန် ယေရှုထံ တောင်းလျှောက်ပါ။ **သို့မဟုတ်** ဆုတောင်းနေသော လက်ပုံတစ်ပုံကို ရေးဆွဲပါ။

သင့်ရဲ့နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၄၄ ကိုဖွင့်ပါ။ သင့်ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင်ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာဖြင့်ချရေးပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

### ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့် ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ကျောင်းသားများကို စက်ဝိုင်းပုံစံထိုင်ခိုင်းပါ။ တိရစ္ဆာန်ရုပ်တစ်ခု သို့မဟုတ် အရာဝတ္ထုတစ်ခုကို ကလေးတစ်ဦးထံပေးပါ။ စက်ဝိုင်းပုံစံအတိုင်း ထိုအရုပ်ကို လက်ဆင့်ကမ်းခိုင်းပါ။ အရုပ်ရသည့်ကလေးအား မိမိပြောလိုသည့် ယေရှုအကြောင်း တစ်စုံတစ်ရာကို ပြောခိုင်းပါ။)

### ၃။ အပိတ်ဆုတောင်းချက်

ကလေးတို့၊ သင်တို့ရဲ့ နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၄၂ ကို လှန်ကြည့်ပါ။ ယေရှုခရစ်တော်ကို သင့်ကယ်တင်ရှင်အဖြစ် လက်ခံရန် ဆုတောင်းခြင်း မပြုဖူးသေးပါက၊ ထိုသို့ပြုလိုပါက ကျွန်ုပ်နောက်မှ လိုက်ဆိုပါ။ ("ဘုရားသခင်ကို ကျွန်ုပ်၏ နှလုံးသားထဲ လက်ခံခြင်း" ဆုတောင်းစာကို ကလေးများက နောက်ကလိုက်ရွတ်ဆိုနိုင်ရန် ဆရာက ရှေ့ကတိုင်သွားပေးပါ။)

ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘ၊ ကျွန်ုပ်၏အပြစ်များအတွက် ကားတိုင်ပေါ်တွင် အသေခံရန် ယေရှုကိုစေလွှတ်ပေးသည့် အတွက် ကျေးဇူးတင်ပါ၏။ ယနေ့ ကျွန်ုပ်၏အပြစ်များကို စွန့်ပါယ်ရန် ကျွန်ုပ်ရွေးချယ်ပါ၏။ ကျွန်ုပ် ပြောဆို၊ ကျင့်ကြံ၊ ပြုမူဖူး သော အမှားများအတွက် ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်အား နှလုံးသားအသစ်ကို ပေးတော်မူပါ။ ကျွန်ုပ်အထဲသို့ ဝင်ရောက်ကိန်း ဝပ်တော်မူပါ။ လက်ဆောင်အဖြစ် ကျွန်ုပ်အား ကောင်းကင်နိုင်ငံတော် ကို အခမဲ့ပေးတော်မူသောကြောင့် ကိုယ်တော်ကို ကျေးဇူး တင်ပါ၏။ နေ့တိုင်း ကြီးထွားရန်နှင့် ယေရှုနှင့်တူရန် ကူညီတော်မူပါ။ ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။ ယေရှုနာမ၌ ဆုတောင်းပါ၏။ အာမင်။

# သင်ခန်းစာ ၁၈ - ခါးသီးမှုကို နှုတ်ဆက်လိုက်ပါ။

| | |
|---|---|
| **သင်ခန်းစာ ၁၈ အဓိကအကြောင်းအရာ** | သင့်အား နာကျင်စေသောသူကို ခွင့်လွှတ်ခြင်း။ |
| **ပန်းတိုင်များ** | နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊<br>• ခွင့်လွှတ်ခြင်း၏ အနက်အဓိပ္ပါယ်၊<br>• ဒေါသ၊ စိတ်ပျက်ခြင်းနှင့် အမုန်းတရားတို့အား ကိုင်တွယ်ဖြေရှင်းနည်း၊<br>• မိမိအား နာကျင်စေသောသူကို ယေရှုခွင့်လွှတ်ခဲ့သည့် ပုံသက်သေ၊ |
| **သတင်းစကား** | ကျွန်ုပ်ရန်သူများအား ခွင့်လွှတ်တတ်ဖို့ ကျွန်ုပ်ကို ယေရှုကူညီနိုင်သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။ |
| **လိုအပ်သောပစ္စည်းများ** | အောက်ပါပစ္စည်းများကို စုထားပါ၊<br>• စက္ကူအပိုင်းအစများနှင့် ခဲတံများ<br>• ဂက်(စ်)ပါသည့် အချိုရည်တစ်ပုလင်း၊ ဇလုံကြီးတစ်လုံး<br>• ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်<br>• အဖွဲ့လိုက်ပုံဆွဲရန်အတွက် ပုံဆွဲကိရိယာများ<br>• ပဏာမသီချင်း (Theme Song)<br>• ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားခြပ် |
| **ပြင်ဆင်ချက်** | ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ်တွင် ရေးချထားပါ။<br>**ရန်သူများကို ခွင့်လွှတ်တတ်ရန် ကျွန်ုပ်ကို ယေရှုကူညီပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။** |

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ **ပြန်လည်ဆန်းစစ်ခြင်း**

ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းနဲ့ အသစ်သောနလုံးသားကို ဘယ်လိုရယူနိုင်မလဲဆိုတာကို တစ်ယောက်ယောက် ရှေ့ထွက်လာပြီး ပြောပြပေးလို့ရမလား။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ဖတ်ကြည့်ရအောင်။

**ကျွန်ုပ်သည် နောင်တရပြီး ခွင့်လွှတ်ခြင်းကို တောင်းခံသောအခါ ယေရှုသည် ကျွန်ုပ်၏အရှက်ကွဲခြင်းကို ဖယ်ရှားပေးပြီး အသစ်သောနလုံးသားကို ပေးသည်ဟု ကျွန်ုပ်ယုံကြည်သည်။**

၂။ **ဆောင်ပုဒ်သီချင်း (Theme Song)**

၃။ **ပဏာမလုပ်ဆောင်စရာ (Introductory Activity)**

(ကလေးများကို အမုန်း၊ ဒေါသ၊ ရက်စွဲ့ခြင်း၊ လက်စားချေခြင်း၊ စိတ်ဆိုးခြင်း စသည့်စကားလုံးများကို စက္ကူအပိုင်းအစများတွင် ရေးချခိုင်းပါ။ ထို့နောက် ထိုစက္ကူအပိုင်းအစများကို ကြမ်းပြင်ပေါ်တွင် ခပ်ကျဲကျဲ ဖြန့်ထားပါ။ ဤစက္ကူအပိုင်းအစများသည် မြေမြှုပ်မိုင်းများကဲ့သို့ဖြစ်ပြီး ၎င်းတို့ပေါ်သို့ မတက်နင်းရပါ။ တက်နင်းမိသောသူသည် မိုင်းထိမှန်သောသူဟူ၍ မှတ်ရမည်။ စက္ကူအပိုင်းအစများကို ရှောင်ပြီး လိုက်လံဖမ်းသည့် ကစားနည်းကို ကလေးများအား ကစားစေပါ။ အကယ်၍ လိုက်ဖမ်းခံရသူ များ သို့မဟုတ် လိုက်ဖမ်းသူများသည် စက္ကူကိုနင်းမိသွားလျှင် နင်းမိသောသူသည် ကစားဝိုင်းအပြင်ဘေးဘက်တွင် ထွက်နေ ရမည်)။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြခိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

မြေမြှုပ်မိုင်းများကို ကျွန်ုပ်တို့ ဘာကြောင့် ဖယ်ရှားဖို့လိုသလဲ။

မြေမြှုပ်မိုင်းတွေကို လူတွေ ဘယ်လိုဖယ်ရှားကြသလဲ။

(ကျေးလက်ဒေသက မြေမြှုပ်မိုင်းတွေကို ဂရုတစိုက်နဲ့ လူတွေ ဘယ်လိုဖယ်ရှားကြသလဲဆိုတာကို ပြောပြပါ။ ပြီးရင် ကြမ်းပြင်ပေါ်က စက္ကူတွေကို ဖယ်ရှားပြီး သူတို့ကို လိုက်ဖမ်းတမ်း ဆက်ကစားခိုင်းပါ)။

မြေမြှုပ်မိုင်းတွေကို ဖယ်ရှားပြီးနောက် လိုက်ဖမ်းတမ်းကစားရတာ ပိုလွယ်ကူသွားသလား။ လူတွေရဲ့ စိတ်ထဲက မကောင်းတဲ့ ခံစားချက်တွေကို ဖယ်ရှားဖို့ နည်းလမ်းရှိပါတယ်။ အဲဒီအကြောင်းကို ဒီကနေ့ ဆွေးနွေးသွားမှာပဲဖြစ်ပါတယ်။

**ကျမ်းချက်၊**

ရောမ ၁၂:၁၉၊ ၂၁ - "ချစ်သူတို့၊ သူတပါးသည်သင်တို့ကို ပြစ်မှားလျှင်၊ ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ ......ကျမ်းစာလာသည်ကား၊ ငါသည် အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့်အလျောက် ငါဆပ်ပေးမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ .......အဆိုးအားဖြင့် အရှုံးမခံနှင့် အကောင်းအားဖြင့် အဆိုးကို နိုင်လော့။"

(ဤကျမ်းပိုဒ်ကို အောက်ပါကစားနည်းဖြင့် သင်ကြားပေးနိုင်ပါသည် - VICTORY TEST။ ၎င်းသည် ယခင်က သင်ကြားပြီးသော ကျမ်းပိုဒ်များကို ပြန်လည်သုံးသပ်ရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။ ကျောင်းသားအားလုံးကို စက်ဝိုင်းပုံစံဖြင့် မျက်နှာချင်းဆိုင်ရပ်ခိုင်းပါ။ ဆရာက လတ်တလောသင်ကြားခဲ့သော ကျမ်းပိုဒ်တစ်ခု၏ အခန်းကြီး အခန်းငယ်ကိုပြောပါ၊ ဥပမာ - ယောဟန် ၃:၁၆။ ဆရာက ပထမစကားလုံးကို စတင်ပြောပါ၊ "ဘုရားသခင်၏သားတော်ကို..."။ ထို့နောက် စက်ဝိုင်းအတိုင်း ကစားသူတစ်ဦးချင်းစီက ကျမ်းပိုဒ်ရှိ နောက်စကားလုံးတစ်လုံးကို အလှည့်ကျပြောရမည်။ တစ်ဦး ဦးက နောက်စကားလုံးကို မေ့သွားလျှင် သို့မဟုတ် မှားပြောမိလျှင်၊ ထိုသူသည် စက်ဝိုင်းအပြင် ထွက်နေရမည်။ ကျမ်းပိုဒ်၏ နောက်ဆုံးစကားလုံးကို ပြောရသောသူက၊ ပြောပြီးပြီး

ချင်း "VICTORY" ဟု အော်ပြောရမည်။ ကျောင်းသားအားလုံး ပါဝင်ခွင့်ရဖို့ ကျမ်းပိုဒ်များစွာဖြင့် ဆက်လက်ကစားနိုင်သည်)။

## သင်ခန်းစာ ၁၈ – ဘဝပုံပြင်

### ချမ်း၏ပုံပြင်

ရုပ်ပုံပြကားချပ် 18A









(ဆရာက ချမ်း၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ကလေးများအား ရုပ်ပုံပြကားချပ် 18A တွင်ပါရှိသည့် ပုံ ၄ ပုံကို ပြသပေးရမည်။)

ဒေါသနှင့် လက်စားချေလိုစိတ်များအား မည်သို့ကိုင်တွယ်ရမည်ကို နားလည်ဖို့၊ ဤပုံပြင်က သင့်ကို အထောက်အကူပြုပါမည်။

တစ်ခါတုန်းက ချမ်း ဆိုတဲ့ မိန်းကလေးတစ်ယောက်ရှိခဲ့ပါတယ်။ သူမက ရေထဲမှာ ကစားရတာကို အရမ်းကြိုက်ပါတယ်။ တစ်နေ့မှာ မကောင်းတဲ့ ယောကျ်ားလေးတစ်စုက မြစ်ကမ်းကို လာပြီး သူမကို ရေထဲနှစ်ပြီး စနောက်ကြပါတယ်။ သူမ ရေနစ်လုနီးပါးဖြစ်သွားတဲ့အခါ၊ အဲဒီယောကျ်ားလေးတွေက ထွက်ပြေးသွားကြပါတယ်။ အိမ်နီးချင်းတစ်ယောက်က သူမကို ကယ်တင်ခဲ့ပေမယ့်၊ သတိပြန်ရလာတဲ့အခါ ချမ်းနားမကြားတော့ပါဘူး။ သူမရဲ့ စိတ်ထဲမှာ ဒေါသအပြည့်ဖြစ်သွားပြီး၊ အဲဒီယောကျ်ားလေးတွေ ထောင်ကျပါစေ၊ သူတို့လည်း နားထိုင်းသွားပါစေ ဆိုပြီး ဆန္ဒပြုဆုတောင်းလိုက်ပါတယ်။ သူတို့ သေသွားပါစေလို့တောင် ဆုတောင်းခဲ့ပါတယ်။

အမေဖြစ်သူက ချမ်း ပျော်ရွှင်နိုင်မယ့်နည်းလမ်းကို ရှာဖွေနေခဲ့ပါတယ်။ ခရစ်ယာန်ဘုရားကျောင်းက လူတွေဟာ လူကောင်း တွေဖြစ်ကြောင်း ချမ်းရဲ့မိခင် သတိထားမိလိုက်တယ်။ ဒါကြောင့် သူမကို ဘုရားကျောင်းကို ခေါ်သွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီကျောင်းက ကလေးတွေက သူမကို ကြင်နာစွာဆက်ဆံပြီး၊ သူမကို သူတို့နဲ့အတူ ကစားခွင့်ပေးခဲ့ကြပါတယ်။ ချမ်းက သမ္မာကျမ်းစာကို စတင်ဖတ်ရှုပြီး၊ ခရစ်တော်ယေရှုဟာ လက်ဝါးကပ်တိုင်မှာ အသေခံကာ သူ့ရန်သူတွေကို ခွင့်လွှတ်ခဲ့ကြောင်း သင်ခန်းစာကို သူကြားသိလာခဲ့ရပါတယ်။

ချမ်းက ဘုရားသခင်ကို သူမရဲ့ မုန်းတီးစိတ်နဲ့ လက်စားချေလိုစိတ်တွေအားလုံးကို ဝန်ခံပြောပြခဲ့ပါတယ်။ လက်ဝါးကပ်တိုင်ပေါ် က ယေရှုရဲ့ ပုံသက်သေကို သူမ ပြန်စဉ်းစားမိလာတယ်။ ပြီးတော့ ဘုရားသခင်ကို သူဆုတောင်းလိုက်တယ်။ သူ့ရဲ့ မကောင်းတဲ့ စိတ်တွေကို ဖယ်ရှားပေးပြီး၊ ယေရှုမှာရှိတဲ့ ခွင့်လွှတ်ခြင်းဆိုတဲ့ လက်ဆောင်ကို သူမကိုလည်း ပေးသနားဖို့ရန် သူမဆုတောင်းခဲ့ ပါတယ်။ အဲဒီယောကျ်ားလေးတွေကို ခွင့်လွှတ်ဖို့ ချမ်းရွေးချယ်လိုက်ပြီး၊ ယေရှုက သူမကို ကူညီပေးခဲ့ပါတယ်။ ချမ်းက "ငါကိုယ် တိုင် အဲဒီယောကျ်ားလေးတွေကို အပြစ်ပေးဖို့ ကြိုးစားမှာ မဟုတ်တော့ဘူး။ သူတို့ကို တရားစီရင်ဖို့နဲ့ အပြစ်ပေး ဖို့ ဒါမှမဟုတ် သူတို့ကို ကောင်းတဲ့သူတွေအဖြစ် ပြောင်းလဲပေးဖို့ ဘုရားသခင်ထံ ငါအပ်နှံလိုက်မယ်" လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒီ ဆုံးဖြတ်ချက် က ချမ်းရဲ့ နှလုံးသားထဲကို ငြိမ်းချမ်းခြင်းတွေ ယူဆောင်လာခဲ့ပါတယ်။ သူမဟာ ဒေါသစိတ်၊ မုန်းတီးစိတ်တွေနဲ့ ဖိစီးနေတဲ့သူ တွေကို ကူညီတတ်တဲ့ ကြင်နာတတ်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ပါတယ်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှ နိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

1. ဒေါသဖြစ်တဲ့အခါ ဒါမှမဟုတ် စိတ်ဆိုးတဲ့အခါ လူတွေလုပ်မိတတ်ကြတဲ့ မကောင်းတဲ့အရာတွေ ဘာတွေရှိမလဲ။
2. တစ်ယောက်ယောက်က သင့်ကို "တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ" လို့ လာပြောဖူးသလား။
3. အဲဒီလို အတောင်းပန်ခံရတဲ့အခါ သင်ဘယ်လိုခံစားရလဲ။

"ခွင့်လွှတ်ခြင်း" ဆိုတဲ့စကားလုံးက သင့်အတွက် ဘယ်လိုအဓိပ္ပါယ်ရှိပါသလဲ။

**အဖွဲ့လိုက်လှုပ်ရှားမှု၊** ဂက်(စ်)ပါသည့်အချိုရည်တစ်ပုလင်းနဲ့ ဇလုံကြီးတစ်လုံးယူပါ။ ကူညီမယ့်သူတစ်ယောက်ကို ရွေးပါ။ ဆရာက ကူညီမယ့်သူကို ပုလင်းကို အပြင်းအထန်လှုပ်နိုင်းပြီး၊ အဖုံးကိုဖွင့်နိုင်းပါ။ အမြှုပ်ထွက်လာ သည့် ပုလင်းကို ဇလုံထဲတွင်ထောင်ထားပြီး ဇလုံထဲတွင် အမြှုပ်များလျှံကျသွားစေပါ။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

ပုလင်းကိုလှုပ်တဲ့အခါ ဘာဖြစ်လာခဲ့မယ်လို့ သင်ထင်ခဲ့လဲ။
ဒီအချိုရည်ပုလင်းနဲ့ သင် ဒါမှမဟုတ် ကျွန်ုပ် တူညီတဲ့အချက်က ဘယ်အချက်ဖြစ်မလဲ။

ကျွန်တော်တို့ဟာ ဒေါသနဲ့ အမုန်းစိတ်တွေကို စိတ်ထဲမှာ ပိတ်ထားပြီး ယုံကြည်စိတ်ချရတဲ့သူတစ်ယောက်ကို မပြောဘဲနေတဲ့ အခါ၊ ဒီအချိုရည်ပုလင်းလိုမျိုး ဖြစ်သွားနိုင်ပါတယ်။ တစ်နေ့မှာ တစ်ခုခုက ကျွန်တော်တို့ကို လှုပ်ခတ်လိုက်တဲ့အခါ၊ ဆိုးရွားတဲ့ စကားတွေ ဒါမှမဟုတ် အားနဲ့ပြင်းထန်တဲ့အပြုအမူတွေနဲ့ ပေါက်ကွဲသွားနိုင်ပါတယ်။

## သင်ခန်းစာ ၁၈ – ကျမ်းစာပုံပြင်




(ဆရာက လက်ဝါးကားတိုင်ပေါ်၌ ယေရှုအသေခံခဲ့သည့်ပုံပြင်ကို ကလေးများအား ဖတ်ပြပါ (သို့) ပြောပြပါ (မဿဲ ၂၇)။ ဤပုံပြင်ကို အရေးကြီး တဲ့အချက်တွေနဲ့ ပြောပြနိုင်ဖို့ အောက်တွင် ဥပမာပေးထားပါသည်။ ရုပ်ပုံပြကားချပ် 18B မှ ဤပုံ 5 ပုံကို အသုံးပြုပါ။)

ယေရှု၏တပည့်တစ်ယောက်ဖြစ်သူ ယုဒသည် ငွေကို အလွန်ကြိုက်နှစ်သက်သူဖြစ်သည်။ ဆင်းရဲသားများအတွက် ထားရှိသော ငွေအိတ်ထဲမှ ငွေများကို တခါတရံ သူခိုးယူတတ်သည်။ တစ်နေ့တွင် ယေရှုကို မုန်းတီးသော ခေါင်းဆောင်များက ယုဒအား ယေရှုကို လျှို့ဝှက်စွာ ဖမ်းဆီးနိုင်မည့်နေရာသို့ ခေါ်ဆောင်ပေးလျှင် ငွေအမြောက်အမြားပေးမည်ဟု ပြောကြားခဲ့သည်။ ယုဒ သဘောတူပြီး ငွေများကိုယူကာ ယေရှုကို သစ္စာဖောက်ခဲ့သည်။ ယေရှု အလွန်ဝမ်းနည်းခဲ့ရသည်။ ယုဒကို  လူများဒေါသထွက်ပြီး မုန်းတီးသော စကားများ ပြောကြမည်ဖြစ်သော်လည်း၊ သူ့ကို ခွင့်လွှတ်ဖို့ ယေရှုရွေးချယ်ခဲ့ပါသည်။

ဘာသာရေးခေါင်းဆောင်များက ယေရှုကို ဖမ်းဆီးပြီး သေဒဏ်ပေးရန် ကြိုးစားခဲ့ကြသည်။ ယေရှုအား သူတို့ မဟုတ်မမှန် စွပ်စွဲခဲ့ကြသည်။ မြို့ဝန် ပိလတ်မင်းက ယေရှုတွင် အပြစ်မတွေ့ဟု ဆိုသော်လည်း၊ သူသည် စစ်သားများအား ယေရှုကို များစွာရိုက် နှက်ခိုင်းခဲ့သည်။ သူတို့သည် ရှည်လျားချွန်ထက်သော ဆူးများဖြင့် သရဖူတစ်ခုပြုလုပ်ကာ ယေရှု၏ခေါင်းပေါ်တွင် စွပ်လိုက်ကြသည်။ ထို့နောက် ယေရှုကို လှောင်ပြောင်ကာ ခေါင်းတော်ကို သူတို့ရိုက်ကြသည်။ ယေရှုသည် တစ်ကြိမ်တစ်ခါမျှ အော်ဟစ် ခြင်း၊ ကျိန်ဆဲခြင်း သို့မဟုတ် မုန်းတီးသောမျက်နှာထားဖြင့် ကြည့်ခြင်း မပြုခဲ့ပေ။ သူတို့အား ကြင်နာစွာ ယေရှုဆက်ဆံခဲ့သည်။

ထို့နောက် လေးလံသော သစ်သားလက်ဝါးကားတိုင်ကို ယေရှု၏ကျောပေါ်တွင် တင်ကြကာ မြို့ပြင်သို့ သယ်ဆောင်သွားစေခဲ့သည်။ ယေရှုသည် ရိုက်နှက်ခံရသည့်ဒဏ်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရနေပြီး လေးလံသော ဝန်ကြောင့် မြေပေါ်သို့ လဲကျ သွားခဲ့သည်။ နောက်ဆုံးတွင် မြို့အစွန်ရှိ ကားတိုင်တင်မည့်နေရာသို့ ရောက်ရှိလာခဲ့ပါသည်။ ခိုးမှု၊ လူသတ်မှုများ ကျူးလွန်ခဲ့ သော ပြစ်မှုကျူးလွန်သူနှစ်ဦးလည်း ကားတိုင်တင်ခံရန် ရောက်ရှိနေသည်။ ထိုပြစ်မှုကျူးလွန်သူနှစ်ဦးသည် စစ် သားများအား ကျိန်ဆဲကာ တိုက်ခိုက်ခဲ့ကြသည်။ ယေရှုမူကား တိုက်ခိုက်ခြင်း သို့မဟုတ် မုန်းတီးသော စကားများ မပြောခဲ့ပေ။ စစ်သားများက ယေရှု၏လက်နှင့်ခြေထောက်များတွင် သံမှိုများစိုက်ကာ ကားတိုင်ပေါ် တင်ခဲ့ကြသည်။  အလွန်နာကျင်စေသည့် လုပ်ရပ်ပင် ဖြစ်သည်။ ထို့နောက် စစ်သားများသည် ကားတိုင်ကို မတ်တပ်အနေအထားဖြစ်စေရန် တွင်းထဲထည့်ပြီး ထူထားခဲ့ ကြသည်။ ကားတိုင်အနားဖြတ်သွားကြသူများက ယေရှုကို လှောင်ပြောင်ခဲ့ကြသည်။ အချို့က သူ့အား တံတွေး ထွေးကြသည်။ ယေရှုက ဘာပြန်လုပ်ခဲ့သလဲ။ ဘာပြောခဲ့သလဲ။ သူက "အိုအဘ၊ သူတို့သည် မိမိတို့ပြုသောအမှုကို မသိကြပါ၊ သူတို့ကို ခွင့်လွှတ်တော်မူ ပါ" ဟု ရိုးရိုးလေးပြောခဲ့ပါသည်။

စစ်သားများကို ဦးဆောင်သော စစ်ဗိုလ်သည် ယေရှု၏အပြုအမူကို မြင်ပြီး အံ့အားသင့်သွားခဲ့သည်။ ထိုစစ်ဗိုလ်က "အကယ်စင်စစ်၊ ဤသူသည် ဖြောင့်မတ်သောသူဖြစ်သည်" ဟု ပြောခဲ့သည်။ လူအများစုက ဒဏ်ရာရကြသောအခါ အလွန်ဒေါသထွက်ပြီး မုန်းတီးကာ လက်စားချေလိုကြသည်ကို စစ်ဗိုလ်သိရှိထားပါသည်။ သို့သော် ယေရှုသည် သူ့ကို နာကျင်စေသူများကို ခွင့်လွှတ် ရန် ရွေးချယ်ခဲ့သည်။

## ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေမျှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေမျှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေမျှနိုင်းပါ။)

1. ဒီပုံပြင်ကို ဘာကြောင့် သဘောကျသလဲ။
2. တစ်ယောက်ယောက်က ယေရှုကို လုပ်ခဲ့သလိုမျိုး သင့်ကို လုပ်ခဲ့ရင် ဘယ်လိုခံစားရမလဲ။
3. ယေရှုက သူတို့အပေါ် ဒေါသမထွက်ဘဲ ခွင့်လွှတ်ခဲ့တာကို မကောင်းတဲ့လူတွေ မြင်တဲ့အခါ ဘယ်လိုခံစားရမယ်ထင်လဲ။
4. ယေရှုခွင့်လွှတ်သလိုမျိုး သင့်ကို နာကျင်စေသူတစ်ယောက်ကို သင်ခွင့်လွှတ်လိုက်ရင် ဘာဖြစ်လာမယ်ထင်လဲ။

ဒါဆို ဘုတ်ပေါ်မှာရေးပြထားတဲ့ ကျွန်တော်တို့ရဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူပြောကြည့်ရအောင်။ ဒီစာသားကို ကျွန်တော်တို့ရဲ့ စိတ်နှလုံးထဲမှာ ထည့်ထားကြမယ်။ (ကလေးများအား ဆရာနောက်မှ တစ်ခွန်းစီလိုက်ရွတ်ဆိုစေပါ။ ထို့နောက် စာ သားအားလုံးကို တစ်ဖွဲ့လုံး ညီညီညာညာ ရွတ်စေပါ။)

**ရန်သူများကို ခွင့်လွှတ်တတ်ရန် ကျွန်ုပ်ကို  ယေရှုကူညီပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။**

| | |
|---|---|
| **အဖွဲ့လိုက်လှုပ်ရှားမှု၊** | ကလေးတွေကို ထလမ်းလျှောက်နေခိုင်းပါ။ "နှစ်ယောက်တစ်တွဲ လုပ်ပါ" လို့ ဆရာပြောလိုက်တဲ့ အခါ၊ ကလေးတစ်ယောက်စီက အခြားကလေးတစ်ယောက်ရဲ့ လက်ကို ဆုပ်ကိုင်ပြီး ထိုင်လိုက်ရပါမယ်။ အဲသည်လို အတွဲလိုက်ထိုင်နေစဉ်မှာ ကြင်နာတဲ့စကားတွေကို အလေ့အကျင့်လုပ်ကြည့်ခိုင်း ပါ။ ကလေးတစ်ယောက်က "စိတ်မရှိပါနဲ့၊ ငါ့ကို ခွင့်လွှတ်ပါ" လို့ တောင်းပန်ပြီး၊ နောက်ကလေး တစ်ယောက်က "ငါ ခွင့်လွှတ်ပါတယ်" လို့ ပြန်ပြောခိုင်းပါ။<br><br>(ဒီလိုမျိုး မတူညီတဲ့အတွဲတွေနဲ့ အကြိမ်ကြိမ်လုပ်ကြည့်ပါ။)<br><br>ကျွန်တော်တို့ စိတ်ရင်းစေတနာနဲ့ တောင်းပန်ပြီး တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်တဲ့အခါ၊ သင့်တင့်စွာနဲ့ အတူနေထိုင်ဖို့ ပိုမိုလွယ်ကူသွားပါတယ်။ လူအများစုက ဒီစကားလုံးတွေကို ဘယ် တော့မှ မပြောပဲနေ တဲ့အ တွက်၊ တစ်ခုခုနာကျင်စရာဖြစ်သွားတဲ့အခါ အချင်းချင်း ပြန်သင့်မြတ်ဖို့ ခက်ခဲသွားတတ်ပါတယ်။ |

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၄၅ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**ရန်သူများကို ခွင့်လွှတ်တတ်ရန် ကျွန်ုပ်ကို ယေရှုကူညီပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

ယေရှုသည် လူတို့ကို အန္တရာယ်ရှိသော၊ မုန်းတီးမှုစိတ်များမှ လွတ်မြောက်စေရန် မိမိ၏အသက်ကိုစွန့်စားပေးသည့် မြေဖြူပ်မိုင်း ရှင်းသူတစ်ဦးနှင့် တူပါသည်။ ဘုရားသခင်နှင့်အတူ ပူးပေါင်းပြီး ဒေါသနှင့် မနာလိုဝန်တိုစိတ်များကို ဖယ်ရှားနိုင်သည့် နည်းလမ်း ရှိပါသည်။ အောက်ပါအချက်များကို သင်၏နေ့စဉ်မှတ်တမ်းစာအုပ်ထဲတွင် ရေးချပါ သို့မဟုတ် ပုံဆွဲဖော်ပြပါ။

1. သင့်ကို နာကျင်စေခဲ့သူတစ်ဦး၏ ပုံကို ဆွဲပါ သို့မဟုတ် တစ်စုံတစ်ယောက်က သင့်ကို နာကျင်စေခဲ့သည့်အချိန်ကို စဉ်းစားပါ။
2. ဘုရားသခင်အား ထိုအရာကြောင့် သင်ဘယ်လောက်ဝမ်းနည်းပြီး ဒေါသထွက်ခဲ့ရကြောင်း ပြောပြပါ။
3. ကားတိုင်ပေါ်ရှိ ယေရှု၏ပုံကို ဆွဲပါ သို့မဟုတ် သူဘယ်လောက် ကြင်နာပြီး ခွင့်လွှတ်ခဲ့ကြောင်းကို စဉ်းစားပါ။
4. ဘုရားသခင်အား သင့်ရဲ့မကောင်းတဲ့အတွေးတွေကို ဖယ်ရှားပေးပြီး သင့်အား ခွင့်လွှတ်ခြင်းတရားတွေ ပေးသနားဖို့ တောင်းလျှောက်ပါ။
5. ဘုရားသခင်အား သင့်ရန်သူ၏စိတ်နှလုံးကို ပြောင်းလဲပေးဖို့ သို့မဟုတ် နောင်တမရပါက ထိုသူကို တရားစီရင်ပြီး အပြစ်ပေးဖို့ တောင်းလျှောက်ပါ။
6. " သူ (သို့မဟုတ် သူမ) လုပ်ခဲ့တဲ့အရာအတွက် ___________ (သင့်ကို နာကျင်စေခဲ့သူ၏အမည်) ကို ကျွန်ုပ်ခွင့် လွှတ်ပါ တယ်" ဆိုတဲ့စကားကို တိုးတိုးလေးပြောလိုက်ပါ။

မှတ်ထားပါ၊ "ခွင့်လွှတ်ပါတယ်" လို့ပြောလိုက်တာဟာ "ဘာမှမဖြစ်ပါဘူး၊ အရေးမကြီးပါဘူး" ဆိုတဲ့အဓိပ္ပါယ်မဟုတ်ဘူး။ "ခွင့် လွှတ်တယ်" လို့ပြောတာနဲ့ ဖြစ်ခဲ့တဲ့အရာကို ချက်ချင်းမေ့သွားမယ်လို့ မဆိုလိုပါဘူး။ သင်က ထိုအရာကို ဆက်ဖြစ်ဖို့ ခွင့်မပြု တော့ဘူး ဆိုတဲ့အဓိပ္ပါယ်ပါ။ သင်က လက်တုန့်ပြန်ခြင်း ဒါမှမဟုတ် နာကျင်အောင်ပြန်လုပ်ခြင်းမျိုးတွေကို မလုပ်တော့မယ့် အဓိပ္ပါယ်ပါ။ သင့်ရန်သူကို တရားစီရင်ခွင့်ရှိတာ ဘုရားသခင်တစ်ပါးတည်းပဲရှိပါတယ်။

သင့်ရဲ့နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၄၆ ကိုဖွင့်ပါ။ သင့်ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင်ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာဖြင့်ချရေးပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှူလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ကလေးတွေကို စက်ဝိုင်းအနေအထားနဲ့ မတ်တပ်ရပ်ခိုင်းပါ။ ဆရာက ပထမဆုံးကလေးကို တိုးတိုးလေး "ယေရှုက မင်းကို ချစ်တယ်၊ အမြဲချစ်နေမှာပါ။ ဒီစကားကို ဆက်ပြောပါ" လို့ ပြောပါ။ ကလေးတွေက တစ်ယောက်ပြီး တစ်ယောက် တိုးတိုးလေး ပြောဆိုကြပြီး၊ နောက်ဆုံးမှာ ဆရာဆီကို ပြန်ရောက်လာပါစေ။)

## ၃။ အပိတ်ဆုတောင်းချက်

"ကောင်းကင်ဘုံ၌ရှိတော်မူသောအဘ၊ ကျွန်ုပ် အလွန်နာကျင်ခံစားရတဲ့အခါ အရမ်းဝမ်းနည်းရပြီး ဒေါသထွက်မိပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့စိတ်နှလုံးကို နှစ်သိမ့်ပေးပါ။ ကျွန်ုပ်ရဲ့မုန်းတီးတဲ့အတွေးတွေအတွက်ကိုလည်း ကျွန်ုပ်ကို ခွင့်လွှတ် ပေးပါ။ ချစ်ခြင်းမေတ္တာနဲ့ ပြည့်နေတဲ့ အသစ်သောနှလုံးသားကို ပေးသနားတော်မူပါ။ ခွင့်လွှတ်ခြင်းဆိုတဲ့ လက်ဆောင်ကို ပေး သနားတော်မူပါ။ မကောင်းတဲ့လူတွေကိုလည်း ပြောင်းလဲပေးပါ ဒါမှမဟုတ် ကိုယ်တော်ဆင်းကြွတော်မူပြီး သူတို့ကို တရားစီရင် ခြင်း အားဖြင့် ဒီကမ္ဘာကြီးထဲက နာကျင်စရာအရာတွေအားလုံးကို ဖယ်ရှားပေးတော်မူပါ။ ယေရှုခရစ်တော်နာမဖြင့် တောင်း လျှောက်ပါ၏။ အာမင်။"

# သင်ခန်းစာ ၁၉ - ဒုက္ခဆင်းရဲခြင်း မရှိတော့ပြီ။

**အခန်း ၁၉**
**အဓိကအကြောင်းအရာ**

တရားစီရင်ခြင်းရှိလိမ့်မည်။ ယေရှု တဖန်ပြန်ဆင်းကြွလာမည်။ ထိုအခါ မကောင်းမှုအားလုံး အဆုံးသတ်သွားမည်။ လူသားကို စိတ်၊ ခန္ဓာ၊ ဝိညာဉ်၊ လူမှုရေးနှင့် စိတ်ခံစားမှုတို့အပြည့်ဖြင့် ပြီးပြည့်စုံစွာ ဖန်ဆင်းခဲ့သည့်အတိုင်း ထိုအခါတွင် တဖန်ပြန်လည် ပြည့်စုံခြင်းရှိလိမ့်ဦးမည် ဖြစ်သည်။

**ပန်းတိုင်များ**

နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ပုံရေးဆွဲခြင်းဖြင့်ဖြစ်စေ အောက်ပါအချက်တို့ကို ဖော်ပြရန်၊

1. ယေရှုသည် အပြစ်နှင့် ဆိုးသောသူများကို ထာဝရဖယ်ရှားပစ်လိမ့်မည်ဖြစ်သည်။
2. ကောင်းကင်ဘုံသို့ အဘယ်ကြောင့် အချို့လူများရောက်ရှိပြီး၊ အချို့ရောက်မလာ နိုင်သည် အကြောင်းကို ကျွန်ုပ်တို့အား ဘုရားသခင်နားလည်စေတော်မူမည်။

**သတင်းစကား**

ဒုက္ခနှင့် နာကျင်ခြင်းတို့သည် တစ်သက်လုံး အဆုံးသတ်သွားပြီ။ ကျွန်ုပ်သည် ဘေးကင်းရာသို့ သွားပြီး ယေရှုနှင့်အတူ ထာဝရနေထိုင်နိုင်ပါသည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ။

- ကောင်းသောအရာများ / ဆိုးသောအရာများ လှုပ်ရှားမှုအတွက် ပစ္စည်း ၁၅ မျိုး (ဥပမာ - ကောင်းသောအရာများ - သစ်သီး၊ စာအုပ်၊ ဘောပင်၊ ခဲဖျက်၊ အရုပ်များ စသည်။ ဆိုးသောအရာများ - အမှိုက်၊ စီးကရက်ဖူး၊ ငှက်ပျောခွံ စသည်)။
- ဆိုင်းဘုတ်နှစ်ခု (တစ်ခုက "ကောင်းသောအရာများ" နှင့် တစ်ခုက "ဆိုးသောအရာများ" လို့ ရေးထားပါ)။
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းစီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- အဖွဲ့လိုက်ပုံဆွဲရန်အတွက် ပုံဆွဲကိရိယာများ
- ပဏာမသီချင်း (Theme Song)
- ကျမ်းစာပုံပြင်နှင့် ဘဝပုံပြင်များပါဝင်သည့် ရုပ်ပုံပြကားချပ်
- အရုပ်တစ်ခုခု (သို့) ပစ္စည်းတစ်ခုခု

**ပြင်ဆင်ချက်**

ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ်တွင် ရေးချထားပါ။

**မကောင်းမှုနှင့် သေခြင်းတရားကို နိုင်ငံချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည်သူများအား ကောင်းကင်ဟူသော လုံခြုံရာနေရာသို့ ခေါ်ဆောင်ရန် ယေရှုပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## အဖွင့်လှုပ်ရှားမှုများ (Opening Activities)

၁။ ပြန်လည်ဆန်းစစ်ခြင်း

အရင်သင်ခန်းစာမှာလေ့လာခဲ့ကြတဲ့ သူတပါးအားခွင့်လွှတ်ခြင်းအကြောင်းအရာထဲက ဘာတွေမှတ်မိကြသေးလဲ။ ပြောပြပေးလို့ရမလား။

ခွင့်မလွှတ်ပဲနေခြင်းကရော မြေမြုပ်မိုင်းတွေနဲ့ ဘယ်လိုတူညီသလဲ။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ဖတ်ကြည့်ရအောင်။

**ရန်သူများကို ခွင့်လွှတ်တတ်ရန် ကျွန်ုပ်ကို ယေရှုကူညီပေးနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ကျွန်ုပ်သည် ခါးသီးရန်၊ ဒေါသထွက်ရန် သို့မဟုတ် မုန်းတီးရန် မလိုအပ်တော့ပြီ။**

၂။ ဆောင်ပုဒ်သီချင်း (Theme Song)

၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှနိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှနိုင်းပါ။)

သင်အရမ်းကြိုက်တဲ့အရာတစ်ခုက ဘာလဲ။
(ကလေးတွေရဲ့အဖြေ: ဘောလုံးကစားတာ၊ အနားယူချိန်ရှိတာ၊ ရေခဲမုန့်စားတာ စသည်)။

အဲဒါက ဘယ်လောက်ကြာကြာခံလဲ။
(ဒီကမ္ဘာမှာ ကောင်းတဲ့အရာတွေက ထာဝရမခံဘူးဆိုတာကို ဆွေးနွေးပါ)။

သင်မကြိုက်တဲ့အရာတစ်ခုက ဘာလဲ။
(ကလေးတွေရဲ့အဖြေ: အလုပ်လုပ်ရတာ၊ မိဘတွေဆူတာ၊ သင်္ချာသင်တန်း စသည်)။

အဲဒါက ဘယ်လောက်ကြာကြာခံလဲ။
(ဆိုးတဲ့အရာတွေကလည်း ထာဝရမခံဘူးဆိုတာကို ဆွေးနွေးပါ)။

ဘုတ်(ဘော)ပေါ်မှာ ရေးထားတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတူကြည့်ရအောင်။ (ဆရာက ရှေ့ကတိုင်ပေးပြီး ကလေးများအား ဆရာနောက်မှ တစ်ခွန်းစီလိုက်ရွတ်ဆိုစေပါ။ ထို့နောက် စာသားအားလုံးကို တစ်ဖွဲ့လုံး ညီညီညာညာ ရွတ်စေပါ။)

**မကောင်းမှုနှင့် သေခြင်းတရားကို နိုင်ငံချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည်သူများအား ကောင်းကင် ဟူသော လုံခြုံရာနေရာသို့ ခေါ်ဆောင်ရန် ယေရှုပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## ချမ်းသာသော မိန်းကလေး၏ပုံပြင်

ရုပ်ပုံပြကားခြပ် 19A









*(ဆရာက ချမ်းသာသောမိန်းကလေး၏ပုံပြင်ကို ဖတ်ပြပေးပြီး၊ ကလေးများအား ရုပ်ပုံပြကားခြပ် 19A တွင်ပါရှိသည့် ပုံ ၄ ပုံကို ပြသပေးရမည်။)*

ဒီပုံပြင်ကိုဖတ်ရင်း ဒီမိန်းကလေးလေးဟာ သူကြုံတွေ့ခဲ့တဲ့ ဆိုးရွားတဲ့အတွေ့အကြုံတွေအပေါ် သူဘယ်လိုခံစားရလဲ၊ ပြီးတော့ သူ့ရဲ့ခံစားချက်တွေကို ဘယ်လိုကိုင်တွယ်ခဲ့လဲဆိုတာကို မြင်ယောင်ကြည့်ပါ။

တစ်နေ့မှာ ချမ်းသာတဲ့မိသားစုတစ်စုမှာ နေထိုင်တဲ့ လှပတဲ့မိန်းကလေးလေးတစ်ယောက်ရှိခဲ့ပါတယ်။ သူမမှာ အရုပ်တွေ၊ နှစ်သက်ဖွယ်ရာပစ္စည်းတွေ အများကြီးရှိတယ်။ ဒါပေမယ့် တဖက်မှာ သူမဟာ လူဆိုးတစ်စုရဲ့ သားကောင်ဖြစ်ခဲ့ရတယ်။ သူ့ကို မကြာခဏဆိုသလို သူမဟာ အိမ်မှာ တစ်ယောက်တည်းကျန်ခဲ့ရပြီး၊ သူမတစ်ယောက်တည်းရှိနေတာကိုသိတာနဲ့ လူဆိုးတွေက လာပြီး သူမကို အနိုင်ကျင့်စော်ကားတတ်ကြတယ်။ ပြီးရင် သူတို့တိတ်တဆိတ်ပြန်ထွက်သွားကြတယ်။ ဒါကို သူ့မိသားစု ထဲက ဘယ်သူမှ မသိကြဘူး။ သူမဟာ အားနည်းပြီး တန်ဖိုးမရှိသူလို့ ခံစားလာရပါတယ်။ ပြီးတော့ ဒေါသထွက်လာပြီး၊ အဲဒီဒေါ သစိတ်က သူမအထဲမှာ ဝင်ရောက်နေရာယူလာခဲ့ပါတယ်။

တစ်နေ့မှာ၊ သူဟာ သူ့အိမ်ရဲ့ လှေကားထစ်ပေါ်မှာ ထိုင်နေရင်း၊ မျက်ရည်တွေကျနေခဲ့တယ်။ ကောင်းကင်ဘက်ကို မော့ကြည့်ပြီး "ဘုရားသခင်၊ မင်းကို ငါမုန်းတယ်။ ငါလုပ်နိုင်မယ်ဆိုရင် မင်းကို ငါသတ်ပစ်ချင်တယ်" လို့ စူးစူးဝါးဝါး အော်ပစ်လိုက်ပါတယ်။ အဲသည်လိုပြောပြီးတာနဲ့ သူမဟာ လက်ဝါးကပ်တိုင်ပုံစံနဲ့ မိမိလက်တော်ကို ဆန့်ထားတဲ့ ယေရှုရဲ့လက်နှစ်ဖက်ကို မြင်တွေ့ လိုက်ရပြီး "မင်းကိုချစ်တဲ့အတွက် ကြောက်မက်ဖွယ်ရာသေခြင်းကို မင်းအတွက် ငါခံယူခဲ့သည်။ မင်းရင်ဆိုင်နေရတဲ့ ဆိုးရွားတဲ့ အတွေ့အကြုံတွေကို ငါလျစ်လျူမရှုထားပါဘူး။ လူဆိုးတွေ မင်းအပေါ် မတရားလုပ်တာကို ငါမြင်တဲ့အခါ ငါမျက်ရည်ကျခဲ့ရ တယ်။ မင်းကို ငါ ရှင်သန်ခွင့်ပေးခဲ့တယ်။ အခုလည်း မင်းရဲ့နှလုံးသားဒဏ်ရာပျောက်ကင်းအောင် ငါကူညီပေးမယ်" ဆိုတဲ့စကားကို ကြားလိုက်ရပါတယ်။

နောက်တခါ ဘုရားသခင်ကို ဒေါသမထွက်တော့ဖို့ သူမဆုံးဖြတ်လိုက်ပါတယ်။ ယနေ့မှာတော့ သူမဟာ ဒဏ်ရာရနေတဲ့ကလေး တွေအတွက် မေတ္တာနဲ့ပြည့်ဝတဲ့ စိတ်အားထက်သန်တဲ့ ခရစ်ယာန်အမျိုးသမီးတစ်ယောက်ဖြစ်နေပါပြီ။ သူမရဲ့ ကြောက်မက် ဖွယ်ရာခံစားချက်တွေကို ဘုရားသခင်ထံ ပြောပြခဲ့တာဟာ ကောင်းတဲ့ရွေးချယ်မှုတစ်ခုပဲဖြစ်ပါတယ်။ ဒါက သူ့စိတ်ထဲမှာ ခံစားချက်တွေကို ဖုံးဖိထားပြီး တခြားသူတွေကို နာကျင်အောင်လုပ်တာထက် ပိုကောင်းပါတယ်။

**ကလေးတို့ရေ၊** "မင်းကို ငါခွင့်လွှတ်ပါတယ်" လို့ပြောလိုက်တာဟာ "ဘာမှမဖြစ်ပါဘူး၊ အရေးမကြီးပါဘူး" ဆိုတဲ့အဓိပ္ပါယ် မဟုတ်ဘူးဆိုကို သတိရပါ။ "ခွင့် လွှတ်တယ်" လို့ပြောတာနဲ့ ဖြစ်ခဲ့တဲ့အရာကို ချက်ချင်းမေ့သွားမယ်လို့ မဆိုလိုပါဘူး။ သင်က ထိုအရာကို ဆက်ဖြစ်ဖို့ ခွင့်မပြုတော့ဘူး ဆိုတဲ့အဓိပ္ပါယ်ပါ။ သင်က လက်တုန့်ပြန်ခြင်း ဒါမှမဟုတ် နာကျင်အောင်ပြန်လုပ်ခြင်း မျိုးတွေကို မလုပ်တော့မယ့် အဓိပ္ပါယ်ပါ။ ဘုရားသခင်ရဲ့ ခွင့်လွှတ်ခြင်းတရားကို သင့်နှလုံးထဲက လက်ခံလိုက်တဲ့သဘောပါပဲ။ သင့်ရန်သူကို တရားစီရင်ဖို့ ဘုရားသခင်ကို သင်ခွင့်ပြုပေးမှာပဲဖြစ်ပါတယ်။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊** (ပုံပြင်အပေါ်ခံစားမိသည့် မိမိတို့၏ ခံစားချက်နှင့် အတွေးများကို ကြမ်းပြင်ပေါ်ရေးဆွဲပုံဖော်ရန် ကလေးများကို ခေါ်လိုက်ပါ။ လျှောက်လမ်းတွင် မြေဖြူခဲဖြင့်သော်၎င်း၊ စာရွက်ရှည်ကြီးပေါ်တွင် (သို့) ကြမ်းပြင်ပေါ်ချထားသော ဘောပေါ်တွင် ရောင်စုံခဲ့တံဖြင့်သော်၎င်း ရေးဆွဲနိုင်သည်။ ပုံဆွဲ မည့်နေရာအဖြစ် ကြမ်းပြင်နေရာကိုသာ ရွေးချယ်ပါ။ သို့မှသာ ကလေးများအချင်းချင်း အဖွဲ့လိုက် ဖန်တီးရေးဆွဲရင်း ချိတ်ဆက်ပြောဆို၊ ခွန်အားယူနိုင်ကြလိမ့်မည်ဖြစ်သည်။)

**ကျမ်းချက်** ဗျာဒိတ် ၂၁:၄၊ ၅ - "ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်း မရှိရ။ အကြောင်းမူကား၊ ရှေးဖြစ် ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူကလည်း၊ ငါသည် ခပ်သိမ်းသော အရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏။ တဖန်တုံ၊ ရေးထားလော့။ ဤစကားသည် သစ္စာစကား၊ ဟုတ်မှန်သော စကားဖြစ်၏"

(ACT OUT နည်းလမ်းကို အသုံးပြုပြီး ဆရာ/မက ဤကျမ်းချက်ကို သင်ပေးနိုင်သည်။ မှတ်သား သွားသည့်အထိ အလွတ်ကျမ်းချက်ကို ထပ်ခါထပ်ခါ ရွတ်ဆိုပါ။ ထို့နောက် အဖွဲ့များခွဲပြီး ထိုကျမ်း ချက်ကို အမူအရာဖြင့် သရုပ်ဖော်စေပါ။

## သင်ခန်းစာ ၁၉ – ကျမ်းစာပုံပြင်

### ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်းပုံပြင်

ရုပ်ပုံပြကားချပ် 19B











*ဆရာက ယေရှု၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် မြေကြီးသစ်အကြောင်းကို ပြောပြ (သို့) ဖတ်ပြရန်ဖြစ်သည်။ မဿဲ ၂၄:၃၀၊ ၃၁။ ၁ သက် ၄:၁၆၊ ၁၇။ ဗျာဒိတ် ၂၁:၁-၅။ ဤပုံပြင်ကို အရေးကြီးသောအချက်များနှင့် အချက်ကျကျပြောပြနိုင်ဖို့ အောက်တွင် ဥပမာ ပေးထားပါသည်။ ရုပ်ပုံပြကားချပ် 19B မှ ဤပုံ 5 ပုံကို အသုံးပြုပါ။)*

တစ်ခါတစ်ရံ လောကကြီးတစ်ခုလုံးမှာ ဘယ်နေရာမှ စိတ်ချရတဲ့နေရာမရှိသလို ခံစားရတတ်ပါတယ်။ မကောင်းတဲ့ လူဆိုးတွေ၊ လူယုတ်မာတွေ၊ လောဘကြီးပြီး ကိုယ်ကျိုးစီးပွားကိုသာ ကြည့်တတ်တဲ့သူတွေ နေရာတိုင်းမှာ ရှိနေပါတယ်။ သူတို့ဟာ ကလေးသူငယ်တွေကို ညှဉ်းပန်းနှိပ်စက်ပြီး ညာတာမှုကင်းမဲ့စွာ အသုံးပြုချကြတယ်။

ယေရှု မကြာမီ လောကကိုဆင်းသက်လာပြီး မကောင်းမှုအားလုံးကို ရပ်တန့်မယ်လို့ ကတိပေးထားပါတယ်။ တစ်နေ့မှာ မိုးတိမ်ကိုစီးပြီး ယေရှု ကြွလာတာကို ကျွန်ုပ်တို့ မြင်ရမှာဖြစ်ပါတယ်။ လူတိုင်း သူ့ကိုမြင်ရမှာပါ။ သူဟာ အလွန်တောက်ပပြီး ကောင်းကင်တမန်တွေနဲ့ ဝန်းရံလျက်ရှိမှာဖြစ်ပါတယ်။ သူကြွလာတဲ့အခါ လူဆိုးတွေ ကြောက်လန့်ပြီး ပုန်းအောင်းဖို့ ကြိုးစားကြမှာပါ။ ဒါပေမယ့် ဘုရားသခင်ကို ယုံကြည်ကိုးစားသူတွေကတော့ အလွန်ဝမ်းမြောက်ကြမှာပဲဖြစ်ပါတယ်။

ယေရှုကြွလာတဲ့အခါ လူဆိုးတွေ သေဆုံးကြရမှာဖြစ်ပါတယ်။ ယေရှုဟာ သူ့ကို ယုံကြည်ကိုးစားသူတွေကို ခန္ဓာကိုယ်အသစ်တွေ ပေးမှာဖြစ်ပါတယ်။ ယေရှုကို ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားခဲ့ကြတဲ့ သေသူတွေကိုလည်း ထမြောက်စေမှာဖြစ်ပါတယ်။ သူတို့အားလုံးဟာ ကောင်းကင်တမန်တွေလို ပျံသန်းနိုင်တဲ့ ခန္ဓာကိုယ်တွေကို ရရှိကြမှာဖြစ်ပြီး ဘုရားသခင်က သူတို့ကို ကောင်းကင်ကို ခေါ်ဆောင်သွားမှာဖြစ်ပါတယ်။ ကောင်းကင်ဘုံကို သူတို့သွားကြမှာဖြစ်ပါတယ်။ မြေကြီးမှာတော့ စာတန်နဲ့ မကောင်း ဆိုးဝါးတွေသာ ကျန်ရစ်ပြီး တိတ်ဆိတ်နေမှာဖြစ်ပါတယ်။

ကောင်းကင်ဘုံဟာ ဘုရားသခင်ရဲ့ အိမ်တော်ဖြစ်တဲ့အတွက် အလွန်အံ့ဩဖွယ်ကောင်းတဲ့နေရာဖြစ်ပါတယ်။ ကောင်းကင်တမန်တွေနဲ့ လူတွေနေထိုင်ဖို့ အကောင်းဆုံးနေရာဖြစ်အောင် အရာအားလုံးကို အလွန်လှပစွာ ကိုယ်တော်တည်ဆောက်ထားပါတယ်။ လူတိုင်းအတွက် အစားအစာတွေ အလုံအလောက်ရှိပါတယ်။ အရသာရှိတဲ့ သစ်သီးအားလုံးလည်း ရှိပါတယ်။ ကောင်းကင်ဘုံမှာ ကြမ်းတမ်းတဲ့စကား၊ ဒေါသထွက်တဲ့စကားတွေ လုံးဝမရှိပါဘူး။ လူတိုင်းဟာ ကြင်နာတတ်ပြီး တစ်ဦးကိုတစ်ဦး လေးစားကြတယ်။ ဘယ်ရောဂါမှ၊ ဘယ်မတော်တဆမှုမှ မရှိပါဘူး။ ဘယ်သူမှ မငိုကြွေးကြပါဘူး။ ဘယ်သူမှ နောက်ထပ်မသေရတော့ဘူး။

အဲဒီနေရာကို သွားချင်ပါသလား။ ကောင်းကင်ဘုံမှာ အရင်ကမသိဘူးတဲ့ သဘာဝတရားနဲ့ ကြယ်တွေအကြောင်းတွေကို ပျော်ရွှင်စွာ ရှာဖွေလေ့လာရပါမယ်။ စကြဝဠာတစ်ခုလုံးအကြောင်းကို လေ့လာနိုင်မှာဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ ဖတ်ဖူးတဲ့ ဘုရား သခင်ကယ်တင်တဲ့ ဖြောင့်မတ်သူတွေနဲ့ အခြားထူးခြားတဲ့သူတွေကို တွေ့ဆုံနိုင်မှာဖြစ်ပါတယ်။ သူတို့ရဲ့အကြောင်းတွေကို နား ထောင်ရတာ၊ သူတို့နဲ့ အကောင်းဆုံးသူငယ်ချင်းတွေဖြစ်လာရတာကို သင်အလွန်နှစ်သက်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဘုရား သခင်နဲ့ အချိန်ကုန်ဆုံးရတာ အရမ်းပျော်ဖို့ကောင်းမှာပဲဖြစ်ပါတယ်။ သူက သင့်ကို မျက်နှာချင်းဆိုင်စကားပြောမှာဖြစ်ပြီး သင့်ရဲ့ အကောင်းဆုံးသူငယ်ချင်းဖြစ်လာမှာပါ။

ယေရှုက လူတွေကို ကောင်းကင်ဘုံခေါ်ဆောင်သွားတဲ့အခါ သူတို့အရမ်းပျော်ရွှင်ကြမှာဖြစ်ပါတယ်။ တစ်ခုတည်းသော ဝမ်းနည်းစရာက သူတို့ ချစ်ရတဲ့ အသိမိတ်ဆွေတချို့ အဲဒီမှာမရှိကြတာပါပဲ။ သူတို့က ဘုရားသခင်ကို “ဘာကြောင့် တချို့လူတွေ မလာ နိုင်တာလဲ” လို့မေးကြမှာဖြစ်ပါတယ်။ ဘုရားသခင်က ကမ္ဘာပေါ်မှာ နေထိုင်ခဲ့ကြတဲ့ လူတိုင်းရဲ့မှတ်တမ်းတွေကို သူတို့ကိုပြမှာ ဖြစ်ပါတယ်။ သူတို့ဟာ အပြစ်လုပ်ဖို့ ရွေးချယ်ခဲ့ပြီး ယေရှုရဲ့ကရုဏာနဲ့ ကယ်တင်ခြင်းကို ငြင်းပယ်ခဲ့တာကို မှတ်တမ်းက ပြသမှာ ဖြစ်ပါတယ်။ အဲဒီလူတွေကို ကောင်းကင်နိုင်ငံထဲ ဝင်စားခွင့်မပေးတာ တရားမျှတတယ်ဆိုတာကို သန့်ရှင်းသူတွေ နားလည်သွား ကြမှာဖြစ်ပါတယ်။ လူဆိုးတွေဟာ ကောင်းကင်ဘုံမှာ မပျော်ရွှင်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ ဘုရားသခင်နဲ့ ချစ်ခြင်း မေတ္တာတရားနဲ့ နီးစပ်ချင်တဲ့စိတ် မရှိခဲ့ကြလို့ပါပဲ။

လူတွေ ကောင်းကင်ဘုံမှာ နှစ်ပေါင်း ၁၀၀၀ နေထိုင်နေစဉ်မှာ စာတန်နဲ့ မကောင်းဆိုးဝါးတွေဟာ မြေကြီးပေါ်မှာ အထီးကျန်စွာ နေကြရမှာဖြစ်ပါတယ်။ သူတို့ဟာ ဘုရားသခင်ကို ပုန်ကန်ခဲ့တဲ့ သူတို့ရဲ့ဆိုးယုတ်တဲ့အပြစ်တွေကို ပြန်လည်ဆင်ခြင်စဉ်းစား မိကြမှာဖြစ်ပေမယ့် သူတို့ရဲ့စိတ်နှလုံးတွေက ပြောင်းလဲမှာမဟုတ်ပါဘူး။

ပြီးရင် ဘုရားသခင်က ကောင်းကင်ဘုံကို မြေကြီးပေါ် ဆင်းသက်စေမှာဖြစ်ပါတယ်။ ယေရုရှလင်မြို့သစ်လို့ခေါ်တဲ့ မြို့တော်ကြီးကို ကောင်းကင်ကနေ သယ်ဆောင်လာမှာဖြစ်ပါတယ်။ ပြီးရင် ဘုရားသခင်က ဆိုးယုတ်တဲ့သေသူတွေကို ထမြောက်စေမှာဖြစ်တယ်။ သူက ကောင်းကင်ပြင်ကြီးပေါ်မှာ ရုပ်ရှင်ဖန်သားပြင်ကြီးလိုမျိုး ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးကို ပြသမှာဖြစ်ပါတယ်။ အခြားသူတွေကို နာကျင်အောင်လုပ်ခဲ့တဲ့ သူတို့ရဲ့မကောင်းမှုလုပ်ရပ်အားလုံးကို သူတို့ပြန်မြင်ရမှာဖြစ်ပါတယ်။ ဘုရားသခင် ရဲ့ကရုဏာတော်ရဲ့ အထောက်အထားတွေကို မြင်ရမှာဖြစ်ပြီး၊ ဘုရားသခင်ဘက်က သူတို့ကို ကယ်တင်နိုင်ဖို့ အစွမ်းကုန်ကြိုး စားခဲ့ပေမယ့် သူတို့က လက်မခံပဲ ငြင်းပယ်ခဲ့ကြတာကို သူတို့ပြန်မြင်ရပါမယ်။ ဘုရားသခင်က သူတို့ကို ကောင်းကင်ဘုံမှာ နေထိုင်ခွင့်မပေးတာ တရားမျှတတယ်ဆိုတာကို သူတို့သိမှာဖြစ်ပါတယ်။ ပြီးရင် လူတွေကို နာကျင်အောင်လုပ်ခဲ့တဲ့ လူဆိုးတိုင်း ကို မီးနဲ့ဖျက်ဆီးမှာဖြစ်ပါတယ်။ ဆိုးယုတ်တဲ့လူတွေ၊ မကောင်းဆိုးဝါးတွေ၊ နဲ့စာတန်ကို ဘုရားသခင် ဖျက်ဆီးပစ်မှာဖြစ်ပါတယ်။

အရာအားလုံးလောင်ကျွမ်းပြီးတဲ့နောက်၊ ဘုရားသခင်ဟာ ပြည့်စုံတဲ့ ကမ္ဘာမြေသစ်တစ်ခုကို ဖန်ဆင်းမှာပါ။ ထိုနေရာမှာ သူ့ကို ယုံကြည်သူတွေ ထာဝရနေထိုင်ကြမှာပါ။ နာမကျန်းခြင်း၊ ဝမ်းနည်းခြင်း၊ သေခြင်းတွေ မရှိတော့ပါဘူး။ ထိုနေရာဟာ လုံခြုံပြီး လှပ၊ ငြိမ်းချမ်းပြီး ပျော်ရွှင်စရာကောင်းတဲ့နေရာဖြစ်ပြီး ထာဝရပျော်ရွှင်စွာနေထိုင်နိုင်မှာပါ။ အပြစ်ကို စွန့်လွှတ်ပြီး ယေရှုရဲ့ အသေခံခြင်းကို ယုံကြည်သူတိုင်း ထိုနေရာမှာ နေထိုင်နိုင်ပါတယ်။ ကျွန်တော်က ယေရှုနဲ့အတူ ထာဝရနေချင်ပါတယ်။ သင်ရော မနေချင်ဘူးလား။

### ဆွေးနွေးတင်ပြရန်အချိန်

**စဉ်းစားနိုင်းပါ၊ တွဲပေးပါ၊ ဝေငှပြောပြနိုင်းပါ (Think, Pair and Share)**

(ဆရာ/မ ကကျောင်းသားများအား အောက်ပါမေးခွန်းများ၏ အဖြေကို စဉ်းစားစေပါ၊ မိမိတို့အဖြေကို နှစ်ယောက်တစ်တွဲ အပြန်အလှန် ဝေငှခိုင်းပါ။ ထို့နောက် ကျောင်းသားတချို့တို့ကို တစ်တန်းလုံးအရှေ့တွင် ဝေငှခိုင်းပါ။)

1. ကောင်းကင်နိုင်ငံ အကြောင်းစဉ်းစားတိုင်း၊ သင့် အဓိကပျော်ရွှင်စေတဲ့အချက်က ဘယ်အချက်ဖြစ်မလဲ။
2. ဘုရားသခင်က လူဆိုးတွေနဲ့ နတ်ဆိုးတွေကို ဖျက်ဆီးမယ့်အပေါ် သင်ဘယ်လိုခံစားရလဲ။
3. ကောင်းကင်ဘုံမှာ အန္တရာယ်ပြုမယ့်သူတွေနဲ့ လူဆိုးတွေရှိနေရင် ကြောက်စရာကောင်းမယ်လို့ သင်ထင်လား။
4. အဲဒီလူဆိုးတွေကို ကောင်းကင်နိုင်ငံကို ခေါ်ဆောင်သွားနိုင်ဖို့ ဘုရားသခင် နောက်ထပ်ဘာလုပ်ပေးလို့ရနိုင်အုံးမလဲ။

**အဖွဲ့လိုက်ပုံဆွဲခြင်း၊**

(ကောင်းသောအရာများ / ဆိုးသောအရာများ လှုပ်ရှားမှု။ - ကောင်းတဲ့ပစ္စည်းတွေနဲ့ မကောင်းတဲ့ ပစ္စည်းတွေကို ရေထားပြီး အခန်းရဲ့တစ်ဖက်စွန်းမှာ တစ်ပုံ၊ နောက်တစ်ဖက်စွန်းမှာ တစ်ပုံ ပုံထားပါ။ (ကောင်းတဲ့ ပစ္စည်းတွေဖြစ်တဲ့ သစ်သီး၊ စာအုပ်၊ ဘောပင်၊ ခဲဖျက်၊ အရုပ်များ စသည်ဖြင့် ရော ထားပါ။ မကောင်းတဲ့ ပစ္စည်းတွေဖြစ်တဲ့ အမှိုက်၊ စီးကရက်မှူး၊ ငှက်ပျောခွံ၊ ပုလင်းများ စသည်ဖြင့် ရောထား ပါ။ ဒါပေမယ့် အရမ်း ညစ်ပတ်တဲ့ ဒါမှမဟုတ် ချွန်ထက်တဲ့ပစ္စည်းတွေ မပါပါစေနဲ့)။ အခန်းရဲ့တစ် ဖက်မှာ "ကောင်းသောအရာများ" ဆိုတဲ့ဆိုင်းဘုတ်၊ နောက်တစ်ဖက်မှာ "ဆိုးသော အရာများ" ဆိုတဲ့ ဆိုင်းဘုတ်ကို ချိတ်ထားပါ။) ကလေးတွေကို ပစ္စည်းနှစ်ပုံကြားမှာ အရှည်ကြီး တန်းစီခိုင်းပါ။ သူတို့ ကို မကောင်းတဲ့ပစ္စည်းအားလုံးကို အခန်းရဲ့တစ်ဖက်စွန်းကို ရွှေ့ခိုင်းပါ၊ ကောင်းတဲ့ပစ္စည်းအားလုံးကိုလည်း နောက်တစ်ဖက်စွန်းကို ရွှေ့ခိုင်းပါ။ အမြန်ဆုံးလုပ်ဖို့ ပြောပါ၊ ဒါပေမယ့် ကလေးတိုင်းက အဲဒီပစ္စည်းတွေကို ထိဖို့လိုပါတယ်။ အချိန်မှတ်ထားပါ။

(ပြီးသွားရင် ပစ္စည်းနှစ်ပုံကို ပြန်ရောပြီး နောက်တစ်ခါထပ်လုပ်ခိုင်းပါ။ အရင်အချိန်ထက် ပိုမြန်အောင် လုပ်နိုင် လားဆိုတာ ကြည့်ပါ။)

ဘယ်ပစ္စည်းပုံကို မီးရှို့ပစ်ဖို့လိုမလဲ။

ဒါက ဘုရားသခင်လုပ်မယ့်အရာနဲ့ ဆင်တူပါတယ်။ သူက ကောင်းတဲ့အရာတွေနဲ့ ဆိုးတဲ့အရာတွေကို ခွဲထုတ်မှာပါ။ ဆိုးတဲ့အရာတွေကို အမြန်ဖျက်ဆီးမှာပါ။ ဖျက်စီးရလို့ ဘုရားသခင်မပျော်ရွှင်ပါ ဘူး။ လူဆိုးတွေက ဘုရားရဲ့ကာကွယ်မှုကို မယူချင်တဲ့အတွက် သူ့ရဲ့တောက်ပမှုက သူတို့ကို လောင်ကြွမ်းသွားမှာဖြစ်ပါတယ်။ ပြီးရင် ယေရှုကိုချစ်တဲ့သူအားလုံးကို သူပြင်ဆင်ထားတဲ့ ထာဝရနေအိမ်ဆီ ခေါ်ဆောင်သွားမှာပါ။ ယုံကြည်သူတိုင်းအတွက် ဖြစ်ပါတယ်။

## အပိတ်လှုပ်ရှားမှုများ (Closing Activities)

### ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၄၇ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**မကောင်းမှုနှင့် သေခြင်းတရားကို နိဂုံးချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည်သူများအား ကောင်းကင် ဟူသော လုံခြုံရာနေရာသို့ ခေါ်ဆောင်ရန် ယေရှုပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

ယေရှုဒုတိယအကြိမ်ကြွလာတဲ့ပုံကို ဆွဲပြီး အဲဒီပုံထဲမှာ မိမိပုံကိုပါထည့်သွင်းရေးဆွဲပါ။

သို့မဟုတ်

သင့်စိတ်ကူးထဲမှာ မြင်ယောင်မိတဲ့ ကောင်းကင်နိုင်ငံပုံက ပုံဆွဲကြည့်ပါ၊ ဒါမှမဟုတ်စာနဲ့ ရေးသားဖော်ပြပါ။

သင့်ရဲ့နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၄၈ ကိုဖွင့်ပါ။ သင့်ခံစားချက်နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင်ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာဖြင့်ချရေးပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

၂။ **အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ**

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နှလုံးသားအပေါ်သို့ ပြင်သာစွာတင်ထားလိုက်ပါ။ သင့်လက်ဝဲလက်ဖြင့် သင့် ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ပြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှုလိုက်ပါ။ ထို့နောက် သင့် ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

သင့်အနာဂတ်အတွက် အထောက်အကူဖြစ်စေမယ့် ဘယ်လိုသင်ခန်းစာတွေကို ယခုလုံခြုံစွာကြီးထွားခြင်းသင်ရိုးကနေ သင် သင်ယူမိပြီလဲ။

(ကျောင်းသားများကို စက်ဝိုင်းပုံစံထိုင်ခိုင်းပါ။ တိရစ္ဆာန်ရုပ်တစ်ခု သို့မဟုတ် အရာဝတ္ထုတစ်ခုကို ကလေးတစ်ဦးထံပေးပါ။ စက် ဝိုင်းပုံစံအတိုင်း ထိုအရုပ်ကို အခြားကလေးတစ်ဦးထံ လက်ဆင့်ကမ်းခိုင်းပြီး "ကောင်းကင်နိုင်ငံမှာ ဆုံဆည်းကြမယ်"လို့ ပြောခိုင်းပါ။ ကလေးများအားလုံး အရုပ်ကို လက်ခံရရှိပြီး "ကောင်းကင်နိုင်ငံမှာ ဆုံဆည်းကြမယ်"ဆိုတဲ့စကားကို ကြားရသည့်အထိ အရုပ်ကို ဆက်လက်ပြီး လက်ဆင့်ကမ်းခိုင်းပါ။

၃။ **အပိတ်ဆုတောင်းချက်** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

"ခမည်းတော်ဘုရား၊ ကျွန်တော်တို့အတွက် ကောင်းကင်ဘုံကို ပြင်ဆင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ကိုယ်တိုင်နဲ့ ကျွန်ုပ်မိသားစု၊ မိတ်ဆွေအားလုံး ယေရှုကိုသိရှိပြီး ကောင်းကင်သို့ဝင်စားနိုင်ဖို့ ကျေးဇူးပြုပြီး ကူညီပေးပါ။ ကျွန်ုပ်ကို အရာများစွာ သင်ကြားပေးပြီး၊ အန္တရာယ်များစွာကနေ ကာကွယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ်တော့်အကြောင်းကို လူများသိရှိ လာအောင် လုပ်ဆောင်တတ်ဖို့နဲ့ ယေရှုရဲ့အသေခံခြင်းအားဖြင့် ဒီကမ္ဘာမှာရော လာမယ့်ကမ္ဘာသစ်မှာပါ လုံခြုံရသောအခွင့်ကိုရဖို့ ကူညီပေးပါ။ ဒုက္ခအားလုံးကို အဆုံးသတ်ဖို့ ယေရှုကို အမြန်ဆုံးဆင်းသက်တော်မူပါ။ ကိုယ်တော်ကို အကျွန်ုပ်ချစ်ပါ၏။ ယေရှု ခရစ်တော်နာမဖြင့် တောင်းလျှောက်ပါ၏။ အာမင်။"

# သင်ခန်းစာ ၂၀ - ဒုက္ခဆင်းရဲခြင်း မရှိတော့ပြီ။

**သင်ခန်းစာ ၂၀ အဓိကအကြောင်းအရာ**

ယေရှုသည် ကျွန်ုပ်တို့ကြုံတွေ့ရသော ဒုက္ခဆင်းရဲများကို နားလည်နိုင်ရန် ဤကမ္ဘာမြေသို့ ကြွလာပြီး ဒုက္ခဆင်းရဲခြင်းကို တွေ့ကြုံခံစားခဲ့သည်။ ကျွန်ုပ်တို့ကို ကယ်တင်နိုင်ရန် သူသည် ကျွန်ုပ်တို့အစား အသေခံခဲ့သည်။

**လိုအပ်သောပစ္စည်းများ**

အောက်ပါပစ္စည်းများကို စုထားပါ။

- "ယေရှုနားလည်သည်" ဟူသည့် သင်ခန်းစာတစ်ခန်းလုံး
- ဖြစ်နိုင်လျှင် ထိုသင်ခန်းစာကို မိတ္တူကူးထားပြီး သင်ခန်းစာအဆုံးတွင် ကလေးများ အားလုံးကို ယောက်တိုင်းစီဝေပေးပါ။
- ပုံမှန် ကလေးပုံနှင့် ရေးခြစ်ခံထားရသည့် ကလေးပုံတို့ပါရှိသည့် ကဒ်ပြား
- မိမိပုံကို ရေးဆွဲနိုင်မည့် စက္ကူကြီးတစ်ရွက်
- ရောင်စုံခဲတံများနှင့် ကလေးတစ်ယောက်ချင်းဆီတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်
- ကလေးများ အပိုင်းအနေအထားဖြင့်ထိုင်ပြီး လက်ဆင့်ကမ်းကစားနိုင်မည့် အရုပ်တစ်ခုခု (သို့) ပစ္စည်းတစ်ခုခု
- အဖွဲ့လိုက်ပုံဆွဲရန်အတွက် ပုံဆွဲကိရိယာများ
- ပဏာမသီချင်း (Theme Song)
- ဘုရားသခင်၏ မင်းသမီးနှင့် မင်းသားရုပ်ပုံ (သင်ခန်းစာအဆုံးတွင်ပါရှိသည်။)

**ပြင်ဆင်ချက်**

ဆရာက စက္ကူပေါ်မှာ ဒါမှမဟုတ် သင်ပုန်းပေါ်မှာ ကလေးတစ်ယောက်ရဲ့ အရွယ်အစား အစစ်ပုံကို ရေးဆွဲပါ။

ကျွန်ုပ် ယုံကြည်ချက်စာသားကို ဘုတ်ပြား (ဘော)ပေါ်တွင် ရေးချထားပါ။

**သူတပါး ပြောဆိုလုပ်ဆောင်ခဲ့သော နာကျင်စရာများအတွက် ကျွန်ုပ်သည် ဆက်လက် ခံစားနေရန် မလိုအပ်ပါ။ ကျွန်ုပ်သည် မျှော်လင့်ခြင်းနှင့် သက်သာပျောက်ကင်းခြင်းတို့ကို ရှာဖွေတွေ့ရှိနိုင်သည်။**

# အဖွင့်လှုပ်ရှားမှုများ (Opening Activities)

## ၁။ ပြန်လည်ဆန်းစစ်ခြင်း

ယခင်သင်ခန်းစာမှာ လေ့လာခဲ့ကြတဲ့ ဒုက္ခဆင်းရဲခြင်းတို့၏အဆုံးသတ် သင်ခန်းစာထဲက ဘာတွေမှတ်မိကြသေးလဲ။ တစ်ယောက်ယောက် ပြောပြပေးလို့ရမလား။

အဲဒီသင်ခန်းစာမှာ ပါတဲ့ ကျမ်းပိုဒ်ယုံကြည်ချက်စာသားကို အတူတူပြန်ရွတ်ဖတ်ကြည့်ရအောင်။

**မကောင်းမှုနှင့် သေခြင်းတရားကို နိဂုံးချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည်သူများအား ကောင်းကင်ဟူသော လုံခြုံရာနေရာသို့ ခေါ်ဆောင်ရန် ယေရှုပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

## ၂။ ဆောင်ပုဒ်သီချင်း (Theme Song)

## ၃။ ပဏာမလုပ်ဆောင်စရာ (Introductory Activity)

(ဆရာက ကလေးတစ်ယောက်ရဲ့ အရွယ်အစားအစစ်ပုံကို ရေးဆွဲထားတဲ့ စက္ကူ ဒါမှမဟုတ် သင်ပုန်းကိုညွှန်ပြပြီး အောက်ပါ ပုံပြင်ကို ပြောပြပါ။ ရုပ်ပုံ ၂၀-၁ ကို ကြည့်ပါ)။



**ရုပ်ပုံ ၂၀-၁၊ ပုံမှန် ကလေးပုံနှင့် ရေးခြစ်ခံထားသည့် ကလေးပုံ**

(ဆရာက "Marked-up Child" (ရေးခြစ်ခံထားရသည့်ကလေး) ပုံပြင်ကို ဖတ်ပြပြီး ဒီပုံနှစ်ပုံကို ပြသပါ)။

တစ်ခါတစ်ရံမှာ လူတွေက ကျွန်တော့်ကို မကောင်းတာတွေလုပ်ခဲ့တာကြောင့် ကျွန်တော် နာကျင်ပြီး အရမ်းဝမ်းနည်းနေပါတယ်။  ကျမ်းစာက ဘုရားသခင်ဟာ ကျွန်တော့်ရဲ့နာကျင်မှုကို မြင်တယ်၊ ကျွန်တော့်နဲ့အတူ ဝမ်းနည်းတယ်လို့ သင်ပေးပါတယ်။ သူက ကျွန်တော့်ကို အားပေးဖို့နဲ့ ဝမ်းနည်းမှုနဲ့ နာကျင်မှုတွေကို ကျော်လွှားဖို့ ယေရှုကို စေလွှတ်ခဲ့ပါတယ်။ ဒါမှ ကျွန်တော့်မှာ ပိုကောင်း တဲ့အနာဂတ်ရှိလာမှာပါ။

(ဆရာက ကလေးတစ်ယောက်ရဲ့ ရိုးရှင်းတဲ့ အရွယ်အစားအစစ်ပုံကို ဆွဲပါ)။

ကျွန်တော်တို့ဟာ ဘုရားသခင်ရဲ့ လုပတဲ့၊ အလွန်ချစ်မြတ်နိုးတဲ့ ကလေးတွေပါ။ သူက ကျွန်တော်တို့ကို ပြည့်စုံအောင် ဖန်ဆင်းခဲ့ပါတယ်။ သူ့ရဲ့ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းပြီး သူနဲ့အတူ ထာဝရချစ်ခြင်းမေတ္တာနဲ့ နေထိုင်ဖို့ပါ။

လူတွေက မှားယွင်းတဲ့ရွေးချယ်မှုတွေ လုပ်မိတာကြောင့်၊ ဘုရားသခင်ရဲ့ကလေးတွေကို နာကျင်စေပါတယ်။ ဒါက သူတို့ကို ဝမ်းနည်းပြီး ချစ်ခြင်းမဲ့သလို ခံစားရစေပါတယ်။ ဥပမာ၊ တစ်ယောက်ယောက်က (မိဘတွေ ဒါမှမဟုတ် မောင်နှမတွေလို) ကလေးတစ်ယောက်ကို "မင်းက အသုံးမကျဘူး၊ ညစ်ပတ်တယ်၊ ရုပ်ဆိုးတယ်၊ ပျင်းရိပြီး ညံ့ဖျင်းတယ်" လို့ ပြောရင်၊ ကလေးက ဝမ်းနည်းသွားပါတယ်။

(ဆရာက ပြန်ဖျက်လို့ရတဲ့ အမည်းရောင်စော့ပင် (သို့) စော့ပင် (သို့) မြေဖြူခဲနဲ့ ပုံပေါ်မှာ တစ်ချက်၊ နှစ်ချက် ရေးခြစ်လိုက်ပါ)။

ဆရာတစ်ယောက်က "မင်းက ညံ့ဖျင်းတယ်" လို့ နာကျင်စရာစကားပြောရင်၊ ကလေးကို ပိုနာကျင်စေပြီး ရှက်စေပါတယ်။

(ဆရာက ပြန်ဖျက်လို့ရတဲ့ ရောင်စုံခဲတံအနီရောင် (သို့) စော့ပင်နဲ့ ပုံပေါ်မှာ တစ်ချက် ရေးခြစ်လိုက်ပါ)။

တစ်ယောက်ယောက်က ကလေးတစ်ယောက်ကို ဒေါသထွက်ပြီး ရိုက်တာဟာ ကလေးရဲ့ အပြင်ဘက်မှာရော အတွင်းဘက်မှာပါ နာကျင်စေပါတယ်။

(ဆရာက ရောင်စုံခဲတံအနီရောင် (သို့) စော့ပင်နဲ့ နောက်တစ်ခေါက် ခပ်ကြီးကြီးလေးရေးခြစ်လိုက်ပါ)။

တစ်ယောက်ယောက်က ကလေးတစ်ယောက်ကို မသင့်လျော်တဲ့နည်းနဲ့ ကိုင်တွယ်တာ ပြောဆိုတာဟာလည်း အရမ်းမှားယွင်းပါတယ်။ ဒါက ကလေးကို ရှက်စေပြီး စိတ်ရှုပ်ထွေးစေတယ်။ ကလေးက ရှက်ရွံ့ပြီး ညစ်ပတ်သလို၊ တန်ဖိုးမရှိသလို ခံစားရတယ်။

(ဆရာက ပုံရဲ့နေရာတော်တော်များများမှာ ဆက်လက်ရေးခြစ်ပါ)။

ကလေးက မကောင်းတဲ့ရွေးချယ်မှုတွေ လုပ်မိတတ်လာပါတယ်၊ ဒါပေမယ့် ဒါက ပိုနာကျင်စေပြီး အပြစ်ရှိသလို ခံစားရစေတယ်။

ဒီအရာတွေ နေ့တိုင်းဖြစ်နေရင်၊ ကလေးက ညစ်ပတ်ပြီး ရှက်စရာကောင်းသလို၊ နာကျင်ပြီး လုံးဝအချစ်မခံရတော့သလို ခံစားရတတ်တယ်။

ဒါပေမယ့် ဒီကလေးကို ချစ်တဲ့သူရှိပါတယ်။ ဟုတ်ပါတယ်။ ဘုရားသခင်က သူ့ကို အရမ်းချစ်ပါတယ်။ ယေရှုက ကယ်တင်ဖို့ လာ ပြီး "မင်းက ငါ့ကလေးပါ၊ ငါ့အမြင်မှာ အမြဲတန်ဖိုးရှိပါတယ်။ ငါမင်းကို ချစ်တယ်" လို့ ပြောပါတယ်။

(ဆရာက ပြုံးနေတဲ့နှလုံးသားပုံ တစ်ပုံကို ရေးဆွဲဖို့ ပြင်ဆင်လိုက်ပါ)။

ယေရှုက ဒီကလေးရဲ့ နာကျင်မှုနဲ့ အပြစ်ရှိသလိုခံစားရတဲ့ စိတ်ခံစားချက်တွေကို ပြန်ကောင်းအောင် လုပ်ပေးနိုင်ပါသလား။ ဟုတ်ပါတယ်။ ယေရှုရဲ့မေတ္တာက အရမ်းကြီးမားလို့၊ ဒီကလေးကို ငြိမ်းချမ်းမှုနဲ့ ပျော်ရွှင်မှုတွေ ယူဆောင်လာပေးနိုင်ပါတယ်။ ယေရှုက သူ့ကို ယုံကြည်သူ တိုင်းကို စိတ်နှလုံး စင်ကြယ်စေမယ်လို့ ကတိပေးထားပါတယ်။

ကျမ်းစာထဲက ကတိတော်တွေကို သင်ယူမှတ်သားရင်း ဒီကလေးဟာ က လူတွေပြောခဲ့တဲ့ မကောင်းတဲ့စကားတွေကို ကျမ်းစကားနဲ့ အစား ထိုးလာနိုင်ပါတယ်။ သူ့ကိုယ်သူ ညံ့ဖျင်းပြီး ရုပ်ဆိုးတယ်လို့ တွေးမယ့်အစား၊ ဘုရားသခင်က သူ့ကို ဉာဏ်ပညာနဲ့ ကောင်းမြတ်ခြင်းတွေ ပေး ထားတယ်ဆိုတာကို သိလာပါတယ်။

(ဆရာက အမည်းရောင်ခြစ်ရာတချို့ကို ဖျက်လိုက်ပါ)။

လူတွေက ယေရှုကို မကောင်းတဲ့စကားတွေပြောခဲ့ပြီး ရိုက်နှက်ခဲ့ကာ ရှက်စရာကောင်းတဲ့အရာတွေ လုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ယေရှုက ကျွန်တော်တို့ရဲ့ဒုက္ခဆင်းရဲတွေကို နားလည်ပါတယ်။ ကျွန်တော်တို့က သူ့ကို နာကျင်မှုတွေကို ပြောပြပြီး စိတ်နှလုံးကို ပြန်ကောင်းအောင် လုပ်ပေးဖို့ တောင်းလျှောက်ရင်၊ သူက လုပ်ပေးပါတယ်။

(ဆရာက နောက်ထပ် ခြစ်ရာတချို့ကို ထပ်ဖျက်လိုက်ပါ)။

ယေရှုက ဒီကလေးရဲ့အပြစ်တွေအတွက် ကားတိုင်ပေါ်မှာ အသေခံခဲ့တာကြောင့်၊ သူလုပ်ခဲ့တဲ့ မကောင်းတဲ့အရာတွေအတွက် ခွင့်လွှတ် ပေးနိုင်ပါတယ်။ ယေရှုထံပါးမှာ မိမိရဲ့အပြစ်တွေအတွက် တောင်းပန်ပြီး၊ သူ့ကို ခွင့်လွှတ်ပေးဖို့ တောင်းလျှောက်ရင်၊ ယေရှုက ခွင့်လွှတ် ပေးပါတယ်။

(ဆရာက ခြစ်ရာတွေအားလုံးကို ဖျက်လိုက်ပါ)။

လူတွေက ကလေးကို နောက်တစ်ခါ ရေးခြစ်ကြဖို့ ကြိုးစားကောင်း ကြိုးစားကြမယ်။ ဒါပေမယ့် ကလေးက ဝမ်းနည်းတဲ့အခါတိုင်း၊ ဘုရားသခင်ဆီ ပြေးသွားပြီး၊ ဘုရားသခင်က ကျမ်းစာထဲက ကတိတော်တွေကတစ်ဆင့် သူ့ကို ချစ်ခြင်းမေတ္တာနဲ့ ဖုံးအုပ်ထားတယ်ဆိုတာ သတိပေးပါလိမ့်မယ်။ ဒီကလေးက ဘုရားသခင်ရဲ့ပိုင်ဆိုင်မှုတစ်ခုပါ။ ဘုရားသခင်က သူ့ကို ထပ်ခါ ထပ်ခါ စင်ကြယ်အောင် လုပ်ပေးပါလိမ့်မယ်။

ပြီးပြည့်စုံတဲ့ စင်ကြယ်ခြင်းအသက်တာကိုတော့ ကောင်းကင်ဘုံမှာ အပြည့်အဝခံစားရမှာပါ။ ဘုရားသခင်က ကောင်းကင် ဘုံမှာ ကျွန်တော်တို့ရဲ့ နောက်ဆုံးမျက်ရည်တွေကို သုတ်ပေးပါလိမ့်မယ်။ အဲဒီမှာ ဘယ်တော့မှ နာကျင်မှုတွေ မရှိတော့ပါဘူး။ ကျွန်တော်တို့က သူ့ဆီကို လက်ရှိအတိုင်းလာရင်၊ သူက ကျွန်တော်တို့ကို ခွင့်လွှတ်ပြီး ပြောင်းလဲပေးကာ ဂုဏ်သိက္ခာ၊ တန်ဖိုးနဲ့ ဂုဏ်ကျေးဇူးတွေကို ပြန်ပေးပါလိမ့်မယ်။

ဘုရားသခင်က သူ့ကို ယုံကြည်တဲ့ ကလေးတိုင်းအတွက် ဒီလိုလုပ်ပေးပါလိမ့်မယ်။

ယေရှုက ကလေးအယောက်တိုင်းကို လှပတဲ့အဖုံးနဲ့တူတဲ့ သူ့ရဲ့ကောင်းမြတ်ခြင်းနဲ့ ဖုံးအုပ်ပေးမယ်လို့ ကတိပေးထားပါတယ်။ အဲဒီကလေးမှာ ဘာဖြစ်ခဲ့ဖြစ်ခဲ့ ဘုရားသခင်က သူ့ကို သန့်စင်စေပါတယ်။ ဒီကလေးက ဘုရားသခင်ရဲ့ တန်ဖိုးထားရတဲ့ မင်းသား ဒါမှမဟုတ် မင်းသမီးပါ။ သူ့ကို ပြည့်စုံအောင် ပြုပြင်ပေးပြီး စတင်အားသစ်လောင်းပေးပါလိမ့်မယ်။

**အဖွဲ့လိုက်လှုပ်ရှားမှု**

(ဆရာက ကလေးအယောက်တိုင်းကို စာရွက်ကြီး တစ်ရွက်စီဝေပေးပါ။)

ကိုယ့်ကိုယ်ကို ပုံဆွဲပါ။ ခဲတံကို အသုံးပြုပြီး တခြားသူတွေက နာကျင်စေခဲ့တဲ့နေရာတွေမှာ ခြစ်ရာ လေးတွေ ရေးမှတ်ပါ။ ခဲဖျက်ကို အသုံးပြုပါ။ ခြစ်ရာတွေအားလုံးကို ဖျက်လိုက်ပြီး ကိုယ့်ပုံပေါ်မှာ နလုံးသားပုံဆွဲပါ။ ပြီးရင် မိန်းကလေးဖြစ်ရင် လှပတဲ့အဝတ်အစား၊ ယောကျ်ားလေးဖြစ်ရင် လှပတဲ့ဝတ်စုံကို ကိုယ့်ပုံပေါ်မှာဆွဲပါ။

ထူးခြားတဲ့ ကျွန်ုပ်ယုံကြည်ချက်စာသားလေးတစ်ခုကို ဒီမှာရေးပြထားပါတယ်။ (ဆရာက စကားစု တစ်ခုချင်းစီကို ရှေ့က တိုင်ပေးပြီး ကလေးတွေကို နောက်ကလိုက်ဆိုခိုင်းပါ။ ပြီးရင် အားလုံးအတူတူ ရွတ်ဆိုပါ။)


**မကောင်းမှုနှင့် သေခြင်းတရားကို နိုင်ငံချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည်သူများအား ကောင်းကင် ဟူသော လုံခြုံရာနေရာသို့ ခေါ်ဆောင်ရန် ယေရှုပြန် လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

**ကျမ်းချက်**

ရှင်ယောဟန် ၃း၁၆ - "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည်၊ ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားကို ချစ်တော်မူ၏။"

(ခြေဟန်လက်ဟန်နှင့်တကွ ကျမ်းစာအလွတ်ရွတ်ခြင်းနည်းလမ်းကို အသုံးပြုပြီး ဤကျမ်းကို သင်ပြပေးနိုင်ပါသည်။ ဤနည်းလမ်းဖြင့် ကလေးများ အလွယ်တကူမှတ်မိတတ်ကြသည်။ စကားလုံးတစ်လုံးချင်းစီနှင့် ကိုက်ညီမည့် ဟန်အမူအရာများကို တစ်ခုချင်းစီ သင်ပြပေးပါ။ သို့မဟုတ် အမူအရာကို ကလေးများအား ကိုယ်တိုင် ဖန်တီးခိုင်းပါ။ ခြေလက်အမူအရာကို အလွတ်ရသွားသည့်အခါ ထိုကျမ်းချက်ကို သူတို့အလွယ်တကူမမေ့တော့ပါ။ သို့မဟုတ် ကလေးများကို နှစ်ယောက်တစ်တွဲစီ အမူအရာ ဖန်တီးခိုင်းပြီး အတူတူရွတ်စေပါ။ အခြားသူများအား လုပ်ပြနိုင်သည်အထိ အတူတူလေ့ကျင့်ခိုင်းပါ။ သူတို့ထဲက တချို့ကို ရွေးထုတ်ပြီး တဖွဲ့လုံးအရှေ့မှာ အမူအရာဖြင့် ဖတ်ပြခိုင်းပါ။)

# သင်ခန်းစာ ၂၀ – ဘဝပုံပြင်




(ဒါက "ယေရှုနားလည်သည်" ဆိုတဲ့ပုံပြင်ကို ပြန်သုံးသပ်တာပါ။ ကလေးတွေကို ဖတ်ပြပေးနိုင်သလို၊ ကလေးတွေကို မတူညီတဲ့ အပိုင်းတွေကို ရှေ့မှာ ထွက်ဖတ်ဖို့ တာဝန်ပေးနိုင်ပါတယ်။ ဒါကို တခြားအတန်းတစ်ခုကို ပြသပေးနိုင်သလို၊ ကျောင်းတစ်ခုလုံးက ဘုရားကျောင်းမှာလည်း လုပ်ဆောင်နိုင်ပါတယ်။ စာအနည်းငယ်သာ ဖတ်တတ်သေးတဲ့ကလေးတွေကတော့ "ယေရှုနားလည် သည်" ဆိုတဲ့ ရိုးရှင်းတဲ့ စာကြောင်းကို ဖတ်နိုင်ပါတယ်)။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အသက်ရှင်ခဲ့သော လူတစ်ဦး၏ လုပသော ပုံပြင်တစ်ပုဒ်ရှိခဲ့သည်။ ထိုသူကို ယေရှုဟူ၍ ခေါ်ကြပြီး ဆိုလိုသည်မှာ “ကယ်တင်သောသူ” ဖြစ်သည်။

ယေရှုသည် တိရစ္ဆာန် တင်းကုပ် တစ်ခုတွင် မွေးဖွားခဲ့ပြီး သူ့မိသားစုသည် အလွန်ဆင်းရဲသောကြောင့် သူ့အား ကောက်ရိုးခင်းထားသောနေရာတွင် သိပ်ထားခဲ့ကြသည်။ သင့်မိသားစု ဆင်းရဲသောကြောင့် နေချင်စရာမကောင်းတဲ့ နေရာမှာ သင်အိပ်ခဲ့ဖူးလား ဒါမှမဟုတ် မကောင်းတဲ့ အစားအစာကို သင်စားခဲ့ဖူးလား။ ***ယေရှု နားလည်သည်။***

ဟေရုဒ်မင်းဆိုသည့် ဆိုးညစ်သူတစ်ဦးသည် ယေရှုကို ကလေးဘဝကတည်းက သတ်ရန် စစ်သားများကို ဓားနှင့် စေလွှတ်ခဲ့သည်။ ညအခါမှာ အပြင်မှာပုန်းအောင်းနေတဲ့လူဆိုးတွေကို သင်တွေးကြောက်ဖူးပါသလား။ ***ယေရှု နားလည်သည်။***

မိဘဖြစ်ကြတဲ့ ယောသပ်၊ မာရိတို့နဲ့အတူ ယေရှုကလေးသည် ဣသရေလတိုင်းပြည်မှ အဲဂုတ္တုပြည်သို့ သဲကန္တာရကိုဖြတ်ထွက်ပြေးခဲ့ရကြသည်။ သင်၏ မွေးရပ်မြေမှ သင် ထွက်ပြေးခဲ့ရဖူးပါသလား။ သို့မဟုတ် သင့် ဝတ်စားပုံ၊ စကားပြောပုံကြည့်ပြီး သင့်ကို အခြားသူများ မျက်မှောင်ကြုပ်ခဲ့ဖူးသလား။ ***ယေရှု နားလည်သည်***။

ယေရှု၏ ဖခင်သည် လက်သမား တစ်ဦးဖြစ်သည်။ သခင်ယေရှုသည် ဖခင်ကိုအလုပ်ကူလုပ်ခဲ့ရပြီး ချမ်းသာသော ကလေးများကဲ့သို့ ကျောင်းမတက်ခဲ့ရပါ။ ယူနီဖောင်းကိုယ်စီဖြင့် ကျောင်းတက်နေရသောသူများကို ကြည့်ပြီး အားကျခဲ့ရပေမယ့် သင်ကကျောင်းမတက်ရပဲ အလုပ်ရဖူးပါသလား။ ***ယေရှု နားလည်သည်။***

တစ်နေ့ ယောသပ်သေဆုံးသွားသည်။ ယေရှုနဲ့ သူ့အမေ ငိုခဲ့တယ်။ သူတို့မိသားစု အတွက် စားစရာ အလုံ အလောက် ရှိဖို့ ပို၍ ခက်ခက်ခဲခဲ အလုပ်လုပ်ရသည်။ သင်ချစ်မြတ်နိုး ရသူတစ်ဦးဦးသည် သေခြင်း သို့မဟုတ် သင်၏ နေအိမ်ကို စွန့်ခွာကာ သင့်ကို အထီးကျန်စွာ စွန့်ခွာခဲ့ဖူးပါသလား။ ***ယေရှု နားလည်သည်။***

ယေရှုသည် ကြီးပြင်းလာပြီး ဖျားနာသူ၊ အထီးကျန်သူနှင့် ဆင်းရဲသားများကို ကူညီပေးသည့် အလွန်ကြင်နာသော ပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ သူအကူအညီပေးသောကြောင့် သူ့နောက်သို့ လူအမြောက်အများလိုက်၍ အကူအညီ တောင်းခံခဲ့ကြသည်။ သူပင်ပန်းနေလျှင်လည်း သူတို့ကို အမြဲ ကူညီပေးခဲ့သည်။ သင်ကော အရမ်းပင် ပန်းပေမယ့် သင်ရဲ့ အကူအညီကို အလွန်လိုသူ တွေအတွက် မနားအားတဲ့အချိန်ရှိဖူးလား။ ***ယေရှု နားလည်သည်။***

လူများသည် ယေရှုကို အလွန် နှစ်သက်ကြသဖြင့် ဘာသာရေး ခေါင်းဆောင်များသည် ယေရှုအား မနာလိုဖြစ်ခဲ့ကြသည်။ သူဘာမျှ မလုပ်ခဲ့ပေမယ့် မကောင်းမှုများကို လုပ်သည်ဟု သူစွပ်စွဲခံခဲ့ရသည်။ တစ်စုံတစ်ဦးက သင့်ကို လိမ်ပြောပြီး သင် အမှားမလုပ် မိရင်တောင် သင့်ကို မတရားအပြစ်ပေးသော ဒုက္ခခံရဖူးသလား။ ***ယေရှု နားလည်သည်။***

ပြီးတော့ တစ်ယောက်ယောက်က ယေရှု၏ အကောင်းဆုံး မိတ်ဆွေ ကဲ့သို့ဟန်ဆောင်ကာ သူသည် ခရစ်တော်ကို ငွေနှင့် သစ္စာဖောက်ခဲ့သည်။ ယုဒသည် ယေရှုကို ဖော်ရွေစွာ ပွေ့ဖက် နမ်းရှုပ်ခဲ့ပေမယ့် ယေရှုကို တကယ် သစ္စာဖောက်ခဲ့တယ်။ သင့် သူငယ်ချင်းကောင်း

တစ်ယောက်က သင့်ကို အပြည့်အဝ လှည့်စား၊ လိမ်လည် သို့မဟုတ် နာကျင်စေ၍ သင့် ဆီက တစ်စုံတစ်ခု ယူဆောင်ခဲ့ဖူးသလား။ ***ယေရှု နားလည်သည်။***

ပေတရု အမည်ရှိသော ယေရှုနှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးက "အကယ်၍ လူတွေအားလုံးက သင့်ကို စွန့်ခွာသွားခဲ့သော်လည်း ကျွန်တော် အမြဲသင်နှင့် ရှိနေမယ်" ဟုပြောခဲ့တယ်။ အဲဒီညမှာပဲ လူဆိုးတွေက ယေရှုကို ဖမ်းတဲ့အခါ ပေတရုကြောက်ရွံ့လာခဲ့သည်။ ယေရှုထံမှ သူထွက်ပြေးသွားသည်။ လူများက သူ့ကို ယေရှု သူငယ်ချင်းဟုတ်သလား မေးသောအခါ သုံးကြိမ်တိုင်တိုင် "ကျွန်တော် သူ့ကိုမသိပါ" ဟုပြောခဲ့တယ်။ သူဟာ ယေရှုရဲ့ မိတ်ဆွေမဟုတ်ဘူး ဆိုတာကိုပြဖို့ မကောင်းတဲ့ စကားလုံးတွေကိုတောင် သုံးခဲ့တယ်။ သင်ချစ်ပြီး သင့်ကိုလည်း ချစ်တယ်လို့ ပြောဖူးတဲ့သူတစ်ယောက်က သင့်ကို မဟုတ်တယုတ်ပြောသည် သို့မဟုတ် ရုတ်တရက် စွန့်ခွာပြီး သူငယ်ချင်းအဖြစ်မှ သင့်ကို ဖြတ်တောက်သွားဖူးသလား။ ***ယေရှု နားလည်သည်။***

ထိုညမှာ ဆိုးသွမ်းသူများ ယေရှုကို ခေါ်သွားပြီး များစွာ နှိပ်စက်ကြတယ်။ ယေရှု၏ နောက်ကျောကို သွေးများထွက်သည့် တိုင်အကြိမ်များစွာ ရိုက်ကြသည်။ ဆူးပင်နှင့် ရက်သော ဦးရစ်ကို ခေါင်းတော်၌ တင်ကြတယ်။ ထို့နောက် ဆူးသရဖူဖြင့် ခေါင်းကို ဆိုးရွားစွာ ပေါက်ပြဲစေခဲ့သည်။ သင်ရဲ့ ခန္ဓာကိုယ်အတွင်းကြေသည့်အထိ သို့မဟုတ် သွေးများ ယိုစီးသည်အထိ အရိုက်ခံရဖူး သလား။ ***ယေရှု နားလည်သည်။***

နောက်တစ်နေ့မှာ ဆိုးသွမ်းသူများသည် ယေရှုကို ကားတိုင်တင်ရန် သွားသည်။ ယေရှု၏ ဝတ်ရုံကို သူတို့ ပိုင်းဖြတ်ပြီး ခြေနှင့်လက်များကို လက်ဝါးကပ်တိုင်မှာ သံရိုက်ထားကြသည်။ သူတို့သည် ယေရှုကို တံတွေးထွေးပြီး ရိုင်းစိုင်းသောစကားများ ဖြင့် သူ့အကြောင်းကို ပြောခဲ့ကြသည်။ တစ်စုံတစ်ယောက်က သင့်ကို မကောင်းကြောင်းပြောခြင်း သို့မဟုတ် သင့်အဝတ် အစားများ ချွတ်ယူပြီး မားယွင်းသော လုပ်ရပ်များ သင့်အပေါ်လုပ်ခြင်းဖြင့် အရှက်ရစေခဲ့ဖူးသလား။ ***ယေရှု နားလည်သည်။***

ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်ရှိစဉ်တွင်၊ စာတန်နှင့် နတ်ဆိုးများသည် ယေရှုအား ကြောက်မက်ဖွယ် ကောင်းသော အရာများကို တိုးတိုးပြောကြသည်။ ဘယ်သူကမျှ သူ့ကိုမချစ်ဘူး၊ သူ ဘယ်တော့မှ အသက်မရှင်တော့ဘူးလို့ သူတို့ ပြောကြတယ်။ နတ်ဆိုးဝိညာဉ်များ သင့်နားမှာရှိနေတာကို သင်ခံစားဖူးပါသလား။ သင်ဘယ်တော့မှ အသက်မရှင်ချင်တော့၍ အရှုံးပေးသင့်သည်လို့ သင်ခံစားရဖူးလား။ ***ယေရှု နားလည်သည်။***

လက်ဝါးကပ်တိုင်နှင့် ပတ်သက်၍ အဆိုးဆုံးအချက်မှာ သခင်ယေရှုသည် မည်သည့် အမှားမျှ မပြုလုပ်ခဲ့ဖူး သော်လည်း အသက်ရှင်ခဲ့သမျှသောသူ အားလုံး၏ အပြစ်များကို သူ့ခံယူရန် ရွေးချယ်ခဲ့သည်။ ထိုအရာသည် သူ့အား ညစ်ပေပြီး အပြစ်များသည် ဟု ခံစားစေ၍ ကျွန်ုပ်ဘုရား၊ ကျွန်ုပ်ဘုရား အဘယ့်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်သနည်း ဟုအော်ဟစ်စေခဲ့သည်။ သင်လုပ်ခဲ့တဲ့အမှား တစ်ခုခုကြောင့် ဒါမှမဟုတ် တစ်ယောက်ယောက်က သင့်ကို မားယွင်းစေ ခဲ့သောကြောင့် သင့်ကို ဘယ်သူမျှချစ်တော့မှာ မဟုတ်ဘူးလို့ ခံစားဖူးပါသလား။ ***ယေရှု နားလည်သည်။***

သခင်ယေရှု သက်တော်စွန့်ပြီးနောက်တွင် သူ၏အလောင်းကို ကားတိုင်မှချပြီး သင်္ချိုင်းတွင်း၌ ထားကြတယ်။ လူတော်တော်များများက အလွန်ဝမ်းနည်းကြတယ်။ သုံးရက်ကြာပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက် လိမ့်မည် ဟူသော သူ၏ ကတိတော်ကို သူတို့မေ့သွားကြတယ်။ တနင်္ဂနွေနေ့၌ ကောင်းကင်တမာန်များသည် ကောင်းကင်းမှ လာပြီး သင်္ချိုင်းဂူ တံခါးဝမှ ကျောက်တုံးကို လှိမ့်ပစ်လိုက်ကြသည်။ ယေရှုသည် သေခြင်းမှ ထမြောက်တော်မူ သည်နောက်၊ သူတို့အလွန်ပျော်ခဲ့သည်။

တကယ်ကောင်းသော လက်ဆောင် ဒါမှမဟုတ် ဒုတိယ အခွင့်အရေး ရခဲ့ဖူးသလား။ ဘာပဲဖြစ်ဖြစ် သင့်ကို ချစ်တဲ့သူ တစ်စုံတစ်ယောက်ရှိနေသည်ကို သင်သိရလို့ အမှန်တကယ်ပျော် ခဲ့ဖူးလား။ ***ယေရှု နားလည်သည်။***

သင့်ကို ယေရှုချစ်သည်။

ချစ်သောယေရှု၊ ကျွန်ုပ်ကို အရမ်းချစ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်လို ကလေးတစ်ယောက်ဖြစ်လာဖို့ ကောင်းကင်ဘုံကို စွန့်ခွာခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ လူများစွာက ကိုယ်တော့်ကို ကြမ်းတမ်းစွာဆက်ဆံပြီး နာကျင်စေခဲ့ကြတယ်။ ကျွန်ုပ်ကြုံတွေ့ရတဲ့ အရာအားလုံးကို ကိုယ်တော်နားလည်တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ကျွန်ုပ်ရဲ့နာကျင်မှုကို ပျောက်ကင်းစေပြီး ပိုကောင်းတဲ့အနာဂတ်အတွက် ခိုင်မာတဲ့မျှော်လင့်ချက်ပေးဖို့ အသေခံခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်ုပ်ကို စိတ်နှလုံးအသစ်ပေးပါ။ ကျွန်ုပ်ကို ကိုယ်တော်ပိုင်တော်မူပြီး အမြဲချစ်မြတ်နိုးမယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါ တယ်။ အာမင်။

# အပိတ်လှုပ်ရှားမှုများ (Closing Activities)

## ၁။ နေ့စဉ်မှတ်တမ်းစာအုပ်

မှတ်တမ်းစာအုပ် စာမျက်နှာ ၄၉ ကို ဖွင့်ပါ။ ထိုတွင်ရေးထားသည့် ကျွန်ုပ်ယုံကြည်ချက်စာသားကို အတူတကွဖတ်ရှုကြပါစို့။

**မကောင်းမှုနှင့် သေခြင်းတရားကို နိုင်ငံချုပ်ရန်နှင့် ကိုယ်တော်ကို ယုံကြည်သူများအား ကောင်းကင် ဟူသော လုံခြုံရာနေရာသို့ ခေါ်ဆောင်ရန် ယေရှုပြန်လည်ကြွလာမည်ဟု ကျွန်ုပ်ယုံကြည်သည်။**

(မိမိ၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ကျောင်းသားများက မိမိအလိုရှိသောစာ (သို့) ပုံကို ရေးဆွဲနိုင်သည်။ (သို့) ဆရာ/မ က အကြံပြုပြောပြနိုင်သည်။)

သင့်ရဲ့နေ့စဉ်မှတ်တမ်းစာအုပ် စာမျက်နှာ ၅၀ ကိုဖွင့်ပါ။ သင့်ခံစားချက် နှင့် ထပ်တူကျသည့် လေးထောင့် အကွက်တစ်ခုကို သင်ရောင်စုံခြယ်လိုက်ပါ။ အဘယ်ကြောင့် ထိုသို့ ခံစားနေရသည်ကို စာဖြင့်ချရေးပါ (သို့) ပုံဆွဲ၍ ဖော်ပြပါ။

ထိုစာမျက်နှာ ၅၀ မှာပင်၊ မင်းသမီးနှင့် မင်းသား ပုံနှစ်ပုံရှိသည်။ သင်သည် မိန်းကလေးဖြစ်လျှင် မင်းသမီးပုံကို ရောင်စုံခြယ်ပါ။ သင်သည် ယောကျ်ားဖြစ်လျှင် မင်းသားပုံကို ရောင်စုံခြယ်ပါ။

## ၂။ အဝိုင်းအနေအထားဖြင့် လုပ်ဆောင်စရာများ

(နှစ်သိမ့်ပေးသည့်ပွေ့ဖက်မှု)။ သင့် လက်ယာလက်ကို သင့်နလုံးသားအပေါ်သို့ ငြင်သာစွာတင်ထားလိုက်ပါ။ သင့် လက်ဝဲလက်ဖြင့် သင့်ဝမ်းဗိုက်မှသည် ခါးနေရာအထိကို ကိုင်ထားပါ။ သင်တန်ဖိုးထားရသည့် မိတ်ဆွေတစ်ဦးကို ပွေ့ဖက်ထားရသည့်အလား သင့်ကိုယ်သင် ထိုအနေအထားဖြင့် ငြင်သာစွာ ပွေ့ဖက်ထားပါ။ ဖြေးဖြေးလေးနှင့် နှစ်ချက် အသက်ရှုလိုက်ပါ။ ထို့နောက် သင့်ကိုယ်သင် "ကျွန်ုပ်ကို ယေရှုချစ်တယ်၊ ကျွန်ုပ်ကို သူစောင့်ရှောက်လိမ့်မယ်။" ပြန်ပြောပါ။

(ကလေးများအား ထိုင်နေသည့်အနေထားဖြင့်ဖြစ်စေ၊ ထနေသည့်အနေအထားဖြင့်ဖြစ်စေ စက်ဝိုင်းပုံစံနေခိုင်းပါ။ စကားထပြောပေးမည့် ပါဝင်စကားပြောလိုသည့် ကလေးများကိုရှာပါ။ ပြီးလျှင် စတင်မျှဝေမယ့်ကလေးတစ်ဦးထံ အရုပ်တစ်ခုခု (သို့) ပစ္စည်း တစ်ခုခုကို ပေးလိုက်ပါ)။

Growing Safe Lessons (လုံခြုံစွာကြီးထွားခြင်းသင်ခန်းစာ) ကနေ သင့်ကို အထူးကူညီပေးခဲ့တဲ့ အရာတစ်ခုကို မျှဝေပါ။

ဒါမှမဟုတ်

ကလေးတို့ရေ၊ သင်တို့ဘဝကို ယေရှုအားအပ်နှံတဲ့အခါ၊ သင်တို့ဟာ စကြဝဠာရဲ့ဘုရင်ရဲ့သားတော်၊ သမီးတော်တွေ ဖြစ်လာပါတယ်။ ဒီနေ့မှာ အဲဒါကို အချင်းချင်း သတိရအောင် လုပ်ကြရအောင်။

(ကလေးတွေကို အုပ်စုဖွဲ့ခိုင်းပါ၊ မိန်းကလေးတွေက မိန်းကလေးတွေနဲ့၊ ယောကျ်ားလေးတွေက ယောကျ်ားလေးတွေနဲ့)။

မတ်တပ်ရပ်ပြီး တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ထားပါ။ မိန်းကလေးတွေဆိုရင်၊ တစ်ယောက်က "မင်းက ဘုရင်ကြီးရဲ့ သမီးတော်ပါ" လို့ ပြောပါ။ နောက်တစ်ယောက်က ခြေထောက်ကွေးပြီး "ဟုတ်တယ်၊ ငါက ဘုရင်ကြီးရဲ့ သမီးတော်ပါ!" လို့ ပြန်ပြောပါ။

ယောကျ်ားလေးတွေဆိုရင်၊ တစ်ယောက်က "မင်းက ဘုရင်ကြီးရဲ့ သားတော်ပါ!" လို့ ပြောပါ။ နောက်တစ်ယောက်က ဦးညွတ်ပြီး "ဟုတ်တယ်၊ ငါက ဘုရင်ကြီးရဲ့ သားတော်ပါ!" လို့ ပြန်ပြောပါ။

ပြီးရင် နေရာလဲပြီး တစ်ယောက်နဲ့တစ်ယောက် အဲဒီစကားတွေကို ပြန်ပြောပါ။

၃။ **အပိတ်ဆုတောင်းချက်** (အောက်ပါဆုတောင်းချက်မျိုးဖြင့် ဆုတောင်းပါ။)

ပေါက်ပေါက်ဆုတ် ဆုတောင်းနည်း (United Prayer) ကို အသုံးပြုပါ။ အစပြုနိုင်ရန်အတွက် အောက်တွင်ပေးထား သော ပုံစံတချို့ကို အသုံးပြုနိုင်ပါတယ်။ ဆရာက စာကြောင်းတစ်ကြောင်း၏ အစကို အရင်က အလျှင်ရွတ်ဖတ်ဆုတောင်းပြီးမှ ကလေးတစ်ယောက်က အဆုံးပိုင်းကို ဖြည့်ဆွက်ဆုတောင်းဖို့ဖြစ်သည်။

ချစ်သောသခင်ယေရှု

ကိုယ်တော်ကို အောက်ပါအချက်အတွက် ဆုတောင်းပါ၏။..............................................
ကိုယ်တော်ထံပါးသို့ အောက်ပါအပြစ်များအတွက် ဝန်ချပါ၏။..........................................
ကိုယ်တော်ကို အောက်ပါကိစ္စရပ်များအတွက် အကူအညီတောင်းလိုပါ၏။...................................
ကိုယ်တော်ကို အောက်ပါအကြောင်းများအတွက် ကျေးဇူးတင်ပါ၏။.......................................
ယေရှု၏နာမဖြင့် ဆုတောင်းပါ၏။

ကလေးတစ်ဦးချင်းစီတို့အား "ယေရှုနားလည်သည်" ဟူသောသင်ခန်းစာ၏မိတ္တူကို ဝေမျှပေးပါ။ သင်ခန်းစာထဲတွင် ပါရှိသည့်ပုံပြင်ကို မိမိ၏မိသားစုနှင့် မိတ်ဆွေများတို့အား ပြန်လည်ဝေငှဖို့ရန် ပြောပြပေးပါ။

**ရုပ်ပုံ ၂၀-၃၊ ဘုရားသခင်၏ မင်းသမီးနှင့် မင်းသား။**



# ကျမ်းကိုးကား

ADRA Cambodia, and Hincks-Dellcrest Center. 2015. Learning through Play—Building a Foundation of Love and Trust from Birth. Phnom Penh, Cambodia: ADRA.

Alongsiders International. Good Touch Bad Touch Booklet. Accessed January 2015. www.alongsiders.org

Amen, Daniel G. 2002. Mind Coach: How to Teach Kids and Teenagers to Think Positive and Feel Good. Newport Beach, CA: Mindworks Press.

Bailey, Donna, Hugh Hawes, and Grazyn Bonati, eds. 1994. Child-to-Child: A Resource Book. 2nd ed. St. Albans, England: Child-to-Child Trust.

Bailey, Stephenie. 2014. His Word in My Astonished Joyful Heart. Self-published: alivebible@gmail.com

Brewster, Dan. 2011. Child, Church, and Mission. Rev. ed. Penang, Malaysia: Compassion International.

"Bullying." Parent Map. Accessed January 2016. https://www.parentmap.com

Burch, Greg. 2005. Community Children: A Ministry of Hope and Restoration for the Street Dwelling Child. Miami, FL: Latin America Mission.

Coneff, Paul. 2009-2016. Straight 2 the Heart Ministries. Accessed August 11, 2016. www.straight2theheart.com/the/hidden/half/of/the/gospel

Consuegra, Pamela. 2014. "Seminars from Summit on Abuse." Accessed January 2016. http:www.nadwm.org/article/320/resources/enditnow/Seminars-from-summit-on-abuse-2014?search=summit

Crawford, Christa F. "Connecting People to Resources to End Exploitation." Accessed May 4, 2015. https://traffickingresourceconnection.wordpress.com

________. 2015. "More Than Just an 'Ounce' of Prevention." March 5. Accessed January 2016. https://traffickingresourceconnection.wordpress.com/2015/03/05/more-than-just-an-ounce-of-Prevention

Darkness to Light's 5 Steps to Protecting Our Children. 2013. Booklet. Access D2L.org

Douglas McConnell, Jennifer Orona, and Paul Stockley. 2007. Understanding God's Heart for Children. Colorado Springs, CO: World Vision.

Grant, Beth and Cindy Lopez, eds. 1984. Hands That Heal: International Curriculum to Train Caregivers of Trafficking Survivors. Community-based ed. Baltimore, MD: FAAST.

First Aid Arts. 2015. Healing Arts Toolkit Curriculum. www.firstaidarts.org/healingartstoolkit

Fontes, Lisa A. 1995. Sexual Abuse in Nine North American Cultures: Treatment and Prevention. Thousand Oaks, CA: Sage Publications.

Gabriel, Aimy. Celebrating Children: Workbooks. Viva Equip People. Accessed January 2016. www.gmmiles. co.uk

Griswold, Scott. 2016. Jesus Understands. Berrien Springs, MI: Advocates for Southeast Asians and Persecuted.

Jha, Alok. 2012. "Childhood Abuse May Stunt Growth of Part of Brain Involved in Emotions." The Guardian, February 13. Accessed April 2015. https://www.theguardian.com/science/ 2012/feb/13/childhood-abuse-growth-brain-emotions

Miles, Glenn, and Sophorn Phuong. 2015. "Youth Against Pornography Flip Chart." Chab Dai Prevention Forum. Accessed January 2016. https://asianyouthagainstporn.org

Miles, Glenn, Sophorn Phuong, Fiona Smith, and Ea Ponloeu. 2014. "Good Touch Bad Touch: Puppets Flipchart Project." Chab Dai Prevention Forum. Accessed February 2014. https://www/good-touch-bad-touch-asia.org/sites/default/files/The%20Good%20Touch %20Flipchart%20Project%202014.pdf

Miles, Glenn, and Paul Stephenson. 2000. Children at Risk Guideline. Vol. 4: Children and Sexual Abuse and Exploitation. Shropshire, United Kingdom: Resource Development Team.

Morris, Bodil. 1999. "The Lord Your God." Trilogy Scripture Songs. Accessed September 22, 2016. www.trilogyscripturesongs.com

National Child Traumatic Stress Network. 2015. Presentation by Christina Thomason, Children's Trauma Assessment Center, Kalamazoo, Michigan.

North American Division. 1998. Peace and Healing. Lincoln, NE: AdventSource.

North American Division, Women's Ministries. 2009. "Breaking the Silence of Violence." October. https://www.nadwm.org/article/292/resources/enditnow

Pepall, Janette. 2015. "Family Chain Activity." Workshop presentation in Understanding and Responding to Children at Risk Training. Maesot, Thailand, September.

Ross, Carolyn C. 2012. "Overexposed and Under-Prepared: The Effects of Early Exposure to Sexual Content." Psychology Today. August 13. Accessed April 12, 2015. https://www.psychologytoday.com/blog/real-healing/201208/overexposed-andunder-prepared-the-effects-early-exposure-sexual-contact.

Sibley, Linda K. 1992. Help for Hurting Children. Santa Maria: CA: Confident Kids Support Groups. www.ConfidentKids.com

________. 1997. Facing My Feelings. A Ministry of Confident Kids. Cincinnati, OH: Standard Publishing.

________. 1997. Growing Through Changes. A Ministry of Confident Kids. Cincinnati, OH: Standard Publishing.

________. 1997. Living in My Family. A Ministry of Confident Kids. Cincinnati, OH: Standard Publishing.

________. 1997. Making Wise Choices. A Ministry of Confident Kids. Cincinnati, OH: Standard Publishing.

Sommer, Marni, and Susan Connolly. 2012. Growth and Changes. Grow and Know Inc. http://www.growandknow.org

Sommer, Marni, and Leah Scandurra, "To Become a Young Man." 2015. Scanned by Cam Scanner. Grow and Know Inc. http://www.growandknow.org

Sowers, Karen, and Paul Campbell. 2005. Keeping Kids Safe: Prevent Child Abuse. Nashville, TN: Department of Human Services.

Trent, John. 2011. I'd Choose you! Nashville, TN: On the Family, Tommy Nelson.

U.S. Department of Education, U.S. Department of Health & Human Services. 2015. "What Is Bullying." Accessed August 11, 2016. https://www.stopbullying.gov/what-is-bullying/index.html

White, Keith J. 2011. Childhoods in Cultural Contexts. Penang, Malaysia: Malaysian Baptist Theological Seminary, Compassion International and Global Alliance.

"Wordless Book Worm Activity." Accessed August 11, 2016. www.abcJesuslovesme